www.burmeseclassic.ocm

THU RI YA

# သားမောင်စစ်သည်သို့

## ဒေါက်တာမောင်မောင်



စ တု ဋ္ဌ အ ကြိ မ်

www.burmeseclassic.com

www.burmeseclassic.ocm

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

သူရိယစာအုပ်အမှတ်စဉ် (၇၆)

# သားမောင်စစ်သည်သို့
# ဒေါက်တာမောင်မောင်

THU RI YA

အမှတ် ၄၂ (က)၊ အင်းယားမြိုင်လမ်း၊
ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ၁၁၂၀၁၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၂၁၇၀၀၊ ၅၂၅၀၂၉
www.facebook/Thu Ri Ya Publishing House

www.burmeseclassic.com

www.burmeseclassic.ocm


သားချောင်းစစ်သည်သို့

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၆၈၀၆၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၂၅၁၀၁၁

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၁၉၇၃၊ ပုဂံစာအုပ်တိုက်
ဒုတိယအကြိမ်၊ ၁၉၈၀၊ စာပေါင်းစုစာပေ
တတိယအကြိမ်၊ ၁၉၉၉၊ ဝင်းမြင့်အောင်စာပေ
စတုတ္ထအကြိမ်၊ ၂၀၁၂၊ မတ်လ၊ သူရိယစာပေ

အုပ်ရေ
၁၀၀၀

မျက်နှာဖုံးပန်းချီ
အံ့ဘွယ်စင်

ကွန်ပျူတာစာစီနှင့် အတွင်းဖလင်
Dream City

စာအုပ်ချုပ်
စွယ်တော်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးတင်အောင်ကျော် (မြ-၀၇၀၅၃)
စွယ်တော် ပုံနှိပ်တိုက် အမှတ်-၁၄၇၊ ၅၁-လမ်း (အထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးမြတ်ဟိန်း (၁၂၁၇)၊ သူရိယစာပေ
အမှတ် ၄၂ (က)၊ အင်းယားမြိုင်လမ်း၊
ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်။

တန်ဖိုး
၂၅၀၀ ကျပ်

၈၉၅.၈၅
ဒေါက်တာမောင်မောင်
သားချောင်းစစ်သည်သို့/ဒေါက်တာမောင်မောင်-ရန်ကုန်။
သူရိယစာပေ၊ စတုတ္ထအကြိမ်၊ ၂၀၁၂။
၂၅၆ စာ၊ ၂၁ စင်တီ × ၁၃.၃ စင်တီ။
(၁) သားချောင်းစစ်သည်သို့

THU RI YA Publishing House




၁၉၄၅ ခုနှစ် မင်္ဂလာဒုံစစ်တက္ကသိုလ်
စတုတ္ထပတ် ဗိုလ်လောင်းသင်တန်းဆင်းပွဲအပြီး
အမှတ်တရ ရိုက်ကူးထားသော စာရေးသူ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.ocm



၁၉၇၁ ခုနှစ်၊ ဧပြီလ၊
''သားမောင်စစ်သည်''၏ စစ်တက္ကသိုလ်ကျောင်းဆင်းပွဲ။

BURMESE CLASSIC .com

# မာတိကာ


– ဒေါက်တာမောင်မောင် အတ္ထုပ္ပတ္တိ ... က

– ဒုတိယအကြိမ် အမှာစာ ... စ

– တတိယအကြိမ် အမှာစာ ... ဍ

**အခန်း ၁**

တော်လှန်ရေး လက်ဆင့်တစ်ကမ်း ... ၁

**အခန်း ၂**

နောက်ကြောင်းပြန် ... ၆

**အခန်း ၃**

ဗမာ့ကာကွယ်ရေး တပ်မတော် ... ၄၁

**အခန်း ၄**

မင်္ဂလာဒုံ စစ်တက္ကသိုလ် ... ၆၈

**အခန်း ၅**

တော်လှန်ရေး ... ၁၀၂

**အခန်း ၆**

ပဲခူးယ်ကုန်း ... ၁၃၃

**အခန်း ၇**

ခရီးသည် ... ၁၅၆

**အခန်း ၈**

ချီလေသည့် တပ်မတော် ... ၁၆၀

**နောက်ဆက်တွဲ**

အက္ခရာစဉ်အညွှန်း ... ၂၁၉


www.burmeseclassic.com

www.burmeseclassic.ocm

ဖော်ပြပါ အက္ခရာစဉ်အညွှန်းတွင် ပါဝင်သော ရာထူးများမှာ ၁၉၇၃ ခုနှစ် ပထမအကြိမ် ထုတ်ဝေစဉ်က အတိုင်းပင်ဖြစ်ပါသည်။ ပြင်ဆင် ဖြည့်စွက်ထားခြင်း မရှိပါ။။



၁၉၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်တွင် မန္တလေးမြို့၌ ဖွားသည်။ အဖမှာ အထက်တန်းရှေ့နေ ဦးဆင့်၊ အမိမှာ ဒေါ်အေးတင် ဖြစ်သည်။ မွေးချင်း ခုနစ်ယောက်အနက် တစ်ဦးတည်းသောသားဖြစ်သည်။ အစ်မနှစ်ယောက်၊ နှမလေးယောက်ရှိသည်။

၁၉၃၉ ခုနှစ်တွင် မန္တလေးမြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်း စာမေးပွဲကို အသက် ၁၄ နှစ်ဖြင့် အောင်မြင်ခဲ့သည်။ အသက်မပြည့်၍ တက္ကသိုလ်ဝင်ခွင့် မရခဲ့ပေ။ သို့သော် မန္တလေး ဥပစာကောလိပ် ကျောင်းအုပ်ကြီး မစ္စတာမာရှယ်၏ ခွင့်ပြုချက်ဖြင့် ဥပစာသိပ္ပံတန်းများကို တက်ရောက် သင်ယူခွင့်ရခဲ့သည်။ ဂျပန်ခေတ် ၁၉၄၃ ခုနှစ်တွင် ရန်ကုန်မြို့ တာမွေရပ် ဗိုလ်ချုပ်ဦးရေအိုးစင်လမ်း စာစစ်ဌာနက စစ်ဆေးသော တက္ကသိုလ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ထောက်ပံ့ရေး တပ်သို့ တပ်သားအဖြစ် ဝင်ရောက်သည်။ ၁၉၄၄ ခုနှစ်တွင် မင်္ဂလာဒုံစစ်တက္ကသိုလ် စတုတ္ထပတ်ဗိုလ်လောင်းသင်တန်း တက်ရောက်သည်။

၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် ဗိုလ်သင်တန်းဆင်း၍ စစ်ဌာနချုပ်ကြီးရုံး စစ်ပညာဌာနနှင့် စစ်ဥပဒေဌာနများတွင် ဒုဗိုလ်အဖြစ် တာဝန်ပေးအပ်ခံရသည်။ ဂျပန်တော်လှန်ရေးတွင် ဟသ်ာတခရိုင်နှင့် မျိုးချစ်ဗမာ့တပ်မတော်

သူရိယစာပေ

www.burmeseclassic.com

www.burmeseclassic.ocm



တိုင်း(၁) စစ်ဌာနချုပ်၊ ပဲခူးယ်ကုန်းတို့၌ တပ်များသိမ်းသည်အထိ အမှုထမ်းခဲ့သည်။ တော်လှန်ရေးပြီး၍ တပ်များဖျက်ချိန်တွင် စာပေထုတ်ဝေရေး လုပ်ငန်းများလုပ်ဆောင်ရန် တပ်မှ ထွက်ခဲ့သည်။ တော်လှန်ရေးအတွင်း အင်္ဂလိပ်ဘာသာဖြင့် The Forgotten Army (၁၉၄၆)ကို ရေးသားခဲ့သည်။ စစ်ပြီးနောက် ဒီးဒုတ်ဂျာနယ်အယ်ဒီတာ ဒီးဒုတ် ဦးဘချို၏ အမှာစာနှင့် ထုတ်ဝေခဲ့သည်။ ရန်ကုန်ရီဗျူးဂျာနယ်၊ ဘားမိစ်ရီဗျူးဂျာနယ်၊ နေ့ရှင်းသတင်းစာများတွင်လည်း အင်္ဂလိပ်ဘာသာဖြင့် စာများရေးသားခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးစ ပထမဦးဆုံးအကြိမ်ကျင်းပသည့် ၁၉၄၆ ခုနှစ် ဩဂုတ်လ ရန်ကုန်တက္ကသိုလ်စာမေးပွဲကို ပြင်ပမှ ဝင်ရောက်ဖြေဆိုကာ ဝိဇ္ဇာဘွဲ့ကို အင်္ဂလိပ်စာဂုဏ်ထူးဖြင့် ရခဲ့သည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် အင်္ဂလိပ်စာဌာန နည်းပြအဖြစ် ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်နေစဉ် ပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဦးသန့်၏ဖိတ်ခေါ်ချက်ဖြင့် တက္ကသိုလ်မှ ထွက်၍ **နယူးတိုင်းအော့ဖ်ဘားမား** သတင်းစာ အယ်ဒီတာအဖြစ် ၁၉၄၇ တွင် တာဝန်ယူခဲ့သည်။ "မြန်မာနိုင်ငံ လွတ်လပ်ရေး ကြေညာစာတမ်း"မူကြမ်းကို အင်္ဂလိပ်ဘာသာဖြင့် တာဝန်ယူရေးသားခဲ့ပြီး ဦးခင်ဇော်(K)နှင့် ဦးသန့်တို့က တည်းဖြတ်ပေးခဲ့သည်။ ထိုနှစ်မှာပင်ရန်ကုန်တက္ကသိုလ်မှ B. L. ဥပဒေဘွဲ့ကို ပထမအဆင့်ဖြင့် ရရှိခဲ့သည်။ ၁၉၄၈ တွင် မြန်မာပြည် မီးရထားဌာနဘုတ်အဖွဲ့ လက်ထောက်အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၄၉ နောက်ပိုင်းဘာလတွင် "သတင်းဖြန့်ချိရေးပညာ" ပညာတော်သင်အဖြစ် လန်ဒန်သို့ သုံးနှစ်ကျော် ပညာသင် သွားရောက်ခဲ့သည်။ လန်ဒန်တွင် သတင်းစာပညာသင်ကြားနေစဉ် လင်ကွန်းအင်း (Lincoln's Inn) ဥပဒေသင်တန်းကျောင်းမှ ဘာရစ်စတာ ဝတ်လုံဘွဲ့ (Barrister-at-Law) ရသည်။ လန်ဒန်စကူးအော့ဖ်အီကောနောမစ်မှ (L.L.M) ဥပဒေသင်တန်းကိုမူ ငွေကြေးအခက်အခဲကြောင့် ပြီးဆုံးအောင် မသင်ယူနိုင်ခဲ့ပါ။ သို့သော် ဟော်လန်နိုင်ငံ ယူးထရက် (Utrecht) တက္ကသိုလ်ပါမောက္ခ ဗာဇီး(J.H.W. Verzijl)ထံတွင် ဥပဒေ ပါရဂူဘွဲ့အတွက် ကျမ်းပြုခဲ့သည်။ ကျမ်းမှာ"ကမ္ဘာ့မိသားစုများထဲမှ မြန်မာနိုင်ငံ" ဟု အမည်ရသော (Burma in the Family of Nations) ဖြစ်၍ ၁၉၅၆ တွင် ဟော်လန်နိုင်ငံမှ ပုံနှိပ်ထုတ်ဝေခဲ့ပြီး အပြည်ပြည်ဆိုင်ရာဥပဒေဘာသာ ရပ်ဖြင့် ဥပဒေပါရဂူဘွဲ့ (LL.D.) ရရှိခဲ့သည်။



၁၉၅၃ တွင် မြန်မာပြည်ပြန်ရောက်၍ Guardian အင်္ဂလိပ်မဂ္ဂဇင်းကို စတင်တည်ထောင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ ၁၉၅၃ မှ ၁၉၅၅ ခုနှစ်တိုင် ရှေ့နေချုပ်အဖြစ် ဆောင်ရွက်သည်။ ၁၉၅၅ တွင် ရာထူးမှ နုတ်ထွက်၍ ဝတ်လုံလိုက်သည်။ ၁၉၅၈–၆၀ အိမ်စောင့်အစိုးရလက်ထက်တွင် လက်ထောက်ရှေ့နေချုပ်အဖြစ် တာဝန်ပေးအပ်ခံရသည်။ ထို့နောက် ရန်ကုန်တက္ကသိုလ်တွင် ဥပဒေကထိကအဖြစ် ဆောင်ရွက်သည်။ ၁၉၆၀ စက်တင်ဘာလမှ ၁၉၆၂ ဇူလိုင်လတိုင် အမေရိကန်ပြည်ထောင်စု ယေးလ်တက္ကသိုလ် နိုင်ငံရေးသိပ္ပံနှင့် အရှေ့တောင်အာရှ လေ့လာရေးဌာနတွင် ဧည့်ကထိကအဖြစ် ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်နေစဉ် အင်္ဂလိပ်ဘာသာဖြင့် A Trial in Burma [ The Assassination of Aung San ] (၁၉၆၂) နှင့် Aung San of Burma (၁၉၆၂)တို့ကို ရေးသားပြုစုခဲ့ပြီး ဟော်လန်နိုင်ငံတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၆၂ ဇွန် ၁၁ တွင် ယေးလ်တက္ကသိုလ်မှ ဥပဒေပါရဂူ "Doctor of Juridical Science" ဘွဲ့ ပေးအပ်ခံရသည်။

၁၉၆၂ ဇူလိုင် ၁၁ တွင် တော်လှန်ရေးအစိုးရက တရားသူကြီးရာထူး ပေးအပ်ခဲ့သည်။ ၁၉၆၅ တွင် နိုင်ငံတော်တရားသူကြီးချုပ်အဖြစ် တိုးမြှင့်ခန့်ထားခဲ့သည်။ ထို့နောက် တော်လှန်ရေးကောင်စီဝင်၊ တော်လှန်ရေးအစိုးရ အဖွဲ့ဝင်၊ တရားရေးဝန်ကြီး၊ နိုင်ငံတော်ကောင်စီဝင် စသည့် တာဝန်များကို ထမ်းဆောင်ခဲ့သည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတရာထူး ခန့်အပ်ခံရသည်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်တွင် နိုင်ငံတော်သမ္မတရာထူးမှ အငြိမ်းစားယူခဲ့သည်။

၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်တွင် ဟင်္သာတမြို့ ပါလီမန်အမတ် ဦးသန်းတင်၊ ဒေါ်ကျင်မြတို့၏သမီး ဒေါ်ခင်မြင့်နှင့် လက်ထပ်၍ သားသုံးဦး၊ သမီးလေးဦး ထွန်းကားသည်။ နိုင်ငံတော်က ၁၉၇၅ ခုနှစ်တွင် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်) နှင့် ၁၉၈၄ တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ချီးမြှင့်ခဲ့သည်။

၁၉၉၄ ခုနှစ် ဇူလိုင်လ ၂ ရက်တွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ် မေခလမ်း၊ အိမ်အမှတ် ၁၆ (က) ၌ ကွယ်လွန်ခဲ့သည်။

*

www.burmeseclassic.com

www.burmeseclassic.ocm



ဒေါက်တာမောင်မောင် ရေးသားပြုစုခဲ့သော စာပေလက်ရာများမှာ မြန်မာဘာသာဖြင့် **သွေးနီ**(၁၉၄၆)၊ **တို့ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ** (၁၉၅၈)၊ **သက်ရှိရာဇဝင်** (၁၉၅၆)၊ **နိုင်ငံတော်လုပ်ကြံမှု** [**ပြည်ထောင်စုနှင့် ဦးစော**] (၁၉၆၃)၊ **မြန်မာ့နိုင်ငံရေးခရီးနှင့် ဗိုလ်ချုပ်ကြီးနေဝင်း** (၁၉၆၉)၊ **သားမောင် စစ်သည်သို့** (၁၉၇၃)၊ **တရားဥပဒေ အထွေထွေဗဟုသုတ** (၁၉၇၄)၊ **ပြည်သူ့ ဝန်ထမ်းသားသမီးများသို့** (၁၉၈၇)တို့ ဖြစ်သည်။

အင်္ဂလိပ်ဘာသာဖြင့်စာအုပ်များမှာ The Forgotten Army (1946), Burma's Teething Time(1949), London Diary (1952), Grim War against the KMT (1953), Burma in the Family of Nations (1956), Burma's Constitution (1959), A Trial in Burma (The Assassination of Aung San) (1962), Aung San of Burma (1962), Law and Custom in Burma and the Burmese Family(1963), Burma and General Ne Win(1969), To a Soldier Son (1974), The1988 Uprising in Burma (1999) တို့ ဖြစ်ပါသည်။

■

❖ တပ်မတော်မှ ရဲဘော်များ၊
သူတို့ကို အကြောင်းပြု၍ ဤစာအုပ်ဖြစ်ရပါသည်။
ဤစာအုပ်ပါ တပ်မှူး၊ တိုင်းမှူးကြီးများသည်လည်း တစ်ချိန်က သူတို့လို သာမန်ရဲဘော်များသာ ဖြစ်ခဲ့ကြပါသည်။

❖ အချက်အလက် စုဆောင်းရာတွင် အထူးကူညီပေးခဲ့ကြသော ဂါဒီယန်သတင်းစာ အယ်ဒီတာချုပ် ဦးဘကျော်၊ တက္ကသိုလ် စာကြည့်တိုက်မှူး ဦးသော်ကောင်း။

❖ စာအုပ်ရေးရာတွင် အားပေးကူညီ ဖတ်ရှုဝေဖန်သမှုပြုခဲ့ကြသောအိမ်သူမြင့်စန္ဒာ၊ သီတာ၊ ဝင်းမောင်၊ ယဉ်ယဉ်အေး၊ ယဉ်ယဉ်ဦးတို့ တစ်သိုက်။

❖ မိတ်ဆွေများအား
စာရေးသူက လှိုက်လှဲစွာ ကျေးဇူးတင်ပါသည်။

***စာရေးသူ***

www.burmeseclassic.com

www.burmeseclassic.ocm

## ဒုတိယအကြိမ် အမှာစာ

သမီး ခင်စန္ဒာ တစ်ခါက အားမလို အားမရ ကျွန်တော့်အား ဝေဖန် ခဲ့ဖူးပါသည်။ အဖေ တော်လှန်ရေးအကြောင်း၊ တပ်မတော်အကြောင်း ရေးသားပြောဆိုခဲ့တာ များလှပြီမို့ အဖေဖြင့် ဟိုတုန်းက ဗိုလ်မှူးကြီးအဆင့်၊ အနည်းဆုံး ဗိုလ်မှူး လောက်တော့ ဖြစ်ခဲ့မယ် ထင်မိပါတယ်၊ လက်စသတ်တော့ သုံးလိုင်းတစ်ပွင့် ဗိုလ်လေးအဆင့်က မတက်ခဲ့ပါကလားတဲ့။

ကျွန်တော့်မှာ သမီးစကားကြောင့် ရယ်မောရသည်။ သူပြောတာလည်း ဟုတ်ပေသည်။ စစ်အတွင်း ဗမာ့တပ်မတော်တွင် ခဏမျှသာ ကျွန်တော် တာဝန် ထမ်းဆောင်ရပါသည်။ ထိုခဏသည် တစ်သက်တာ မှတ်လောက်စရာတော့ ဟုတ်သည်။ ဟုတ်လို့သာ ကျွန်တော့်အဖို့ ပြောမကုန်၊ ရေးမကုန် ဖြစ်ခဲ့ရပါ သည်။ ကျွန်တော်ပါဝင်ခဲ့သော အခန်းက ကြီးလှ၍ကား မဟုတ်ပါ။ သို့ရာတွင် တစ်ခုတော့ ရှိပါသည်။ ဟိုတုန်းက ဖွဲ့၊ သတ္တိလေးများ ကျွန်တော့်မှာ ငွေ့ငွေ့မျှ ကျန်လျှင်ပင် ကိုယ်ခံအတော်ကောင်းသေးသည် ဆိုရမည်။

စစ်ကြီးကာလ နောက်ပိုင်းတစ်လျှောက်တွင်လည်း ဗမာ့တပ်မတော်သည် မရပ်မနား ချီတက်လျက်နေရသေးသည်။ တော၊ တောင် ရေမြေအနှံ့ နိုင်ငံကို ကာကွယ်စောင့်ရှောက်နေရသေးသည်။ တူနှင့် ရန်သူ၊ ပုန်းကွယ်ရန်သူတို့၏ နည်းမျိုးစုံ ထိုးနှက်မှုကို ကြံ့ခိုင်စွာ တွန်းလှန်နှိမ်နင်းနေကြရသေးသည်။ ဗမာ့ တပ်မတော်၏ ခရီးကြမ်းတစ်လျှောက် စွန့်စားခန်းများ၊ ကြီးပမ်းမှုများကို ပြည်သူ သိအောင် ရေးသားဖော်ထုတ်ကြဖို့ လိုသေးသည်။ ကိုယ်တိုင် တွေ့ကြုံခံစားချက် များကို မှတ်တမ်းတင်မည့် ပြောင်မြောက်သော ကလောင်ရှင်များသည်လည်း သားမောင်စစ်သည်တို့မှ ဆက်လက် ပေါ်ထွက်လာကြဦးမည် မျှော်လင့်ပါသည်။ ရေးသားဖို့ သူတို့အလှည့်ဖြစ်သည်။





ဤစာအုပ်တွင် ကျွန်တော်တို့ ငယ်ငယ်တုန်းက အကြောင်းများကို အဓိကထား၍ ရေးသားထားပါသည်။ စစ်အတွင်း ဗမာ့တပ်မတော် အကြောင်း များ၊ မင်္ဂလာဒုံ စစ်တက္ကသိုလ်နှင့် တော်လှန်ရေးအကြောင်းများမှာ ကျွန်တော် လူငယ်တစ်ယောက်အဖြစ် တွေ့ကြုံမှတ်သား ခံစားခဲ့ရသည်များသာ ဖြစ်ပါသည်။ ဖော်ပြထားသော ရဲဘော်အများစုမှာလည်း ထိုစဉ်က ကျွန်တော့်လို လူငယ်များသာ ဖြစ်ကြပါသည်။ ထိုစဉ်က ခေါင်းဆောင်ပိုင်း လူကြီးအချို့အကြောင်း ပါဝင်လျှင် လည်း ကျွန်တော် လူငယ်အဖြစ် အဝေးမှ မြင်တွေ့ရသမျှသာ ဖြစ်ပါသည်။ ရင်းနှီးစွာသိကျွမ်းခဲ့ရသည် မဟုတ်ပါ။ ကျွန်တော်တို့နှင့်အတူ တစ်ခဏ ကြုံဆုံ ခဲ့ရသော ရဲဘော်များအနက်မှ ယခုအခါ ရာထူးတာဝန်အရ လူကြီးများ ဖြစ်နေကြ သူများ ရှိသကဲ့သို့ ကိုယ့်ဝမ်းစာကိုယ်ရှာ၍ အေးအေးဆေးဆေး လုပ်ကိုင်နေထိုင် သူများ ရှိကြပါသည်။ အသက်အရွယ်အားဖြင့်ကား အားလုံးပင် လူကြီးပိုင်းသို့ ရောက်ကြပါပြီ။ တွေ့ကြ၊ ဆုံကြလျှင် ကျွန်တော်တို့အချင်းချင်း စစ်အတွင်းမှာ ကဲ့သို့ ရင်းနှီးခင်မင်စွာ ဆက်ဆံကြ၊ ရေးဖြစ်ဟောင်းများကို စားမြုံ့ပြန်ကြ ပါသည်။ လက်ရှိရာထူး၊ တာဝန်၊ အခြေအနေ စသည်တို့မှာ ခိုင်မြဲသောအရာ မဟုတ်ပါ။ ပြောင်းလဲရွေ့လျောသော သဘောကိုသာ ဆောင်ပါသည်။ တစ်ဦး အပေါ်တစ်ဦး ထားရှိသော မေတ္တာစိတ်၊ ရဲဘော်စိတ်တို့သည်သာ အရေးပါ လှပါသည်။

ထို့ကြောင့်လည်း စာအုပ်ကို ယခု ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာတွင် မူလအတိုင်းပင် ထားပါသည်။ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုတော့ပါ။ ပုဂ္ဂိုလ် အချို့၏ ပြောင်းလဲသွားသော ရာထူးစသည်တို့ကိုလည်း ပြင်ဆင်၍ ဖော်ပြခြင်း မပြုတော့ပါ။ ပထမပုံနှိပ်ခြင်းနှင့် ဒုတိယပုံနှိပ်ခြင်း အကြား (၇) နှစ်ခန့်အတွင်း စာအုပ်တွင်ပါသော ပုဂ္ဂိုလ်အချို့ ရာထူးတိုးတက်ကြပါသည်။ အချို့ ဆုတ်ယုတ် ကြပါသည်။ သက်စေ့တမ်းစေ့ နားကြသူများလည်း ရှိပါသည်။ အချို့လည်း ကွယ်လွန်၍ပင် သွားကြပါလေပြီ။ ထိုအပြောင်းအလဲဟူသမျှကို စာအုပ်တွင် လိုက်၍ ပြင်ဆင်လျှင် ပြီးနိုင်မည်မဟုတ်ပါ။ သင်္ခါရကို လိုက်၍ မမီနိုင်ပါ။ ထူးလည်း မထူးပါ။ မူလကပင် ပုဂ္ဂိုလ်အမည်ကို ဖော်ပြရာတွင် ရာထူးကို အသားပေးခဲ့သည်မဟုတ်ပါ။ အတူ ဘဝခရီးတစ်ထောက် လျှောက်ခဲ့ကြသော ရဲဘော်များအဖြစ် အမှတ်တရ ဖော်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။ ရဲဘော်အားလုံးကို



www.burmeseclassic.com

www.burmeseclassic.ocm



လည်း မဖော်ပြနိုင်ခဲ့ပါ။ အချို့ကဆိုလျှင် ပထမအကြိမ် စာအုပ်ကိုဖတ်ပြီး သူတို့နာမည် ကျန်ရစ်ခဲ့သည်ဟု အပြစ်တင်ကြပါသေးသည်။

စာအုပ် ပထမ ထွက်စဉ်က သားမောင်စစ်သည် စစ်တက္ကသိုလ်မှ ဆင်း၍ တောင်ပေါ်ဒေသများတွင် တာဝန်ထမ်းဆောင်လျက် ရှိနေသေးသည်။ ယခုဆို တောင်ပေါ်မြေပြန့်၊ မြစ်ချောင်းအနှံ့ သွားရောက်တာဝန်ယူခဲ့ဖူးပြီး၊ ဇနီးချော၍ ကျွန်တော်တို့အား နှစ်ခါပြန် အဘိုးအဘွားအဆင့်သို့ မြှင့်တင်ပေးပြီးပြီ။ ဒုတိယ သားမောင်စစ်သည်ပင်လျှင် စစ်တက္ကသိုလ်မှ ဆင်း၍ တောင်တန်းတွေ ကျော်နင်း ရင်း ဗိုလ်ကြီးတစ်ယောက် ဖြစ်လာခဲ့ပြီ။ တောင်ရိုးညို့ညို့တွင် ဖူးစာဖက်တွေ့ခဲ့ပြီ။

ကျွန်တော်တို့မိသားစု တိုးတက်ပွားများသည်များရှိသလို ဆုံးရှုံးလျော့ နည်းခြင်းများလည်း ရှိခဲ့ပါသည်။ စာအုပ်ထွက်စဉ်ကဆိုလျှင် ဖခင်ရှိနေသေးသည်။ သူ့အကြောင်း၊ မိခင်အကြောင်း ဖတ်ရ၍ မျက်ရည်ကျခဲ့ရသည်ဟု ကျွန်တော့်ထံ စာရေးခဲ့သည်။ မိခင်ဆုံးပြီးနောက် သူ တစ်သက်လုံး တစ်ပင်မထူ၊ ထီးတည်းသာ နေခဲ့သည်။ တစ်ခါတစ်ခါ မျက်လုံးကစားခြင်း၊ စိတ်ကစားခြင်း မရှိခဲ့ဟု မဆိုနိုင်၊ ရှိခဲ့လျှင်လည်း နှမငယ်များ ဆူပူငြူစူခဲ့ကြသဖြင့် ငြိမ်ခဲ့သည်သာ ဖြစ်ခဲ့ပါသည်။ ယခုမူ ဖခင်မရှိတော့ပြီ။ ၁၉၇၈ ခုနှစ် သီတင်းကျွတ်လတွင် ကွယ်လွန်သွားရှာသည်။ ရောဂါဝေဒနာ ကြာမြင့်စွာ မခံစားရ။ ၈၀ မြောက် မွေးနေ့ကို မြင်နေရမှ ကွယ်ရခြင်းဖြစ်သည်။ နောက်ဆုံးရက်များအတွင်း သူ့ကိုယ်သူ သိ၍ ဝန်းရံရောက်ရှိနေကြသော အစ်မ၊ နှမများအား ကျွန်တော် နေကောင်းရဲ့လား၊ အလုပ်များနေသလား မေးသည်ဆိုသည်။ ထိုစကားကြားရမှ အမြန်လိုက် သွားသောအခါ သတိရသော်လည်း စကားမပြောနိုင်၊ နှုတ်ခမ်းလှုပ်၍ အသံ မထွက်၊ မျက်ရည်ဝဲသော မျက်လုံးများဖြင့်သာ ကျွန်တော်တို့အား နှုတ်ဆက် သွားနိုင်ရှာသည်။ ဝေဒနာပြင်းပြနေလျက်နှင့်ပင် ကျွန်တော်တို့အား ခေါ်ဖို့မခိုင်း၊ ကျွန်တော် နေကောင်းရဲ့လားဟုသာ မေးရက်သော မိဘမေတ္တာဖြစ်ပါပေသည်။

ကိုယ့်အလှည့်ကျ၍ မိဘဖြစ်လာပြန်တော့လည်း အလားတူ မေတ္တာများ အလိုလို တဖွားဖွား ပေါ်ထွက်လာသည်သာ ဖြစ်ပါသည်။ ဤစာအုပ်ကို ထို မေတ္တာဖြင့် ရေးခဲ့ပါသည်။ သားမောင်စစ်သည်တို့ကိုသာ မဟုတ်ဘဲ အခြားအခြား သော စစ်သည်များ၊ ကျောင်းသားများ၊ မြန်မာလူငယ်များကိုလည်း မေတ္တာဖြန့်၍ ရေးခဲ့ပါသည်။ ယခုခေတ် လူငယ်တွေသည် ကျွန်တော်တို့ သူတို့ အရွယ်က ထက်ပင် ထက်မြက်သွက်လက် ပွင့်လင်းရဲရင့်ကြသည် ထင်သည်။ ကျွန်တော်တို့





တုန်းကထက် အကြားအမြင်များသည်။ လွတ်လပ်သော နိုင်ငံသားများအဖြစ် မွေးဖွားခဲ့ရခြင်း၏ ဂုဏ်သတ္တိကလည်း နယ်နယ်ရရမဟုတ်။ ထို့ကြောင့် သူတို့ ၏ စိတ်ဓာတ်၊ စေတနာသည်လည်း သူတို့အရွယ်တုန်းက ကျွန်တော်တို့၏ စိတ်ဓာတ်၊ စေတနာတို့ထက် မညံ့နိုင်။ “ဒီခေတ်လူငယ်တွေ ပြောမရ ဆိုမရ၊ သူတို့ရှေ့ရေး၊ နိုင်ငံရှေ့ရေးကို မတွေးဝံ့ပါပြီ”ဆိုသော ကျွန်တော်တို့လို ဖခင် အရွယ်၊ အဘိုးအရွယ်များသည် ကျွန်တော်တို့ငယ်စဉ်က ကျွန်တော်တို့၏ ဖခင်၊ အဘိုးများကလည်း ကျွန်တော်တို့နှင့် ပတ်သက်၍ ဒီအတိုင်းပင် ပြောဆိုခဲ့ကြ သည်ကို အမှတ်ရသင့်သည်။

ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေသော ဤစာအုပ်ဖြင့် မြန်မာ့လူငယ် မောင်မယ်များအား ထပ်မံ နှုတ်ခွန်းဆက်သလိုက်ပါသည်။

ဇန်နဝါရီလ ၃၁၊ ၁၉၈၀။

မောင်မောင်

❐

www.burmeseclassic.com

www.burmeseclassic.ocm

- တပ်မတော်မှ ရဲဘော်များ၊
  သူတို့ကို အကြောင်းပြု၍ ဤစာအုပ်ဖြစ်ရသည်ဟု စာရေးသူ ခင်ပွန်းသည်က ဆိုလေ့ရှိပါသည်။
- ဤစာအုပ် ပြန်လည်ပုံနှိပ်နိုင်ရန် မူလစာအုပ်ဟောင်းကို ဂရုတစိုက် ရှာဖွေပေးခဲ့ကြသော ဦးတင်မောင်လွင် (စာကြည့်တိုက်မှူး၊ ရန်ကုန် နည်းပညာတက္ကသိုလ်) နှင့် ဦးမြတ်စိုး (စာကြည့်တိုက်မှူး၊ ရန်ကုန် တက္ကသိုလ်)။
- ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပုံနှိပ်သည့်စာအုပ်ကို အိမ်တိုင်ရာရောက် လာပို့ရှာသော မိတ်ဆွေ ဗိုလ်မှူးကြီး လှမြင့် (အငြိမ်းစား)
- ၅၄ နှစ်မြောက် တပ်မတော်နေ့အမီ ထုတ်ဝေနိုင်ရန် မေတ္တာဖြင့် ကူညီခဲ့ ကြသော ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဗိုလ်မှူးအေးထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့်၊ ဦးစီးအရာရှိ ဒေါ်တီတီ၊ ဦးမင်းစိုးတို့ ရုံးအဖွဲ့သားများ။
- စာအုပ်ပြန်လည် ထုတ်ဝေနိုင်ရန် အားပေးကူညီ တိုက်တွန်းမှု ပြုခဲ့သော ရပ်ဝေးရပ်နီးမှ သားသမီးများနှင့် မြေး ၁၁ ယောက်။
- မိတ်ဆွေများအား
  စာရေးသူကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ပါသည်။

**စာရေးသူ၏ ဇနီး**

## တတိယအကြိမ် အမှာစာ

နိုင်ငံတော် တစ်ခေတ်ပြောင်းလဲချိန်၊ အဖက်ဖက်မှ တိုးတက်ရာ တိုးတက်ကြောင်း နည်းလမ်းကောင်းများစွာဖြင့် အားကြိုးမာန်တက် ဆောင်ရွက်နေချိန်မှာ စာပေ ဗဟုသုတဆိုင်ရာ စာကောင်းပေကောင်းများစွာ ပေါ်ထွက်လာသလို စာဟောင်း ပေဟောင်းများကိုလည်း မတိမ်မြုပ်စေဘဲ ပြန်လည်ဆန်းသစ် ပြုစုထုတ်ဝေလျက် ရှိပါသည်။ ဤစာအုပ်ကို ရောက်ရာအရပ်မှ မိတ်ဆွေများက ရှားပါး၍ ပျောက် ကွယ်လုနီးပါးဖြစ်နေကြောင်းနှင့် ပြန်လည်ထုတ်ဝေပေးပါရန် အကြံပေးတောင်းဆို ကြပါသည်။ သို့ဖြစ်၍ ၅၄ နှစ်မြောက် တပ်မတော်နေ့အမီ ထုတ်ဝေနိုင်ရန် ကြိုးစားခဲ့ပါသည်။

ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှ သားမောင်စစ်သည်သို့ (ဒုတိယ အကြိမ် ပုံနှိပ်ခြင်း) ကို ရရှိပြီး၊ ပထမနှင့် ဒုတိယအကြိမ် ပုံနှိပ်သည့် စာအုပ် ကို ဗိုလ်မှူးကြီး လှမြင့် (အငြိမ်းစား) ထံမှ ရရှိခဲ့ပါသည်။ သို့ဖြစ်၍လည်း တတိယအကြိမ် ပြန်လည်ပုံနှိပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဤစာအုပ်မှာ ကျွန်မတို့ မိသားစု စာအုပ်စင်တွင်ပင် မရှိတော့ပါ။

ဤစာအုပ် ပထမထွက်စဉ်က သားမောင်စစ်သည်သည် စစ်တက္ကသိုလ် မှ ဆင်း၍ တောင်ပေါ်ဒေသများတွင် တာဝန်ထမ်းဆောင်လျက် ရှိနေသေးသည်။ ဒုတိယအကြိမ် ပုံနှိပ်သည့်အခါတွင် သားမောင်စစ်သည်မှာ တောင်ပေါ် မြေပြန့်၊ မြစ်ချောင်းအနှံ့ သွားရောက်တာဝန်ယူခဲ့ပြီး အိမ်ထောင်ကျကာ ကျွန်မတို့အား နှစ်ခါပြန် အဘိုးအဘွားအဆင့်သို့ မြှင့်တင်ပေးပြီး ဖြစ်ပါသည်။ ဒုတိယသားမောင် စစ်သည်ပင်လျှင် စစ်တက္ကသိုလ်မှဆင်း၍ တောင်တန်းတွေကျော်နင်းရင်း ဗိုလ် ကြီးဖြစ်ခဲ့သည်။ ဖူးစာဖက်ကို တွေ့ခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.ocm



ကျွန်မတို့ မိသားစု တိုးတက်ပွားများသည်များ ရှိသလို၊ ဆုံးရှုံးလျော့နည်းခြင်းများလည်း ရှိခဲ့ပါသည်။ စာအုပ်နှစ်ကြိမ်ထွက်စဉ်က ခင်ပွန်းသည် စာရေးသူ ရှိသေးသည်။ နိုင်ငံ့တာဝန်မှ အနားယူပြီးနောက် စာဖတ်လိုက်၊ ဘုရားသွားလိုက်၊ တရားထိုင်လိုက်၊ သားသမီးများနှင့် ရှေးဟောင်းနှောင်းဖြစ် ပြောလိုက်၊ မြေးများနှင့် ရယ်လိုက်မောလိုက်၊ ပြည်ပတွင် တာဝန်ထမ်းရန်သွားသော သားသမီး များကို တာဝန်ကျေကျေ လေဆိပ်လိုက်ပို့လိုက်၊ အားပေးစကားများရေးလိုက် ပြောလိုက်နှင့် ငြိမ်းချမ်းခဲ့ပါသည်။ ယခုမူ ခင်ပွန်းသည် မရှိတော့ပြီ။ ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ကွယ်လွန်သွားရှာသည်။ ၁၀ နှစ် ၁၀ မိုး လုံးလုံး ခံစားခဲ့ရသော ဆီးချိုရောဂါမှ ရုတ်တရက် နှလုံးဖောက်ပြီး ရောဂါဝေဒနာကြာမြင့်စွာ မခံစားရဘဲ စနေနေ့ မွေးနေ့ မွေးချိန်တွင် ဆုံးသွားရသည်။ ၇၀ မြောက်မွေးနေ့ကို မြင်နေရမှ ကွယ်ရခြင်းဖြစ်သည်။ ရုပ်ခန္ဓာကိုယ်က စွန့်ခွာသွားသော်လည်း နာမ်စိတ်ဖြင့်တော့ သူသစ္စာရှိခဲ့သော နိုင်ငံ၊ သူ သံယောဇဉ်ရှိခဲ့သော ပြည်သူ၊ သူချစ်ခဲ့သော တပ်မတော်ကိုတော့ မေ့နိုင်လိမ့်မည်ဟု မထင်ပါ။

သေခြင်းတရားနှင့် တစ်နေ့နေ့တွင် ရင်ဆိုင်ရမည်ကို သိပင်သိငြားသော်လည်း လက်တွေ့တွင် ကျွန်မ သတိလက်လွတ် ဖြစ်ခဲ့ရပါသည်။ ဆရာတော်ကြီးများ၏ အဆုံးအမ၊ မိတ်ဆွေ၊ တပည့်သားသမီးများရဲ့ အားပေးစောင့်ရှောက်မှုဖြင့် ကျွန်မသတ္တိကိုမွေး အားဖြည့်ခဲ့ရသည်။ ငယ်ရွယ်စဉ် အိမ်ထောင်ကျသည်မှစ၍ ကွယ်လွန်သည်အထိ အနှစ် ၅၀ နီးနီး မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဖြင့် တည်ထောင်ခဲ့သော ဤမိသားစုကြီး မပြိုမကွဲမယိုင်နဲ့အောင် သားသမီး ၇ ယောက်၊ မြေး ၁၁ ယောက်တို့ရဲ့ လုံခြုံမှု၊ အားကိုးမှု၊ စည်းလုံးမှုကို ရှေးရှု၍ ခင်ပွန်းသည်၏ လက်ဆင့်ကမ်းတာဝန်ကို ရယူခဲ့ရပါသည်။

စာအုပ်ကို ယခုတတိယအကြိမ် ပုံနှိပ်ရာတွင် မူလအတိုင်းပင် ထားပါသည်။ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုပါ။ ဒုတိယအကြိမ် ပုံနှိပ်ခြင်းနှင့် တတိယအကြိမ် ပုံနှိပ်ခြင်းအကြား ၁၉ နှစ်အတွင်း စာရေးသူ အပါအဝင် ကွယ်လွန်သွားကြသည်က များပါသည်။

ပထမသားမောင် စစ်သည်ပင်လျှင် နိုင်ငံတော်၏ အရှေ့ခြမ်း၊ အနောက်ခြမ်းအနှံ့ ခြေဆန့်ခဲ့ပြီး ကရင်ပြည်နယ်၊ ရှေ့တန်းတစ်နေရာတွင် တပ်မမှူးအဖြစ် တပ်မတော်တွင် နောက်ဆုံးတာဝန် ထမ်းဆောင်ခဲ့ပါသည်။ နိုင်ငံတော် အကြီးအကဲများက ပြည်ပတွင် တာဝန်ထမ်းဆောင်ရန် တာဝန်ပေးသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ပြောင်းရွှေ့အမှုထမ်းနေပြီ။ ပြည်သူကို အလုပ်အကျွေးပြုရသောဝန်၊ နိုင်ငံအကျိုးကို သယ်ပိုးရသော ဝန်တို့သည် ဝန်ထမ်းခွင့်ရတာပင်လျှင် ဆုထူးဆုမြတ် ဖြစ်သည်ဟု သူ၏ဖခင် စာရေးသူက ပြောလေ့ရှိပါသည်။ ဒုတိယသားမောင်စစ်သည်မှာတော့ တပ်မတော်မှ ပြင်ပစီးပွားရေးနယ်ပယ်အတွင်း ရောက်ရှိပြီး ဖခင်မရှိသည့်နောက်ပိုင်း မိခင်နှင့် မိသားစုများကို စောင့်ရှောက်ရသည့် တာဝန်ကို အလိုလိုရရှိခဲ့ပါသည်။

ကျွန်မ၏ သားသမီးများသည် ပြည်တွင်းရော ပြည်ပမှာပါ ကျရာတာဝန်များကို စေတနာမေတ္တာဖြင့် စိတ်ရောကိုယ်ပါ ထမ်းရွက်လျက် ရှိပါသည်။ ဤစေတနာမေတ္တာကြောင့်လည်း အမှန်တရားသည် မိမိဘက်တွင် အစဉ်ရပ်တည်ပြီး ရောက်လေရာဒေသ၌ မေတ္တာခြံ၍ လုံခြုံလျက် ရှိပါသည်။

စာအုပ်ကို တတိယအကြိမ် ပုံနှိပ်ရာတွင် သားမောင်စစ်သည် နှစ်ယောက်လုံးမှာ တပ်မတော်တွင် မရှိကြတော့ပါ။ သားမောင်စစ်သည် ကျောင်းဆင်းပွဲတွင် ဗိုလ်လောင်းများ အရပ်အမောင်းတူ၊ ဖျတ်လတ် သွက်လက်မှုတူ၍ ကျွန်မ၏ သားကို အရွေးရခက်နေစဉ် ခင်ပွန်းသည်က ရွေးမနေနှင့်တော့၊ အားလုံး ဒို့သားတွေ၊ အားလုံး တိုင်းပြည်ရဲ့ သားကောင်းတွေဟု စိတ်ထဲ မှတ်လိုက် ပြောခဲ့သည်ကို အမှတ်ရမိသည်။ သို့ဖြစ်၍လည်း ကျွန်မ၏ သားမောင်စစ်သည်များ အနားယူလိုက်သည့်တိုင်အောင် တပ်မတော်တွင် တာဝန်ထမ်းဆောင်ဆဲ သားမောင်စစ်သည်များ၊ တိုင်းပြည်ရဲ့ သားကောင်းရတနာများအတွက် ရည်ရွယ်၍ တတိယအကြိမ် ပုံနှိပ် ထုတ်ဝေခဲ့ရပါသည်။ ဤစာအုပ်ဖြင့် မြန်မာ့သားကောင်းရတနာများ၊ သားမောင်စစ်သည်များ ရောက်လေရာအရပ်တွင် မေတ္တာခြံ၍ လုံနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**ခင်မြင့်မောင်**

**(စာရေးသူ၏ ဇနီး)**

မတ်လ ၅ ရက်၊ ၁၉၉၉ ခုနှစ်။

□



www.burmeseclassic.com

www.burmeseclassic.ocm

# အခန်း (၁)

## တော်လှန်ရေး လက်ဆင့်တစ်ကမ်း

၁

ကျွန်တော်တို့မိသားစု ၁၉၇၁ ခုနှစ်၊ ဧပြီလတွင် စစ်တက္ကသိုလ်ကျောင်းဆင်းပွဲ တက်ရန် မေမြို့သို့ ရောက်ကြသည်။ သားကြီးတစ်ယောက် "နှောင်တစ်ခေတ်၏ အောင်စစ်သည်"များကို မွေးထုတ်ပေးနေသည့် ကျောင်းတော်ကြီးမှ အောင်ဆုယူပြီးလျှင် ချီလေသည့် တပ်မတော်တွင် တာဝန်ယူရန် အမိန့်နာခံသည်ကို မြင်ဖို့၊ ကြားဖို့ သွားကြခြင်းဖြစ်သည်။ ထို့ကြောင့် ကောင်းမြတ်သော၊ မင်္ဂလာရှိသော၊ ပျော်စရာဖြစ်သောခရီး ဖြစ်လေသည်။

မေမြို့တွင် မိုးအုံ့အုံ့ဖွဲဖွဲရှိသည်။ နေလို့ကောင်းပါ၏။ ယူကလစ်နံ့၊ ပန်းနံ့တို့ဖြင့် သင်းပါ၏။ ချမ်းမြေ့ပါ၏။ သို့ရာတွင် ကျောင်းဆင်းပွဲတွင် နေပွင့်မှ ကောင်းမည်။ မိုးရွာလျှင် ဗိုလ်လောင်းများ စစ်ရေးပြမလှဘဲ နေမည်။ ဒီနေ့အတွက် ဗိုလ်လောင်းတွေ နေ့စဉ်ရက်ဆက် လေ့ကျင့်ခဲ့ကြပြီးပြီ။ မိုးရွာရွာ နေပူပူ သူတို့စစ်ရေးပြကြမည်။ ကျောင်းဆင်းဗိုလ်လောင်းများသည် လေးနှစ်လုံးလုံး မိုးထဲ၊ နေပူကျဲကျဲထဲ၊ ရွှံ့ထဲ ဗွက်ထဲ လေ့ကျင့်ခဲ့ကြပြီးပြီ။ စာသင်ခန်း၊ လက်တွေ့ခန်း၊ စမ်းသပ်ခန်းများတွင်လည်း အပတ်တကုတ် ကြိုးစားကျက်မှတ်ခဲ့ကြရပြီးပြီ။ ကျောင်းဆင်းပွဲတွင်လည်း မိုးရွာမှာလောက်ကိုတော့ သူတို့မမှု။ သို့ရာတွင် နေပွင့်၍ ကောင်းကင်ပြာပြာကြည်ကြည်လင်လင်ရှိလျှင် ပို၍ ရှင်လန်းစရာ ကောင်းမည်။

---

၁။ ဤအခန်းကို ၁၉၇၂ ခုနှစ် တော်လှန်ရေးနေ့ အထူးထုတ် ဟံသာဝတီတွင် ဖော်ပြပြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.ocm



ဧပြီလ ၂၃ ရက် ကျောင်းဆင်းပွဲနေ့သည် သာယာကြည်လင်လေသည်။ နေပြင်းပြင်းပူလှသည်လည်း မဟုတ်။ လေလည်းမထန်၊ စစ်ရေးပြကွင်းတွင် လွှင့်ထူထားသော အလံများလွှင့်၍ မြူး၍ ကောင်းရုံလောက်သာ တိုက်ခတ်သည်။ ကွင်းသို့ ကျွန်တော်တို့ အပါအဝင် ဗိုလ်လောင်းများ၏ မိဘများ၊ ဧည့်သည်တော်များ ရောက်ကြသော် ပြုံးရွှင်သော ဆရာ၊ ဆရာမများက ခရီးဦးကြိုဆိုကြသည်။ အားလုံးပြုံး၍ ပျော်နေကြသည်။ မိဘများ၊ ဆရာ၊ ဆရာမများ။

အချိန်အတိတွင် စစ်ရေးပြကွင်းသို့ ဗိုလ်လောင်းများ တပ်ခွဲအလိုက် ချီတက်ဝင်ရောက်လာကြသည်။ တပ်ခွဲအလံများကို လွှင့်ထူကိုင်ဆောင်၍ ဘင်ခရာ တီးမှုတ်၍။ အားလုံးသော ပရိသတ်များ ငြိမ်၍ ကြည့်ကြသည်။ နားထောင်ကြသည်။ ရင်ထဲတွင် တလှိုက်လှိုက်ဖြစ်သော ထူးခြားသော ခံစားချက်များသည် မျက်နှာတွင် ပြနေကြသည်။ အနားမှအိမ်သူ"မြင့်"က သူ့သားကို တပ်ခွဲများတွင် ရှာသည်။ ဟိုတပ်ခွဲရှေ့တန်းမှ အရပ်ရှည်ရှည် ဗိုလ်လောင်းဖြစ်မည်လား၊ နောက်နားက ဗိုလ်လောင်းဖြစ်မည်လား ခွဲခြား၍ မရ။ ဗိုလ်လောင်းအားလုံး အရပ်အမောင်းကောင်းသည်။ အရပ်မရှည်ဦးတော့ ဖျတ်လတ်သွက်လက်မှုတွင် တူသည်။ ရဲမာန်ဝင့်လျက် ရှိကြသည်။ ကိုယ့်သား၊ သူ့သား အရွေးရခက်သည်။ ရွေးမနေနှင့်တော့။ အားလုံး ဒို့သားတွေ၊ အားလုံးတိုင်းပြည်ရဲ့ သားကောင်းတွေ ဟု စိတ်ထဲတွင် မှတ်လိုက်မိသည်။

ကျောင်းဆင်းတပ်ခွဲသည် ဂုဏ်ထူးဆောင် တပ်ခွဲဖြစ်သည်။ သုံးနှစ်ဆက်၍ အခြားသော ကျောင်းဆင်းတပ်ခွဲများကို ယနအပတ်ဆင်းမည့် ဗိုလ်လောင်းများက ဂုဏ်ပြုကြရပြီးပြီ။ ဒီနှစ်၊ ဒီနေ့ကား သူတို့နှစ်၊ သူတို့နေ့။ အလံများ လွှင့်နေသည်မှာ သူတို့ဖို့။ ဘင်ခရာတွေ တီးမှုတ်နေသည်မှာ သူတို့ဖို့။ ကောင်းချီးဩဘာများသည် သူတို့ဖို့။ ဒီတစ်ပွဲပြီးလျှင် ဗိုလ်လောင်းအဖြစ် စစ်ရေးပြဖို့ သူတို့တွင် မရှိတော့ပြီ။

စစ်ရေးပြအပြီးတွင် တပ်မတော် လေ့ကျင့်ရေးမှူး ဗိုလ်မှူးကြီးထွန်းတင်က ဒုတိယကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်မှူးချုပ်စန်းယု ကိုယ်စား စစ်တက္ကသိုလ် တပ်ရင်း၏ အလေးပြုခြင်းကို ခံယူသည်။ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ထွန်းအောင်ကျော်နှင့် စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး တင်သိန်းတို့ကလည်း အလေးပြုခံ စင်မြင့်ပေါ်တွင် ရပ်ကြသည်။ ဒုတိယကာကွယ်ရေးဦးစီးချုပ်၏ ဆုံးမစကား၊ အမှာစကားများကို ဗိုလ်မှူးကြီး ထွန်းတင်





က ဖတ်ကြားသည်။ ပြည်သူအားကိုးရသည့် တပ်မတော်အရာရှိ ဖြစ်စေကြရမည်။ ပြည်သူနှင့်တွဲ၍ ပြည်သူ့စစ်ကို ဆင်နွှဲကြရမည်။ ခေတ်ပြောင်း တော်လှန်ရေး၏ ရဲဘော်ကောင်းများ ဖြစ်စေကြရမည်။ ဗိုလ်ချုပ်က အရာရှိငယ်များအား ပြတ်သားစွာပေးသော အမိန့်စကားဖြစ်သည်။ အစ်ကိုကြီးတစ်ဦးက ဘဝကိုရင်ဆိုင်ရန် ထွက်ခွာသွားအံ့ဆဲဆဲသော ညီငယ်တစ်ဦးအား ချစ်ခင် မြတ်နိုးစွာ တဖွဖွမှာကြားသော အမှာစကားလည်းဖြစ်သည်။

## ၂

ခေတ်ပြောင်းတော်လှန်ရေးဆိုလို့ ပြည်သူ့တပ်မတော်သား ရဲဘော်များ တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက်နေသည်တို့ကို စိတ်ထဲတွင် မြင်လာသည်။ နိုင်ငံအနှံ့ သွားလေရာတွင် ပြည်သူတို့နှင့်အတူ ပြည်သူတို့အတွက် ရေတွင်းရေကန်၊ ဆည်တူးနေသော၊ တံတားဆောက် လမ်းဖောက်နေသော၊ လယ်ယာတွင် စိုက်ပျိုးနေသော တိုင်းမှူး၊ တပ်မှူး၊ ဗိုလ်၊ အကြပ်၊ တပ်သား ရဲဘော်များကို မြင်ယောင်လာသည်။ တစ်ဖက်တွင်လည်း လုံခြုံရေးအတွက် မနားမနေ တိုက်ကင်းလှည့်နေရသည်။ မပြတ်မလပ် စောင့်နေရသည်။ ပါတီနှင့် နိုင်ငံရေးစည်းရုံးမှုကို ပြုလုပ်ရသည်။ လုံခြုံရေး အုပ်ချုပ်မှုဆိုင်ရာ ပြည်သူ့ရေးရာကိစ္စများတွင် ကူရသည်။ ဤသည်တို့ကား ခေတ်ပြောင်းတော်လှန်ရေး၏ အနှစ်သာရတို့ ဖြစ်သည်။ ဤတော်လှန်ရေးသို့ ကျွန်တော်တို့သားကြီး တပ်ထွက်တော့မည်။

သူ့အရွယ်လောက်တွင် ကျွန်တော်တို့လည်း တစ်ခါတစ်ခေါက် တပ်ထွက်ခဲ့ဖူးသည်။ မိခင်ဆုံး၍မှ ပူပူနွေးနွေးတွင် ဖခင်၊ အစ်မ၊ နှမများကို ထား၍ ကျွန်တော် ဗမာ့ကာကွယ်ရေးတပ်မတော်သို့ ဝင်သည်။ မင်္ဂလာဒုံစစ်တက္ကသိုလ် စတုတ္ထပတ် ဗိုလ်သင်တန်းသို့ တက်၍ ယခုလိုပဲ ကျောင်းဆင်းပွဲနွှဲခဲ့ရသည်။ စစ်ဝန်ကြီးနှင့် စစ်သေနာပတိဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်း တက်ရောက်၍ မိန့်ခွန်းပြောသည်။ စစ်ဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းလည်း လာသည်။ ဗိုလ်ချုပ်အောင်ဆန်းက တိုတောင်းတောင်းနှင့် တိုင်းပြည်အတွက် အသက်ကို ပဓာနမထားဘဲ ကြိုးပမ်းရမည်ဟု မှာသည်။ သူ့စကားတွင် အဖွဲ့အနွဲ့မပါ။ တန်ဆာဆင်ခြင်း မရှိ။ သို့ရာတွင် ကျွန်တော်တို့အဖို့ သူ့အမှာစကားများသည် နားဝင်သည်။ အမှတ်ရလွယ်သည်။ တစ်သက်မမေ့နိုင်အောင် စွဲမြဲသည်။

သားကြီး မေမြို့စစ်တက္ကသိုလ်မှ ဘွဲ့ယူပြီးနောက် တာဝန်အပ်နှင်းခြင်းခံရချိန်တွင် ကျွန်တော်တို့ မင်္ဂလာဒုံ စစ်တက္ကသိုလ်မှ ကျောင်းဆင်းခဲ့သည်မှာ



www.burmeseclassic.com

www.burmeseclassic.ocm



၂၆ နှစ်ကျော် ကြာခဲ့ပြီ။ သားနှင့် ဖခင်တို့၏အကြား တစ်သက်တစ်ခေတ် ဖြစ်သည်။ ဖခင်မှ သားသို့ တာဝန်လက်ဆင့်တစ်ကမ်း ဖြစ်သည်။ ဖခင်တို့သည် နပျိုငယ်ရွယ်ခဲ့ရာမှ ကြီးရင့်လာခဲ့ကြပြီ။ ကြီးရာမှ ငယ်ရာဖို့ မရှိ။ ထို့ကြောင့် သားမောင်တို့သည် တစ်လှည့်တာဝန် ယူကြပေဦးတော့။ ငယ်သည့်တာဝန်များကို ယခုယူကြရာမှ တစ်ဆင့်တစ်ဆင့် ပိုမိုကြီးလေးသော တာဝန်များကို ထမ်းဆောင်ကြရန် အသင့်ပြင်ကြပေဦးတော့ဟု သားကြီးများ ကျောင်းဆင်းရာတွင် ကျွန်တော်တို့အားလုံးက ဝိုင်း၍ မှာကြားနေသကဲ့သို့ ရှိခဲ့သည်။

ကျွန်တော်ကသာလျှင် မဟုတ်သေး။ ဗိုလ်မှူးကြီး ထွန်းတင်၊ ဗိုလ်မှူးကြီး ထွန်းအောင်ကျော်၊ ဗိုလ်မှူးကြီး တင်သိန်းတို့နှင့်တကွ ကျောင်းဆင်း ဗိုလ်လောင်းများ၏ ဖခင် ဒုတိယဗိုလ်မှူးကြီး တင့်လွင်စသော တပ်မတော်သား ဗိုလ်မှူး၊ ဗိုလ်ကြီး၊ တပ်ကြပ်ကြီး၊ ရဲဘော်ကြီးများကလည်းကောင်း၊ ထူးချွန်ဆုရသော ဗိုလ်လောင်းတစ်ဦး၏ ဖခင် ဗိုလ်မှူးဟောင်း ထွန်းလင်းကဲ့သို့သော ရဲဘော်ဟောင်းများက လည်းကောင်း မှာကြားနေကြသကဲ့သို့ ရှိသည်။

ဗိုလ်မှူးကြီး ထွန်းတင်သည် စစ်အတွင်းက မင်္ဂလာဒုံ စစ်တက္ကသိုလ်တွင် တတိယပတ် ဗိုလ်သင်တန်းကို တက်ခဲ့သည်။ သူ၏ တပ်ခွဲမှူးမှာ မေမြို့ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးဖြစ်သူ ဗိုလ်မှူးကြီး ထွန်းအောင်ကျော်ဖြစ်လေသည်။ ကျွန်တော် မင်္ဂလာဒုံစတုတ္ထပတ် ဗိုလ်သင်တန်းတက်စဉ်က တပ်စုမှူး တစ်ဦးဖြစ်သူ ဗိုလ်တင်သိန်းကား သားကြီးကျောင်းဆင်းပွဲသို့ တက်ရောက်လာသူ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး တင်သိန်းပင် ဖြစ်လေသည်။ ဤရဲဘော်ကြီးများသည် ဗိုလ်လောင်းများကို ကြည့်ကာ နှစ်အစိတ်ကျော်က မိမိတို့ ဗိုလ်သင်တန်း တက်ခဲ့ကြ၊ ဆင်းခဲ့ကြ၊ သင်တန်းဆရာ လုပ်ခဲ့ကြသည်ကို ပြန်ပြောင်း၍ မြင်ယောင်နေကြမည် ထင်မိသည်။

## ၃

ကျွန်တော်တို့သားများသို့ တော်လှန်ရေးတာဝန် လက်ဆင့်ကမ်းခဲ့ကြပြီ။ သူတို့သည်လည်း တက်ကြွကြသည်။ အားအင်ဗလ ပြည့်ဝကြသည်။ ရဲရင့်၍ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ် ထက်သန်ကြသည်။ လူငယ်တွေ ဆံရှည်ထားထား၊ ဆန်းပြားသော ဝတ်စားဆင်ယင်မှုကိုပြုပြု၊ ထူးခြားသော စကားဝေါဟာရများကို ပြောပြော၊ သန္ဓေဗီဇညံ့ကြသည်မဟုတ်။ အရေးကြုံလာလျှင် နိုင်ငံအတွက်





တိုင်းရင်းသားများအတွက် ထွက်၍ တာဝန်ယူကြလိမ့်မည်။ အရေးကြီးလျှင် သွေးနီးလိမ့်မည်ဟု ယုံကြည်သည်။

စစ်အတွင်းက ဗမာ့တပ်မတော်တွင် ကျွန်တော်ပါလိုက်ရ၏။ တော်လှန်ရေးကို နွှဲလိုက်ရ၏။ အရေးပါခဲ့လှသည်ကား မဟုတ်ပါ။ လူငယ်အရာရှိငယ်မျှသာ ဖြစ်ခဲ့ပါသည်။ သို့ရာတွင် သမိုင်းမှတ်တိုင်ဖြစ်သော ယင်းတော်လှန်ရေးတွင် ပါဝင်လိုက်ရသည်ကိုပင် ရခဲလှသော ဆုလာဘ် ဒုလ္လဘဟု မှတ်ယူမိပါသည်။ နိုင်ငံလွတ်လပ်ရေးအတွက် တစ်ပွဲနွှဲချင်ပါသည်ဆို၍ သမိုင်းကြောင်းကို ကိုယ့်အလို လိုက်အောင်ပြောင်း၍ ပြင်၍ရသည်မဟုတ်။

ယခု ကျွန်တော်တို့သားများသည် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်၍ ဒုတိယတော်လှန်ရေး ဆင်နွှဲနေကြရာတွင် ပါလာကြသည်။ သူတို့အတွက်လည်း ကြီးမားသော ဒုလ္လဘဖြစ်သည်။ ခေတ်ပြောင်းတော်လှန်ရေး တစ်ပွဲနွှဲချင်ပါသည် ဆို၍ သမိုင်းကြောင်းကို သူတို့အလိုလိုက်အောင် ပြောင်း၍ ပြင်၍ရသည်မဟုတ်။

ပြည်သူ့တပ်မတော်နှင့် တောတောင်အကြား ချီတက်လှုပ်ရှားနေသော သားမောင်စစ်သည်သည် သွားလေရာတွင် မေတ္တာဆောင်၍ အောင်ပါစေ၊ ပြည်သူ့မေတ္တာကို ခြုံ၍ လုံပါစေသတည်းဟု ကျွန်တော်တို့မိသားစုက ဆုတောင်းကြရသည်။

www.burmeseclassic.com

www.burmeseclassic.ocm

# အခန်း (၂)
# နောက်ကြောင်းပြန်

၁

စစ်တက္ကသိုလ်ဆင်း အောင်စစ်သည်တို့သည် နိုင်ငံအနှံ့ ဖြန့်ထားသော တပ်များသို့ တာဝန်ယူရန် သွားရောက်ကြရလေသည်။ လေးနှစ်လေးမိုး သင်ကြား လေ့ကျင့်လာခဲ့သမျှတို့ကို လက်တွေ့ စမ်းသပ်ကြရတော့မည်။ ဗိုလ်လောင်းဘဝမှ ဗိုလ်အဖြစ်ကို ရပြီ။ လူငယ်အဖြစ်မှ ခေါင်းဆောင်ဖြစ်လာပြီ။ တာဝန်ရှိလာပြီ။

ပခုံးနှစ်ဖက်ပေါ်တွင် တင်ရသော ရာထူးတံဆိပ်ကို ဗိုလ်လောင်းဘဝက လှသည်ထင်ခဲ့ကြ၏။ နောက်ဆုံးနှစ် ကျောင်းပိတ်ရက် အပြင်ထွက်သောအခါ စမ်း၍ တပ်ဆင်ခဲ့ကြဖူး၏။ ဆရာတွေ မမြင်လျှင်ပြီးသည်။ ဆရာကို ခပ်လှမ်းလှမ်းက မြင်လျှင် ရှောင်သွား၍ရသည်။ တံဆိပ်ကို ဖြုတ်ထား၍ ရသည်။ ယခု တံဆိပ်ကို တရားဝင် တပ်ဆင်နိုင်ပြီ ဖြစ်သောအခါ လှသည်ထက် လေးနေ၏။ ပခုံးနှစ်ဖက်ပေါ်တွင် ကျရောက်သော တာဝန်ပါတကားဟု သိတတ် မြင်တတ်လာ၏။ သို့ရာတွင် မဆုတ်၊ မတွန့်၊ မရွံ့။

သားမောင်စစ်သည်၏ တပ်သည် တောင်ပေါ်မှာ တပ်ချသည်။ ရှေ့တန်းကို တိုက်ကင်းလှည့်လည်သည်။ မြို့မှာနေသည်မရှိ။ တစ်ခါတစ်ခါသာ ပြန်နားရသည်။ သူ့ရဲဘော်တွေ သွားရောက်တာဝန်ယူကြရသော တပ်ရင်းများသည်လည်း ဤနည်းနှင်နှင်သာ ဖြစ်သည်။ တိုင်းရင်းသားပြည်သူတို့ လုံခြုံချမ်းမြေ့စွာ နေနိုင်ကြရလေအောင် နေ့ညမပြတ် ကင်းစောင့်တပ်ထွက်၊ စစ်ဆင်၊ စစ်ထိုးကြရ၏။ မိုးထဲလေထဲ နေပူကျဲကျဲတွင်လည်း ထွက်ကြသည်။ ကပ်နားကြသည်။ တစ်ခါ





တစ်ခါ စိုစိုရွှဲရွှဲနှင့်ပင် အလှည့်ကျ အိပ်ရသည်။ ချီတက်ရင်းပင် စစ်ဝတ်စုံများ ခြောက်သွေ့ရသည်။

ရဲဘော်များနှင့် အတူသွားရင်း၊ အတူစားရင်း ဘေးရန်အန္တရာယ်အပေါင်းကို အတူရင်ဆိုင်ဖြတ်သန်းကြရင်း သားမောင်စစ်သည်သည် ရဲဘော်တို့၏ ဘဝကို သိလာသည်။ ရဲဘော်များကို ခင်မင်တတ်လာသည်။ တပ်သို့ရောက်လို့မှ မကြာသေး၊ သူ့စာများတွင် သူ့ရဲဘော်တွေအကြောင်း၊ ကလေးတွေလို သူတို့ဆိုးနွဲ့ တတ်ကြပုံ၊ သူတို့ရသည့်လစာနှင့် သူတို့မိသားစုတွေ လောက်ငအောင် ခြိုးခြံ ချွေတာကြရပုံ၊ ရှေ့တန်းရောက်လို့ တောင်ပေါ်မှာ မြူသန်းလျှင် မိသားစုကို လွမ်းကြရပုံ၊ ယခင်အခါများက စာရေးရမှာပျင်းခဲ့သော သားမောင်သည် သူ့ရဲဘော်များအကြောင်း စာဖွဲ့၍မကုန် ဖြစ်နေသည်။

တစ်ခါတွင် ဒူးလောက်ရောက် ရေစီးသန်ချောင်းကို သားကြီးသည် ရဲဘော်များနှင့် ဖြတ်အကူး သူ့ဦးထုပ် လေမွှေ့ရာ လွင့်ပါမျောသွားသည်။ ဦးထုပ်ကို လိုက်အကောက် ကျောက်တုံးပေါ်ချော်လဲ၍ လူရောလက်နက်ပါ လိမ့်ပါသွားသည်။

အဲဒီတုန်းက ရဲဘော်ထွန်းတင် ကယ်ပေလို့ပေါ့။ ဒီကောင်ကြီးက အပြေးအလွှား လိုက်လာပြီး ကျွန်တော့်ကို ဆွဲထားလို့ မဟုတ်ရင် ဟိုဘက်က ချောက်ကြီး။ ထွန်းတင် ဆိုတဲ့ကောင်က ကြည့်လိုက်ရင် ပျော့နွဲ့နွဲ့နဲ့။ တကယ့်အရေးဆိုရင် ဖျတ်လတ်တယ်။ သူက ရှေ့က ချည်းပဲ။

သားကြီး၏ စာကိုဖတ်ပြီးလျှင် သူ့အမေမှာ မျက်ရည်ကလေး တစမ်းစမ်း။

သားနှင့်အဖဟူသည် အကျွမ်းတဝင် မိတ်ပေါင်းဆွေပေါင်း ရင်းနှီးကြသည်လည်း ရှိသည်။ မျက်နှာချင်းဆိုင်မိလျှင် မေးထူးခေါ်ပြော ရှက်အမ်းအမ်း၍ အင်းအဲ အဆင့်တွင်နေကာ ကွယ်မှလွမ်းကြသည်လည်းရှိသည်။ ကျွန်တော်တို့ကား အကျွမ်းတဝင်လည်း ရှိခဲ့၏။ အိုးတိုး အမ်းတမ်းလည်း နေခဲ့ကြဖူး၏။ သားကြီးက သူ့အပေါင်းအသင်းများ၊ သူ့ဝါသနာများနှင့် ကျွန်တော်တို့ကလည်း ကိုယ့်အလုပ်၊ ကိုယ့်ဇော၊ ကိုယ့်သောကနှင့် နေခဲ့ရသည်သာ များခဲ့၏။

တပ်နားသောအခါများတွင် သားမောင်သည် သူ့ရဲဘော်များ၏ စားရေးနေရေး၊ ကျန်းမာရေးကို ကြည့်ရသည်။ အလှည့်ကျကင်းစောင့်ဖို့ စီစဉ်ရသည်။ မြေ၊ ရေ အနေအထားကို လေ့လာထားရသည်။ ရွာနီးလျှင် ရွာလူကြီးများနှင့်



www.burmeseclassic.com

www.burmeseclassic.ocm



မိတ်ဖွဲ့ထားရသည်။ ပတ်ဝန်းကျင်အခြေအနေကို မေးမြန်းစုံစမ်းထားရသည်။ ယင်းတာဝန်များသည် ပြီးသည် စဲသည် မရှိ။ သို့ရာတွင် ပြတ်တောင်းပြတ်တောင်း အားလပ်ချိန်တော့ ရှိသည်။ ယင်းအချိန်များတွင် အိမ်ကို သတိရသည်။ သူ့ညီငယ် နှမငယ်များကို သတိရသည်။ မိခင်ကို တမ်းတသည်။ မိခင်မှဖွားသော ယောကျ်ားဟူသမျှသည် တစ်ကိုယ်တည်းလွမ်းလျှင် မိခင်ကို တောင့်တကြသည်သာ။ အားငယ်လျှင် မိခင်ကိုသာ တောင့်တကြသည်။

သားမောင်စစ်သည်၏ စာတွင် သူ့ရဲဘော်များအကြောင်းကို ရေးသည်။ သူ့မိခင်၊ ညီငယ်၊ နှမငယ်များအကြောင်းလည်း မေးသည်။ တစ်ခါတစ်ခါ သူ့ဖခင်အကြောင်းကိုလည်း မေးသည်။ ဖခင်ထံ တိုက်ရိုက်ပေးစာများတွင် ယောကျ်ားချင်း ညှိနှိုင်းတိုင်ပင်ရန်ကိစ္စများ ပါတတ်သည်။ ဖခင်ကို ဆရာတင်သည်ကား မဟုတ်။ ခေတ်လူငယ်တို့သည် ပြည့်စုံဖူလုံပြီဖြစ်ကြသည်။ ယုံကြည်ချက်အပြည့်ရှိသည်။ သူ့ဖခင်ငယ်စဉ်က သူ့လိုပဲလား မေးသည်။ သူမွေးသည်မှစစ်တက္ကသိုလ်ရောက်သည်အထိ ၁၈ နှစ်အတွင်း ဖခင်နှင့်ကောင်းစွာ သိကျွမ်းလိုက်ရသည်မရှိ။ သူ့အလုပ်၊ ကိုယ့်အလုပ်နှင့် ရှုပ်နေကြ၍ အပြေးအလွှားသွားနေကြရ၍ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ပြောဆိုကြ၊ ဖလှယ်ကြရသည်များနည်းပါးခဲ့လှသည်။ ယခုအခါများတွင် တပ်နားရင်း ဖခင်ထံမှ နောက်ကြောင်းပြန်စာများ ဖတ်စမ်းချင်သည်။ ဖခင်၏ ကျောင်းသားဘဝ၊ စစ်သားဘဝ၊ ဖခင်တို့စစ်အတွင်း စစ်တက္ကသိုလ်မှာ ပါးရိုက် နားရိုက်ခံခဲ့ကြရသည်ကို သိလိုသည်။ ဖခင်၏ဘဝအတွေ့အကြုံ၊ ချစ်ရေးကိစ္စ မကျန် မချန်မလုပ် မထိမ်မဝှက် ဖွင့်ပြောပါ ဆိုလာသည်။

သူ့တောင်းဆိုချက်ကို လိုက်လျောအပ်သည် ယူဆမိ၏။ ကိုယ့်ကိုယ်ကိုယ်မို့ ပြောသည်မဟုတ်။ သူ့ဖခင်သည် လူရိုးကြီး ဖြစ်ပါသည်။ ချစ်ရေးကိစ္စတို့တွင် စေန်စေ တစ်ခုတည်းသာ ရှိခဲ့သည်။ တစ်သမတ်တည်းသော သစ္စာကိုသာထားခဲ့သည်ဟု မဆိုသာသော်လည်း များသည်၊ ပွေသည်ဟုကား မဆိုနိုင်ပါ။ ထို့ကြောင့် ထိုဘာသာရပ်တွင် သားမောင် စိတ်ဝင်စားအောင် ရေးစရာများများ မရှိပါ။ ကျောင်းသားဘဝတွင်လည်း ထူးခြားသည်မဟုတ်။ စစ်သားဘဝအကြောင်းကား ရေးခဲ့ဖူး၊ ပြောခဲ့ဖူးပါသည်။ စစ်သားဘဝသည် ခံစားလို့ကောင်းသောဘဝ ဖြစ်ပါသည်။ စွန့်စားခန်းကလေးတွေ၊ ပင်ပန်းဆင်းရဲရတာလေးတွေ၊ နာရ နင့်ရတာတွေ ရှိပါသည်။ စစ်သားတိုင်းတွင် မမေ့နိုင်သော ခံစားချက်တွေ





ရှိပါသည်။ ပြန်ပြောင်း၍ တသပြောဆိုမကုန်အောင် ဖြစ်ပါသည်။ စစ်သားဟောင်းကြီးများ စားမြုံ့ပြန်လျှင် နားငြီးစရာကောင်းသည်ဟု ဇနီး၊ သားသမီးများကပင် ပြောတတ်ကြသည်။

သားကြီးက စားမြုံ့ပြန်ခိုင်းသဖြင့် ပရိသတ်အနည်းဆုံး တစ်ယောက်တော့ရပြီ။ အခါအခွင့်ကောင်းကို မလွတ်စကောင်း။ နောက်ကြောင်းကို ပြန်ပြောင်းသတိရ၍ ရေးမှတ်ဦးမည်။ အမှတ်တရ ရေးသားထားသည်တို့ကို သားကြီးနှင့်တကွ သူတို့အရွယ် လူငယ်များဖတ်ရလျှင် ဟိုခေတ်က ငယ်ရွယ်ခဲ့သူများသည်လည်း သူတို့နှင့် ခပ်ဆင်ဆင်သာ ဖြစ်သည်။ ဝတ်စားဆင်ယင်ပုံ ကွဲသည်။ ပြောဆိုနေထိုင်ပုံ လွဲသည်။ သို့ရာတွင် ကွဲလွဲပုံတို့မှာ အပေါ်ယံသာ ဖြစ်သည်။ အနှစ်သာရတွင် မကွာကြ။ လူငယ်ပီပီ စွန့်စားလိုစိတ်၊ ပျော်မြူးလိုစိတ်၊ ကြိုးပမ်းစူးစမ်းလိုစိတ်တို့တွင် မကွာကြ။ သားကြီးတို့ခေတ် လူငယ်များသည် နိုင်ငံခြားသား စိုးမိုးသူအောက်တွင် မနေခဲ့ဖူးကြသဖြင့် ကျွန်တော်တို့ထက်ပို၍ လွတ်လပ် ရဲရင့်ပေလိမ့်မည်။ သူတို့မွေးလာသော မြန်မာနိုင်ငံသည် ကမ္ဘာမီသားစုဝင်အဖြစ် တင့်တယ်လျက်ရှိပြီ။ ကမ္ဘာသည်လည်း အဝေးကွာကြီး မဟုတ်တော့။ အိမ်ပေါက်ဝမှာ ရှိနေသည်။ ထို့ကြောင့် ယခုခေတ် လူငယ်များအမြင်ကျယ်သည်။ အတုယူလွယ်သည်။ အကောင်းအတုယူတတ်သလို အဆိုးကိုလည်း ယူတတ်သည်။ တစ်နေ့တွင် အကောင်းအဆိုး ခွဲခြားသိမြင်၍ သူတို့ဆင်ခြင်ကြလိမ့်မည်။ ကျွန်တော်တို့က သူတို့အတွက် ဆုံးဖြတ်ပေးရန် မလွယ်ချေ။

သူတို့သည် ကျွန်တော်တို့ကို ကျောက်ခေတ်လူသားဟု ချစ်ခင်စွာ ခေါ်သည်။ အိမ်က အဘိုးကြီးဟု မြတ်နိုးစွာခေါ်သည်။ သူတို့၏ သားသမီးများကလည်း သူတို့အား ဤသို့ပင် တစ်လှည့်ခေါ်ကြမည်သာ ဖြစ်သည်။

ကိုယ်ရေးအတ္ထုပ္ပတ္တိ မဟုတ်စေကာမူ ကျွန်တော်တို့၏ ငယ်စဉ်အခါကအကြောင်း၊ စစ်ကြိုခေတ်နှင့်စစ်တွင်းကာလအကြောင်း၊ ဟိုတစ်ကွက်၊ ဒီတစ်ကွက်ရေးသားဖော်ပြချက်တို့သည် သားမောင်နှင့် သူ့အရွယ်လူငယ်များအတွက် စိတ်ဝင်စားစရာ၊ မှတ်စရာများဖြစ်သင့်သလောက် ဖြစ်ပါစေ။ ဗမာ့လွတ်လပ်ရေးတပ်မတော်အဖြစ်မှ အဆင့်ဆင့်တက်လှမ်း၊ တိုက်ပွဲအလီလီကို ဖြတ်သန်း၍နိုင်ငံ၏ လွတ်လပ်ရေးကို ပြည်သူနှင့်အတူ အရယူပြီးလျှင် လွတ်လပ်ရေးကိုထိန်းသိမ်းခြင်း၊ နိုင်ငံတော်ကို ထူထောင်ခြင်းတို့ကို ပြည်သူနှင့်အတူ တာဝန်ယူ



www.burmeseclassic.com

www.burmeseclassic.ocm



လျက်ရှိသော ဗမာ့တပ်မတော်အကြောင်းကိုလည်း သိပြီးသည်ထက် သိပါစေ။ ဗမာ့တပ်မတော်သားတစ်ဦး ဖြစ်ရသည်ကို ဂုဏ်ယူတတ်ပြီးသည်ထက် ဂုဏ်ယူတတ်ပါစေဟူသော စေတနာဖြင့် ဤစာများကို ရေးပါသည်။

## ၂

သားကြီးကို ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ ညဆယ်နာရီကျော်တွင် မွေးသည်။ မမွေးခင် သူ့ကို မျှော်ရင်း ဆေးတိုက်တွင် ကျွန်တော်စောင့်ရသည်။ တော်တော်နှင့် မရောက်လာ၍ အပြင်ထွက်၍ လမ်းသလားရသည်။ မိုးချုပ်သောအခါ လမ်းဘေးမှ ချစ်တီးထမင်းဆိုင်တွင် ငှက်ပျောဖက်ခင်း၍ ထမင်းပုံပြီးလျှင် ငရုတ်သီးစပ်သော ပဲဟင်းနှင့်စားသည်။

သူ့အချိန်သူယူပြီး ရောက်လာသော သားကြီးသည် ကြီးထွားသည်။ သံကုန်ဟစ်သည်။ သူ့ကိုရှိုမြောက်ကြည့်သော ဆရာမ၏ မျက်နှာပေါ်သို့ ရေသွန်းချသည်။ ဤသည်တို့ကား ရဲရင့်သော သဘောကို ပြခြင်းဖြစ်မည်။ မင်္ဂလာရှိသော နိမိတ်တို့ဖြစ်သည်ဟု ဖခင်အသစ်စစ်စစ် ကျွန်တော်က မှတ်ယူလိုက်သည်။

အသက် ၂၄ နှစ်တွင် ကျွန်တော် ဖခင်ဖြစ်လေပြီ။ သားတစ်ယောက်နှင့်ပြီးမည် မဟုတ်သေး။ တစ်ယောက်ပြီးတစ်ယောက် တသီတတန်းကြီး လာကြဖို့ အလားအလာရှိသေးသည်။ လာစေတော့။ လူထွင်းသည့်ပါးစပ် မဟုတ်။ နတ်ထွင်းသည့် ပါးစပ်ဖြစ်သည်ဟု မြန်မာ့ဆိုရိုးစကား ရှိသည် မဟုတ်လော။ လာသမျှ ပါးစပ်တွေကို ဝဝလင်လင် ကျွေးမွေးနိုင်ရမည်။ အားအင်ဗလ မိမိကိုယ်ကို ယုံကြည်မှုဖြင့်ပြည့်သော ကျွန်တော့်အဖို့ မကြောက်။ ဝန်မလေး။

ကျွန်တော့်ကို မွေးတုန်းကလည်း သန်းခေါင်ကျော်အထိ ဖခင် မိခင် ဆွေမျိုးများ စောင့်ရသည်ဟု ဆိုသည်။ ဇာတာတွင် အရုဏ်တက်၍ မာတာမိခင်ဖွားသန့်စင်သော သတို့သားဟု ပါသည်။

အမှောင်တွင်းမှာ ဒို့သက်ဆင်းသည်။ အရုဏ်ကို ဒို့ကြိုခဲ့သည်။ ထို့ကြောင့် အမှောင်ကို ဒို့မကြောက်။ အခက်အခဲဘေးရန်ကို ဒို့မမှု။ အမှောင်ကျော်လျှင် လင်းရောင်ပေါ်သည်။ အခက်အခဲ ဘေးရန်ကို ကျော်သော အောင်မြင်အေးချမ်းမှုကို ဒို့တွေ့ရမည်ဟု သားကြီးအား ကျွန်တော်အားပေးစကား ပြောကြားဖူးသည်။ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် အားပေးရသည်။ အားပေးခြင်းကို လိုလားသည့်အခါများကလည်း အများသား။

ကျွန်တော်တို့မိဘများတွင် ကျွန်တော့်အရင် သားတစ်ယောက် ထွန်း





ပေါက်ခဲ့ဖူးသည်။ အခါလည်လောက်တွင် သူ သေဆုံးသွားသည်။ သူ့ဓာတ်ပုံကို ကျွန်တော်မြင်ရသည်။ ဖြူဖြူဝဝကြီး ဖြစ်သည်။ ကိုယ်တုံးလုံး နုတ်တုတ်ကလေး ရိုက်ထားသော ဓာတ်ပုံဖြစ်လေသည်။ ကလေးပြပွဲတွင် ဆုရသောအခါက ရိုက်ထားသောပုံဟု ဆိုကြသည်။ မျက်လုံးပြူးပြူး၊ အလွန်ချိုသော ရုပ်၊ သူ့အရင် မိန်းကလေးနှစ်ယောက်ဖွားသည်။ ကျွန်တော့်အစ်မများ။

မိဘများသည် သားဆုတောင်းကြပြန်သည်။ ကျွန်တော်ရောက်လာတော့ ဝမ်းသာရွှင်မြူးကြသည်။ ပထမသားလို ငယ်ငယ်နှင့်ကွယ်မည်ကိုလည်း စိုးရိမ်ကြသည်။ ထို့ကြောင့် ပုခက်တွင်းတွင်ပင် ကျွန်တော့်အား သင်္ကန်းရစ်ပတ်၍ ရှင်ပြုကြသည်။ သရဏဂုံ တင်လိုက်ကြသည်။ ဤသို့ သာမဏေပြုခြင်းဖြင့် ကျွန်တော် သာမဏေဘဝကို ရ၏၊ မရ၏မသိ။ ဘာမျှ မသိတတ်သေးဘဲ ယင်းဘဝကို ခံယူနိုင်မည်မထင်။ သို့ရာတွင် အဘွားနှင့် မိဘများ စိတ်ချမ်းသာကြသည်။ စိုးရိမ်မှု နည်းပါးသွားကြသည်။ ကြီးပြင်းလာ၍ ထိုအဖြစ်ကို ကြားသိရသောအခါ ကျွန်တော့်အဖို့လည်း ငါသည် မွေးသည်မှအစ တရားဖြင့် ရစ်ထွေးလာခဲ့ရသူ ဖြစ်သည်ဟု ဝမ်းသာဂုဏ်ယူရလေသည်။

ကျွန်တော့်နောက် နှမငယ်များ ရောက်လာကြသည်။ ဟောတစ်ယောက်၊ ဟောတစ်ယောက်။ နှမလေးယောက်၊ အစ်မနှစ်ယောက်နှင့် ကျွန်တော်ပေါင်း ခုနစ်ယောက်ထွန်းကားသည်။ အစ်မ၊ နှမများနှင့် ယောကျ်ားလေးတစ်ယောက်တည်း ကြီးပြင်းရသော ကျွန်တော့်အဖို့ ထူးခြားခြင်း မရှိပါ။ ဝိုင်း၍ အလိုလိုက်ကြသဖြင့် ပျက်မည်လော၊ ပျော့မည်လော စိုးရိမ်ကြပါသည်။ ကျွန်တော့်အဖို့ ပျက်ဖို့ပျော့ဖို့ မရှိ။ သဘာဝကျကျ ဆက်ဆံနေထိုင်ကြသည်။ ရန်ဖြစ်ကြ၊ သတ်ပုတ်ကြ၊ ခင်မင်ယုယကြသည်။ မန္တလေးသူများသည် တစ်ဖက်တွင် မြန်မာ့ယဉ်ကျေးမှုကို သရုပ်ဆောင်ကြစေကာမူ ယောကျ်ားလေးများလို “ကျွန်တော်”ဟု မိမိကိုယ်မိမိ ခေါ်ဝေါ်ပြောဆိုတတ်ကြသည်။ စက်ဘီးစီး၍ ကျောင်းတက်၊ ဈေးသွား၊ ပွင့်လင်းရဲရင့်စွာ နေထိုင်ကြသည်။

မိခင်ဒေါ်အေးတင်သည် ဝဝဖြိုးဖြိုး ခံ့ညားသော မိန်းမချောကြီး ဖြစ်သည်။ သူသည် ပျော်ပျော်နေတတ်သည်။ ပွဲသဘင်ကို ကြိုက်သည်။ ဖိုးစိန်ကြီးပွဲကပြီဆိုမှဖြင့် ကျွန်တော်တို့အိမ်နှင့် မဝေးသော ကျုံး၏ ဟိုဘက်နန်းတော် အနောက်မြို့ရိုးကို ကပ်၍ ထိုးထားသောပွဲရုံသို့ ညညတွင် အိပ်ရာလိပ်ထမ်းပိုး၍



www.burmeseclassic.com

www.burmeseclassic.ocm



စားဖွယ်သောက်ဖွယ်ကို ထမင်းချိုင့်ဖြင့် သယ်၍ သွားကြသည်။ ပွဲကြည့်ရန် ဖျာချပ်ကို ကြိုတင်၍ ဝယ်ရသည်။ ဖျာနှစ်ချပ်လောက်မှ ကျွန်တော်တို့လူသိုက် အတွက် လောက်ကြသည်။

ပွဲခင်းသို့ရောက်လျှင် ကျွန်တော် လှည့်လည်၍ မုန့်ဝယ်စားသည်။ ထို့နောက် အိပ်သည်။ လူသံ၊ ဆိုင်းသံ၊ ဗုံသံကြားတွင် အိပ်လို့ကောင်းသည်။ မိခင်က ဖိုးစိန်ကြီး ထွက်လာပြီ၊ နှစ်ပါးသွားခန်းရောက်လျှင် နှိုးသည်။ ဖိုးစိန်ကြီး သည် အသံကောင်းသည်၊ အပဲကောင်းသည်၊ စာစကား ပေစကား ပြောတတ် သည်။ နှစ်ပါးသွားတွင် အညကောင်းသည်။ မင်းသမီးနှစ်လက်နှင့် နှစ်ပါးသွား တတ်သည်။ နှစ်ပါးသွားပြီးလျှင် ကျွန်တော် ပြန်အိပ်သည်။ မင်းသားနှင့် ဘီလူး စစ်ခင်းခန်းမျိုး၊ မင်းသားက ပြဒါးရှင်လုံးတန်ခိုးဖြင့် မိုးပျံခန်း ရောက်ပြန်လျှင် မိခင်က နှိုးပြန်သည်။ တစ်ခါတစ်ရံ မိုးပျံရင်း သံကြိုးငြိနေသဖြင့် တန်းလန်း ဖြစ်နေတတ်သည်။ ကန့်လန့်ကာနောက်ပိုင်းမှ ဝိုင်း၍ပြုပြင်မှ မင်းသား ချောမော စွာ ပျံသန်းနိုင်လေသည်။ ချောမောစွာဓာတ်ခုံသို့ သက်ဆင်းနိုင်လေသည်။

ဓာတ်ပေါင်းခန်းရောက်လျှင် မိုးစင်စင်လင်းလေပြီ။ အိပ်ရာလိပ်ကို လိပ် ၍ ထမင်းချိုင့်ကို ဆင့်ပြီးလျှင် ထမ်းပိုး၍ ကျွန်တော်တို့ အိမ်ပြန်ကြသည်။ အိမ်ပြန်ရောက်လျှင်လည်း တဝအိပ်ရပြန်သည်။

ဓာတ်ပွဲမသွားလျှင် "ဘိုင်စကုတ်"ခေါ် အညာခေါ် ဓာတ်ရှင် သို့မဟုတ် ရုပ်ရှင်သို့ ကျွန်တော်တို့ သွားကြသည်။ တင်ငွေ၊ တင်ဖေ၊ ချစ်ဆွေကြီးတို့ စတန့်မင်းသား လုပ်လို့ကောင်းသောခေတ်။ ခင်စန်းတို့ စတန့်မင်းသမီးတွေ နာမည်ကြီးသော ခေတ်။ ရုပ်ရှင်ကြော်ငြာများတွင် ဒိုင်ဗင်၊ ဖိုက်တင်၊ စုံလင်စွာ ဖြင့် ဆွဲဆောင်မှုပြုသည်။ "ချစ်ခန်း၊ ကြိုက်ခန်း၊ လွမ်းခန်းတွေပါသည်" ဟူ၍လည်း မောင်းထုသမားက လမ်းထောင့်က အော်သည်။ ကြော်ငြာသမား တွန်းလှည်းဖြင့် ပိုစတာလှည်းကို တွန်း၍ လှည့်လာလျှင် ကျွန်တော်တို့ထွက်၍ ကြော်ငြာစာ တောင်းကြသည်။

ကျွန်တော်တို့က စတန့်ဓာတ်ကား "နောင်ဂျိန်" ကားတွေကို ကြိုက် သည်။ မိခင်က အလွမ်းသမား။ ကျော်အေး၊ ခင်မောင်ရင်၊ ဘတင့်တို့၊ ခင်မေကြီး၊ မေမေဝင်းတို့ကို သဘောကျသည်။ အသံတိတ်ရုပ်ရှင်များဖြစ်၍ ဆိုင်းဝိုင်းနှင့် အဆိုနှင့် လိုက်ရသည်။ သတ်ခန်း၊ ပုတ်ခန်းဆိုလျှင် ဗုံရော၊ မောင်းရောနှင့်





နောင်ဂျိန်၊ နောင်ဂျိန် သွက်သွက်တီးသည်။ အလွမ်းဆိုလျှင် နဲ့ဆရာ၊ တယော ဆရာတို့က လွမ်းလွမ်းဆွေးဆွေး ဆွဲငင်သည်။ ဆိုင်းသံ၊ ဗုံသံ၊ နဲ့သံ၊ တယောသံ အကြား ကျွန်တော်တို့က ပိတ်ကားပေါ်မှ စာကို အော်ဖတ်ကြသည်။

ကျွန်တော်တို့အိမ်မှ မလှမ်းမကမ်းတွင် ဘိုင်စကုတ်ရုံတွေ အပြိုင်လိုက် ရှိသည်။ မိခင်ထံမှ မုန့်ဖိုးတောင်းပြီးလျှင် တစ်မတ်တန်း လက်မှတ်ကို ကျွန်တော် ဝယ်သည်။ တစ်မတ်တန်းနှင့် ငါးမူးတန်းကို တန်းကလေးဖြင့်သာ ခြားထား သည်။ ရုပ်ရှင်ပြရန် နောက်ကျနေလျှင် ပရိသတ်က "ပြပါတော့ဗျို့"စသည် ဖြင့် အော်ဟစ်တောင်းဆိုကြသည်။ လေချွန်၊ လက်ခေါက်မှုတ် ဆူညံကြသည်။ ပြကာနီး၍ မီးမှိတ်လျှင် လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးသည်။ မီးမှိတ်လျှင် ကျွန်တော်တို့ လူငယ်တစ်စုတန်းကို ခုန်ကျော်၍ ငါးမူးတန်းတွင် နေရာယူကြ သည်။ တစ်ခါတစ်ခါ အစောင့်က လက်နှိပ်ဓာတ်မီးထိုး၍ ဖမ်းရာတွင် မိနေဖြင့် တန်းကျော်နေရာမှ ပြန်ဆင်းကာ တစ်မတ်တန်းတွင် ဣန္ဒြေမပျက် ပြန်ထိုင်ရ သည်။

ရုပ်ရှင်ပြစက်တစ်လုံးသာ ရှိတတ်သဖြင့် ဖလင်တစ်လိပ်ပြပြီးလျှင်ဖြုတ်၍ နောက်တစ်လိပ် ထည့်ရသည်။ ထိုအချိန်တွင် မီးဖွင့်ရသည်။ ကျွန်တော်တို့ မုန့်စားကြသည်။ ပဲလှော်၊ ပါတာနီ ဝါးကြသည်။ ရုပ်ရှင်တစ်ပွဲဆိုလျှင် အတော် ကြာသည်။ မြန်မာရုပ်ရှင်ဆိုလျှင် ဓာတ်ထုပ်က ရှည်ရှည်။ တစ်နေ့ နှစ်ပွဲလောက် သာ ပြနိုင်သည်။ ပရိသတ်က ကြာလေ၊ ရှည်လေ၊ ကြိုက်လေဖြစ်သည်။ အချိန်တွေ အများကြီးရှိသည်။

## ၃

ဖခင် ဦးဆင့်သည် ရှေ့နေဖြစ်လေသည်။ အရပ်ထဲ၌ပင် ဘိလပ်ပြန် ဝတ်လုံတော်ရတစ်ဦး၊ လွှတ်တော်ရှေ့နေ အိန္ဒိယအမျိုးသား ၃ ဦး ရှိကြသည်။ မြို့ပေါ်တွင်ဆိုလျှင် ရှေ့နေတွေ မှိုလိုပေါက်နေသည်။ အင်္ဂလိပ်အမျိုးသား ဝတ်လုံ၊ ကပြားဝတ်လုံများပင် ရှိသေးသည်။ ကျွန်တော်တို့မျက်စိထဲတွင် အသားဖြူဖြူ မျက်နှာနီနီ၊ မျက်လုံးပြာပြာဆိုလျှင် ဘိလပ်သားကြီး၊ ဘိုကြီးဟု မြင်သည်။ သူတို့အကြားတွင် ကျွန်တော်၏ ဖခင်ကဲ့သို့သော မြန်မာအမျိုးသား ရှေ့နေများ ညှပ်နေသည်။ မလှုပ်သာ၊ မတိုးသာပါ။ ဖခင် စာရေးကြီး လုပ်တုန်းကမှ ပို၍ ချောင်လည်သေးသည်ဟု မိခင် မကြာမကြာ ညည်းတွားခဲ့ရှာသည်။



www.burmeseclassic.com

www.burmeseclassic.ocm



ဖခင်သည် မှုနှင့်လူဖြစ်သည်။ ရာဇဝတ်မှုများတွင် တရားလိုဘက်မှ မလိုက်၊ တရားခံဘက်ကသာ လိုက်သည်။ မဟုတ်တာကို မပြော၊ သက်သေကို မသင်ကြား၊ အမှုမှန် အမှုကောင်းမှ လိုက်သည်။ သူ့ကြေး၊ သူ့အခကိုလည်း သတ်သတ်မှတ်မှတ်ထားသည်။ အချို့သော အိန္ဒိယအမျိုးသားရှေ့နေများလို ငါးကျပ်ရလည်း လိုက်၊ တစ်ဆယ်ရလည်း လိုက်မလုပ်။ အမှုပွဲစားမထား။ စည်းကမ်းကြီးသဖြင့် အမှုအရနည်းပါးသည်။ အိမ်တွင် ခေါင်းပါးသည်။

ပညာရေးတွင် ဖခင် ဖွဲ့ကြီးသည်၊ အလိုကြီးသည်။ သူကိုယ်တိုင်ဆယ်တန်းအထိသာ သင်ခဲ့ရရှာသည်။ သူ့တွင် လိုတာတွေကို သားသမီးတွေကို ဖြည့်လိုသည်။ ကျွန်တော်တို့ကို ပညာကမ်းကုန် ရောက်ပေါက်စေချင်သည်။ သမီးတွေကို ကောလိပ်သို့ပို့မည်။ တစ်ယောက်တည်းသောသားကို ကောလိပ်သို့ပို့မည်။ လူတကာမက်ကြသည့် အိုင် စီ အက်၊ ဘီ စီ အက်၊ အုပ်ချုပ်ရေးဝန်ထမ်း အကြီးကြီး ဖြစ်စေမည်။ ကျွန်တော်တို့တွေ တစ်ယောက်ပြီး တစ်ယောက် သူ့လက်မှ လွတ်သွားသောအခါ၌လည်း အရပ်ထဲမှ လူငယ်များကို ဖခင်ခေါ်၍ စာသင်ပေးသည်။ မွေးကျွေးပြုစု၍ ပါရမီဖြည့်သည်။ သူ့ခြံပေါက်လူငယ်များ ထွန်းထွန်းပေါက်ပေါက်ဖြစ်ကြသည်။

အစ်မများနှင့် ကျွန်တော်သည် ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းသို့ တက်ကြသည်။ အိမ်နှင့် အတော်လှမ်းသော ကျောင်းသို့ နေ့စဉ်ခြေကျင်သွားကြရသည်။ ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းတွင် အမျိုးသားခေါင်းဆောင် ဦးထွန်းရှိန် ကျောင်းအုပ်လုပ်သွားဖူးသည်။ ဦးထွန်းရှိန်သည် ဦးဘဖေ၊ ဦးပုတို့နှင့်အတူ ဖေ၊ ပု၊ ရှိန်ကိုယ်စားလှယ်အဖွဲ့အဖြစ် လန်ဒန်သို့ မြန်မာပြည် အုပ်ချုပ်ရေး စနစ် ပြုပြင်ရေးအတွက် သွားရောက် စကားဆိုခဲ့ဖူးသည်။ ဝံသာနုခေတ်တွင် ရေပန်းစားသော ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ငယ်ငယ်တွင် ကွယ်လွန်သွားသော်လည်း ဦးထွန်းရှိန်၏ အမည်သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ကျန်ရစ်သည်။

ကျွန်တော်တို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းသို့ သွားကြသည်မှာ အမျိုးသားစိတ်ပြင်းပြလှ၍ မဟုတ်ပါ။ ကျောင်းလခလွတ်၍ ဖြစ်ပါသည်။ ကျွန်တော်တို့ ကျောင်းရောက်သည့် အချိန်လောက်တွင်ဆိုလျှင် ဦးထွန်းရှိန်၏ အမည်သည် ကျောင်းတွင် သက်ကြီးစကား သက်ငယ်ကြားလောက်သာ ကျန်ပါတော့သည်။ ကျောင်းမှ ဆရာများ၊ ကျောင်းသားများသည်လည်း အနီးအနားရှိ အမျိုးသား





အထက်တန်းကျောင်းမှ ဆရာများ၊ ကျောင်းသားများလောက် နိုင်ငံရေးစိတ်ပြင်းထန်ခြင်း မရှိကြပါ။ အေးအေးဆေးဆေး ပညာသင်ကြားကြသူများသာများပါသည်။

ကျွန်တော်တို့ ကျောင်းလခ လွတ်ကြသည်မှာ ဖခင် ကျောင်းကော်မတီဝင်ဖြစ်၍ ဖြစ်ပါသည်။ ထိုအချိန်က မန္တလေးတွင် အင်္ဂလိပ်စာသင်ကျောင်းများ၊ သာသနာပြုကျောင်းများ ပေါများပါသည်။ ယင်းကျောင်းများသို့ အသွားများကြပါသည်။ ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းမှာ အစိုးရကျောင်းလည်း မဟုတ်။ စာမေးပွဲအောင်ချက်ကောင်းသည်ဟုလည်း နာမည်မကြီး။ ထို့ကြောင့် မိဘများက တတ်နိုင်ကြလျှင်သာသနာပြုကျောင်းများ၊ အစိုးရကျောင်းများသို့သာ သားသမီးများကို လွှတ်ကြပါသည်။ ကျောင်းတွင် ကျောင်းသားပြည့်အောင်၊ ကိုယ့်ကျောင်းကိုယ်ယုံကြည်ကြောင်း ပြရလေအောင် ကော်မတီဝင်များက သားသမီးများကို ဗုဒ္ဓသာသနာ့နုဂ္ဂဟကျောင်းသို့ ပို့ကြခြင်းဖြစ်ပါသည်။ ကျောင်းကလည်း ဤသို့ယုံကြည်စိတ်ထားသည့် ကျေးဇူးကို တုံ့ပြန်သောအားဖြင့် ကော်မတီဝင် သားသမီးများကို အခလွှတ်စေပါသည်။ ကျွန်တော်တို့အဖို့ ထိုအခွင့်အရေးမှာ အရေးကြီးပါသည်။

ကျောင်းတွင် ဆရာကောင်းများ ရှိပါသည်။ လခသည် နည်းရုံသာမက၊ မမှန်။ သို့ရာတွင် ဖွဲ့ကြီးကြီး၊ သံယောဇဉ်ကြီးကြီးဖြင့် ကြိုးပမ်းကာ ကျောင်းမှ မခွာကြသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ ဆရာဦးထော်ရိုက်သည် မြန်မာ့သျှောင်ထုံးနှင့်ဖြစ်သည်။ အတန်းသို့လာလျှင် အဖုကလေးပါသော ကြိမ်လုံးကို ယူဆောင်လာသည်။ ထိုအဖုကို ဉာဏ်ဖုဟု ခေါ်သည်။ နှေးနှေးသော လေးနေသော ကျောင်းသား ဦးခေါင်းကို ဉာဏ်ဖုနှင့်ခေါက်လျှင် ထိုင်းမှိုင်းနေသော ဦးနှောက်သည် သွက်လက်လာသည်ဟု သူဆိုလေ့ရှိသည်။ တစ်ခါတွင် အခေါက်လွန်သဖြင့် ကျောင်းသားတစ်ယောက် ဉာဏ်မထွက်ဘဲ ခေါင်းပေါက်၍ သွေးဖြာဆင်းလာသည်။ ကျောင်းသားကို အိမ်ပြန်ပို့ကြရသည်။ မိဘများက ဘာမျှမပြော။ ဆရာသမားကို ထိုမျှ ရိုသေကြောက်ရွံ့ကြသည်။

ဆရာဉာဏ်၊ ဆရာမီနွံ၊ ဆရာပီလေး၊ ဆရာဦးဘခင်၊ ဆရာဦးလှကျော်စသော ဆရာများကို ကျွန်တော်မှတ်မိပါသည်။ ဆရာမီနွံ၊ ဆရာပီလေးတို့၏ စက်ဘီးကို သူငယ်ချင်းများနှင့် လေလျှော့ထားခဲ့မိသည်များ အတွက်လည်း ခွင့်လွှတ်ပါရန် ယခုမှ တောင်းပန်ပါသည်။ ဆရာကြီးတွေကား ရှိတော့မည်



www.burmeseclassic.com

www.burmeseclassic.ocm



မထင်။ နှစ်သုံးဆယ် ကျော်ခဲ့ပြီကော။ ဆရာဦးဘခင်ကား ဘန်ကောက်ပုဆိုးကို အမြဲ ဝတ်ဆင်သည်။ အရောင်တောက်နေသော သားရေရှူးဖိနပ်ကို စီးသည်။ အမွေးပါသော ကွမ်းကို အမြဲဝါးသည်။

ကျောင်းအုပ်ဆရာကြီး ဦးဘသန်းသည်ကား သင်္ချာတွင် အလွန်ထူးချွန်သည်။ သို့ရာတွင် ခပ်မွေမွေ ခပ်တေတေ နေသည်။ မနက်ပိုင်းတွင် မိန်းကလေးကျောင်းဘက်သို့ ကူး၍ ဆရာမကြီးတစ်ဦးအား လုပ်ပျိုလှည့်သည်။ သူ့မှာမူကား သားကြီး သမီးကြီးများနှင့် မုဆိုးဖိုဖြစ်သည်။ သူ့စာသင်ချိန် တစ်ဝက်ကျိုးမှ သူ ရောက်လာတတ်သည်။ ဂဏန်းတစ်ပုဒ်လောက် ကျောက်သင်ပုန်းကြီးတွင် ပုစ္ဆာပေးပြီးလျှင် အတန်းထဲတွင် ဟိုကုတ်သည်ကုတ် လုပ်ရင်း လမ်းသလားသည်။ ကျောင်းသားများ တွက်မရလျှင် တစ်ချက်နှစ်ချက်နှင့် အပြီးတွက်ပြသည်။ သူ တွက်ပြတော့လည်း ရှင်းလို့ လွယ်လို့။

ကျောင်းမှ သင်္ချာဆရာကောင်းများ ထွက်သည်။ နောင်တွင် တက္ကသိုလ်ပါမောက္ခချုပ်ဖြစ်လာသော ဆရာကြီး ဦးကာ၊ ပါမောက္ခ ဦးနက်၊ ပါမောက္ခ ဦးဘတုတ်စသော ပုဂ္ဂိုလ်များသည် ကျောင်းထွက်များဖြစ်ကြသည်။ ကျွန်တော့်အစ်မ သန်းသန်းသည်လည်း သင်္ချာဂုဏ်ထူးယူသူ အမျိုးသမီးများထဲတွင် ဦးဦးဖျားဖျားဖြစ်သည်။

ဆရာကြီး ဦးဘသန်းသည် သမီးငယ်တစ်ယောက်ကို မိန်းကလေးကျောင်းသို့မပို့။ ကျွန်တော်တို့အတန်းမှာပင် ထားသည်။ ကျောင်းသားများ နှစ်ယောက်ထိုင်သစ်သားခုံဖြင့်ထိုင်ကြရသဖြင့် အတန်းထဲတွင် အငယ်ဆုံးဖြစ်သော ကျွန်တော်နှင့် ယှဉ်၍ ထိုင်စေသည်။ ကျွန်တော်က ရှက်တတ်သည်။ မိန်းကလေးနှင့် နီးနီးကပ်ကပ် မနေချင်။ တရွေ့ရွေ့ ဘေးသို့ တိုးပေးသည်။ အတိုးလွန်သောအခါ လိမ့်ကျသည်။ တစ်နေ့တစ်ခါ အနည်းဆုံး လိမ့်ကျရသည်များကို အတန်းက ရယ်မောကြသည်။

အတန်းထဲတွင် လှမောင်ဟုခေါ်သော လူဆူ လူဆော့တစ်ယောက်ရှိသည်။ နောင်တွင် သူသည် နာမည်ကြီး လူရွှင်တော် သန်းနွဲ့ဖြစ်လာသည်။

## ၄

ကာလအားဖြင့် အေးချမ်းသည်။ အားလပ်သော နေ့များတွင် ကျွန်တော်တစ်ယောက်တည်း အရှေ့ဘက်က ရန်ကင်းတောင်သို့ စက်ဘီးစီး၍ သွားသည်။





အပြန်တွင် လမ်းဘေးကန်များထဲမှ ကျွဲခေါင်းသီး ဆွတ်ခူးသော အိန္ဒိယအမျိုးသား ယာသမားများထံမှ ကျွဲခေါင်းသီးတစ်ပြည်လောက် မိခင်ဖို့ ဝယ်ခဲ့သည်။ ကျွဲခေါင်းသီးရင့်ရင့်ကို ပြုတ်၍ စားကြသည်။ နုနုကို အစိမ်းစားကြသည်။

တစ်ခါတစ်ခါ မြောက်ဖက်သို့ ရွှေတချောင်း တောင်ပေါ်မှ စက်ဘီးစီး၍ ရောက်ပေါက်လေရာသို့ သွားသည်။ စခန်းသာသောနေရာ၌ နားကာပေဒါပင်တွေအကြား၌ ငါးမျှားသည်။ ငါးခူ၊ ငါးကျည်းများရသည်။ ဆာလျှင် နှစ်ပြား၊ တစ်ပဲတန် ငှက်ပျောသီးတစ်ဖီး ဝယ်၍စားသည်။ ရေအဝသောက်လျှင် ညနေအထိ နေနိုင်သည်။ မိုးချုပ်မှ အိမ်ပြန်ရောက်လျှင် အမေက ဆူသည်။ ဖမ်းလာသော ငါးများကို ရွံ့ဖြင့်မံကာ မီးဖုတ်၍ နှမများနှင့်အတူ စားသောက်ကြသည်။ မိဘများ မမြင်အောင် မှောင်ထဲ ချောင်ထဲတွင် လုပ်ရသည်။ မိခင် မမြင်စေကာမူ သိသည် ထင်ပါသည်။ သို့ရာတွင် မမြင်ချင်ယောင်ဆောင်သည်။ မိခင်များ အလိုက်သိတတ်သည်။

နန်းတော်ထဲသို့လည်း မကြာခဏရောက်သည်။ လွှတ်တော်ခန်းမကြီး၊ ပိဋကတ်တိုက်၊ ပြတိုက်၊ မင်း၏အဆောင်များ၊ မိဖုရားများ၏ အဆောင်များ၊ ငယ်ရွယ်သူဖြစ်၍ ပြေးလွှား၍ ကစား၍ကောင်းသော နေရာများဟူ၍သာ မှတ်သည်။ ရာဇဝင်၏ အရှိန်အဝါကို မခံစားရ။ ကွယ်ပျောက်သွားသော ခေတ်ကို မလွမ်း၊ မတမ်းတ။ ရာဇပလ္လင်ပေါ်သို့ တက်မည် တစ်ခါတစ်ခါ လုပ်ဖူးသည်။ အစောင့်များက တက်လျှင် ဝမ်းလျှောတတ်သည်ဟု ပြောသဖြင့် မတက်ဖြစ်။ နန်းတော် အရှေ့လှေကားတစ်ဖက်တစ်ချက်တွင် အမြောက်နှစ်လက်ရှိသည်။ အမြောက်ဆန် သံလုံးများကို ပုံထားသည်။ အစောင့်မမြင်သောအခါ ကျွန်တော်တို့ သံလုံးတစ်လုံးစီ လွယ်အိတ်ထဲ ထည့်၍ ယူခဲ့ကြသည်။ အိမ်ရောက်လျှင် သံလုံးပစ်ကစားဖို့။ ကြာသောအခါ သံလုံးများ ကုန်သွားသည်။

မင်းသားများ ရေကစားခဲ့သော ရေကန်များထဲတွင် ကျွန်တော်တို့ ရေကူးကြသည်။ ကန်အနားတစ်ဝိုက်တွင် အင်္ဂလိပ်ဂေါ်ရာတပ်များ ချထားသည်။ လက်နက်တိုက်များ ဆောက်ထားသည်။ ရေကန်များကို မပြုမပြင်ဘဲ ထားသည်။ အောက်တွင် မှော်များ၊ ရေညှိများ ထူထပ်သည်။ တစ်ခါ စတန့်မင်းသားများကို အားကျ၍ ကျွန်တော် ညောင်ပင်ကိုင်းမှ ဒိုင်ဗင်ထိုးချရာ တည့်တည့်စိုက်သွားသဖြင့် မှော်တွေကြားထဲတွင် ငြိနေသည်။ ရန်းကန်ထွက်၍ မရ။ လှမောင် (သန်းနွဲ့)နှင့် သန်းမောင်တို့က ကူ၍ ဆယ်ကြရသည်။ တစ်ခါတွင်လည်း



www.burmeseclassic.com

www.burmeseclassic.ocm



ဤလူသိုက်ပင် စက်ဘီးအမြန်စီးရင်း ရေကန်နဖူးတွင် ရပ်မည်ဟု ပြိုင်ကြဖူးသည်။ အစီးမြန်ပြီး ဘရိတ်ချက်ချင်း အုပ်မရသဖြင့် အရှိန်လွန်ကာ ကျွန်တော်ရော စက်ဘီးပါ ရေကန်ထဲသို့ကျသည်။ သူငယ်ချင်းတွေ ဝိုင်း၍ ဆယ်ကြရပြန်သည်။

ထိုစဉ်က သန်းမောင်သည် ယခု မြန်မာ့သမားတော်ကြီးတစ်ဦး ဖြစ်နေပြီ။ စစ်ပြီးတော့ သူတောခိုသည်။ တောထဲတွင် ဆေးပညာဆည်းပူးလေ့လာခဲ့သည်။ အလင်းပြန်ဝင်တော့ အများအကျိုးပြုရင်း အသက်မွေးဝမ်းကျောင်းရန် ပညာပါလာသည်။

ကျွန်တော်ငယ်ငယ်ကပင် ကင်းထောက်အဖွဲ့တွင် ဝင်သည်။ ဝံပုလွေကင်းထောက်လူငယ်။ နောက်ပိုင်းတွင် ရိုဗာစကောက်ကြီးဖြစ်လာသည်။ အထက်မြန်မာပြည် စကောက်မင်းကြီးသည် ဦးလုကြီးဖြစ်သည်။ ဦးလုကြီးသည် ခေါင်းပြောင်ပြောင် လူရွယ်လူလတ်တစ်ဦးဖြစ်လေသည်။ လူငယ်များ စည်းရုံးရေးတွင် စိတ်အားထက်သန်သူ၊ မွေ့လျော်သူတစ်ဦးဖြစ်လေသည်။ သူ့ရုံးတွင် ကျွန်တော်အားလပ်ချိန်များ၌ အလံဖြင့် အချက်ပြခြင်း၊ ကြေးနန်းဖြင့် အချက်ပြခြင်းတို့ကို လေ့ကျင့်သည်။ ကျောင်းပိတ်ရက်များတွင် တောထွက်စခန်းချသည်။ တံဆိပ်မျိုးစုံရသည်။ ရေကူးတံဆိပ်၊ ထမင်းချက်တံဆိပ်ပါမကျန်ချေ။ ရသမျှ တံဆိပ်များကို ရင်တွင်၊ အင်္ကျီလက်မောင်းနှစ်ဖက်တွင် အပြည့်တပ်၍ လျှောက်သွားသည်။ နောက်ပိုင်းတွင်မူ တစ်စတစ်စနှင့် တံဆိပ်တပ်ချင်စိတ် ကုန်သွားသည်။ ယခုတိုင် တံဆိပ်ဖဲပြားကို မခံမင်တော့ချေ။

ကျောင်းတွင် နေ့စဉ်သင်ခန်းစာဖြင့် လုံလောက်သည်။ ကျူရှင်ယူရန် မလို။ စာများကို ခပ်မှန်မှန် ဖတ်ရှုကျက်မှတ်ထားလျှင် ပြည့်စုံသည်။ စာသည်များသည် မြင့်လှသည်မဟုတ်။ ယခုခေတ် ကျောင်းသားများနှင့် နှိုင်းစာလျှင် ကျွန်တော်တို့ သက်သာပါသည်။ ကစားရင်း လည်ပတ်ရင်းနှင့်ပင် ကျွန်တော် နှစ်စဉ် အတန်းတက်ရသည်။ နှစ်ကြိမ်မျှ တစ်နှစ် နှစ်တန်း တက်ခွင့်ရသဖြင့် ဆယ့်လေးနှစ်အရွယ်တွင် ဆယ်တန်းအောင်သည်။ ဂုဏ်ထူးရဖို့ကား မကြိုးစား။ တက္ကသိုလ်ဝင်ခွင့် အဆင့်မြင့်ကို အောင်မြင်လိုသူတိုင်းလိုပင် လိုချင်ရာ ဘာသာရပ်များကို ယူနိုင်သည်။ ဆရာဝန်၊ အင်ဂျင်နီယာ ဖြစ်လိုသူ နည်းပါးသည်။ ဘီ စီ အက် ရာထူးများကို မျှော်သူတွေ များသည်။ အရေးပိုင်ဖြစ်မည့် အဆင့်သို့ မဝင်နိုင်လျှင် ဝန်ထောက်ဆင့်၊ မြို့အုပ်ဆင့်ကို မျှော်မှန်းသည်။ နောက်ဆုံးတစ်နေ့ စာရေးကြီး လုပ်ရတာကမှ ဂုဏ်ရှိသေးသည်။ ကျောင်းဆရာထက်တော့ အဆင့်





အတန်း မြင့်သည်။ အရပ်ထဲတွင် စာရေးကတော်ကြီးက ဆရာကတော်ထက် ဂုဏ်ရှိသည်။ မြို့အုပ်မင်းကတော်၊ ဝန်ထောက်မင်းကတော်၊ အရေးပိုင်မင်းကတော်များကိုတော့ မပြောနှင့်။ မြို့အုပ်လောင်း၊ ဝန်ထောက်လောင်း၊ အရေးပိုင်လောင်းများဆိုလျှင်လည်း ရွှေသမက်၊ ငွေသမက်တော်ချင်သူတွေ များသည်။

ကျွန်တော့်ဖခင်သည်လည်း သူများမိဘများနည်းတူ သူ့သားကို ဘီ စီ အက် ဖြစ်စေချင်သည်။ ပညာတွေသင်ပြီးမှ ဤလောက်မျှတော့ ဖြစ်ရမည်။ ကျွန်တော့်အား ဖခင် မကြာမကြာ ပြောဖူးသည်။ ပညာရေး၊ အိမ်ထောင်ဖက်ရွေးချယ်ရေး၊ အလုပ်အကိုင် ရွေးချယ်ရေးတို့တွင် ကျွန်တော့်အတွက် သူ ဆုံးဖြတ်မည်။ ကျန်သော ကိစ္စများတွင် ကျွန်တော်ကြိုက်သလို လွတ်လပ်စွာ ရွေးချယ်လုပ်ကိုင်နိုင်သည်။ ထိုသို့ပြောသောအခါများ၌ ကျွန်တော်ကျိတ်၍ ပြုံးရသည်။ ကျွန်တော့်အတွက် ဘာများကျန်ပါသေးသနည်း။ သို့ရာတွင် အငြင်းပွားနေ၍ မပြီး။ ကြိုတင်၍ စကားဆိုထားဖို့ မလို။ အချိန်က အဆုံးအဖြတ်ပေးလိမ့်မည်။

၅

မိခင်၏မောင်ဖြစ်သူ ဦးလေး ဦးကိုတစ်ယောက်ရှိသည်။ လူရိုးကြီးဖြစ်သည်။ တကုပ်ကုပ်နှင့် စာဖတ်သည်။ ဘီအေ အောင်ပြီးသောအခါ ဘီစီအက် စာမေးပွဲဖြေသည်။ တစ်နှစ်လုံး ကျက်ဖတ်ပြီးလျှင် ရန်ကုန်သို့ သွားရောက်ဖြေဆိုရခြင်းဖြစ်၏။ သို့ရာတွင် သူ့မှာ မှီခို အားထားရမည့်သူ မရှိ။ ထို့ကြောင့် တစ်နှစ်နေလည်း မရ။ နှစ်နှစ်နေလည်း မရ။ အသက်လွန်တော့မည့် ဆဲဆဲတွင်မှ မြို့အုပ်တန်းအတွက် အရွေးချယ်ခံရသည်။

လက်ထောက်မြို့ပိုင် (အလုပ်သင်) ဆိုလျှင်လည်း ခေလှသည်မဟုတ်။ လခတစ်ရာလောက်ရသည်။ အတော်အသင့် တင့်တင့်တယ်တယ် နေနိုင်သည်။ မြို့အုပ်မင်းအခေါ်ခံ မင်းစာရင်းဝင်သည်။

ဦးလေးမြို့အုပ်သည် ဟိုနယ်ဒီနယ် ပြောင်းရွှေ့ရသည်။ ရွှေဘို၊ မုံရွာ၊ ရေဦး၊ ကနီ၊ ကလေးဝ စသော မြို့များသို့ ပြောင်းရွှေ့ရာ နွေရာသီကျောင်းပိတ်ရက်များတွင် ကျွန်တော်နှင့်မိခင်၏ မောင်အငယ် တင်ညွှန့်တို့ သွားရောက်လည်ပတ်ကြသည်။ ဦးလေးနှင့် တောရွာများသို့ ရောက်သည်။ အစွန်အဖျားကျသော၊ ဆင်းရဲနွမ်းပါးသော၊ ရှေးရိုးသော ဒေသများကိုလည်း ရောက်ခဲ့သည်။ အချို့သော ရွာများသို့ ခြေကျင်သွားရသည်။ ဝက်လက်၊ ကန့်ဘလူ နယ်များတွင်



www.burmeseclassic.com

www.burmeseclassic.ocm



ဝါးတောကြီးများထဲ၌ တောလိုက်သွားကြသည်။ သမင်၊ ဒရယ်၊ ယုန်သူငယ်ပေါသောအရပ်။

ဦးလေး၏မိခင်၊ ကျွန်တော်တို့၏ အဘွားသည် သားမောင်မြို့အုပ်၏ အိမ်ထောင်ကို ဦးစီးရင်း သွားလေရာသို့ လိုက်ပါသည်။ မသင့်တော်သော မိန်းမများ၏ ဘေးရန်မှ ကာကွယ်ရန်မှာလည်း အဘွား၏ အဓိက တာဝန်တစ်ရပ် ဖြစ်သည်။ ဦးလေးသည် လာဘ်မယူ။ အလုပ်ဆို ကြိုးစားလုပ်သည်။ စာများ များဖတ်သည်။ အစီရင်ခံစာ ရှည်ရှည်ရေးသည်။ အမှုစစ်ဆေးလျှင်လည်း စီရင်ချက်များကို ကိုယ်တိုင် လက်နှိပ်စက်ရိုက်၍ ရေးသည်။ အဘွားသည် နောက်ဖေးပေါက်မှ ဝင်လာသော ကြက်ဥ၊ ဆန်အိတ်၊ ဆီပုံးကို သိမ်းဆည်းသည်။ ဤသည်တို့ကား လာဘ်မဟုတ်။ ထုံးစံဖြစ်သော လက်ဆောင်များသာ ဖြစ်သည်။

ဦးလေး၏တပည့် ကိုဖိုးရွှေသည် ရုံးတွင် ပြာတာလုပ်သည်။ အိမ်တွင် ထမင်းချက်သည်။ တောသွားကြလျှင် ဆန်၊ ဆီပုလင်း၊ ငရုတ်၊ ကြက်သွန် ထည့်ထားသော သေတ္တာစိမ်းတစ်လုံးကို သူ စီစဉ်ရသည်။ အထွေထွေတာဝန် ယူရသည်။ ရွာရောက်လျှင် သူကြီးအိမ်တွင် စခန်းချသည်။ ရွာကြီး၍ ဗိုလ်တဲ ရှိလျှင် ဗိုလ်တဲမှာ စခန်းချသည်။ သူကြီး၊ ဆယ်အိမ်ခေါင်း စသော လူကြီးများက လာ၍ ကြိုဆိုဧည့်ဝတ်ပြုကြသည်။ ကြက်တစ်ကောင် နှစ်ကောင် အရှင်လိုက် ခြေထောက်မှာ ကြိုးချည်ထားသော်လည်း တောင်ပံခတ်၍ ရုန်းကန်၍။ ကြက်ဥ၊ ဟင်းသီးဟင်းရွက်တို့ကို အလျှိုအလျှို ယူဆောင်လာကြကာ ကိုဖိုးရွှေအား မီးဖိုထဲတွင် ပေးကြသည်။ သူ့ဖို့ အထူးဆောင်လာသော ထန်းရည်တစ်မြူ နှစ်မြူလည်းပါသည်။ ထန်းရည်သည် ဆူပွက်နေသည်။ ပုစွန်ဆိတ်ခုန် ပင်ကျရည်ဟု ခေါ်ကြသည်။ ညနေစောင်း၍ ကျွန်တော်တို့အား ကျွေးမွေးပြီးလျှင် ကိုဖိုးရွှေသည် ထန်းရည်အိုးနှင့်၊ ကြက်ကြော်နှင့်။

မြို့အုပ်ကို ဘုရားထူး၍ မြို့အုပ်၏တပည့်ကို ကြောက်ရသောခေတ်။ ကျွန်တော်နှင့် တင်ညွန့်တို့ကတော့ ဒါတွေကို အမှုမဲ့ အမှတ်မဲ့ ရွာထဲလည်ပတ်ရလျှင်၊ တောလိုက်သွားရလျှင်၊ ကောင်းကောင်းစားရလျှင် ပြီးပြည့်စုံကြ၏။

ကျွန်တော့်မှာ ဘကြီးတစ်ယောက်ရှိခဲ့သည်။ တစ်ယောက်ဆုံးပြီး ကျန်တစ်ယောက်လည်း ဆုံးပြီထင်သည်။ သူ့အကြောင်း ဘာသံမျှ မကြားရတာ ကြာခဲ့ပြီ။ သူသည် အသက်ရှင်လျက် အသံတိတ်မည့်လူစား မဟုတ်။





ဘကြီးဦးတင့်သည် ဖခင်၏အစ်ကိုဖြစ်သည်။ မြူနီစီပယ်ရုံးတွင် ပစ္စည်းထိန်းအလုပ်လုပ်သည်။ သူ့ခါးတွင် ခါးပတ်ပတ်ထား၍ ခါးပတ်တွင် သော့တွဲကြီးနှစ်တွဲချိတ်ဆွဲထားသည်။ တစ်တွဲက ရုံးဂိုဒေါင်များအတွက်။ တစ်တွဲက အိမ်မှသေတ္တာများအတွက်။အိမ်တွင်လည်း သူက ဘဏ္ဍာထိန်းဖြစ်သည်။ တစ်လတစ်ခါလဆန်းလျှင် ကျွန်တော်သူ့ထံသို့ စက်ဘီးစီးပြီး အလည်အပတ်သွားသည်။ သူက လက်ဖက်ရည် မုန့်တိုက်ကျွေးပြီး ငွေငါးကျပ်တစ်ဆယ် မုန့်ဖိုးပေးသည်။ ငါးကျပ်တစ်ဆယ်ဆိုသည်မှာ မနည်း။ အစ်မများ၏ ကျောင်းစရိတ်အတွက် အထောက်အကူ ဖြစ်သည်။

ဘကြီးသည် အိမ်တွင် သော့ကိုင် ငွေကိုင်ဖြစ်စေကာမူ မိန်းမကို အလွန်ကြောက်ရသည်။ သူ့မိန်းမသည် ရုပ်ချော၍ နှုတ်ကြမ်းသည်။ ကျွန်တော်တို့ကို မကြည်ဖြူ။ သို့ရာတွင် တစ်ခါတစ်ခါတွင်မူ ချိုချိုသာသာ ဆက်ဆံပါသည်။ မိန်းမသေဆုံးသောအခါ ဘကြီးသည် ရှိုက်ကြီးတငင် ငိုယိုသည်။ လာသမျှသော မိတ်ဆွေအပေါင်းကို သူ့မိန်းမ လိမ္မာကြောင်း၊ အပြောအဆိုကောင်းကြောင်း ပြောသည်။ တစ်ညမှ သူတို့ခွဲ၍ မအိပ်ခဲ့ဖူးကြောင်းကိုပါ ပြောသဖြင့် ကျွန်တော် ပြုံးခဲ့ရသည်။ သြော် ဘကြီးတစ်ယောက် မိန်းမကို သင်္ဂြိုဟ်ပြီးလို့မှ မကြာခင် လွမ်းနာကျ၍ သွားရှာတော့မည်ဟု ထင်မိသည်။ ထင်သည့်အတိုင်း ဖြစ်မလာပါ။ သပိတ်သွတ် ဆွမ်းကျွေးပြီး၍ မကြာမီ ဘကြီး နောက်အိမ်ထောင်တစ်ဆက် ထူပြန်ပါသည်။ သူ့သော့တွဲကိုမူကား သူ့ခါးပတ်မှ မချပါ။

စစ်ပြီးခေတ်တွင် ဘကြီးသည် အလုပ်မှ အငြိမ်းစားယူသည်။ မြင်းပွဲလူကြီးတစ်ဦးအဖြစ်၊ အကျိုးဆောင် တရားသူကြီးတစ်ဦးအဖြစ် ဂုဏ်ရှိရှိ နေနိုင်သည်။ တိုက်ကို အခန်းများခွဲ၍ အငှားချစားပါသည်။ အကျိုးဆောင် တရားသူကြီး (ယခင်အခေါ် သမာဓိမြို့ဝန်) အဖြစ် ခြောက်လုံးပြူးသေနတ် ကိုင်ဆောင်ခွင့် ရှိပါသည်။ အလှူအတန်းသွားလျှင် မင်္ဂလာဆောင် ပွဲတက်၍ ခြောက်လုံးပြူးကြီး ခါးကြားထိုး၍ သွားသည်။ ခြောက်လုံးပြူး၊ သော့တွဲတို့ဖြင့် လေးလံ၍ တွဲကျနေသော ခါးပတ်သည် ဂုဏ်ကျက်သရေ၏ တံဆိပ်များ ဖြစ်သည်။

ကျွန်တော်တို့၏ အိမ်အနီးတွင် ရွှေကျီးမြင်ဘုရားရှိသည်။ သီပေါမင်းပါတော်မူပြီးနောက် မင်း၊ မိဖုရား ကိုးကွယ်သော ရုပ်ပွားတော်များကို နန်းတော်မှ ပင့်ဆောင်ကာ ရွှေကျီးမြင်ဘုရား၌ ပူဇော်ထားကြသည်။ ရှေးဆောင်းတုတော်



www.burmeseclassic.com

www.burmeseclassic.ocm



များ၊ ရွှေ၊ စိန်၊ မြဖြင့် ထုလုပ်ထားသော ရုပ်ပွားတော်များသည်လည်း ပါသည်။ အဖိုးတန် ဆင်းတုတော်များကို ဘုရားလိုဏ်ဂူအတွင်းတွင် သံသေတ္တာကြီးထဲ၌ သော့အထပ်ထပ်ပိတ်ကာ ကိန်းဝပ်စေပါသည်။ အခါကြီးနေ့ကြီးများတွင် အများ ပူဇော်ကြရန် ဘုရားလူကြီးစုံ ဖွင့်ရသည်။ ဘကြီးသည် ဘုရားလူကြီးတစ်ဦး ဖြစ်လေသည်။ ကျွန်တော် မန္တလေးသို့ ရောက်သောအခါများတွင် အခါကြီး ရက်ကြီး မဟုတ်စေကာမူ အခြားသော ဘုရားလူကြီးများနှင့်အတူ လိုဏ်ဂူထဲ၌ ရှေးဘုရားများကို ဖွင့်ကာ ပူဇော်ခွင့်ပြုပါသည်။ ဘုရားလူကြီးတစ်ဦးကို ဘကြီး တော်ရသည်၏ အကျိုးအမြတ်ဖြစ်ပါသည်။

ဘကြီးဆုံးပြီးနောက် ထိုအခွင့်အရေး မရတော့ပါ။ သူဆုံးခါနီးတွင် ကျွန်တော် မန္တလေးသို့ ရောက်နေသည်နှင့် ကြုံနေပါသည်။ ဝေဒနာပြင်းပြ သဖြင့် ညည်းညူခံစားနေရသော ဘကြီးအား ကျွန်တော်ဆေးရုံတွင် သွားရောက် တွေ့ဆုံပါသည်။ သူ သေမည်ကို သိနေသလို ကြောက်ရွံ့နေပါသည်။ ကျွန်တော့် နှမ ဆရာဝန် မညိုညိုက သူ့ကို ပြုစုသည်။ အခြေအနေ မလှသဖြင့် ဆေးရုံတင် ရသည်။ နှမဖြစ်သူက ဘကြီး ဒီတစ်ခါ ရမယ်မထင်ဘူးဟု ယူဆသည့်အလျောက် ဘကြီး၏ဇနီးအား ပြောသည်ကို နားပါးသော ဘကြီး ကြားသွားသည်။ နဂိုကမှ ကြောက်တတ်သည့်ဘကြီး ဤစကားမျိုးကြားရ၍ ပို၍ပင် စိတ်မကောင်းဖြစ်ရ ရှာသေးသည်။ ကျွန်တော်မည်သို့ပင် ဖျောင်းဖျသော်လည်းမရ။ သေမည့်အတူ အိမ်သို့သာ ပြန်လိုသည်ဟု ပူဆာသဖြင့် ပြန်ပို့ကြရသည်။ ကျွန်တော် မန္တလေး မှ ပြန်ခါနီး ဘကြီးအား ကန်တော့ခဲ့သည်။ နောက်ဆုံး ကန်တော့ခြင်း ဖြစ်လိမ့် မည်ဟု ကျွန်တော်ထင်မိသည်။ ဘကြီးကလည်း ထိုသို့ပင် မြင်သည့်အလား လေးနက်စွာ ဆုမွန်ကောင်းများ ပေးသည်။ သူ့မှာ မျက်ရည်စမ်းစမ်းနှင့်။

အသက်ရှင်သည် သေပြီ၊ မသိရသော ဘကြီးတစ်ဦးကား ဦးဘတူ ဖြစ်သည်။ သူသည် ဘကြီးတင့်နှင့် တစ်ပုံစီ တခြားစီ ဖြစ်သည်။ ဆောလုံးသမား၊ သန်မာဖွံ့ဖြိုးသော ကိုယ်ကာယရှိသည်။ ပထမကမ္ဘာစစ်တွင် အင်္ဂလိပ်တပ်များနှင့် အီဂျစ်ဘက်တွင် အမှုထမ်းခဲ့ဖူးသည်။ ပြန်လာပြီးလျှင် အခြေတကျ မရှိ။ ကြုံရာ လုပ်သည်။ ပျော်ပျော်နေသည်။ မိန်းမထိန်းအလုပ်ကိုပင် မရှောင်ဟု ဆွေမျိုးများ က တီးတိုးပြောကြသည်။ ဘကြီးဘတူကို ကျွန်တော့်မိခင်နှင့်တကွ ကျွန်တော် တို့လူငယ်တွေက ခင်မင်ကြသည်။ ဖခင်နှင့် ဘကြီးတင့်တို့က သူ့အား ခပ်တန်း တန်းနေသည်။ ကျွန်တော် တစ်ခါတစ်ခါ သူ့အိမ်သို့ သွားရောက် လည်ပတ်





သည်။ မိန်းမများသောအိမ်။ အားလုံး ပျော်ပျော်ပါးပါး ရှိကြသည်။ ကျွန်တော် သွားသည်ကိုသိလျှင် မိခင်က ကျိတ်၍ ဆူသည်။ မသွားကောင်းသော အိမ်ဟု ပြောသည်။ ဘာဖြစ်လို့လဲ မေးသောအခါ မိခင်က ရယ်မော၍ နင်မသိပါဘူးဟု ဖြေသည်။

စစ်ပြီးနောက်တွင် ဘကြီးဘတူကို မတွေ့ရတော့ချေ။ စစ်အတွင်းက ဂျပန်က ချေးတပ်ဆွဲရာတွင် ပါသွားသလိုလို၊ သံဖြူဇရပ် မီးရထားလမ်းဖောက်ရာ တွင် ငှက်ဖျားသင့်၍ သေဆုံးသွားသလိုလို သဲ့သဲ့သာလျှင် ကြားရတော့သည်။

ဘကြီးဘတူ၏ နာမည်ကို ကျွန်တော်ယခုတိုင် တစ်ခါတစ်ခါ အသုံးချ ရပါသေးသည်။ ဇနီးနှင့် ကျွန်တော် သဘာဝအတိုင်း အခန့်မသင့်လျှင် အငြင်း အခုံ ခိုက်ရန်ဖြစ်ပါသည်။ ထိုအခါ ထုံးစံအတိုင်း နှစ်ဖက်မိဘဆွေမျိုးချင်း ပြိုင် တာတွေပါလာသည်။ ကိုယ့်ဆွေမျိုးက ဘယ်လိုသဘောကောင်းသည်။ သူ့ဆွေမျိုး က ဘယ်ပုံတင်ပိုးတင်စီးသည် စသည်ဖြင့် ကိုယ့်ဘက်ကို အမွှမ်းတင်၍ သူ့ဘက် ကို ရှုတ်ချခြင်းများကို အားရပါးရပြုကြပါသည်။ ပြောပြီးသားတွေ ထပ်၍ ပြောရသော်လည်း မမော။ အသစ်အသစ် ဖြစ်သည်။ ပြောလိုက်ရမှ ရင်ပေါ့သည်။ နောက်ဆုံးတွင် ကျွန်တော်က သူ့ဘက်ဆွေမျိုး ဘယ်လောက်ကောင်းကောင်း၊ ဘယ်လိုမြတ်မြတ် ကျွန်တော့်ဘက်က ဘကြီးဘတူလို ပုဂ္ဂိုလ်မျိုးရှိသလား၊ခပ်ကြွား ကြွားမေးရသည်။ ဘကြီးဘတူသည် မိန်းမထိန်းဖြစ်ခဲ့သည်။ အသောက်အစား၊ ဘိန်းရှူ၊ အရက်သောက် စွယ်စုံရသည်။ စိတ်သဘော ဖြူစင်သည်။ အများကို ကူညီသည်။ ဘကြီး ဘတူလို ဘကြီးတစ်ယောက် ဆွေမျိုးတစ်ယောက် သူ့မှာ ကောရှိရဲ့လားဟု ဇနီးအား မေးရသည်။ မေးလျှင် စကားပြန်မရတော့ချေ။ အငြင်းအခုံ အပြိုင်အဆိုင်ရပ်၍ ရန်စဲရသည်။ ဘကြီးဘတူလို ဆွေမျိုးရင်းချာ တစ်ယောက် သူ့မှာရှိခဲ့လျှင်လည်း ထုတ်ဖော်ပြောဆိုမည် မဟုတ်ချေ။

## ၆

ကျွန်တော်တို့အိမ်တွင် ဂျသူးဟုခေါ်သည့် ကုလားအဘိုးကြီးတစ်ယောက် ရှိသည်။ အစတွင် သူသည် ရေထမ်းသမားအဖြစ် အသက်မွေးဝမ်းကျောင်းရင်း အိမ်ဘေးတန်းလျားမှ အခန်းတစ်ခန်းကို ငှားရမ်းနေသည်။ ညနေစာအတွက် ဂျသူး ချပါတီ ဖုတ်စားလျှင် ကျွန်တော်တို့သွား၍ လေ့လာသည်။ သူက



www.burmeseclassic.com

www.burmeseclassic.ocm



ကျွေးမွေးခဲ့သည်။ တုံ့ပြန်သောအားဖြင့် သူ တတွတ်တွတ်ပြောသော စကားကို စိတ်ပါဝင်စားစွာ နားထောင်ရသည်။

ဂျသူးသည် ငယ်ငယ်က အိန္ဒိယမှ မြန်မာပြည်သို့ သူ့မိဘများနှင့်အတူ ရောက်လာသူဖြစ်သည်။ မန္တလေးတွင် ကြီးပြင်းလာခဲ့သဖြင့် မန္တလေးသားကြီး တစ်ဦးဖြစ်လေသည်။ ကျွန်တော်တို့အရပ်ထဲတွင် သူ့ကို မသိသူ မရှိ။ သူထမ်းပိုးသောရေကို ကြေးဖြင့် ဝယ်ယူသုံးစွဲကြသည်။ အိမ်ရှင်မများ ငွေလိုလျှင် သူ့ထံမှ အတိုးဖြင့် ချေးယူကြသည်။ သူက ကြွေးတောင်းသွားလျှင် ငေါက်ငမ်း၍ လွှတ်ကြသည်။ အရစ်ကျဖြင့် ပေးဆပ်ကြသည်။ ထို့ကြောင့် အရပ်ထဲတွင် ဂျသူးသည် အရေးပါသော ပုဂ္ဂိုလ်ဖြစ်လေသည်။

ဂျသူးသည် သူ၏ ငွေတိုငွေစများကို အထုပ်ကလေးထုပ်၍ ခါးတွင် အမြဲဆောင်ထားသည်။ ညအိပ်လျှင် ခေါင်းအုံးအောက်တွင် ခု၍ အိပ်သည်။ သူ စိတ်လိုလက်ရရှိလျှင် အထုပ်ကိုဖွင့်၍ ကျွန်တော်တို့အား ပြသည်။ ဟောင်းနွမ်းညစ်ပေနေသော ငွေစက္ကူချပ် အနည်းငယ်၊ ငွေဒင်္ဂါး၊ မူးစေ့၊ မတ်စေ့ အချို့၊ သူဝါးငုံလေ့ရှိသော ဆေးရွက်ကြီးတစ်ဆုပ်စာနှင့် တိုလီမိုလီများသာ ဖြစ်ပါသည်။ သူ့မှာ ဘင်္ဂလားတွင် ဆွေမျိုးရှိသည်။ ဇနီးသားသမီးများ ရှိသည်ဟူ၍လည်း သူ ကြွားဝါလေ့ရှိသည်။ တစ်လတစ်ခါလောက် သူ့မိသားစုထံ စာတိုက်မှ ငွေပို့သည်။ လက်ခံပြေစာပြန်လာလျှင် သူ ဝမ်းသာ ပျော်မြူးနေတတ်သည်။ တစ်ခါတစ်ခါ အင်္ဂလိပ်စာဖြင့် ရေးသားထားသော စာတိုများ သူ့ထံသို့ ရောက်သည်။ ကျွန်တော်တို့က ဖတ်ပြ၍ ဘာသာပြန်ရသည်။ စာတိုများတွင် ဘာမျှ ထွေထွေ ထူးထူးမပါ။ မာသာကြောင်း၊ ငွေရကြောင်းလောက်သာ ဖြစ်သည်။ သို့တစေလည်း ဂျသူးမှာ စာရလျှင် ပျော်နေသည်။ ဘာသာပြန်သူ ကျွန်တော်တို့အား ချပါတီကောင်းကောင်း ပို၍ဖုတ်ကျွေးသည်။ ငရုတ်သီးတောင့်များများဖြင့် ချက်ထားသော အသီးဟင်းပါ ကျွေးလိုက်သေးသည်။

ကျွန်တော်တို့ အိမ်နောက်ဖေးတွင် မန်ကျည်းပင်ကြီးတစ်ပင်ရှိသည်။ အိမ်ရှေ့တွင် တစ်ပင်ရှိသည်။ နောက်ဖေးက အပင်ကြီး ပေါ်သို့ တက်ပြီးလျှင် ကျွန်တော် တာဇံလုပ်သည်။ အကိုင်းများအကြား ပျဉ်ပြားများ ရိုက်၍ တဲနန်းထိုးထားသည်။ တစ်ခါတစ်ခါ တာဇံလို အော်ကြည့်သည်။ အော်သံကြားသော် နောက်ဖေးဘက် ကွန်ဗင့်ကျောင်းမှ ကျောင်းအိပ် ကျောင်းစား ကျောင်းသူများက လန့်ဖျပ်ကြသည်။ မော့ကြည့်၍ ကျွန်တော့်ကိုမြင်မှ ရယ်မောကြသည်။





တစ်ခါတွင် နောက်ဖေးကျောင်းဝင်းထဲ၌ ကုန်း၍ တစ်စုံတစ်ခုကို ကောက်နေသော ကျောင်းသူတစ်ဦးအား ကျွန်တော် လေးသေနတ်နှင့် ပစ်ဖူးသည်။ ရန်မူရန် မဟုတ်။ ခင်မင်သမှု မိတ်ဖွဲ့သည့်သဘောဖြစ်ပါသည်။ ပစ်မှတ်ကြီးကြီးကို နီးနီးမှ ပစ်ရသဖြင့် မလွဲပါ။ ကျည်ဆန်မှာ ခဲလုံးကလေးသာ ဖြစ်သဖြင့် မနာပါ။ စပ်ရုံမျှသာ ဖြစ်ပါလိမ့်မည်။ သို့ရာတွင် အပစ်ခံရသော ကျောင်းသူသည် ခုန်၍ ထကာ အော်ပါလေသည်။ မော့ကြည့်သောအခါ ကျွန်တော့်အား ကားကားရားရား မန်ကျည်းပင်ပေါ်တွင် မြင်ရလေသည်။ ကျောင်းသူသည် ဆရာမကြီးအား ပြေးကာတိုင်ကြားလေသည်။ မကြာမီ ဆရာမကြီး ခေါင်းဆောင်သော ဆရာမတစ်သိုက် အိမ်သို့လာရောက်ကာ ဖခင်နှင့် စကားဆိုလေသည်။ လာမည်ကို ကြို၍ ခန့်မှန်းထားသော ကျွန်တော်သည် ယောက်ျားပီပီ ဝေးရာဘေးကင်းရာသို့ ပြေးလေပြီး ဖြစ်လေသည်။

အိမ်နောက်ဖေး မန်ကျည်းပင်တွင် ကျွန်တော် တာဇံလုပ်၍ အိမ်ရှေ့ မန်ကျည်းပင်တွင် ရက္ခစိုးလုပ်သည်။ အိမ်ရှေ့လူမြင်သူမြင်တွင် ဣန္ဒြေရသော အလုပ်ကိုသာ လုပ်ကောင်းသည် မဟုတ်လား။ ရက္ခစိုးလုပ်လျှင် နှမငယ်များက လာရောက်၍ မုန့်ဖြင့်ပသကြရသည်။ ကျွန်တော်က အောင်ဆုတောင်းပေးသည်။

မန်ကျည်းပင်များသည် ကစားစရာ၊ ခိုအောင်းရာများသာ မဟုတ်ပါချေ။ မိခင် ထမင်းဟင်းချက်ပြုတ်ရန် ထင်းလိုလျှင် ဓားမတစ်ချောင်းဖြင့် ကျွန်တော် တက်၍ မန်ကျည်းကိုင်းခြောက်များကို ခုတ်ပေးရသည်။ သင်္ကြန်ကျခါနီး ရွက်နုတက်ချိန်၊ ဖူးချိန်တွင် ကျွန်တော် တက်၍ မန်ကျည်းရွက်နု အဖူးအပွင့်များကို ခူးဆွတ်ပေးသည်။ ဟင်းချို ဟင်းချဉ် ရသည်။ မန်ကျည်းသီးနုနုများကို ဆွတ်ခူးပေးလျှင် မိခင်က ငရုတ်ဆုံတွင် ထောင်း၍ ငါးပိချက် ချက်ပေးသည်။ ဝမ်းပျဉ်း မန်ကျည်းသီးများကိုလည်း ချဉ်ရည်၊ ငါးပိချက် ချက်လို့ရသည်။ မှည့်လျှင် အသီးများကို အခွံခွာ၍ အစေ့ချွတ်၍ လုံးပြီးလျှင် အိုးများတွင် သိပ်ထားကြသည်။ နှစ်ပေါက်ဟင်းလျာတွင် သုံးလို့ရသည်။ ထို့ကြောင့်ပင် မန်ကျည်းပင်များသည် ကျွန်တော်တို့၏ ထမင်းရှင် ဟင်းရှင်များလည်း ဖြစ်ခဲ့သည်။

စစ်ပြီး၍ နှစ်အတန်ကြာမှ အိမ်ပြန်ရောက်သောအခါတွင် နောက်ဖေးမှ မန်ကျည်းပင်ကြီး ဗုံးထိ၍ အပိုင်းပိုင်းပြတ်ကာ သေလေပြီ။ အိမ်တွင်နေ၍ အိမ်သားတစ်ဦးလို ဖြစ်နေသူ ဂျသူးသည်လည်း ပြည်သူ့ရဲဘော်နှင့် အကြားသောင်း



www.burmeseclassic.com

www.burmeseclassic.ocm



ကျန်းသူတို့ အပြန်အလှန် လက်တည့်စမ်းကြသော အမြောက်ဆန်သင့်၍ သေလေပြီ။ အိမ်ကြီးသည်လည်း ဗုံးဒဏ်၊ အမြောက်ဆန် ဒဏ်ခံရသော အမာရွတ်တွေနှင့်။ အောက်ထပ်မှာ ဟာလာဟင်းလင်း။ အပေါ်ထပ် ကြမ်းခင်းများသည်လည်း ကျိုးတိုးကျဲတဲ။ သွပ်မိုးအပေါက်ကြီးမှာလည်း ညတွင် ကြယ်မြင်လမြင် ဖြစ်နေသည်။ အိမ်ရှေ့မန်ကျည်းပင်ကြီးသာလျှင် ရပ်တည်လျက် ရှိလေသည်။ သစ်ပင်ခွကြားတွင် ထိုင်၍ ရက္ခစိုးလုပ်ရန်ကား မဖြစ်နိုင်တော့ချေ။ ကျွန်တော် အသက်အရွယ် အနည်းငယ် ရလာလေပြီ။ သစ်ပင်ခွကြားတွင် ထိုင်၍ မဖြစ်နိုင်သော ကိုယ်ကောင်ကြီး ဖြစ်လာလေပြီ။

၇

မိခင်နှင့်ဖခင်တို့သည် တစ်ဦးအပေါ် တစ်ဦး ချစ်ခင်ကြင်နာကြသည်။ သို့ရာတွင်ဆွေမျိုးအသိုင်းအဝိုင်းများ၍၊ ဝင်ငွေနည်း၍၊ ကျွန်တော်တို့မောင်နှမများ၏ ပညာစရိတ်များ၍ အိမ်တွင်းပြဿနာ မကြာမကြာပေါ်သည်။ ပေါ်သော အခါများတွင် မိဘများ ရန်ဖြစ်ကြသည်။

ရန်ဖြစ်လျှင် ဆွေမျိုးကိစ္စ၊ ငွေကြေးကိစ္စ အားလုံးပါလာသည်။ အော်ဟစ်ဆူပူ ရိုက်မောင်း၊ ပုတ်မောင်း လုပ်ကြသည်။ ပြီး၍ ပေါ့သွားကြလျှင် သစ်ကိုင်းတစ်ကိုင်းထဲနေ ချိုးငှက်မောင်နှံကဲ့သို့ တတွဲတွဲ ဖြစ်ကြပြန်သည်။ ကျွန်တော်တို့အဖို့ ရန်ပွဲ၊ ပြေငြိမ်းပွဲ၊ အချစ်နာလန်ထပွဲတို့သည် ရိုးနေလေသည်။

တစ်ခါမှာတော့ တော်တော် ပြင်းပြင်းထန်ထန် ရန်ဖြစ်ကြလေသည်။ ဖခင်က ကျွန်တော့်အား တရုတ်တန်းသို့သွား၍ ဘဲကင်တစ်ကောင်၊ တရုတ်အရက်တစ်ပုလင်း ဝယ်ခဲ့ရန် မှာကြားကာ လိုငွေပေးသည်။ သူ၏ သေနင်္ဂဗျူဟာပြောင်း လိုက်ခြင်းဖြစ်သည်။ သူ အရက်မသောက်၊ ဒီတစ်ခါ သောက်ပြမည်။ သောက်လျှင် ဟန်ပန်တကျနှင့် ဘဲကင်အမြည်းနှင့် သောက်မည်။

ကျွန်တော်က စက်ဘီးနှင့် ထွက်မသွားမီ အစ်မ၊ နှမများအား ပွဲကြီးပွဲကောင်းရှိသည်။ အသင့်ရှိကြစေ။ ညစာစားရန် ဘဲကင်ရမည်။ ဖခင်သည် အကုန်စားနိုင်မည်မဟုတ်။ အရိုးအရင်းဖြစ်ဖြစ်တော့ ကျန်မည်ဟု မှာခဲ့သည်။

အိမ်ပြန်ရောက်သောအခါ ရန်ပြေငြိမ်းပြီး၍ နှစ်ဦးသား ချစ်ကြည်ရေးစနေလေပြီ။ ဒီတစ်ခါ ရန်အစဲမြန်သည်။ ပြင်းထန်သော ရန်ပွဲတို့သည် မြန်မြန်စဲတတ်သည်ဟု ကျွန်တော် မှတ်လိုက်သည်။ ဖခင်က ကျွန်တော့်အား အရက်





ပုလင်းကို ပြန်ပေး၍ ငွေအမ်းယူရန် ခိုင်းသည်။ တရုတ်ကြီးက ပြုံးပြုံးရွှင်ရွှင်နှင့် ငွေအမ်းသည်။ ကျွန်တော်တို့ မောင်နှမများ ဘဲကင်တစ်ကောင်လုံးကို အပြီးသတ်လိုက်ကြသည်။

တစ်ခါတွင် မိဘများ ရန်ဖြစ်ပြီး မိခင်အိမ်မှ ဆင်းသွားသည်။ ကျွန်တော် မီးရထားဘူတာရုံသို့ လိုက်ပို့ရသည်။ မီးရထား မထွက်မီ မိခင်သည် ကျွန်တော့်အား လက်ဖက်ရည်၊ မုန့်တိုက်ကျွေးသည်။ ကိုယ်တိုင်လည်း အဝစားသည်။ ကျွန်တော့်မိခင်သည် အစားကောင်း။ မီးရထား ထွက်ခါနီးလျှင်ကား မျက်ရည်တလည်လည်နှင့် နေ့စဉ် သူ့ထံ စာရေးဖို့ အတန်တန်မှာခဲ့သည်။ ဆွေမျိုးများရှိရာ မြင်းခြံမြို့သို့ သူ ထွက်သွားခြင်းဖြစ်သည်။

မိခင်မရှိလျှင် ကျွန်တော်တို့ လွမ်းကြသည်။ အိမ်သည် ခြောက်သွေ့နေသည်။ ဖခင်သည် ဆေးပေါ့လိပ် တစ်လိပ်ပြီး တစ်လိပ်၊ ရေနွေးကြမ်းတစ်ခွက်ပြီးတစ်ခွက် သောက်နေသည်။ ကျွန်တော်က ဈေးဝယ်ပေးသမား။ အစ်မ မသန်းသန်းက စားဖိုချောင်ကို ဦးစီးသည်။ ဈေးဝယ်ထွက်လျှင် အရှေ့ပြင်ဆေးလိပ်ခုံတစ်ခုမှ ဆေးပေါ့လိပ်ကို အစည်းလိုက်ဝယ်ရသည်။ ဆေးလိပ်ခုံသွားဝယ်လျှင် တစ်မူးတစ်ပဲ သက်သာသည်။ အိမ်မှုကိစ္စများ အကြားမှ ကျွန်တော်သည် မိခင်ထံ စာနေ့စဉ် မရေးဖြစ်ခဲ့။ ရေးပြန်လျှင်လည်း နေထိုင်ကောင်းကြပါသည်၊ အမေပျော်သလောက်နေပါဟု တိုတိုရေးသည်။ အမေမပျော်။ အိမ်ပြန်လာချင်သည်။ နေ့စဉ် လမ်းထိပ်ထွက်၍ ကျွန်တော့်စာမျှော်သည်။ အမေမရှိလို့ အိမ်မှာ ထမင်းငတ်ကုန်ပြီ၊ ဖခင်ကြီး လွမ်းနာကျပြီး အိပ်ရာထဲလဲနေပြီ စသည်ကိုသာ သူဖတ်ချင်ရှာသည်။ ဖတ်ရသည်နှင့် တစ်ပြိုင်နက် သူ အပြေးအလွှားပြန်လာမည်။ ပြန်လာရန် အခေါ်အချက်ကို သူ စောင့်ရှာသည်။ ကျွန်တော် အလိုက်မသိ။ ထို့ကြောင့် မိခင် မြင်းခြံတွင် တစ်ပတ်ခန့်နေရာ ဘုရားပုထိုးများကို စိတ်မပါ့တပါ လှည့်လည်ဖူးမြော်နေရသည်။ နောက်မှ ဖခင် မနေနိုင်၍ စာရေးခေါ်သည်။ မိခင်ပြန်လာတော့ ကျွန်တော်တို့ ပျော်ကြသည်။

ဖခင်သည် စာဖတ်ဝါသနာပါသည်။ ဥပဒေစာအုပ်အကြီးကြီးတွေကို ဝယ်၍ ဖတ်သည်။ ဗီရိုထဲတွင် စာအုပ်အပြည့်။ ရှေ့နေငှားရန် လာသူများ အထင်ကြီးစရာ။ သို့ရာတွင် မှုတွေ စည်းကမ်းတွေ များသဖြင့် ရှေ့နေငှားရန် လာသူများ ဆုတ်ခွာသွားကြသည်သာ များသည်။ ကျွန်တော် လေ့ကျင့်ရန် အင်္ဂလိပ် လက်နှိပ်စက်တစ်လုံးကို ငွေအစိတ်လောက်နှင့် ဝယ်ပေးထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.ocm



ကျွန်တော်ငယ်ငယ်ကပင် လက်နှိပ်စက်ကောင်းကောင်း ရိုက်တတ်သည်။ ကြီးလာတော့ အသုံးဝင်သော ပညာတစ်ရပ်ဖြစ်ပါသည်။ ရုံးသို့တင်ရန် လျှောက်လွှာများကို ကျွန်တော် ရိုက်ပေးသည်။ တစ်စောင် တစ်ကျပ် ရသည်။ တစ်ကျပ်ဆိုလျှင် ရုပ်ရှင် (အညာခေါ် ဓာတ်ရှင်) ကြည့်ရန် တစ်မတ်၊ တရုတ်တန်းတွင် မလိုင် ပျစ်ပျစ်နှင့် လက်ဖက်ရည်ဖိုး နှစ်ပြား၊ အီကြာကွေး နှစ်ပြား၊ အင်္ဂလိပ်ကာတွန်း စာအုပ်ဖိုး တစ်မတ်၊ မိခင်နှင့် အစ်မများဖို့ စမူဆာပူပူ တစ်မတ်စသည်ဖြင့် သုံးစွဲပြီးလျှင် အိတ်ထဲတွင် တစ်မူးစ တစ်မတ်စ ကျန်သေးသည်။

အိမ်တွင် ပြည့်စုံသည် မဟုတ်စေကာမူ ဖခင်က ကျွန်တော်တို့၏ ပညာရေးတွင် ချို့ငဲ့ခြင်း မရှိစေရပါ။ အစ်မများ ကောလိပ်ကျောင်းသွားကြရသည်။ အစ်မကြီး မမကြီး ရာဇဝင် ဂုဏ်ထူးယူသည်။ အစ်မ သန်းသန်းက သင်္ချာဂုဏ်ထူး၊ ကျွန်တော်က သိပ္ပံလမ်းကို လိုက်ချင်သည်။ ဖခင်က ဝိဇ္ဇာ သိပ္ပံမခွဲ။ ကျွန်တော် ကြိုက်ရာယူ ဘီစီအက် ဖြစ်ရင် ပြီးရော။

ကျွန်တော်တို့ ကျောင်းသားတုန်းကလည်း ဝတ်စားဆင်ယင်မှုတစ်မူထူးခြားသော လူငယ်တွေ၊ တေချင် မွှေချင်သူတွေ ရှိခဲ့ကြပါသည်။ ယခုခေတ်လူငယ်အချို့ ဆံပင်ရှည်ထားကြသည်။ ကျွန်တော်တို့ခေတ်က လူငယ်အချို့က ဆံပင်ကို နံ့သာဖယောင်း ကော့စမတစ်ခဲဖြင့် "ခြင်ချော်လဲ"လောက်အောင် ပြောင်နေအောင် တိုက်၍ ဖြီးဖိထားကြသည်။ ဝတ်စားဆင်ယင်မှုတွင် ဂိုက်ဆိုက်ထွားသည်။ အမရပူရ ပိုးလုံချည်၊ ဘန်ကောက်လုံချည်၊ အပေါ်အင်္ကျီဝတ်၍ သားရေပြောင်ပြောင် ပေတင့် ရှုးဖိနပ်ကို စီး၍ အရပ်ထဲတွင် လမ်းသလားတတ်ကြသည်။ ယခုလို ဘောင်းဘီကျပ်ကျပ် ခြေဖျားအနားကျယ်ကျယ် ဘဲလ်ဘော့တွမ်များ မဝတ်ကြ။

သို့ရာတွင် ဘာထူးသနည်း။ ဟိုတုန်းကနှင့် ယခု မတူသည်သာ ရှိသည်။ သူ့ခေတ်နှင့်သူ ကြောင်ကြသည်။ ကောင်းသည်ထင်တာကို ဇွတ်လုပ်ကြသည်။ လူငယ်တွေသည် သဘာဝတော်လှန်ရေးသမားများ ဖြစ်ကြသည်။

ကျောင်းသားကြီးအချို့သူတို့မိန်းမပိုးပန်းကြပုံ၊ ရည်းစားထား၍ စာပေးစာယူ ပြုကြပုံကို အတန်းထဲတွင် အားပါးတရပြောသည်ကို ကျွန်တော်တို့ ကျောင်းသားငယ်များ စိတ်ဝင်စားစွာ နားထောင်ခဲ့ကြရသည်။ စာရေးရာတွင် အနုပညာ အပြည့်ပါသည်။ ကဗျာနှင့် ကာရန်နသောနှင့်။ ချစ်နှမကို မမြင်ရ၍ စားမဝင် အိပ်မပျော်ဆိုသော စကားမျိုးတွေ လှိုင်လှိုင်ပါသည်။ စာရွက်ကောင်း





ကောင်း ပန်းနုရောင် သို့မဟုတ် အပြာနုပေါ်တွင် လက်ရေးလှလှနှင့် ရေးရသည်။ စာကို အထပ်ထပ်ခေါက်၍ လေးထောင့်တစ်လက်မ ပတ်လည်လောက် ဖြတ်အောင် ချိုးရသည်။ ထိုစာကို အိတ်တွင် အမြဲဆောင်ထားသည်။ အရပ်ထဲတွင် လမ်းသလားရင်း ပြတင်းပေါက်မှ ရပ်နေသော အပျိုဖြူကို တွေ့လျှင် စာခေါက်ကို ပစ်ပေးသည်။ ပြတင်းပေါက် တည့်တည့်မတ်မတ် ဝင်အောင် ပစ်နိုင်ဖို့ လေ့ကျင့်မှုလိုသည်။ တစ်ခါတစ်ခါ အပစ်စောသွားသဖြင့် အပျို၏နောက်တွင် ရပ်နေသော မိခင်ကို မမြင်လိုက်။ စာခေါက်သည် မိခင်ထံ ရောက်သွားသည်။ ထိုအခါ အမောသား ခြေကုန်သုတ်ခဲ့ရပုံကို ကျောင်းသားကြီးက ပြောပြသည်ကို ကျွန်တော်တို့ လူငယ်များက တဟားဟား ပွဲကျကြရသည်။

၁

ကျွန်တော်တို့ ငယ်ရွယ်စဉ်ခေတ်သည် ဆိတ်ငြိမ်နှေးကွေးသည်။ ယခုလို ဆူညံမြန်ဆန်သည်မဟုတ်။ လှည်းခေတ်၊ လှေခေတ် ထွက်လာပြီဟု ဆိုနိုင်စေကာမူ မော်တော်ကား ရှားသေးသည်။ ရေဒီယို၊ တယ်လီဖုန်း ရှားသေးသည်။ အတောင်ပံနှစ်ထပ်၊ ခေါင်းတစ်လုံးနှင့် လေယာဉ်ပျံတစ်စီးလောက် ကောင်းကင်တွင် ပျံဝဲလာပြီဆိုလျှင် စာသင်ခန်းမှ ဆရာရော ကျွန်တော်တို့ တပည့်တွေပါ အစုလိုက် အပြုံလိုက် ထွက်ကြည့်ကြရသည်။ ယခုလို ဂျက်လေယာဉ်ပျံခေတ်မဟုတ်ချေ။ လက်ဆွဲအိတ်ဆောင် ထရန်စစ္စတာရေဒီယိုမျိုး မရှိသေး။ ကက်ဆက်ဆိုတာ ဝေလာဝေး။

နိုင်ငံရေးလှုပ်ရှားမှုကား အနည်းငယ်ရှိလာပြီ။ ဝံသာနုခေတ်စားသည်ကို ကျွန်တော် မမီလိုက်။ သို့ရာတွင် အိန္ဒိယအင်ပါယာမှ မြန်မာခွဲရေး၊ မခွဲရေး နိုင်ငံရေးပြဿနာကြီး လှုပ်ရှားမှုကြီးတစ်ရပ် ဖြစ်ခဲ့သည်ကို မှတ်မိသည်။ မင်းတိုင်ပင်အမတ် ရွေးကောက်ပွဲများကို မှတ်မိသည်။ လမ်းထောင့်တွင် အငြိမ့်စင်ထိုး၍ ဒေါက်တာဘမော်တို့ လာရောက်တရားဟောကြသည်ကို မှတ်မိသည်။ နိုင်ငံရေးတရားပွဲသည် လေဘာတီမြရင်၏ အငြိမ့်ပွဲလောက်မကောင်း။ သို့ရာတွင် အငြိမ့်ပွဲမရှိလျှင် ဒေါက်တာဘမော်တရားပွဲသို့ သွားသည်။ အခြားသွားစရာ မရှိ။

ဒေါက်တာဘမော်သည် ဖြူဖြူချောချောကြီး။ ခေါင်းပေါင်းကို ညှပ်မျက်ခုံး အုပ်လုလု တစောင်းပေါင်းသည်။ အပေါ်အင်္ကျီက သိုးရင်းနီးပါး ရှည်ချွန်းချွန်း။



www.burmeseclassic.com

www.burmeseclassic.ocm



တောင်ရှည်ပုဆိုးဝတ်သည်။ စကားပြောလျှင် ချိုသည်။ အင်္ဂလိပ်လို ဘွေးပြီး မြန်မာလို ဘိုဆန်ဆန် အသံဝဲဝဲနှင့် ပြောသည်ကိုပင် မန္တလေးပရိသတ်က ကြိုက်သည်။ သူက စာတတ်ပေတတ်။ ဒေါက်တာဘွဲ့တွေ ဘာတွေနှင့် ဆေးကုသော ဒေါက်တာလား၊ ဆေးမကုတတ်သော ဒေါက်တာလားမသိ။ အရေးမကြီး။ ပညာရေး ဝန်ကြီးချုပ်၊ နန်းရင်းဝန်ကြီး စသော ဂုဏ်ထူးရာထူးကြီးတွေက အရေးကြီးသည်။ မြန်မာ့ထီးနန်းကို နောက်ဆုံးမြင်လိုက်ရသော ရတနာပုံ မန္တလေးမြို့တော်သည် ဝန်ကြီး၊ နန်းရင်းဝန်တို့ကို လေးစားခင်မင်သည်။ ကွယ်ပျောက်ပြီးသော ခေတ်ကို ပြန်လည်သတိရစေသော နန်းသုံးတော်သုံးပုဂ္ဂိုလ်များပေကိုး။

၁၉၃၈ ခုနှစ် ကျောင်းသားသပိတ်တွင် မန္တလေးမှ ကျောင်းများ အင်တိုက်အားတိုက်ပါဝင်ကြပါသည်။ အိမ်တော်ရာဘုရား၊ စကြာသီဟဘုရားတွင် သပိတ်စခန်းချသည်။ သခင်ဘဟိန်း၊ သခင်သိန်းအောင် စသော ကျောင်းသားခေါင်းဆောင်များ၏ နိုင်ငံရေး ပွဲဦးထွက်များဖြစ်သည်။ သခင်ဘဟိန်းသည် ဖြူဖြူပျော့ပျော့၊ ဆံပင် လိမ်လိမ်ကောက်ကောက်နှင့် ကဗျာဆန်သည်။ သို့ရာတွင် စိတ်ထက်သန်သည်။ မာသည်။ သပိတ်တွင် အရိုက်အနက်ခံ၍ ခေါင်းဆောင်သည်။ ရဟန်းပျိုများ၊ မြို့သူမြို့သားများက ကျောင်းသူကျောင်းသားများကို ထောက်ကူ အားပေးကြသည်။ ဈေးချိုတစ်ခုတည်းက သပိတ်စခန်းကို ရိက္ခာထောက်ပံ့နိုင်သည်။ အမျိုးသားကျောင်းအုပ်ကြီး ဆရာဦးရာဇတ်၊ ဆရာခင်မောင်ကလေးတို့က ကျောင်းသားများနှင့် လက်တွဲသည်။

ရန်ကုန်တွင် အတွင်းဝန်ရုံးကို သပိတ်တားသော ကျောင်းသားများအား ပုလိပ်တို့က ရိုက်နှက်သည်။ ကိုအောင်ကျော်ကျဆုံး၍ အာဇာနည် ဗိုလ်အောင်ကျော်ဖြစ်လာသည်။ မန္တလေးတွင် ဆန္ဒပြပွဲကြီး ကျင်းပသည်။ သံဃာနှင့် ကျောင်းသား ပူးပေါင်းဦးဆောင်ကြသော လှည့်လည်ပွဲကြီး ပြုလုပ်ရန် ဘုရားတွင် စုဝေးကြသည်။ အင်္ဂလိပ် အရေးပိုင်၊ ပုလိပ်၊ စစ်ပုလိပ်တပ်ဖွဲ့တို့က ကျုံးထောင့်တွင် နေရာယူထားကြသည်။ ဤနေရာမှ မကျော်နှင့်ဟု တားမြစ်ကြသည်။

တား၍မရ၊ ရဲမာန်ကြွနေသော လူထုကြီးသည် တစ်ခဲနက် ချီတက်မြဲချီတက်ကြသည်။ အင်္ဂလိပ်အစိုးရ ကတိတည်လေသည်။ ပစ်သတ်မည်ဆိုသည့်အတိုင်း ရိုင်ဖယ်ကြီးများဖြင့် တရစပ်ပစ်သည်။ ရှေ့တန်းမှ အလံကိုင်ချီတက်သော သံဃာများ၊ ကျောင်းသားငယ်များ အလံကိုင်လျက် ပုံလဲကာ သေဆုံးကြသည်။ ယုံကြည်ချက်ကို အသက်ဖြင့် နောက်ဆုံးအထိ စောင့်ထိန်းကြသော ပုဂ္ဂိုလ်များ။





ကျွန်တော်တို့ အရပ်ထဲမှ ကိုမူတစ်ယောက် ကျဆုံးသူများထဲတွင် ပါသွားသည်။ ငယ်ရွယ်နုနယ်သော ကျောင်းသား မောင်တင်အောင်၊ အခြားကျောင်းသားများ၊ သံဃာများ ပေါင်း ၁၇ ဦး ဖြစ်ကြသည်။ ကိုမူသည် ကြံ့ရား၊ ရရာအလုပ်ကို လုပ်သော ဆင်းရဲနွမ်းပါးသူ ဖြစ်လေသည်။ ကျဆုံးသူများကို မြို့လူထုကြီးက အာဇာနည်ဘွဲ့ နှင်းအပ်သည်။ နေမျိုးသီဟသူရ ဗိုလ်မှူး၏ ရုပ်ကလာပ်ကို မန္တလေးမြို့ အမရပူရဘက် အထွက် အာဇာနည်ကုန်းတွင် အခြား အာဇာနည်များနှင့်အတူ ဂူသွင်းထားသည်။

## ၉

သားမောင်စစ်သည်၏ စာတစ်စောင်တွင် တက္ကသိုလ်သို့ သူရောက်စအကြောင်းကို ရေးသားထား၏။

ဗိုလ်လောင်းသင်တန်းအပတ်စဉ် ၁၃ ဖြင့် ၁၉၆၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ည ၂၁:၂၀ နာရီတွင် စစ်တက္ကသိုလ်သို့ ရောက်သည်။ ဗိုလ်လောင်းနံပါတ်၊ တပ်ခွဲ၊ တပ်စု ခွဲဝေသတ်မှတ်သည်။ နောက်နေ့နံနက် စစ်ဝတ်စုံပစ္စည်းများ ထုတ်ပေးသည်။ အရပ်သားဘဝကတည်းက စစ်ဝတ်စုံကို နှစ်သက်ခဲ့၍ ယခု စစ်ဝတ်စုံ ပစ္စည်းရသည့်အခါ ဝမ်းသာခဲ့မိ၏။ ထိုနေ့မှာပင် ဆံပင်ညှပ်ရသည်။ “ဘေး၊ နောက်၊ အပြောင်၊ နားပန်မရှိ၊ ရှေ့တုံးတိ”ဆောင်ပုဒ်နှင့် ညီသော “ဗိုလ်လောင်းပုံ” ဖြစ်သည်။ ဆံပင်ပုံကို စိတ်မချမ်းသာစွာဖြင့် ပုံသွင်းခံခဲ့ရ၏။ တစ်ယောက်ကို တစ်ယောက် ကြည့်ပြီးလျှင် နောက်ပြောင်ကြ၏။ သို့သော် ကိုယ့်ကိုယ်ကိုယ်တော့ မှန်မှာမကြည့်။ ပထမနှစ် ဗိုလ်လောင်းဘဝတွင် မှန်မကြည့်ရန် ဆုံးဖြတ်ချက် အခိုင်အမာ ချထားသည်။ အိမ်မှ ပါလာသော ဘီး၊ မှန်တို့ကို သေတ္တာအောက်ဆုံးသို့ ပို့ထားလိုက်၏။

သူ့စာကို ဖတ်၍ ကရုဏာသက်မိသည်။ ရယ်လည်းရယ်မိသည်။ သူက တပ်မတော်သားတစ်ယောက်ဖြစ်မှ ဆံချရသည်။ ကျွန်တော်ငယ်ငယ်က တပ်ထဲ မရောက်ရသေးဘဲ ခေါင်းတုံးပြောင်အောင် အတုံးခံရဖူးသည်။

ဗိုလ်အောင်ကျော်နှင့် အာဇာနည် ၁၇ ဦး ကျဆုံးပြီးနောက်ပိုင်း မန္တလေးတွင် ရဟန်းပျိုများက ဈေးချိုတစ်ဝိုက်တွင် လှည့်လည်၍ အမျိုးသမီးများအား အင်္ကျီပါး မဝတ်ကြရန် ဆော်သြသည်။ ထိုခေတ်က ဝိုင်စအင်္ကျီပါး ခေတ်စားနေသည်။ ဝိုင်စသည် နိုင်ငံခြားမှ တင်သွင်းရသော ပစ္စည်းဖြစ်၍ အင်္ဂလိပ်ကို



www.burmeseclassic.com

www.burmeseclassic.ocm



အားပေးရာရောက်သည်ဟု ရဟန်းပျိုတို့က ဆိုသည်။ တစ်ခါနှစ်ခါ ဆော်ဩဆုံးမ၍ မရသော သူတို့အား ကြိမ်ဆောင်၍ ဆုံးမသည်လည်း ရှိ၏။ ကတ်ကြေးဖြင့် အင်္ကျီကို ကိုက်ဖြတ်ပစ်သည်လည်း ရှိ၏။ လွန်စွာ ထိရောက်သောနည်း။

ယောက်ျားများထံမှ ရဟန်းပျိုများက ဘိုကေခေါ် အင်္ဂလိပ်ပုံဆံပင်ကို အလှူခံသည်။ သတိပေး ဆော်ဩခြင်း မပြု။ နှစ်ခါမပြော။ နေရာတွင်ပင် ခေါင်းတုံး တုံးပေး လိုက်ကြသည်။ ရဟန်းပျိုတို့လက်ဝယ် ကြိမ်လုံးအသင့်၊ ကတ်ကြေးအသင့်၊ သင်တုန်းဓားအသင့်။

ကျွန်တော်သည် စက်ဘီးတစ်စီးဖြင့် မိခင်အတွက် ဈေးဝယ်သွားရသည်။ ရောက်ရာပေါက်ရာ လျှောက်လည်သည်များလည်း ရှိ၏။ ဈေးဝယ်သွားရင်းလား၊ လည်ပတ်ရင်းလား မမှတ်မိ။ ရွှေတစ်ချောင်းကို ကျော်၍ ဆိုင်းတန်းအရပ်ဖက်သို့ ရောက်မိသည်။ ဘုန်းတော်ကြီးကျောင်းများ စုဝေးရာ ဒေသဖြစ်၏။ သံဃာ့နယ်သို့ အတော်ကျွံ၍ဝင်မိပြီးမှ ကိုယ့်အမှား ကိုယ်မြင်၍ ဆုတ်ခွာမည် ကြံ၏။ သို့ရာတွင် အချိန်နှောင်းပြီ ဖြစ်၏။ ရဟန်းပျိုတစ်စုက စက်ဘီးဆွဲရပ်ပြီးလျှင် သင်တုန်းဓားကို အသင့်ထုတ်ကြ၏။ လျှောက်လဲခွင့်၊ အယူခံဝင်ခွင့် မရှိ။ ကျွန်တော့်အား ထိုင်စေပြီးလျှင် ကိုလိုနီစနစ်၏ အမွေဆိုးဖြစ်သော ခေါင်းပေါ်မှ အင်္ဂလိပ်ဆံတောက်ကို အပြီးအပြတ် ရိတ်ဖြတ်ကြ၏။ ခေါင်းတုံးနေကျဖြစ်သော ရဟန်းပျိုတို့သည် ခဏဖြင့် ကိစ္စကို ပြီးမြောက်စေကြ၏။

အိမ်ပြန်ရောက်လျှင် ခေါင်းကို လက်ကိုင်ပဝါဖြင့် အုပ်၍ နောက်ဖေးမန်ကျည်းပင်ပေါ်တက်ကာ ကျွန်တော်ထိုင်နေလိုက်သေးသည်။ စိတ်မချမ်းသာ။ ခေါင်းတုံးပြောင်ပြောင်နှင့်ဆိုလျှင် ကျောင်းတွင် သူငယ်ချင်းတို့က နောက်ပြောင်ကြလိမ့်မည်။ သို့ရာတွင် နေပါဦး၊ သူတို့တွေကော လွတ်ကြမည်လား။ အားလုံးမဟုတ်စေကာမူ များများတော့ ရဟန်းပျိုများနှင့် တွေ့ခဲ့တန်ရာသည်။ များများတွေ့ကြပါစေ၊ အားလုံးတွေ့ကြပါစေဟု ဆုတောင်းရသည်။

ခေါင်းမှ ဆံပင်လှူခဲ့ခြင်းသည် အမျိုးသားရေးအတွက် ကျွန်တော်ဦးစွာသော ပေးလှူခဲ့ခြင်းဖြစ်ပါသည်။ စေတနာပါ၍ လှူသည်ကား မဟုတ်။ မလွှဲသာ မရှောင်သာ၍ လှူခဲ့ရပါသည်။ တော်လှန်ရေးဟူသည် ဆန္ဒစောခြင်း၊ စိတ်အားထက်သန်ခြင်း၊ အယူမှန်ခြင်း၊ မှားခြင်း၊ မေတ္တာကြီးမားခြင်း၊ ပြင်းထန်စွာ မုန်းတီးခြင်း၊ စိတ်နှလုံးကို ဆွဲဆောင်နိုင်သော ဆောင်ပုဒ်စကားလုံးများ၊





ရဲရဲတောက် လုပ်ဆောင်ချက်များ၊ စွန့်စားခြင်းများ စသည်တို့ဖြင့် ရောထွေးပွန်းတီး၍သာ နေပေသည်။ နှစ်ပေါင်းများစွာ ကြာပြီးမှသာလျှင် တော်လှန်ရေးတစ်ရပ်၏ အဓိပ္ပာယ်ထင်ရှားစွာ ပေါ်လွင်တတ်သည်။ သမိုင်းကသာ တော်လှန်ရေးကို မှတ်ကျောက်တင်နိုင်သည်။

၁၃၀၀ ခုနှစ် အရေးတော်ပုံတွင် ကျွန်တော့်ဦးခေါင်းမှ ဆံပင်ကိုသာ ဆုံးခဲ့ရသည်။ ဦးခေါင်း မပြုတ်ခဲ့ရသည်ကိုပင် ကျေးဇူးတင်ရသည်။

## ၁၀

၁၉၃၉ ခုနှစ်တွင် ကျွန်တော် မန္တလေး ဥပစာကောလိပ်သို့ ရောက်သည်။ အသက်ငယ်နေသေး၍ ကျောင်းဝင်ခွင့် မရဘဲ ကျောင်းအုပ်ကြီး မစ္စတာ မာရှယ်၏ ခွင့်ပြုချက်ဖြင့် အတန်းတက်နေရသည်။ ကျောင်းသား မများ၊ လူပိုတစ်ယောက် တက်၍ အကြောင်းမထူး။

မစ္စတာမာရှယ်သည် ပထမကမ္ဘာစစ်ပွဲတွင် ကပ္ပတိန်ဗိုလ်ကြီးအဖြစ် စစ်မှုထမ်းခဲ့ဖူးသည်။ အင်္ဂလိပ်စာပေကို မဟာဝိဇ္ဇာဘွဲ့ဖြင့် အောင်မြင်ခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ ရောက်ရှိလာကာ ပညာရေးဌာနတွင် အမှုထမ်းရာမှ တက္ကသိုလ်ကျောင်းအုပ် ဖြစ်လာသည်။ ရှိတ်စပီးယား၏ ပြဇာတ်စာပေများကို သူ ကြိုက်သည်။ ပြဇာတ်များမှ သံနေသံထားဖြင့် ဖတ်ပြရလျှင် သူ မမော။ စာအုပ်ထဲမှ ပြက်လုံးများကို ဖတ်ရလျှင် သူ့တစ်ကိုယ်လုံး လှုပ်ခါလာအောင် ရယ်မောသည်။ မျက်နှာကြီးလည်း နီလာသည်။ ကျွန်တော်တို့က ပြက်လုံးကို နားမလည်။ သူ ရယ်မောသဖြင့် ပြက်လုံးပဲဟု သိကာ လိုက်၍ ရယ်မောကြသည်။

ဥပစာကောလိပ်တွင် ဘာသာစုံမရှိ။ ဝိဇ္ဇာဘက်တွင် စာပေ၊ သမိုင်း၊ ပါဠိ၊ သိပ္ပံဘက်တွင် သင်္ချာ၊ ဓာတုဗေဒတို့ကိုသာ သင်ယူနိုင်သည်။ သင်တန်းတစ်တန်းလျှင် ကျောင်းသားတစ်ရာထက် မပိုပါ။ ဆရာကောင်းများက ကြိုးစား၍ ပြသပို့ချကြသည်။ တပည့်များကို တစ်ဦးစီ သိသည်။ ကျွန်တော် သိပ္ပံဘက်သို့ လိုက်သည်။ ပြီးလျှင် အင်ဂျင်နီယာ၊ သစ်တောတစ်ခုခုသို့ သွားမည်။ သို့မဟုတ် ဘွဲ့ယူပြီးလျှင် စစ်သားလုပ်မည်။

ရူပဗေဒဘာသာကို ဆရာဆိုကေးက သင်ကြားသည်။ ပန်ချာပီဆရာကြီး။ မြန်မာလိုလည်း ကျွမ်းကျင်သည်။ သဘောကောင်းသည်။ ဓာတုဗေဒဆရာ မစ္စတာပါးနှင့်ကား တခြားစီ။ ပါးသည် အသင်အပြကောင်းသလောက် ဒေါသ



www.burmeseclassic.com

www.burmeseclassic.ocm



ကြီးသည်။ လက်တွေ့ စမ်းသပ်ရာတွင် ဖြစ်စေ၊ စာသင်ရာတွင်ဖြစ်စေ အမှားမခံ။ အနည်းငယ် မှားယွင်းသူကို ပြင်းထန်စွာ အော်ဟစ်ဆူပူတတ်သည်။ ကျောင်းသူကျောင်းသားအတူပင် ဖြစ်သည်။ တစ်ခါတစ်ခါ ကျောင်းသူများ မျက်ရည်ကျသည်။

တစ်ခါ ကျောင်းသားတစ်ယောက် ပါး၏သင်တန်းတွင် နောက်တန်းမှ ငိုက်နေသည်။ ဆရာက မြင်သဖြင့် ကျောင်းသားအား "ထုံး (ကယ်လ်စီယံဒိုင်အောက်ဆိုဒ်) ကို အပူပြင်းပြင်း တိုက်ရင် ဘာဖြစ်သွားသလဲ ဖြေစမ်း" ဟု လက်ညှိုးထိုး၍ မေးသည်။ လန့်ဖျပ်၍ နိုးလာသော ကျောင်းသားက "အလွန်ပူပါတယ်ဆရာ" ဟု ဖြေလိုက်ရာ ကျွန်တော်တို့က ဝါးခနဲ ရယ်ကြသည်။ ဆရာပါးမှာမူ တက်မတတ် ဖြစ်သွားရှာသည်။ ဆရာပါး လက်ချက်ဖြင့် သူ့လက်ထောက် ဆူပရာ မန်နီယံ မေ့မြောသွားဖူးသည်။ ဆရာခမျာ ကျောင်းသူများကို ဟန်ပါပါ လက်တွေ့ခန်းတွင် ပြသနေရာ ပါးရောက်လာ၍ အမှားတွေ ပြုရမည်လားဟု အော်ဟစ်ဆူပူသဖြင့် ပြန်လည် မချေပနိုင်တော့ဘဲ ဗုန်းဗုန်းလဲ၍ မေ့မြောသွားသော ဆူပရာမန်နီယံကို ကျွန်တော်တို့ ဆေးရုံသို့ လိုက်ပို့လိုက်ရသည်။

သင်္ချာကထိက ဆရာနက်သည် ဗုဒ္ဓသာသနာ့နုဂ္ဂဟ ကျောင်းထွက်ဖြစ်လေသည်။ အလွန်ရိုး၍ ရှက်တတ်လေသည်။ ကျောက်သင်ပုန်းကြီးမှာသာ သင်္ချာပုစ္ဆာများကို တွက်၍ အတန်းကို ကျောခိုင်းနေတတ်သည်။ ပြောစရာကို ကျောက်သင်ပုန်းကိုသာ ပြောသည်။ သဲသဲကွဲကွဲကြားနိုင်ရန် ရှေ့တန်းမှ ထိုင်သော ကျောင်းသူကျောင်းသားများက အထူး နားစွင့်ကြရသည်။ နောက်ပိုင်းတွင်မူ အနည်းငယ် ယဉ်ပါးလာသည်။ ပြုံးဖော် ပြောဖော်ရလာသည်။ မြန်မာစာနှင့် ပါဠိကထိကမှာ ဆရာအောင်သန်းဖြစ်လေသည်။ မင်းသားဟန်ပါပါ ဖြူဖြူနွဲ့နွဲ့ ဖြစ်သော်လည်း ရန်ကုန်တက္ကသိုလ် အရုံတပ်ရင်းတွင် အမှုထမ်းခဲ့သူ ဖြစ်လေသည်။ မန္တလေး ဥပစာကောလိပ်တွင်မူ ဟိုတုန်းက အရုံတပ်ရင်းမရှိ။

မြန်မာစာနည်းပြဆရာတို့မှာ ဦးဘိုးသောင်းနှင့် ဦးအောင် ဖြစ်ကြလေသည်။ ဦးအောင်သည် မောင်အာယုအမည်ခံ ကဗျာဆရာတစ်ဦး ဖြစ်သည်။ ငယ်ငယ်နှင့် ကွယ်လွန်သွားရှာသည်။ ဦးဘိုးသောင်းလည်း ပညာဝန်အဖြစ် အမှုထမ်းရင်း မကြာမီက ကွယ်လွန်သည်။

လူပျိုဆရာတွေကို ပိုးပန်းကြသော ကျောင်းသူများရှိသည်။ ဆရာဆို





ပေမယ့် အသက်အရွယ် ကွာခြားလှကြသည်မဟုတ်။ ကျောင်းသူတွေကို ရိသဲ့သဲ့ လုပ်သောဆရာများလည်း ရှိသည်။ ဤသည်တို့ကား သဘာဝ။

မန္တလေး ဥပစာကောလိပ် ကျောင်းသားများထဲမှ လူရည်ချွန်များ ထွက်ကြပါသည်။ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် ခေါင်းဆောင်ပါဝင်ခဲ့ကြသူများ၊ လွတ်လပ်ရေးရပြီးစ နိုင်ငံကို ဦးဆောင်ကြသူများ၊ တပ်မတော်တပ်မှူးကြီးများ၊ သံအမတ်ကြီးများအဖြစ် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများလည်း ပါဝင်ကြပါသည်။ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် တောခို၊ အတိုက်အခံပြုရင်း အသက်ပေးသွားကြသူများလည်း ရှိပါသည်။ ကျွန်တော်တို့နှင့် ကျောင်းနေဖက် ကိုဋ္ဌေးဆိုလျှင် ကွန်မြူနစ်ပါတီ ထိပ်သီးတစ်ဦး ဖြစ်လာပြီးမှ အချင်းချင်း ဖြုတ်ထုတ် သတ်ခြင်းကို ရင်နှင့်စရာ ခံလိုက်ရရှာသည်။ ကိုလှမော်ကြီးတစ်ယောက်လည်း ရှိသေးသည်။ အလွန် ဆင်းရဲရှာသည်။ အလွန် ရိုးသားသည်။ စိတ်ဓာတ်ပြင်းထန်သည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ စစ်ပြီးပြန်ဖွဲ့သည့် ဗမာ့တပ်မတော်အထိ ချီပြီးမှ တောခိုသည်။ နောက်ဆုံးတွင် ကျဆုံးရသည်။ ကိုစိုးမောင် (ဗိုလ်မှူးချစ်ကောင်း) သည်လည်း အလားတူ။ ကိုဘဆက်၊ မောင်ကို စသော နိုင်ငံရေးစိတ်ဓာတ် ပြင်းထန်ခဲ့သူများလည်း ကျွန်တော်တို့၏ ရောင်းရင်းများဖြစ်ခဲ့ကြသည်။

ကျော်ကြားခြင်း မရှိခဲ့သော်လည်း သူ့နေရာနှင့်သူ ရိုးသားစွာ အသက်မွေးဝမ်းကျောင်းရင်း တိုင်းပြည်အကျိုး၊ အများအကျိုးကို ပြုနေကြသူများလည်း ရှိကြပါသည်။ နာမည်ကြီးမှ အလုပ်ပြီးသည် မဟုတ်ပါ။ နာမည်ကြီးသူများ ကြီးသော နာမည်များကို ထမ်းပိုးနေရသည်က ဝန်တာတစ်ခု ဖြစ်တတ်သည်။

ပြန်၍ကြည့်လျှင် ကျွန်တော်တို့၏ ကျောင်းနေဖက်များသည်လည်း သားမောင်စစ်သည်တို့၏ ကျောင်းနေဖက်သူငယ်ချင်းများနှင့် ကွာခြားခဲ့လှသည် မဟုတ်ပါ။ သူလို ကိုယ်လိုချည့်ပင် ဖြစ်သည်။ ငယ်ရွယ်သူများပီပီ စိတ်ကူးယဉ်ခြင်း၊ စွန့်စားလိုခြင်း၊ မဟုတ်လျှင် မခံချင်ခြင်း၊ တဇွတ်ထိုး လုပ်ချင်ခြင်း၊ အာဏာဖီဆန်တတ်ခြင်း၊ စွန့်စားလိုခြင်း၊ စူးစမ်းလိုခြင်း၊ မိဘတို့၏ မေတ္တာကို ခံယူလိုခြင်း၊ ယင်းသို့ ခံယူလိုခြင်းကို ပြရမှာရှက်ခြင်း၊ ပါးစပ်မှ ဘာပြောပြော နိုင်ငံအရေးကြုံလျှင် စွန့်လွှတ်စိတ်ဓာတ်ဖြင့် ပါဝင်အမှုထမ်းလိုခြင်း စသည်တို့တွင် တူညီကြပါသည်။ ကျွန်တော်တို့နှင့် ကွဲကွာ၍ အခြားသော လမ်းများသို့ လိုက်ပါလာကြသော မိတ်ဆွေများ၊ တိုက်ပွဲအလီလီတွင် ကျဆုံးခဲ့ကြသော ရဲဘော်များကို ကျွန်တော်တို့ ပြစ်တင်ရန်မလို၊ ကိုယ့်ယုံကြည်ချက်နှင့်ကိုယ် လုပ်ဆောင်



www.burmeseclassic.com

www.burmeseclassic.ocm



ကြခြင်းသာ ဖြစ်ကြသည်။ ကွဲကြ၊ ကျဆုံးကြခြင်းသည် နိုင်ငံ၏အရှုံးသာ ဖြစ်ပါသည်။

သားမောင်စစ်သည်တို့ ခေတ်လူငယ်များ၏ တက်ကြွသော အင်အားများကို အပြုဘက်သို့ စုပေါင်းရောက်ရှိနိုင်အောင် လမ်းဖွင့်ဖို့၊ တီထွင်ဖို့သည် နိုင်ငံအတွက် အရေးကြီးလှသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်သည် ၁၉၃၉ ခုနှစ်တွင်၊ ဥရောပတိုက်တွင် စတင်သည်။ ထိုနောက်ပိုင်းတွင် စစ်လောင်မီးသည် ပျံ့နှံ့လာသည်။ အာရှတိုက်သို့ ကူးစက်ဖို့၊ မြန်မာပြည်သို့ ခုန်ကူးလာဖို့ အချိန်မျှသာ လိုသည်။ စစ်ကို ကျွန်တော်တို့ စောင့်မျှော်ရင်း ကျောင်းတက်၊ အလုပ်အကိုင်မပျက် နေကြသည်။ စိတ်တည်ငြိမ်သည်ကား မဟုတ်။ အရှည်မျှော်၍ စီမံနိုင်သည့် အခြေအနေမဟုတ်တော့ချေ။ ဘာမျှမသေချာ။ နက်ဖြန်ဘာဖြစ်မည် မသိ။

သားကြီးတို့တွေလည်း ဤသို့ မသေချာ မရေရာသော ဘဝတွင် ကြီးပြင်းခဲ့ကြရသည်။ သူတို့မွေးချိန်တွင် သောင်းကျန်းမှု ပြင်းထန်နေသည်။ ရောင်စုံသူပုန်တွေ ထနေသည်။ သို့ရာတွင် တစ်ခုတော့ ထူးသည်။ လွတ်လပ်သော နိုင်ငံတွင် သူ လူဖြစ်ရသည်။ တစ်ပါးသူလက်အောက် မနေခဲ့ရ။ ကျွန်တော်တို့ ကျောင်းသားကြီးဖြစ်တော့ လွတ်လပ်ရေး ကြွေးကြော်သံ နိုင်ငံတွင် ညံလေပြီ။ သပိတ်တွေ၊ ဆန္ဒပြပွဲတွေ ပြင်းထန်လာလေပြီ။ လွတ်လပ်ရေးဆိုသော စကားကို လူတိုင်းနားလည်နိုင်သည်။ ထိုစကားသည် အမျိုးသားတိုင်း၏ သွေးကို ဆူကြစေသည်။ ရန်သူကို လက်ညှိုးထိုးပြ၍ ရသည်။

လွတ်လပ်ရေး ရပြီးနောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်မှုဖြင့် တည်ဆောက်ခဲ့ရသော စည်းလုံးမှု ပြိုကွဲလာသည်။ အချို့ခေါင်းဆောင်များ အပြောကြီး၍ မထိရောက်။ အာဏာရဖို့ကို အဓိကထားသည်။ ရာထူးကို မက်မောသည်။ နိုင်ငံအကျိုးထက် မိမိတို့၏ ရာထူးတည်မြဲရေးကို ဦးစားပေးသည်။ နိုင်ငံတွင် စီးပွားရေး၊ နိုင်ငံရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေး အဖက်ဖက်တွင် ပျက်လာသည်။ ထိုအပျက်ထဲတွင် သားကြီးတို့ ကြီးပြင်းလာရသည်။ သူတို့မှာ နားယောင်စရာ၊ မျက်စိလည်စရာတွေ များသည်။

မြန်မာပြည်မှာသာ မဟုတ်သေး။ ကမ္ဘာမှာလည်း ရှုပ်ရှုပ်ထွေးထွေး ရှိလှသည်။ အပြောင်းအလဲများသည်။ သိပ္ပံပညာ ထွန်းပေါက်သဖြင့် လပေါ်သို့ လူရောက်ပြီ။ သို့ရာတွင် လူ့အတွေးအခေါ် ယဉ်ကျေးမှုကား နောက်ဆုတ်လျက် ရှိပုံရသည်။ ကြမ်းတမ်းသော စရိုက်၊ ပြင်းပြသောလောဘ၊ ခက်ထန်သော





ဒေါသတို့ဖြင့် လွှမ်းသောကမ္ဘာ ဖြစ်နေသည်။ ပညာရှင်ကြီးများက ပစ္စုပ္ပန်နှင့် အနာဂတ်ပေါင်းစပ်သွားပြီ၊ နက်ဖြန်နှင့် ယနေ့ ခွဲခြား၍ မရတော့ပြီ၊ ထို့ကြောင့် လူအများသည်လည်း ဇဝေဇဝါ ဖြစ်နေရသည်၊ ကြောင်နေပြီဟု စာဖွဲ့ကြသည်။

ဤသို့အပြောင်းအလဲ အဖြစ်အပျက် မြန်ဆန်သော၊ လက်ငင်းကျသော ဘဝတွင် သားကြီးတို့ လူငယ်တွေသည် ခံနိုင်ရည်အပြည့်၊ ဇွဲအပြည့် ရှိကြလိမ့်မည်၊ ပြုပြင်ဖန်တီး၍ အောင်နိုင်ကြလိမ့်မည်ဟု ကျွန်တော်ယုံကြည်မိပါသည်။ သူတို့ခေတ် လူငယ်တွေသည် လူစွမ်းကောင်းကလေးများ ဖြစ်ကြပါသည်။

## ၁၁

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျပန်က အမေရိကန်ပြည်၏ ဟာဝေယံကျွန်းကို ဗုံးကြဲတိုက်ခိုက်သည်။ အင်္ဂလိပ်၊ အမေရိကန်နှင့် ဂျပန်တို့စစ်ပွဲ စသည်။

အရှေ့တောင်အာရှဟု ယနေ့အမည်တွင်နေသော ဒေသမှ နိုင်ငံများသို့ အသင့်ရှိနေသော ဂျပန်စစ်တပ်များ ထိုးဝင်လာသည်။ အသင့် မရှိကြသေးသော အင်္ဂလိပ်၊ ဒတ် (ချ်) အစိုးရများ အရေးနိမ့်ကြသည်။ ရက်ပိုင်း၊ လပိုင်းအတွင်း ဂျပန်တို့ အလုံးအရင်းနှင့် လွှမ်းမိုးဝင်ရောက်လာနိုင်ကြသည်။

မြန်မာပြည်တွင် အင်္ဂလိပ်အစိုးရ မျက်နှာမလှ။ အစိုးရက ပေးသမျှ သတင်းကို ပြည်သူတို့မယုံ။ အစိုးရကလည်း စစ်ဘေးဝေးသေးသည်၊ ဂျပန်များ မလာနိုင်စသည်ကိုသာ သတင်းစာ၊ ရေဒီယိုမှ ပြောနေသည်။ မြို့ပေါ်တွင် လေဘေးကာကွယ်ရေး အဖွဲ့ကလေးများ ဖွဲ့သည်။ အဖွဲ့ဝင်များ သံခမောက်ဆောင်း၊ ကာကီဘောင်းဘီတို့ဝတ်၍ သွားလာလှုပ်ရှားသည်။ ဗုံးခိုကျင်းများကို လမ်းထောင့်မှာ ဆောက်သည်။ ဤမျှနှင့် ဂျပန်ကို ခံနိုင်မည်လား။

ပြည်သူက ဂျပန်ကို မျှော်သည်။ အာရှတိုက်သား အချင်းချင်း ကိုလိုနီအနှောင်အဖွဲ့မှ ကယ်တင်ရန် သူတို့လာသည်ဟု ဂျပန်ရေဒီယိုမှ "မနှင်းဆီ" အမျိုးသမီးက လွင့်သော အသံသည် ချိုသာသည်။ ပြည်သူတို့ကြိုက်သည်။ အင်္ဂလိပ်အစိုးရ ပြေးတော့မည်ဟူသော ကောလာဟလတို့ကို ယုံကြည်သည်။ ကြားချင်သည်။

အင်္ဂလိပ် စစ်ဗိုလ်ကြီးများသည် ပထမကမ္ဘာစစ်ကြီး၏ အတွေ့အကြုံသာ ရှိသည်။ ခေတ်လက်နက်၊ စစ်ပရိယာယ်တို့ကို မသိ။ စိတ်မဝင်စား။ သူတို့၏ စစ်ဗျူဟာသည် ခံတပ်ကြီးကြီး ခိုင်ခိုင်ဆောက်ဖို့၊ ကတုတ်ကျင်း



www.burmeseclassic.com

www.burmeseclassic.ocm



နက်နက်တူးဖို့။ ဂျပန်တပ်များသည် တောတောင်ကို ဖြတ်၍ မလာနိုင်ဟု သူတို့တွက်ထားသည်။ ရန်ကုန်မြို့တွင် ဂျင်မခါနာ ကလပ်၊ ပဲခူးကလပ်တို့၌ အင်္ဂလိပ်စစ်ဘက် နယ်ဘက် အရာရှိကြီးများ ညညတွင် ဝတ်စုံဝတ်ဆင်၍ စားသောက် ကခုန်ကြသည်။ ဂျပန်တပ်များက လက်နက်၊ အမြောက်ကို ထမ်းပိုး၍၊ ရိက္ခာအိတ်ကို ခါးတွင်ဆွဲ၍၊ ကျောခ္ခပိုး၍ တောတောင်ကို ဖြတ်ကျော်လာနေကြသည်။ မြစ်တွေ့လျှင် ဖောင်ဖွဲ့၍ ဖြတ်သည်။ သူတို့မှာ မော်တော်ကားမလို။ ခြေနှစ်ချောင်း ရှိသည်။

ရန်ကုန်ကို ဂျပန်လေယာဉ်ပျံတို့ လာရောက်၍ ဗုံးကြဲသည်။ မြို့နေလူများက အာရုတိုက်သားအချင်းချင်းအပေါ် ဗုံးချမည်မဟုတ်၊ ဂေါ်ရာတပ်တွေအပေါ်သာ ဗုံးချလိမ့်မည်ထင်၍ လမ်းပြင်ထွက်ကြည့်ကြ လက်ခုပ်လက်ဝါးတီးကာ ဩဘာပေးကြသည်။ သို့ရာတွင် ဂျပန်ဗုံးကား လူမရွေး။ မီးလောင်ဗုံးချပြီးနောက် စက်သေနတ်ဖြင့်ပင် မွှေ့လိုက်ကြသေးသည်။ အတုံးအရုံး သေကျေကြသည်။

မန္တလေးတွင်လည်း ထိုနည်းအတိုင်း သကြိန်တက်စ ၁၉၄၂ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် ဂျပန်လေတပ်က လာရောက်ဗုံးကြဲသည်။ လူနေရပ်ကွက်ကြီးများ တော်တော်ပါသည်။ မီးရထားဘူတာရုံကို ချိန်သဖြင့် အနားမှ တရုတ်တန်းရပ်ကွက် ကုန်သည်။ ကလေး၊ လူကြီး၊ ကျွဲ၊ နွား၊ အတုံးအရုံး သေကျေနေကြသည်ကို ကျွန်တော် မြင်တွေ့လိုက်ရသည်။

မိခင် စိုးရိမ်ကြောက်ရွံ့ရှာသည်။ မမာမကျန်းဖြစ်ခဲ့သည်မှာလည်း ကြာပြီ။ မြစ်ဟိုဘက် တောင်ရိုး ဘုရားပုထိုး ကျောင်းများတွင် သွားရောက်၍ မိခင်နှင့် အစ်မနှမများ ခိုလှုံကြသည်။ ကျွန်တော်အိမ်စောင့်နေရစ်သည်။ မြို့မှ ဆေးဝါး ရိက္ခာ၊ မိခင်စားဖို့ သစ်သီးဘူးတို့ကို ဝယ်ယူပို့ပေးသည်။

ဂျပန်တပ်များ ဝင်လာသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော် ပါသည်။ စစ်ဗိုလ်ကြီးများ၊ ဓားရှည်ကြီးတွေ ခါးတွင် ချိတ်ဆွဲ၍ ခံ့ညားသည်။ မြန်မာရဲဘော်များ လက်နက်စုံကိုင်၍ အဝတ်မျိုးစုံဝတ်၍ လက်မောင်းတွင် သုံးရောင်ခြယ်လက်ပတ်နှင့် တင့်တယ်သည်။ ကျွန်တော့်မိတ်ဆွေအချို့ တပ်မတော်သို့ ဝင်ကြသည်။ သူတို့ကို စစ်ဝတ်စုံနှင့် မြင်ရလျှင် ကျွန်တော်ပါဝင် ချင်သည်။ သို့ရာတွင် မိခင်ကို ငဲ့ရလေသည်။

ဂျပန်ဝင်ပြီး မကြာခင်ပင် အင်္ဂလိပ် လေယာဉ်ပျံများက လာရောက်၍ ဗုံးကြဲကြပြန်သည်။ မိခင်နှင့်အစ်မ နှမများ တောင်ရိုးမှာ ခိုမြဲခို၍ ဖြစ်သလိုနေကြရသည်။ မိခင်၏ ရောဂါအခြေအနေ ဆိုးသည်။





၁၉၄၂ ခုနှစ် နိုဝင်ဘာလ၏ တစ်နေ့နံနက်တွင် ကျွန်တော့်ထံ တောင်ရိုးမှ လူတစ်ယောက်လာသည်။ မိခင်ရောဂါမလှ၍ လိုက်ခဲ့ပါ ခေါ်သည်။ ကျွန်တော်တို့ ချက်ချင်းထွက်ကြသည်။ ဧရာဝတီမြစ်ကို ဆန်၍ သမွန်ဖြင့် ကူးကြရသည်။ တအိအိ သွားရသည်။ မွန်းလွဲလောက်မှ ရောက်သည်။ တစ်လမ်းလုံး ကျွန်တော် ဆိတ်ဆိတ်သာ နေသည်။ မိခင်မရှိတော့ပြီဟု ကျွန်တော်သိသည်။ သိပြီးမှတော့ မေးနေ၍ မထူး။ မေးနေလျှင် လာခေါ်သူမှာ လှည့်ကာဖယ်ကာ ပြောနေရဦးမည်။

ဆိပ်ကမ်းကပ်မိလျှင် ကျွန်တော်တို့အား မျှော်နေကြသော ဖခင်၊ အစ်မ၊ နှမများ အပြုံလိုက် ဆင်းလာကြသည်။ ကျွန်တော် သမွန်မှတက်လျှင် ဆီး၍ ငိုယိုကြသည်။

မိခင်သည် ဖြူဖြူဝဝလှလှကြီး ဖြစ်ခဲ့သည်။ သို့ရာတွင် သူ့ရုပ်ကလာပ်ကို ကျွန်တော်မှတ်မိနိုင်စရာ မရှိ။ ပိန်လှီ၍ နေရှာသည်။ နဂို၏ တစ်ဝက်မျှသာ ရှိသည်။ ရုပ်ကလာပ် ကို ကြည့်ပြီး ကျွန်တော်ငိုရသည်။

ဈာပနကိစ္စ အကျယ်မချဲ့နိုင်ကြပါ။ မိသားစုနှင့် မိတ်ဆွေအချို့ သံဃာငါးပါးကို ပင့်၍ သုသာန်သို့ ပို့ဆောင်ကြသည်။ တောင်ရိုး၏ အရိပ်အောက် သဲမြေကို တူး၍ မိခင်၏ရုပ်ကလာပ်ကို ဂူသွင်းသင်္ဂြိုဟ်ကြသည်။ ရရာရာလှူဖွယ်ပစ္စည်းအချို့ကို သံဃာတော်များအား လှူဒါန်းပြီးနောက် ရေစက်ချသောအခါ ကျွန်တော် တစ်ချက် ရှိုက်ကာငင်ကာ ငိုယိုမိသည်။ဖခင်၊ အစ်မ၊ နှမများလည်း ရှိုက်ကြီးတငင် ငိုယိုကြသည်။ တစ်နည်းဆိုတော့ တိတ်ဆိတ်၍ တောင်ရိပ်ခိုသော၊ သစ်ပင်ဖြင့် စိမ်းစို၍ သဲမြေဖြင့် သန့်ရှင်းသော၊ ရှုခင်းသာယာသော နေရာတွင် ကျွန်တော်တို့ မိသားစု မိခင်အား နှုတ်ဆက်ခွဲခွာခဲ့ကြခြင်း ဖြစ်လေသည်။ စည်ကားခြင်း မရှိ။ သို့ရာတွင် မေတ္တာ အေးချမ်းမှုဖြင့် ပြည့်၏။

ဖခင်သည် မိခင်နံဘေးသို့ ရက်ကြို၍ ရောက်သွားခဲ့သည်။ မိခင်ကို ကောင်းစွာ ပြုစုလိုက်ရသည်။ မိခင်ဆုံးခါနီး သူ၏လက်ကို ဆုပ်နယ်၍ ပေးရသည်။ ကျွန်တော့်ကိုသာ မိခင် မမြင်လိုက်ရရှာချေ။ ကျွန်တော်ကသာ မိခင်ကို မပြုစုလိုက်ရပါချေ။

မိခင်ဆုံးတော့ ငိုယိုလိုက်ရသည်နှင့် မျက်ရည်ခန်းခြောက်သွားခဲ့သည် ထင်သည်။ နောက်ပိုင်းတွင် ကျွန်တော် မျက်ရည်ကျ၍ မငို။ တစ်ခါတစ်ခါ ခံစားချက်နာလျှင် ကျိတ်၍ ရင်ထဲတွင် ငိုပါသည်။ သို့ရာတွင် မျက်ရည်မကျ။ သွေ့ခြောက်စွာသာ ငိုပါသည်။



www.burmeseclassic.com

www.burmeseclassic.ocm



မိခင်ရှာပနကိစ္စပြီး၍ မကြာမီ ကျွန်တော်ပျဉ်းမနားသို့ ဗမာ့ကာကွယ်ရေး တပ်မတော်တွင် ဝင်ရောက်ရန် ထွက်ခွာခဲ့သည်။ ပျဉ်းမနားမှ တပ်မတော်ဌာနချုပ် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းသွားပြီ ဖြစ်၍ ရန်ကုန်သို့ ခရီးဆက်သည်။ မီးရထားများ လူကျပ်သည်။ ကုန်ပစ္စည်းများကို ထမ်းပိုး၍ ကုန်တွဲများတွင် အပြွတ်အသိပ် စီးနင်းသွားလာကြရသော ခရီးသည်များအကြား ကျွန်တော်လိုက်ပါရသည်။ မီးရထားသည် နေ့ခင်းတွင် သစ်ပင်ရိပ်တွင် ခိုအောင်းသည်။ အင်္ဂလိပ်ကျွဲ[၁] လေယာဉ်နှစ်စင်းက မြစ်ရိုးတစ်လျှောက်၊ မီးရထားလမ်းတစ်လျှောက် လိုက်လံ၍ မြင်လေရာကို ပစ်ခတ်သည်ကို ရှောင်ရန်ဖြစ်၏။ သူတို့ကို ကျွဲညီနောင်ဟု ခေါ်ကြသည်။

တစ်ချီတစ်ချီတွင် မီးရထားခေါင်းတွဲသည် မီးပေါင်ကျသဖြင့် ဆွဲအားမရှိ ဖြစ်သွားသည်။ ထိုအခါမျိုး၌ ခရီးသည်အားလုံး ဆင်း၍ ထင်းကောက်ကြရသည်။ မီးထိုးကြရသည်။ စက်ခေါင်းအားပြည့်လာသောအခါ ပျော်ပျော်ပါးပါး ခရီးထွက်ကြပြန်သည်။ ဤသို့နှင့် ရန်ကုန်မြို့သို့ရောက်အောင် နှစ်ပတ်ခန့် ကြာခဲ့ရသည်။

❐

၁။ Buffalo

## အခန်း (၃)
## ဗမာ့ကာကွယ်ရေး တပ်မတော်

၁

သားမောင်စစ်သည် စစ်တက္ကသိုလ်သို့ ရောက်သွားပြီးနောက် တော်တော်နှင့် အိမ်သို့စာမရေး။ သူ့မိခင်ကသာ စာအတန်တန်ရေး၍ အားပေးရသည်။ အတော် ကြာမှ သားကြီးစာရေးဖော်ရသည်။ စာများ တိုတောင်းသည်။ အချိန်အားမရ ရေးအာ.မရှိ။ ဗိုလ်လောင်းပုံစံကျအောင် အမျိုးမျိုးကြိုးပမ်းနေရသည်။ အမျိုးမျိုး ပုံသွင်းခံနေရသည်။ အလူးအလဲဖြစ်သည်။

ဒုတိယနှစ်တွင်လည်း မသက်သာ။ သို့ရာတွင် ပထမနှစ်၏ အတွေ့အကြုံ ကို ပြန်ပြောင်းသုံးသပ်၍ ပြုံးနိုင်လာသည်။ ဗိုလ်လောင်းပီသစ ပြုလာပြီဖြစ်၍ ပထမနှစ်သမား ရောက်ခါစ ဗိုလ်လောင်းအသစ်စက်စက်များကို ကူညီ၍ ပြုပြင် စောင့်ရှောက်ရသည်။ သူတို့လေးတွေ သွားလာနေထိုင်ပုံ အရုပ်သားဆန်နေသည်။ ပုံပန်းမကျ။ ကြည့်မရ။ ဒို့တုန်းကလိုပါပဲလားဟု ပြုံးရသည်။

ဗိုလ်လောင်းဘဝအကြောင်း ရေးပြစမ်းပါဟု ကျွန်တော်မှာသောကြောင့် ကျောင်းဆင်း ဒုတိယဗိုလ် သားမောင်စစ်သည်က ရှေ့တန်းတစ်နေရာမှအောက်ပါ ကဲ့သို့ သူတို့၏ ပထမနှစ်ကို သရုပ်ဖော်လေသည်။

စစ်ဝတ်စုံများ ရခဲ့စဉ်က ပျော်ရသလောက် တကယ်တမ်း ဝတ်ကြရသောအခါ စိတ်ဓာတ်ကျရပြန်သည်။ စစ်ဝတ်စုံကို ထင်သလို မဝတ်ရ။ ဗိုလ်လောင်းများအား အမှားအယွင်းမခံ။ သံခမောက်ဆောင်းရာတွင် မေးသိုင်းကြိုးအလျှော့အတင်းကွင်းက ဘယ်ဘက်ပါးတွင် ရှိရ၏။



www.burmeseclassic.com

www.burmeseclassic.ocm



စစ်အင်္ကျီ၊ ဘောင်းဘီတွင် ချည်မျှင်တစ်စမျှ ထွက်မနေစေရ။ ဖိနပ်ကြိုးထိုးရာတွင် ကြိုးမှာ ခြေသန်းဘက်က အပေါ်မှ ထိုးရ၏။ ဖိနပ်ဦးများကိုလည်း ဖွမ်းကို ရေဆွတ်ပြီး ဖိနပ်ဆေးအနည်းငယ်နှင့် ပြောင်လက်နေအောင် တိုက်ရ၏။ ဖိနပ်တိုက်ကောင်းသော ရဲဘော်အချို့က မိမိတို့ဖိနပ်များကို မှန်ထက်ပင် ပြောင်အောင်တိုက်နိုင်ကြ၏။

ကျောင်းပိတ်ရက်မှအပ နေ့စဉ် နံနက် ၇ နာရီ ၁၅ မိနစ် တွင် စစ်ဝတ်စုံဝတ်ဆင်ပြီး တပ်ခွဲအလိုက် တန်းစီကာ ကတိသစ္စာ ဆိုကြရသည်။ ပထမတွင် သစ္စာဆိုရာတွင် မရသူမရ၊ မှားသူမှား မကြာခဏ အပြစ်ပေးခံကြရ၏။ သစ္စာဆိုပြီးလျှင် နှစ်ကြီး ဗိုလ်လောင်းများက စစ်ဆေး၏။ သံခမောက်တွင် မှန်ကပ်နေလျှင်၊ အင်္ကျီလက်မောင်းအခေါက် လက်လေးလုံးမပြည့်လျှင်၊ လက်လေးလုံးထက် ပိုနေလျှင်၊ ကြယ်သီးပြုတ်နေလျှင်၊ ခါးပတ်ဆေးတိုက်လိုနေလျှင်၊ ဖိနပ်မပြောင်လျှင်၊ ဖိနပ်ကြိုးထိုးမှားနေလျှင်၊ သတိအနေအထား မမှန်လျှင်၊ အားမာန်တက်ကြွမှုနည်းလျှင်၊ မျက်စိကစားလျှင် အပြစ်ပေးခံရ၏။ ချွေးပြိုက်ပြိုက်ကျအောင်ပြေးရ၏။ အပြစ်ရှာ၍ ပေးသည်ဟုပင် ထင်မှတ်စရာ ဖြစ်လာ၏။ ရှိစုမဲ့စု ဆံပင်တိုတို ဆီမလိမ်းမဖြီးလို့ဟု ဆိုကာ အပြစ်ပေး၏။ လက်သည်းမညှပ်လို့၊ အချိန်မှန်ရေမချိုးလို့ အကြောင်းမျိုးစုံ၏။ ရဲဘော်အချို့ဆိုလျှင် တန်းစီခါနီးမှ ဆံပင် ဆီမလိမ်းရသေး၍ ကပျာကယာ တံတွေးဖြင့် လိမ်းကြရ၏။ ရေနီးလျှင် လက်ကို ရေဆွတ်၍ ပွတ်လို့ရသေး၏။ တီထွင်မှုစွမ်းရည် အပြည့်ရခဲ့ကြသည်။

နံနက်တန်းစီ ခရာမှုတ်ပြီဆိုလျှင် ရဲဘော်တိုင်း ငိုရမလို၊ ရယ်ရမလို တထိတ်ထိတ် ရှိခဲ့ရ၏။ တန်းဖြုတ်မှ စိတ်ချရ၏။ စစ်ဝတ်ဝတ်လေ့မရှိခဲ့၍ ဖိနပ်ပေါက်သူပေါက်၊ ခြေသည်းပုပ်သူပုပ်၊ ကော်ဖြင့်တောင့်သော စစ်ဝတ်ထူထူကို ဝတ်နေရ၍ ကော်ရှသူရှ၊ ယားနာပေါက်သူပေါက်၊ လမ်းသွားလျှင် ကွတတ။ အကြောင်းသိသူ တစ်ဦးအဖို့ ဗိုလ်လောင်းတစ်ဦးကို ကြည့်လိုက်ရုံမျှနှင့် သူက ပထမနှစ်ဗိုလ်လောင်း၊ သူက ဒုတိယနှစ်၊ သူက တတိယနှစ် စသည်ဖြင့် ခွဲခြားမြင်နိုင်၏။

အလုပ်ဆိုလျှင် ပထမနှစ်သမားမနားရ။ သူမပါလျှင် မပြီး။ နောင်တော်ကြီးများအတွက် နံနက်တိုင်း အလှည့်ကျ သောက်ရေခပ်ပေးရ၏။





မိမိအခန်းတွင် အိပ်ဆောင်ပတ်ဝန်းကျင်ကိုလည်း နံနက်တိုင်း သန့်ရှင်းရေးလုပ်ရ၏။ ပန်းအိုးများကို ထုံးသုတ်ရ၏။ အိပ်ဆောင်ကို ရေနံသုတ်ရ၏။ အိမ်သာကို မရွံမရှာဆေးကြောရ၏။ ထုံးဖြူးရ၏။ ကြမ်းတိုက်ရ၏။ ပြတင်းမှန် တိုက်ရ၏။

အိမ်မှာတုန်းက မိမိတို့အိပ်သည့် အိပ်ရာခြင်ထောင်ကို တောင်မှ အမေက တင်ပေးခဲ့သည့် ဘဝများမှလာသော ကျွန်တော်တို့အဖို့ ဒီလို အလုပ်မျိုးတွေကြောင့် စိတ်နာသလို ရှိခဲ့ကြ၏။

ကျွန်တော့်အပတ်တွင် ဗိုလ်လောင်း ၉၅ ယောက် ဝင်ပါသည်။ သူတို့အား တစ်ဦးချင်း မေးပါ။ မှန်သောစကားကို ဆိုရလျှင် ပထမနှစ်တွင် စစ်တက္ကသိုလ်ကို စိတ်မနာသူ မရှိ။ ငိုကြ၊ ရယ်ကြမဟုတ်ပါ။ ငိုရသည်သာ ရှိပါ၏။ ည ၉ နာရီ ၃၀ မိနစ်တွင် အိပ်ချိန်ခရာ မှုတ်လျှင် ကိုယ်စီ မီးမှိတ်၊ ခြင်ထောင်ချပြီး လွမ်းကြ၊ ဆွေးကြ၊ ကျိတ်၍ ငိုကြပါတော့သည်။ နောင်တော်ကြီးများ ရှေ့တွင် မငိုရဲ။ ကြားအောင်ပင် မရှိုက်ရဲ။ သူတို့ကလည်း ပျော်ကြရဲ့လားလို့ ကျွန်တော်တို့အား မေးသည်။ ပျော်ပါသည်ဟု သတိအနေအထားရိုက်ပြီး ဖြေလိုက်ရသည်။ မပျော်ပါ။ မပျော်ဟု မှန်မှန်မပြောရဲ။ မပျော်ကြောင်းကို နောင်တော်ကြီးများ သိကြပါသည်။ သူတို့သည်လည်း ပထမနှစ်တွင် ကျွန်တော်တို့ကဲ့သို့ပင် ရုန်းကန်၍ တက်လာခဲ့ကြရသည်။ သူတို့သည်လည်း ငိုဖူးသည်။

## ၂

သားကြီး၏ စစ်တက္ကသိုလ် ပထမနှစ်အကြောင်း စာကို ဖတ်ရသောအခါ ကျွန်တော် ဗမာ့ကာကွယ်ရေး တပ်မတော်သို့ ရဲဘော်တစ်ဦးအဖြစ် ဝင်ရောက်စဉ်က အဖြစ်အပျက်တို့ကို တစ်ကွက်ပြီး တစ်ကွက် မြင်ယောင်လာမိသည်။ ဟိုတုန်းကနှင့် ယခု အခြေခံသဘောတွင် မထူးခြားချေ။ စစ်သားတစ်ယောက် ရောက်လာလျှင် သူ့ကို ပုံသွင်းပုံ၊ စိတ်ဓာတ်သွင်းပုံချင်း တူသည်။ အရပ်သားမှ ရဲဘော်သို့ ဘဝကူးရပုံချင်း တူသည်။

ဗမာ့ကာကွယ်ရေး တပ်မတော်တွင် ဗိုလ်ချုပ်အောင်ဆန်းမှ ရဲဘော်များအထိ ခေါင်းဝုံးပြောင်ပြောင် တုံးကြသည်။ သားမောင်စစ်သည်တို့လောက်မှ ခေါင်းတုံးဆံတောက် မရှိ။ သို့ရာတွင် စစ်ထဲဝင်ချင်လွန်း၍ ကျွန်တော်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.ocm



မဝင်ခင်ကပင် ခေါင်းတုံးထားသည်။ ဒီတစ်ခါတော့ စေတနာပါပါ ဆံလှူလိုက်ခြင်း ဖြစ်သည်။ ရဲဘော်ဖြစ်လာသောအခါ အစိမ်းရင့် ဆိုးထားသော ပင်နီဖျင်ကြမ်းစစ်ဝတ်စုံ ယူနီဖောင်းကို ဝတ်ဆင်ရသည်။ ကက်ဦးထုပ် ပျော့ပျော့သည် ယခု တပ်မများတွင် ဝတ်ဆင်ကြသော ကက်ဦးထုပ်နှင့် ဆင်ဆင်တူသည်။ ကျွန်တော်တို့က ဒေါင်းတံဆိပ် တပ်သည်။

သားကြီးတို့လို ဖိနပ်ကိုပြောင်အောင် တိုက်ရန်မလို။ သားရေကြမ်းဖြင့် ချုပ်သော ဖိနပ်အညိုရောင်ဖြစ်၍ အမဲဆီလူးပေးလျှင် ပြည့်စုံသည်။ သားရေမကောင်း။ လေ့ကျင့်ရေးဆင်းပြီး နှစ်လလောက်ဆိုလျှင် ချုပ်ရိုးမှ ပြဲသည်။ ဘောင်းဘီဖျင်ကြမ်းကလည်း ကြာကြာမခံ။ သင်တန်းကြမ်းကြမ်းဆင်းရ လေမြန်မြန်ပြဲလေ ဖြစ်သည်။ ပြဲပြန်လည်း အရေးကြီးသော နေရာများမှ စ၍ပြဲသည်။ ခါးပတ်၊ အင်္ကျီ၊ ကြယ်သီးတို့ကို အရောင်တင်ရန် မလို။ အရောင်တင်ဆေးမရှိ။ ကြယ်သီးများကလည်း အရိုးဖြင့်ပြီးသည်။ ခါးပတ်တွင် လုံချွပ်ကို ချိတ်ဆွဲရသည်။ အကြပ်အရာရှိဖြစ်လျှင် ဓားရှည်ချိတ်သည်။ လုံချွပ် ချိတ်ရသည်ကိုပင် ကျွန်တော်တို့ကကြွားဝင့်လျက်။

နံနက်စောစော ကျန်းမာရေး လေ့ကျင့်ရသည်။ တန်းစီရသည်။ တပ်မတော်သား၏ အဓိဋ္ဌာန်ကို ဆိုရသည်။ အော်၍ ဆိုရသည်။ ဆောင့်၍ ဆိုရသည်။ ဂျပန်နည်း။ ပြီးလျှင် တာဝန်ခံ တပ်ကြပ်က ဖြစ်စေ၊ အရာရှိက ဖြစ်စေ တရားဟောသည်။ စိတ်ဓာတ်သွင်းသည်။ စည်းကမ်းအကြောင်းပြောသည်။ တစ်ခါတစ်ခါ တပ်ရင်းမှူးက တပ်ရင်းလိုက် တန်းစီ၍ ဟောသည်။

ကျွန်တော်တို့ကို စ၍ ပုံသွင်းပုံတစ်ရပ် မှတ်မိသေးသည်။

ခပ်ထန်ထန် အရာရှိတစ်ယောက်က တန်းစီထားသော ကျွန်တော်တို့အား ဟောပြောပြီးလျှင် မင်းတို့ထဲမှာ ကောလိပ်ကျောင်းသားတွေ ပါသလား လက်ထောင်ဟု မေးသည်။ ကျွန်တော်တို့ ၂ ယောက်၊ ၃ ယောက် လက်ထောင်ကြသည်။ ဝါကြွားလို၍ မဟုတ်။ အမှန်ကို ဖြေကြားခြင်းသာဖြစ်ပါသည်။ လက်မထောင်မိဘဲ နောက်မှပေါ်လျှင် အပြစ်ပေးခံနေရမည်။ အရာရှိက ကျွန်တော်တို့အား ရှေ့နှစ်လှမ်း တိုးခိုင်းသည်။ ပြီးလျှင် ဆဲရေးတိုင်းထွာ ဆူပူပါလေတော့သည်။ မင်းတို့ကိုယ် မင်းတို့ ကောလိပ်ကျောင်းသားတွေဆိုပြီး လူဝါးမဝနဲ့။ ဒါကောလိပ်ကျောင်း မဟုတ်ဘူး။ တပ်မတော်။ ကောလိပ်ကျောင်းသားမို့ ရာထူးတိုးမယ်မထင်နဲ့ စသည်ဖြင့် စုံလို့။ ကျွန်တော်တို့ကလည်း ရာထူးလိုချင်လို့





ဝင်လာသူများ မဟုတ်ကြ။ ရာထူးလိုချင်လျှင် အတွင်းဝန်ရုံးဘက်သွားပြီး မြို့အုပ်လျှောက်မှာပေါ့။ မြို့အုပ်၊ ဝန်ထောက်လျှောက်လွှာ နေ့စဉ် တင်နေကြသူတွေ အတွင်းဝန်ရုံးတွင် လျှောက်လွှာကိုယ်စီကိုင်၍ စောင့်နေကြသည်ကို မြင်ဖူးသား။

အရာရှိက ဆဲရေး တိုင်းထွာရုံနှင့် အားမရ။ ကျွန်တော်တို့အား ကွင်း ၂ ပတ် ပြေးခိုင်းသည်။ နောင်တွင် အလုပ်ရှိလျှင် အပင်ပန်းဆုံး၊ အညစ်ပေဆုံး အလုပ်ကိုသာ ပေးသည်။ အိမ်သာကျင်း တူးခိုင်းသည်။ ထမင်းပုံး ထမ်းခိုင်းသည်။ ကျွန်တော်တို့ သည်းခံကြပါသည်။ ရဲဘော်ဘဝသည် သက်သာမည်ဟု မထင်ခဲ့ပါ။ ကျောင်းတစ်လုံး အဆုံးခံပြီး ဝင်လာပြီးမှ ဘာလုပ်ရလုပ်ရ၊ စစ်သားလုပ်နေရတာကိုပင် ဂုဏ်ယူသည်။ အရာရှိသည်လည်း လူဆိုးမဟုတ်ပါ။ အမှန်မျိုးချစ်စိတ်ထက်သန်သူ တစ်ဦးဖြစ်ပါသည်။ လာသမျှ ရဲဘော်သစ်များကို ဤနည်းအတိုင်း သူပုံသွင်းခဲ့ကြောင်း နောက်မှ သိရပါသည်။ ကျွန်တော်တို့ ပုံကျပန်းကျ ဖြစ်လာသောအခါ ကြင်နာလေးစားစွာ ကျွန်တော်တို့အပေါ် သူဆက်ဆံလာပါသည်။ ကျွန်တော်တို့ကလည်း သူ့စေတနာကို လေးစားကြပါသည်။ ကောလိပ်ကျောင်းသားများလည်း ဖွဲ့ရှိသည်၊ တိုင်းပြည်ကို ချစ်တတ်သည်ဟု ကျွန်တော်တို့ ပြလိုက်ရသည့်အတွက် ဝမ်းသာရပါသည်။

မကြာမီ ကျွန်တော် တပ်ကြပ်ရာထူး ရပါသည်။ ယခု မြေနီကုန်းဘောလုံးကွင်း ရှိရာကွင်းထဲ၌ ကျွန်တော်တို့ တပ်ချသည်။ ထောက်ပံ့ရေးတပ်ခွဲဖွဲ့၍ ရဲဘော်များကို လေ့ကျင့်သင်ကြားကြသည်။ တာဝန်ခံ တပ်ကြပ်အဖြစ်အလှည့်ကျလျှင် စိတ်ဓာတ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးအတွက် ကျွန်တော်ဟောပြောရသည်။ ဒီစကားတွေကိုပဲ ပြောသည်။ ဒီအဓိဋ္ဌာန်ကိုပဲ ဆိုသည်။ သို့ရာတွင် တစ်စတစ်စဖြင့် စိတ်ဓာတ်သဘောတရားစိမ့်၍ ဝင်သည်။ မြန်မြန်ဆောင့်၍ အော်၍ ဆိုရသော သစ္စာစကားတို့သည် ဖွဲ့မြဲသွားသည်။ ယုံကြည်ချက်ခံယူချက် ဖြစ်လာသည်။ ဗမာ့ကာကွယ်ရေး တပ်မတော်တွင် လူတန်းစားအလွှာအသီးသီးမှ လူငယ်များပါကြသည်။ မတူသောဘဝများမှ လာကြသည်။ သို့ရာတွင် စိတ်စေတနာ ညီလာသည်။ စည်းကမ်းသေဝပ်မှု ကောင်းသည်။ အရည်အချင်း ထက်မြက်သည်။

တပ်မတော် ငယ်ရွယ်နုပျိုသည်။ သေနာပတိ ဗိုလ်ချုပ်အောင်ဆန်းသည်ပင် အသက် ၂၈ နှစ်လောက်သာ ရှိသေးသည်။ ဦးစီးမှူးများ ဖြစ်ကြသော



www.burmeseclassic.com

www.burmeseclassic.ocm



ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီး လက်ျာ၊ ဗိုလ်မှူးကြီး စကြာတို့က သူ့ထက်နှစ်အနည်းငယ်သာ ကြီးသည်။ ဗိုလ်ဇေယျ၊ ဗိုလ်ရန်နိုင် စသူတို့ကား ငယ်ကြသည်။ တပ်ရင်းမှူးဗိုလ်ကြီးများကား ၂၀ ကျော် အစိတ်အရွယ်များ ဖြစ်သည်။ တပ်ခွဲမှူး၊ တပ်စုမှူးတို့က ထိုထက်ငယ်ကြသည်။ တပ်ရင်း သုံးရင်းမျှဖြင့် ပြန်လည်ဖွဲ့စည်းရသော ဗမာ့ကာကွယ်ရေးတပ်မတော်သည် နိုင်ငံ၏လူငယ်များဖြင့်သာပြည့်သည်။ တက်ကြွနုပျိုသော တပ်ဖြစ်သည်။ တပ်ရင်းသုံးရင်းရှိရှိ၊ လေးရင်းရှိရှိ အမျိုးသားတပ်မတော်ဖြစ်သည်။ တိုင်းရင်းသားများ ဦးဆောင်၍ တိုင်းရင်းသားများသာပါဝင်သော တပ်မတော်ဖြစ်သည်။ မဟာဗန္ဓုလတို့ စစ်ချီပြီးနောက် တိမ်မြုပ်ဝပ်လျှိုးလာခဲ့ရသော မြန်မာ့စစ်သွေး စစ်မာန်ကို ပြန်လည် ရှင်သန်စေသော တပ်မတော် ဖြစ်သည်။

ရဲဘော်၏ဘဝသည် မလှ။ ကျွန်တော်တို့သည် ကပ်မိုးကပ်ကာ ဝါးတန်းလျားများတွင် နေ၍ ဝါးခုံတန်းရှည်ပေါ်တွင် စီ၍ အိပ်ကြသည်။ နံနက်စာသည် ဆန့်ပြုတ်ကျဲကျဲနှင့် ဆား။ ပေါများသော အခါများတွင် ဆန်ပြုတ်ကျဲကျဲနှင့် ကြံသကာ အချိုမှုန့်။ စစ်လေ့ကျင့်ခန်းများ ကြမ်းသည်။ ဘယ်လှည့် ညာလှည့်၊ သေနတ်ထမ်း၊ သေနတ်ချမှ တပ်စိတ်တိုက်ပွဲ၊ တပ်စုတိုက်ပွဲ၊ မြေကြီးပေါ် မိကျောင်းသွား တွားတက်ခြင်း၊ လှံစွပ်ထိုးခြင်း စုံလင်သည်။ မိကျောင်းသွားတက်လျှင် အင်္ကျီ၊ ဘောင်းဘီ စုတ်ပြဲသည်။ တံတောင်ဆစ်တွေ၊ ဒူးတွေ ပေါက်ပြဲသည်။ ဒါတွေကို ကျွန်တော်ခံနိုင်သည်။ ချိန်မှတ်လျှောက်ဆိုသည့် ခြေထောက်ကို မြှောက်၍ ပေါက်၍ လျှောက်နည်းမျိုးကို ကျွန်တော်မရ။ ခဏခဏ ကျင့်ရသည်။ တစ်ယောက်တည်းလည်းကျင့်ရသည်။ ကျွန်တော် ဘဲသွားသွားသည်ဟု သင်တန်းဆရာက ဆိုသည်။

သင်တန်းဖြုတ်၍ ပြန်လာသောအခါ ရေချိုးအဝတ်လျှော် လုပ်ကြရသည်။ တပ်သန့်ရှင်းရေး လုပ်ကြရသည်။ ထမင်းနှင့်ပဲဟင်း စားကြရသည်။ ဟင်းမကောင်း။ သို့ရာတွင် ငယ်ရွယ်သေး၍၊ ပင်ပန်း၍ စားဝင်သည်။ အစာကြမ်းများကို ကြေချက်နိုင်သည်။ အပြင်သွားဝယ်စားစရာ ငွေမရှိ။ ရဲဘော်တစ်ယောက်တစ်လလျှင် ခုနစ်ကျပ်၊ ဟိုတုန်းကအခေါ် ခုနစ်ဒေါ်လာရသည်။ ဂျပန်ငွေစက္ကူတန်ဖိုး တဖြည်းဖြည်းကျဆင်းသဖြင့် ထိုလစာဖြင့် ဘာမျှ ဝယ်မရ။

ထောက်ပံ့ရေး တပ်ခွဲနှင့် စစ်ဝန်ကြီးရုံး နီးသည်။ ဦးဝိစာရ လမ်းပေါ်မှ ကုန်းမြေမြင့်ထိပ် နှစ်ထပ်သစ်သား အိမ်ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးစီး





အရာရှိကြီးများ ရုံးစိုက်ကြသည်။ ပတ်ဝန်းကျင် မြေနိမ့်ပိုင်းတွင် ဝါးတဲတန်းရှည်များ ထိုးထားသည်။ ထိုတဲများသည် ဌာနကြီးများ၏ ရုံးခန်းများဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဦးစီးမှူးကြီးများကို တွေ့ဆုံရတာ လွယ်သည်။ “ဝင်ခွင့်ပြုပါ”ဟု အပေါက်ဝက သံကုန်ဟစ်၍ ဝင်သွားလျှင်ရသည်။ ထည်ထည်ဝါဝါ မနေကြ။ ရဲဘော်စိတ် အပြည့်အဝထားကြသည်။ နေ့လယ် ထမင်းစားချိန်တွင် တန်းလျားရှည်တွင် ဗိုလ်ချုပ်၊ ဗိုလ်မှူးကြီးများ၊ ဗိုလ်၊ တပ်ကြပ်များ အတူစားကြသည်။ ဟင်းတစ်ခွက်၊ ငါးပိရည်၊ တို့စရာ စသည်တို့ ဖြစ်သည်။ ကောင်းလှသည် မဟုတ်သော်လည်း မျှတသည်။ အားလုံးထမင်းအတူ၊ ဟင်းအတူ စားကြရသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ဟိတ်ဟန်မပါ။ ကိုယ်ရံတော်မခေါ်၊ တစ်ယောက်တည်း ဝင်လာတတ်သည်။ သူရောက်ပြီးမှ ဗိုလ်မှူးကြီးများ မရောက်လာသေးလျှင်၊ “ဗိုလ်နေဝင်းကော၊ ဗိုလ်လက်ျာကော” စသည်ဖြင့် မေးမြန်းတတ်သည်။ စောင့်ပြီးစုံမှ စားတတ်သည်။ စစ်ဝန်ကြီးရုံးသို့ ပစ္စည်း၊ ငွေထုတ်ဖို့သွားသည့်အခါများတွင် ကျွန်တော် ထမင်း ဝင်၍ စားသည်။ တပ်မှာထက်စားမြိန်သည်။

ဗိုလ်ချုပ်အောင်ဆန်းကို ရှုသိုးသိုး၊ ဘုဘောက်ကျကျဟု ပြောကြရေးကြသည်။ ကျွန်တော် အနီးကပ်ရင်းနှီးစွာ ဗိုလ်ချုပ်ကို မသိလိုက်ရ။ သို့ရာတွင် အဝေးမှမြင်ဖူးသမျှတော့ ပြုံးပြုံးရယ်ရယ်ပါ။ အသံသြဇာကောင်းသည်။ တော်လှန်ရေး မပြီးတပြီး တစ်ခါနှစ်ခါ ဗိုလ်ချုပ်အောင်ဆန်းထံ ကျွန်တော်အစီရင်ခံရန်ရောက်ပါသည်။ ရန်ကုန်မြို့ တာဝါလိန်းရှိ ယခုဗိုလ်ချုပ်ပြတိုက် လုပ်ထားသော နေအိမ်မှာ ဖြစ်ပါသည်။ ဗမာ့တပ်မတော်၏ရှေ့ရေး၊ မြန်မာနိုင်ငံရေး၊ မရေမရာရှိသည်။ စစ်ပြေးအင်္ဂလိပ်အစိုးရ ပြန်ရောက်လာပြီ။ အင်္ဂလိပ်နှင့်အတူ လိုက်ပါသွားခဲ့သော နိုင်ငံရေးသမားကြီးများလည်း အတူပါလာပြီ။ တာဝါလိန်းတွင် လူမစည်သေး။ ဗိုလ်ချုပ်အောင်ဆန်းက ကျွန်တော်၏ အစီရင်ခံချက်ကို နားထောင်ပြီးနောက် သုံးနာရီနီးပါး ထွေရာပြောကြားပါသည်။ ရယ်လိုက်မောလိုက်၊ နောက်ကိုပြန်၊ ရှေ့ကိုမျှော်၊ ပစ္စုပ္ပန်ကိုသုံးသပ် နားထောင်လို့ ကောင်းသည်။ သူ၏နိုင်ငံရေးခန့်မှန်းချက်များ မှန်ကြောင်း နောက်ပိုင်းဖြစ်ရပ်များက ထုတ်ဖော် ပါသည်။ ထမင်းစားချိန်ရောက်သော် ကျွန်တော့်အား အတူစားစေပါသည်။ ကန်စွန်းရွက်ကြော် တစ်ခွက်၊ ဟင်းချိုတစ်ခွက်၊ ငါးပိရည်၊ တို့စရာတို့သာ ဖြစ်ပါသည်။ ဗိုလ်ချုပ်က တင်းတိမ်ရောင့်ရဲစွာ စားပါသည်။ နောက်သုံးလေးလ ကြာသောအခါ



www.burmeseclassic.com

www.burmeseclassic.ocm



ဗိုလ်ချုပ်သည် ဖဆပလ၏ခေါင်းဆောင်၊ စည်းလုံးညီညွတ်သော အမျိုးသားအင်အားစုကြီး၏ ခေါင်းဆောင်အဖြစ် ပြတ်သားထင်ရှားစွာ ပေါ်လာပါသည်။ စစ်ပြေးနိုင်ငံရေးသမားကြီးများက သူ့ကို မယှဉ်နိုင်ကြတော့ပါ။ သူ့ကို လူငယ်တစ်ဦးပဲ၊ သခင်ပေါက်စ တစ်ယောက်ပဲဟု မထီမဲ့မြင်ပြုခဲ့မိသည့် အမှားကို အဖတ်မဆယ်နိုင်ကြတော့ပါ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်း၏ တာဝါလိန်းနေအိမ်သည် စည်ကားလာပါသည်။ ဗိုလ်ချုပ်၏ အချိန်သည် သူ့မိသားစုနှင့် သူ့အတွက် မဟုတ်တော့ပါ။ အေးအေးဆေးဆေး ရယ်ရယ်မောမော နေနိုင်ခွင့် သူ့တွင် မရှိတော့ပါ။

စစ်ဝန်ကြီးရုံး ဌာနကြီးမှူးအချို့နှင့် ကျွန်တော်ရင်းနှီးခဲ့ပါသည်။ တစ်ဦးမှာ စစ်ဥပဒေချုပ် ဗိုလ်ကြီးဘစိန် ဖြစ်ပါသည်။ ဗိုလ်ဘစိန်သည် အရပ်ပုပု တုတ်တုတ်ခိုင်ခိုင် ဖြစ်ပါသည်။ သူ့ဓားရှည်ကြီး မြေနှင့်ထိနေ၍ လမ်းသွားလျှင် ချိတ်ဆွဲ၍မရ။ လက်တွင်ကိုင်ရသည်။ စစ်ဥပဒေဌာနတွင် အလုပ်များများ မရှိ။ အမှုမရှိ။ အမှုပေါ်ပေါက်လျှင် စစ်ဆေးရန် ဥပဒေလည်း မရှိ။ အပြည်ပြည်ဆိုင်ရာ ဥပဒေစာအုပ် ဟောင်းကြီးတစ်အုပ်ကို ဗိုလ်ကြီးဘစိန် ရှာဖွေရရှိထားလေသည်။ ထိုစာအုပ်ကြီးကို ဖတ်တုန်းရှိသေးသည်။ ဖတ်ပြီးလျှင် ဆီလျော်ရာမှ ထုတ်နုတ်ပြန်ဆိုမည်။ စစ်ဥပဒေရေးမည်။ ရေးပြီးလျှင် မှုခင်းရှိလျှင် စစ်မည်။ ယခုတော့ အမှုဖြစ်ချင်ဦးတော့ အောင့်အည်းထားကြ၊ စောင့်ဆိုင်းကြရမည်။

စစ်ရဲဌာနကြီးမှူး ဗိုလ်ကြီးလှမိုး၏ ရုံးခန်းသည် ဗိုလ်ကြီးဘစိန်၏ ရုံးခန်းနားတွင်ရှိသည်။ သူ့ကိုလည်း ကျွန်တော်မကြာမကြာတွေ့လိုက်ရသည်။ ကျောင်းဆရာဘဝမှ သူလာသည်။ လူရိုးလူအေးကြီးဖြစ်သည်။ တော်လှန်ရေးအစတွင် ဂျပန်လက်သို့ သူကျရောက်ကာ သေဆုံးရရှာသည်။

စစ်ဝန်ကြီးရုံးတွင် စစ်ပန်းချီဌာန ရှိသည်။ ထားဝယ်သား ပန်းချီဆရာကြီး ဦးငွေကိုင်၊ ဦးခင်မောင်၊ အမ်တင်အေး၊ ကိုမြတ်ကျော်၊ ကိုအောင်ညွန့် စသူတို့သည် တပ်မတော်သမိုင်းကို ရောင်စုံဆီဆေးဖြင့် မှတ်တမ်းတင်နေကြသည်။ ဦးငွေကိုင်သည် စစ်ဝတ်စုံမဝတ်။ စွပ်ကျယ် ဟောင်းဟောင်းပေပေ စုတ်စုတ်ကို ဝတ်၍၊ လုံချည်တိုတို ခါးတွင်ဆီး၍ တကုပ်ကုပ်ဆွဲသည်။ ဆေးပြင်းလိပ်တိုတို အမြဲခဲထားသည်။ သူတို့စုတ်တံမှပေါ် ထွက်လာသော ရွှေတောင်တိုက်ပွဲစသော ပန်းချီကားတို့သည် အသက်ပါသည်။ အချက်အလက်မှန်တို့ကိုလည်း တိတိကျကျ





ဖော်ထုတ်ထားသည်။ တော်လှန်ရေးအတွင်း ယင်းပန်းချီကားကြီးများ ပျောက်သွားသလား၊ ပျက်စီးသလား မပြောတတ်။ အလွန် နှမြောစရာကောင်းသည်။

ဗိုလ်မှူး ဖိုးကွန်းက ပညာရေးဌာနကြီးမှူးဖြစ်သည်။ ဒေါ်ခင်မျိုးချစ်၊ ဦးဘသန်း၊ ဦးဘို၊ ကိုအောင်ကျော်မြင့် စသူတို့က ဌာနတွင် စာတည်းစာပြုအရပ်သားအရာရှိများ ဖြစ်ကြသည်။ ဒေါ်ခင်မျိုးချစ်က ဘောင်းဘီဝတ်၍ ရုံးတက်သည်။ ဟိုတုန်းကဘောင်းဘီဝတ် အမျိုးသမီးများများ မရှိသေး။

ထောက်ပံ့ရေးဌာနကြီးမှူးသည် ဗိုလ်ဝင်းဖြစ်သည်။ လက်ထောက် စစ်ထောက်ချုပ်သည် ဗိုလ်သိန်းဝင်းဖြစ်သည်။ ဗိုလ်တင်က စစ်လက်နက်၊ ဗိုလ်ဘဟန်က စစ်မြေပုံဌာနများကို အသီးသီးဦးစီးကြသည်။ နောက်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးနေဝင်း စသော ခေါင်းဆောင်များ စည်းရုံးခေါ်ယူသဖြင့် ဦးသိဟန်၊ ဦးလှအောင်၊ ဦးထွေးမောင်၊ ဦးထွန်းအုံ စသောပုဂ္ဂိုလ်များ တပ်မတော်ထဲသို့ ဗိုလ်ကြီး၊ ဗိုလ်မှူးရာထူးများဖြင့် ဝင်ရောက်လာကြသည်။

စစ်ဝန်ကြီးရုံးသို့ မကြာမကြာ နယ်မှတပ်မှူးများ၊ အရာရှိများ ရောက်လာသည်။ သူတို့က ရုံးထိုင်အရာရှိများကို အထင်အမြင်သေးတတ်ကြသည်။ စစ်မတိုက်တတ်သူများ၊ မတိုက်ရဲသူများ၊ စားပွဲကုလားထိုင်သမားများဟု ခေါ်တတ်သည်။ သူတို့လိုချင်သော ပစ္စည်းစသည်ကို လိုချင်သည့် အချိန်၌မရလျှင် စားပွဲကို လက်သီးနှင့်ထုခြင်း၊ ဆူပူကြိမ်းမောင်းခြင်း ပြုတတ်ကြသည်။ ဆူလို့ပူလို့ အားရလျှင် မြို့ထဲထွက်လည် စားသောက်ကာ ပြဇာတ်ပွဲဝင်ကြည့်ကြသည်။

ဂျပန်နှင့်တူအောင် ဝတ်စားဆင်ယင်ကြသော မြန်မာစစ်ဗိုလ်များ ရှိခဲ့ကြသည်။ ရေညှိရောင်အစိမ်းရင့် သက္ကလတ်အင်္ကျီ၊ မြင်းစီးဘောင်းဘီပွပွ၊ ခြေသလုံးဖုံးသော သားရေဖိနပ်ရှည်ကြီး၊ ခါးတွင် ဂျပန်ဓားရှည်၊ ဂျပန်စစ်ဗိုလ်တို့ လွယ်လေ့ရှိကြသော သားရေလွယ်အိတ်ကို ပခုံးတွင်လွယ်သည်။ အများစုသော ရဲဘော်၊ တပ်ကြပ်၊ ဗိုလ်များသည်ကား ရရာစစ်ဝတ်ကို ဝတ်ဆင်ကြရသည်။ ပင်နီဖျင်ကြမ်းနှင့်သာပြီးသည်။ ပျော်ဘွယ်မြို့တွင်လုပ်သော ဂျပန်ဓားပုံ မြန်မာဓားရှည်ကို ချိတ်ကြသည်။ ငှက်ကြီးတောင် ဓားကြီးကိုလည်း ချိတ်ကြသည်။ ယခုခေတ်တွင် စစ်ဗိုလ်များဓားရှည်မချိတ်ကြတော့ပြီ။ ပေါ့ပါးနိုင်သမျှ ပေါ့ပါးအောင် ဝတ်ဆင်ကြသည်။ ခေတ်၏ လက်နက်သေနင်္ဂဗျူဟာနှင့် ကိုက်ညီအောင် ဝတ်ဆင်ရသည်။ စစ်အတွင်းကမူ ဗမာ့တပ်မတော်သားများ ခါးတွင် လုံ့ခွပ်နှင့်



www.burmeseclassic.com

www.burmeseclassic.ocm



ဓားရှည်နှင့်။ မြင်းစီးဘောင်းဘီပွပွကို ခြေပတ်ဖြင့် စုစည်း၍ သွက်လက်ခဲ့ညားသည် ထင်ရသည်။

## ၃

တပ်မတော်သားဖြစ်မှ ကျွန်တော် ကိုယ့်နိုင်ငံကို ပိုမိုနှံ့စပ်အောင်ရောက်ပေါက်ရသည်။ ဟိုတစ်ခေတ် အင်္ဂလိပ်တို့၏ နေမဝင်အင်ပါယာ ကမ္ဘာလွှမ်းခဲ့စဉ်က သူတို့နိုင်ငံတွင် ဆိုရိုးစကား ရှိခဲ့သည်။ ကမ္ဘာကို မြင်ဖူးချင်လျှင် ဘုရင့် ရေတပ်မတော်သို့ဝင်။ စစ်အတွင်းတွင် ကိုယ့်နိုင်ငံအကြောင်းကို သိလိုလျှင် ဗမာ့တပ်မတော်သို့ဝင်ဟု ဆိုရမလိုဖြစ်လေသည်။

မရောက်ဖူးသောနေရာများသို့ ရောက်ရသည်သာ မဟုတ်သေး။ အမြို့မြို့ အရွာရွာ ဒေသမျိုးစုံမှ တိုင်းရင်းသားများနှင့် အတူအိပ်၊ အတူစား၊ အတူသွား၊ အတူအမှုထမ်းရသည်။ ရေး၊ မြိတ်၊ ထားဝယ်မှ အသံဝဲဝဲ ရဲဘော်များနှင့်လည်း ဆုံရသည်။ စစ်တွေ၊ ကျောက်ဖြူဘက်မှ အသံလေးလေးရခိုင်သား ရဲဘော်များနှင့်လည်း နေခဲ့ရသည်။ ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်များနှင့်လည်း ရဲဘော်ဖြစ်ခဲ့ရသည်။ မြစ်ဝကျွန်းပေါ်သို့ လည်းကောင်း၊ ရှမ်းတို့ဒေသတောင်ပေါ်သို့ လည်းကောင်း၊ ပြည်၊ အောင်လံမှသည် အလယ်ပိုင်းဒေသ ချောက်၊ ရေနံချောင်းတို့သို့ လည်းကောင်း၊ ဖြူး၊ တောင်ငူ၊ ပဲခူးယ်ကုန်းတစ်ဝိုက်သို့ လည်းကောင်း ရောက်ခဲ့ရသည်။ တိုင်းရင်းသားရဲဘော်တွေ ပြောပုံ၊ ဆိုပုံ၊ အသံထွက်ပုံ ကွဲလွဲသော်လည်း ရဲဘော်စိတ်ထားတူကြသည်။ နိုင်ငံချစ်ရာတွင်တူသည်။ အမြို့မြို့အရွာရွာသည် အနေအထား၊ ရာသီဥတု၊ သီးနှံ၊ အစားအသောက်၊ လုပ်ခင်းကိုင်ခင်း ကွဲလွဲသော်လည်း တိုင်းရင်းသားတို့ နေထိုင်စုဝေးကြရာသာ ဖြစ်သည်။ ကမ္ဘာရပ်ခြား မဟုတ်ကြ။ ဤမိုးအောက်မှ ဤမြေသာဖြစ်သည်။ ကူးလူးဆက်ဆံမှု နည်းပါးခဲ့စဉ်က အင်္ဂလိပ်အစိုးရက ဤကား အောက်ပြည်၊ ဤကားအညာ၊ ဤကား သီးခြားတောင်တန်းဒေသ၊ ဤကား ရှမ်းပြည်၊ ဤကား ကရင်နီ စသည်ဖြင့် ခွဲခြားထားခဲ့စဉ်က ဝေးသည်ဟု ထင်ခဲ့ကြသည်။ ကွဲပြားသည်ဟု ထင်ခဲ့ကြသည်။ ဗမာ့တပ်မတော်က တိုင်းရင်းသားများကို ဆုံပေးသည်။ ရဲဘော်ရောင်းရင်းများ ဖြစ်စေသည်။ နိုင်ငံကို စုစည်းပေးသည်။

ကျွန်တော်တို့၏ ထောက်ပံ့ရေး တပ်ခွဲသည် တပ်ရင်းဖြစ်လာသည်။ မြေနီကုန်းစခန်းမှ ဝင်ဒါမီယာ လမ်းကုန်းမြင့်သို့ ပြောင်းရွှေ့ကြသည်။ တပ်ရင်းရုံးကို





ကုန်းမြင့်ပေါ်မှ နှစ်ထပ်တိုက်တစ်လုံး၌ ထားသည်။ ပတ်ဝန်းကျင် မြေလွတ်များပေါ်တွင် ဝါးတန်းလျားများဆောက်ကာ တပ်ရင်းကို ဖြန့်ထားသည်။ မနီ၊ ဝါးပေါသော နိုင်ငံ၊ မြေပေါသောနိုင်ငံ အဆောက်အအုံ ဆောက်ရန်မခက်ပါ။ ဟိုတုန်းက ဝင်ဒါမီယာတွင် အိမ်များများမရှိ။ ဝင်းကြီးကြီးနှင့် တိုက် ကျိုးတိုးကျဲတဲ။ ကျန်သည်တို့မှာ တောကြီးပကတိ။

တပ်ရင်းမှူး ဗိုလ်ကြီး ခင်မောင်ကလေး (မန္တလေးအမျိုးသားကျောင်းမှ ဆရာ ခင်မောင်ကလေး)သည် စိတ်ထက်သန်သည်။ အာပေါင်အာရင်းသန်သည်။ မကြာမကြာ တပ်ရင်းတန်းစီ၍ လက်ဟန်ခြေဟန်၊ မျက်နှာဟန် မျိုးစုံဖြင့် ဟောပြောတတ်သည်။ ဆရာစိတ်မပျောက်၊ ဆရာလုပ်ရမှုကြိုက်သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီး နေဝင်းတို့ထံ မကြာမကြာသွား၍ မတောင်းသောအကြံဉာဏ်များကို ပေးတတ်သည်။ သူ့ကိုဗွေမယူကြ။ နေ့စဉ်လိုလို တပ်ရင်းအမိန့်များကို သူ ထုတ်သည်။ ကြာတော့ အမိန့်စာများ ဖိုင်တွဲ တစ်တွဲစာရသည်။ အမိန့်များကို မဖတ်ကြ။ ဗိုလ်ကြီးခင်မောင်ကလေး၏ ရုံးခန်းသို့ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ရွှေ၊ ဗိုလ်ကြည်ဝင်းစသော လူဆူလူငယ်များ မကြာမကြာလာသည်။ အောင်လံ စစ်တိုင်းဘက် ဗိုလ်အောင်ကြီး၊ ဗိုလ်စိန်မှန်စသူတို့လည်းလာသည်။ လာလျှင် သဘောတရားရေး၊ တော်လှန်ရေး ဆွေးနွေးကြသည်။ ဗိုလ်ခင်မောင် ကလေးမှတစ်ဆင့် ဗိုလ်မှူးကြီးနေဝင်းထံတင်ပြကြသည်။ တင်ပြရလျှင် သူတို့ ပေါ့သွားသည်။ ရင်ဖွင့်ရလျှင် နေသာထိုင်သာ ရှိသွားသည်။

ဗိုလ်မှူးကြီးနေဝင်းသည် ၁၉၄၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ဗမာ့တပ်မတော်၏ စစ်သေနာပတိ ဖြစ်လာသည်။ ဗိုလ်ချုပ်အောင်ဆန်းက စစ်ဝန်ကြီးဖြစ်သည်။ စစ်သေနာပတိအား ကျွန်တော်တို့ ဗိုလ်ချုပ်ဟု ခေါ်သည်။ ထို့ကြောင့် ထိုအခါမှစ၍ ဗိုလ်မှူးကြီးနေဝင်းအား ဗိုလ်ချုပ်နေဝင်းဟု ခေါ်တွင်သည်။ ဗိုလ်ချုပ်နေဝင်းသည် ဗိုလ်ချုပ်အောင်ဆန်းအား လေးစားသည်။ သစ္စာထားသည်။ လူငယ်လူဆူ အရာရှိများအားလည်း လက်ခံ၍ နှစ်သိမ့်သည်။ သူတို့ရင်ဖွင့်သည်ကို နားထောင်၊ သူတို့၏ပြဿနာများကို ဖြေရှင်းလုပ်ပေးသည်။ ထို့ကြောင့် သူ့ကို အားကိုးကြသည်။ တစ်ခါတစ်ခါ ရန်ကုန်မြို့တွင် ဂျပန်စစ်သားတို့ စော်ကားဖိနှိပ်သည်ကို မခံရပ်နိုင်လွန်း၍ ဓားနှင့်ခုတ်သတ်ခဲ့သော ရဲဘော်အရာရှိများ ပေါ်လာတတ်သည်။ သူတို့ ဗိုလ်ချုပ်နေဝင်းထံ အပြေးအလွှား လာသည်။ သူတို့ကို ဖုက်သင့်ဖုက်၊ အဝေးသို့ ပို့သင့်ပို့၊ သက်သေခံ အထောက်အထားပစ္စည်းများကို ဖျောက်တန်ဖျောက် လုပ်ပေးရသူမှာ ဗိုလ်ချုပ်နေဝင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.ocm



ထောက်ပံ့ရေးတပ်ရင်းမှ နောင်တွင်ထင်ရှားမည့် စစ်သည်တော်များ ထွက်သည်။ တိုင်းမှူးဖြစ်နေသော ဗိုလ်မှူးကြီးအေးကို၊ ရဲချုပ်ဖြစ်နေသော ဗိုလ်မှူးကြီး အုန်းကြည် စသူတို့သည် ထောက်ပံ့ရေးတပ်တွင် ရဲဘော်များအဖြစ် ဝင်ခဲ့ကြသည်။ လှမောင်၊ လှအောင်၊ စိုးမြင့်အောင်၊ စိုးလွင်၊ ညွန့်မောင်၊ လှဝင်း၊ မြင့်ဆွေ (ဝေလင်း)၊ လှကြည်၊ အေးဖေခင် စသောရဲဘော်များသည် နောက်ပိုင်းတွင် ဗိုလ်မှူးကြီးများ၊ တာဝန်ကြီးများကို ထမ်းဆောင်ရသော ပြည်သူ့ဝန်ထမ်းများ ဖြစ်လာကြသည်။ သူတို့ထဲမှ အချို့သည် အသက်မမီ။ ကျွန်တော်တို့နယ်သို့ အဝယ်တော်ဆင်းရာတွင် ကျွန်တော်တို့နောက်မှ တကောက်ကောက်လိုက်ရင်း တပ်ထဲသို့ အသက်မပြည့်ဘဲ ရောက်လာကြခြင်းဖြစ်သည်။ ကျွန်တော်တို့မကောင်း။ နယ်ရောက်လျှင် ထမင်းကျွေးမည့် အိမ်ကိုရှာ၍ တက်ရောက်တည်းခိုသည်။ သမီးရှိလျှင် ပိုးပန်းသည်။ ထမင်းကို အားမနာတမ်း အဝအပြဲ စားသည်။ သားငယ်ကို စစ်ထဲခေါ်သွားသည်။ ကျွန်တော်တို့သည် တည်းခိုအိမ်ကို ကောင်းကျိုးမပြုခဲ့ကြပါ။

ထောက်ပံ့ရေးတပ်သို့ ရောက်လာကြသော အရာရှိများအနက်မှ ဗိုလ်ကျော်စိန်၊ ဗိုလ်ဘစိန်၊ ဗိုလ်စိန်ထွန်း၊ ဗိုလ်ရဲဒင်၊ ဗိုလ်စိုးတင်၊ ဗိုလ်စောချစ်တင်၊ ဗိုလ်ညွန့်သိန်း စသူတို့ကို ကျွန်တော်တွေ့လိုက်ရသည်။ ဦးသီဟန်သည် ကျွန်တော် စစ်တက္ကသိုလ်တက်ရန် သွားမှရောက်လာသည်။ ဗိုလ်ကျော်စိန်ကို လံဘားဟု ခေါ်ကြသည်။ အရပ်ရှည်ရှည်၊ မိန်းမများများ၊ စကားများများ ဗိုလ်ကျော်စိန်သည် လူရိုးလူကောင်းတစ်ယောက် ဖြစ်ပါသည်။

ဗိုလ်ဘစိန်သည် ထောက်ပံ့ရေးတပ်ခွဲကို စတင်ထူထောင်ခဲ့သူ ဖြစ်လေသည်။ တပ်ရင်းဖွဲ့တော့ သူ့အား မန္တလေးပို့သည်။ တစ်ခါက ဗိုလ်ဘစိန်ထံ သူနှင့် စစ်တက္ကသိုလ်တစ်ပတ်တည်း တက်ဆင်းခဲ့သူ ဗိုလ်အေးကြီး လာရောက်လည်ပတ်သည်။ အေးကြီးသည် မန္တလေး ဗုဒ္ဓသာသနာနုဂ္ဂဟကျောင်းတွင် ကျွန်တော်နှင့် တစ်တန်းတည်း ဖြစ်သည်။ ကျောင်းတွင် အလွန်ပျော်နွှဲ့သူတစ်ဦး ဖြစ်ခဲ့လေသည်။ သူ့ကို ကျောင်းသားကြီးများက အနိုင်ကျင့်တတ်ကြသည်။ ယခုမူ ဗိုလ်အေးကြီး ဖြစ်နေပြီ။ ဗမာ့လွတ်လပ်ရေးတပ်မတော်မှ စတင်လိုက်ပါလာကာ ပထမပတ် မင်္ဂလာဒုံ စစ်တက္ကသိုလ် ဗိုလ်သင်တန်းသို့ တက်ရောက်ခဲ့သည်။ ကြမ်းတမ်းသော သင်တန်း၊ ဂျပန်ဆရာတို့ ကြမ်းကြုတ်စွာ ပါးနားရိုက်နှက်ဆုံးမခြင်း စသည်တို့ကို သူခံနိုင်ခဲ့ပြီ။





အရေးကြုံလျှင် ပျော့နွဲ့သူ ခိုင်မာသည်။ ပေါ့ပေါ့တန်တန်နေသူ လေးနက်လာသည်။ ရင်တွင်ခိုအောင်းခဲ့သော စိတ်ဓာတ်၊ ဖွဲ့သတ္တိတို့ ပေါ်ထွက်လာကာ အလုပ်ဖြင့် ဖာတိပြသည်။ အေးကြီးလိုလူ စစ်ဗိုလ်ဖြစ်မည် ဘယ်သူထင်ပါမည်နည်း။ သူ့အချိန်ရောက်လျှင် သူ သတ္တိပြသည်။ ကျွန်တော်တို့၏ သားမောင်စစ်သည်များ၏ အချိန်ရောက်တော့ သူတို့ သတ္တိပြလျက် ရှိကြသည်။

## ၄

ထောက်ပံ့ရေးတပ်တွင် ဆေးတပ်ကြပ် သန်းလွင် ရှိသည်။ စစ်ဝတ်စုံ လှလှဝတ်၍ ညနေခင်းတွင် အရပ်ထဲ လျှောက်လည်ချင်သူဖြစ်သည်။ စကားပြောလျှင် ထစ်ငေါ့သည်။ ရဲဘော်များဖျားနာလျှင် ဆေးခါးခါးကြီးများကို တိုက်သည်။ အခြားတိုက်စရာလည်း မရှိ။ ရဲဘော်များတွင် ဝဲနာ၊ ယားနာများ စွဲကပ်ကြသည်။ အဝတ်ဖွပ်လျှော်စရာ ဆပ်ပြာကောင်းကောင်းမရှိ။ အဝတ်အစား လဲလှယ်ရန် အပိုအလုံ အလောက်မရှိ။ စားရသည်မှာကလည်း အမဲသားဟင်း၊ ပဲဟင်း။

ဆေးတပ်ကြပ်သန်းလွင်ကို ရဲဘော်များခင်မင်ကြသည်။ သို့ရာတွင် သူ့ကိုစကြ၊ ပြောင်ကြသည်။ သူက သူ့ကိုစမှန်း ပြောင်မှန်းမသိ။ စိတ်ဆိုးလျှင် စကားထစ်ထစ်နှင့် တစ်တစ်ခွခွ ဆူဆဲသည်။ ညနေ အပြင်ထွက်ချိန်ရောက်မှ ဆေးတောင်းလာသော ရဲဘော်ကိုဆိုလျှင် သူအလွန်ငြူစူသည်။ ရဲဘော်များက သူသွားခါနီး ဟန်တပြင်ပြင် လုပ်နေသောအခါမှ ဘာရောဂါမျှမရှိဘဲ ဆေးခန်းသို့ တန်းစီသွား ရောက်တတ်ကြသည်။

အပြင်ထွက်ရန် ခွင့်လက်မှတ်ကို ကျွန်တော်တို့က ထုတ်ပေးရသည်။ ထို့ကြောင့် ညနေရောက်လျှင် ဆရာသန်းလွင်သည် ကျွန်တော်တို့ထံ ချိုသာသော မျက်နှာ ပေးနှင့်လာသည်။

တပ်မတော်က "ဆောင်ကြာမြိုင်" ဖျော်ဖြေရေး ရုပ်သာကိုဟယ်လ်ပင်လမ်းတွင် ဖွင့်သည်။ အရာခံဗိုလ်ဘတင်က မိန်းမထိန်းဖြစ်သည်။ ဂျပန်တပ်များသည်လည်း သူတို့၏ ဆောင်ကြာမြိုင်နှင့် သူတို့ဖြစ်သည်။ စစ်သားများအပြင်သို့ သွားကြလျှင် ရောဂါရမည်ကို စိုးရိမ်ရသည်။ ရုပ်သာမည်မျှ ဖွင့်ပေးပေး အခြားသို့ သွားမြဲသွားကြသည်သာ။ သို့ရာတွင် အတော်အသင့် အသွားနည်းသည်။

"ဆောင်ကြာမြိုင်" အကြောင်း ရဲဘော်တွေ တော်တော်ပြောကြသည်။ သွားရောက်ပြီး စူးစမ်းခဲ့သူများပြန်လာလျှင် ပြောမကုန်အောင်ဖြစ်သည်။ ရုပ်သာ



www.burmeseclassic.com

www.burmeseclassic.ocm



စည်းကမ်းကြီးသည်။ အလုပ်ချိန် အတိအကျ သတ်မှတ်ထားသည်။ နားရက်ရှိသည်။ ရိပ်သာသို့ လာလိုသော ရဲဘော်များ ကျန်းမာကြောင်း ဆေးလက်မှတ်ယူခဲ့ရသည်။ ဆေးတပ်ကြပ် သန်းလွင်၏ဆေးခန်းသို့ နာဖျားသော ရဲဘော်များ သာမက ဆောင်ကြာမြိုင်သို့ သွားလိုသော ရဲဘော်များပါသွားကြရသည်။ ဆေးခန်း စည်ကားသည်။ ဆရာသန်းလွင် မျက်နှာပွင့်သည်။ ကျန်းမာကြောင်း လက်မှတ်ကို သူလွယ်လွယ်မပေး။ ရဲဘော်ကို ကုန်းခိုင်း ကွခိုင်း၊ ဟိုနှိုက် ဒီစမ်းပြီး ကျေနပ်မှ လက်မှတ်ပေးသည်။

လက်မှတ်ဆိုလို့ စာရွက်ပေါ် ရေးနေစရာ၊ လက်မှတ်ထိုးနေစရာ မလို။ ထိုအချိန်က စက္ကူရှားပါးသည်။ ဘာကိုမဆို လွယ်လွယ်လုပ်သည်။ စာရွက်တွေ ပုံစံတွေ၊ မိတ္တူတွေများများမရေးရ၊ စက္ကူများကို မရေးမဖြစ်လို့ ရေးရလျှင်လည်း တွဲရန် ပင်အပ်မရှိ။ ဆူးပင်မှ ဆူးများကို ဆွတ်ခူးထားပြီး ထိုးရတွဲရသည်။ စက္ကူသုံးလျှင် နှစ်ဖက်လုံးသုံးသည်။ စာအိတ်သုံးလျှင် အခါခါထပ်၍ သုံးသည်။ လဲပ်စာသစ်ကို အပေါ်ကကပ်လိုက်လျှင် အသစ်ဖြစ်သည်။ နိုင်ငံခြားငွေ အကုန်ခံရန် မလို။ မရှိ။

ဆေးအောင်သော ရဲဘော်၏လက်မောင်းတွင် ဆရာသန်းလွင်က ဆေးတံဆိပ်ရိုက်ပေးလိုက်သည်။ ဆေးအောင်ကြောင်း လုံလောက်သော အထောက်အထား ဖြစ်သည်။ ဤအထောက်အထားကို လွဲပြောင်း၍လည်းမရ။ တံဆိပ်ခတ်နှိပ်ထား ခံရသူတစ်ဦးသာ သုံးစွဲနိုင်သည်။

ကျွန်တော် ဆောင်ကြာမြိုင်ရှေ့မှာ လမ်းသလားရင်း လေ့လာခဲ့သည်။ နံနက်ခင်းတွင် ကျန်းမာရေး လေ့ကျင့်နေကြသော မိန်းကလေးများကို အဝေးမှ မြင်ရသည်။ သူတို့ကိုဗိုလ်ဘတင် ကိုယ်တိုင်ဦးဆောင်သည်။ ဗိုလ်ဘတင်သည် သူ့မိန်းကလေးများကို ပိုးမွေးသလို ယုယုယယ ဂရုတစိုက်မွေးသည်။ အချိန်မှန် ကျန်းမာရေးလေ့ကျင့်၊ အချိန်မှန်မှန် ကောင်းကောင်းစား၊ အချိန်မှန်မှန် အိပ်စေသည်။ အချိန်ပိုမလုပ်စေရ။

အပြင်မှ လေ့လာရုံနှင့် မကျေနပ်။ ဆောင်ကြာမြိုင်၏ ဧည့်သည်အဖြစ် သွားလိုက်ဦးမည်ဟု ကျွန်တော်စိတ်ကူးရသည်။ ဒီလိုဟာမျိုးတွင် အတွေ့အကြုံ မရှိ။ သို့ရာတွင် လေ့လာထားကောင်းသည်ဟု ကျွန်တော်တွက်သည်။ စူးစမ်းခြင်း သုတေသနပြုခြင်းအတွက် နဂိုရည်ပျက်ရလျှင်လည်း ပျက်စေတော့။ တစ်နေ့ မဟုတ် တစ်နေ့ ခွဲခွာစွန့်လွှတ်ရမည့် နဂိုရည်ဖြစ်သည်။ ဆရာသန်းလွင်နှင့်





တီးတိုးတိုင်ပင်ကြည့်ရာ သူက "ဖြစ် ဖြစ် ဖြစ်ပါ့မလား" ဟု ထစ်ထစ်နှင့်မေးသည်။ တားမရသောအခါ ဆေးတံဆိပ် ရိုက်ပေးလိုက်သည်။ ကုန်းခိုင်း၊ ကွခိုင်း၊ ဟိုစမ်း၊ ဒီစမ်းမလုပ်။

အရဲစွန့်၍ သွားရသည်မို့ မှောင်စပျိုးမှ မှောင်ရိပ်ကို ခို၍သွားသည်။ ဟိုရောက်တော့ ဗိုလ်ဘတင်က အလုပ်သိမ်းပြီးဖြစ်လေသည်။ တံခါးပိတ်နေပြီ။ သူ့မိန်းကလေးများကို အိပ်တန်းဝင်စေလေပြီ။ ဤသို့နှင့် ဆောင်ကြာမြိုင်အကြောင်း အတွင်းကျကျ မသိခဲ့ရ။ နဂိုအတိုင်းပင် ရှိခဲ့သည်။ အခွင့်မရသဖြင့် သန့်ရှင်း စင်ကြယ်ရခြင်းသည် နောက်နှစ်ပေါင်းအတန်ကြာအောင် ဖြစ်လေသည်။

## ၅

ထောက်ပံ့ရေးတပ်ရင်းမှ နယ်သို့ ပစ္စည်းဝယ်ရန် အဖွဲ့ဖွဲ့၍ ကျွန်တော်တို့ ထွက်ကြရသည်။ ငါးပိ ငါးခြောက်မှအစ စက်ဘီး၊ မော်တော်ကား ပစ္စည်းစုံဝယ်သည်။ တန်ရာတန်ဖိုး ပေး၍ ဝယ်ပါသည်။

အဖွဲ့တစ်ဖွဲ့နှင့် ဟင်္သာတမြို့သို့ ကျွန်တော်ရောက်သည်။ ရုံးကြီးများ အနားမှ အဆောက်အအုံတစ်ခုတွင် တပ်ချပြီးလျှင် မြို့ပေါ်မှလူကြီးများ၊ အာရှလူငယ် အစည်းအရုံး စသည်တို့နှင့် မိတ်ဖွဲ့ကာလုပ်ငန်းများကို ဆောင်ရွက်သည်။ ဟင်္သာတမှ ရဲဘော်အချို့ ထားဝယ်၊ ရခိုင်မှ ရဲဘော်အချို့ ကျွန်တော်နှင့် ပါလာသည်။ မြို့ခံရဲဘော်များကလည်း အပြောကောင်း၊ အဆက်အသွယ်ကောင်း။ အဝယ်တော်လုပ်ငန်းအပြင် တပ်သားစုဆောင်းရေးကိုပင် လုပ်လိုက်ကြသေးသည်။ ကျောင်းများသို့သွား၍ တပ်မတော်အကြောင်း ဟောပြောခြင်း၊ အာရှလူငယ်အဖွဲ့ များတွင် ဟောပြောခြင်းတို့ကို အချိန်အားတိုင်း လုပ်ကြသည်။ ဖိုးပြောချင်တွေ ဖြစ်ကြသည်။ ကျောင်းတစ်ကျောင်းသို့ ကျွန်တော်သွား၍ ဟောပြောရာ တပ်မတော်သားဘဝ ပင်ပန်းပုံ၊ ဆင်းရဲပုံတို့ကို ထုတ်ဖော်ရင်း "ရဲဘော်စားသည့် ဟင်း ထမင်းမျိုးကိုဆိုလျှင် မာနကြီးတဲ့ခွေးတောင် စားမှာ မဟုတ်ဘူး" ဟု တင်စားပြော ဆိုခဲ့သည်။ ကြားရသူတို့ အလွန်ကရုဏာသက်ကာ ဟိုအိမ်ဒီအိမ်က ကျွန်တော်တို့ အား ညစာဖိတ်ကြား ကျွေးမွေးကြသည်။ ကျောင်းသားလူငယ်များကမူ တပ်မတော်သားဘဝတွင် ဆင်းရဲသည်၊ ပင်ပန်းသည်၊ စွန့်စားရသည်ဟု ကြားရလေ ပို၍ တပ်မတော်သား ဖြစ်ချင်လေဖြစ်လာသည်။



www.burmeseclassic.com

www.burmeseclassic.ocm



တပ်မတော် ရောက်လေရာတွင် အာရှလူငယ် အစည်းအရုံးကကြိုဆို ကူညီကြသည်။ သူတို့သည် အရန်တပ်မတော်လိုဖြစ်သည်။ အထူးတက်တက် ကြွကြွရှိသည်။ စည်းလုံးကြသည်။ အစည်းအရုံးသည် ရပ်ရွာ အရေးအခင်းတို့တွင် ပါဝင်ဆောင်ရွက်သည်။ လူငယ်များကို ကျန်းမာရေး၊ ပညာရေး၊ မြန်မာ့ သိုင်းပညာစသည်တို့ဖြင့် စည်းရုံးထားသည်။ စစ်သားစုဆောင်ရေးတွင် လိုက်ပါ ဟောပြောကြသည်။

ဟောပြောပွဲတွင် အာရှလူငယ် အမျိုးသမီးချောချော တစ်ဦးကို စင်မြင့်ပေါ် တင်၊ သူ့ကို ဟောပြောဖို့ အလှည့်ပေး၊ သူကတပ်မတော်မှ စစ်သားစုဆောင်းရေး အတွက်လာသော ဗိုလ်၊ တပ်ကြပ်၊ ရဲဘော်တစ်ဦးဦးကို လက်ညှိုးထိုးပြပြီးလျှင် “ဒီရဲဘော်လို မျိုးချစ်ပုဂ္ဂိုလ်မျိုးကိုဆိုရင် စစ်ကြီးပြီးလို့ တိုက်ပွဲကပြန်လာတဲ့အခါ ကျွန်မရဲ့ ဖူးစာဖက်အဖြစ် လက်ခံဖို့ အသင့်ပဲ”လို့ပြော။ ပရိသတ်ထဲမှ လူငယ် များအလွန်သဘောကျသည်။ လက်ခုပ်တဖြောင်းဖြောင်းနှင့်။ စစ်သားစုဆောင်းရေး အဖွဲ့နှင့် ပြန်လိုက်ရန် အထုပ်ပြင်တော့သည်။ ဟောပြောပွဲ၌ ဗိုလ်၊ တပ်ကြပ်၊ ရဲဘော်အစုံပါလျှင် ရဲဘော်ကို လက်ညှိုးထိုး။ တပ်ကြပ်၊ ဗိုလ်ကို လက်ညှိုးမထိုး နှင့်။ စစ်သားသစ်အဖြစ် ဝင်ရောက်ရမည့် လူငယ် စိတ်ဓာတ်ကျလိမ့်မည်။ သူ့အဖို့ ကြယ်တစ်ပွင့်စစ်သား၊ ကြယ်နှစ်ပွင့်စစ်သား၊ ကြယ်သုံးပွင့်စစ်သား စသည်ဖြင့် အဆင့်ဆင့် အပင်ပန်းခံပြီးမှ ဗိုလ်သင်တန်းတွင် အပင်ပန်းခံ၊ ပါးရိုက်ခံပြီးမှ တပ်ကြပ်၊ ဗိုလ် ဖြစ်နိုင်မည် မဟုတ်လား။ ထို့ကြောင့် အားပေး လျှင် ရဲဘော်ကို အားပေး။ တပ်ထဲမှာပင် ရဲဘော်များက အချစ်သီချင်းများဆိုကြ ရာတွင် “မောင့်အပေါ်ဝယ် စားရှည်မပါလို့လား၊ ရွှေစပယ်ဖြူပန်ချင်သူ ဗိုလ်တွေ ကများ”ဟု ခနဲ့၍ ဆိုကြသည်မဟုတ်လား။

ဟင်္သာတမှ လူငယ်လူလတ်များ နိုင်ငံရေးစိတ်ဓာတ် တက်ကြွသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ချီတက်ကာ ရွှေတောင်တိုက်ပွဲကို ဆင်နွှဲခဲ့ကြ သူများလည်းရှိသည်။ တိုက်ပွဲတွင် ကျန်ရစ်သူများလည်းရှိသည်။ ကျန်သူများ တပ်မတော်တွင် ဆက်လက်၍ အမှုထမ်းကြသည်။ အချို့ကပြန်လာကာ အာရှ လူငယ်အစည်းအရုံးတွင် ပါဝင်ဆောင်ရွက်ကြသည်။ ဟင်္သာတတွင် ကျွန်တော်နှင့် ခင်မင်ခဲ့ရသော ကိုဘသိန်း တစ်ယောက်သည် တပ်နှင့်ချီပြီးမှ အမရပူရမြို့တွင် တပ်ခေါက်သောအခါ ဟင်္သာတမြို့သို့ ပြန်လာခဲ့သူဖြစ်သည်။ အာရှလူငယ်၏ ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ပိန်ပိန်သေးသေး၊ ပုပုမည်းမည်းဖြစ်သော ကိုဘသိန်း





သည် အသံကျယ်သည်။ မျက်မှန်ထူထူနောက်မှ သူ့မျက်လုံးများသည် ပြူးကျယ် သည်။ ကျွန်တော် သွားလေရာသို့ သူလိုက်တတ်သည်။ ရန်ကုန်တက္ကသိုလ်တွင် သူ အင်္ဂလိပ်စာ ဂုဏ်ထူးယူနေစဉ် စစ်ကြီးဖြစ်လာခြင်းဖြစ်သည်။ တစ်ခါတစ်ခါ သူနှင့် ကျွန်တော် စာပေအကြောင်း ပြောကြသည်။ တက္ကသိုလ်သို့ ကျွန်တော်တို့ ပြန်ရောက်ကြဦးမည်လားမသိ။ စာအုပ်တွေနှင့်ဝေးနေပြီ။

စက်ဘီးနှင့်သွားလာကြလျှင် ကျွန်တော်ကနင်း၍ ကိုဘသိန်းက နောက်ခုံမှ တွယ်ကပ်လိုက်ပါလာသည်။ တစ်ခါတစ်ခါ ခြေကျင်သွားကြ၍ တစ်ခါတစ်ခါ နွားလှည်းဖြင့် ရွာတွေအရောက် သွားကြသည်။ ယုံသလင်း၊ အိုင်သပြူ၊ လေး မျက်နှာ စသည့်နေရာများသို့ ရောက်သည်။ ဝါးရုံတောထူသောရွာကြီးများ။ ငှက်ပျောခြံဖြင့် ပိတ်ဖုံးသောနေရာများ။ တစ်နေ့ဂျပန်ကို တော်လှန်ကြလျှင် လာ၍ခိုဖို့ အခြေစိုက်ဖို့ကောင်းသော နေရာများဖြစ်သည်ဟု သူနှင့်ကျွန်တော် မှတ်ချက်ချကြသည်။ အထက်လူကြီးများ၏ အစီအစဉ်ကို သိ၍မဟုတ်။ တစ်နေ့တွင် ဂျပန်စစ်တပ်ကိုတော့ တိုက်ကြရလိမ့်ဦးမည်ဟု အစကတည်းက ထင်နေသည်။ ဂျပန်စစ်တပ်တွေကလည်း လူတွေကို ပါးနားရိုက်၊ နှိပ်စက်၊ မုန်းစရာ အလွန်ကောင်းနေသည်။ သူတို့ကို မုန်းလို့ပြည်သူက ဗမာ့တပ်မတော်ကို ပို၍ မေတ္တာထားနေခြင်းဖြစ်သည်။

ကိုဘသိန်းသည် စွန့်ရဲသူ ဖြစ်လေသည်။ သူနှင့်ရဲဘော်တစ်စုအား ၁၉၄၄ ခုနှစ်တွင် အိန္ဒိယသို့ တိတ်တဆိတ် လွှတ်လိုက်ကြသည်။ သွားခါနီးတွင် ကျွန်တော့်ထံ နှုတ်ဆက်စာ ရေးထားခဲ့ရှာသေးသည်။ တစ်နေ့တော့ ပြန်တွေ့ကြ မည်ဟု သူ့စာကို အဆုံးသတ်ထားသည်။ သို့ရာတွင် မတွေ့ကြရတော့ပါ။ ၁၉၄၅ ခုနှစ်၊ ဧပြီလတွင် ကိုဘသိန်း၊ သခင်ဗိုလ်စသော တော်လှန်ရေးသမား များ ပြောက်ကျား စစ်ပညာသင်ယူလေ့ကျင့်ပြီး မြန်မာပြည်၏ တော်လှန်ရေးအင် အားဖြည့်ရန် အပြန်တွင် လေယာဉ်ပျံပျက်ကျ၍ သေဆုံးကြရသည်။ စစ်ပြီးသော အခါ ကိုဘသိန်းကို သတိတရ ကျွန်တော် “သွေးနီ” စာအုပ်ကို ရေးသားထုတ်ဝေခဲ့ သည်။ အမေရိကန်နိုင်ငံတွင် သတင်းစာပညာကို သင်ကြားပြီး ပြန်ရောက်ခါစ ဦးညိုမြနှင့် ဆရာတက်တိုးတို့က စာအုပ်တွင်ပါဝင်၍ ကိုဘသိန်းအကြောင်း ရေးကြသည်။ “သွေးနီ” သည် စာအုပ်ငယ်သာဖြစ်ပါသည်။ စက္ကူ ရှားချိန်ဖြစ်၍ များများလည်း မထုတ်ဝေနိုင်ခဲ့ပါ။ ကိုဘသိန်းအတွက် လုံလောက်သော ဂုဏ်ပြုမှတ်တမ်း မဟုတ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.ocm



ဟသ်ာတတွင် ဦးသန်းတင်နှင့်လည်း သိကျွမ်းခဲ့ရသည်။ ပိန်ပိန်ရှည်ရှည် ကိုင်းကိုင်းကြီးဖြစ်သည်။ အာရှလူငယ် ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း ယယ်လှသည်ကား မဟုတ်ရှာပါ။ သဘောကောင်း၍ လူတကာက နိုင်းသမျှကို လုပ်ပေးတတ်သည်။ သူ့ကို ကိုသန်းတင်ဟုသာ အခေါ်များသည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်တွင်ပါခဲ့သဖြင့် သူ့ရဲဘော်အချို့က ဗိုလ်ကြီးဟုခေါ်ကြသည်။ သူဘာပဲလုပ်လုပ် နေ့စဉ်မှတ်တမ်းတွင် ရေးထားသည်။ စာတိုစာရှည်ရေး၍လည်း ဟိုပို့ ဒီပို့ လုပ်တတ်သည်။ ဂျပန်မကောင်းကြောင်း စာရေး၍ သူ၏ရပ်ဝေးရပ်နီး မိတ်ဆွေများထံ ပို့သည်။ စာတွေကို ဂျပန်စစ်ပုလိပ် (ကင်ပေတိုင်)ကဖောက်၍ ဖတ်သည်ကို သူမသိလေသလား၊ သိလျက်နှင့် တမင်ရေးလေသလား မသိ။ တစ်နေ့တွင် ကင်ပေတိုင်က သူ့ကို အိမ်မှာလာခေါ်သွားသည်။ နေမြင့်၍ သူ ပြန်မရောက်သောအခါ အာရှလူငယ်မှ သူ့ရဲဘော်များက စုရုံးပြီး ကင်ပေတိုင်ရုံးသို့ သွားကြသည်။ သူ့ကိုလွှတ်ပေးဖို့ တောင်းဆိုကြသည်။ ကင်ပေတိုင်အား ဆန္ဒပြ အရေးဆို၍ရသော ခေတ်သမယမျိုးမဟုတ်။ သို့ရာတွင် ထိုနေ့က ညီညွတ်သော ဆန္ဒပြမှုကြောင့် ကင်ပေတိုင်က ဦးသန်းတင်အား နောင်တွင် ဂျပန်မကောင်းကြောင်း မရေးရန်ဆုံးမစကားပြောကြား၍ လွှတ်လိုက်သည်။

ဦးသန်းတင်၊ ကိုဘသိန်း၊ ကျွန်တော်တို့ အတူသွားအတူလာ ခင်မင်ရင်းနှီးစွာ လုပ်ကိုင်ကြသည်။ လူကိုခင်မင်သည်နှင့် ကျွန်တော်က နောက်ပြောင်သည့်သဘော သူ့ကို "ယောက္ခမကြီး"ဟု ခေါ်သည်။ သူ့မှာ အရွယ်ရောက်သည့် သမီး မရှိတန်ရာဟု ထင်ခဲ့မိသည်။ ရဲဘော်တွေ၏ အကျင့်က အချင်းချင်းကို "နမပေးယောက်ဖ"ဟုခေါ်သည်။ အရွယ်အတော်ရသူကို "ယောက္ခမ"ဟုခေါ်သည်။ ဤသို့ခေါ်လိုက်ခြင်းဖြင့် ကိုယ့်မှာအရှုံးမရှိ။

နောက်မှ ဦးသန်းတင်တွင် သမီးပျိုရှိသည်ဟု မြင်တွေ့ရမှ သိရသည်။ ပြုံးချိုသူ ဖြစ်သည်။ အိမ်ကိုကောင်းစွာ ထိန်းသိမ်းသည်။ ချက်ပြုတ်၊ ခပ်၊ လျှော် လုပ်လေသည်။ စာဖတ်၊ စာရေး ဝါသနာထုံသည်။ ကျွန်တော်သွား၍ တည်းခိုသော အခါများ၌ ကျွန်တော့်မှာ ပါလာသော အင်္ကျီဝတ်စုံတို့ကို မပြောရဘဲယူ၍ လျှော်ဖွပ် မီးပူတိုက် လုပ်ပေးသည်။ ကျွန်တော့်မှာလည်း ခါးတွင် ဝတ်သည်ထက် အပိုတစ်စုံလောက်သာ ရှိသည်။ ယင်းသို့ လျှော်ပေးခြင်းဖြင့် ဝတ်စုံသန့်သန့် ဝတ်ရသည်။ ခြုံ၍ သုံးသပ်ရလျှင် ဆိုးသည်ဟု မဆိုသာ။ အလားအလာ





ကောင်းသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် ဦးသန်းတင်ကို ယောက္ခမကြီးဟု ဆက်လက်၍ ခေါ်မြဲခေါ်သည်။ တစ်နေ့တွင် ခေါ်သည့်အတိုင်း ဖြစ်လာလေသည်။

ဟသ်ာတမြို့ အာရှလူငယ်များအနက်၊ ကိုကျော်စိုး (နောင်တွင် ပြန်ကြားရေးဌာန၊ ညွှန်ကြားရေးမှူး ဖြစ်လာသူ)၊ ဒေါ်ခင်စီ (နောင်တွင် ကိုကျော်စိုး၏ ဇနီး ဖြစ်လာသူ)၊ ကိုမျိုးအုံ (နောင်တွင် တောခို၍ တောတွင် ကျဆုံးသူ)၊ ကိုမောင်မောင်ကြီး၊ ကိုအေးမောင်၊ ကိုငွေစိုး၊ ဒေါ်အေးကြိုင်၊ မခင်မြ၊ မစိန်လှ၊ မအေမာနီ စသူတို့ကို ကျွန်တော် တွေ့ဆုံခဲ့ရပါသည်။ အာရှလူငယ် တော်တော်များများ တော်လှန်ရေးအတွက် စည်းရုံးရာတွင် ပါဝင်ကြသဖြင့် နောက်ပိုင်းတွင် ဂျပန်ကင်ပေတိုင်က ဖမ်းဆီးသတ်ဖြတ်ခြင်းကို ခံလိုက်ကြရရှာသည်။

အဝယ်တော်အဖွဲ့ဖြင့် နယ်လှည့်ရသည်မှာ စိတ်ဝင်စားစရာကောင်းပါ၏။ သွားလေရာတွင် ဂျပန်ငွေစက္ကူသစ်များ အထုပ်လိုက်ကို သိန်းချီ၍ သေတ္တာများဖြင့် သယ်ပိုးရသည်။ ပစ္စည်းရှာဖွေ၊ ဈေးဆစ်၊ စကားဆို၊ ငွေချေ၊ စာရင်းမှတ် လုပ်ရသည်မှာ ပညာရပါ၏။ လူအများနှင့် တွေ့ဆုံ ဆက်ဆံရပါ၏။ လူမျိုးစုံ ကိုလည်း ကြုံခဲ့ရပါ၏။ သို့ရာတွင် ကြာလာတော့ ငြီးငွေ့မိသည်။ ထောက်ပံ့ရေး တပ်ရင်းတွင် စာရင်းကိုင် ဦးမောင်မောင်၊ ဦးဘဝတို့က ကျွန်တော်တို့ယူလာ သမျှသော ပြေစာ၊ စာရင်းစာရွက်၊ မှတ်တမ်းတို့ကို စိတ်ရှည်ရှည် ရှင်းလင်း ပေးရှာကြသည်။ သူတို့ရှိ၍ တော်သေးသည်။

## ၆

ကျွန်တော် ရွှေညောင်၊ တောင်ကြီးဘက်သို့ တစ်ခေါက်တာဝန်နှင့်ရောက်သည်။ ထောက်ပံ့ရေး တပ်ရင်းမှ ရဲဘော်အချို့ကို ဂျုံအဝယ်လွှတ်လိုက်ရာ ရွှေညောင်တွင် ပြဿနာပေါ်သည်။ သူတို့တောင်ကြီးမြို့သို့သွားရန် ကြုံရာစီးသည် ကားကို လမ်းပေါ်ရပ်၍ တားကြသည်။ ကားက မရပ်။ ဤတွင် ရဲဘော်တစ်ယောက်က သေနတ်ဖြင့် ကားကို ပစ်သည်။ ခြောက်ရုံလှန့်ရုံ ပစ်လိုက်လေသလား မသိ။ သို့ရာတွင် ဓာတ်ဆီတိုင်ကီကို မှန်၍ ကားမီးလောင်သည်။ ခရီးသည်များနှင့် ကားမောင်းသမား ဆင်းပြေးကြ၍ ဘေးမှလွတ်သည်။

ရှမ်းပြည်ဘက်တွင် ဂျပန်တပ်များ အနိုင်အမာ တပ်စွဲထားသည်။ နယ်လုံခြုံရေးကို သူတို့ တာဝန်ယူထားသည်။ သူတို့ပိုင်နယ်တွင် ဖြစ်ပွားသော၊



www.burmeseclassic.com

www.burmeseclassic.ocm



ဤမျှ အုတ်အုတ်သဲသဲဖြစ်သော ကိစ္စတွင် သူတို့ မဝင်ဘဲမနေ။ ရဲဘော်များကို သူတို့ ဖမ်းထားလိုက်ကြသည်။

ဗိုလ်ခင်မောင်ကလေးက စစ်ဝန်ကြီးရုံးမှ သတင်းရလာသည်။ အဖမ်းခံနေရသော ရဲဘော်များအား ကျွန်တော်သွားရောက်၍ တစ်နည်းနည်းထုတ်ယူခဲ့ရမည်ဟု တာဝန်ပေးသည်။ အရေးကြီးသောကိစ္စ ဖြစ်သည်။ လူ၊ လက်နက်၊ ငွေ၊ လိုချင်သလောက် ယူသွားဟုပြောသည်။ သူကိုယ်တိုင် ကိုင်ဆောင်သော ခြောက်လုံးပြူး သေနတ်ကို ကျွန်တော့်အား ထုတ်ပေးသည်။ ကျည်ဆန် ရှားရှားပါးပါး ၁၂ တောင့်ပေးသည်။ ပစ်လို့ရမည့် ကျည်များဟု မထင်မိ။ ဟောင်းနေပြီ။ ခဲသီးများချောင်နေသည်။ တပ်ရင်းမှူးက အလွန်ယုံကြည်စိတ်ချစွာ တာဝန်ပေးကာ သူ့သေနတ်ကိုပါ အပ်သည့်အတွက်ကိုမူ ဂုဏ်ယူပါ၏။ သေနတ်ကို ခြောက်ရုံလှန့်ရုံ မထုတ်နဲ့၊ တကယ်ပစ်ရမည့်အခါမှထုတ် ထုတ်ပြီးရင်လည်း မပစ်ဘဲမနေနဲ့၊ ပစ်ရင်လည်း ရန်သူသေအောင်သာပစ်ဟု မှာကြားလိုက်သေးသည်။ သေနတ်ကို ဘယ်သွားသွားဆောင်ထားရမယ်၊ သွားရမှာက ရန်သူ့နယ်မြေဖြစ်တယ်ဟုလည်း မှာသည်။ တပ်မှူးအမိန့်ကို ကျွန်တော်လေးနက်စွာ နာခံလိုက်နာခဲ့သောကြောင့် အလွန်ရှားပါးသော ကျည်ဆန်များထဲမှ ၂ တောင့်ကို တစ်နေရာ၌ အိမ်သာကျင်းထဲတွင်ကျ၍ ဆုံးခဲ့ရသည်။ သေနတ်ကိုထုတ်ရန် ပစ်ရန်ကား အကြောင်းမပေါ်ခဲ့ပါ။

ကျွန်တော် ကြယ်သုံးပွင့် စစ်သား ရဲမြင့်တစ်ယောက်ကိုသာ ခေါ်သွားသည်။ များများ ခေါ်သွားလို့အကြောင်းထူးမည်မဟုတ်။ ရဲမြင့်က ရိုင်ဖယ်တစ်လက်ကိုထမ်း၊ ကျွန်တော်က ခြောက်လုံးပြူး၊ ဓားရှည်ချိတ်ဆွဲ၊ လက်နက်လုံလောက်ပြီဟု ယူဆမိသည်။ လူနည်းတော့ ခရီးသွက်သည်။ တာဝန်ရပြီး နာရီပိုင်းအတွင်း ကျွန်တော်တို့ ကျောပိုးလွယ်အိတ် ကိုယ်စီပိုး၍ လမ်းပေါ်ရောက် ကြသည်။ ကြုံရာကားဖြင့် ထွက်ခဲ့ကြသည်။ ပစ္စည်းများများ မပိုင်သည်မှာ တစ်နည်းတော့ ကောင်းသည်။ ပေါ့ပေါ့ပါးပါး ရှိသည်။ ရောက်ရာနေရာတွင် ကျောပိုးအိတ်ကို ခေါင်းအုံးလုပ်၍ အိပ်နိုင်သည်။

ကျွန်တော်တို့ ရွှေညောင်တွင် တည်းခိုပြီးလျှင် တောင်ကြီးမြို့သို့ ကင်းထောက်သွားကြသည်။ မဟာမင်းကြီး ဦးခင်မောင်ဖြူထံ ဝင်ရောက်ဂါရဝပြုသည်။ ရုံးအဆောက်အအုံကြီးကြီး၊ ရုံးခန်းကြီးကြီးတွင် စားပွဲကြီးနောက်၌ ထိုင်နေသော ဦးခင်မောင်ဖြူသည် ပျူငှာစွာ နှုတ်ဆက်သည်။ လိုသည့် အကူအညီပေးမည် ကတိပြုသည်။





ဂျပန် စစ်ဌာနချုပ်သို့လည်း သွားရောက်၍ သတင်းပို့သည်။ အကူအညီတောင်းသည်။ ရဲမြင့် ပါလာသဖြင့် အရာရာလွယ်နေသည်။ သူက ဂျပန်နှင့် အလွန်တူသည်။ သူ့ကိုကြည့်ပြီး ကျွန်တော်တို့အား ဂျပန်အရာရှိနှင့် ရဲဘော်ဟုပင် ယူဆကြသဖြင့် ဂျပန်တပ်များက ကျွန်တော့်အား လမ်းတွင်လည်း အလေးပြုသည်။ စစ်ဌာနချုပ်သို့ ဝင်လျှင်လည်း အတားအဆီး မရှိ။ သူတို့အရာရှိကြီးများနှင့် ပြောဆိုဆက်ဆံရာတွင် မခက်ခဲလှပါ။ နယ်ခြားစစ်စခန်းဖြစ်၍ စစ်သားချင်း ဆက်ဆံရာတွင် ရင်းနှီးသည်။ ကျွန်တော်က ဗမာ့တပ်မတော် ရဲဘော်များကို အပ်ပါ၊ သူတို့အား လိုအပ်သလို စစ်ဥပဒေအရ အရေးယူပါမည်၊ နစ်နာသူတို့အားလည်း လျော်ကြေးပေးဖို့ စီစဉ်ပါမည်ဟု ပြောသည်။ ဂျပန်ဘက်မှလည်း ယင်းသို့ဖြစ်စေရန်သာ လိုလားသည်။ စစ်သားဆိုတော့ စိတ်လိုက်မာန်ပါ လုပ်တတ်သည်၊ ဂျပန်စစ်သားက သာ၍ပင် ဆိုးသည်ဟု ပြောသည်။ ကျွန်တော်တို့ပြန်ဖို့ အသင့်ပြင်ကြသောအခါ ရဲဘော်များကို ပေးအပ်ရုံမက သူတို့ ဝယ်ရန်လာသော ဂျုံကို လိုသလောက်ဝယ်နိုင်ရန် စီစဉ်ပေးသည်။ မန္တလေးမြို့သို့အရောက် ကုန်တင်မီးရထား တွဲတစ်တွဲ စီစဉ်ပေးသည်။ ထိုအချိန်က မီးရထားတွဲရရန် အင်မတန်ခက်သည်။ တွဲရောင်း၊ လက်မှတ်ရောင်း ဗမာ၊ ဂျပန်တို့ စီးပွားဖြစ်နေကြသည်။

တောင်ကြီးသို့ သွားရောက်ခဲ့ရသော အတွေ့အကြုံမှ သင်ခန်းစာတစ်ရပ်ရပါသည်။ ဘာကိုမဆို ချိုချိုသာသာပြော၍၊ မှားလျှင်လည်း မှားကြောင်း ဝန်ခံတောင်းပန်၍၊ မျှမျှတတ ဆက်ဆံလျှင် အောင်မြင်ပြေလည်တတ်သည်။ အလေးပြုတန် ပြုလိုက်ရသည်။ လူငယ်နှင့်ပြီးလျှင် လူငယ်ထံ ဝင်ရသည်။ လူကြီးနှင့်ပြီးမှ လူကြီးထံတက်ရသည်။ သူ့ထံမှ အကူအညီလို၍ သူ့ကို ဂါရဝပြုခြင်း၊ ကျေးဇူးတင်စကား ပြောကြားခြင်းသည် ဂုဏ်သိမ်စေသော ကိစ္စမဟုတ်။ ကိုယ့်အလုပ်က မှန်ဖို့အရေးကြီးသည်။ မဟုတ်မတရား မလုပ်ဖို့ အရေးကြီးသည်။ စေတနာသန့်ရှင်းဖို့ အရေးကြီးသည်။ သန့်ရှင်းသည်။ မှန်သည်။ မျှတသည်လည်း ဟုတ်၍ ပြောဆို ဆက်ဆံရာတွင် ချိုသာလျှင် အောင်မြင်တတ်သည်။ အာဏာနှင့် အမိန့်နှင့် အားကြီးတစ်ခွဲသားနှင့် တိုက်ယူရတာထက် မြတ်သည်။ အေးချမ်းသည်။ အရှည်ကောင်းသည်။

တောင်ကြီးမြို့တွင် တက္ကသိုလ်တင်အေးတို့နှင့် မိတ်ဖြစ်ရသည်။ အရ လူငယ်အစည်းအရုံး ခေါင်းဆောင်တစ်ဦးဖြစ်ပြီးလျှင် အမျိုးသားစိတ်ရှိသူဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.ocm



သည်။ သူ့ဇနီးနာမည်က မအေးတင်။ ကိုတင်အေးနှင့် မအေးတင် နာမည်ချင်း လိုက်ဖက်သည်။ ဝါသနာချင်းလည်း လိုက်ဖက်ဟန် တူသည်။ သူတို့အိမ်သို့ သွား၍ စား၊ အစည်းအရုံးသို့ သွားရောက်ပြော လုပ်ခဲ့သေးသည်။

ရန်ကုန်သို့ပြန်ရောက်သောအခါ ပြစ်မှုကျူးလွန်ခဲ့သော ရဲဘော်များကို ဗိုလ်ခင်မောင်ကလေးက ဆူပူကြိမ်းမောင်းသည်။ မျက်လုံးပြူး၍၊ နှုတ်ခမ်းဖြဲ၍ တပ်မှူးကြီးဆူသည်ကို တစ်နာရီကြာမျှ သတိအနေအထားဖြင့် ခံရသောရဲဘော်များမသက်သာကြပါ။ မှတ်လောက်သားလောက်ဖြစ်ပါသည်။ ဗိုလ်ခင်မောင်ကလေးက ပါးရိုက်သော ဝါသနာမရှိ။ လျှာ ကြာပွတ်ဖြင့်သာ နာအောင်ရိုက်တတ်သည်။

ရဲဘော်များကို စစ်တရားရုံးသို့ တင်ပို့ရန်မဖြစ်။ မလို။ တရားရုံးဖွဲ့၍လည်းမရသေး။ စစ်ဥပဒေချုပ်ဗိုလ်ကြီးဘစိန်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေစာအုပ်ဟောင်းကြီးကို လေ့လာဆည်းပူးတုန်းဖြစ်သည်။ စာအုပ်ကြီးကို ဖတ်ပြီးမှ ဥပဒေရေးဆွဲမည်။ ရေးဆွဲတင်ပြ၍ ပြဋ္ဌာန်းပြီးမှ စစ်တရားရုံးတွေ လုပ်ထုံးတွေ ပေါ်လာမည်။ ဥပဒေဆိုတာ လွယ်တာမှတ်လို့လား။

## ၇

၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို လွတ်လပ်သော နိုင်ငံအဖြစ် ကြေညာသည်။ စစ်အုပ်ချုပ်ရေးကို ဂျပန်တို့ ရုပ်သိမ်းသည်။ အဓိပတိ ဒေါက်တာဘမော် ခေါင်းဆောင်သော မြန်မာအစိုးရအဖွဲ့ကို ဖွဲ့ပေးသည်။ ဗိုလ်ချုပ်အောင်ဆန်းက စစ်ဝန်ကြီး ဖြစ်သည်။ သခင်မြက ဒုတိယဝန်ကြီးချုပ်၊ သခင်သန်းထွန်းက လယ်ယာစိုက်ပျိုးရေးဝန်ကြီး။

ဗမာ့ကာကွယ်ရေးတပ်မတော်ကို အမျိုးသားတပ်မတော် သို့မဟုတ် ဗမာ့တပ်မတော်အဖြစ် အမည်ပြောင်းကာ တိုးချဲ့ဖွဲ့စည်းသည်။ စစ်သေနာပတိ ဗိုလ်မှူးကြီးနေဝင်းက တပ်မတော်သည် ပြည်သူနှင့်လက်တွဲ၍ ပြည်တွင်းပြည်ပ ရန်ဟူသမျှကို တွန်းလှန်မည်ဟု ကတိပြုသည်။

ခြေလျင်တပ်ရင်းများကို တိုးချဲ့ဖွဲ့သည်။ အချက်ပြဆက်သွယ်ရေး၊ စက်သေနတ်ကြီး၊ လေယာဉ်ပစ်အမြောက် တပ်များဖွဲ့သည်။ ကရင်တပ်ရင်း တစ်ရင်းကိုလည်း စောထွန်းစိန် ခေါင်းဆောင်၍ ဖွဲ့သည်။ စောစံဖိုးသင်ကို ဗိုလ်ချုပ်အောင်ဆန်းက ဖိတ်ခေါ်၍ ဗိုလ်ကြီးရာထူးဖြင့် အပ်နှင်းသည်။ ဗိုလ်ကြီးစံ





ဖိုးသင်သည် ဘင်ခရာ တီးလုံးအဖွဲ့ဖြင့် စိတ်ဓာတ်စစ်ဆင်ရေး လုပ်သည်။ ဗိုလ်ချုပ်တို့က စောကြာဒိုးကို ဖိတ်ခေါ်၍ ဒုတိယဗိုလ်မှူးကြီးရာထူးဖြင့် တာဝန်ပေးသည်။ ဒုတိယဗိုလ်မှူးကြီး စောကြာဒိုးသည် အင်္ဂလန်နိုင်ငံ **ဆင်းဟာစ်**[၁] တက္ကသိုလ်ဆင်းဖြစ်သည်။ အရာရှိတစ်ဦးသည် အရာရှိ၏ သိက္ခာကိုစောင့်ရသည်။ လူကြီးလူကောင်းတစ်ယောက် ဖြစ်ရမည်ဟူသော ဆင်းဟာစ် ဆောင်ပုဒ်ကို သူ မကြာမကြာရွတ်ဆိုသည်။ ဆင်းဟာစ်သို့ မရောက်ဖူးသော ပုဂ္ဂိုလ်အချို့က သူ့ကိုအထင်ကြီးသည်။

ဗမာ့တပ်မတော်မှာလည်း စစ်တက္ကသိုလ်မင်္ဂလာဒုံတွင် တည်ထောင်ပြီး ဖြစ်ပါသည်။ ဗိုလ်၊ တပ်ကြပ်များကို တစ်သုတ်ပြီး တစ်သုတ်လေ့ကျင့်ပေးလျက်ရှိသည်။ လေ့ကျင့်ရန် လိုသေးသော အရာရှိများအတွက် ပဲခူးမြို့ပြင်တွင် စံပြစစ်ကျောင်းကို တည်ထောင်ထားသည်။ စကားများများပြောနေသော အရာရှိအချို့ကိုလည်း စံပြသို့ စစ်ဦးစီးမှူးများက ပို့ထားကြသည်။ ချွေးများများကျရလျှင် စကားပြောချိန်မရ၊ ပြောအားမရှိ။ စံပြကျောင်းအုပ်သည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကျော်ဇော ဖြစ်လေသည်။ ကျောင်းအုပ်ကြီးသည် လေ့ကျင့်ရေး ဝါသနာပါသည်။ ကိုယ်တိုင်သင်တန်းကို ဦးဆောင်တတ်သည်။ ညတိုက်ပွဲများများလုပ်သည်။ သင်တန်းသားများပင်ပန်းကြသည်။ “စံပြကိုလည်းမသွားနဲ့၊ မံသကိုလည်း မစားနဲ့၊ စံပြသွားက ဖားတတ်သည်။ မံသစားက ယားတတ်သည်”ဟု တပ်ထဲတွင် ပြောစမှတ်ဖြစ်လာသည်။ ထိုစဉ်က ဝဲယားနာ ဖြစ်ပွားကြသဖြင့် မံသ အမဲသားကို တတ်နိုင်လျှင် ဆင်ခြင်ကြသည်။ သို့ရာတွင် အခြားပေါ်ပေါ် များများစားစရာ အသားမရှိ။

ဦးလှအောင်၊ ဦးထွန်းအုံ၊ ဦးထွေးမောင်၊ ဦးသိဟန်စသော ပုဂ္ဂိုလ်များကို ဗိုလ်ချုပ်တို့ အထူးဖိတ်ခေါ်၍ တပ်မတော်တွင် တာဝန်ပေးသည်။ ဗိုလ်ကြီးဘစိန်၏ စစ်ဥပဒေဌာနသို့လည်း ဝတ်လုံဦးမောင်မောင်ကျော်ဝင်း၊ ရှေ့နေဦးလှအေးစသော ပုဂ္ဂိုလ်တို့ ဥပဒေအရာရှိဗိုလ်ကြီးများအဖြစ် ရောက်လာကြသည်။ အောက်တွင် တိုးချဲ့ဖွဲ့စည်းသည်။ အထက်ခေါင်းဆောင်မှုပိုင်းကိုလည်း အားဖြည့်သည်။

ဗမာ့ရေတပ်မတော်ကို ဖွဲ့စည်းဖို့ ပြင်ဆင်သည်။ လှေျာက်လွှာများ ခေါ်ယူသည်။ စစ်ဝန်ကြီးရုံးတွင် ရေတပ် ဗိုလ်မောင်မောင်၊ ဗိုလ်လှသင်းတို့

၁။ Sandhurst



www.burmeseclassic.com

www.burmeseclassic.ocm



ပြင်ဆင်မှုများကို လုပ်သည်။ ဗမာ့လေတပ်မတော်ဖွဲ့ရန် မင်္ဂလာဒုံစစ်တက္ကသိုလ်တွင် မူလတန်း၌ လေတပ်ရဲညွှန့်များကို ရွေးချယ်လေ့ကျင့်သည်။ ဒုတိယပတ် ဗိုလ်သင်တန်းဆင်းများထဲမှ ဗိုလ်လောင်း ဆယ်ဦးကိုရွေး၍ ဂျပန်ပြည်ဘုရင့်လေတပ်တက္ကသိုလ်သို့ ပညာသင်စေလွှတ်ခဲ့သည်။ ဒုတိယကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်မှူးချုပ်သောင်းဒန်သည် ယင်းလေသူရဲဆယ်ဦးတွင်ပါသည်။ ဗိုလ်မှူးကြီးချစ်ခင်၊ ဒုတိယဗိုလ်မှူးကြီး တင်မောင်၊ ဒုတိယဗိုလ်မှူးကြီး ကျော်ဇောတို့လည်း မူလဆယ်ဦးတွင်ပါသည်။ မကြာမီက တပ်မှအနားယူကြကာ အစိုးရ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တာဝန်တို့ကို အသီးသီးထမ်းဆောင်လျက် ရှိကြသည်။ ဗိုလ်မှူးအောင်မြတ်တစ်ယောက် လေတပ်မတော်တွင် အမှုထမ်းရင်းကျဆုံးသည်။ ဒုတိယဗိုလ်မှူးကြီး စိုးလှိုင်ကား အမှုထမ်းဆဲ။ ဂျပန်ပြည်လေတပ်တက္ကသိုလ်မှ စစ်ပြီးသောအခါ ပြန်လာပြီးနောက် ကိုယ့်ရွာကိုယ်ပြန်၍ လယ်ယာလုပ်ကိုင်ကာ ကျေးလက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့သော ဗိုလ်အေးမောင်တစ်ယောက် ယခု ဒုတိယဝန်ကြီးဖြစ်နေသည်။ ဗိုလ်ဉာဏ်မောင်တစ်ယောက်ကား "သမ္မတ"ရုပ်ရှင်ရုံ အုပ်ချုပ်ရေးမှူး လုပ်နေသည်။

အမျိုးသမီးတပ်ဖွဲ့ကိုလည်း ၁၉၄၄ ခုနှစ်နောက်ပိုင်းတွင် စတင်ဖွဲ့စည်းခဲ့သည်။ ဗိုလ်ဒေါ်စောမြကခေါင်းဆောင်သည်။ ဒေါ်ခင်ကြည်ကြည် စသော အမျိုးသမီးများလည်း ပါကြသည်။ အမျိုးသမီးရဲဘော်များနှင့်အရာရှိများ အင်းလျားကန် နံဘေး လေ့လော်သင်းတွင် စခန်းချ၍ လေ့ကျင့်ကြသည် ဆို၏။ ဆောင်ဒရီ(ဓမ္မစေတီ) လမ်းရှိ ဦးစီးချုပ်ရုံးကုန်းမြေပေါ်တွင် ဆောက်လုပ်ထားသော တဲများတွင်လည်း ရုံးစိုက်ကြသည်။ သူတို့ကို တစေ့တစောင်းသာ ကြည့်လိုက်ဖူးသည်။

ဗမာ့တပ်မတော်သည် အရေအတွက်အားဖြင့်သာ တိုးတက်လာသည်မဟုတ်။ စိတ်ဓာတ်ကောင်းသည်။ တက်ကြွသည်။ မြန်မာ့လူငယ်များကို စုဝေးစည်းရုံးပေးရာဖြစ်လာသည်။ အင်္ဂလိပ်အစိုးရလက်အောက်တွင် ရိုင်ဖယ်ကိုမမြင်ဖူး၊ မကိုင်ရဖူးသော မြန်မာတိုင်းရင်းသား လူငယ်များသည် ရိုင်ဖယ်၊ စက်သေနတ်၊ မော်တာ အမြောက်ပစ်ခတ်တတ်ပြီ။ တပ်ခွဲ၊ တပ်ရင်းတို့ဖြင့် ဖွဲ့စည်းထားနိုင်ကြပြီ။ စစ်ချီစစ်ဆင်မြန်မာလို အမိန့်ပေးသည်။ တပ်မတော်သားတွေ စစ်သီချင်းဆို၍ ချီတက်လာကြပြီဆိုလျှင် ကြားရသူတိုင်း အားတက်ကြသည်။ ဂျပန်က ဖိနှိပ်၊ အင်္ဂလိပ်က ဗုံးကြဲ အမျိုးမျိုးခံနေရသော ပြည်သူတို့အဖို့ ဗမာ့တပ်မတော်ကိုသာ အားကိုးရာရှိသည်။ ပြည်သူသည် တပ်မတော်ကို အာ.ပေး





ရင်းနှင့် မိမိတို့ကိုယ် မိမိတို့ ရဲဆေးတင်ကြသည်။ ယုံကြည်မှုအင်အား ဖြည့်ကြသည်။

တစ်နေ့ကျလျှင် ဂျပန်စစ်တပ်ကို တော်လှန်တိုက်ခိုက်ကြရဦးမည်။ ဒီအတိုင်း သွားနေ၍မရ။ တော်လှန်ရေးကို တပ်မတော် ဦးဆောင်ရလိမ့်မည်။ တပ်မတော်နှင့် ပြည်သူအတူတွဲ၍ တိုက်ပွဲဝင်ကြရမည်။

တပ်မတော်တွင်းတွင် သဘောတရားရေး ဆွေးနွေးကြသည်။ တော်လှန်ရေးပရိယာယ်ကို ဆွေးနွေးကြသည်။ အပြင်နိုင်ငံရေး အဖွဲ့အစည်းများကလာရောက်၍ သဘောတရားသင်တန်းများကို လျှို့ဝှက်အဖွဲ့များဖွဲ့၍ ပို့ချကြသည်။ အချို့သော အရာရှိများသည် သဘောတရားစကား များများပြောလာကြသည်။ ပြောရတာလျှာတွေ့သည်။ အရသာရှိသည်။ အချင်းချင်းအနည်းငယ်ကွဲကြသည်။ သဘောတရား မခေါက်မိသူကို မျက်ကန်းမျိုးချစ်ဟု သဘောတရား ဆရာတို့က သရော်သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်း စသောခေါင်းဆောင်များက ထိန်းကွပ်နိုင်၍ ရောဂါမရင့်မီ တော်လှန်ရေးစဖြစ်၍ တော်သေးသည်။

တစ်နေ့စစ်ဝန်ကြီးရုံးတွင် ဗိုလ်၊ တပ်ကြပ်များအား ဗိုလ်ချုပ်အောင်ဆန်းက စည်းဝေးစေ၍ မိန့်ခွန်းပေးသည်ကို ကျွန်တော်တက်ရောက် နားထောင်ခဲ့ရသည်။ ရဲဘော်အချို့သည် အပြောကြီးနေကြသည်၊ လျှို့ဝှက်သိပ်သည်းစွာ လုပ်ရမည်တို့ကို လူမြင်သူမြင်လုပ်နေကြသည်၊ အရာရာတွင် သတိဝီရိယရှိရမည်၊ သီဟဇာဟု၏ ထုံးကို နှလုံးပြု၍ ကိုယ့်အားကို ကောင်းစွာမွေးပြီး လေ့ကျင့်စမ်းသပ်ပြီးမှ တိုက်ပွဲဝင်ရမည်၊ တိုက်ပွဲဟူသည် အပြောစကားနှင့်ပြီးမြောက် အောင်မြင်မည် မဟုတ် စသည်ဖြင့် ဗိုလ်ချုပ်က သတိပေးသည်။ အစည်းအဝေးမှ ပြန်လာကြသော ဗိုလ်မှူး၊ ဗိုလ်၊ တပ်ကြပ်များလေးနက်သော မျက်နှာထားကို ပြကြသည်။

၈

ထောက်ပံ့ရေးတပ်ရင်းတွင် ကျွန်တော် အတွေ့အကြုံ စုံစုံရပါသည်။ ပညာရပါသည်။ လူကောင်းတွေနှင့် တွေ့ရပါသည်။ သို့ရာတွင် ဈေးဝယ်၊ ပစ္စည်းထိန်း၊ စာရင်းမှတ်ရန် ကျွန်တော်တပ်မတော်သို့ ဝင်ခဲ့သည်မဟုတ်၊ စစ်တိုက်ချင်၍ ဝင်ခဲ့သည်။ တိုက်ခိုက်ရေးတပ်ရင်းသို့ သွားလိုသည်။

ပြောင်းရွှေ့နိုင်သည့် တစ်နည်းမှာ မင်္ဂလာဒုံ စစ်တက္ကသိုလ်သို့ ဗိုလ်သင်သင်တန်းတက်ရောက်ရန်ဖြစ်သည်။ ကျောင်းဆင်းလျှင် တိုက်ခိုက်ရေးတပ်သို့ ရောက်ကောင်း



www.burmeseclassic.com

www.burmeseclassic.ocm



ပါသည်။ ဗိုလ်ခင်မောင်ကလေးက ကျောင်းသို့မသွားရန် အတန်တန်တားသည်။ ဒို့လည်း စစ်တပ်ပါပဲဟု မှန်သောစကားကို ဆိုသည်။ ရာထူးအဆင့်ဆင့် တိုးပေးမည်၊ တစ်လအတွင်း ကျောင်းဆင်းဗိုလ်အဆင့်ထက် မနိမ့်သောရာထူးကို ရစေမည်။ ကျောင်းတက်ပြီး မတော်တဆ တပ်ကြပ်နှင့် ပြန်ဆင်းလာရရင် ဘာထူးမည်လဲဟု မေးသည်။

တပ်ရင်းမှူးမသိအောင် ဗိုလ်သင်တန်းဝင်ခွင့် စာမေးပွဲများကို ကျွန်တော် သွားရောက်ဖြေဆိုသည်။ အောင်စာရင်းတွင် ထိပ်မှပါလာသည်။ ထိုအခါ တပ်ရင်းမှူးလည်း မတားဆီးတော့ချေ။

နောက်ပိုင်းတွင် ထောက်ပံ့ရေးတပ်ရင်း ကြီးလာပါသည်။ ပစ္စည်း၊ ငွေ များများ ကိုင်တွယ်ရသဖြင့် ပျက်သည့်အပိုင်း ပျက်လာကြသည်။ ဗိုလ်ချုပ်နေဝင်း ကိုယ်တိုင် တပ်ရင်းကိုကိုင်၍ စာရင်းများစစ်ဆေးသည်။ သို့ရာတွင် တော်လှန်ရေး စသွားသည်နှင့် ပြီးသွားသည်။ ထိုဖြစ်ရပ်တို့မှာ ကျွန်တော်မင်္ဂလာဒုံစစ်တက္ကသိုလ်သို့ ရောက်ပြီးမှဖြစ်သည်။

၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် ကျွန်တော်တို့မင်္ဂလာဒုံ စစ်တက္ကသိုလ်သို့ စစ်ဝန်ကြီးရုံးမှ ဘတ်စ်ကားကြီးများဖြင့် သွားကြသည်။ မားရှယ်တွေ၊ ရာထူးကြယ်တွေ၊ ဝတ်စုံ အပိုတွေကို မိတ်ဆွေ ပန်းချီတပ်ကြပ် တင်အေးအား အပ်နှံခဲ့သည်။ ကျောင်းသားအဖြစ် သွားခြင်းဖြစ်သည်။

ထောက်ပံ့ရေးတပ်ရင်းကို နှုတ်မဆက်မီတပ်တွင် ကျွန်တော်ရှိစဉ် ဟသ်ာတ မှ ရောက်လာသော ရဲဘော်ထွန်းတင်က စစ်ကြီးပြီး၍ သူကိုယ်တိုင် တက္ကသိုလ်ဘွဲ့ ယူပြီးနောက် ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလထုတ် မြဝတီ မဂ္ဂဇင်းတွင် တပ်မှ သူမှတ်မိသူအချို့အကြောင်း ရေးသားထားသည်မှ ထုတ်နုတ် ဖော်ပြလိုသည်။

ဆောင်းပါးကို "သူတို့ငါးဦး"ဟု အမည်တပ်ထားသည်။ တပ်ရင်းမှူး ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်စိန်တင်၊ ရဲဘော်လှကြည်၊ ရဲဘော် မင်းကြွယ်နှင့် ကျွန်တော်တို့အကြောင်း ဖြစ်သည်။ ဗိုလ်ခင်မောင်ကလေးကလည်း ဖဆပလ ခေတ်တွင်ဝန်ကြီးဖြစ်လာသည်။ ဗိုလ်စိန်တင်သည် စစ်ပြီးခေတ်တွင် ဗိုလ်မှူးတစ်ဦး ဖြစ်ကာ တောခိုသည်။ နောင်တွင် အလင်းဝင်ပြီးနောက် အစိုးရကပေးသော တာဝန်ကို ထမ်းဆောင်သည်။ တပ်ထဲတွင် ကုလားသီချင်းဆို၍ ကတတ်သော ကြောင့် လူသိများလာသော ရဲဘော်လှကြည်သည် ဒုတိယဗိုလ်မှူးကြီးဖြစ်လာ





သည်။ ထောက်ပံ့ရေးတပ်တွင် လက်ဖွေ့အထိုးကောင်းသော ရဲဘော်မင်းကြွယ်သည် ရေတပ်မတော်တွင် ဝင်ရောက်ကာ လက်ဖွေ့ကျော်တစ်ဦး ဖြစ်လာသည်။

ကျွန်တော်တို့ စတင်တွေ့ဆုံခြင်းကို ရဲဘော်ထွန်းတင်က ဤသို့မှတ်တမ်း တင်ထားသည်။

ဝင်ဒါမီယာထဲရှိ တပ်ထဲသို့ ရောက်လာကြသောအခါ ဖျင်ကြမ်း အင်္ကျီ အစိမ်း၊ ဖျင်ကြမ်း ဘောင်းဘီကာကီရောင်ကို ဝတ်၍ ခါးတွင် မားရှယ် ချိတ်ထားသော မွှန်မွှန်ရည်ရည်ရှိ မျက်မှန်တပ် တပ်ကြပ်တစ်ဦး ထွက်လာ၏။ သူ၏ ကိုယ်ကာယမှာ တုတ်ခိုင်ခြင်း မရှိ။ မျက်နှာမှာ ရက်စက်သော အမူအရာမပြ။ တစ်နည်းဆိုရသော် သူသည် တပ်မတော် ရဲဘော်တစ်ဦး ဖြစ်ရခြင်းထက် ကျောင်းဆရာတစ်ဦး ဖြစ်ထိုက်သည်ဟု မှတ်ချက်ချမိ၏။

ရဲဘော်ငယ်တစ်ဦးက ဤသို့ ကျွန်တော့်အား မြင်လိုက်၊ မှတ်လိုက်ရ သည်ဆိုသည်ကို ဂုဏ်ယူမိသည်။ အမှန်မှာလည်း ကျွန်တော်သည် ကျောင်းဆရာ ဘဝတွင် မွေ့လျော်လိုပါ၏။ ကိစ္စအဝဝတွင် ကိုယ်စွမ်း ရှိသမျှ၊ မေတ္တာ၊ ကရုဏာ ရှေ့ထား၍ လုပ်ဆောင်ခဲ့ပါ၏။ သို့ရာတွင် ကျွန်တော်သာမဟုတ်ပါ။ ဗမာ့တပ်မတော်သားများသည်လည်း ရက်စက်မှု စစ်သားပီသသည် မဟုတ်။ မေတ္တာ၊ ကရုဏာရှေ့ထား၍ တရားသောစစ်ကို ဆင်နွှဲခြင်းဖြင့် တာဝန်လည်းကျေ၊ အောင်ပွဲလည်းရ၊ နှစ်ဖြာအကျိုး ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ကြောင်းကို သမိုင်း ကသက်သေထူခဲ့ပြီ။

▢

www.burmeseclassic.com

www.burmeseclassic.ocm

# အခန်း(၄)

## မင်္ဂလာဒုံ စစ်တက္ကသိုလ်

၁

ယနေ့ မြန်မာ့တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိအဖြစ်ကို ရရှိနိုင်ရန် လမ်းနှစ်သွယ် အထင်အရှား ရှိသည့်အနက် တစ်လမ်းလမ်းကို လိုက်ရသည်။ တက္ကသိုလ်ဘွဲ့ထူး တစ်ခုခုကို ဆွတ်ခူးခဲ့ပြီးနောက် တပ်မတော်ဗိုလ်ရွေးအဖွဲ့ထံ ဝင်ရောက်အရွေးခံကာ အောင်မြင်ပါက ဗိုလ်သင်တန်းတက်ရန်ဖြစ်သည်။ ဗိုလ်သင်တန်းကျောင်း မှော်ဘီ တွင်ထားသည်။ သင်တန်းကာလ ၉ လ ကြာသည်။ နောက်တစ်နည်းမှာ တက္ကသိုလ်ဝင်သင်တန်းကို အမှတ်ကောင်းကောင်းနှင့် အောင်မြင်ပြီးနောက် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကာ စစ်တက္ကသိုလ်သို့ ၄ နှစ် သင်တန်းတက်ရန် ဖြစ်သည်။ လေးနှစ်ကာလအတွင်း တက္ကသိုလ် ဝိဇ္ဇာသိပ္ပံဘွဲ့ အတွက် ကျက်မှတ်သင်ယူရသည်။ တစ်ဖက်တွင်လည်း စစ်ပညာကို လေ့ကျင့် သင်ယူရသည်။ နှစ်စဉ် စာဘက်၊ စစ်ပညာဘက်၌ ချောမောစွာ အောင်မြင်သော ဗိုလ်လောင်းအား ကျောင်းဆင်းသောအခါ ဝိဇ္ဇာသိပ္ပံဘွဲ့ကို အပ်နှင်းသည်။ တပ်မတော်ကလည်း ကြည်း၊ ရေ၊ လေ တပ်ဖွဲ့ တစ်ခုခုတွင် ဒုတိယဗိုလ်အဆင့်ဖြင့် တာဝန်ပေး ခန့်ထားသည်။

ဆရာဝန်များမှ လွဲ၍ တိုက်ရိုက်ပြန်တမ်းဝင်အရာရှိအဖြစ်ကို ခန့်ထားခွင့် ရနိုင်သူများ မရှိသလောက်ပင် ဖြစ်သည်။ အင်ဂျင်နီယာများ၊ ဥပဒေဘွဲ့ရသူများ ပင်လျှင် ဗိုလ်သင်တန်းတက်ပြီးမှ အရာရှိဖြစ်လာနိုင်သည်။ တပ်မတော်သို့ပညာ





တတ် လူငယ်များ အလုံးအရင်းနှင့် ဝင်လာကြသည်နှင့်အမျှ အရာရှိများ၏ ပညာအရည်အချင်းနှင့် လေ့ကျင့်မှုကို မြှင့်တင်ပေးနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

နောက်ဆုံးစမ်းသပ်လျက်ရှိသော အလုပ်သင်ဗိုလ် စီမံချက်သည်လည်း အောက်သက်ကျေသော အရာရှိကောင်းများကို မွေးထုတ်နိုင်ဖွယ်ရာ ရှိပါသည်။ တက္ကသိုလ်ဝင်စာမေးပွဲကို အောင်ပြီးသော လူငယ်များကို ရွေးချယ်ပြီးလျှင် စာပေ၊ စစ်ပညာ သင်တန်းတက်စေကာ တပ်ရင်းများ၌ တပ်ကြပ်များအဖြစ် စမ်းသပ် တာဝန်ပေးသည့် စီမံချက်ဖြစ်သည်။ တပ်ကြပ်အဖြစ် တာဝန်ကျေလျှင် ဒုတိယ ဗိုလ်ရာထူးကို အပ်နှင်းရန်ဖြစ်သည်။

ဂျပန်ခေတ် စစ်တက္ကသိုလ်ကို မင်္ဂလာဒုံတပ်မြေတွင် ဖွင့်လှစ်ခဲ့သည်။ စာပေ၊ စစ်ပညာ နှစ်ဖြာပြည့်စုံအောင် သင်ကြားလေ့ကျင့်ပြီးလျှင် ဗမာ့တပ်မတော် အတွက် အရာရှိ၊ တပ်ကြပ်များကို မြန်မြန်မွေးထုတ်သည့် ကျောင်းကြီးဖြစ်သည်။ ဂျပန်စစ်တပ်သည် အလွန်သေချာသည်။ စာရင်းဇယား၊ မှတ်တမ်းများ ထားသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြန်လည်ဖွဲ့ စည်းသည့် အမိန့်နှင့်အတူ ဖွဲ့စည်းပုံ အသေးစိတ်ချမှတ်ထားသည်။ ဗမာ့ကာကွယ် ရေးတပ်မတော်ကို တာဝန်ယူကွပ်ကဲရမည့် ဟယာရှိတပ်ဗိုလ်ချုပ်၏ ဖွဲ့စည်းပုံတွင် မြန်မာတပ်ရင်းများ၌ ခြေလျင်တပ်ခွဲ လေးခွဲ၊ စက်သေနတ်တပ်ခွဲ တစ်ခွဲ၊ အုပ်ချုပ်မှုတပ်ခွဲ တစ်ခွဲ စုစုပေါင်း ဗိုလ်၊ တပ်ကြပ်၊ ရဲဘော် ၉၆၈ ယောက်ပါ ရမည်။ ဗိုလ်၊ တပ်ကြပ်များကို လေ့ကျင့်ရန် စစ်တက္ကသိုလ်တည်ထောင်ရမည်။ စစ်တက္ကသိုလ် ကျောင်းအုပ်သည် ဗိုလ်မှူးကြီး သို့မဟုတ် ဗိုလ်မှူးဖြစ်ရမည်။ အုပ်ချုပ်ရေးနှင့်သင်တန်းဆရာ ၇၁ ယောက်တို့သည် ဂျပန်အရာရှိ တပ်ကြပ်များ သာဖြစ်ရမည်။ စတင်လက်ခံရမည့် ကျောင်းသား ၃၀၀ သည် မြန်မာများဖြစ်ရ မည်ဟု အသေးစိတ်၍ စီမံသည်။

ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့ပြီး၍ မကြာမီပင် ပထမပတ် ဗိုလ်သင်တန်း ကျောင်းသား ၃၀၀ ကို တပ်ရင်းအသီးသီးမှ ရွေးချယ် စေလွှတ်ခဲ့လေသည်။ တိုင်းရင်းသားအစုံမှပါသည်။ မြို့၊ ရွာ အနှံ့အပြားမှပါသည်။ လူတန်းစားစုံသည်။

စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးသည် ဗိုလ်မှူးမာရိကား ဖြစ်လေသည်။ သူ့နေရာကို နောက်ပိုင်းတွင် ဗိုလ်မှူးကြီး ဖူကူအိကဆက်ခံသည်။ အရာရှိများ သင်တန်းဆရာများတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့်အတူ လိုက်ပါလာခဲ့သော ဂျပန်များလည်း ပါသည်။ တရုတ်ပြည်စစ်မျက်နှာတွင် ကြာမြင့်စွာ အမှုထမ်းခဲ့သူ



www.burmeseclassic.com

www.burmeseclassic.ocm



များလည်းပါသည်။ ဗိုလ်ကြီးမိဓောင့ချိ၊ ဗိုလ်ကီဘော့၊ ဗိုလ်နိုဒါး၊ ဗိုလ်ဟာတား၊ ဒုတိယဗိုလ်မှူရာတား၊ ဒုတိယဗိုလ် အီဝနာကားစသော အရာရှိများနှင့် တပ်ကြပ်၊ စစ်သားများ။ ဗိုလ်ကြီးကဝါရှိမားသည်လည်း စစ်တက္ကသိုလ် ထူထောင်ရာတွင်ပါသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စမှစ၍ ပါလာသူဖြစ်သည်။ သူ့မှာ တိုက်ပွဲတွင် ရခဲ့သောဒဏ်ရာမှ ပါးတစ်ဖက်ကို ကန့်လန့်ဖြတ်သော အမာရွတ်ကြီးရှိသည်။ ကဝါရှိမားသည် နောက်ပိုင်းတွင် ဂျပန်ပြည်သို့ပြန်၍ စစ်မှုထမ်းရသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဂျပန်ကာကွယ်ရေးတပ်မတော်ကို တည်ထောင်ရာတွင်ပါသည်။ ဗိုလ်မှူးချုပ်ရာထူးမှ မကြာမီက အနားယူသည်။

ပထမပတ် ဗိုလ်သင်တန်းသားများကို လေးလသင်ကြားလေ့ကျင့်ပြီးသောအခါ အချို့ကို တပ်ကြပ်ရာထူးဖြင့်ဆင်းစေကာ တပ်များသို့ဖြန့်သည်။ ဆက်လက်၍ သုံးလသင်တန်းတက်သူတို့အား ဗိုလ်လောင်းရာထူးဖြင့် ကျောင်းဆင်းပေးသည်။ ဗိုလ်လောင်းရာထူးတံဆိပ်သည် တစ်လိုင်းသုံးပွင့် (တပ်ကြပ်ကြီးရာထူး တံဆိပ်)ပေါ်တွင် ကြယ်ကြီးတစ်ပွင့်ဖြစ်သည်။ ကြယ်ပွင့်ကိုမြင်သည်နှင့် စစ်တက္ကသိုလ်ကျောင်းဆင်း ဗိုလ်ဟု သိသာသည်။ ဗိုလ်လောင်းအဖြစ် ၆ လ တာဝန်ယူပြီးလျှင် ဒုတိယဗိုလ် (သုံးလိုင်းတစ်ပွင့်) ဖြစ်လာသည်။ ပထမပတ်ဆင်း ဗိုလ်လောင်းများထဲမှ ၃၀ ကို ဂျပန်ပြည် တိုကျိုအနီးရှိ ဘုရင့်စစ်တက္ကသိုလ်သို့ ၁၈ လ သင်တန်းတက်ရန်ပို့သည်။ ဂျပန်တပ်မတော်၏ ထိပ်သီးစစ်တက္ကသိုလ်ဖြစ်၍ ဗိုလ်ချုပ်များထွက်သည့် စစ်တက္ကသိုလ်ဖြစ်သည်။

ဒုတိယပတ်ဗိုလ်သင်တန်း ၁၉၄၃ ခု နှစ်ဦးပိုင်းတွင် စသည်။ ကျောင်းသား ၂၀၀ တက်၍ အောင်မြင်သူများထဲမှ ၄၀ ကို ဂျပန်ပြည်သို့ ပို့သည်။ ၃၀ သည် စစ်တက္ကသိုလ်သို့သွား၍ ၁၀ ယောက်သည် လေတပ်တက္ကသိုလ်သို့သွားသည်။ ဒုတိယပတ်တက်ချိန်တွင် မင်္ဂလာဒုံစစ်တက္ကသိုလ် ကျောင်းအုပ်သည် ဗိုလ်မှူးနိုဒါးဖြစ်လေသည်။

တတိယပတ် ဗိုလ်သင်တန်းကို ၁၉၄၄ ခုနှစ် မေလတွင် စသည်။ ကျောင်းသား ၂၀၀ ခန့် လက်ခံသည်။ အချို့မှာ ကျောင်းဆင်းလျှင် စစ်ဝန်ကြီးရုံးတွင် တာဝန်ယူရန် ဖြစ်သည်။ တတိယပတ်ကျောင်းတက်သောအခါ ဒုတိယဗိုလ်မှူးကြီးဖေယျုက ကျောင်းအုပ်ကြီးဖြစ်သည်။ မြန်မာနိုင်ငံကို လွတ်လပ်သောနိုင်ငံအဖြစ် ကြေညာပြီးဖြစ်၍ ဂျပန်အရာရှိ၊ တပ်ကြပ်များက ဦးဆောင်ဦးစီးမလုပ်ကြတော့ချေ။ အကြံပေးအရာရှိအဖြစ် နောက်ကွယ်မှာနေသည်။ နောက်ကွယ်





ဆိုသော်လည်း တကယ်တမ်းတော့ ရှေ့ရောက် ရောက်လာသည်။ ကျောင်းသားများကို ပါးနား ဝင်ရိုက်သေးသည်။

ကျွန်တော်တို့က စတုတ္ထပတ် ဖြစ်သည်။ မူလကြော်ငြာ၍ ခေါ်ယူစဉ်က တပ်ထဲမှ ရဲဘော် ၁၆၀ နှင့် အရပ်သားထဲမှ ၄၀ ပေါင်း ၂၀၀ ယူရန်ဖြစ်သည်။ တစ်ထောင်နီးပါးလျှောက်ကြသည်။ ရန်ကုန်မြို့ ကန်တော်ကလေးရှိ စာသင်ကျောင်းတွင် ရာဇဝင်၊ မြန်မာစာ၊ ဂျပန်စာစသည့်ဘာသာတို့ကို ရေးဖြေရသည်။ ပြီးလျှင် စစ်ဝန်ကြီးရုံးတွင် အဖွဲ့က လူကိုယ်တိုင် တွေ့ဆုံစစ်ဆေးသည်။ ၂၀၀ ရွေးသော်လည်း ၁၂၅ ယောက်သာ သင်တန်း အချိန်မီရောက်ကြသည်။ နယ်မှ တပ်မတော်သားများ လာရန် မဖြစ်တော့ပြီ။ လမ်းအဆက်အသွယ် မကောင်းတော့ပြီ။ မြန်မာပြည်စစ်မျက်နှာ နီးသည်ထက် နီးလာပြီ။

၁၉၄၄ ခုနှစ်၊ စက်တင်ဘာလဆန်းတွင် ဘတ်စ်ကားသုံးစီးဖြင့် ကျွန်တော်တို့ မင်္ဂလာဒုံစစ်တက္ကသိုလ်သို့ ရောက်ကြသည်။ ရောက်လျှင် ထုံးစံအတိုင်း တန်းစီ၊ လူစစ် လုပ်ကြရသည်။ တပ်စုခွဲသည်။ ကျွန်တော်က တပ်စု ၁ တွင် နံပါတ် (၁) ဖြစ်သည်။ တပ်စုနံပါတ်၊ ကျောင်းသားနံပါတ်အလိုက်အခန်း၊ အိပ်ရာနေရာ ရသည်။ နှစ်ထပ်အုတ်တိုက်နီနီတွင် အပေါ်ထပ် ညာဘက်ထောင့်သည် ကျွန်တော့်နေရာ ဖြစ်သည်။ သစ်သားခုံတန်းလျားပေါ်တွင် ကျွန်တော်တို့ ကိုယ့်နေရာအလိုက် အိပ်ရာနေရာ၊ အဝတ်၊ ခြင်ထောင်၊ စောင်၊ စာအုပ်ထားရန် စင်ရကြသည်။ အလယ် လူသွားလမ်းတွင် လက်နက်စင်ထားသည်။ ခြေရင်းတွင် ဖိနပ်ထားရသည်။ ပစ္စည်းများများမရှိ။ ရှင်းလင်းသည်။ နေ့ခင်းအခန်းတွင်းသို့ စင်ကိုသာမြင်ရသည်။ ဝင်သွားလျှင် တန်းလျားကိုသာ မြင်ရသည်။ ပြောင်သလင်းဖြစ်သည်။

စစ်တက္ကသိုလ်သို့ရောက်သည့်နေ့၌ ကျွန်တော်အရိုက်ခံရခြင်းမှ သီသီလွတ်ခဲ့သည်။ အပေါ်ထပ်တွင် အခန်းအပ်နှံခံရပြီးနောက် ကျွန်တော်တို့တစ်သိုက်ရုပ်၍ စကားပြော ငေးငေးမောမောနေကြရင်း အောက်သို့ကျွန်တော် စက္ကူစုတ်တစ်ခုကို လုံး၍ ပစ်ချမိသည်။ စက္ကူလုံးသည် အောက်တွင်ရပ်နေသောဂျပန် တပ်ကြပ်တစ်ဦးရှေ့တွင် တည့်တည့်မတ်မတ် ကျသွားသည်။ ဂျပန်ဆရာက ကျွန်တော့်အား လာဦးခေါ်သဖြင့် သွားရသည်။ သူ့မှာ လက်ဝါးတပြင်ပြင်နှင့်။ သို့ရာတွင် မည်သို့သော စိတ်ကူးပေါက်သွားသည်မသိ။ ကျွန်တော့်မျက်မှန်ကို အားနာ၍လား မသိ။ သူကိုယ်တိုင် မျက်မှန်တပ်သဖြင့် ဘဝတူချင်းမို့ [illegible]ချင်း



www.burmeseclassic.com

www.burmeseclassic.ocm



စာနာသလားမသိ။ ကျွန်တော့်အား မရိုက်တော့ဘဲ ကျောင်းဆောင်ဝင်း ငါးပတ်ပြေးခိုင်းသည်။ ပြေးရင်းလွှားရင်းနှင့် ဗိုလ်သင်တန်းကျောင်းသား စစ်စစ်အမှန်ဖြစ်ပါပြီကောဟု မိမိကိုယ်ကိုမိမိ အသိအမှတ်ပြုလိုက်ရသည်။

၂

မင်္ဂလာဒုံစစ်တက္ကသိုလ်သို့ ကျွန်တော်တို့ ရောက်ချိန်တွင် တတိယပတ်ဗိုလ်သင်တန်း ရှိသေးသည်။ ကျွန်တော်တို့နှင့် အဆောင်ချင်း ကပ်နေရသည်။ မူလတန်းကျောင်းခေါ် ရဲညွှန့်လူငယ်များလည်း ရှိသည်။ သူတို့က အမှန်မှာ နစ်ကြီးသမားတွေ ဖြစ်ကြသည်။ ကျွန်တော်တို့ထက်စော၍ သူတို့ကျောင်းသို့ ရောက်ကြသည်။ ကျွန်တော်တို့ ဆင်းပြီးလျှင်လည်း ကျန်ရစ်ဦးမည်။ သူတို့သည် လေ့ကျင့်သားကျနေ၍ ဖျတ်လတ်ကြသည်။ ကျောင်းအကြောင်းကို ကောင်းကောင်းသိသည်။ ကျောင်းသားကြီးများ၊ ဆရာများနှင့် အလိုက်သင့်ပေါင်းသင်း၍ မုန့်ဖိုးတောင်းတတ်သည်။ သူတို့ကို ငြင်းဆန်နိုင်သူများ မရှိ။

ကျောင်းအုပ်ကြီးဗိုလ်ဇေယျသည် သပ်သပ်ရပ်ရပ် ဝတ်ဆင်တတ်သည်။ ဂီတနှင့် ပန်းချီကို ကြိုက်နှစ်သက်သည်။ အလှကို ခင်မင်သည်။ အိမ်တွင်ကျောင်းမှ အရာရှိများနှင့် ထမင်းစားပွဲ ကျင်းပရင်း ကိုယ်တိုင်တီးမှုတ်သီဆိုကာ ဇနီးကို ကစေသည်။ ဗိုလ်ဇေယျ စစ်ဝန်ကြီးရုံးသို့ ပြောင်းသွားသောအခါ ဒုတိယဗိုလ်မှူးကြီးရန်နိုင် ရောက်လာသည်။ ဗိုလ်ရန်နိုင်သည် ရွှေတောင်တိုက်ပွဲတွင် နာမည်ကြီးခဲ့သည်။ အဓိပတိဒေါက်တာဘမော်၏ သမက်ဖြစ်လာသောအခါ သူ့နာမည်မှေးမှိန်သွားသည်။

ဗိုလ်ကျော်သိန်းသည် ကျွန်တော်တို့၏ တပ်ခွဲမှူးဖြစ်လေသည်။ တပ်စု ၁ ကိုလည်း သူကိုယ်တိုင် အုပ်ချုပ်သည်။ တပ်စု ၂ ဗိုလ်ကျော်ညွှန့်၊ တပ်စု ၃ ကို ဗိုလ်ကြည်ရှိန်တို့က ဦးဆောင်သည်။ ပထမပတ်ဗိုလ်သင်တန်းမှ ဆင်းပြီးနောက် ကျောင်းတွင် တာဝန်ကျရောက်နေသူများ ဖြစ်ကြလေသည်။ အရာခံဗိုလ်တင်သိန်းနှင့် ဗိုလ်လောင်း ထွန်းလှတို့သည်လည်း တပ်ခွဲတွင် ဆရာများဖြစ်ကြသည်။

တပ်ခွဲမှူး၊ တပ်စုမှူး၊ ဗိုလ်လောင်း၊ အရာခံဗိုလ်တို့ထက် ဆရာလေးခေါ် တပ်ကြပ်များကို သတိထားကြရသည်။ သူတို့က နေ့စဉ်တပ်စုနှင့် အတူနေသည်။ မောင်မြင့်၊ သာထွန်းအောင်၊ စိုးမြင့်တို့သည် ဆရာလေးများ ဖြစ်ကြသည်။ ယင်းတို့အနက် ပုပုသေးသေး မောင်မြင့်သည် လက်သံအပြောင်ဆုံး ဖြစ်သည်။





ကျောင်းသားကြီးတစ်ဦးနှစ်ဦး ကျောင်းသို့ရောက်ခါစပင် မောင်မြင့်၏ လက်ဝါးနှင့်တွေ့သွားသည်။ သူ့ထက် အရပ်ရှည်သော ကျောင်းသားများကို သူမမီ။ ခုန်၍ရိုက်ရသည်။ အရိုက်ခံရမည့်သူက အလိုက်သိစွာ ငုံ့ပေးရသည်လည်း ရှိသည်။ နောက်ပိုင်းတွင် ဆရာလေးမောင်မြင့်နှင့်တကွ အခြားတပ်ကြပ်များက ပရိယာယ်သစ်တီထွင်သည်။ ကျောင်းသားများကို သူတို့ကိုယ်တိုင် မရိုက်တော့ဘဲ တန်းစီမျက်နှာချင်းဆိုင်စေကာ အချင်းချင်းရိုက်ခိုင်းသည်။ ညှာ၍ နာနာမရိုက်သည်ကို တွေ့လျှင် သူတို့ကိုယ်တိုင်ဝင်၍ ရိုက်သည်။ ကျွန်တော်တို့ မျက်မှန်တပ်ကျောင်းသားများက မျက်မှန်ချွတ်၍ အရိုက်ခံကြရသည်။ နာတာက အရေးမကြီး၊ မျက်မှန်ကွဲသွားလျှင် အစားဝယ်ရတာမလွယ်။ ယခုအခါ ကျောင်းသားဟောင်းများ တစ်ယောက်နှင့် တစ်ယောက်ပြန်တွေ့ကြလျှင် မင်္ဂလာဒုံတုန်းက အရိုက်ခံခဲ့ရတာတွေကို ပြန်ပြောကြသည်။ အချင်းချင်းရိုက်ကြရတာတွေကို ပြန်ပြောကြသည်။ သူက ကိုယ့်ကို နာအောင်ရိုက်သည်။ ကိုယ်က သူ့ကိုညှာသည် စသည်ဖြင့် ရယ်သွမ်းသွေးကာ ပြစ်တင်ကြသည်။ အမှန်မှာ လက်သံပြောင်သောဆရာကလေးများသည်လည်း လူဆိုးများ မဟုတ်ကြပါ။ သူ့ခေတ်အလိုက်ဖြစ်ကြတာတွေသာဖြစ်ပါသည်။

သူတို့ ကျောင်းသားတုန်းကလည်း အရိုက်ခံရပါသည်။ ဂျပန်ဆရာတွေကသာ၍ပင် အရိုက်ကြမ်းသေးသည်။ တစ်ယောက်စကား တစ်ယောက်နားမလည်။ အမှားမှားအယွင်းယွင်း ဖြစ်ကြတိုင်း အရိုက်ခံကြရသည်။ ကိုယ်ကိုယ်တိုင် ဆရာဖြစ်လာတော့လည်း ရိုက်ပြီးစိတ်ဓာတ်သွင်းရသည်။ နာနာစပ်စပ်ကလေးရှမှမှတ်မည်ဟု မှတ်ထင်လာကြသည်။ ရိုးသားစွာ မှတ်ထင်ကြခြင်း ဖြစ်လေသည်။ ဆရာလေး မောင်မြင့်သည်လည်း ကျွန်တော်တို့နှင့် တစ်ဦးကို တစ်ဦးနားလည်လာကြသောအခါ အရိုက်အနှက် လျော့လာပါသည်။ တစ်ခါတစ်ခါ ပြုံးဖော်ရ၍ပင် လာပါသည်။

ကျွန်တော်တို့သည် နံနက် ၅ နာရီတွင် ခရာမှုတ်သံနှင့်အတူ အိပ်ရာမှ ထကြရသည်။ ညင်သာစွာ ထကြရသည်ကား မဟုတ်။ ခရာသံကြားသည်နှင့် အားလုံးအတူတစ်ပြိုင်နက် ခုန်ပေါက်၍ ထကြသည်။ ခြင်ထောင်ဖြုတ်၊ ခေါက်၊ အိပ်ရာသိမ်း၊ ခေါင်းရင်းက စင်မြင့်ပေါ်တွင် စည်းကမ်းအရ အချိုးကျ ခေါက်တင်ပြီးလျှင် စစ်ဝတ်စုံကို ဝတ်ဆင်ရသည်။ မျက်နှာသစ်ရုံသာ သစ်ပြီးလျှင် အောက်ထပ်သို့



www.burmeseclassic.com

www.burmeseclassic.ocm



အပြေးဆင်း၍ ကွင်းထဲတွင် တန်းစီရသည်။ ခရာမှုတ်သည်မှ မိနစ်ပိုင်းအတွင်း တပ်စုအလိုက် စုံပြီး စီပြီးဖြစ်ရသည်၊ ပျက်ကွက်သော ကျောင်းသားအပြစ်ရသည်။

နံနက် တန်းစီမီဖို့ တစ်မိနစ်ပဲ အချိန်လုလို့ရရင် မနည်းဟုတွက်ကာ ကျွန်တော်တို့ညကတည်းက ခြင်ထောင် မဆင်၊ အိပ်ရာမပြင်ဘဲ စင်မြင့်ပေါ်တွင် သာ အသင့်ခေါက်ထား၍ အိပ်ကြည့်ကြသည်။ ယင်းသို့လည်း လုပ်ခွင့်မပြု။ ညတွင် အဆောင်များကို လိုက်လံ စစ်ဆေးသော တပ်ကြပ်များက အချိန်တန် လျှင် အိပ်ကြရမည်၊ အိပ်လျှင် အိပ်ရာနှင့် ခြင်ထောင်နှင့် အိပ်ကြရမည်ဟု ပညတ်သည်။ အချို့ကျောင်းသားများ စစ်ဝတ်စုံဝတ်၍ ဖိနပ်စီး၍ အိပ်ကြည့်သည်။ ဒါကိုလည်း ခွင့်မပြု။ စစ်သားမည်သည် နားလျှင်လည်း အဝနား၊ အိပ်လျှင်လည်း နှစ်ခြိုက်စွာအိပ်၊ အရေးကြုံလျှင်လည်း တစ်မုဟုတ်ချင်း အသင့်ဖြစ်စေရမည်။ ထိုသို့ဖြစ်စေရန် ကျွန်တော်တို့ကို ပုံသွင်းကြခြင်းဖြစ်သည်။

လူကို အကျင့်က ပြင်သည်။ အကျင့်ကို စိတ်က ဦးဆောင်သည်။ ကျွန်တော်တို့သည် နှစ်ပတ်အတွင်း စစ်တက္ကသိုလ်၏ နေ့စဉ်တာဝန်များတွင် အကျင့်ရလာသည်။ သွက်လက်လာသည်။ ဘာကိုလုပ်လုပ် မြန်မြန်ပြတ်ပြတ် လုပ်တတ်လာသည်။ စိတ်မောကိုယ်မောလည်း မဟုတ်။ တောင့်တောင့် တင်းတင်း ကြီးလည်း မဟုတ်။ သင်တန်းနားချိန် သစ်ပင်အောက်၌ စု၍ထိုင်ကြစဉ်လည်း အမောဖြေ၊ စိတ်ဖြေတတ်လာသည်။ "တန်းစီ"အမိန့်သံကြားလျှင်လည်း ချက်ချင်း ထပြေး၍ စီပြီးဖြစ်သွားသည်။ ညအိပ်လျှင် မြန်မြန်အိပ်ပျော်သည်။ တွေးတော ပူပင်နေရန် အချိန်မရှိ။ ခန္ဓာကိုယ်က နားလိုသည်။ မနက်တွင် ခရာမမှုတ်ခင် နားထဲ ဦးနှောက်ထဲတွင် ခရာသံသဲ့သဲ့ကြားလာသည်။ ကြားလျှင် ခန္ဓာကိုယ်ကို လှုပ်နိုး၍ အသင့်ပြင်သည်၊ တကယ့်ခရာမှုတ်သောအခါ နိုးနေပြီးသော လက်တွေ ခြေတွေနှင့် ကိုယ်ခန္ဓာအစုအဝေးက လုပ်နေကျအလုပ်တွေကို သွက်သွက်လုပ် သွားသည်။ အထူးခိုင်းစေနေရန် မလိုတော့ချေ။

နံနက်တန်းစီ၊ အမိန့်ခွာန်ဆိုပြီးနောက် ကျန်းမာရေး လေ့ကျင့်ရသည်။ ပြေးကြရသည်။ ပြီးလျှင် ခေတ္တနား၊ နံနက်စာ စား၊ ကိုယ်လက် သန့်ရှင်း၊ သေနတ်ကို ပြောင်အောင်တိုက်၊ သင်တန်းဆင်း။ ကွင်းထဲတွင် အနေများကြသည်။ နေလောင်သဖြင့် အသားတွေ မည်းသည်။ ကော်လာဖြင့်ဖုံးသည့် လည်ပင်းတစ်ဝိုက် က ဖြူ၍ နေတွေ့သော မျက်နှာပိုင်းများက မည်းသည်။ အပြေးအလွှား သွား လာနေ၍ ကျန်းမာရေးကောင်းသည်။ အသားစစ်၍ ကျစ်လျစ်သွားသည်။ ဖော





များစတွင် ဝမ်းချုပ်ချင်သည်။ အိမ်သာကျင်းများကို ကျွန်တော်တို့ တူးကြရသည်။ ကျင်းပေါ် ဝါးလုံးတန်း၍ စီတန်းထိုင်ကာ သန့်စင်ရသည်။ အစပိုင်းတွင် ဖောကများ၊ အချိန်က နည်း၊ စီတန်းထိုင်ကာ ကိစ္စပြီးရသည်ကို ရှက်သဖြင့် ဝမ်းချုပ်ခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ဖောကို လျှော့ရသည်။ အချိန်ကိုရှာ၍ သတ်မှတ်ထားရသည်။ အချင်းချင်း အတူထိုင်ကြရသည်ကို ရှက်နေ၍ မဖြစ်တော့။ ထို့ကြောင့် အနေမှန်လာသည်။

စစ်ပညာသင်တန်း ဆင်းလျှင်ဆင်း၊ မဆင်းလျှင် စာသင်တန်း၌ စစ်သမိုင်း၊ စစ်ပရိယာယ် စသည့်ဘာသာရပ်တို့ကို သင်ကြရသည်။ အတန်းထဲတွင် ငိုက်မျဉ်း၍မရ။ ဆရာလုပ်သူက လက်ညှိုးထိုး၍ မေးတတ်သည်။ မေးလျှင် သွက်သွက် ထ၍၊ သတိအနေအထားယူ၍ မိမိ၏အမည်ကို ပြောရသည်။ မေးခွန်းကို ထပ်၍ ထပ်၍ ဆိုရသည်။ ပြီးလျှင် အဖြေကို ပြောရသည်။

ထမင်းစားချိန်ရောက်လျှင် ကိုယ့်တပ်စုအလိုက် အလှည့်ကျသော ကျောင်း သား ၂ ဦးက စားဖိုရုံးသို့ သွားရသည်။ ထမင်းပုံးကို တစ်ယောက်ကထမ်း၊ တစ်ယောက်က ဟင်းပုံးကို ထမ်းရသည်။ သစ်သားစည်ပိုင်းဖြင့် ထည့်သဖြင့် အပူသက်သာသည်။ ထမင်းသည် လုံးတီးဆန်ကြမ်းကြမ်း။ ဟင်းသည် ပဲသီးတောင့်၊ သို့မဟုတ် ကျောက်ဖရုံသီး သို့မဟုတ် ပဲလင်းမြွေသီးနှင့် အမဲသား၊ ဝက်သား။ အသားနည်း၍ အသီးများသည်။ အသားတစ်ဖတ်နှစ်ဖတ်ကို အတော်ရှာမှ တွေ့ရသည်။ ကိုယ့်အဆောင်ရှေ့တွင် စားပွဲနှင့်ခုံရှည်များခင်း၍ သံပန်းကန်ပြား သံဟင်းခွက်တို့တွင် ထည့်၍ စားသောက်ကြရသည်။ မပေမကျံအောင် အထူး ဂရုစိုက်ရသည်။

တစ်ခါက ကျွန်တော်တို့အခန်းမှ ကျောင်းသားတစ်ယောက် ဟင်းပုံးထမ်း၍ အတက်လှေကားပေါ်တွင် ချော်လဲသည်။ လူတစ်ကိုယ်လုံး အပူလောင်၍ဆေးရုံ တက်ရသည်။ ကျွန်တော်တို့လည်း ထမင်းကိုဆားနှင့်စားကာ အားလပ်ချိန်တွင် လှေကားကို ဆေးကြောသုတ်သင်ကြရသည်။

ထမင်းစားပြီးစ တန်းစီကြရသည်များလည်း ရှိသည်။ ဝတ်စုံဝတ်၍ လက်နက်ကိုင်ကာ ပြေးကြရသည်။ လေ့ကျင့်ကွင်းဆင်း၍ မှောက်လိုက်၊ လှိမ့် လိုက်၊ တွားတက်လိုက် လုပ်ကြရသည်။ အစာဖြင့် ပြည့်နေချိန် ဤသို့လေ့ကျင့် ရသဖြင့် ဗိုက်၍ ပင်ပန်းသည်။ အချို့အော့အန်ကြသည်။ ခန္ဓာကိုယ်ကို အမျိုးမျိုး လေ့ကျင့်ပေးခြင်းဖြစ်သည်ဟု ဆရာများက ဆိုသည်။ ဂျပန်နည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.ocm



ဂျပန်စစ်တပ်က စိတ်ဓာတ်ကို အလေးထားသည်။ စိတ်ဆောင်သမျှ အောင်ပွဲရသည်၊ စိတ်ဓာတ်ကျလျှင် စစ်ရှုံးသည်ဟု သူတို့ခံယူသည်။ စိတ်ဦးဆောင်သော သူသည် အရေးအကြီးဆုံးသော စစ်လက်နက်ဖြစ်သည်။ လူသည် အဓိကဖြစ်သည်။ ပဓာနကျသည်။

ကျွန်တော်တို့ တိုက်ပွဲလေ့ကျင့်ခန်း ဆင်းကြလျှင်လည်း သစ်ရွက်သစ်ခက်များကို ခါးတွင်၊ ကျောတွင်၊ ဦးထုပ်တွင် ထိုး၍ ကိုယ်ရောင်ဖျောက်ကြသည်။ ကိုယ်ရောင်ဖျောက်ရန် အဝတ်အစား သီးခြားမရှိ။ သဘာဝကပေးသော ပစ္စည်းတို့ကို အစွမ်းကုန် အသုံးချတတ်စေရန် သင်ကြားလေ့ကျင့်ပေးသည်။ လက်နက်ကိရိယာတို့သည်လည်း ရိုးရိုးရှင်းရှင်းတွေဖြစ်သည်။ ရှိတာနှင့်ဖြစ်အောင် လုပ်ရသည်။ တီထွင်ကြံဆရသည်။ စိတ်ဓာတ်ကိုအားယူသော လူသည် ဉာဏ်ကိုသုံး၍ တီထွင် လုပ်ကိုင်နိုင်သည်။ ဤသို့လေ့ကျင့်ခြင်း၊ ခံယူခြင်းဖြင့်လာမည့် ပြောက်ကျားစစ်အတွက် ကျွန်တော်တို့ အတော်အတန် အသင့်ဖြစ်ကြသည်။

## ၃

သားကြီးတို့မေမြို့ စစ်တက္ကသိုလ်သို့ ရောက်သည့်နှစ်က ပင်ပန်းကြသည်။ အိမ်ကို လွမ်းကြသည်။ ချယ်ရီမြေတွင် မပျော်ချေ။ အောက်ပါကဲ့သို့ သူတို့၏ ပထမနှစ်အကြောင်း ပြန်ပြောင်းရေးသားထားသည်။

> မိဘဆွေမျိုးများနှင့် ခွဲခွာပြီး အရွယ်နှင့် မမျှအောင်လူရော စိတ်ပါပင်ပန်း ဆင်းရဲခံနေရသူများအဖို့ ပျော်စရာဟူ၍ တစ်ကွက်မျှ မတွေ့ခဲ့ပါ။ ပြင်ဦးလွင်ခေါ် မေမြို့သည် သာယာလှပါသည် ဆိုကြပါ၏။ အရပ်သူ အရပ်သားများအဖို့ ပျော်စရာ ကောင်းပါလိမ့်မည်။ ပထမနှစ် ဗိုလ်လောင်းများအဖို့ကား သာယာ ကြည်နူးဖွယ်ရာ အချိန်ဟူ၍ မရှိခဲ့။ တောင်တန်းပြာကြီးတွေကို မြင်ရလျှင် မိမိရပ်ရွာကိုသာ လွမ်းဆွတ်သတိရမိ၏။ ပင်ပန်းဆင်းရဲသည့်အခါ အိမ်မှမိဘများကို တမ်းတမိ၏။ တပ်ထမင်း၊ တပ်ဟင်းချည်း စားနေရ၍ အိမ်ထမင်း၊ အိမ်ဟင်းကို စားလို၏။ အဝတ်လျှော်၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက်လုပ်ရသည့်အခါ အိမ်က ဘဝကို အောက်မေ့၏။ ကျောင်းမှအရာရှိ သားသမီးငယ်များကို မြင်ရလျှင် အိမ်ကို လွမ်းနေကြရ၏။ ညီ၊ ညီမငယ်များကို ပြေးသတိရမိ၏။ နေရာတကာတွင် အိမ်ကိုမြင်နေရသည်။





> နောင်တော် ဗိုလ်လောင်းများက ဒီဘဝတွင် ကျင်လည်ခဲ့ပြီးပြီ ဖြစ်၍မမှု။ ကျောင်းတွင် နေတတ်နေပြီ။ သူငယ်ချင်းများနှင့် ပျော်ပျော်ပါးပါး နေထိုင်စားသောက်ကြသည်။ နိုဝင်ဘာလ ဆောင်းဦးကျလျှင် မေမြို့၏အလှဖြစ်သော ချယ်ရီပန်းများ ပွင့်ကြသည်။ ထိုအခါ နောင်တော်ကြီးများက ချယ်ရီပန်းများကို ဆွတ်ခူးကာ ရပ်ဝေးမှညီမများ၊ ချစ်သူများထံ စာအိတ်တွင် ထည့်၍ ပို့ကြသည်။ "ဒို့ ဟာချယ်ရီတောမှာ နေရသူတွေမို့ ချယ်ရီပန်းကို ချစ်တယ်"ဟူ၍ ပြောလေ့ရှိကြ၏။ ကျွန်တော်တို့ပထမနှစ်သမားများအတွက် ထိုသို့မဟုတ်။ ချယ်ရီပွင့်လျှင် ချယ်ရီရွက်များ ကြွေကျ၏။ ပြီးလျှင်အပွင့်များ ကြွေ၏။ နွေကူးလျှင် ရွက်နုတက်ကာ အသီးနီနီလေးများသီး၏။ ပြီးလျှင် အသီးများကြွေပြန်၏။ ကြွေကျသမျှသော ချယ်ရီရွက်၊ ပန်း၊ အသီးဟူသမျှ ကျွန်တော်တို့ ပထမနှစ်သမားများက တံမြက်လှည်းရ၊ ရှင်းရသည်။ "ချယ်ရီစစ်ဆင်ရေး" ဝင်ကြရသည်။ ထို့ကြောင့် ကျွန်တော်တို့အဖို့ ချယ်ရီသည် အလှမဟုတ်။ အလုပ်ဖြစ်၏။ ချယ်ရီကိုမချစ်၊ မုန်း၏။
>
> စားလျှင်၊ သွားလျှင်၊ နားလျှင် စည်းကမ်းနှင့်။ အလုပ်တွင် စည်းကမ်းနှင့်။ အင်မတန်ချမ်းအေးသော ဆောင်းဥတု နံနက်တွင်ပင် ရေမချိုးမနေရ။ စည်းကမ်း ရှိရသည်။ နောင်တော်ကြီးများကို ကြောက်သဖြင့် အအေးခံ၊ နှာစေးခံပြီး နံနက်တိုင်း ရေချိုးရ၏။ စည်းကမ်းတွေ တင်းကျပ်သဖြင့် နေရတာ ကျဉ်းကျပ်သည်။
>
> ကျောင်းပိတ်ရက်တွင် မြို့ထဲသို့ ထွက်လည်ခွင့်ရလာသောအခါ နံနက် ၇း၃၀ နာရီမှ ညနေ ၅ နာရီအထိ ခပ်သုတ်သုတ်ထွက်ကြ၏။ ရုပ်ရှင်ကြည့်၊ မုန့်ဝယ်စား၊ ပြန်ရန်အချိန်အနည်းငယ် ပိုနေသေးလျှင် လက်ဖက်ရည်ဆိုင်တွင် ထိုင်၍ တစ်မတ်ဖိုးလောက် လက်ဖက်ရည်သောက်၊ သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့၍ စကားပြော၊ သတင်းစာမဂ္ဂဇင်းဖတ်။ ကျောင်းသို့ မပြန်ရသေးလျှင် ပြီးရော။ ပြန်ချိန်ရောက်လျှင် လေးလံသောခြေလှမ်းတို့ဖြင့် လှမ်းကြသည်။ အထွက်သွက် သလောက် အပြန်လေးသည်။ ခြေထောက်အစုံတို့သည် အရှင်၏ စိတ်ကိုသိသည့်အလား တွန့်ဆုတ် တွန့်ဆုတ် လုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.ocm



စာမေးပွဲကျလျှင် ပထမနှစ်တွင် ထပ်နေရဦးမည်။ ထို့ကြောင့် မကျရဲ။ စာကိုမှန်မှန်ကြိုးစားရသည်။ စစ်ပညာ၊ စာပေ၊ ဘယ်ဘက်ကမှ ပေါ့လို့မရ။ ရှန်းကန်လှုပ်ရှားရင်း နောက်ကျမနေရစ်အောင် လိုက်ရသည်။

ဤသို့ဖြင့် စိတ်ညစ်ရင်း၊ အပြစ်ပေးခံရရင်း ၁၉၆၈ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ ဗိုလ်လောင်းအမှတ်စဉ် ၁၀ ကျောင်းဆင်းပွဲနေ့ကြီးသို့ ရောက်ခဲ့ ရပါသည်။ ပထမနှစ်စာမေးပွဲအောင်မြင်ခဲ့၍ ဘယ်ဘက်ပခုံးတွင် ဒုတိယနှစ်ဟု အသိအမှတ်ပြုသည့် ၂ တုံးတံဆိပ်ကို တပ်ဆင်ရပြီ။ ခွင့် တစ်လ ပြန်ရတော့မည်။ နားရဦးမည်။ အိပ်ရ၊ စားရဦးမည်။ မိဘဆွေမျိုး၊ ညီ၊ ညီမများ သူငယ်ချင်းများအား မိမိ တိုးတက်နေပုံများကို ၂ တုံး တပ်ထားသော ယူနီဖောင်းဝတ်၍ ပြရဦးမည်။ ကြွားရဦးမည်။ မိမိ၏ အတွေ့အကြုံ ခံစားချက်တွေကိုလည်း တစ်ပြုံတစ်ခေါင်းကြီး ပြောပြ ရဦးမည်။ ပင်ပန်းဆင်းရဲလှစွာသော စစ်တက္ကသိုလ်ပထမနှစ်ကို အောင်မြင်စွာဖြတ်သန်းခဲ့ပြီ။ နောင်နှစ်များတွင်လည်း ပင်ပန်းဦးမည်။ သို့ရာတွင် ခက်ဖို့မရှိ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်လာပြီ။ ရှေ့ကိုမျှော်၍ ကြည့်နိုင်ပြီ။ အမှတ်စဉ် ၁၀ ကျောင်းဆင်း နောင်တော်ကြီးများကဲ့သို့ မကြာမြင့် တော့သောတစ်နေ့တွင် ငါလည်းကျောင်းဆင်းရမည်။ ပခုံးတွင် သပြေ ခက်တပ်ဆင်၍ ဗိုလ်ဖြစ်ရမည်။ ဤသို့တွေးမိပြီးလျှင် ချယ်ရီပန်းတွေ၏ အလှကို ခံစားတတ်ဦးမှာပါလား၊ အမိစစ်တက္ကသိုလ်ကြီးသည်လည်း ချစ်စရာ ကောင်းပါလားဟု အသိဉာဏ် ထင်လာသည်။

ကျွန်တော်တို့ကို ဒုတိယနှစ် ဗိုလ်လောင်းများဟု ကျောင်းက ဆရာများ၊ အရာရှိများက ချက်ချင်းဘွဲ့ထူးပြောင်း၍ ခေါ်သည်။ အစတွင် ကိုယ့်ကိုခေါ်မှန်း မသိ။ အနည်းငယ် ကြောင်နေသည်။ စာမေးပွဲမပြီးခင်က အသင့်ပြင်ကာ တစ်ခါတစ်ခါ တိတ်တိတ်တပ်ဆင်ကြည့်ခဲ့သော ၂ တုံး တံဆိပ်ကို ကျွန်တော်တို့ တရားဝင် တပ်ဆင်နိုင်ကြပြီ။

ဧပြီလ ၂၅ ရက်နေ့တွင် ကျွန်တော်တို့ ပထမဆုံးခွင့်ပြန်ရ၏။ မေမြို့မှ မန္တလေးသို့ မီးရထားစီးရန် ဝရမ်းရ၏။ သို့ရာတွင် မီးရထားနှင့် သွားနေလျှင်ကြာသည်။ အချိန်မဖြုန်းလို။ ရန်ကုန်သို့ရောက်ချင်လှပြီ။ ထို့ကြောင့် ရောင်းရင်းတစ်စုနှင့် စပ်၍ မန္တလေးသို့ ကားတစ်စီးဖြင့် ဆင်းကြ၏။ ပြီးလျှင် မီးရထားဖြင့် ထွက်လာကြသည်။ အိမ်ပြန်





ရောက်လိုဇောနှင့် လမ်းတွင် ထမင်းဆာရမှန်းမသိ။ အိပ်ချင်ရမှန်းမသိ။ မီးရထားကြီး နှေးကွေးလှသည်ဟုသာ ထင်နေကြသည်။

၄

ကျွန်တော်တို့သည်လည်း စစ်တက္ကသိုလ်တွင် ငိုချင်ကြသည်။ သို့ရာတွင် ငိုအားမရှိ။ ရယ်အားလည်းမသန်။ မငိုမရယ်ကျိတ်၍သာ ခံကြရသည်။ ပင်ပန်းသည်ကို ခံနိုင်သည်။ သို့ရာတွင် အနည်းငယ်မှားယွင်းကာမျှနှင့် ပါးရိုက်ခြင်း၊ အပြေးခိုင်းခြင်း စသည့် ပြစ်ဒဏ်တို့ကိုမူကား အတော်သည်းခံရသည်။

တစ်ခါက ကျောင်းသား ကိုထွန်းမောင် မီးဖိုချောင်တွင် ထမင်းချိုးခွာ၍ စားသည်ကိုမိသဖြင့် အရိုက်ခံရရှာသည်။ ကျွန်တော်တို့ ညနေစောင်း၍ လူလစ်လျှင် မီးဖိုသို့သွားကာ ထမင်းဒယ်အိုးကြီးများတွင် ကပ်နေသောချိုးများကို ခွာစားကြ သည်။ ဆားနည်းနည်းနှင့် စားရလျှင် အရသာရှိသည်။ ဆီကလေးနည်းနည်း ပါလျှင် ပို၍ပင် ပြည့်စုံသည်။ ငါးပိကြော်လေးနှင့် ဆိုလျှင်တော့ မပြောပါနှင့် တော့။ ဆီ၊ ဆား၊ ငါးပိကြော်ရလျှင် သိုသိပ်စွာ ဝှက်ထားရသည်။ အခန်းစစ်ဆေး သော တပ်ကြပ်က တွေ့လျှင် အပြစ်ပေးသည်။ ရတာလေးကို ဝှက်၍ထားကာ အချင်းချင်း ဝေငှ၍ စားကြသည်။ ငတ်ဖော်ငတ်ဖက်များဖြစ်၍ တစ်ယောက်တည်း လည်း မစားရက်။

ကိုထွန်းမောင်သည် ဘီအေအောင်ပြီး မြို့အုပ်လုပ်နေရာမှ တပ်ထဲရောက် လာသူဖြစ်လေသည်။ ကျွန်တော်တို့အထဲ အသက်ကြီးသူများတွင် ပါဝင်သည်။ လူရိုးတစ်ယောက်ဖြစ်သည်။ ရိုးလွန်းသဖြင့် မကြာမကြာ အရိုက်ခံရသည်။ တစ်ခါ ဘာအတွက်မှန်းမသိ၊ နံနက်တန်းစီရာတွင် တပ်ကြပ်က ကိုထွန်းမောင်အား အပြစ်ပေးသည်။ အပြင်ထွက်၍ သေနတ်မြှောက်၊ အလေးပြု သတိအနေအထားဖြင့် ရပ်ရသည်။ နေကပူ၊ သတိအနေအထားက တင်းကျပ်၊ သေနတ်ကလေးလာဖြင့် ပင်ပန်းရှာသည်။ ပင်ပန်းသည်ထက် ဝမ်းနည်းခြင်းက ပိုလိမ့်မည်။ ကျွန်တော်တို့ ကရုဏာဖြင့် သူ့အားကြည့်တော့ သူ့ပါးပြင်တွင် မျက်ရည်များ ယိုဆင်းနေသည်။

ငိုလိုက်ရလျှင် ပေါ့မည်လား၊ ရယ်လိုက်ရလျှင် ပေါ့မည်လား။ ကျွန်တော် မငိုပါ။ မိခင်ဆုံးတုန်းက ငိုခဲ့ပြီ။ မျက်ရည်ကုန်ပြီကော။ ကျိတ်၍ ခံသည်။ ကျွန်တော့်ကိုယ်ခန္ဓာ ထိုစဉ်က ခပ်သေးသေး။ သေနတ်ကို အတော်သယ်နိုင်ရ၊ ထမ်းရသည်။ သို့ရာတွင် ကျွန်တော့်ထက် သေးသော ရဲဘော်များကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.ocm



မိမိကိုယ်မိမိ အားပေးရသည်။ ကျွန်တော်တို့ရဲဘော်များ ဖွဲ့ရှိကြသည်။ မည်သူမျှ ထွက်ပြေးဖို့ မကြံစည်။ ပညာမြန်မြန်စုံ၍ တပ်သို့ရောက်ချင်တာသာ ရှိသည်။

သားမောင်စစ်သည်တို့သည်လည်း ထိုနည်းနှင်နှင်သာ ဖြစ်သည်။ ဖွဲ့နှင့် ကျိတ်၍ခံသည်။ အစဦးတွင် တိတ်တိတ်ကျိတ်၍ ငိုကြသည်။ ညနေစောင်း အားလပ်ချိန်များတွင် မီးရထားခုတ်သံ၊ ခေါင်းတွဲမှုတ်သံကြားရလျှင် အဆိုးဆုံး ဖြစ်သည်။ အိမ်ပြန်ချင်သည်။ သို့ရာတွင် ကျောင်းပိတ်သည်အထိ ခံလိုက်ဦးမည်။ ရက်တွေ တွက်ထားသည်။ အိမ်ပြန်ရန် ရက်ပေါင်း ၁၃၆ ရက်သာလိုတော့သည်။ အပြစ်ပေးခံရလျှင် ရင်နာသည်။ အကြောင်းမဲ့ အပြစ်ပေးခံရလျှင် ပို၍နာသည်။ အပိုစစ်ရေးပြ ပြစ်ဒဏ်ကို ကွင်းထဲတွင် တစ်ယောက်တည်းခံရင်း အိမ်ကို လွမ်းသည်။ ကွင်းထဲတွင် ပြေး၊ ဒူးထောက်၊ သေနတ်ပစ်ဟန်ပြု၊ မှောက်၊ လှိမ့်၊ ပြေး။ မနေမနားလုပ်ရလျှင် မောသည်ထက် နာသည်ကများသည်။ ပန်းသည်ထက် အိမ်ကိုလွမ်းသည်က များသည်။

ကျွန်တော်တို့တုန်းက အရာရှိတစ်ယောက် ရှိသည်။ ကျောင်းသားတစ် ယောက်ကို ကြည့်မရလျှင် တပ်ကြပ်ကြီးတစ်ဦးအား စေလွှတ်၍ ရိုက်ခိုင်းသည်။ အသားဖြူ၍၊ အသားမည်း၍၊ ပိန်၍၊ ဝ၍ ရိုက်စေသည်။ ခံလိုက်ရသူက ဘာ ကြောင့် အရိုက်ခံရမှန်း မသိလိုက်။ ကောလိပ်ကျောင်းသားများကို တန်းစီ၍ ရိုက်သည်။ ကျိုးနွံအောင်လို့၊ စိတ်ဓာတ်ထက်မြက်အောင်လို့။ ကံအားလျော်စွာ ကျွန်တော်တို့အပတ်က ကောလိပ်ကျောင်းသားများ။ ကောလိပ်ကျောင်းသားဖြစ်လို့ သက်သက်တော့ ပါးရိုက်မခံကြရ။ အိမ်သာကျင်းတူးရာတွင်၊ တံမြက်လှည်းရာတွင်၊ ထမင်းပုံး ဟင်းပုံးထမ်းရာတွင် ပို၍ အခိုင်းခံရသည်။ ဒါမျိုးတွေတော့ ရိုးပါပြီ။

သင်တန်းတွင်ပင်ပန်းလျှင်၊ အပြစ်ပေးခံရလျှင် ကျွန်တော်စိတ်ကို လျှော့၍ ခန္ဓာကိုယ်အား အဖြစ်အပျက် ရေယဉ်တွင်မျှော၍ လိုက်စေသည်။ ရေစုန်မျှော သည်။ ရေဆန်မကူး၊ ဆန့်ကျင်၍ မနေ၊ ဆန့်ကျင်နေရလျှင် တိုက်ခိုက်နေရလျှင် ပင်ပန်းရုံသာရှိသည်။ ဖြစ်မည့်ဟာဖြစ်မှာပင် ဖြစ်သည်။ ပျက်မည့်ဟာ ပျက်မှာပင် ဖြစ်သည်။ ကိုယ်ပြုပြင်ရတာကို အစွမ်းကုန် ကြိုးစား၍ပြင်မည်။ ပြုပြင်၍မရတာ သည်းခံမည်။ ခွင့်လွှတ်မည်။ ဤနည်းပရိယာယ်ဖြင့် သက်သာခွင့်ရသည်။ ခံနိုင်ရည် ဝလာသည်။ စစ်တက္ကသိုလ်တွင် လောကဓံတရားကို လက်တွေ့ခံစား ဆည်းပူးခဲ့ရသည်။





ဗိုလ်ထွန်းလှသင်ကြားသော နည်းပရိယာယ်သည် မှတ်သားစရာဖြစ်သည်။ ဘာကိုမဆို သဘာဝကျကျ လုပ်ရမည်။ သဘာဝကျလျှင် ချောချောမောမော ဖြစ်သည်။ ထစ်ထစ်ငေါ့ငေါ့ မရှိ။ စစ်လေ့ကျင့်ရေးတွင်ဖြစ်ဖြစ်၊ လုံ့စွပ်တပ် လုံ့စွပ်ထိုးတွင်ဖြစ်ဖြစ်၊ သဘာဝကျဖို့က အဓိက။ ကျွန်တော်တို့က ဗိုလ်ထွန်းလှ ကို "သဘာဝ ဆရာကြီး"ဟု ကင်ပွန်းတပ်သည်။

ဗိုလ်ထွန်းလှသည် မရိုက်တတ်။ ချွဲချွဲပြစ်ပြစ်နှင့် နာအောင်ဆိုတတ်သည်။ "ဟေ့...ဟိုကောင်၊ ပျော့ပျော့ ရွှတ်ရွှတ်နဲ့၊ ဟိုဒင်းပြီးသား၊ ဟိုဒင်းကြီးလိုပဲ" ဆိုသောသူ၏ လက်သုံးစကား ကျွန်တော်တို့ နားထဲတွင် စွဲသည်။ "ဟိုဒင်း"ဆိုတာ ကျွန်တော် အစားထိုးထားခြင်း ဖြစ်ပါသည်။ သူပြောသလို ရေးလို့မဖြစ်။

ဗိုလ်ကျော်ညွန့်၊ ဗိုလ်ကြည်ရှိန်နှင့် ဗိုလ်တင်သိန်းတို့သည်လည်း သဘော ကောင်းကြပါသည်။ ကျောင်းသားများကို မရိုက်။ ပြုံးပြုံးနှင့်သာ ဆုံးမသည်။ ဗိုလ်ကျော်ညွန့်က ဝဝလုံးလုံး ဖြစ်သည်။ လမ်းသွားလျှင် ဆင်ပေါက်ကလေး လှိမ့်၍ လာသကဲ့သို့ မြင်ရသည်။ ဗိုလ်ကြည်ရှိန်သည် တော်လှန်ရေးပြီးလောက်မှ ရေနစ်၍ သေဆုံးရှာသည်။ ဗိုလ်တင်သိန်းသည် တပ်မတော်စစ်ဦးစီး တက္ကသိုလ် ကျောင်းအုပ် ဗိုလ်မှူးကြီး ဖြစ်လာသည်။ တိုင်းလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌတစ်ဦး ဖြစ်သည်။

တပ်ခွဲမှူး ဗိုလ်ကျော်သိန်းသည် မန္တလေးအမျိုးသားအထက်တန်း ကျောင်း ထွက်ဖြစ်လေသည်။ စကားပြောလျှင် မျက်စချီ၍ နှုတ်ခမ်းစူ၍ ပြောတတ်သည်။ သဘောကောင်းသော်လည်း စိတ်ပြောင်းမြန်သည်။ တစ်ခါတစ်ခါ စိတ်တိုသည်။ ကျောင်းသားလှဖေသည် အသက်ကြီးသည်။ လေးလံသည်။ တစ်ခါ လှဖေ မိကျောင်းသွား အတက်နှေးနေ၍ ဗိုလ်ကျော်သိန်းက သူ့ခေါင်းကို ဓားရှည် အိမ်အနောင့်နှင့် ဆောင့်သည်။ လှဖေခေါင်းပေါက်သွား၍ သွေးဖြာဆင်းလာသည်။ ထိုအခါ ဗိုလ်ကျော်သိန်း စုတ်တသပ်သပ်ဖြစ်ကာ လှဖေကို ဆေးခန်းသို့ပို့သည်။

ဂျပန်အကြံပေးအရာရှိ ဗိုလ်ဟတသည် ဟန်ပန်ကောင်းသည်။ မြင်းကြီး စီးပြီး ကျွန်တော်တို့ကွင်းထဲ သင်တန်းဆင်းနေကြရာသို့ လာတတ်သည်။ သူ လာလျှင် တပ်ခွဲကို သတိအနေအထားနေစေကာ ဗိုလ်ကျော်သိန်းက အပြေးသွား အလေးပြုသတင်းပို့ရသည်။ ဗိုလ်ဟတသည် ဗိုလ်ကျော်သိန်းနှင့်တကွ မြန်မာဆရာ ဟူသမျှကို သူ့တပည့်များအဖြစ်သာ မြင်တတ်သေးသည်။ ကျောင်းသားများ ရှေ့တွင် ဗိုလ်ကျော်သိန်းအား ဆူပူဝေဖန်သဖြင့် ဗိုလ်ကျော်သိန်း စိတ်ကောက်၍



www.burmeseclassic.com

www.burmeseclassic.ocm



ကွင်းမှ ဆောင့်အောင့်ထွက်သွားဖူးသည်။ တစ်ခါ ဟတမြင်းစီးအလာ မြင်းက ရုတ်ခြည်း ခုန်ပေါက်သဖြင့် မြင်းပေါ်မှ လိမ့်ကျသည်။ အကျတော်သဖြင့် ထိုင်လျက်သားဖြစ်နေသည်။ ကျွန်တော်တို့ ရယ်မောကြသောအခါ အနားမှ ဂျပန်တပ်ကြပ်တစ်ဦးက ကျွန်တော်တို့အား အပြစ်ပေးသည်။

ဗိုလ်စိုးလှိုင်၊ ဗိုလ်ခ၊ ဗိုလ်တိုးလွင် စသော လူငယ်ဗိုလ်လောင်းသည်လည်း ကျွန်တော်တို့တပ်ခွဲသို့ အကူဆရာများဖြစ် တစ်ခါတစ်ခါ ရောက်လာကြသည်။ သဘောကောင်းကြသူများ ဖြစ်သည်။

ဗိုလ်ထွန်းအောင်ကျော်သည် တတိယပတ် ကျောင်းသားများ၏ တပ်ခွဲမှူး ဖြစ်သည်။ ယခုတိုင် ဗမာ့တပ်မတော်တပ်မှူးကြီးများ၊ တိုင်းမှူးကြီးများ၊ ဒုတိယ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးချုပ်တင်ဦးစသော ပုဂ္ဂိုလ်တို့က သူ့ကို “ဆရာ” ဟုခေါ်သည်။ မင်္ဂလာဒုံစစ်တက္ကသိုလ်၏ အရှိန်သည် နှစ်ပေါင်းသုံးဆယ် နီးပါး ရှိခဲ့သော်လည်း မကုန်။ သို့ရာတွင် ဗိုလ်ထွန်းအောင်ကျော်သည် သဘောကောင်းသူ ဖြစ်သည်။ လက်သံပြောင်သည်ဟု နာမည်မထွက်။ ကျောင်းနှင့်ဖူးစာ မကုန်သေး၍ လားမသိ။ ဗိုလ်မှူးကြီးထွန်းအောင်ကျော်သည် မေမြို့စစ်တက္ကသိုလ်၏ ကျောင်း အုပ်ကြီး ဖြစ်လာသေးသည်။ လေ့ကျင့်ရေး ညွှန်ကြားရေးမှူးဖြစ်သည်။

လက်သံပြောင်သူ တစ်ဦးက ဗိုလ်မြင့်ဦး၊ “တပ်ကြပ် မောင်ထူး၊ ဗိုလ် မြင့်ဦးနှင့် မြင်းစီးရာဝယ် ရွှေလုံးပယ်လော့” ဟူသော ရှောင်ရန်အမှာစကား စစ်တက္ကသိုလ်တွင် ရှိသည်။ ဗိုလ်မြင့်ဦးနှင့် တပ်ကြပ်မောင်ထူးတို့မှာ တတိယပတ် တပ်ခွဲမှူဖြစ်၍ ကျွန်တော်တို့နှင့် ဝေးပါသည်။ မတော်တဆ သူတို့နှင့်တိုးမိမှ အန္တရာယ်ရှိသည်။ အမှန်မှာ ဗိုလ်မြင့်ဦးက “ရိုက်လိုက်စမ်း” ခိုင်းစေသည်ကို တပ်ကြပ်မောင်ထူးက လိုက်လုပ်ရသည်က များသည်။ အပျင်းပြေ လုပ်ကြခြင်း ဖြစ်ဟန်တူပါသည်။ ဆိုးလှကြသည် မဟုတ်ပါ။

စစ်အတွင်းက ဂျပန်များက ပါးရိုက်၊ ဗမာ့တပ်မတော်မှအရာရှိ၊ တပ်ကြပ် အချို့က လိုက်၍ အတုခိုး ပါးရိုက်ခြင်း၊ လက်သံပြောင်ခြင်းသည် သတ္တိပြောင်ခြင်း ကို ပြသသည်ဟု ယူဆခဲ့သည်များလည်း ရှိသည်။ ကိုယ့်ကို သူကရိုက်၊ ကိုယ် ကလည်း ရိုက်နိုင်သူကို ပြန်ရိုက်နှင့် တစ်လှည့်စီ တစ်ပြန်စီ ဖြစ်နေခဲ့သည်။ ကျွန်တော်တို့အားလုံးသည် စိတ်ဓာတ်ဆွေးကြွနေကြသည်။ အရေးကြီးနေကြသည်။ မြန်မာနိုင်ငံ၏ ကံကြမ္မာကို ပခုံးပေါ်မှာ ထမ်းထားရသည်ဟု ခံယူထားသည်။ ဤစိတ်ဓာတ်သည် ကောင်းတန်သ၍ ကောင်းပါ၏။ လွန်ကဲပြင်းထန်လာသော





အခါ တပ်မတော်သားမှလွဲ၍ အခြားအရပ်သားများတွင် မျိုးချစ်စိတ်မရှိ။ သူတို့ သည် အချောင်သမားများဖြစ်သည်ဟု မြင်လာတတ်ကြသည်။ တပ်မတော်ထဲတွင် ပင် နယ်မှလာသော ရဲဘော်က စစ်ဝန်ကြီးရုံးက ရဲဘော်သည် စားပွဲထိုင်စာရေးကြီး တစ်ဦးသာဖြစ်သည်။ စစ်သားမဟုတ်ဟု မြင်လာတတ်သည်။ အယူသီးလာခြင်း၊ ကိုယ်မှသာမှန်သည် မြတ်သည်ဟု မြင်လာခြင်းသည် မကောင်း။

ဂျပန်အဖို့ ပါးနားရိုက်ခြင်းသည် ဓလေ့ဖြစ်နေသည်။ သူတို့ချင်းချင်း လည်း ရာထူးကြီးသူက ရာထူးတစ်ပွင့် ငယ်သူအား ပါးရိုက်၍ ဆုံးမသည်။ မြန်မာ့ဓလေ့တွင်မူ ပါး၊ ဦးခေါင်းကို အမွန်တမြတ်ထားသည်။ မိန်းမချင်းရန်ဖြစ် ၍ ဆံပင်ဆွဲ ပါးရိုက်ကြသည်မျိုးမှ လွဲ၍ ဆုံးမသည့်သဘောဖြင့် ပါးရိုက်ခြင်းမပြု။ ထို့ကြောင့် ဂျပန်တို့က ပါးရိုက်သည်ကို လွန်စွာနာသည်။ သူတို့ကိုပြည်သူများက စည်းစည်းလုံးလုံး တော်လှန်ကြသည့် အကြောင်းများတွင် ဤအနာပါ ပါသည်။

၅

စစ်တက္ကသိုလ်သို့ ဧည့်သည်တော်ကြီးများ မကြာမကြာလာတတ်သည်။ တစ်ခါက ဂျပန်ဧကရာဇ်၏ ဆွေမျိုးတော်သည် ဆိုသော ဗိုလ်မှူးကြီးတစ်ဦးလာ သည်။ မလာမီကြိုတင်၍ ကျွန်တော်တို့ ကျောင်းသန့်ရှင်းရေး လုပ်ရသည်။ အမှိုက်ဟူ၍ တစ်စတစ်ပင် မရှိစေရ။

ခြင်များ၊ ယင်များကို ရိုက်ရသည်။ အိမ်သာကျင်းများကို နိုင်နိုင်ထုံးဖြူး ထားရသည်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း သပ်ရပ်စွာ ဝတ်ဆင်ရသည်။ ပထမစာသင်ခန်းတွင် သင်အံနေသည်ကို ဧည့်သည်တော်လာကြည့်မည်။ နောက် တိုက်ပွဲ လေ့ကျင့်ခြင်းကို လိုက်ကြည့်မည်။

အားလုံးအဆင်ပြေပါသည်။ တိုက်ပွဲလေ့ကျင့်ခန်းသာ ပင်ပန်းပါသည်။ ထုံးစံအတိုင်း ပြေး၊ မှောက်၊ ပစ်၊ တက် လုပ်ကာ မောဟိုက်လျက်ပင် တောင်ကုန်းထိပ်က ရန်သူစခန်းကို တက်၍ လုံ့ဖွပ်ထိုး အနီးကပ်တိုက်ပွဲတွင် သိမ်းပိုက်ရသည်။ ကျောင်းသားအချို့ တောင်ကုန်းခြေရင်းတွင် ပုံလျက်သား လဲကျန်ရစ်သည်။ ကောင်းသည်။ အားကြီးကောင်းသည်။ စစ်သားကောင်းမည်သည် ပုံလဲကျသည်အထိ တိုက်ရသည်။ သေသည်အထိသော်လည်း တိုက်ရသည်။

ဧည့်သည်တော်က ကျောင်းသားများ၏ စိတ်ဓာတ်ကို ချီးကျူးသွား



www.burmeseclassic.com

www.burmeseclassic.ocm



သဖြင့် ဂျပန်ဆရာများက ကျွန်တော်တို့အပေါ် မျက်နှာချိုနေကြသည်။ ထိုနေ့က ဟင်းကောင်းကောင်း စားရသည်။ ဂျပန်ပေါက်စီ မုန့်ချိုချိုတစ်လုံးစီ အပိုစားရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်နေဝင်းတို့လည်း ကျောင်းသို့ မကြာမကြာ လာသည်။ သင်တန်းဖွင့်၊ သင်တန်းဆင်းပွဲများသို့လာရောက် မိန့်ခွန်းပြောကြသည်။ ဗိုလ်ချုပ်အောင်ဆန်း စကားပြောလျှင် တိုတိုပြတ်ပြတ်ရှိသည်။ စင်မြင့်ပေါ်သို့ တက်၍ အလေးပြုခံလျှင် ပုံပန်းမကျ။ ဦးထုပ်ကကြီးနေသည်။ တစ်ခါတစ်ခါ နဖူးကို ဖုံးလုလုရှိသည်။ သို့ရာတွင် သူ့စကားများကို ကျွန်တော်တို့ စွဲမြဲစွာ မှတ်ကြသည်။ အမှတ်ရ လွယ်သည်။ အသည်းသို့ပေါက်သော စကားများဖြစ်သည်။ စစ်ပညာကို ကောင်းစွာဆည်းပူး၍ နိုင်ငံအတွက် သက်စွန့်ကြိုးပမ်း အမှုထမ်းရန် မှာခြင်းဖြစ်သည်။ ပညာရလိုလျှင် အနစ်နာခံရသည်။ သည်းခံရသည်။ သူ့အောက်ကျို့ရသည်ဟုလည်း သူ အခါခါမှာသည်။ ဗိုလ်ချုပ်နေဝင်းက အရုပ် အမောင်း ကောင်းသည်။ စစ်သားပီသသည်။ ရဲဘော်များကို ဂရုစိုက်သည်။

ဗိုလ်လက်ျာ စသော အရာရှိကြီးများကို စစ်တက္ကသိုလ်တွင် မမြင်မိ။ သူ့တို့တခြားမှာ အလုပ်များနေကြပါလိမ့်မည်။ ဗိုလ်လက်ျာကို စစ်ဝန်ကြီးရုံးတွင် ကျွန်တော် အဝေးမှ မြင်ဖူးသည်။ ယူနီဖောင်းလှလှကို ကြွကြွရွရွ ဝတ်သည်။ သူ့သားရေဖိနပ်ရှည်ကြီး တောက်ပြောင်နေသည်။ စစ်သားဘဝထက် ပန်းချီဆရာ၊ စာရေးဆရာဘဝတွင် မွေ့လျော်မည့် ပုဂ္ဂိုလ်ဖြစ်တန်ရာသည်။

ဗမာ့တပ်မတော်ကို တိုးချဲ့တည်ဆောက်ချိန်တွင် ရဲဘော်သုံးကျိပ်ဝင် အရာရှိကြီးများအနက် အထင်အရှား မြင်ရသူနည်းပါးသွားပါပြီ။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်း၊ ဗိုလ်လက်ျာ၊ ဗိုလ်စကြာ စသော ပုဂ္ဂိုလ်များကို မြင်ရကြားရသည်။ နောက်ပိုင်းတွင် ဗိုလ်စကြာသည် ဂျပန်ပြည်သို့ မြန်မာ့စစ်သံအဖြစ် တာဝန်ယူရန်သွားရောက်သည်။ ဗိုလ်ရန်အောင်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်ဇေယျတို့ကိုလည်း သိကြသည်။ စံပြကျောင်းအုပ် ဗိုလ်ကျော်ဇောသည်လည်း နာမည်ကြီးသည်။ ဗိုလ်လရောင်သည် အသားညိုညို ခံ့ခံ့ဖြစ်သည်။ အဓိပတိ ဒေါက်တာဘမော်၏ စစ်အတွင်းဝန်အဖြစ် သူနှင့်တော်သော နေရာတွင် ရှိသည်။ သူ့ရုပ်ရည်ဟန်ပန်နှင့် ကိုယ်ရံတော် ဗိုလ်မှူးတာဝန်သည် လွန်စွာဆီလျော်သင့်မြတ်သည်။ ရဲဘော်သုံးကျိပ်ထဲမှ စက်အမြောက်တပ်မှူး ဗိုလ်မြင့်အောင်သည် ထောင်ထောင်မောင်းမောင်း ကြီးဖြစ်သည်။ သူ့ဓားရှည်သည် သူ့လက်ဝယ်တွင် လက်ကိုင်တုတ်ကလေးတစ်ချောင်းလို ဖြစ်နေသည်။ တော်လှန်ရေးအတွင်း စိတ်ညစ်ညူးနေသည့် တစ်ချိန်တွင်





သူ့ကိုယ်သူ အဆုံးစီရင်သွားသည်။ ဗိုလ်မှူးအောင်သည် အနောက်တိုင်း ဌာနချုပ်မှူးအဖြစ် အောင်လံမြို့တွင် တပ်ချသည်။ ရိုးရိုးအေးအေး နေတတ်သော သူဟု မြင်ရသည်။ ဗိုလ်ရဲထွတ်၊ ဗိုလ်မင်းခေါင်စသော ရဲဘော်သုံးကျိပ်ထဲမှ လူငယ်များကိုလည်း စစ်ဝန်ကြီးရုံးတွင် ဗိုလ်ချုပ်အောင်ဆန်း အနီးအနားတွင် မြင်ကြရသည်။

ကျန်သော ရဲဘော်သုံးကျိပ်ဝင်များသည် တပ်ရင်းများတွင် တာဝန်ယူကြသည်။ စိတ်ဓာတ်ကောင်းကောင်းနှင့် ပေးရာတာဝန်ကို ထမ်းဆောင်ကြသူများလည်းရှိ၏။ အချို့မှာမူ သောက်စားဆိုးတေကာသာ နေကြသည်ဟု ကြားရသည်။ အတိတ်တွင်သာ ပျော်နေကြသည်။ ရှင်ပြုတုန်းက ရွှေထီးဆောင်းခဲ့ရသည်ကိုသာ သာယာနေကြသည်။

သမိုင်းသည် အတိတ်တွင် ရပ်တန့်၍မနေ။ ပစ္စုပ္ပန်ကို ဖြတ်သန်းသည်။ အနာဂတ်ကို မျှော်သည်။ အတိတ်ကိုလွန်စွာ မြတ်နိုးနေ၍ မရ။ လွန်ခဲ့တာတွေကို ယူကျုံးမရဖြစ်နေ၍လည်း အကျိုးလည်းမထူး။ လုပ်စရာတွေဆက်၍ လုပ်ရသည်။ အတိတ်မှ သင်ခန်းစာအား ယူတန်ယူ၍ ခရီးဆက်ရသည်။ အလုပ်သည် ကံဖြစ်သည်။ ကောင်းသောအလုပ်ကို လုပ်ခြင်းဖြင့် ကောင်းသောကုသိုလ်ကံဖြစ်စေသည်။ ကုသိုလ်ကံကို ဆည်းပူး သိမ်းရသည်။ ယခင်က စုဆောင်းထားသော ကုသိုလ်ကံအပေါ်တွင်သာ မှီခို မှီဝဲနေလျှင် တစ်နေ့တွင် ကုန်ခန်းသွားတတ်သည်။ အနာဂတ်အတွက် မကျန် ဖြစ်တတ်သည်။ အတိတ်တွင်သာ မွေ့လျော်သောသူဝံ့ကို သမိုင်းက အတိတ်တွင်သာ ထားခဲ့တတ်သည်။ ခေတ်ဟောင်းနှင့်အတူ နေရစ်ခဲ့ရသော လူဟောင်းများ ဖြစ်တတ်သည်။

ဗမာ့တပ်မတော်တွင်လည်း ခေါင်းဆောင်ဟောင်းအချို့ ခေတ်ဟောင်းနှင့် နေရစ်ခဲ့သည့်နည်းတူ ခေတ်သစ်နှင့်အတူ တက်လာသော ခေါင်းဆောင်သစ် လူငယ်များ ပေါ်လာသည်။ သူတို့သည် ရဲဘော်သုံးကျိပ်ဝင်များ မဟုတ်ကြသော်လည်း ကြိုးစား တက်ကြသည်။ စွမ်းရည်ထက်မြက်သည်။ တာဝန်ကြီးများကို ထမ်းဆောင်နိုင်ကြောင်း အလုပ်နှင့် ပြနိုင်ကြသည်။ ထို့ကြောင့် တပ်ရင်းမှူးများ၊ ဌာနကြီးမှူးများအဖြစ် တာဝန်အပ်နှင်းခြင်း ခံရသည်။ ဗိုလ်ဗထူး၊ ဗိုလ်သူရ၊ ဗိုလ်စန်းယု၊ ဗိုလ်စိန်ဝင်း၊ ဗိုလ်သောင်းကြည်၊ ဗိုလ်စိန်မှန်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်သိမ်းမောင်၊ ဗိုလ်သိန်းတန်၊ ဗိုလ်ဝင်း၊ ဗိုလ်ခင်မောင်ကလေး စသောပုဂ္ဂိုလ်တို့သည် စစ်အတွင်းက ယင်းသို့တာဝန် အပ်နှင်းခြင်းခံရသူများတွင်



www.burmeseclassic.com

www.burmeseclassic.ocm



ပါဝင်သည်။ ကျွန်တော်မြင်တွေ့ ကြားဖူးခဲ့သည်မှ မှတ်မိသမျှသာ ဖြစ်ပါသည်။ ပြည့်စုံသော စာရင်းမှတ်တမ်းမဟုတ်ပါ။ တပ်မတော်သမိုင်းကို ပြုစုကြသောအခါ ပိုမို ပြည့်စုံတိကျစွာ မှတ်တမ်းတင်ကြပါလိမ့်မည်။

ရဲဘော်သုံးကျိပ်ဝင်များထဲမှ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်သော နိုင်ငံတော်၏ ဗိသုကာဖြစ်လာသည်။ လွတ်လပ်ရေးအောင်ပန်း ဆွတ်ခူးကာနီးမှ ကျဆုံးရသည်။ မြန်မာ့ဒုတိယ တော်လှန်ရေးကို ခေါင်းဆောင်သော ဗိုလ်ချုပ်ကြီး နေဝင်းသည်လည်း ရဲဘော်သုံးကျိပ်မှ ထင်ရှား၍ နိုင်ငံတော်တာဝန်ကို ဆက်လက် ထမ်းရွက်နေသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။

၆

မင်္ဂလာဒုံစစ်တက္ကသိုလ်တွင် ကျွန်တော်တို့ နေ့မအား ညမအား လေ့ကျင့်ကြသည်။ အစတွင် သင်တန်းကာလကို တစ်နှစ်သတ်မှတ်ထားသည်။ နောင် စစ်အခြေအနေ ပြောင်းလဲပူပြင်းလာသောအခါ သင်တန်းကိုခြောက်လနှင့် ချုံ့၍ အပြီးအပြည့် လေ့ကျင့်ရမည်ဟု သတ်မှတ်သည်။ ထို့ကြောင့် နားချိန်၊ အားလပ်ရက် လျှော့၍ သင်ချိန်၊ လေ့ကျင့်ချိန် တိုး၍ အပြင်းနှင်ကြသည်။

ညတိုက်ပွဲကို အထူးလေ့ကျင့်ရသည်။ သန်းခေါင်အချိန်တွင် ကွင်းကို ဖြတ်၍၊ ချောင်းကိုကူး၍ အရဏ်တက်သည်နှင့် ရန်သူ့စခန်းကို တက်ရောက် လုံ့စွပ်ထိုးသိမ်း ပိုက်ရသည့် တိုက်ပွဲဖြစ်သည်။ တစ်ညလုံး တွားတက်၊ အသံတိတ်၊ အချက်ပြ။ ကိုယ့်တပ်စု လူမကွဲစေရ။ ရန်သူနှင့်လည်း မရောနှောစေရ။ သတိကြီးစွာ ထားရသည်။ မောသည်။ တစ်ခါတစ်ခါ ချိုင့်ထဲ ချောင်ထဲ ကျသည်။ ပုလင်းကွဲ၊ ဖန်ကွဲ စူးရှသည်။ အညစ်အကြေးများကို နင်းမိသည်။ အိပ်ရေး ပျက်သည်။ မနက်တိုက်ပွဲမှ ပြန်လာလျှင် ရေချိုး နံနက်စာ စားပြီး သင်တန်း ဆက်၍ဆင်းရသည်။ ဖိနပ်များ စုတ်ပြဲသဖြင့် ဖိနပ်မပါဘဲ သင်တန်းဆင်းရ သည့်အခါများလည်း ရှိသည်။ ခြေထောက်တွင် ဖန်ကွဲရှသည့် အနာ၊ ဆူးစူး၊ တိုက်ခိုက်မိသည့် အနာများဖြင့် ပြည့်နေကြသည်။ သို့ရာတွင် သင်တန်းပျက် မခံဝံ့။ အမှတ်မပြည့်၍ ကျောင်းမဆင်းရမှာ စိုးရသည်။

အလွန်မနေသာသော ကျောင်းသားအချို့နှင့် ခိုတတ် ကတ်တတ်သော ကျောင်းသားအချို့သာ ဆေးခန်းသို့ ကျောင်းတက်ချိန်တွင် ခွင့်ယူကာ သွားရောက်





ကြသည်။ နံနက်ကျလျှင် “အကျိုးအပဲ့တွေ တန်းစီ”ဟူ၍ လည်းကောင်း၊ “လူမမာတွေ တန်းစီ”ဟူ၍ လည်းကောင်း သရော်ခေါ်ခေါ်ကာ လူမမာများကို တပ်ကြပ်တစ်ဦးက ဆေးခန်းသို့ပို့ပေးသည်။

ကျောင်းသားတိုင်း ဆေးခန်းသို့ မရောက်မနေ ရောက်ရသည့်အခါ ရှိသည်။ တစ်လလျှင်တစ်ကြိမ် ကျွန်တော်တို့အားလုံး တန်းစီ၍ ဆေးခန်းသို့ သွားကြရသည်။ ဆေးခန်းသည် မင်္ဂလာဒုံ ထောက်ကြံ့လမ်းမကြီးနံဘေးတွင်ရှိသော တိုက်ပုပုလေးဖြစ်သည်။ ဆေးခန်းအပြင်ဘက်တွင် စီ၍ရပ်ကာ အင်္ကျီ ဘောင်းဘီ အကုန်ချွတ် ကြရသည်။ ဆေးမှူးက တစ်ယောက်စီကို ကုန်းခိုင်း၊ ကွခိုင်း၊ ဟိုစမ်း ဒီစမ်းလုပ်သည်။ ကျန်းမာရဲ့လား၊ ကာလသားရောဂါ ကင်းစင်ရဲ့လား စမ်းသပ်ခြင်းဖြစ်သည်။ ပထမတစ်ချီ နှစ်ချီ ဤသို့ လူသွား၊ ကားသွား လမ်းမ ကြီးနံဘေးတွင် မိမွေးတိုင်း ဖမွေးတိုင်း ရပ်နေရခြင်း၊ စမ်းသပ်ခံရခြင်းအတွက် ကျွန်တော်တို့ ရှက်ကြသည်။ နောင်တော့ ရိုးသွားသည်။ မည်မျှလောက်ရိုးသလဲဆို လမ်းပေါ်က ကားခရီးသည်များကို လှမ်း၍ နှုတ်ဆက်သော ကျောင်းသားများပင် ရှိလာသည်။ ခရီးသည်များကလည်း ရယ်မောလက်ဖေ့ယမ်း၍ နှုတ်ဆက်သွားကြ သည်။ ဂျပန် စစ်သားတွေ လမ်းထောင့်တွင် ကိုယ်လုံးတီး ရေချိုးသောခေတ် ဖြစ်သည်။ အလုပ်လုပ်ကြလျှင်လည်း နံငယ်ပိုင်းတိုတိုသာ သူတို့ဝတ်ဆင်တတ် သည်။ ထို့ကြောင့် ကိုယ်လုံးတီးစစ်သားကို ပြည်သူတို့မျက်စိ ယဉ်နေကြပြီ။ ကျွန်တော်တို့လည်း ဆေးစစ်ရာတွင်သာ မဟုတ်သေး။ နံနက် ညနေ ရေချိုးကြလျှင် ချိုးဖြူပိုက် အနားတွင် ဗလာချိုးကြ၊ လျှော်ဖွပ်ကြရသည်။ ရေလဲ လုပ်စရာ အပိုမရှိ။ တစ်ထည်ဝတ်၊ တစ်ထည် လျှော်စရာသာ ရှိသည်။

ကျွန်တော်တို့ကျောင်းသို့ ရောက်ခါစက ခပ်တိုးတိုး ပြောတတ်သည်။ ကိုယ့်အလှည့်ကျ၍ တပ်စိတ်မှူး၊ တပ်စုမှူးလုပ်ရလျှင် အသံကျယ်ကျယ်ဖြင့် အမိန့်မပေးတတ်။ ရှက်တတ်သည်။ ယင်းသို့ အသံမထွက်သော ကျွန်တော်နှင့်တကွ ကျောင်းသားအချို့ကို အချိန်ပိုယူ၍ အသံသင်တန်းတက်စေသည်။ ကုန်းမြင့်ပေါ်မှ အမိန့်သံများကို အော်ဆိုစေသည်။ အသံကိုဝမ်းဗိုက်မှစ၍ အားယူကာ ရင်ကို ကော့၍၊ အသက်ပြင်းပြင်းရှူ၍၊ တအားဟစ်၍၊ ညှစ်ထုတ်ရသည်။ ကျွန်တော်တို့ အော်၍ လှုပ်လိုက်သော အသံလှိုင်းများသည် အဝေးသို့ပြေး၍ တောင်ကမူကို ရိုက်ခတ်ကာ ပဲ့တင်သံအဖြစ် ပြန်လာသည်ကို ဆရာများက နားထောင်၍ အသံမီ မမီ စစ်ဆေး သတ်မှတ်သည်။ အသံသည် မြည်ရုံနှင့်မပြီး။ မီသံရသည်။



www.burmeseclassic.com

www.burmeseclassic.ocm



ချီနေသောတပ်ကို အမိန့်ပေးလျှင် ကိုယ့်အသံ ဖြတ်သည့်အချိန်နှင့် တပ်၏ ခြေလှမ်းချချိန် အတိအကျကိုက်ရသည်။ အသံသင်တန်းတက်ပြီးသည့် နောင်ပိုင်းတွင် ကျွန်တော်တို့ အသံကျယ်လာသည်။ စစ်တပ်ကပြန်လာ၍ အရပ်ထဲရောက်တော့လည်း ကျယ်လောင်တုန်းပင် ရှိလေမည် ထင်သည်။ ဂရုစိုက်၍ ထိန်းရသည်။

ကျောင်းရောက်ပြီး နှစ်လ သုံးလလောက် ကျွန်တော်တို့ ပုံပန်းမကျ။ ဗိုလ်သင်တန်းကျောင်းသားနှင့် မတူသေး၍ ကျောင်းပိတ်ရက်တွင် အပြင်သို့ ထွက်ခွင့် မရကြ။ ကျောင်းဝင်းအပြင်ရှိ လက်ဖက်ရည်ဆိုင်၊ အကြော်ဆိုင်သို့ပင် မသွားရ။ သင်တန်းဆင်းရင်း၊ သေနတ်ပစ်ကွင်းသို့သွားရင်း နားသည့်အခါ၌ ရွာတွင် ခဏရပ်၊ ဆိုင်ကို ခဏဝင် လုပ်နိုင်ကြသည်။ ဆရာ(တပ်ကြပ်)သဘောကောင်းမှ နားခွင့်၊ ဝင်ခွင့်ရခြင်း ဖြစ်ပါသည်။

အပြင်ထွက်ခွင့်ရသောနေ့သည် ကျွန်တော်တို့အဖို့ အထူးဝမ်းသာရသောနေ့ ဖြစ်လေသည်။ အကောင်းဆုံးဝတ်စုံကို ဝတ်၍ နံနက်စောစောကတည်းက ကျွန်တော်တို့ အသင့်ပြင်ပြီး ဖြစ်နေကြသည်။ ကျောင်းပြင်ထွက်၍ ရန်ကုန်မြို့ထဲသို့ သွားမည့်ကား ဟူသမျှကို တားကာ လိုက်ပါခွင့်တောင်းသည်။ ဘတ်စ်ကားများ၊ စစ်ကားများက တင်ဆောင်ကြပါသည်။ မြို့သည်ဝေးသည်။ ထိုအချိန်က ကားများ စက်ကောင်းကြသည်မဟုတ်။ ဗမာစက်ပြင်ဆရာ၊ ကားဆရာတွေ တီထွင်တတ်ကြ၍သာ လမ်းပေါ်မှာ ပြေးနေနိုင်ခြင်းဖြစ်သည်။ ဆီမှာလည်း ဓာတ်ဆီကောင်းကောင်း မရ။ ဂျပန်စစ်တပ်က ရသမျှဓာတ်ဆီကို သိမ်းပိုက်ထားသည်။ ဓာတ်ဆီသည် အရေးကြီးသော စစ်ပစ္စည်းဖြစ်သည်။ အရပ်ကားများ ရော်ဘာဆီဖြင့် ပြေးရသည်။ အလွန်ညှော်၍ မီးခိုးလုံးထသည်။ ဘတ်စ်ကား တလိမ့်လိမ့်ပြေးနေလျှင် နောက်က မီးခိုးတလုံးလုံးနှင့်။

မြို့ထဲရောက်လျှင် ကျွန်တော်တို့သည် လူစည်ကားရာဖြစ်သော စမ်းချောင်း၊ ဗဟန်း၊ ကြည့်မြင်တိုင် ရပ်ကွက်များတွင် လမ်းသလားကြသည်။ ရွှေတိဂုံဘုရားကို တက်ကြသည်။ ဘုရား ကြည်ညိုလှ၍မဟုတ်။ ဘုရားပေါ်တွင် လူစည်ကား၍ ဖြစ်သည်။ ပန်းသည်မလေးများက "ရဲဘော် မောင်ကြီး ဖိနပ် ထားခဲ့ပါလား"ဟု ချိုသာစွာ ဖိတ်ကြားသည်ကို ကြားလို၍ ဖြစ်သည်။ ကျောင်းတွင် တပ်ကြပ်၏ အော်သံ၊ ဆူသံ၊ ဆရာများ၏ အမိန့်သံများဖြင့်သာ ညံသည်။ ချိုသာသောအသံ၊





ချိုသာသော မျက်နှာများလည်း ကမ္ဘာကြီးမှာ ရှိသေးသည်ဟု ကျွန်တော်တို့ သတိရဖို့လိုသည်။

ဟိုဟိုသည်သည် သွားပြီးလျှင် ကြုံရာတွင် ကျွန်တော်တို့ ထမင်းစားကြသည်။ အချိန်ရလျှင် မြေနီကုန်း၌ ဖွင့်ထားသော "စကုရ" ဂျပန်ရုပ်ရှင်ရုံတွင် ဝင်ကြည့်သည်။ ရဲဘော်ဆိုလျှင် ၂၅ ဆင့် (ပြား)သာ ဝင်ခပေးရသည်။ "နေသူရိန်" စသော ပြဇာတ်ရုံများတွင် ပြဇာတ်ဝင်ကြည့်သည်။ အချိန်များများမရ။ ပွဲပြီးအောင် မကြည့်ရ။ မင်းသားမျိုးချစ် သီချင်းဆိုနေတုန်း၊ မင်းသမီးကြီးမေချစ်တို့နှင့် နှစ်ပါးသွားတုန်း၊ မင်းသမီးခင်ခင်ရီ လွမ်းကောင်းတုန်း ကျောင်းအမီပြန်ရသည်။ နာဖျားနေ၍ အပြင်မထွက်ရသော ကျောင်းသားရဲဘော်အတွက် ခေါက်ဆွဲကြော် တစ်ထုပ် ဆွဲသွားရသည်။

တစ်ခါ မူလတန်းကျောင်းသားများဖြစ်ကြသော စိုးမြင့်၊ ကံကြီးတို့နှင့်အတူ ကျွန်တော်ကျောင်းပိတ်ရက်တွင် သူတို့အိမ်ကို လိုက်လည်သည်။ သူတို့မိဘမောင်နှမများက ဝမ်းပန်းတသာ ကြိုဆို ကျွေးမွေးကြသည်။ ကိုယ့်မိဘ၊ အစ်မ၊ နှမများကို သတိရသည်။ သူတို့ထံမှ စာမှန်မှန်မရ။ လမ်းပန်းအဆက်အသွယ် မလွယ်တော့ပြီ။ သူတို့သည် မြို့ပေါ်မှာ မနေ။ မြို့အစွန်အဖျားတွင် ခိုနေကြရပြီ။ ကျွန်တော့်ဖခင် မေမြို့တွင် တရားသူကြီး လုပ်သေးသည်။ အင်္ဂလိပ်လေယာဉ်ပျံတို့ မြို့ကိုဗုံးကြဲတော့ အိမ်ကို တိုက်ရိုက်မှန်သည်။ ဟိုတုန်းက ဗုံးသေးသေးတွေမို့ တော်ပေသေးသည်။ ဖခင်၊ အစ်မ၊ နှမများ သေးမသိဟု ကြားရသည်။

ထိုနေ့က စိုးမြင့်၊ ကံကြီးတို့အိမ်များတွင် ကြာသဖြင့် ကျောင်းပြန်ချိန်တွင် ကားမရ။ မင်္ဂလာဒုံသို့ အသွား နည်းသည်။ လေယာဉ်ကွင်းသို့ အင်္ဂလိပ်တို့ မကြာမကြာ ဗုံးကြဲလာသည်။ ဘီ ၂၉ အမျိုးအစားလေယာဉ်များ တစ်အုပ်ကြီးလာ၍ တိုက်ခိုက်ဗုံးကြဲသည်။ နောက်ပိုင်းတွင် ဂျပန်ဘက်မှ ခုခံတိုက်ခိုက်အားနည်းလာသည်နှင့် အင်္ဂလိပ်တို့လည်း အတင့်ရဲလာသည်။ ညသာမဟုတ်၊ နေ့တွင်လည်း ဝင်သည်။ ထို့ကြောင့် နေစောင်းလျှင် မင်္ဂလာဒုံဘက်သို့ ကားအထွက်နည်းသည်။ ကားကြုံမရသဖြင့် ကျွန်တော်တို့ကျောင်းအရောက် တစ်လမ်းလုံးပြေးလိုက် လျှောက်လိုက်သွားကြသည်။ တစ်ခါတစ်ခါနားရသည်။ ညသန်းခေါင်မှ ရောက်သည်။ အပြစ်ပေးခံရပြီ အောက်မေ့သော်လည်း ဆရာများက သည်းညာကြပါသည်။ ယနေ့ထက်တိုင် မင်္ဂလာဒုံစစ်တက္ကသိုလ်တည်ခဲ့ရာ မြေသော



www.burmeseclassic.com

www.burmeseclassic.ocm



ဗဟိုနိုင်ငံရေးတက္ကသိုလ်သို့ သွားရလျှင် ဟိုနှစ်ပေါင်း ၂၈ နှစ်ခန့်က တစ်ည ဒီတစ်လမ်းလုံးကို ပြေး၊ လျှောက်၊ ပြေး လုပ်ခဲ့ရသည်ကို သတိရမိသည်။

ညပိုင်း စာဖတ်ချိန်အပြီး အိပ်ဖို့ မီးမမှိတ်ခင်တွင် ကျွန်တော်တို့ ရယ်စရာပြောကြ၊ အိမ်မှ စာလာလျှင် ဖတ်ပြကြ၊ ကိုယ်ရေးသားသောကဗျာကို ဖတ်ပြလုပ်ကြသည်။ ထွန်းအောင်ကျော်၊ လှမိုး၊ ကျွန်တော်တို့က စားပွဲပေါ်တက်၍ ဗိုလ်ချုပ်အဖြစ် တပ်၏အလေးပြုခြင်းကို ခံယူတမ်း ကစားကြသည်။ စိုးတင့်က မြစ်ဝကျွန်းပေါ်မှ မမပြုံးဆိုသူ တစ်ဦးက သူ့ထံမှန်မှန်ပေးသော စာများကိုသံနေသံထားဖြင့် ဖတ်ပြသည်။ ရဲဘော်များ စိတ်ဓာတ်တက်ကြွအောင် အားပေးရှာသော အမျိုးသမီးတစ်ဦး ဖြစ်သည်။ စာအရေးကောင်းသည်။ လိမ္မာသည်။ စကားကို မလွန် သို့သော် မထိတထိရှိသည်။ ကြားရသူ ဘာလိုလို ထင်စေ၊ မျှော်လင့်စေသည်။ သူ့စကားတွင် ညှသံပါသည်။ သို့ရာတွင် သူသည်လည်း မဟုတ်။ မမပြုံးသည် ကျွန်တော်တို့အားလုံး ရည်ရွယ်၍ အားပေးစကား ပြောကြားခြင်းဖြစ်သည်ဟု ကျွန်တော်တို့ သဘောပေါက်ပါသည်။ အသားမည်းမည်း နှုတ်ခမ်းပြဲပြဲ စိုးတင့်ကမူ သူ့အတော် စွံပြီဟုထင်သည်။ ကျွန်တော်တို့ကလည်း သူမခံချင်အောင် မမပြုံးဆိုသည်မှာ မိန်းမ မဟုတ်တန်ရာ၊ ယောကျ်ားကြီးဖြစ်မည်။ သက်သက် စိုးတင့်ကို လှည့်ဖြားကစားနေခြင်းသာ ဖြစ်သည်ဟု ပြောကြသည်။ ကျော်ဒင်ခေါ်သော ကျောင်းသားတစ်ယောက်ကမူ စိုးတင့်အား ကျသည်။ သူကလည်း အသားမည်းမည်း အမြဲဝံနာထ၍ ကုတ်နေရသူဖြစ်သည်။ တစ်နေ့ ကျော်ဒင်သည်မမပြုံး၏ လိပ်စာကို စိုးတင့်ထံမှခိုးယူ၍ သူကိုယ်တိုင်စာရေးလိုက်သည်။ သူ့ထံကိုလည်း စာပြန်ပါ အတန်တန် အသနားခံလိုက်သည်။ မမပြုံးက စာပြန်ပါသည်။ သို့ရာတွင် ဒေါနှင့်မောနှင့် စကားလုံးပြောင်ပြောင်ဖြင့် ကြိမ်းမောင်းသည့်စာ ဖြစ်သည်။ "ရှင် သူခိုးပေါ့၊ မိုးနက်ကြီးပေါ့"ဟုလည်း သူ့လိပ်စာကို ခိုးရမည်လားဟု ရန်တွေ့သည်။ ကျွန်တော်တို့က ကျော်ဒင်ထံ ပြန်စာကို ဝိုင်း၍ အော်၍ ဖတ်ကြသည်။ ထိုနေ့မှစ၍ ကျော်ဒင်သည် " မိုးနက်ကျော်ဒင်"ဘွဲ့ကို ခံယူရသည်။ စစ်ပြီး၍ တပ်မတော်တွင် ဗိုလ်မှူးတစ်ဦးဖြစ်သည်အထိ အဆင့်ဆင့် အမှုထမ်းရာတွင်လည်း "မိုးနက်"ဟုပင် သူ့အား စတုတ္ထပတ် ရဲဘော်များက ခေါ်သည်။ မိုးနက်နာမည်သည် သေရာသို့ပင် ပါသွားရှာသည်။

နောက် ကျော်ထင်တစ်ယောက် ကျောင်းမှာ ရှိခဲ့သေးသည်။ ပိန်ပိန်သေးသေး ချည့်ချည့်လေးမို့ သူ့ကို ပုတူတူးဟု ခေါ်ကြသည်။ ယခု ပုတူတူးသည်





ဗိုလ်မှူးကြီးကျော်ထင် တိုင်းမှူးကြီးတစ်ဦး ဖြစ်နေပြီကော။ ပိန်ပိန်သေးသေးလည်း မဟုတ်တော့ပြီ။ တပ်မတော်တွင် တပ်ရင်း တပ်မများကို ဦးဆောင်ခဲ့ပြီး၍ ခေါင်းဆောင်တို့၏ ဥပဓိရုပ်ကိုဆောင်သည်။ တိုင်းမှူးများဖြစ်ကြသော ဗိုလ်မှူးခင်အုန်း၊ ဗိုလ်မှူးကြီး ထွန်းတင်တို့သည်လည်း စတုတ္ထပတ် ဗိုလ်သင်တန်းဆင်းများဖြစ်ကြသည်။ တတိယပတ်ဆင်း တိုင်းမှူးများ၊ ဒုတိယပတ်ဆင်း ပထမပတ်ဆင်း တိုင်းမှူးများလည်း ရှိသည်။ ပထမပတ်၊ ဒုတိယပတ်တို့မှဆင်း၍ ဂျပန်ပြည် စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့ကြသော တိုင်းမှူး၊ တပ်မမှူး၊ တပ်မှူးများလည်း ရှိသည်။

၇

ဤသို့နှင့် အချိန်တရွေ့ရွေ့ ကုန်သည်။ ညအိပ်ချိန်ရောက်လျှင် လေကြောင်းဥသြဆွဲသည်။ ညတိုင်းလိုပင် မင်္ဂလာဒုံ လေယာဉ်ကွင်းကို အင်္ဂလိပ်လေယာဉ်တို့ လာရောက်ဗုံးကြဲသည်။

လေကြောင်း ဥသြဆွဲလျှင် ကျွန်တော်တို့ ကျောင်းဆောင်မှ ပြေးထွက်၍ ကွင်းပြင်ထဲတွင် တစ်ယောက်ခိုကျင်းများသို့ ဝင်ကာ ဆောင့်ကြောင့်ထိုင်နေရသည်။ ထိုင်ရင်းအိပ်ရသည်။ ဘေးရှင်းဥသြဆွဲမှ ပြန်တက်ရသည်။ တစ်ခါတစ်ခါတွင် ဆင်းပြေးရတာ အိပ်ရေးပျက်သဖြင့် မဆင်းဘဲ အဆောင်ရှိ အိပ်စင်အောက်သို့ ဝင်ကာ အိပ်နေသည်။ တပ်ကြပ်များက အကြောင်းသိသဖြင့် စင်အောက်သို့ ဝါးလုံးဖြင့် ထိုး၍ ရှာကြသည်။

မောင်းချထားရသည့် ညနက်မည်းတွင် ကျွန်တော်တို့သည် တစ်ခါတစ်ရံ ဗုံးခိုကျင်းသို့ မသွားဘဲ စားဖိုရုံသို့ သွားကာ ထမင်းချိုးခွာ၍ စားကြသည်။ တစ်ခါ စားဖိုရုံ ပိတ်ထားသည်ကို တွေ့ရသည်။ ထွန်းအောင်ကျော်က မီးဖို ထဲတွင် ဂျပန်အရာရှိများအတွက် နံနက်စာဖြစ်သော ဝက်ခေါင်းပြုတ်ရှိသည်ဟု သတင်းရထားသည်။ ကိုယ်ထည်ငယ်သောကျွန်တော်က မီးဖိုဝင်းတံခါးကိုကျော်၍ ဝင်သည်။ ဒယ်အိုးထဲမှပြုတ်ပြီးရှိနေသော ဝက်ခေါင်းတစ်လုံးကိုယူကာ အပြင်သို့ လှမ်း၍ ပေးရသည်။ ထွန်းအောင်ကျော်နှင့်လှမိုးတို့က သယ်ပိုးသည်။ ကျွန်တော်တို့ သုံးဦးသား ရေမြောင်းတွင်းမှဝပ်၍ သွားသည်။ ကုန်းပေါ်တွင် မိကျောင်းသွား တက်သည်။ ကျောင်းတွင် သင်ယူထားသော အနေအထားကို အသုံးချ၍ တက်နည်းမျိုးစုံဖြင့် ဗုံးခိုကျင်းများဘက်သို့ ဝက်ခေါင်းကိုပိုက်၍ တင်သည်။



www.burmeseclassic.com

www.burmeseclassic.ocm



ရောက်သောအခါ လက်လှမ်းမီရာ အခြားရဲဘော်များနှင့်အတူ ဝေငှစားသောက်ကြသည်။ ဝက်ခေါင်းကြီးတစ်ခုလုံး တစ်ခဏနှင့် ကုန်သည်။ နောက်နေ့မနက်တွင် ဂျပန်အရာရှိရိပ်သာတွင် ဆူဆူညံညံ ဖြစ်သည်။ နံနက်စာ ပျောက်နေသည်။ ဂျပန်များက ဟိုရှာ ဒီရှာနှင့် ပျာယာခတ်နေသည်။ ကျွန်တော်တို့ အားလုံးကို နေ့ပူထဲတွင် သတိအနေအထားဖြင့် ကြာမြင့်စွာရပ်နေစေသည်။ အကြောင်းစုံသိရသော ရဲဘော်များက ဒဏ်ပေးသည်ကို ကျေနပ်စွာ ခံယူကြသည်။

သင်တန်းနောက်ပိုင်းကာလတွင် ဓားခုတ်၊ မြင်းစီးသင်ရသည်။ မပင်ပန်းလှပါ။ မြင်းစီးသင်တန်းသည် အထူးသက်သာသည်။ ကျွန်တော်တို့ တပ်စုလိုက် မြင်းဇောင်းသို့ သွားကြရသည်။ ဂျပန်ဆရာက မြင်းကိုထုတ်ယူလာပြီး "ဒီဟာကို မြင်းခေါ်တယ်။ ဒီဟာက မြင်းနှာခေါင်း။ ဒါတွေက ခြေထောက်"စသည် ဖြင့် အသေးစိတ်သင်သည်။ ကျွန်တော်တို့က ရယ်ချင်သော်လည်း အောင့်အည်းထားရသည်။ သူ သင်ကြားနေရင်း အချိန်ကုန်သွားလျှင် အပင်ပန်းသက်သာသည်။ မြင်းကို လူလို၊ ကိုယ့်ရဲဘော်လို ဂရုစိုက်ရမည်။ အချိန်မှန် ကျွေးမွေးရမည်။ မြင်းကို စီးပြီး ခိုင်းပြီးလျှင် နှိပ်နယ်ပေးရမည်။ ချွေးသုတ်ပေးရမည်။ မြင်းနေမကောင်းလျှင် မည်သို့ပြုစုရမည် စသည်ဖြင့် သင်ကြားသည်။ တိုတိုပြောရလျှင် စစ်သည်တော်တစ်ဦးသည် သူ့မြင်း၊ သူ့သေနတ်ကို သူ့မိန်းမထက်ပင် ခင်တွယ်ရမည်။ ဂရုစိုက်ရမည်။ သူတို့နှင့်အတူ တိုက်ပွဲဝင်ရတာဖြစ်သည်ဟု အထပ်ထပ်မှာကြားသည်။ ကျွန်တော်တို့ ရဲဘော်များ၊ ကိုယ့်ဇနီးသည်ကို မြင်း၊ သေနတ်လောက်မခင်တတ်လျှင် စစ်တက္ကသိုလ်က သင်လွှတ်လိုက်လို့ဟုသာ ကောက်ချက်ချစေချင်သည်။

မြင်းဇောင်းတွင် နှစ်ရက်သုံးရက်သင်တန်းဆင်းပြီးမှ မြင်းကိုယ်စီနှင့် ထွက်ကြရသည်။ ပထမတွင် ဇက်ကြိုးကို ဆွဲ၍ လမ်းလျှောက်ရသည်။ နောက်မှစီးရသည်။ မြင်းများသည် ယဉ်ကြပါသည်။ ဂျပန်မြင်းများသည် ထွားကျိုင်းသည် အားကောင်းသည်။ ထွန်တုံးဆွဲဖို့၊ အမြောက်ငယ်ဆွဲဖို့ အထူးမွေးမြူပြုစုထားခြင်းဖြစ်တန်ရာသည်။ မြင်းများတွင် "ရွှေလုံး" နာမည်ကြီးသည်။ သူက ဆိုးဆိုးကတ်ကတ် ဖြစ်သည်။ ပြေးနေရင်း ရုတ်ခြည်းရပ်ကာ စီးသူကို အားလွန်လိမ့်ကျစေခြင်း၊ ကဆုန်ပေါက်ပြေးခြင်း၊ သစ်ပင်တွေအောက် ချုံတွေထဲသို့ စီးသူကို ဆွဲခေါ်သွားခြင်း၊ ပရိယာယ်မျိုးစုံကို တတ်သည်။ လေ့ကျင့်သည်။ ရွှေလုံးကို ကျောင်းသားများက မတတ်သာမှ စီးကြသည်။ မလွှဲမရှောင်သာ သူတစ်ကောင်သာ





ကျန်တော့၍ ကျွန်တော်ရွှေလုံးကို စီးရဖူးသည်။ ကျွန်တော့်အပေါ် သူ့ပရိယာယ်မျိုးစုံ အကုန် အသုံးချကြည့်သည်။ ကဆုန်ပေါက်လိုက်၊ ရပ်လိုက်၊ သရက်ပင်တောထဲသို့ တိုးဝင်လိုက်။ ကျွန်တော်တွယ်ကပ်၍ လိုက်သည်။ နောက်ရွှေလုံးမောလာသည်။ ယဉ်လာသည်။ ကျွန်တော့်ကို လက်ခံလာသည်။ ခင်မင်လာသည်။ မြင်းသည်ပင်လျှင် အစဦးတွင် လူကို စမ်းချင်သား။

ကျောင်းဆင်းရက် နီးကပ်လာသောအခါ ကျွန်တော်တို့ အချင်းချင်း အိမ်လိပ်စာ လဲလှယ်ကြသည်။ အမှာစကားကလေးများကိုလည်း သူ့မှတ်တမ်းစာအုပ်၊ ကိုယ့်မှတ်တမ်းစာအုပ်များတွင် ရေးပေးကြသည်။ "အော်တို"စာအုပ် အမှတ်တရ။ ကျွန်တော့်မှာ ပေးစရာအိမ်လိပ်စာ အတည်တကျမရှိ။ ဖခင်သည် မေမြို့အစွန်တွင်ရှိသည်။ မိခင်သည် မန္တလေးမြောက်ဘက်၊ ဧရာဝတီတစ်ဖက်ကမ်း အေးချမ်းသော သီလရှင်ချောင်များအနားတွင် သေဆုံးခဲ့သည်။ သူ့ဂူဟိုမှာရှိသည်။ ကျွန်တော်၏ လိပ်စာကို မိခင်တို့ နောက်ဆုံးတည်းခိုခဲ့သော ရွာအဖြစ် ပေးလိုက်သည်။ မမြဲ၊ ပြောင်းလဲနေသော ဘဝတွင် မိခင်ရှိရာကမှ အတော်အတန် မြဲဦးမည်။

ရဲဘော် စိန်အောင်လင်းသည် အော်တိုများများ စုဆောင်းခဲ့သည်။ ကောင်းကောင်းလည်း သိမ်းဆည်းသည်။ တစ်နေ့က သူ့ထံမှ ကျွန်တော်တို့ ကျောင်းဆင်းခါနီးတွင် သူယူထားသော လိပ်စာအမှာစာ စာအုပ်ကို ပြလာသည်။ မင်မမှိန်သေး။ ကျွန်တော့်လက်ရေး သေးသေးကွေးကွေးဖြင့် ရေးထားသော လိပ်စာ၊ အမှာစာကို ဖတ်လို့ရသေးသည်။ "ဘဝဟာ ဆီမီးလိုပဲ၊ လောင်ဆီပြတ်တဲ့အခါမှာ ဆီမီးဟာလည်း ရောင်ခြည်ပြတ်ပြီးသေရတာပဲ။ အလင်းက အမှောင်ကို ရောက်ရတာပဲ၊ အချစ်ဆိုတာဟာလည်း တစ်ချိန်မှာ ပွင့်၊ တစ်နေ့မှာ ကြွေ၊ ဖြစ်ပျက်ခြင်း သဘောတရားကို မလွန်ဆန်နိုင်ပါဘူး။ ဒို့ရဲဘော် စစ်သားတွေကိုလည်း အသုံးကျတုန်း၊ ဒို့သန်တုန်း မြန်တုန်း၊ အမှုထမ်းနိုင်တုန်း၊ ဒို့လိုက်တိုက်စရာ ရန်သူရှိနေတုန်း ပြည်သူက အားကိုးကြလိမ့်မယ်။ ခင်မင်ကြလိမ့်မယ်။ သူကောင်း ပြုကြလိမ့်မယ်။ ဒါပေမဲ့ စစ်ကြီးလည်း ပြီးပြီ။ ရန်သူလည်း မရှိတော့ဘူး ဆိုရင်တော့ ဒို့လည်း မေ့မှိန်ကွယ်ပျောက်ရမှာပါ။ ဒို့ဟာ မေ့ပျောက်ခြင်းခံရတဲ့ တပ်မတော်ဖြစ်မှာပါ။ ဒါဟာ သင်္ခါရရဲ့သဘော။ လောကဓံရဲ့တရားပဲ ရဲဘော်"ဟူသော အဓိပ္ပာယ်ဆောင်သည့် အမှာစာကို ကျွန်တော်ရေးပေးခဲ့သည်။ စိန်အောင်လင်းပြသဖြင့် စာရေးဆရာသာဂဒိုးက အမှာစာကိုသူ၏ "လိပ်သား



www.burmeseclassic.com

www.burmeseclassic.ocm



ပြည်သူ့နေ့စဉ်သတင်းစာတွင် ၁၉၇၀ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ တော်လှန်ရေး အမှတ်တရဆောင်းပါးတွင် ဖော်ပြခဲ့သည်။ သာဂဒိုးသည် ထိုစဉ်က စစ်တက္ကသိုလ် မူလတန်းကျောင်းသားဖြစ်ခဲ့သည်။ စစ်တက္ကသိုလ် မူလတန်းကျောင်းထွက်များတွင် ဒုတိယဝန်ကြီး ဦးချစ်မောင်၊ ရှေ့နေစာရေးဆရာ ရဲဘော်ချမ်းအေး၊ ဗိုလ်မှူးကြီး ကျော်ခိုင်၊ ဗိုလ်မှူးကြီးလှထွန်း၊ ဗိုလ်မှူးကြီး စိုးမြင့်အောင် စသော တပ်မှူးကြီး များလည်း ပါဝင်ကြသည်။ သူတို့နှင့်တကွ နိုင်ငံအနှံ့ ကိုယ့်နည်းနှင့်ကိုယ် လုပ်ကိုင်နေထိုင်စားသောက် တိုင်းပြည်၏အကျိုးကို စွမ်းဆောင်နိုင်သလို အကျိုးပြု နေကြသော စစ်တက္ကသိုလ်ထွက် ဗိုလ်သင်တန်း ကျောင်းသားများ၊ မူလတန်း ကျောင်းသားများသည် ကျွန်တော့် အမှာစာပါ ခံစားချက်ကို နားလည်နိုင်ကြပါ လိမ့်မည်။

၈

သားမောင် စစ်သည်တို့၏ ကျောင်းဆင်းပွဲကို ပြန်လည်မြင်ယောင်သည်။ ကျွန်တော်တို့သာ မဟုတ်။ ဗိုလ်လောင်းအားလုံးလိုလို၏ မိဘတွေ၊ မောင်နှမတွေ အစုံတက်ကြသည်။ ပျော်စရာကြီးဖြစ်သည်။

စစ်ရေးပြပွဲ၊ ရာထူးတာဝန်အပ်နှင်းပွဲပြီးလျှင် ဗိုလ်လောင်းအချင်းချင်း လိပ်စာမှတ်ကြ၊ မှာကြ ဆရာတွေကိုအလေးပြုကြ၊ နှုတ်ဆက်ကြ အလုပ်များကြ သည်။ သား ဒုတိယဗိုလ် အသစ်စက်စက်များက ဖခင်မိခင်များအား သူတို့ပခုံးသို့ သပြေခက် ရာထူးတံဆိပ် တပ်ဆင်စေသည်။ အချို့ကလည်း ဖခင်မပါလာ။ မရှိတော့ဟု ထင်သည်။ မိခင်နှင့် နှမလား၊ ချစ်သူလား မသိသူတို့က တံဆိပ် တပ်ပေးရသည်။

ဒီတံဆိပ်ရဖို့၊ ဒီတာဝန်ထမ်းရဖို့ လာလိုက်ရသည့် ခရီးကြမ်း လေးနှစ် လုံးလုံး စာတွေ့သင်ရ၊ လက်တွေ့လေ့လာရ၊ စစ်ပညာသင်ယူလေ့ကျင့်ရ၊ ခန္ဓာ ကိုယ်စိတ်ကြံ့ခိုင်အောင် ကျင့်ရ၊ စိတ်ဓာတ်ရင့်ကျက် ထက်မြက်အောင်ကျင့်ရ။ မနေမနား မပြတ်မလပ် ရှိခဲ့သည်။

ပထမနှစ် ပြီးဆုံးအောင်မြင်၍ ဒုတိယနှစ်သို့ နှစ်တုံးတံဆိပ်တပ်ဆင် ရောက်ရှိပြန်တော့လည်း မပြီးသေး။ တာဝန်ပို၍ ကြီးလာသည်။ စာတွေပို၍ များလာသည်။ စစ်ပညာသင်တန်းပို၍ ပြင်းထန်လာသည်။ ပထမနှစ် ဗိုလ်လောင်း အဖြစ် ရောက်လာကြသော ပုံမကျ ပန်းမကျ အပိုးမသေသော ညီငယ်များကို





ဆုံးမပြုပြင်ရသည်။ ယင်းသို့ဆုံးမပြုပြင်ရသည့် အလုပ်အကြောင်းကို သားမောင် စစ်သည်က ဤသို့ ရေးဖူးသည်။

ကျွန်တော်တို့ ကိုယ်တိုင် ပထမနှစ် ဗိုလ်လောင်းဘဝမှ ထွက်မြောက် လာခဲ့သည်မှာ မကြာသေး၍ နောက်ဝင်လာသည့် ဗိုလ်လောင်းညီငယ်များ ကို သည်းခံမည်၊ စိတ်ရှည်ရှည်ထား၍ ဆုံးမပြုပြင်မည်၊ အပြစ်မပေး၊ မဆူမပူ၊ မဟိန်းမဟောက်ဟူ၍ ကျွန်တော်တို့အားလုံး ဆုံးဖြတ်ထားကြ သည်။ သို့ရာတွင် လက်တွေ့တွင် မလွယ်ပါ။ ဗိုလ်လောင်းအသစ်များတွင် လူမျိုးစုံပါသည်။ အချို့က အူကြောင်ကြောင်၊ အတတ ကြောက်ရွံ့နေ သည်။ အချို့က လူလည်ကျသည်။ တချို့က လမ်းသရဲပုံ မပျောက်သေး။ နှစ်ကြီးဗိုလ်လောင်းများကို ဂရုမစိုက်၊ မလေးစားတတ်။ အချို့က လေးစားစွာ ဆက်ဆံလျှင်ပင် သူတို့သိက္ခာကျလေမည် စိုးရိမ်ပုံရပါသည်။

ဗိုလ်လောင်းအသစ်များနှင့် အနီးကပ်ဆုံး၊ ဆက်ဆံတွေ့ကြုံရသူ များမှာ ကျွန်တော်တို့ ဒုတိယနှစ်များ ဖြစ်ပါသည်။ သူတို့ကို ပြုပြင်ရန် ကျွန်တော်တို့တွင် တာဝန်ရှိပါသည်။ အစဦးတွင် သည်းခံကြသည်။ ခွင့်လွှတ်ကြသည်။ စစ်တက္ကသိုလ်၏ ထုံးတမ်းစဉ်လာများကို စိတ်ရှည်ရှည် သင်ပြကြသည်။ ကြာလာတော့မှ ဒီနည်းဖြင့် မရကြောင်း ကျွန်တော်တို့ သိကြသည်။ သည်းခံလေ ပိုဆိုးလေ ဖြစ်သည်။ ထိုအခါကျွန်တော်တို့ ခပ်ကြမ်းကြမ်း ကိုင်လာရတော့သည်။ အပြစ်လုပ်သူကို ညှာမနေနိုင်။ ချော့မော့နေ၍ မရ။ အပြစ်ပေးရသည်။ စကားပြောလျှင် မာမာပြတ်ပြတ် ပြောသည်။ ဆူစရာရှိလျှင် ဆူရသည်။ "ဒါစစ်တက္ကသိုလ်ကွ။ မတတ်လျှင် အပြစ်၊ မသိလျှင် အပြစ်။ အိမ်မဟုတ်ဘူး"ဟု အော်တတ်လာသည်။

ပထမနှစ် ညီငယ်များကို မုန်း၍ကား မဟုတ်ပါ။ သူတို့သည်လည်း ကျွန်တော်တို့ကဲ့သို့ တစ်နေ့တွင် ကျောင်းဆင်းကြမည်။ တပ်ရင်းများသို့ ဖြန့်၍ထွက်ကာ တာဝန်ယူကြရမည်။ ထိုအခါ အမိစစ်တက္ကသိုလ်၏ နာမည် မညှိုးစေရအောင် သူတို့ထိန်းသိမ်း ဆောင်ရွက်ကြရလိမ့်မည်။ သူတို့ တာဝန်ကျေလျှင် အမိစစ်တက္ကသိုလ်၏ နာမည်ကောင်းမည်။ တပ်မတော်ကြီး၏ ဂုဏ်ရောင် ထွန်းပြောင်လိမ့်မည်။ ဤသို့ကျွန်တော်တို့ တွေးတော ခံယူကြသဖြင့် ညီငယ်များအား စာရိတ္တ၊ ဓွဲ၊ ပညာ၊ သတ္တိ



www.burmeseclassic.com

www.burmeseclassic.ocm



ထက်မြက်အောင် ကျွန်တော်တို့ ကူညီကြခြင်းဖြစ်ပါသည်။ ဤသို့သော စေတနာဖြင့် ပြုပြင်ဆုံးမစေကာမူ ညီငယ်များက ကျွန်တော်တို့အား မုန်းတီးမည်မှာ ဧကန်မုချ။ ကျွန်တော်တို့တုန်းကလည်း ဒုတိယနှစ်နှင့် နှစ်ကြီးဗိုလ်လောင်းများကို မုန်းခဲ့ကြ၊ နာခဲ့ကြသည်။

ပထမနှစ် ဗိုလ်လောင်းများ နေထိုင်ပုံကို ကြည့်ရသောအခါ ကျွန်တော်တို့ ပထမနှစ်တုန်းကလည်း ဒီလိုဖြစ်မှာပဲဟု မြင်မိသည်။ ကျွန်တော်တို့ကို ပထမနှစ်ဗိုလ်လောင်းများအဖြစ် ရုပ်ရှင်ရိုက်ကူးထားပြီး ပြန်ပြနေသည်ဟုပင် မှတ်ထင်ရပါသည်။ ကျွန်တော်တို့ ရောက်စတုန်းကလည်း အပိုးမသေ။ ပေကတ်ကတ်၊ မထိတထိ လမ်းသရဲရုပ်မပျောက်။ ဤသို့ အမျိုးစုံသောစရိုက်၊ တိုင်းရင်းသား လူတန်းစားများကို အမိစစ်တက္ကသိုလ်က အောင်စစ်သည်များဖြစ်အောင် ပျိုးထောင်ပေးရှာသည်ဟု စိတ်ထဲတွင် ကျေးဇူးတင်စွာ မှတ်ချက်ချမိသည်။

ဒုတိယနှစ်ကို အောင်မြင်ပြီးဆုံးတော့ တတိယနှစ်သို့ သားကြီးတို့အမှတ်စဉ် ၁၃ ဗိုလ်လောင်းများ ရောက်ကြသည်။ တတိယနှစ်တွင် ဝိဇ္ဇာသိပ္ပံဘွဲ့ အဆင့်ကို အပြီးအပိုင် သင်ယူရသည်။ စာပေဆိုင်ရာ စာမေးပွဲကြီးဖြေရသည်။ စတုတ္ထနှစ်တွင် စစ်ပညာကို အဓိကထားသည်။ တောစခန်း ထွက်နေရသည်က များသည်။ တောထဲတွင်နေ၍ ရရာကို ရှာဖွေစားသောက်ကာ လမ်းပျောက်ကိုရှာ၍ ရန်သူကို ချေမှုန်း၍ မိမိတပ်ရှိရာသို့ ပြန်လာတတ်အောင် သင်ရသည်။ လက်နက်မျိုးစုံကို သင်ရသည်။ ဆရာများက နောက်ဆုံးတိုက်ပွဲကြီးများ၏ အတွေ့အကြုံ သင်ခန်းစာများကို လေ့လာကြကာ သင်တန်းတွင် ချ၍ သင်ပေးသည်။ တိုက်ပွဲပြန် တပ်မမှူးကြီးများ ကိုယ်တိုင် လာရောက်၍ ပြောဟောပို့ချသည်။

ကျောင်းဆင်းခါနီးတွင် ခရီးရှည် ချီတက်ရသည်။ တောတောင် မြစ်ချောင်းကိုကျော်ဖြတ်ရသည်။ သေနတ်၊ စစ်ကိရိယာ၊ ရိက္ခာစသည်တို့ကို သယ်ပိုးရသည်။ သွားလာရင်း တိုက်ပွဲလေ့ကျင့်ရသည်။ စခန်းချရသည်။ ကတုတ်တူးရသည်။ ခြေတွေဖူးရောင်လာသည်။ ဖိနပ်ပေါက်သည်။ ဖွဲကြီးကြီးနှင့် ချီတက်ရသည်။ မေမြို့မှသည် ဗထူးမြို့ထိ တောလမ်း တောင်လမ်းမှ ခရီးရှည် ချီတက်ရသည်။ ဗထူးမြို့ဝင်တော့ တိုင်းမှူး ဗိုလ်မှူးကြီး စိန်လွင်၊ ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးတင်သိန်း၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ထွန်းအောင်





ကျော်တို့က ဝမ်းသာစွာ ကြိုဆိုကြသည်။ လေးနှစ်လုံးလုံး ဗိုလ်လောင်းအဖြစ် စမ်းသပ်ခံခဲ့ရခြင်း ဤတွင် ပြီးမြောက်သည်။

စစ်တက္ကသိုလ်ကို ဗထူးမြို့တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထို့ကြောင့် ဗထူးမြို့တွင် သင်တန်းပြီးခြင်းသည် ဘူမိနက်သန် မှန်သည်။ မန္တလေးမှစ၍ ဂျပန်ကို တော်လှန်ခဲ့သော ဗိုလ်မှူးဗထူးကို အမှတ်တရ ဂုဏ်ပြုသောအားဖြင့် တပ်မတော်က ဗထူးမြို့ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ဗိုလ်မှူးဗထူးသည် ထားဝယ်မှစ၍ ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့်ချီခဲ့သည်။ တော်လှန်ရေးစပြီးနောက် ရှမ်းပြည်ဘက်ကိုတပ်နှင့် တက်ရင်း အောင်ပန်းမြို့တွင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သည်။

စစ်တက္ကသိုလ်ကို ဗထူးမြို့တွင် ၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့၌ ဖွင့်လှစ်သည်။ ပထမကျောင်းအုပ်ကြီးမှာ ဗိုလ်မှူးကြီးကျော်စိုးဖြစ်သည်။ ဗိုလ်မှူးကြီးကျော်စိုးသည် မင်္ဂလာဒုံစစ်တက္ကသိုလ် ပထမပတ် ဗိုလ်သင်တန်းမှ ဆင်း၍ ဂျပန်ပြည် စစ်တက္ကသိုလ်ကို တက်ရောက်ခဲ့သော ပုဂ္ဂိုလ်ဖြစ်လေသည်။ ဒုတိယကျောင်းအုပ်ကြီးသည် ဗိုလ်မှူးကြီး သန်းစိန်ဖြစ်သည်။ မင်္ဂလာဒုံစစ်တက္ကသိုလ်မှ တတိယပတ် သင်တန်းဆင်းဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီး (ရေ)မြအောင်က ခေတ္တကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူသည်။ ထို့နောက် ဗိုလ်မှူးကြီးခွန်နောင် ကျောင်းအုပ်ကြီးဖြစ်လာကာ ၁၉၆၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်သည်။ ဗိုလ်လောင်းများအပေါ် "အဘ" ခွန်နောင် သံယောဇဉ်ကြီးသည်။ သားမောင်စစ်သည်သည် အဘခွန်နောင်ကို မီသည်။ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီး ထွန်းအောင်ကျော်ထံမှ ၁၉၇၁ ခုနှစ်တွင် သိပ္ပံဘွဲ့ကို ခံယူသည်။ ဗိုလ်မှူးကြီး ထွန်းအောင်ကျော် လေ့ကျင့်ရေး ညွှန်ကြားရေးမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့လာကာ ဗိုလ်မှူးကြီးကျော်ငြိမ်း ကျောင်းအုပ်ကြီးဖြစ်လာတော့ သားမောင်တို့ တပ်သို့ ရောက်နေကြပြီ။

စာပေညွှန်ကြားရေးမှူး ဦးဘိုးသုန်၊ လက်ထောက်စာပေ ညွှန်ကြားရေးမှူး ဗိုလ်မှူးဘသောင်း (မောင်သုတ) စသောပုဂ္ဂိုလ်တို့ သားမောင်တို့ ကြားဖူးရုံမျှသာ ရှိသည်။ ဗိုလ်မှူးသောင်းထိုက်၊ ဗိုလ်မှူးမောင်မောင်စသော အင်္ဂလန်နိုင်ငံ ဆင်းဟာစ်တက္ကသိုလ်ဆင်း ဆရာများကို မတွေ့လိုက်ရ။ မင်္ဂလာဒုံစစ်တက္ကသိုလ်ဆင်း ဒုတိယဗိုလ်မှူးကြီး အောင်ထွန်း၊ ဗိုလ်မှူးမြကျော်စသော လေ့ကျင့်ရေးမှူး



www.burmeseclassic.com

www.burmeseclassic.ocm



များ၊ စာပေဆိုင်ရာ ဆရာများထံမှ သင်အံလိုက်ရသည်။ ဆင်းဟာစ်တက္ကသိုလ် ဆင်း နည်းပြချုပ် ဒုတိယဗိုလ်မှူးကြီး ခင်မောင်တင့် ရောက်လာပြီးမှ သားမောင်တို့ ကျောင်းဆင်းကြခြင်းဖြစ်သည်။ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်ရောက်လာတော့ သားမောင်တို့တပ်သို့ ရောက်နေကြပြီ။

လေ့ကျင့်ရေးမှူးတွေ ဆရာတွေစုံသော၊ သမိုင်းကြောင်းကောင်းသော ထုံးနှင့်တမ်းနှင့်ဖြစ်သော စစ်တက္ကသိုလ်က သားမောင်တို့ကို မျိုးထောင်ပေးခဲ့ခြင်း ဖြစ်သည်။ "တပ်ကိုရောက်ပြီး တာဝန်ယူရမှ မိခင်တက္ကသိုလ်ကြီးကို ပြန်၍လွမ်းပါသည်။ ကျေးဇူးတင်ပါသည်"ဟု သားမောင်စစ်သည်က စာရေးသည်။

သူတို့၏အမှတ်စဉ် ၁၃ ဗိုလ်လောင်းများအားလုံးလိုလိုပင် အောင်မြင်ကြသည်။ ဗိုလ်လောင်းကံချွန်တစ်ယောက်သာ ကျောင်းဆင်းပွဲမတက်ရ။ဗထူးမြို့မှ အပြန်လမ်းတွင် ထိခိုက်သေဆုံးရရှာသည်။ ၁၃ နံပါတ်မို့ ကံဆိုးကြလေသလားဟု ဝမ်းနည်းတသသော သူ့ရဲဘော်များက သံသယရှိကြသည်။ သံသယမရှိကြနှင့်။ နံပါတ်မည်သည် အမှတ်အသား အခေါ်အဝေါ်သာ ဖြစ်သည်။ လူသာလျှင် အရေးကြီးသည်။ မိမိပြုလုပ်သည့် ကံကသာ အရာရာကို စီမံသည်။ စေတနာမှန်နှင့် ကောင်းမှုတို့ပြုသူအဖို့ နံပါတ်တိုင်း ကောင်းသည်။ နေ့တိုင်းသည် ရက်ရာဇာ ဖြစ်သည်ဟု သားမောင်အား မှာကြားရသည်။

## ၉

ကျွန်တော်တို့ စတုတ္ထပတ် ဗိုလ်သင်တန်း မင်္ဂလာဒုံစစ်တက္ကသိုလ်မှ ၁၉၄၅ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက်တွင် ကျောင်းဆင်းကြသည်။ ထိုစဉ်က မသိကြ။ တကယ်ဆိုတော့ တော်လှန်ရေးစတင်ဖို့ နှစ်လ ပျော့ပျော့သာ ကျန်တော့သည်။ အချိန်မီရုံသာ ရှိသည်။

ကျောင်းဆင်းပွဲမတိုင်မီပင် ကျွန်တော်တို့လက်နက် ပစ္စည်းများကို သိမ်းဆည်းပေးအပ်ကြသည်။ ကျွန်တော်တို့အား ဗိုလ်လောင်းရာထူးတံဆိပ်များကို ထုတ်ပေးသည်။ တပ်ဆင်ပေးမည့် မိဘများကားမရှိ။ မည်သည့်မိဘမျှ မလာရောက်နိုင်ကြပါ။

ဗိုလ်ချုပ်အောင်ဆန်းလာ၍ မိန့်ခွန်းပေးသည်။ ကျောင်းဆင်းပွဲကျင်းပရာ အားကစားရုံကြီး (ဗဟိုနိုင်ငံရေးတက္ကသိုလ် စည်းဝေးခန်းမဆောင်) ထဲတွင် ကျောင်းဆင်းတပ်ခွဲ ကျွန်တော်တို့နှင့် မူလတန်းကျောင်းသားများက မိန့်ခွန်းကို





နာခံသည်။ ဆက်လက်၍ ပညာရှာကြဖို့၊ နိုင်ငံအတွက် အသက်ကို ပဓာနမထားဘဲ ကြိုးပမ်းကြဖို့၊ အရေးကြီးသော အချိန်ဖြစ်သဖြင့် အရာရာတွင် သတိရှိကြဖို့၊ ဗိုလ်ချုပ်ကမှာသည်။ မိန့်ခွန်းသည် တိုတိုတုတ်တုတ် ဖြစ်သည်။ ကျွန်တော်တို့ မိန့်ခွန်းကို စွဲမြဲစွာ နာယူကြသည်။

ကျောင်းအုပ်ကြီး ဗိုလ်မှူးရန်နိုင်ကလည်း ကျွန်တော်တို့နှင့်အတူ သရက်ပင်များအောက်ဝယ် ညစာစားသည်။ ဗိုလ်ဖြစ်လာသဖြင့် မာနမကြီးကြနှင့်၊ တိုင်းရင်းသားပြည်သူများ အကြားသို့သွား၍ နိုင်ငံအကျိုးကိုပြုကြ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေးကို တည်ဆောက်ကြ စသည်ဖြင့် မှာကြားသည်။ ကျွန်တော်တို့ သူ့ ဆုံးမစကားကို နာယူပါသည်။ ယခုမူ သူကိုယ်တိုင် နိုင်ငံမှထွက်ပြေး၍ တစ်ပါးသူ ကျွေးမွေးသော အစာကိုစားကာ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို ဖျက်ဆီးရန် လုပ်ဆောင်နေလေပြီ။

နံနက်တွင် ကျွန်တော်တို့အားလုံး စစ်ဦးစီးချုပ်၏ ရုံးသို့သွားရောက်ကြသည်။ တာဝန်ပေးခြင်းကို ခံယူကြရန်ဖြစ်သည်။ ဗိုလ်ချုပ်နေဝင်းက ကျွန်တော်တို့အား တာဝန်ချထားခြင်းကို ဖတ်ပြသည်။ ကျွန်တော်တို့အားလုံး တပ်သို့သာ သွားချင်သည်။ တိုက်ခိုက်ရေးတပ်ရင်းတွင် တာဝန်ယူလို၍ ကျွန်တော် ကျောင်းတက်ခဲ့ခြင်းဖြစ်သည်။ အခြားရဲဘော်များ၏ ဆန္ဒလည်း ထို့အတူပင် ဖြစ်သည်။ မြို့အုပ်လူထွက် ကိုထွန်းမောင်၊ ကိုလှဖေ၊ ကိုဖေသန်း စသောလူကြီးများသည်လည်း တပ်သို့သာသွားချင်သည်။ စစ်ရုံးတွင် မနေလို။ "ဒို့ကျောင်းတက်ပြီး ပါးရိုက်၊ နားရိုက်ခံခဲ့ကြတာ စာရေးကြီးလုပ်ချင်လို့မဟုတ်ဘူး"ဟု ကျွန်တော်တို့ ခပ်ကြွားကြွား ပြောတတ်ကြသည်။

သို့သော် ကျွန်တော်နှင့်ဗိုလ်လောင်းအချို့ စစ်ဝန်ကြီးရုံးသို့ တာဝန်ပေးခံရသည်။ ကိုခင်အုန်းက ဗိုလ်မှူးဗထူး၏ မြောက်ပိုင်း စစ်ဌာနချုပ်သို့ အပို့ခံရသည်။ ထွန်းအောင်ကျော်က မိတ္ထီလာဘက်သို့ ထွက်မည်။ ကျွန်တော် တပ်သို့ သွားချင်သည်။ အညာသို့ သွားချင်သည်။ သို့ရာတွင် စစ်သားဟူသည် ပေးရာ တာဝန်ကို ယူရသည်။ စေရာသို့ သွားရသည်။ စစ်ဝန်ကြီးရုံးတွင် တာဝန်ကျသော ကျွန်တော်တို့တစ်စု ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်းတို့ထံ ဝင်ရောက်၍ ကျွန်တော်တို့အား တိုက်ခိုက်ရေး တပ်ရင်းသို့ ပို့ပါရန် ပန်ကြားသေးသည်။ လူကြီးများက ပြုံး၍ ဦးစီးချုပ်ရုံး အရာရှိများလည်း စစ်သားတွေပါပဲကွာဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.ocm



ဗိုလ်မှူးဗထူး ရန်ကုန်သို့ ဗိုလ်ချုပ်အောင်ဆန်းထံ သတင်းပို့ရင်းရောက် နေသဖြင့် သူနှင့်အတူ တိုင်းဆေးမှူး ဗိုလ်ကြီးမောင်လွင်၊ ဗိုလ်ခင်အုန်းတို့ ပြန်လိုက်သွားကြသည်။ ကားဖြင့် ခရီးပြင်းနှင်ကြသည်။ တော်လှန်ရေးစသင့် သည့်အချိန်တွင် စကြတော့ဟူသော ဗိုလ်ချုပ်အောင်ဆန်း၏ အမိန့်ကို သယ်ဆောင် သွားကြသည်။

ကျွန်တော် စစ်ဝန်ကြီးရုံး စစ်ပညာဌာနကြီးသို့ ရောက်သည်။ ကောလိပ်သို့ ရောက်ဖူးသည့်အတွက် ဒဏ်ခံရတုန်းပင် ဖြစ်သည်။

"စစ်ပညာစာစောင်" လက်စွဲစာအုပ်များပြုစုရေးကို ကူရမည်။ ဦးဘသန်း၊ ဦးဘို၊ ဒေါ်ခင်မျိုးချစ်၊ ကိုအောင်ကျော်မြင့် စသော စာပြုစာတည်းများသည် အပတ်တကုတ် လုပ်ကိုင်နေကြသည်။ "လေ့ကျင့်ရေးလက်စွဲများ"၊ "စစ်ဗိုလ်နှင့် စစ်စွမ်းရည်" စသော စာအုပ်များကို ဘာသာပြန်ဆို ရေးသားပြုစုနေကြသည်။ အရာခံဗိုလ်သင်းသည် ဌာန၏ရုံးအုပ် ဖြစ်သည်။ ဌာနသည် ကျွန်တော့်ကို မလိုပါ။

စစ်ပညာဌာန၏ တာဝန်တစ်ရပ်သည် ဒေါ်စောမြ ခေါင်းဆောင်သော အမျိုးသမီးတပ်ဖွဲ့ကို လေ့ကျင့်ပေးရန် ဖြစ်သည်။ ဌာနမှူးဗိုလ်မှူးဖိုးကွန်းက ကျွန်တော့်အား သင်တန်းကို တာဝန်ယူမလား မေးသည်။ မယူလိုဟု ခွင့်တောင်း ရသည်။ ချိန်မှတ်မလျှောက်တတ်သော၊ ရှက်တတ်သော ကျွန်တော်နှင့်သင့်တော် သော တာဝန်မဟုတ်ပါ။

အနားမှဝါးတဲတွင် ဝါဒဖြန့်ချိရေး ဌာနကြီးရှိသည်။ ဗိုလ်ထွန်းလှ၊ ဗိုလ်မောင်မောင်ကလေး (ခင်လေးမောင်)တို့ ဦးဆောင်သော ဌာနဖြစ်သည်။

ကျွန်တော်တို့ ကျောင်းဆင်းဗိုလ်များ ခွင့်ဆယ်ရက်ရသည်။ ဆယ်ရက်ဖြင့် မန္တလေးသို့ ပြန်၍ မဖြစ်။ ရန်ကုန်တွင်ပင် ရွှေတိဂုံဘုရားတက်လိုက်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်းသို့ လမ်းသလားလိုက်နှင့် ၃-၄ ရက် နေကြည့်သည်။ မပျော်။ စစ်တက္ကသိုလ်တွင် စည်းကမ်းတကြီး နေလာပြီးမှ ရည်ရွယ်ချက်မရှိဘဲ သွားလာနေသည်ကို ပျင်းသည်။ ဟာတာတာ ရှိသည်။ လွတ်လပ်လျှင် စားလိုက် မည်၊ အိပ်လိုက်မည်၊ ပြဇာတ်ကြည့်မည်ဟု ခံထားသော်လည်း တကယ်ဆိုတော့ တောင့်တမှုသာ ဖြစ်သည်။ စိတ်ကူးသာ ဖြစ်သည်။ အချို့သော ကိစ္စတို့တွင် စိတ်ကူးကြည့်ရတာက တကယ်ဖြစ်တာထက် သာယာသည်။ တကယ်ဖြစ်လာပြန် တော့လည်း ပေါ့ပြက်ပြက် ဟာတာတာဖြစ်သွားသည်ဟု ပညာရှင်တို့ ပြောစမှတ်





ရှိသည်။ ကျွန်တော်ကျောင်းဆင်းခါစ ထိုသို့ပင်ခံစားရသည်။ နောက်တော့လည်း ထိုသို့ပင် ခံစားရသည်များ ရှိသည်။

ခွင့်ဆယ်ရက်ပြည့်အောင်မနေဘဲ စစ်ပညာညွှန်ကြားရေးဌာနသို့ ကျွန်တော် သွားရောက် သတင်းပို့သည်။ ဘောင်ဒရီလမ်း (ဓမ္မစေတီလမ်း) တောင်ကုန်း ပေါ် မရန်းပင်များအောက် ဝါးတဲများတွင် ကျွန်တော်တို့ စာရေးနေကြသည်။ ကျွန်တော်တို့ စာဖတ်၊ စာရေးနေကြချိန်တွင် မဟာမိတ်များလက်သို့ ရွှေဘိုမြို့ ကျဆင်းသည်။

❒

www.burmeseclassic.com

www.burmeseclassic.ocm

# အခန်း (၅)

# တော်လှန်ရေး

### ၁

တော်လှန်ရေး ဘယ်နေ့စကြရမည် မသိ။ သို့သော် တော်လှန်ကြရမည်ကိုတော့ ကျွန်တော်တို့ သိနေကြသည်။ မျှော်နေကြသည်။ ကျန်မနေရစ်ကြအောင် ကိုယ့်အဆက်အသွယ်နှင့်ကိုယ် လုပ်တန်တာ လုပ်ထားရသည်။ စစ်ဝန်ကြီးရုံးတွင် ဗိုလ်တွေများ၍ ရဲဘော်နည်းသည်။ တော်လှန်ရေးတွင် ထိရောက်စွာ ပါဝင်လိုလျှင် တပ်နှင့်လှုပ်ရှားမှ ဖြစ်မည်။

စစ်ပညာဌာနမှ ဗိုလ်သင်းနှင့် ကျွန်တော်တို့ ပဲခူးမြို့မှ သမ္ဘန်စီး၍ ရွာကြီးတစ်ရွာသို့ သွားကြရသည်။ တော်လှန်ရေးအတွက် ပြင်ဆင်ရန်မဟုတ်။ မြန်မာစာပေသမိုင်း ကျမ်းပြုဆရာ ကထိကဦးသက်တင်နှင့်တွေ့ရန်၊ သူ၏စာအုပ်များကို အလှူခံရန်ဖြစ်သည်။ သမ္ဘန်တစ်စီးစာ စာအုပ်များပါလာသည်။ ဗိုလ်ချုပ်အောင်ဆန်းဖတ်ဖို့ ကျွန်တော်တို့ ပို့ပေးလိုက်သည်။ ဗိုလ်ချုပ်သည် စာဖတ်ဝါသနာပါသည်။ စာဖတ်မြန်သည်။ တော်လှန်ရေး စတင်ခါနီးမှာလည်း စာဖတ်မပျက်။ တပ်မတော်ခေါင်းဆောင် အချို့သည်လည်း ထိုသို့ပင်ဖတ်ကြ လေ့လာကြသည်။

စစ်ပညာဌာနမှ စစ်ဉပဒေဌာနသို့ ကျွန်တော်တို့ပြောင်းရွှေ့ တာဝန်ယူရပြန်သည်။ ဗိုလ်ကြီးဘစိန်၊ ဗိုလ်မောင်မောင်ကျော်ဝင်း၊ ဗိုလ်လှအေးစသော အရာရှိများ ဌာနတွင် ရှိကြသည်။ စစ်ဉပဒေ ရေးဆွဲကြတုန်းဖြစ်သည်။ အမှုတစ်မှုနှစ်မှုရှိသည်။ သို့ရာတွင် ရုံးဖွဲ့၍မ ဖြစ်သေး။ ပစ္စည်းခန်းထဲတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသော ရိုင်ဖယ် ၂ လက်နှင့် ဒသမ ၄၅ ပြောင်းရှိသော ဝင်ချက်စတာရိုင်ဖယ်





၁ လက်ရှိသည်။ လက်နက်များကို ကျွန်တော်တို့ တော်လှန်ရေးအတွက် ထွက်သောအခါ ယူသွားကြသည်။

စစ်တက္ကသိုလ်တွင် ခံခဲ့ရသောဒဏ်များ၊ မိုးထဲ နေပူထဲ ပင်ပန်းခဲ့ရခြင်းကြောင့်လားမသိ။ တစ်နေ့ ကျွန်တော် အပြင်းဖျားသည်။ ရဲဘော် တစ်ဦးက ထမ်းပိုးကာ ဆိုက်ကားဖြင့်တင်၍ လောင်းဝစ်လမ်း (အင်းယားမြိုင်လမ်း) ရှိ စစ်ဆေးရုံသို့ ပို့ပေးသည်။ စစ်ဆေးရုံသည် ကုန်းမြင့်ပေါ်မှ တဲတန်းလျားများဖြစ်သည်။ အရာရှိဆောင်တွင် လူနာသုံးဆယ်ခန့် ဆံ့သည်။ နေရာထိုင်ခင်းသာတောင့်သာယာဖြစ်သည်။

ငှက်ဖျားဖြစ်သဖြင့် အပူကြီးသည်။ တုန်တုန်ယင်ယင် ဖြစ်သည်။ ဆေးရုံရောက်ခါ စသတိမရ။ နောက်သတိရမှ ပတ်ဝန်းကျင်ကို လေ့လာနိုင်တော့သည်။ ကျွန်တော့်ကို နေရာချထားသည့် ခုတင်တွင် နှစ်ရက် သုံးရက်ခန့်က ဗိုလ်သူရ သေဆုံးသွားသည်ဟု သိရသည်။ ဗိုလ်သူရသည် နာမည်ရ တပ်ရင်းမှူးတစ်ဦး ဖြစ်လေသည်။ နံဘေးခုတင်တွင် ဝါဒဖြန့်ချိရေးဌာနမှ ကိုမောင်မောင်ကလေး (ခင်လေးမောင်) ရောက်နေသည်။ အဆောင်ပြည့် လူနာများရှိသည်။ ကျွန်တော့်အဖျားသည် စည်းကမ်းရှိသည်။ အချိန်မှန်တက်၍ အချိန်မှန် ကျသည်။ ကျပြန်လျှင်လည်း ပကတိလူကောင်း။ ဆေးရုံထဲ လျှောက်လည်လို့ရသည်။ ဆရာမကြီးများ၏ ခွင့်ပြုချက်ဖြင့် အပြင်ထွက်၍ပင် ရသည်။ ဆေးဝါး ပြည့်ပြည့်စုံစုံမရှိ။ ကွီနိုင် အခါးဆေးရည်ကိုသာ သောက်ရသည်။

ဆရာမကြီး နော်အဲလီဇဘက်ပုသည် မနက်၊ နေ့ခင်း၊ ညနေ အခါခါလာကြည့်သည်။ လူနာများနှင့် သင့်မြတ်သည်။ ခင်မင်ရင်းနှီးစွာ ဆက်ဆံသည်။ "တော်တော်တန်တန် ရောဂါများလောက်တော့ ကျွန်မ တစ်ချက်ပြုံးပြီး ကြည့်လိုက်တာနဲ့ လူနာ ပျောက်ကင်းနိုင်တယ်"ဟုလည်း ပြောတတ်သည်။ ထိုအခါ ကျွန်တော်တို့က "ပြုံးပါ ဆရာမကြီး"ဟု ဝိုင်း၍ တောင်းဆိုကြသည်။ သူက ပြုံး၍ အားလုံးကို တစေ့တဝင့်ကြည့်သည်။ သူ့အပြုံးသည် အမှန်ပင် ဆေးကောင်းတစ်ခွက်ဖြစ်ပေသည်။ တစ်ခါတည်း အမြစ်ပျောက်မသွားစေကာမူ၊ အနည်းငယ်တော့ သက်သာသွားကြသည်။

ဆေးရုံတက်ရင်း ကန်တော်ကြီးထဲတွင် ကျင်းပလျက်ရှိသော ပြပွဲသို့ ကျွန်တော် သွားခဲ့သေးသည်။ ပြပွဲပျော်ပွဲတွေ စည်စည်ကားကား ပျော်ပျော်ပါးပါးရှိသည်။ ဗဟန်းတွင် အလွန်လူစည်သည်။ တစ်လျှောက်လုံး ဈေးဆိုင်၊ စား



www.burmeseclassic.com

www.burmeseclassic.ocm



သောက်ဆိုင်များဖြင့် ပြည့်သည်။ "လေထီး" လက်ဖက်ရည်ဆိုင်၊ ခေါက်ဆွဲဆိုင် နာမည်ကြီးသည်။ လက်ဖက်ရည်တစ်ခွက် ဂျပန်စက္ကူဖြင့် ငွေတစ်ဆယ်၊ နှစ်ဆယ် ပေးရသည်။ ခေါက်ဆွဲတစ်ထုပ် ငါးဆယ်၊ တစ်ရာ။ သို့ရာတွင် အဝယ်အစား မပျက်ကြ။ လူအများသည် တက်တက်ကြွကြွ သွားလာလုပ်ကိုင်ကြသည်။ တစ်ဖက်တွင်လည်း အကျင့်စာရိတ္တတွေ ပျက်ချင်သည်။ ဒီကဝယ်၍ ဟိုမှာရောင်း၊ ဝယ်စရာပစ္စည်း သန့်ရှင်းသည် မသန့်ရှင်းသည်ကို မမှု။ အမြတ်ကြီးရလျှင် ပြီးသည်။ ရသော အမြတ်ငွေကို စားသောက် သုံးဖြုန်းပစ်လိုက်ကြသည်။ ဂျပန်စစ်တပ်နှင့်ဂျပန်ကုမ္ပဏီကလည်း ငွေစက္ကူများကို စက်ဖြင့် ရိုက်နှိပ်၍ ဖြန့်ဝေပေးသည်။ လူတွေ စိတ်မလေလွင့်ရအောင်၊ တော်လှန်ချင်စိတ် နည်းပါးအောင် လုပ်နည်းတစ်ရပ်ဖြစ်သည်။ ထုတ်ပေးသောငွေများ တစ်ခါတစ်ခါ မင်ပင်မခြောက်သွေ့သေး။ စက္ကူညံ့သဖြင့် ကြာကြာမခံ။ မြန်မြန်စုတ်တတ်သည်။ ငွေစက္ကူ လက်ခံယူရသူများက သစ်သစ်တောင့်တောင့် "ထောင်မလဲသဲကော်" ဖြစ်မှ ကြိုက်သည်။

ကန်တော်ကြီးပြပွဲ စည်ကားသည်။ ပြပွဲမှ ဆေးရုံသို့ လမ်းလျှောက်ပြန်လာရင်း ကန်တော်ကြီး ကျွန်းတစ်နေရာတွင် အဓိပတိဒေါက်တာဘမော်က ရွှေဘိုမြို့မှ အလောင်းဘုရား နင်းဖူးသည်ဆိုသော အောင်မြေမှ မြေတစ်ဆုပ်ကို သယ်ယူခဲ့စေကာ အခမ်းအနားနှင့် အောင်ဓာတ်ယူ၊ အောင်မြေချခဲ့သည်ကို အမှတ်ရမိသည်။ အောင်မြေချသည်။ နတ်အပေါင်းကိုလည်း စစ်အောင်မြင်အောင် ကူညီပေးကြဖို့ အဓိပတိကပင့်ဖိတ်ခဲ့သည်။ သူအောင်မြင်စေချင်သည်က ဂျပန်စစ်တပ်၊ ကျွန်တော်တို့ တော်လှန်ကြရမှာက ဂျပန်စစ်တပ်။ နတ်များဘယ်ဘက်က လိုက်ပါကူညီကြပါမည်နည်း။ တရားသော စစ်ဖက်မှသာ ပါကြမည်ထင်သည်။

ဆေးရုံက ဆင်းပြီးနောက် ကျွန်တော် စစ်ဝန်ကြီးရုံး၏ တာဝန်အရာရှိအဖြစ် တနင်္ဂနွေနေ့တစ်နေ့ ဆောင်ရွက်ရသည်။ စလွယ်ကြီးကို လွယ်ရသည်။ ရုံး၏ လုံခြုံရေးကို ကြည့်ရသည်။ မြို့ကိုပတ်၊ တပ်များကိုလှည့်၊ ခုံညားစွာ လမ်းသလား နိုင်သည်။ တာဝန်တပ်ကြပ်တစ်ဦး အကူရသည်။ မြင်းတပ်မှ ဗိုလ်ကျော်ထံမှ မြင်းနှစ်ကောင်ငှားသည်။ ဂျပန်မြင်းကြီးများဖြစ်၍ တုတ်ခိုင်မြင့်မားသည်။ အုတ်ခုံနံဘေးအထိ မြင်းကိုဆွဲကာ ခုံပေါ်မှတစ်ဆင့် မြင်းကျောထက်သို့ တက်ရသည်။ မြင်းစီး၍ စမ်းချောင်း၊ ဗဟန်း၊ ဝင်ဆာလမ်း စသည်တို့သို့သွားသည်။ တပ်ကြပ်က နောက်ကမြင်းတစ်စီးနှင့် လိုက်သည်။ လင့်လမ်း ဟိုတယ်





နံဘေးတွင် အရက်မူး၍ ယိမ်းထိုးနေသော ရဲဘော်ကပင်လျှင် ဖျတ်လတ်သွက်လက်စွာ အလေးပြုသည်။

တစ်ပတ်လှည့်လည်ပြီး စစ်ဝန်ကြီးရုံးသို့အပြန်တွင် မြင်းသည် ပို၍သွက်လက်လာသည်။ ဝင်ဒါမီယာလမ်း (သံလွင်လမ်း) သို့ဝင်လျှင် ကဆုန်ချ၍ ပြေးစပြုသည်။ တား၍မရ။ ဂျပန်အိမ်တစ်အိမ်၏ ဝင်းဝသို့ရောက်လျှင် လမ်းမှကွေ့၍ ဝင်းထဲသို့ ဝင်ပြေးလေတော့သည်။ ဇက်ကိုဆွဲလည်း မရ။ ဝင်းထဲ ဝင်ရုံမျှမကသေး။ နောက်ဖေး မီးဖိုထဲသို့ ဖြောင့်တန်းစွာ ဝင်သည်။ ကျွန်တော် ခုန်ချ၍ ဆွဲသော်လည်းမရ။ မီးဖိုထဲက ဂျပန်ထမင်းချက်ကိုလည်း မမှု။ မီးဖိုထဲရှိ ဂေါ်ဖီထုပ်၊ ဟင်းသီးဟင်းရွက်များကို ဆွဲ၍တကျွတ်ကျွတ် ဝါးစားလေတော့သည်။

ထိုအခါမှ စစ်တက္ကသိုလ်က သင်ပေးလိုက်သော သင်ခန်းစာကို မေ့လွယ်ခဲ့မိသည်ကို ကျွန်တော်နောင်တရသည်။ မြင်းကိုမိတ်ဆွေလို သဘောထားရမည်။ ရေတိုက်ချိန်တိုက်၊ အစာကျွေးချိန် ကျွေး၊ နှိပ်နယ်၍ပင် ပေးရမည်။ ကိုယ့်ဇနီးထက်ပင် ခင်မင်ယုယရမည်ဟု ဆရာက အထပ်ထပ်မှာသည်။ ယခုမူ ကျွန်တော်က မြို့ကိုလှည့်လည်ရ၍ ကျေနပ်နှစ်သိမ့်လျက်ရှိသည်။ ထမင်းဆာရမှန်း မသိ။ ရေငတ်ရမှန်း မသိ။ မြင်းမှာတော့ ဆာလောင်သည်။ ထို့ကြောင့် စားနေကျအိမ်နောက်ဖေး မီးဖိုသို့ဝင်၍ မဖိတ်မကြားဘဲ ရတာကို ဆွဲ၍ စားရသည်။ ကိုယ်ချင်းစာနာဖို့ လိုလှပါပေသည်တကား။

BURMESE CLASSIC .com

၂

၁၉၄၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နံနက်တွင် ရန်ကုန်မြို့ရှိတပ်မတော်တပ်ရင်းတပ်ဖွဲ့များသည် ရွှေတိဂုံစေတီတော်ကြီး၏အနောက်မုခ် အောက်ခြေရှိ ကွင်းကြီး (ယခု တော်လှန်ရေးပန်းခြံ)တွင် စစ်ထွက် စစ်ရေးပြပွဲ ကျင်းပသည်။ ဤကွင်းထဲတွင် ရဲဘော်ဘဝနှင့် ကျွန်တော်အခြေခံ စစ်ပညာသင်ယူခဲ့ရသည်။ မိကျောင်းတွား တက်ခဲ့ရသည်။ ချိန်မှတ် လျှောက်သင်ခဲ့ရသည်။

တပ်များများ မရှိ။ နယ်များတွင် ဖြန့်ထားပြီး ဖြစ်သည်။ ထောက်ပံ့ရေးတပ်၊ ကင်းတပ်၊ ဆက်သွယ်ရေးတပ်၊ အမြောက်တပ်၊ မြင်းတပ်၊ စစ်ဝန်ကြီးရုံးအဖွဲ့ စသည်တို့ စုပေါင်းထားသဖြင့် ကွင်းပြည့်လုနီးပါးကားရှိသည်။ ကွင်းပတ်ဝန်းကျင်လမ်းများပေါ်တွင် ပြည်သူတို့ သပြေပန်းခက်များကို ကိုင်ဆောင်လျက် တပ်အထွက်တွင် နှုတ်ဆက်ရန် စောင့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.ocm



စစ်ဦးစီးချုပ်ရုံး ကွင်းရှေ့တွင် ကျွန်တော်ရပ်ကြည့်နေရင်းလာသမျှသော အလံဝါလွှင့်သော မော်တော်ကားစီး ဗိုလ်ချုပ်များ၊ အလံနီ မော်တော်ကားစီး ဗိုလ်မှူးကြီးများကို အလေးပြုနေရသည်။ အဓိပတိ ဒေါက်တာဘမော်က ပို၍ ထူးသည်။ သူ့ကားတွင် အလံသုံးလက် လွှင့်ထားသည်။ ဗိုလ်ချုပ်ကြီး၏အလံဝါ၊ နိုင်ငံတော်၏သုံးရောင်ခြယ် ဒေါင်းလံနှင့် အဓိပတိ၏အလံ။ သူကိုယ်တိုင်လည်း စစ်သေနာပတိချုပ်၏ ဝတ်စုံကို ဝတ်ထားသည်။ သူ့အား ကျွန်တော်လှမ်း၍ အလေးပြုသောအခါ သူက ညာဘက်လက်ညှိုး တစ်ချောင်းကိုသာ လေးဆယ့်ငါး ဒီဂရီခန့်မြှောက်၍ ပြန်လည် အသိအမှတ်ပြုသွားသည်။ ခေါင်းကိုလည်းအနည်းငယ် စောင်းငဲ့၍ ညိတ်လိုက်သည် ထင်သည်။ ထည်ထည်ဝါဝါရှိသည်။

လမ်းပေါ်တွင် ကြာကြာနေလျှင် အလေးပြုရတာနှင့် လက်ညောင်းတော့မည်။ မဖြစ်ချေဘူး။ ပြေးဦးမှပဲ အောက်မေ့ကာ ကွင်းသို့သွား၍ စစ်ဝန်ကြီးရုံး အဖွဲ့နှင့် နေရာယူသည်။ ဗိုလ်မှူး၊ ဗိုလ်ကြီးတွေ၏ နောက်ဖက်တန်းတွင် ရပ်လိုက်သည်။

စင်မြင့်ပေါ်သို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်း စသောပုဂ္ဂိုလ်များ ရောက်ရှိသည်။ အဓိပတိအပြင် ဒုတိယဝန်ကြီးချုပ် သခင်မြ၊ ဂျပန်ဗိုလ်ချုပ် ကီမူရာ၊ ဗမာ့တပ်မတော်၏ ဂျပန်အကြံပေးအရာရှိချုပ် ဗိုလ်ချုပ်ဆကူရိုင် စသော ပုဂ္ဂိုလ်များလည်း ပါသည်။ အဓိပတိက စစ်ထွက်ရဲဘော်များအား ရာဇဝင်ကြွေးကို ဆပ်ခဲ့ကြဖို့၊ စကားလုံးပြောင်ပြောင် အသံဝဲဝဲဖြင့် မှာကြားသည်။ သူ့အသံလှိုင်းထသည်။ သူ့နိုင်ငံရေးတရားကို မန္တလေးတွင် ကျွန်တော် နာကြားရဖူးသည်။ နားထောင်လို့ ကောင်းသည်။ သို့ရာတွင် စစ်သေနာပတိချုပ်အဖြစ် စစ်ဝတ်စုံ ဝတ်ဆင်ပြီးလျှင် ခါးတွင် ဓားရှည်ကြီးချိတ်ပြီး နိုင်ငံရေးသမား မဲဆွယ်တရား ဟောတာမျိုးပြောလို့ ရဲဘော်တို့နားမတိုး။

ဗိုလ်ချုပ်အောင်ဆန်းက တိုတိုပြတ်ပြတ်၊ စစ်သားနားလည်သော စစ်သားစကားကို ပြောသည်။ "စစ်မြေပြင် ထွက်ကြစို့။ ငါတို့ ဒီနေရာမှာ အောင်မြေနင်းပြီး စစ်မြေပြင် ထွက်ရမယ်။ ဆင်းရဲမယ်။ ငတ်မယ်။ အအိပ်အစား အသွားအလာ အစစအရာရာ ဆင်းရဲမယ်။ ဒီ အဆင်းရဲတွေကို ကျော်လွှန်နိုင်မှ စစ်ထွက်ခြင်းဟာ အောင်မြင်နိုင်မယ်။ ဆင်းရဲတာတွေကို ဂရုမစိုက်ဘဲ ရင်ကို မြေကတုတ်လုပ်ပြီး ဗမာပီပီ ဗမာသွေးပြပြီး အောင်ပွဲခံရအောင် ကြိုးပမ်းကြ။ အထက်ဗိုလ်များရဲ့ အမိန့်ကို နာခံကြ။ အထက်ဗိုလ်များကလည်း ရဲဘော်များနဲ့ သာသာညီညီမျှမျှတတ





ဆင်းရဲအတူ၊ ငတ်အတူ၊ သေအတူ၊ ရဲဘော်စိတ်နဲ့ကြိုးပမ်းကြ။ ငါကိုယ်တိုင်လည်း စစ်မြေပြင်ကို ထွက်တိုက်မယ်။ ရဲဘော်များနဲ့ အတူ ဆင်းရဲခံမယ်။ ဒါပဲ" ဗိုလ်ချုပ်၏ တိုတောင်း ပြတ်သားသောစကား ကျွန်တော်တို့၏ အသည်းသို့ စူးဝင်သည်။

ဂျပန်ဗိုလ်ချုပ်ကလည်း နှုတ်ဆက်အမှာစကား ပြောကြားသေးသည်။ ဂျပန်စစ်လေယာဉ် ၄–၅ စင်းက နိမ့်နိမ့်မှ ပျံသန်းကာ အတောင်များကို လှုပ်ခါ၍ ဗမာ့တပ်မတော်ကို ဂုဏ်ပြုသွားသည်။ ဂျပန်လေတပ်များများ မကျန်တော့ပါ။ ရှိသမျှ ထုတ်၍ ဂုဏ်ပြုကြခြင်းဖြစ်သည်။

စစ်ရေးပြပြီး၍ တပ်များအပြန်တွင် လမ်းဘေးနှစ်ဖက်မှ ပြည်သူများက အောင်သပြေခက်များ ကမ်းလှမ်းကြသည်။ ရေချမ်းစင်မှ သောက်ရေ တိုက်ကြသည်။ ပြည်သူများတွင် ငယ်သူ၊ ကြီးသူ၊ အရွယ်လတ်သူတို့ ပါသည်။ အမေအိုတို့ မျက်ရည်မထိန်းနိုင်ကြ။ ငါ့သား ငါ့မြေးများ မာကြပါစေ၊ ဘေးရန်ကင်းကြပါစေဟု ဆုတောင်းလိုက်ကြသည်။

BURMESE CLASSIC .com

## ၃

ရဲဘော်တစ်စုနှင့် ကျွန်တော်တို့ ဟင်္သာတဘက်သို့ လှေကြီးတစ်စင်းဖြင့် ထွက်ခဲ့ကြသည်။ ရိက္ခာခြောက်အနည်းငယ်ပါသည်။ ရိုင်ဖယ်သေနတ် ၄–၅ လက်ပါသည်။ ဒသမ ၄၅ ဝင်ချက်စတာ သေနတ်ကိုလည်း ယူခဲ့သည်။ ကျည်ဆန်မပါ။ ငွေအနည်းငယ်ပါသည်။ ထောင်မလဲ သဲကော် ဂျပန်ငွေစက္ကူပေါသည်။

မြစ်ကြောင်းတစ်လျှောက် တအိအိ ဆန်ကြသည်။ လေသင့်လျှင်ရွက်ဖွင့်သည်။ လေကျလျှင် လှေသမားတို့တက်ဖြင့် လှော်ခတ်ကြသည်။ ကမ်းနီးလျှင် ဝါးဖြင့်ထိုးကြသည်။ ကြိုးဖြင့်ဆွဲသည်။ လှေသမားဘဝမသက်သာ။ ဝါးထိုးရသဖြင့် ပခုံးသားကြီးများ မာ၍ဖုနေကြသည်။

တစ်ခါတစ်ခါ အင်္ဂလိပ် "ကျွဲညီနောင်" လေယာဉ်ပျံနှစ်စီး ပျံလာသည်။ ဖောင်များ၊ လှေများကို အပျင်းပြေစက်သေနတ်ဖြင့် ပစ်ခတ်သည်။ လှေသမားများ ခရီးသည်များက ဒါမျိုးလောက်တော့ မကြောက်တော့ပြီ။ လေယာဉ်ပျံကိုမြင်ရလျှင် ကမ်းနီးလျှင် အသာကပ်၍ သစ်ပင်အောက်တွင် ခိုကြသည်။ ရေလယ်တွင်ဖြစ်လျှင် ရေထဲသို့ ခုန်ချကာ လှေဝမ်းဗိုက်ကို ကိုင်၍ ခိုနေလိုက်သည်။ လေယာဉ်ပျံများက



www.burmeseclassic.com

www.burmeseclassic.ocm



အမြင့်မှမလာ။ မြစ်ပြင်အထက် ဝါးတစ်ရိုက်စာအမြင့်မှ စက်ရပ်၍ ပျံဝဲကာလာတတ်သည်။ အသံမကြားလိုက်ရဘဲ အနီးရောက်မှမြင်ကြရသည်။ သို့ရာတွင် ခြေသွက် လက်သွက် အကျင့်ရနေသော ပြည်သူတို့အဖို့ အန္တရာယ်မကြီးလှ။ ပျော်စရာပင် ကောင်းသေးသည်။

မနုဖြူဆိပ်တွင် တတိယပတ် ဗိုလ်သင်တန်းကျောင်းဆင်းဗိုလ် ကိုကိုကြီးနှင့် ရဲဘော်တစ်စုကို တွေ့ရသည်။ သူတို့ဟင်္သာတမှ ပုသိမ်သို့ သွားကြမည်ဆိုသည်။ စစ်ဝတ်စုံကိုဝတ်ကာ အထင်အရှား သွားနေလာနေသော ဗိုလ်ကိုကိုကြီးအား သတိထားရန် ကျွန်တော် မှာပါသည်။ ကျွန်တော်တို့နှင့် ဟင်္သာတနယ်တွင် ခေတ္တ တပ်ဖျောက်နေလိုက်ကာ နောက်မှ ပုသိမ်ဘက်သို့ကူးလျှင် မရဘူးလား မေးပါသည်။ သူက ပုသိမ်သားဖြစ်သည်။ ကိုယ့်နယ်တွင် လှုပ်ရှားရလျှင် ပို၍အောင်မြင်မည်ဟု ယူဆထားသည်။ မိခင်ကြီးကိုလည်း မတွေ့ရတာကြာပြီဟု ပြောသည်။ မိခင်က သားအပေါ်ထားသော သံယောဇဉ်၊ သားက မိခင်အပေါ် ထားသော သံယောဇဉ်တို့၏ ဆွဲဆောင်အားသည်ကြီးမား လှပါပေသည်။

ဗိုလ်ကိုကိုကြီးတို့ ပုသိမ်သို့ ရောက်သွားကြောင်း၊ ဂျပန်လက်သို့ကျ၍ အသတ်ခံရကြောင်းကို နောက်ပိုင်းတွင် ရင်နင့်စွာ ကြားလိုက်ရသည်။

မနုဖြူတွင် ထောက်ပံ့ရေးတပ်မှ ရဲဘော် စိန်နုအောင်တစ်ယောက် သောင်တင်နေသည်ကို တွေ့ရသည်။ သူ့အား ဓာတ်ဆီဆယ်ပုံးသယ်၍ အညာဒေသမှ တပ်သို့ပို့ရန် တပ်ရင်းက တာဝန်ပေးလိုက်ခြင်း ဖြစ်လေသည်။ စိန်နုအောင်သည် ရခိုင်ဇာတိ ဖြစ်လေသည်။ အလွန်ရိုးသားသည်။ အသံလေးကြီးနှင့် စကားပြောသည်။ ကျွန်တော် ထောက်ပံ့ရေးတပ်တွင် အမှုထမ်းခဲ့စဉ်က ကျွန်တော်နှင့်အတူ နယ်သို့ သွားရောက်ခဲ့ဖူးသည်။

လမ်းပန်းမလွယ်၊ အခြေအနေမကောင်းတော့သဖြင့် စိန်နုအောင် ခရီးမဆက်နိုင်ဖြစ်နေသည်။ ကျွန်တော်က ပစ္စည်းများကို အပ်နှံပြီးလျှင် ကျွန်တော်တို့အဖွဲ့နှင့် လိုက်ခဲ့ရန်ခေါ်သည်။ သူက သူ့တာဝန်ဖြစ်သောပစ္စည်းများကို မထားခဲ့လို။ တာဝန်သိသော ရဲဘော်ဖြစ်သည်။ ထို့ကြောင့် သူနှင့်ဓာတ်ဆီပုံးများကို မြို့ပေါ်မှ ရဲဘော်အချို့အား အပ်ရသည်။ ရွာတစ်ရွာသို့ပို့၍ လုံခြုံစွာ ဖုက်ထားပါမည်ဟု ရဲဘော်များက တာဝန်ယူသည်။

ဟင်္သာတဘက်တွင် တော်လှန်ရေးပြီးသောအခါ ကျွန်တော် မနုဖြူသို့ပြန်လာကာ စိန်နုအောင်ကို လိုက်ရှာသည်။ သူ့အားပို့ထားရာ ရွာ၌ပင် အခန့်သင့်





တွေ့သည်။ သို့သော် ဘသားချော မိန်းမရနေပေပြီ။ လူရိုး လူအကြီးစိန်နုအောင် ဒီနေရာမှာတော့ အမြန်သား၊ ဖူးစာဆိုသည်မှာလည်း ဆန်းကြယ်သည်။ ရခိုင်သား ရဲဘော်နှင့် မြစ်ဝကျွန်းပေါ်မှ လယ်သူမလေးတစ်ဦး။ သူ့ဇနီးသည်သည် ရိုး၍ ယဉ်သည်။ ကျွန်တော်တို့အား ချက်ပြုတ်ကျွေးကာ ကျွန်တော့်အား စိုးရိမ်စွာ အကဲခတ်ရှာသည်။ သူ့ယောကျ်ားအား ပြန်ခေါ်သွားမည်လား။ ခေါ်ကြည့်သေးသည်။ သို့ရာတွင် စိန်နုအောင်က မလိုက်လိုကြောင်းဆိုသည်။ သူထိန်းသိမ်းထားသော ဓာတ်ဆီပုံးများကို ကျွန်တော့်အား အပ်နှံသဖြင့် မြို့ပေါ်မှလူကြီးများ အကူအညီယူကာ ရောင်းချလိုက်သည်။ ရသော ရှားရှားပါးပါး အင်္ဂလိပ်ငွေနှစ်ထောင်ကို ရန်ကုန်မြို့တွင် ပြန်ရောက်နေပြီဖြစ်သော လူကြီးများထံသို့ ပို့လိုက်သည်။

စိန်နုအောင်အား ထိုရွာတွင် ထားခဲ့ရသည်။ သို့ရာတွင် သူ့အကြောင်းကို ကျော်၍ ရေးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့မနုဖြူမှ ထွက်ခဲ့ကြပြီး ဟင်္သာတသို့ ရောက်သည်ကို ပြန်ကောက်ပါမည်။ ဟင်္သာတသို့ ရောက်သော် မြို့ပေါ်မှ ကျွန်တော်တို့၏အဆက်အသွယ်များ ကိုယ်ယောင်ဖျောက်ကြကုန်ပြီ။ တော်လှန်ရေးကို စတင်ရန် တောသို့ ဖြန့်ကြလေပြီ။ တစ်နေရာတွင် ရဲဘော်မြင့်ဆွေကို သွားတွေ့သည်။ သူလည်း မြို့ကိုခွာရန် အသင့်နေသည်။ သူ့ထံမှ အဆက်အသွယ်များရသည်။ ညနေခင်းတွင် လှည်းတစ်စီးဖြင့် မော်တော်ကားလမ်းကို ရှောင်၍ လယ်တောများကိုဖြတ်ပြီး ကျွန်တော်တို့ "အထောင်"ဘက်သို့ ထွက်ခဲ့သည်။

အထောင်တွင် ရဲဘော်အေးမောင်နှင့် တွေ့သည်။ သူက ခရီးနောက်တစ်ထောက်ကို ညွှန်သည်။ ဆက်ရန် စီစဉ်ပေးသည်။ အခန့်သင့်ပင် သူ့ထံမှ ဝင်ချက်စတာရိုင်ဖယ်ကျည်ဆန် ရှားရှားပါးပါး အတောင့်သုံးဆယ်ခန့်ကို ရခဲ့သည်။ တစ်နေခို၍ ညပိုင်းတွင် ကျွန်တော်တို့ နွားလှည်းစီး၍ ခရီးဆက်ကြပြန်သည်။ နောက် လှေငယ်နှစ်စီးဖြင့် ချောင်းအတိုင်းစုန်ကြသည်။

ညသည် တိတ်ဆိတ်သည်။ ပုစဉ်း ပိတုန်းကောင်တို့၏ မြည်သံ၊ ဖီးကွက် တစ်ကောင်တလေ၏ တစ်ခါတစ်ရံ အော်သံလောက်သာရှိသည်။

ခရီးဆုံး၍ ကမ်းသို့ကပ်လျှင် ကမ်းပေါ်မှ ဖီးကွက်အော်သံလို အသံခပ်အုပ်အုပ် အော်သံကြားရသည်။ ဖီးကွက်ကားမဟုတ်။ ကျွန်တော်တို့အား လာရောက်စောင့်ကြိုနေကြသော ရဲဘော်များဖြစ်သည်။ သူတို့ခေါင်းဆောင် မန်းတင်အောင်သန်းသည် စတုတ္ထပတ် ဗိုလ်သင်တန်းကျောင်းဆင်းဘက် ဖြစ်သည်။ မန်းတင်အောင်သန်းက ဝမ်းပန်းတသာကြိုဆိုသည်။ "ဒါကျွန်တော့်ရွာ၊ မဲဇလီလို့ ခေါ်

www.burmeseclassic.ocm



တယ်။ တစ်ရွာလုံး ဦးလေး၊ အဒေါ်၊ တူ၊ တူမ၊ ဆွေမျိုးတွေ ချည့်ပဲဗျ။ ကိုယ့်ရွာကိုယ့်အိမ်ကို ပြန်ရောက်လာတယ်လို့သာ သဘောထားကြပေတော့”ဟု ဖိတ်ကြားသည်။

ရဲဘော်များကို တစ်အိမ်လျှင် နှစ်ယောက်ခွဲဝေ၍ နေရာချထားကြသည်။ ရွာကြီးဖြစ်သော်လည်း ပြန့်ကျဲ၍ နေသည်။ ငှက်ပျောခြံ ဝါးရုံတောများနှင့် ပိတ်ဖုံးနေသဖြင့် တစ်အိမ်နှင့်တစ်အိမ် လှမ်း၍ မမြင်မကြားရ။ လမ်းမသိလျှင် အတော်ရှာရသည်။ ညအခါဆိုလျှင် သူစိမ်းဝင်ရန်မလွယ်။ အချင်းချင်း ဆက်သွယ်မှုအတွက် ကျွန်တော်တို့ စီစဉ်ထားသည်။ ဟိုရွာ ဒီရွာမှ ဆက်သားများလည်း လာသည်။ ရွာသားများ၏ တစ်ဆင့်စကား ကမ်းလှမ်းခြင်းဖြင့်လည်း ပတ်ဝန်းကျင်၏ သတင်းကို မနှောင့်မနှေး ရသည်။ ခိုအောင်းစရာကောင်းသော ဒေသဖြစ်သည်။ တော်လှန်ရေးပြီး၍ သောင်းကျန်းသူများထကြပြန်တော့လည်း ဤဒေသမှာပင် ကြာမြင့်စွာ အခြေစိုက်ခဲ့ကြသေးသည်။

မဲဇလီသည် ဗုဒ္ဓဘာသာဝင်များသော ကရင်ရွာကြီးဖြစ်လေသည်။ တစ်ခါတစ်ခါ နတ်စားကြသည်ဟုလည်း ပြောကြသည်။ နတ်စားပွဲကို မကြုံလိုက်ရ။ ရွာသားများ ရိုးရိုးအေးအေး နေကြသည်။ စကားနည်းသည်။ လူကြီးများ၏ စကားကိုနာခံသည်။ လူကြီးများက ကျွန်တော်တို့ကို လက်ခံစောင့်ရှောက်ကြရမည်ဟု ပြောထားသဖြင့် မည်သူကမျှ စောဒကမတက်။ အိမ်သို့တင်ပို့လာသော ရဲဘော်များကို ကြည်ဖြူစွာလက်ခံသည်။ သူတို့စားသလို ကျွေးမွေးသည်။ ဘာဘာညာညာ မေးမနေ။

ရွာလူကြီး ဦးဒေဝိုးတို့တဲကြီးတွင် ကျွန်တော်နှင့်ရဲဘော်စောနေ (ဆရာဝန် စောနေဒွန်း)၊ ဖေသိန်း (အမျိုးသားပြတိုက်)တို့ တည်းခိုကြသည်။ ဦးဒေဝိုးသည် ဆေးတံတိုတို ကိုက်ခဲ၍ အလုပ် တကုပ်ကုပ်လုပ်သည်။ မိသားစုအားလုံး အလုပ်လုပ်ကြရသည်။ လယ်သို့ဆင်းသူ၊ ထင်းခွေရေခပ်သူ၊ မောင်းထောင်းသူ၊ ချက်ပြုတ်သူ။ မိုးလင်းမှ မိုးချုပ် နားကြသည်မရှိ။ ကျွန်တော်တို့ကလည်း ကူညီလုပ်ကိုင်ကြသည်။ ရဲဘော်များကို အထူးမှာကြားနေရန်မလို။ တိုင်းရင်းသား ရဲဘော်များသည် အလိုက်သိပြီး ဖြစ်သည်။ ချောင်ချိုသာစွာလည်း ပြောဆိုတတ်သည်။ အိမ်ရှင်ကြိုက်အောင် ပြောတတ်နေတတ်သည်။ တစ်နေရာမှ ခွဲခွာကြရသောအခါ ထွက်သူ ကျန်ရစ်သူ လွမ်းကြသည်။

ထမင်း၊ ငါးပိရည်နှင့် ငှက်ပျောအူပြုတ်တို့စရာသည် ကျွန်တော်တို့၏နေ့စဉ် အာဟာရဖြစ်လေသည်။ သွားလာ လှုပ်ရှားနေရ၍လားမသိ။ စားမြိန်သည်။





အိမ်တိုင်းဇေ့ ဝက်ကလေး၊ ကြက်ကလေး တစ်ကောင်၊ နှစ်ကောင် မွေးမြူထားကြသည်။ အိမ်ရှင်များက အထူးဟင်းလျာ ဝက်၊ ကြက်ချက်ပေးသည့် အခါများလည်း ရှိသည်။ ဝက်သားပေါ်လျှင် အိမ်နီးချင်းများအား ဝေငှပေးသည်။ ဝက်သား၊ ကြက်သား၊ တစ်ခါတစ်ရံ စားရသည်မှာ ကောင်းပါ၏။ သို့ရာတွင် နေ့စဉ်မြင်နေကျ ဝက်ကလေး၊ ကြက်ကလေးတို့ကို မမြင်ရတော့လျှင် သနားမိသည်။ ငါးပိရည်နှင့် ငှက်ပျောအူပြုတ်ကမူ နှောင်တရနေစရာမရှိ။ စားရသည်မှာလည်း အားပါးတရ၊ စိတ်ရှင်းသည်။

တော်လှန်ရေး ရဲဘော်တိုင်းအား ဗိုလ်ချုပ်အောင်ဆန်းနှင့် လူကြီးများက မှာလိုက်သည်။ “ငါတို့တပ်မတော်သည် ပြည်သူများမှပေါ်ပေါက်၍ ပြည်သူများ၏ လွတ်လပ်ရေး၊ ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်ဖြစ်သည်။ ငါတို့ တပ်မတော်သည် ပြည်သူ့တပ်မတော်ဖြစ်သည်။ ပြည်သူတို့နှင့် အတူတကွ တစ်သားတည်း ရှိသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူများအား လေးစားပါ။ ကြင်နာပါ။ ကူညီပါ။ တရားမျှတစွာ ဆက်ဆံပါ။ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း၊ ဘာသာ၊ ယဉ်ကျေးမှုတို့ကို လေးစားပါ။”

ဆောင်ရန်ကျင့်ဝတ်တို့အပြင် ရှောင်ရန်တို့ကို ပညတ်ထားသည်။ အရက်မူးမရမ်းရ။ အမျိုးသမီးများကို ကျူးလွန်စော်ကားခြင်း မပြုရ။ လုယက် ခိုးဝှက်ခြင်း မပြုရ။ ခွင့်ရမှ တည်းခိုရမည်။ တည်းခိုအိမ်ကို သန့်သန့်ရှင်းရှင်း ရှိစေရမည်။ ပျက်စီးလျှင်လျော်ရမည်။ သင့်မြတ်သော လျော်ကြေးမပေးဘဲမသွားရ။ ပစ္စည်းမသိမ်းရ။ တန်ရာတန်ဖိုးပေးရမည်။ တိုင်းရင်းသားချင်း မုန်းတီးစေမည့်အလုပ်တို့ကို မလုပ်ရ။

ဆောင်ရန် ရှောင်ရန်တို့ကို ရဲဘော်များ ကောင်းစွာ သဘောပေါက်ကြသည်။ လိုက်နာကြသည်။ သဘာဝကျကျ အလေ့အကျင့်ဖြစ်ပြီး လိုက်နာကျင့်သုံးကြခြင်း ဖြစ်ပါသည်။ စိတ်ထဲတွင် အထူးကျဉ်းကျဉ်းကျပ်ကျပ် မဖြစ်ကြပါ။

ပြည်သူ့တပ်မတော်၏ ဆောင်ရန်ရှောင်ရန်တို့ကို စစ်အတွင်းကပင် စတင်ကျင့်သုံးခဲ့ပါသည်။ တော်လှန်ရေးအတွင်း ပြည်သူ့အကြားတကယ် နေ၍ ပြည်သူနှင့်အတူ လှုပ်ရှားခဲ့ကြစဉ်ကလည်း ယင်းကျင့်စဉ်တို့သည် နေ့စဉ် ရှင်သန်ခိုင်မာလာခဲ့ပါသည်။ ယနေ့ မြန်မာ့တပ်မတော်တွင်လည်း တိုက်ရင်းစည်းရုံး၊ စည်းရုံးရင်းတိုက် ဆောင်ပုဒ်နှင့်အညီ ပြည်သူတို့နှင့် လက်တွဲ၍ ဘေးရန်အန္တရာယ်ကို ရှင်းလင်းခြင်း၊ တိုင်းရင်းသားများကို စည်းရုံး၍ အတွင်းကြိုးထုတ်လုပ်ခြင်း စသည်တို့သည် အလေ့အကျင့် ဝါသနာဖြစ်နေပေပြီ။



www.burmeseclassic.com

www.burmeseclassic.ocm



သားမောင်စစ်သည် စ၍ တပ်ထွက်သောအခါ ရောက်လေရာနယ်ခြား ကျေးရွာများတွင် တိုင်းရင်းသား ရွာသူရွာသားများနှင့် အကျွမ်းတဝင်နေသည်။ သူနှင့်သူ့ရဲဘော်များသည် တည်းခိုအိမ်၌ ထင်းခွေ ရေခပ်ရာတွင် ကူသည်။ သူတို့၏ ရိက္ခာကို ဝေ၍ စားသောက်သည်။ ရွာသားများထံမှ စကားကို သင်ယူသည်။ ခလေ့ထုံးတမ်းကို လေ့လာသည်။ ရွာသူ ရွာသားများ အနေအထိုင် ဆင်းရဲသည်ကို ကရုဏာသက်သည်။

ကျွန်တော်တို့ကမှ တော်ပါသေးသည်။ ရိက္ခာ၊ လစာ၊ ဝတ်စုံ၊ ဆေးဝါး ရှိသည်။ ရွာသူရွာသားများမှာ မပြည့်စုံကြသေးပါ။ မိုးမလုံ လေမလုံ တဲများတွင် မလုံမလောက်သော အဝတ်အစားများနှင့် နေကြ ရသည်။ ကလေးငယ်များမှာ အဝတ်မရှိ၊ ဗိုက်ပူနံကားလေးများဖြစ်သည်။

ဟု သားကြီးက စာရေးသည်။ ဤသို့ မြင်တတ်၊ သနားတတ်လျှင် ခင်မင်တတ်လာသည်။ ကိုယ်မှလွဲ၍ အခြားသူများအပေါ် မေတ္တာထားတတ်လျှင် ကိုယ့်အကျိုးအပြင် သူတစ်ပါးအကျိုး၊ အများအကျိုးအတွက်ပါ ဆောင်ရွက်လိုစိတ် ပေါ်ပေါက်လာသည်။ အရာရာသောကောင်းမှုကိစ္စတို့သည် မေတ္တာတွင်အရင်းခံ သည်။ မေတ္တာမှအားယူသည်။

## ၄

အထောင်နှင့် အနီးတစ်ဝိုက် ချောင်း၏ဒီဘက်ကမ်း ရွာကြီးများတွင် ရဲဘော်များ အဖွဲ့ငယ်များဖြင့် ရှိနေကြသည်။ မင်္ဂလာဒုံဗိုလ်သင်တန်း တတိယ ပတ်ဆင်း ဗိုလ်ရဲမြင့်၊ စတုတ္ထပတ်မှ ဗိုလ်ထွန်းရီ၊ ဗိုလ်ကျော်ဟိုး၊ ဗိုလ်မောင်မောင် တို့အပြင် ထောက်ပံ့ရေးတပ်မှ ရဲဘော်လှကြည်၊ မြင့်ဆွေ (အငယ်)၊ အဘညာဏ်၊ ခင်အောင်မြင့်၊ ရဲဘော်ဟန်ညွန့် စသောတပ်မှ ရဲဘော်များနှင့် အာရှလူငယ်မှ ရဲဘော်များ၊ ကွန်မြူနစ်ပါတီဝင်များပါဝင်သော ပြောက်ကျားများလည်း ရှိသည်။ ကိုမောင်မောင်ကြီး၊ ကိုအေးမောင် (အသားဖြူဖြူပုပု တစ်ယောက်)၊ (အသား မည်းမည်း မပုမရှည်တစ်ယောက်)၊ ကိုမြင့်ဆွေ(အကြီး)၊ ကိုကျင်သန်း၊ ကိုတင်လှိုင်၊ ကိုထင်ကျော်တို့သည် ယင်းသို့သော ပြောက်ကျား ခေါင်းဆောင်များ ဖြစ်ကြသည်။

ယုံသလင်းရွာမှ မန်းဘခိုင်သည် ခရိုင်တော်လှန်ရေး ကော်မတီဝင်တစ်ဦး ဖြစ်လေသည်။ သခင်ချစ်မောင် (မြန်အောင်)၊ ဦးသန်းတင် (ဟင်္သာတ)တို့သည် လည်း ကော်မတီတွင် ပါသည်။ ကျွန်တော်တို့နှင့် မနီးဝေးကာမှ တပ်မတော်မှ





ဗိုလ်ကြီးအောင်မင်းနှင့် ရဲဘော်တစ်စုတို့သည်လည်း ခရိုင်အတွင်း တစ်နေရာတွင် အခြေစိုက်ထားသည်ဟု ကြားသိရသည်။

ဗိုလ်ရဲမြင့်၊ ကိုမောင်မောင်ကြီးတို့ အဖွဲ့နှင့် ကျွန်တော်တို့ဆုံဖို့ စီစဉ်ကြ သည်။ တစ်ညတွင် သူတို့ မဲဇလီရွာသို့လာကြမည်။ ချိန်းဆိုသည့်ည ကျွန်တော် တို့ ချောင်းကမ်းထိပ်တွင် သွားရောက် စောင့်ဆိုင်းကြသည်။ သူတို့အချိန်မီ မရောက်လာ။ ကျွန်တော်တို့ စိုးရိမ်ကြီးစွာဖြင့် စောင့်၍သာနေရသည်။ လိုက် ရှာ၍လည်း မဖြစ်။ သန်းခေါင်ကျော်မှ ဗိုလ်ရဲမြင့်တို့ ရောက်လာကြသည်။ လမ်းတွင် ဂျပန်တပ်မတော်မှ မော်တော်ကားအချို့ ဖြတ်သွားသည်ကို ချုံခို၍ တိုက်ခိုက်ခဲ့ပြီး သူတို့ပွဲတိုးခဲ့ပြီဟု ဝမ်းသာအားရ ပြောကြသည်။ ကားတစ်စီးသည် ဆလွန်းကား ဖြစ်သည်။ ထို့ကြောင့် ဂျပန် စစ်အရာရှိကြီးတစ်ဦးဦးစီးသည့် ကားဖြစ်ရမည်။ ကျန်ထရပ်ကားများတွင် အစောင့်တပ်များပါလိမ့်မည်။ အရေး ကြီးသောပုဂ္ဂိုလ် ဖြစ်ရမည်။ ဝိုင်း၍ ပစ်ခတ်ကြသောအခါ ကားများကိုထိမှန်သည်။ ဆလွန်းကားသည် တန့်၍သွားသည်။ ထို့နောက်မှ အားယူကာ ထွက်ပြေးသွား သည်ဟုလည်း ပြောကြသည်။

နောက်နေ့များတွင် ရောက်ရှိလာသော သတင်းများအရ ဧရာဝတီတိုင်း တွင် ဦးဆောင်လျက်ရှိသော ဂျပန်ဗိုလ်ချုပ် ဟာနီယားကိုယ်တိုင် ဆလွန်းကားတွင် လိုက်ပါလာသည်ဟု သိရသည်။ ဂျပန်တို့ဘက်မှ အထိအခိုက် အကျအဆုံးရှိသည်။ ဗိုလ်ချုပ် ဟာနီယားကား လွတ်သွားသည်။

ဂျပန်တပ်များ တောနင်း၍ တော်လှန်ရေးပြောက်ကျားများကို ရှာကြသည်။ ကားလမ်းပေါ်မှ မြို့များရွာများကို မွှေသည်။ ချောင်းကိုဖြတ်ကူး၍ကား မလာကြ။ ကျွန်တော်တို့၏ အင်အားကို အထင်ကြီးကြဟန်တူသည်။

ကျွန်တော်တို့မှာ အားလုံးပေါင်းမှ တပ်စိတ် ၂ စိတ်လောက်သာရှိသည်။ လက်နက်မစုံ၊ ကျည်ဆန်များများမရှိ၊ ဒေသကိုမကျွမ်းကျင်။ ရွာခံများ၏သစ္စာရှိမှု ကြောင့်သာ နေနိုင်သည်။ ရွာသားတစ်ဦးဦးက ဂျပန်အားသွားရောက် သတင်းပေး ခဲ့လျှင် ကျွန်တော်တို့အတွက် ခက်မည်။ ရွာသူရွာသားများသည် ကျွန်တော်တို့ ရှိနေခြင်းကြောင့် သူတို့တွင် အန္တရာယ်ကြီးမားကြောင်း ကောင်းစွာသိကြသည်။ သို့ရာတွင် စည်းလုံးညီညွတ်စွာဖြင့် ကျွန်တော်တို့နှင့်အတူ ရပ်တည်သည်။ ဂျပန် တို့အား ရွံ့မုန်းကြကုန်ပြီ။ တော်လှန်ရန် အချိန်တန်ပြီဟု ရွာသူရွာသားများက



www.burmeseclassic.com

www.burmeseclassic.ocm



လက်ခံသည်။ မိန်းမ၊ ယောက်ျား၊ ကလေး အားလုံးက တော်လှန်ရေးသည် သူတို့အရေးဟု မြင်တတ်လာပြီ။

မဲဇလီရွာမှ ကျွန်တော်တို့အဖွဲ့သည် အတွင်းဘက်တောင်ခြေတို့သို့ ပြောင်းရွှေ့ကြသည်။ တစ်နေရာတွင် ကြာကြာမနေ၊ လှုပ်ရှားသွားလာနေကြသည်။ ဤသို့ဖြင့် ရဲဘော်များ ကျန်းမာသည်။ ကျင့်သားရသည်။ ငယ်ရွယ်ကြသေးသဖြင့် ကျွန်တော်တို့သည် လက်နက်၊ ပစ္စည်းသယ်ပိုး၍ ခရီးရှည်ချီရမည်ကို မကြောက်။ ချောင်းတွေ့လျှင် ခြေကျင်ဖြတ်နိုင်လျှင် ဖြတ်သည်။ ရင်ခေါင်းလောက်ရောက်သည့်ရေကို ဖြတ်ရမည်ဆိုလျှင် အဝတ်မစိုအောင် ချွတ်တန်သလောက် ချွတ်၍ ခေါင်းပေါ်တွင် လက်နက်ပစ္စည်း အဝတ်ကိုရွက်ကာ ဖြတ်ကူးသည်။ စွတ်စိုလိုက်ခြောက်သွေ့လိုက်နှင့် ပင်ပင်ပန်းပန်း သွားလာကြသော်လည်း နာဖျားခြင်း နည်းပါးသည်။ ကျွန်တော်၏ ငှက်ဖျားပင် အလိုက်သိစွာ တိမ်မြုပ်နေသည်။

ရွာခံလူငယ်များ ကျွန်တော်တို့နှင့် လိုက်ပါလာတတ်ကြသည်။ လမ်းပြ၊ ပစ္စည်းသယ်၊ ဆက်သားလုပ် တာဝန်အမျိုးမျိုးကို စိတ်ပါလက်ပါ ခံယူကြသည်။ စစ်ထဲဝင်ချင်သည်။ လက်နက်ကိုင်၍ တိုက်ခိုက်မည်ဟု ပြောသူတွေလည်းအများ။ သို့ရာတွင် ကျွန်တော်တို့မှာ လက်နက်ပိုမပါ။ အိန္ဒိယမှ အင်္ဂလိပ်တပ်များက လေထီးဖြင့် လက်နက်ချပေးမည်ဟု ကြားခဲ့ရသော်လည်း အဆက်အသွယ်မရှိ။ မျှော်လင့်ချက်သာဖြစ်သည်။ "ရန်သူ့လက်နက် ဒို့လက်နက်" ဟူသော ပြောက်ကျားဆောင်ပုဒ်အရ ရန်သူကိုရှာ၍ တိုက်ခိုက်ကာ လက်နက်စုရန်သာ ရှိသည်။

ကျွန်တော်တို့အဖွဲ့များ ဆုံတွေ့ကြတိုင်း ဂျပန်စစ်တပ်စခန်း တစ်ခုခုကို စီးရန်ဆွေးနွေးကြသည်။ စခန်းကြီးကြီး ဆိုလျှင်လည်း အင်အားမမျှ။ စစ်ကူမြန်မြန် မလာရောက်နိုင်သော စခန်းမျိုးလည်း ဖြစ်သင့်သည်။ အမှတ်တရ တိုက်ပွဲမျိုးလည်း ဖြစ်သင့်သည်။ ရွာသို့လမ်းမှားဝင်လာသော ဂျပန်စစ်သား တစ်ယောက်တလေကို ဖမ်းဆီးသုတ်သင်ခြင်းမျိုးဖြင့်လည်း မပြည့်စုံ။ ယင်းသို့ တစ်ယောက်တလေကို မဖြစ်စလောက် လုပ်လိုက်လျှင် သူတို့တပ်က ရွာကိုနှင်း၍ချေတတ်သည်။ ထို့ကြောင့် စခန်းတစ်ခုကိုတက်၍ တိုက်လျှင် အပြင်မှအလုံးအရင်းဖြင့် ဝင်လာခြင်း ဖြစ်ကြောင်းကို အထင်အရှားမြင်စေရမည်။

အဖွဲ့များဆုံတိုင်း စိတ်ကူးကြသည်။ ဆွေးနွေးကြသည်။ သူဦးဆောင်မည်လား။ ကိုယ်ဦးဆောင်မည်လား။ သူ့စီမံချက်ကို ကိုယ်က လိုက်နာရမည်လား။ ကိုယ့်စီမံချက်ကို သူက လိုက်နာမည်လား။ တော်လှန်ရေးစိတ်ဓာတ် ပြင်းပြ





ကြ၍သာ ဆွေးနွေးနိုင်ကြသည်။ ယင်းစိတ်ဓာတ်သာ အင်အားနည်းပါးနေလျှင် အချင်းချင်း စကားပြောရန်ပင် လွယ်ကူခဲ့မည် မဟုတ်ချေ။

နောက်ဆုံးတွင် လေးမျက်နှာမြို့ကို ဝင်ရောက်တိုက်ခိုက်ရန် ကျွန်တော်တို့ ဆုံးဖြတ်ကြသည်။ လေးမျက်နှာသည် အထက်၌ဖော်ပြထားသော လိုအပ်ချက်နှင့် ကိုက်ညီသည် ထင်မြင်ကြသည်။ လေးမျက်နှာတွင် မြို့စောင့် ဂျပန်တပ်ရှိသည်ဟု သတင်းရသည်။ မြို့သွားကားလမ်းသည် တာရိုးပေါ်မှ ဖြစ်သည်။ လမ်းပန်းအဆက်အသွယ်မလွယ်။ ကျွန်တော်တို့လို ခြေလျင်စစ်သား ပြောက်ကျားများအဖို့မှု မထူး။ ဂျပန်စစ်ကူ အလာခက်လျှင် တော်ပြီ။ လေးမျက်နှာကို ကျွန်တော်တို့ မျက်စိကျသော အကြောင်းတစ်ရပ် ရှိသေးသည်။ မြို့ကိုတိုက်ခိုက်ပြီး နာရီပိုင်းလောက် ထိန်းချင်သည်။ အခြေချရန်ကား မဖြစ်သေး။ မြို့မှခွာ၍ တပ်ဖြန့်ကြရဦးမည်။ ယင်းသို့ ဖြန့်ရန်အတွက် မြို့သည်ဗဟိုကျသည်။

## ၅

ကျောင်းတွင်သင်ခဲ့ရသော ပညာ၊ ဖတ်ဖူး မှတ်ဖူးသမျှသော ပညာကုန်ကို သုံး၍ တိုက်ပွဲပရိယာယ်ကို ဆင်ကြသည်။ ရဲဘော်မြင့်ဆွေနှင့် တစ်ဦးကို မြို့သို့ ဝင်၍ ကင်းထောက်စေသည်။ ဂျပန်တပ်ချသော နေရာများကို မှတ်သည်။ တိုက်မည့်နေ့တွင် ရဲဘော်မြင့်ဆွေတို့ ကြို၍ မြို့သို့ဝင်ထားရမည်။ အချက်အချာနေရာများကို စောင့်ရမည်။

မြို့အတက်တွင် ကျွန်တော်တို့စစ်ကြောင်း သုံးကြောင်းဖြန့်မည်။ လယ်ကွင်းများကိုဖြတ်၍ သန်းခေါင်မှစ၍ တက်မည်။ အရှေ့တက်သည်နှင့် ကိုယ့်နေရာကိုယ် ယူပြီးဖြစ်ကာ အချက်ပြလျှင် ထိုးဝင်ကြမည်။ တိုက်ပွဲအောင်လျှင် ရဲဌာနဌာနစုဝေးကြမည်။ အခြေမလှလျှင် ကိုယ့်အဖွဲ့နှင့်ကိုယ်ဖြစ်သလို ဆုတ်ခွာ၍ နောက်မှအချင်းချင်း ဆက်သွယ်ကြမည်။

ညဦးမှစ၍ စခန်းမှ ထွက်သည်။ ဝါးရုံတောများကို ကျော်သောအခါ မှောင်စပျိုးနေပြီ။ လယ်တောများကို ဖြတ်၍ မြို့ကိုချဉ်းကပ်သောအခါ တပ်ဖြန့်၍ အသံတိတ် တက်ကြသည်။ မိချောင်းတွား တက်သည့်အခါ တက်သည်။ တက်ရင်းနှင့် စစ်တက္ကသိုလ်မှ ဆရာများကိုသတိရ ကျေးဇူးတင်မိသည်။ ချွေးအထွက်များမှ သွေးအထွက်နည်းမည်ဟု ယနေ့မြန်မာ့တပ်မတော်တွင် လေ့ကျင့်



www.burmeseclassic.com

www.burmeseclassic.ocm



ရေးဆောင်ပုဒ် ရှိသည်။ များများလေ့ကျင့်၊ များများအပင်ပန်းခံနိုင်မှ တကယ့်တိုက်ပွဲတွင် ကိုယ့်ဘက်က အထိအခိုက်နည်းကြသည်။

ရှေ့သို့တက်ပြီး တစ်ထောက်နားတိုင်း လူစစ်ရသည်။ စစ်လိုက်တိုင်း ရဲဘော် ခင်မောင်လတ်တစ်ယောက် နောက်ပိုင်းတွင် ကျန်ရစ်သည်ကို တွေ့ရသည်။ သူ့ကို တစ်ခေါက်ပြန်၍ ခေါ်ရသည်။ သူသည် ရဲဘော်များထဲတွင် အငယ်ဆုံးဖြစ်သည်။ ၁၃ နှစ်၊ ၁၄ နှစ်သာရှိဦးမည်။ သူ့အစ်ကို ဗိုလ်ဘဖြူမှာ ကျွန်တော်တို့နှင့် စတုတ္ထပတ် ဗိုလ်သင်တန်းဆင်းဘက်ဖြစ်သည်။ ဘဖြူသည် ဖြူဖြူအေးအေး ခေါင်းမာမာဖြစ်သည်။ စစ်ပြီးသောအခါ တပ်မတော်တွင် ဝင်ရောက်ကာ အရာရှိဖြစ်လာပြီးနောက် တောခိုသွားသည်။ ခင်မောင်လတ်ကား ကလေးမျှသာ ဖြစ်သည်။ ကျွန်တော်တို့နှင့် ဇွတ်လိုက်လာ၍သာ။ အမှန်မှာ သူကတာဝန်တစ်ခု ဖြစ်နေသည်။ အသက်ကြီးပြီး ကလေးလိုထိန်းရသူ တစ်ဦးလည်း ပါလာသည်။ သူက အဘဉာဏ် ဖြစ်သည်။ မူးလျှင်ဆူသည်။ အမြဲလိုလိုလည်း မူးနေတတ်သည်။

အလင်းရောင်ပြူထွက်လာသည်နှင့် ကျွန်တော်တို့မြို့စွန်ကို ရောက်သည်။ ဂျပန်တပ်စခန်း၏ အနောက်ဖက်တည့်တည့် ကိုက်နှစ်ရာလောက်အထိ ကပ်မိသည်။ ချုံထူသဖြင့် အကာအကွယ်ရသည်။ မြို့ကို စတင်မြင်ရသောအခါ ကျွန်တော်တို့ အားတက်မိသည်။ မြို့သေးသေးလေးပါလား။ ခဏသာတိုက်ရမှာပါဟု ရဲဘော်များအား အားပေးလိုက်သည်။ သူတို့လည်း ပျော်နေကြသည်။ သေနတ်တပြင်ပြင်နှင့် ရွာတွေအနှံ့ လျှောက်သွားနေခဲ့ရတာမောပြီ။ တော်လှန်ရေးလုပ်ဖို့ လာသည်။ ရွာတွေမှာ လေ့လာရေးလုပ်ဖို့ လာသည်မဟုတ်။ တစ်ချီတစ်ပွဲတော့ နွှဲလိုက်ချင်သည်။ ယခုမူ တိုက်ပွဲ နီးကပ်နေပြီ။

အချက်ပြကို စောင့်ကြသည်။ ချုံကွယ်မှ မိန်းမကြီးတစ်ဦး ကျွန်တော်တို့ကို မြင်သဖြင့် လန့်ဖျပ်ကာ အော်ဟစ်ထွက်ပြေးသည်။ ပဲပြုတ်သည်လား၊ အကြော်သည် လားမသိ။ နံနက်စောစော ဈေးရောင်းမထွက်မီ အပေါ့အပါးသွားရင်း ကျွန်တော်တို့အား မြင်သွားဟန် တူပါသည်။ သူ့ကိစ္စမှ ပြီးပါလေ၏ လားမသိ။ အော်ဟစ်၍ ပြေးသော အဒေါ်ကြီးသည် ကျွန်တော်တို့၏ အချက်ပြဖြစ်လေသည်။ စောင့်နေ၍ မဖြစ်တော့ချေ။ တက်၍ တိုက်ပွဲစရသည်။ တော်ပါသေး၏။ ဘယ်ဘက်ညာဘက်မှ ဗိုလ်ရဲမြင့်တို့အဖွဲ့၊ ဗိုလ်ထွန်းရီတို့ အဖွဲ့သည်လည်း ညာသံပေးလျက် ဝင်လာကြပြီ။ အချိန်ကိုက် နေရာယူပြီးရှိခဲ့ကြသည်။





နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးပေါ်မှ ဂျပန်စစ်သားများ ပြေး၍ဆင်းလာသည်။ ပြန်လှန်ပစ်ခတ်ကြသည်။ ကျွန်တော်တို့နှင့် ဘာမှမကွာ။ အနီးကပ်တိုက်ပွဲဖြစ်သည်။ ကျည်ဆန်များ ခေါင်းပေါ်က တဝီဝီဖြတ်သွားသဖြင့် အသည်းယားစရာဖြစ်သည်။ ပျော်စရာလိုလိုလည်းဖြစ်သည်။ ကျွန်တော်တို့က တစ်ပန်းသာနေသည်။ နေရာယူ၍ အကာအကွယ်ကောင်းမှ ပစ်ခတ်ရသည်။ ဂျပန်စစ်သားတို့မှာ အလစ်တွင် အမိခံရသူများဖြစ်ကြသည်။ အိမ်ပေါ်မှ ပြေးဆင်းကာ ဝင်းကိုဖြတ်အကူး၊ ကျွန်တော်တို့၏ ပစ်ကွင်းတွင်းသို့ ထင်းထင်း ဝင်သည်။ ပစ်လို့လွဲနိုင်သည့် အကွာအဝေးလည်း မဟုတ်။

ညာဘက်တစ်နေရာ တောင်ကုန်းပေါ်မှ စားရှည်ဝင့်၍ အမိန့်ပေးနေသော ဗိုလ်ရဲမြင့် ထိမှန်၍ ကျသွားသည်ကို မြင်လိုက်ရသည်။ ကျောင်းတွင် သင်ထားသည့်အတိုင်း ဓားဆွဲ၍တက်ရင်း အော်ရင်း ပစ်မှတ်ဖြစ်သွားခြင်းဖြစ်သည်။ သို့ရာတွင် သူ့ဒဏ်ရာ ပြင်းထန်လှသည် မဟုတ်။ နောက်မှ သူ့ကို အထောင်ဘက်သို့ ပြန်ပို့ရသည်။ တိုက်ပွဲဒဏ်ရာနှင့် ပြန်လာသော သူရဲကောင်းအား ပြုစုယုယလိုက်ကြသည်။ ရဲမြင့်ကလည်း အချွဲကောင်း။

ရဲဘော်လှကြည်တစ်ယောက် ဟိုပြေး၊ ဒီပြေးနှင့် ရန်သူရှာသည်။ ဗုံးခိုကျင်းတွင် ဝပ်နေသော ဂျပန်စစ်သားများကို သူရှင်းလင်းသည်။ စခန်းရှိ ဂျပန်စစ်သားအားလုံး ကျဆုံးကြသည်။ အချို့မှာ လူမမာများ ဖြစ်ကြပုံရသည်။ ဂျပန်စစ်သားတစ်ယောက်၏ အိတ်ထဲမှ သူ့ဇနီးသားသမီးများ စုရိုက်ထားသည့် ဓာတ်ပုံ၊ ဇနီးထံမှ စာကို တွေ့ကြရသည်။ သူနှင့်ကျွန်တော်တို့ ပုဂ္ဂိုလ်အရ ရန်သူမဟုတ်ကြ။ သူ့တာဝန်ကိုယ့်တာဝန်နှင့် လာကြရင်း ဤသို့ရင်ဆိုင်ကြရခြင်း ဖြစ်ပါပေသည်ဟု သံဝေဂယူမိသည်။

ပစ်ခတ်ခြင်း စဲစပြုချိန်တွင် မြန်မာလို ဝတ်ဆင်ထားသော ယောက်ျားတစ်ဦး လွယ်အိတ်ကိုလွယ်၍ မလှမ်းမကမ်းမှ ပြေးသွားသည်ကို မြင်ရသည်။ ရဲဘော်မေသိန်းနှင့် ရဲဘော်စောနေတို့က ထိုသူဂျပန်ဖြစ်ရမည်ဆိုကာ ပစ်မည်ပြုကြသည်။ ကျွန်တော်တို့ကတား၍ ပိုမိုသေချာအောင် ကြည့်နေချိန်တွင်ပင် ထိုလူပျောက်ကွယ်သွားလေသည်။ နောက်မှသတင်းရသည်မှာ ထိုလူသည် နာမည်ကြီး ဂျပန်ကင်ပေတိုင်ဖြစ်သည်။ မြန်မာအမည်မြဟာန်ဟု သူ့ကိုယ်သူ မှည့်ထားသည်။

ဂျပန်မဟုတ်ဘဲ မြန်မာတစ်ဦးကိုမှား၍ ပစ်ခတ်မိမည်ကိုစိုး၍ လက်[illegible]ခဲ့မိကြသည်။ ထို့ကြောင့် လူအများကို ဒုက္ခပေးသော ဂျပန်တစ်ဦး လွတ်သွား



www.burmeseclassic.com

www.burmeseclassic.ocm



သည်။ စစ်ဦးဘီလူး၊ မှားလျှင်လည်း မှားပေစေတော့၊ အပြစ်မဲ့သူ မဆိုင်သူတစ်ဦး သေလျှင်လည်း သေပေစေတော့ဟု စိတ်ထား၍ ပစ်ခတ်ခဲ့ကြလျှင် မြဟန်ဇာတ်သိမ်းမည်။ ဘယ်လမ်းက မှန်သနည်း။

တရားစီရင်ရာတွင် အပြစ်မဲ့သူတစ်ဦးအပေါ် မှားယွင်း၍ အပြစ်မပေးမိအောင် သတိကြီးစွာ ထားရသည်။ သက်သေအထောက်အထားကို ကောင်းစွာ စိစစ်ပြီးမှ တရားဝင်သော အထောက်အထားကိုသာ လက်ခံ စဉ်းစားရသည်။ ခိုင်လုံမှ ကွင်းဆက်မပြတ်မှ အပြစ်ပေးရသည် စသည့်စည်းကမ်း ကျင့်ဝတ်များရှိသည်။ စည်းကမ်းကြီးနေလျှင် အပြစ်ရှိသူ လွတ်သွားတတ်သည်။ အပြစ်မဲ့သူတစ်ဦး အပြစ်မရစေအောင် သတိကြီးစွာဆောင်ရင်း အပြစ်ရှိသူပါ တစ်ခါတစ်ခါ လွတ်သွားခြင်းကို သည်းခံသင့်သလား။ အပြစ်ရှိသူ မလွတ်ရအောင် ပိုက်ကွန်ကြီးကြီးနှင့် အုပ်ဖမ်းရင်း အပြစ်မဲ့သည့် တစ်ဦးတလေ တစ်ခါတစ်ရံ ပါသွားသည်ကို လျစ်လျူရှုအပ်သလား ဘယ်လမ်းက မှန်သနည်း။

ဤပြဿနာမျိုးသည် လူတိုင်းကိုဘဝက ဉာဏ်စမ်းတတ်သော ပဟေဠိပုစ္ဆာမျိုး ဖြစ်ပေသည်။

လေးမျက်နှာတိုက်ပွဲမကြာပါ။ ကျွန်တော်တို့အဖို့ တစ်သက်ကြာသည်ထင်ရလင့်ကစား၊ အမှန်မှာ နာရီဝက်ခန့်အတွင်း တိုက်ပွဲစဲပါသည်။ ရန်သူဘက်မှ အပစ်အခတ်နည်းသွားသောအခါ ကျွန်တော်တို့ ရဲရဲတက်ကြပါသည်။ အကာအကွယ် အယူပေါ်တန်သွားပါသည်။ ဤသည်ကား အမှားတစ်ရပ်ဖြစ်လေသည်။ တစ်နေရာတွင် ဂျပန်တစ်ယောက် ဝပ်၍ပုန်းနေသည်။ သူ့လက်တွင် ရိုင်ဖယ်နှင့် လက်ပစ်ဗုံးရှိသည်။ ကံအားလျော်စွာ ကျွန်တော့်ထံ အမျိုးသမီးတစ်ဦး နောက်မှအသာလာ၍ သတိပေးသည်။ ဂျပန်ဝပ်နေရာကို လက်ညှိုးထိုး၍ ညွှန်ပြသည်။ ညွှန်ရာသို့ ကျွန်တော်တို့ စု၍ပစ်ခတ်ကာ ရန်သူကို ရလိုက်ကြသည်။ ညွှန်ပြမည့်သူသာ ပေါ်မလာလျှင် သူကကျွန်တော်တို့ကို ရန်သူက ရလိုက်မည်သာ ဖြစ်ပေသည်။

ရဲဌာနတွင် စုမိကြသောအခါ ဗိုလ်ရဲမြင့်မှအပ အားလုံးလူစုံ ရောက်ကြသည်။ အထိအခိုက်မရှိ။ ရန်သူ့ထံမှ ရိုင်ဖယ်၊ ပစ္စတို၊ လက်ပစ်ဗုံး၊ ဓားရှည်များရသည်။

လူစုမိပြီဆိုလျှင် ကိုမောင်မောင်ကြီး၊ ကိုအေးမောင်တို့က တစ်နေရာတွင် မြို့ပေါ်မှ လူကြီးလူငယ်တို့ကို ဝိုင်းဖွဲ့၍ ဟောပြောလေတော့သည်။ ဘာတွေ





ဟောမိသည်မသိ။ သို့ရာတွင် ဒေါမာန်ပါသည်။ လက်သီးလက်မောင်း တန်း၍၊ လူထုစည်းဝေးပွဲတွင် ဟောပြောသည့်ပုံမျိုးဖြစ်သည်။ တစ်ပုံစံသာ ထွက်သည်။ ပရိသတ် နည်းနည်းများများ၊ ဒီဟန်ပန်အမူအရာ၊ ဒီစကား၊ ဒီအသံ။ သို့ရာတွင် ပြောမည့် ဟောမည့်သူလည်းရှိဦးမှ၊ ဘာမှ မပြောမဆိုဘဲ ခွာသွား၍ မဖြစ်။ ကိုမောင်မောင်ကြီး၊ ကိုအေးမောင်စသော ပြောက်ကျားခေါင်းဆောင်တို့သည် ကျွန်တော်တို့နှင့်အတူ တိုက်ခိုက်ကြသူတွေ ဖြစ်လေသည်။ အတူ အဆင်းရဲခံသည်။ အတူအပင်ပန်းခံသည်။ စကားလာပြော၊ ဆရာလာလုပ်သူတွေ မဟုတ်ကြ။ ထို့ကြောင့် သူတို့ဟောပြောထိုက်သည်။

သူတို့ပြောဟောနေတုန်း ကျွန်တော်တို့ မြို့ထဲတစ်ပတ် လှည့်ကြည့်သည်။ တိုက်ပွဲဖြစ်ရာ နေရာသို့ပြန်၍ အချိန်မီ သတိပေးလာသူ အမျိုးသမီးအား လိုက်လံ ရှာဖွေသည်။ ကျေးဇူးတင်စကား တစ်ခွန်းလောက် ပြောခဲ့ချင်သည်။ သို့ရာတွင် ရှာဖွေ၍မတွေ့။ သူက မတွေ့ချင်၍ ဖြစ်ပါလိမ့်မည်။ တိုက်ပွဲနေရာ မကျယ်ဝန်းပါ။ ကျွန်တော်တို့ ကူးလူးသွားလာနေကြတာ သူမြင်နိုင်ပါသည်။

စစ်သားတို့မည်သည် စိတ်ကူးယဉ်တတ်သည်။ ကျွန်တော်တို့ မြို့မှခွာလာပြီး တောင်ရိုးတွင် ပြန်ခိုကြသောအခါ လေးမျက်နှာမှ အမျိုးသမီး၏မျက်နှာကို မြင်ယောင်မိနေသည်။ အသံကို ကြားယောင်မိနေသည်။ ကောင်းစွာမှတ်မိလိုက်ရသော မျက်နှာ အသံကားမဟုတ်။ မမှတ်မိသဖြင့် ပို၍စိတ်ကူးယဉ်၍ကောင်းသည်။ စိတ်ကူးယဉ်သည့်အကြားမှ တစ်ခါတစ်ခါ အသိတရားတစ်ရပ်ပေါ်လာသည်။ အရေးကြုံလျှင် စစ်သားသာမဟုတ်၊ အရပ်သားသည်လည်းကောင်း ယောကျ်ားသာမဟုတ်၊ အမျိုးသမီးသည်လည်းကောင်း စွန့်စားရဲသည်။ လေးမျက်နှာတိုက်ပွဲတွင် အရပ်သူ အမျိုးသမီးတစ်ဦးလည်း ပါဝင်သည် မဟုတ်လား။ ဤ အသိတရားသည် မာန်မာနကိုကျစေသည်။ တရားဟူသည် နေရာဒေသအခါမရွေး။ မြင်ချင်သူကိုပြသည်။ မြင်ချင်လက်ခံချင်ဖို့က အရေးကြီးသည်။ အစဖြစ်သည်။

## ၆

သားမောင်စစ်သည်တို့ တပ်သည် တောင်ပေါ်နယ်ခြားဒေသတွင် နားကြသည်မရှိ။ ချီတက်နေကြသည်။ ကင်းလှည့်၊ ကင်းထောက်၊ သွားရင်း လာရင်း ကြုံကြိုက်သလို ရွာသူရွာသားတို့လိုရာ အကူအညီပေး။ ဆက်သွယ်ရေးလုပ်။ အလုပ်လုပ်ချင်သူတွေအတွက် အလုပ်တွေ တစ်ပြုံကြီးရှိသည်။



www.burmeseclassic.com

www.burmeseclassic.ocm



ရွာသူရွာသားများသည် အကင်းပါးသည်။ လက်နက်ကိုင်တပ်ဖွဲ့တွေ သူတို့ရွာသို့ လာဖူးလှပြီ။ အချို့ကလည်း နိုင်ငံရေးသဘောတရား စကားတွေ ဖောင်ဖွဲ့အောင် ပြောဆိုကြပြီးလျှင် ရွာမှ ဝမ်းစာရိက္ခာကို ယူသည်။ ဆက်ကြေးကောက်သည်။ ရွာသားကြီးများကို စေခိုင်းသည်။ နောက်ပိုင်းတွင် ရွာ၏သမီးပျိုကို ကောက်ယူသည်။ အချို့တပ်မတော် စစ်ဝတ်စုံကို ဝတ်ဆင်၍ ထိုသို့ကျင့်ခဲ့သည်။ ရွာသူရွာသားများအဖို့ ယူနီဖောင်းကို ခွဲခြား၍ သိရန်မလွယ်။ ထို့ကြောင့် လာသမျှကို အလိုက်သင့် ပေါင်းလိုက်ကြသည်။ အသက်ရှည်ဖို့၊ လူမသေဖို့က အရေးကြီးသည်။ လာသမျှ ဆရာကြီးများကို အကြိုက်ပြော၊ အကြိုက်ပေး၊ သူတို့လာနေပြီ ကြားရလျှင် ဇနီး၊ သမီးပျိုကိုဝှက်ထား။ သူတို့သွားလျှင် လုပ်လက်စ စိုက်ပျိုးမွေးမြူအလုပ်ကို လုပ်။ မိုးက မစောင့်။ နေက မစောင့်။ ရာသီအလိုက် အချိန်မီ ထွန်ယက်စိုက်ပျိုးကြရသည်။ ဤသို့ အကျင့်ရနေသော ရွာသူရွာသားများသည် ရွာသို့လာသူ၏ စေတနာစစ်၏ မစစ်၏ ခန့်မှန်းချိန်ဆတတ်သည်။ လာရောက်သူ၏စကားတွင် အနှစ်ပါ၏ မပါ၏ သုံးသပ်တတ်သည်။

> ကျွန်တော်တို့ ရောက်လေရာ ရွာတွေမှာ ရွာသူရွာသားတွေက အစတော့ ခပ်စိမ်းစိမ်း။ မေးတာကိုသာ ဖြေ။ ခွန်းတုံ့ပြန်ရုံလောက်သာ ရှိပါသည်။ နောက်တော့ ကျွန်တော်တို့ မြန်မာ့တပ်မတော် အစစ်ဖြစ်မှန်း သိကြတော့ ပြုံးလာကြပါသည်။ သံသယနှင့် တင်းမာနေသော မျက်နှာများ ပျော့ပျောင်းလာကြပါသည်။ စကားပြောဖော် မေးဖော် ရလာသည်။ ကလေးတွေလည်း ကျွန်တော်တို့အနားကို ဝိုင်းလာကြပါသည်။ ကျွန်တော်တို့လည်း ရွာမှာ ကြာမယ်ဆိုရင် ရွာသူရွာသားတွေရဲ့ အလုပ်ကို ဝင်ကူလိုက်ကြပါသည်။ လမ်းဖောက်၊ ချိုင့်တွေ ရွံ့ဗွက်တွေဖို့၊ ထင်းခွဲ၊ ရေခပ်။ ကြာကြာမနေ ခဏနားပြီး ထမင်းချက်ပြုတ်စားတာဆိုရင် စခန်းချတဲ့ ဘုန်းတော်ကြီးကျောင်းက သံဃာတော်ကို ဆွမ်းကပ်။ ကျွန်တော်တို့နားရစ်သီရစ်သီ လုပ်နေတဲ့ ကလေးတွေကို ခေါ်ကျွေး။ နောက်တစ်ခါ ဒီရွာ ဝင်ရရင်တော့ အားလုံးမှတ်မိနေကြပါသည်။ အားလုံးပျူပျူငှာငှာ ကြိုဆိုကြပါသည်။ သတင်းပေး ကူညီကြပါသည်။ သောင်းကျန်းသူရှင်းလင်းလာလေလေ ရွာသူ ရွာသားများဘဝဟာ ရွှင်လန်းလာလေလေ၊ မြန်မာ့တပ်မတော်နဲ့ သူတို့တစ်သားတည်း ဖြစ်နိုင်လာလေလေ ဖြစ်ပါသည်။





ဟု သားမောင်စစ်သည်က သူ၏တစ်နှစ်ကျော် တောင်ပေါ်ဒေသများတွင် တပ်နှင့် တာဝန်ထမ်းခဲ့သည်မှ ရသော ဗဟုသုတကို ကျွန်တော့်ထံရေးသားဖော်ပြသည်။ ကျွန်တော်တို့ ရွာတွေမှာခို၍ တော်လှန်ရေး ဆင်နွှဲကြတုန်းက ဤခေတ်ကာလမှာလောက် ပြဿနာမများ။ မကြီးကျယ်။ ဂျပန်စစ်တပ်ကို တိုင်းရင်းသားများ၏ရန်သူဟု မြင်နေရသည်။ တိုင်းရင်းသားအားလုံးကလည်း စည်းလုံးပြီး ဖြစ်နေသည်။ ကိုယ့်အချင်းချင်း သူတစ်ပိုလ်ငါတစ်မင်း မဖြစ်ကြသေး။ ထင်ရှားနေသော ရန်သူကို စည်းလုံးသောအင်အားနှင့် ဝိုင်း၍ တိုက်ခိုက်တော်လှန်ရန်သာရှိသည်။ တိုက်ခိုက်ပြီးလျှင် နိုင်ငံလွတ်လပ်ရေးအတွက် ဆက်လက်ကြိုးပမ်းကြရန် ဖြစ်သည်။ သားမောင်စစ်သည်တို့၏ တာဝန်ကား ပိုမို ကျယ်ဝန်းသည်။ လွတ်လပ်ရေးဆိုသည်မှာ ဆွတ်ယူရန်ခက်သည်။ ထိန်းသိမ်း၍ဝေဆာ ဖွံ့ဖြိုးအောင် မျိုးထောင်ရန်မှာ ပို၍ပင် ခက်သေးသည်။ ဤအထဲ သင်းကွဲ ဂိုဏ်းကွဲ၊ ဗိုလ်လုပ်ပွဲတွေ လုပ်ခဲ့ကြ၍ ပြည်သူနာသည်။ သံသယတွေ ပွားခဲ့ကြရသည်။ တိုင်းရင်းသား အချင်းချင်းကို စိတ်ဝမ်းကွဲအောင် လုပ်သူတွေ လုပ်ခဲ့၍ ယခုပြန်၍ စည်းရုံး နေကြရသည်။ သံသယပျောက်အောင် ဆောင်ရွက်နေကြရသည်။

ထို့ကြောင့် သားမောင်စစ်သည်တို့၏ တာဝန်သည် ပို၍ကြီးရုံသာမက ပို၍ ကျယ်ဝန်းသည်။ သို့ရာတွင် တာဝန်ကြီးတစ်ခုကို ဝန်ထုပ်ဝန်ပိုးကြီးဟုသာ မြင်၍လည်း ရသည်။ မိမိ၏စွမ်းရည် သတ္တိဟူသမျှကို စိန်ခေါ်၍ ဆွဲငင်ထုတ်ဖော်ခြင်းတစ်ရပ်ဖြစ်သည်။ မိမိကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်ခွင့်ရသော အခွင့်အလမ်းတစ်ရပ်ဟု မြင်၍လည်းရသည်။ သားမောင်တို့ခေတ် လူငယ်များသည် စိန်ခေါ်ခံရတာကို ကြိုက်သည်။ စွန့်စွန့်စားစား ခက်ခက်ခဲခဲ လုပ်ရသော အလုပ်မျိုးကို ရှာဖွေသည်။ ထိုအလုပ်မျိုးကိုလုပ်ရန် အခွင့်အလမ်းကို ကြိုဆိုသည်။

## ၇

လေးမျက်နှာတိုက်ပွဲသည် ၁၉၄၅ ခုနှစ်၊ ဧပြီလ နောက်ပိုင်းတွင် ဖြစ်သည်။ မြို့တွင် တစ်နေ့နေပြီး ညနေပိုင်းတွင် ကျွန်တော်တို့ ခွာခဲ့ကြသည်။ အဖွဲ့ချင်းခွဲ၍ တောင်ခြေမှရွာများတွင် ခိုကြသည်။ တိုက်ပွဲတိုးခဲ့သဖြင့် မိမိကိုယ်ကို မိမိယုံကြည်မှု အနည်းငယ် ပို၍လာသည်။ ရဲဘော်များသည်လည်း ပျော်ရွှင်လာကြသည်။ နောက်ရက်ဆက်၍ တိုက်ပွဲအံ့တွေ့အကြုံကို ပြောနေကြသည်။ ပြောရင်း ပြောရင်း ပိုလာသည်များ၊ ချဲ့ထွင်လာသည်များလည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.ocm



မြို့ကြီးများကို တိုက်ခိုက် သိမ်းပိုက်ကြဦးမည်ဟု ကျွန်တော်တို့ ဆွေးနွေးကြသည်။ အထောင်မြို့ကို ဝင်ရမည်လား။ ကျုံ့ပျော်ကို သိမ်းရမည်လား။ ရေကြည်ဘက်ကို ဆင်းရမည်လား။ စိတ်ကူးမျှသာ ဖြစ်ပါသည်။ ကျွန်တော်တို့မှာ သတင်းအတိအကျ ရလမ်းမရှိ။ ပြင်ပအဆက်အသွယ် မရှိ။ ပုသိမ်ဘက်တွင် ဂျပန်စစ်တပ်များ တပ်မနှင့်ချီ၍ ရှိနေသေးသည်ဟု ကြားရသည်။ ကားလမ်းမကြီးပေါ်သို့တက်၍ အထောင်၊ ကျုံ့ပျော် စသည်ကို ကြံစည်၍ မဖြစ်သေး။ တစ်နေ့နေ့ဂျပန်တပ်များ ပြုဆင်းလာသောအခါ လမ်းမှဆီး၍ ချုံခိုတိုက်မည်။ ရသည့်လက်နက်နှင့် ပြောက်ကျားအင်အားချဲ့မည်။ ပြီးလျှင် မြို့သိမ်းတိုက်ပွဲဝင်မည်ဟု ကျွန်တော်တို့ ကြုံးဝါးကြသည်။

မကြာမီ ယုံသလင်း မန်းဘခိုင်ထံမှ ကျွန်တော့်ထံ ဆက်သားလာသည်။ ဗိုလ်မောင်မောင် (အဖြူ)ဟု လိပ်မူထားသည်။ အသားမည်းသော ဗိုလ်မောင်မောင်နှင့် သဲကွဲအောင် ရေးသားဖော်ပြခြင်း ဖြစ်ပါလိမ့်မည်။ ဂျပန်တပ်များ ဆုတ်ခွာသွားကြပြီဖြစ်၍ ကျွန်တော်တို့ ယုံသလင်းတွင်စုကာ ဟင်္သာတမြို့သို့ ဝင်နိုင်ပြီ။ မြို့ကို ထိန်းသိမ်းထားဖို့လိုမည်။ အမြန်လာပါဟု မှာသောစာ ဖြစ်သည်။

တစ်ချီတစ်ပွဲပဲ တိုက်ရသေးသည်။ တော်လှန်ရေးပြီးတော့ မည်လား။ ကျွန်တော်တို့ အားမရကြ။ ရဲဘော်များက ဆူပူကြသေးသည်။ သို့ရာတွင် စိတ်ထဲတွင် ကျိတ်၍ ဝမ်းသာကြသည်။ တောနှင့်မြို့နှင့် မတူ ။ တောထဲတွင် နေပူမိုးရွာမရှောင် သွားလာနေရသည်။ ငါးပိရည်နှင့် ငှက်ပျောအူပြုတ်သာ စားနေရသည်။ မြို့တက်၍ ကောင်းကောင်းစားလိုက်ဦးမည်။ ကောင်းကောင်း နေလိုက်ဦးမည်။ တိုက်ပွဲပြန် သူရဲကောင်းကြီးတွေအဖြစ် ချီးကျူးကြတာကို ခံလိုက်ဦးမည်။

တော်လှန်ရေးအလံကို လွှင့်၍ ကျွန်တော်တို့ ပြန်လာကြသည်။ လေးမျက်နှာကို တစ်ခေါက်ပြန်ကြည့်သည်။ ဒီတစ်ခါ စာသင်ကျောင်းကြီးတွင် တပ်ချ၍ တစ်ညအိပ်သည်။ သုတ်သီးသုတ်ပျာ ခွာစရာမလို။ လူထုစည်းဝေးပွဲ ကျောင်းကြီးမှာပင် လုပ်လိုက်သေးသည်။ မြို့မိ မြို့ဖများ၊ အာရှလူငယ်များ၊ အစိုးရအရာရှိဝန်ထမ်းများနှင့် အခန်းပြည့်သည်။ မြို့နယ်တရားမ တရားသူကြီး ဦးစန်းအောင်က သူနှင့်တကွ အရာရှိဝန်ထမ်းများအား ဆက်လက်၍ တာဝန်ပေးကြောင်းကို ပရိသတ်ရှေ့တွင် ပြောပေးရန် ကျွန်တော်အား မှာကြားသည်။ ဒါမှသူတို့မြို့ကို ထိန်းလို့ရမည်ဆိုသည်။

ဟိုတုန်းက ကိုမောင်မောင်ကြီး၊ ကိုအေးမောင်တို့ တရားဟောသည်ကို





ကျွန်တော် ဝေဖန်ခဲ့မိသည်။ ယခုကျွန်တော် ဟောပြောရသည်။ ဟောရင်းပြောရင်း စကားရှည်နေသည်။ ကိုယ့်အသံကိုယ်ကြား၍ သာယာနေလေသည်။ တစ်ခါတစ်ခါ ပရိသတ်က လက်ခုပ်တီး၍ ဩဘာပေးလေ ပိုရှည်လေဖြစ်သည်။ ဦးစန်းအောင် တောင်းဆိုသည့်အတိုင်း သူနှင့်တကွ အရာရှိများ ဝန်ထမ်းများကို ဆက်လက်တာဝန်ပေးခဲ့သည်ဟု ကြေညာလိုက်သောအခါတွင်လည်း ဩဘာပေးကြသည်။ လက်ခုပ်အမြည်ဆုံး အကြာဆုံးတီးသူက ဦးစန်းအောင်ဖြစ်သည်။ အမှန်မှာ ကျွန်တော်တို့တွင် ရာထူးခန့်ထားရန် အာဏာမရှိ။ သို့ရာတွင် ဤသို့ကြေညာလိုက်လျှင် သူတို့မှာ လုပ်ငန်းဆောင်တာ လုပ်လို့ရသည်။ နောက်မှ အင်္ဂလိပ်အစိုးရပြန်ရောက်လျှင် သူတို့ စာရင်းရှင်းစကား ပြောကြပေစေတော့။

လေးမျက်နှာသို့ ပြန်ရောက်သည်မှာ ဝမ်းနည်းဝမ်းသာစရာ ဖြစ်သည်။ ဝမ်းနည်းရသည်ကတော့ ကင်ပေတိုင် မြဟန် ပြန်လာပြီး ရဲအုပ်ဦးလူမော်ကို သတ်ကြောင်း ကြားရ၍ ဖြစ်သည်။ ဦးလူမော်အား ကျွန်တော်တို့ ခေါ်သေးသည်။ မလိုက်လိုကြောင်း ပြောသောကြောင့် ခေတ္တတိမ်းရှောင်နေရန် ကျွန်တော်တို့ သူ့အား မှာကြားခဲ့သည်။ သူဟင်္သာတမြို့ရှိ ရဲဝန်ထံ သွားရောက် အစီရင်ခံပြီးလျှင် ညွှန်ကြားချက် တောင်းသည်။ ရဲဝန်က လေးမျက်နှာသို့ ပြန်သာပြန်ပါ၊ စိုးရိမ်စရာမရှိဟု ညွှန်ကြားလိုက်သည်ဆို၏။

ကင်ပေတိုင် မြဟန်ကိုယ်တိုင်လည်း ကြာကြာမခံ။ ပြောက်ကျားများ လက်ချက်ဖြင့် ကျဆုံးရသည်။

ဝမ်းသာရသည်ကတော့ မြို့သူမြို့သားများ၊ မြို့ပေါ်က လူကြီးများ၊ အာရှလူငယ်များကို ချမ်းသာရွှင်လန်းစွာ ပြန်တွေ့ရ၍ ဖြစ်သည်။ မြို့သူမြို့သားတွေ တိုက်ပွဲအကြောင်းပြောလို့ ကောင်းတုန်းပင်ဖြစ်ကြသည်။ ကျွန်တော်တို့တွေ အလုံးအရင်းနှင့် ဝင်ရောက်ကြသည်ဟု သူတို့ထင်နေကြသည်။ တပ်စိတ်သုံးစိတ်လောက်သာ ရှိခဲ့သည်ဆိုပါလျှင် သူတို့ ရင်ထိတ်နေကြဦးမည်။ ထို့ကြောင့် ဖြေရှင်းမနေဘဲ အသာဆိတ်ဆိတ်နေလိုက်သည်။ မြို့က တိုက်ပွဲအကြောင်း ပြောကြသည့်အထဲတွင် ကျွန်တော် ကာယသိဒ္ဓိ မြောက်သည်၊ ကျည်ဆန်တွေ လုကိုမှန်သော်လည်း ဘာမှ မဖြစ်ဟုပါသည်။ ကျိတ်၍ ပြုံးရသည်။ ဘာမှမဖြစ်တာက ကျည်ဆန်မမှန်လို့။ မမှန်တာကလည်း ကျောင်းတွင် သင်ယူလေ့ကျင့်ခဲ့သည့်အတိုင်း အကာအကွယ်ယူလို့၊ မိကျောင်းသွား တွားတက်သည့်အခါ



www.burmeseclassic.com

www.burmeseclassic.ocm



တက်လို့ဟု ဖြေကြားလိုက်ရလျှင် ကောင်းမည်လား မကောင်းပါ။ သူတို့ထင်ချင်ရာ ထင်ပါစေတော့။ နောင်တွင် ဤပုံပြင်က သမိုင်းဖြစ်လာလိမ့်မည်။ နောက်လူတွေ လေးမျက်နှာ တိုက်ပွဲအကြောင်း ပြောကြားလျှင် ပြောစရာရှိရစ်ပါစေတော့။

လေးမျက်နှာမှ အိုင်သပြုသို့ချီသည်။ ထိုမှယုံသလင်း။ ပြီးလျှင် ဘတ်စ်ကား အိုအိုကြီးတစ်စီးကိုစီး၍ ကြယ်တစ်ပွင့်ပါသော အနီရောင်တော်လှန်ရေးအလံကို လွှင့်၍ ကျွန်တော်တို့ ဟင်္သာတသို့ ခံ့ညားစွာ ဝင်သည်။

ခေါင်းမှဒဏ်ရာ ကျက်ပြီဖြစ်သော ဗိုလ်ရဲမြင့်နှင့်အဖွဲ့၊ ကိုမောင်မောင်ကြီး၊ ကိုအေးမောင်တို့ ရောက်နေကြပြီ။ ဦးသန်းတင်တို့ မိသားစုလည်း ရွာမှ ပြန်လာကြပြီ။ ဧရာဝတီသဘောကုမ္ပဏီရုံးတွင် တည်းခိုနေကြသည်။ သူတို့တည်းခိုရာတွင် ကျွန်တော် သွားရောက် တည်းခိုသည်။ ထမင်းဟင်း ကောင်းကောင်း စားရသည်။ အဝတ် လျှော်ပေးမည့်သူ ရှိသည်။

ဟင်္သာတခရိုင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် တော်လှန်ရေးကော်မတီ ဖွဲ့ကြသည်။ နာမည်ဘာခေါ်သည် မမှတ်မိ။ စုပေါင်း၍ ကာကွယ်ရေး၊ လုံခြုံရေး စသည်ကို တာဝန်ယူ ဆောင်ရွက်ကြခြင်းဖြစ်သည်။ ကျွန်တော်က လုံခြုံရေးကို ကြည့်ရသည်။ ရဲအဖွဲ့ကိုပြန်ဖွဲ့ဖို့၊ တရားရုံးတွေ ပြန်ထိုင်ဖို့စသည်တို့ ဖြစ်သည်။

မြို့ကြီးနေ့ချင်းညချင်း စည်ကားလာသည်။ အရောင်းအဝယ် ကောင်းသည်။ ပွဲရုံကြီးတွေ ဖွံ့ဖြိုးသည်။ ဈေးတွင်လူအများရောင်းဝယ်ကြ၊ စားသောက်ကြနှင့် ပွဲဈေးတန်းအမျှ စည်ကားသည်။ လူတွေပျော်နေသည်။ ဂျပန်ကင်ပေတိုင်ကို ကြောက်ရန်မလို။ ဗုံး၊ စက်သေနတ်ကို ကြောက်ရန်မလို။ ညအခါ မှောင်ချထားရန်မလို။ မီးတွေ လင်းနိုင်ကြပြီ။

လုံခြုံရေးအတွက် လုပ်ပေးစရာ အထွေအထူးမရှိပါ။ စစ်အတွင်း ဘေးရန်အကြားတွင် စည်းစည်းလုံးလုံး နေထိုင်လာကြသည့် အကျင့်ရနေကြသည်။ ဆိုးဆိုးရွားရွား အမှုကြီးများမရှိ။ တရားသူကြီးတစ်ဦး၏အိမ်သို့ ကျွန်တော်သွားကာ တရားရုံးများကို ပြန်ဖွင့်ဖို့ ဆွေးနွေးကြည့်သေးသည်။ သူ့အိမ်တွင်ပိတ်အုပ်၊ မီးခြစ်ထုပ် အပုံလိုက်ရှိသည်ကို တွေ့ရသည်။ စစ်အတွင်းက ထောက်ပံ့ရေးကိုပါ သူတာဝန်ယူခဲ့ရဟန်တူသည်။ ယခုဒါတွေကို ရောင်းစားလျှင် အင်္ဂလိပ်ငွေဖြစ်မည်။ ဂျပန်ငွေစက္ကူ ထောင်မလဲ သဲကော်တွေ တန်ဖိုး မရှိတော့ပြီ။ အင်္ဂလိပ်ငွေ ငွေစက္ကူဒင်္ဂါးမှ အသုံးဝင်သည်။ ပစ္စည်းဆိုလျှင် တော်သေးသည်။ လဲလှယ် စားသောက်လို့ရသည်။





တရားသူကြီးက ဖော်ရွေစွာ ဆက်ဆံဆွေးနွေးပါသည်။ သို့ရာတွင် ကျွန်တော်တို့နှင့်အတူ လုပ်ကိုင်ရလျှင် အင်္ဂလိပ်ပြန်ဝင်လာသောအခါ သူ့အပေါ် ငြိငြင်မည်လား။ အမည်းကွက်ထင်ကာ ရာထူးရဖို့၊ တိုးဖို့၊ စစ်အတွင်း လစာ ငွေရဖို့တွင် ထိခိုက်မည်လား၊ စိုးရိမ်နေသည်။ "တရားဝင်အစိုးရ မကြာခင် လာတော့မှပဲ စောင့်ပါဦးလား"ဟု ချိုသာစွာပြောသည်။

အမျိုးသားကျောင်းတွင် ကျွန်တော်တို့ ရုံးဖွင့်ကြသည်။ ဤနေရာတွင် ဂျပန်ကင်ပေတိုင်တို့ မင်းမူခဲ့ကြသည်။ သူတို့သုံးသွားသော အချုပ်ခန်းရှိသည်။ ကျွန်တော်တို့အဖို့ အသုံးမရှိ။ ဈေးထဲတွင် ခါးပိုက်နှိုက်လေ့ရှိသော တရုတ်ကပြား ဘိန်းစားတစ်ဦးကို ထည့်ထားလိုက်သည်။ သူ့ကို မှန်မှန်ထမင်းကျွေးထားရသည်။ အချိန်ကျလျှင် ဘိန်းရှာ၍ ကျွေးရသည်။

ရဲဘော်တွေကို ကင်းချထားသည်။ အပေါက်တွင် စောင့်သော ရဲဘော်က ကျွန်တော်တို့ တပ်မတော်အရာရှိများကို အဝင်အထွက်၌ သေနတ်မြှောက် အလေးပြုသည်။ ပြောက်ကျား ကိုမောင်မောင်ကြီး၊ ကိုအေးမောင်တို့ကို အလေး မပြု။ သူတို့က အလေးပြုစေချင်သည်။ သွယ်ကာဝိုက်ကာ တောင်းဆိုသည်။ ကျွန်တော်တို့က မသိချင်ယောင်ဆောင်နေလိုက်သည်။ နောက်တိုက်ရိုက်ပြောလာသည်။ ကျွန်တော်တို့က ငြင်းဆန်လိုက်သည်။ ပါတီ၊ ပြောက်ကျားနှင့် စစ်တပ် အကြားတွင် ဤသို့သော ပြဿနာများ ပေါ်တတ်သည်။ လွယ်မယောင်နှင့် ခက်သည်။ တိမ်မယောင်နှင့် နက်သည်။ ကျွန်တော်တို့ကလည်း ငယ်ရွယ်ကြသေးသည်။ မည်သည့်ကိစ္စသည်သာမည၊ မည်သည်ကအဓိက မခွဲခြားတတ်သေး။ အပေါ်ယံကိစ္စကို အနှစ်သာရဟု ထင်လိုထင်သည်။ စစ်သားမှ မျိုးချစ်စိတ်ရှိသည်ဟု ထင်နေသေးသည်။

၈

ဓနုဖြူ၊ ကျုံပျော်၊ ငါးသိုင်းချောင်းတို့သို့ ကျွန်တော်ရောက်ခဲ့သေးသည်။ အခြေအနေ အေးချမ်းလျက်ရှိသည်။ ဓနုဖြူတွင် ရဲဘော်စိန်နုအောင်ကို ရှာရသည်။ သူအိမ်ထောင်ကျနေပြီဖြစ်၍ ထားခဲ့ရသည်။ မြို့ပေါ်မှရှေ့နေကြီးတစ်ဦး အိမ်တွင် တည်းခိုသည်။ သားကြီး ကိုမောင်မောင်အောင်၊ သားငယ်မောင်မောင်ကျော်တို့နှင့် မိတ်ဖြစ်သည်။ ရဲဘော်တို့သည် စားအိမ်သောက်အိမ် ရှာဖွေတတ်သည်။ မိတ်ဖွဲ့မြန် သည်။



www.burmeseclassic.com

www.burmeseclassic.ocm



ဗိုလ်မှူးတင်ဖေနှင့် တပ် နေဖြူတွင် ရောက်နေ၍ ဝင်ရောက်သတင်းပို့ခဲ့သည်။ ဗိုလ်မှူးတင်ဖေသည် စကားပြောကောင်းသည်။ စိတ်ဓာတ်တက်ကြွသည်။ တစ်ခါတစ်ခါ တပ်ရင်းတန်းစီ၍ ဒေါမာန်ပါပါ ဟောပြောတတ်သည်။ "ငါဆရာ" ဟု ကိုယ့်ကိုယ်ကိုယ် ခေါ်တတ်သည်။ ထို့ကြောင့် နောက်ပိုင်းတွင် "ငါဆရာ"ဟု အမည်တွင်သည်။

ဟသ်ာတပြန်လာတော့ မောင်မောင်ကျော်တစ်ယောက် တကောက်ကောက် လိုက်ပါလာသေးသည်။ တပ်ထဲလိုက်မည်ဆိုနေ၍ ချော့မော့ကာ အိမ်ပြန်ပို့ရသည်။ တော်လှန်ရေးပြီးစ ပြုနေပြီ။ ကျွန်တော်တို့ပင်လျှင် ဘယ်ကိုရောက်မည် မသိသေး။ လေနှင့်အတူ လွင့်ကြဦးမည်။

တစ်နေ့ အင်္ဂလိပ်စစ်သင်္ဘောတစ်စင်း မြစ်ထဲတွင် ရောက်နေသည်ဟု သတင်းရသည်။ ကမ်းသို့ ဆိုက်ကပ်လာသည်ကား မဟုတ်။ ရေလယ်တွင် ကျောက်ဆူးချသည်။ ကျွန်တော်တို့ လာတွေ့ကြပါဟု စကားကမ်းလှမ်းသည်။ သူတို့မြို့သို့ မတက်ရဲသေး။ သေချာမှလာမည်၊ တွေ့လိုက လာခဲ့ကြဟု ကျွန်တော်တို့က စကားပြန်လိုက်သည်။ နောက်တော့ လိုက်လျောကြရသည်။ မတော်လို့ စစ်သင်္ဘောက မြို့ကို အမြောက်နှင့် ပစ်ခတ်နေလျှင် မြို့နာမည်။ အင်္ဂလိပ်စစ်တပ်က မြို့တွင် ရန်သူရှင်း မရှင်း အမြောက် ပစ်ခွင်း၍ စမ်းသပ်တတ်သည်။

ဗိုလ်ရဲမြင့်၊ ကိုမောင်မောင်ကြီးတို့တစ်သိုက် စစ်သင်္ဘောသို့ သွားကြပြန်သည်။ ပြန်လာတော့ သင်္ဘောပေါ်တွင် သောက်ခဲ့ရသော လက်ဖက်ရည်ချိုချို၊ စားခဲ့ရသော ချော့ကလက်အကြောင်း ပြောမကုန်ဖြစ်နေကြသည်။ သံသယကင်းသွားပြီဖြစ်သော အင်္ဂလိပ်ရေတပ်ဗိုလ်နှင့်အဖွဲ့ မြို့တက်မည်။ ကျွန်တော်တို့ရုံးသို့ လာခဲ့မည်။ သတင်းစကားပါးလိုက်သည်။

မကြာမီ သူတို့ ရောက်လာကြသည်။ ရေတပ်ဗိုလ်မှာ လူငယ်ငယ်ပင် ဖြစ်ပါသည်။ ပျူပျူငှာငှာ ရှိပါသည်။ သူနှင့်ပါလာသော ရေတပ်သားများသည်လည်း ငယ်ရွယ်ကြသူများသာ ဖြစ်ပါသည်။ သူတို့ကို မြို့သူမြို့သားများက အထူးအဆန်းအဖြစ် ဝိုင်းအုံ၍ ကြည့်ကြသည်။ "တရားဝင် အစိုးရ"ရောက်ပြီ ဟူ၍လည်း အိမ်မှစောင့်မျှော်နေသော တရားသူကြီးထံ သွားရောက် သတင်းပေးမည့် သူများလည်း ရှိကောင်းရှိခဲ့ပေလိမ့်မည်။





ရေတပ်ဗိုလ်ကို ညှော်ခဲ့စကားပြောရင်း၊ ရုံးအဆောက်အအုံကို လှည့်လည်ပြသရင်း အချုပ်ခန်းထဲမှ ဘိန်းစားကို သူမြင်သွားပါလေသည်။ တရုတ်ကပြား ဘိန်းစားကို သူက ဂျပန်စစ်သားဟု မြင်လေသည်။ စစ်သုံ့ပန်းဖြစ်လျှင် သူ့အား ပေးအပ်ရမည်။ အပြည်ပြည်ဆိုင်ရာ ဂျနီဗာစာချုပ်အရ ယင်းသို့ လွှဲပြောင်းပေးအပ်ရန် ကျွန်တော်တို့မှာ တာဝန်ရှိသည်ဟု တောင်းဆိုလေသည်။ ဂျနီဗာစာချုပ် အကြောင်းကို ကျွန်တော် မကြားဖူးသေးပါ။ သူပြောတာ ဘာမှန်းမသိ။ အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုတာ ဘာမှန်းမသိ။ သို့ရာတွင် အချုပ်ခန်းတွင် ရှိသူသည် တရုတ် မြန်မာကပြား ဘိန်းစားမျှသာ ဖြစ်ပါသည်။ ဂျပန်စစ်သုံ့ပန်း မဟုတ်ပါဟု ရှင်းလင်း ပြောပြရသည်။ "ခင်ဗျားတို့ ဂျပန်စစ်သားမမြင်ဖူး ဘူးလား" ခပ်ကြွားကြွားမေးရသည်။

အင်္ဂလိပ်ရေတပ်ဗိုလ်က ကျွန်တော်ပြောသည်ကို ကောင်းကောင်းမယုံ။ သုံ့ပန်းကိုမပေးချင်၍ ပြောနေသည်ဟု မှတ်ထင်ဟန်ရှိသည်။ ဂျနီဗာစာချုပ်နှင့် ကျွန်တော့်အားပြော၍ မရသဖြင့် ဘီယာတစ်သေတ္တာ ပေးပါမည်၊ ချော့ကလက် လက်ဖက်ခြောက်၊ နို့ဆီလည်း အဆစ်ပေးပါမည်ဟု အပေးအယူလုပ်ပြန်သည်။ ကျွန်တော်မလျှော့တော့ သူပြန်သွားသည်။

ဂျပန်စစ်သုံ့ပန်းတစ်ယောက်ရလာလျှင် သူမှာမျက်နှာပွင့်မည်။ သူ့အထက် အရာရှိကြီးများအား တိုက်ပွဲတွင် သုံ့ပန်းကို မည်ကဲ့သို့ဖမ်းမိခဲ့သည်ဟု ကြွားဝါ၍ ရမည်။ စစ်ပြီး၍ အိမ်ပြန်လျှင်လည်း အိမ်သူအားကြွားနိုင်မည်။ ကျွန်တော့်ဘိန်းစား ကိုသူ့အား ပေးလိုက်လျှင် ဂျပန်ဟုတ်မဟုတ် သူတို့သိကြမည်မထင်။ ကောင်းစွာ ကျွေးမွေး ခေါ်ဆောင်သွားကြပေလိမ့်မည်။ နောက် စင်္ကာပူ၊ မလေးရှားနိုင်ငံများ သို့ပင် သုံ့ပန်းအထင်ဖြစ် ပို့ဆောင်လိုက်ကြဦးမည်။ ဂျပန်နိုင်ငံသို့ပင် ပို့ဆောင် ကြဦးမည် ထင်သည်။ ဤသို့တွေး၍ ကိုယ့်လူကို ထည့်လိုက်ရလျှင် သူ့နောင်ရေး အတွက်ကောင်းမည်၊ ကျွန်တော်တို့လည်း စားသောက်စရာတွေ ပေါပေါများများ ရလိုက်ဦးမည်ဟု နောင်တရသလိုလိုဖြစ်မိသည်။ ယခုမူ ဘိန်းစားအား လွတ်ရတော့မည်။ လုံခြုံရာ ထမင်းနပ်မှန်စားနေရရာမှ လမ်းပေါ်သို့ သူပြန်ရောက်ရဦး တော့မည်။



www.burmeseclassic.com

www.burmeseclassic.ocm



## ၉

မြစ်ဝကျွန်းပေါ်ရှိ တော်လှန်ရေးတပ်ဖွဲ့များထံမှ လက်နက်များသိမ်းဖို့ အင်္ဂလိပ်စစ်တပ်က စီစဉ်သည်။ သခင်သန်းထွန်း ခေါင်းဆောင်သော ကွန်မြူနစ်ပါတီကလည်း ဗမာ့တပ်မတော်နှင့် ပြောက်ကျားများအား လက်နက်အပ်နှံကြဖို့ အမိန့်ထုတ်ရန် ဗိုလ်ချုပ်အောင်ဆန်းအား တိုက်တွန်းသည်။

မကြာမီ အင်္ဂလိပ်အစိုးရ ပြန်လာတော့မည်။ ရန်သူရှင်းလျှင် သူတို့ဝင်လာမည်။ မြို့သူမြို့သားများသည် ရောင်းဝယ်ဖောက်ကားကာ ပြည့်စုံနေကြပြီ။ အရာရှိများကလည်း "တရားဝင်အစိုးရ"ကို မျှော်သည်။ ကျွန်တော်တို့နှင့် ဆက်ဆံရတာ သူတို့အဖို့ အမ်းတမ်းတမ်းဖြစ်နေသည်။ အားတုံ့အားနာ ဖြစ်နေသည်။ မပြောကောင်း၍သာ၊ ဗမာ့တပ်မတော်သွားပါတော့၊ မြို့အဖို့ဆက်ပြီး အသုံးမရှိတော့ပါဘူး၊ ပြောလိုက်ချင်မည်ထင်သည်။ မှန်သည်။ တပ်သည် တပ်နှင့် ရှိသင့်သည်။ ခေါင်းဆောင်များအောက်တွင် ရှိသင့်သည်။ ကျွန်တော်တို့လို လူငယ်တွေအဖွဲ့လေးများ ကိုယ်စီနှင့် အထက်ခေါင်းဆောင်မှုနှင့် ကင်းပြတ်နေကာ မကျွမ်းကျင်သော အုပ်ချုပ်ရေး၊ နိုင်ငံရေးတာဝန်များကို ထမ်းရွက်နေကြခြင်းဖြင့် အကျိုးထက် အပြစ်များဖို့ ရှိသည်။

ဟင်္သာတမြို့အတွက်လည်း စိုးရိမ်စရာမရှိ။ ဂျပန်စစ်သားများ ဆုတ်ခွာသွားပြီ။ လုံခြုံရေးကောင်းသည်။ နိုင်ငံရေးအတွေ့အကြုံ ပြည့်ဝပြီးသောမြို့ ဖြစ်သည်။ အစိုးရယန္တရား ပြန်လည်လှုပ်ရှားရန် ဝန်ထမ်းအစုံ ရှိသည်။ တပ်မတော်မှ ဗိုလ်ကြီးအောင်မင်းနှင့်တကွ ဗိုလ်ကြည်မောင်၊ ဗိုလ်တင်ထွန်းအောင် တို့နှင့် ရဲဘော်များလည်း ရောက်ရှိလာကြပြီ။

ဂျပန်စစ်တပ်များ တောင်ငူ၊ ပဲခူးအကြားတွင် ရိုးမမှဆင်းသက်၍ မော်တော်ကားလမ်းကို ကျော်ကာ စစ်တောင်းမြစ်ဖက်သို့ တက်နေကြသေးသည် သတင်းရသည်။ ဟိုဘက်တွင် တိုက်ပွဲ မစဲသေး။ ဗမာ့တပ်မတော်နှင့် ပြောက်ကျားများက စစ်တောင်းမြစ်တစ်လျှောက်မှ တပ်ဖြန့်၍ တိုက်ခိုက်နေသည်။ မင်းလှမြို့တွင် ဗိုလ်မှူးမောင်မောင် ခေါင်းဆောင်သော တိုင်း ၁ စစ်ဌာနချုပ် ရှိသေးသလို ကြားရသည်။ မင်းလှသို့ ကျွန်တော်တို့ကူး၍ တိုင်း ၁ တွင် ပါဝင်ရလျှင် ကောင်းမည်။ တိုင်း ၁ သည် ညောင်လေးပင်၊ ပဲနွယ်ကုန်းစစ်မျက်နှာဘက်သို့ တက်ဖို့ရှိသည် ကြားရသည်။

နေသင့်သည့်အခါ ရှိသည်။ သွားသင့်သည့်အခါ ရှိသည်။ သွားသင့်ပါလျက်





မသွားဘဲနေလျှင် အငြိုအငြင်ခံရတတ်သည်။ ကိုယ်လုပ်ကိုင်ပေးနိုင်တာတွေကို လုပ်ကိုင်ပေးခဲ့ပြီးပြီဆိုလျှင် သွားတာကောင်းသည်။ ဟင်္သာတမြို့သည် ကျွန်တော်တို့ကို မလိုပြီ။ ထို့ကြောင့် ကျွန်တော်တို့သွားကြမည်။ ဆက်စရာ ခရီးတွေရှိသေးသည်။ လုပ်စရာအလုပ်တွေရှိသေးသည်။

ကျွန်တော်တို့ သွားကြတော့မည် ကြားရလျှင် လာ၍ခင်မင်စွာ နှုတ်ဆက်ကြသော မိတ်ဆွေများရှိကြသည်။ သူတို့ မျက်နှာမသာကြ။ ကျေးဇူးတင်စကားပြောကြသည်။ တစ်နေ့ပြန်လာခဲ့ပါ မှာသည်။

အချို့မသိ၊ မကျွမ်း၊ အတူမလုပ်ခဲ့ဖူးသူများလည်း လာသည်။ သူတို့၏ ကိုယ်ရေးကိစ္စများကို ကူညီဆောင်ရွက်ပေးခဲ့ပါဦး ပူဆာသည်။ သူတို့နှင့်အပြိုင် စီးပွားဖက်၊ အပြိုင်နိုင်ငံရေးသမား စသူတို့ကို ဖမ်းဆီးချုပ်နှောင်ထားခဲ့ပါ၊ သူ့ပစ္စည်းသိမ်းပါ၊ သူ့ကို သုတ်သင်ရှင်းလင်းပစ်ခဲ့ပါဆိုသည်အထိ ခိုင်းစေချင်ကြသည်။ ဘာကြောင့် သုတ်သင် ရှင်းလင်းပစ်ရမည်လည်း မေးလျှင် ရာဇဝင်ကြွေးဆပ်ဖို့၊ တော်လှန်ရေး၏ ရန်သူဖြစ်လို့ စသည်ဖြင့် စကားလုံးကြီးများကိုသုံးကာ မတိမကျ ဖြေကြားသည်။ မြို့ပေါ်မှ အမျိုးသမီး ၃-၄ ဦးသည် ဂျပန်များနှင့် ပေါင်းခဲ့ပါသည်။ သူတို့ကိုလည်းခေါ်ပြီး ဒဏ်ခတ်ခဲ့ပါ၊ ချုပ်နှောင်ခဲ့ပါ၊ ရာဇဝင်ကြွေး ဆပ်လိုက်ပေါ့ဗျာ စသည်ဖြင့် တောင်းဆိုကြသေးသည်။ အထောက်အထား မည်မည်ရရကား မပြနိုင်ကြ။ အမျိုးသမီးများသည် အလုပ်သဘော ပေါင်းသင်းဆက်ဆံခဲ့ရတာလည်း ဖြစ်နိုင်သည်။ သဘာဝအလျောက် ဖော်ရွေသည်လည်း ဖြစ်နိုင်သည်။ စားဝတ်နေရေးအတွက် အလိုက်သင့် နေခဲ့ကြရသည်လည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဆိုစေ၊ ဒါတွေကျွန်တော်တို့နှင့် မဆိုင်။ မြို့လူကြီးများကြည့်၍ ရှင်းကြပေစေတော့။ ကျွန်တော်တို့နားလည် ကျွမ်းကျင်သော ဘာသာရပ်များ မဟုတ်။ အချို့အမျိုးသမီး အမျိုးသားတို့ကိုမူ ဖိတ်ခေါ်တွေ့ဆုံကာ မြို့မှ ခွာနေလျှင် ကောင်းမည်ထင်သည်ဟု အကြံပေးလိုက်သည်။ သူတို့ထံမှ အချို့ယခု အခါတွင် ပြည်သူ့ဝန်ထမ်းများအဖြစ် ကျေပွန်စွာ ထမ်းဆောင်နေကြသည်။

## ၁၀

လက်ပံတန်းသို့ ကျွန်တော်တို့ ကူးကြသည်။ အင်္ဂလိပ်တပ်များ ရောက်နေကြပြီဖြစ်၍ မီးရထားဘူတာရုံတွင် အင်္ဂလိပ်၊ ကပ္ပလီ၊ စစ်ပုလိပ်များရှိသည်။ တစ်ဦးက ကျွန်တော့်အား တပ်မဟာရုံးသို့ လိုက်ခဲ့ဟုခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.ocm



ရဲဘော်ငွေထွန်းနှင့်ကျွန်တော် လိုက်ပါသွားကြသည်။ ဟိုရောက်လျှင် အသားနီနီရဲရဲ၊ ဂေါ်ရခါးမေဂျာတစ်ဦးက ဆီး၍ ဆူပူကြိမ်းမောင်းပါတော့သည်။ "ဗမာတပ်များ မြစ်ကို မကူးခဲ့ရဘူး။ နေရာက ဘယ်မှ မရွှေ့ပြောင်းရဘူးလို့ အမိန့်ထုတ်ထားတာ မသိဘူးလား။ အခုပြန်သွားကြရမည်"စသည်ဖြင့် မိန့်ကြားသည်။ မြစ်ဝကျွန်းပေါ်မှ ဗမာ့တပ်မတော်ကို လက်နက်သိမ်းရန် အစီအစဉ် ဖြစ်ပါလိမ့်မည်။ လက်နက် မသိမ်းနိုင်မီ တပ်တွေဖြန့်၍ ထွက်သွားမည်ကို စိုးဟန် တူပါသည်။

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ သွားဆိုရင် သွားပါမည်" ပြော၍ ကျွန်တော်တို့ ပြန်ခဲ့ကြသည်။ နောက် ရဲဘော်များကို ပြည်လမ်းမကြီးသို့ ခေါ်သွားကာ တစ်နေရာတွင် ထမင်းစား၊ တစ်ထောက် နားထားခဲ့သည်။ ပြီးလျှင် ကျွန်တော်နှင့်ငွေထွန်း သာယာဝတီမြို့သို့ သွားကြသည်။ မေဂျာထက်ကြီးသော အင်္ဂလိပ်စစ်ဗိုလ်ကို ရှာမည်။ အကူအညီတောင်းမည်။ အကူအညီမရဘဲ ရဲဘော်တွေကို လက်နက်နှင့်တကွ မင်းလှသို့ ခေါ်ဆောင်သွား၍ ရမည်မဟုတ်။

အခန့်သင့်ပင် စစ်ရုံးတစ်ရုံးကို တွေ့သဖြင့် ကျွန်တော်တို့ ဝင်သွားကြသည်။ မေဂျာတွေပဲ ထင်သည်။ အင်္ဂလိပ်စစ်ဗိုလ် နှစ်ယောက် သုံးယောက် စားပွဲထိုင်၍ အင်္ဂလိပ်တပ်က မြန်မာလို ထုတ်ဝေသော "လေနတ်သား"သတင်းစာကို ဝိုင်းဖတ်နေကြသည်။ ကျွန်တော်တို့ကို ပျူပျူငှာငှာ ပြောဆိုနှုတ်ဆက်သည်။ မြန်မာလို အင်္ဂလိပ်လို ကြုံသလိုပြောသည်။ ပြဿနာကို ကျွန်တော်တို့ ရှင်းပြသောအခါ ရယ်မောကြသည်။ လက်ပံတန်းက မေဂျာ လူပေါကြီးပါ၊ ဒီစစ်သားတွေ သဘောတရား နားမလည်ပါဘူးဟုပြောသည်။ သူတို့ကိုယ်တိုင်မှာမူ ပြောက်ကျား တပ်ဖွဲ့များနှင့် ဆက်သွယ်ရသော **တပ်ဖွဲ့ ၁၃၆**[၁] မှဖြစ်မည်ထင်သည်။ ယခင်က မြန်မာပြည်တွင် အမှုထမ်းခဲ့ကြဖူးသော အစိုးရအရာရှိ၊ သို့မဟုတ် ဘီဘီတီစီ၊ စတီး ဘရားသား စသော ကုမ္ပဏီများမှ မန်နေဂျာစသည်တို့ ဖြစ်ကြလိမ့်မည် ထင်ရသည်။ ဗမာ့သဘောကို နားလည်ပုံရသည်။ ဗမာ့သဘောကို နားလည်သော အင်္ဂလိပ်တို့သည် ဗမာ့အပေါ် အထက်တင်စီး ဆက်ဆံတတ်ကြသည်က များသည်။ သို့ရာတွင် သာယာဝတီတွင် တွေ့ခဲ့ရသော စစ်ဗိုလ်များကား သိမ်မွေ့ကြသည်။ ပရိယာယ် ကြွယ်သည်။

---

၁။ Force 136





သူတို့စီစဉ်ပေးသဖြင့် ကျွန်တော်တို့မင်းလှသို့ ထရပ်ကားကြီးတစ်စီးနှင့် သွားကြရသည်။ "မင်းလှစည်သူ"တိုင်း ၁ ရုံး ပြောင်းသွားပြီ ဖြစ်သည်ကို တွေ့ရသည်။ ထို့ကြောင့် ကျွန်တော်တို့ ရန်ကုန်မြို့သို့ဆက်သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်းတို့ထံ သတင်းပို့မည်။ ပဲခူးယကုန်းသို့ လိုက်ခွင့်တောင်းမည်။

ရန်ကုန်မြို့တွင် ခေတ္တနားရသည်။ အခြေအနေ မပြတ်သားသေး။ ဗိုလ်ချုပ်အောင်ဆန်းအား တာဝါလိန်းနေအိမ်တွင် သွားရောက်သတင်းပို့သည်။ ဗိုလ်ချုပ်နေဝင်းအား စမ်းချောင်းလမ်းမှခြေတံရှည်နှင့် ပျဉ်ထောင်အိမ်ကြီးတွင် သွားရောက်သတင်းပို့သည်။ ထိုအိမ်ကြီးသို့ လူစုံလာသည်။ ဗိုလ်ခင်မောင်ကလေး တစ်ယောက်လည်း ဗိုလ်ချုပ်နှင့်တည်းခိုနေသည်။ ဗိုလ်ချုပ်သည် ဗိုလ်ချုပ်အောင်ဆန်းထံ သွားလိုက်၊ လောင်းဝစ်လမ်း (အင်းယားမြိုင်လမ်း) ရှိ ဗမာ့တပ်မတော် စစ်ဌာနချုပ် (ယခင် ကျွန်တော်တက်ခဲ့ရသော စစ်ဆေးရုံနေရာ)တွင် ကြီးကြပ်လိုက် လုပ်နေရသည်။ တစ်ခါတစ်ခါ ခြေကျင်သွားသည်။ တစ်ခါတစ်ခါ ဆိုက်ကားစီး သွားသည်။ ဆိုက်ကားစီးသွားရင်း လမ်းတွင် ရဲဘော်တစ်ယောက်ယောက်ကို မြင်လျှင် ရပ်၍ တင်သွားသည်။ အိမ်သို့ခေါ်၍ ရှိတာကို ဝေငှ စားသောက်သည်။ သတင်းမေးသည်။ ရဲဘော်၏ နေရေးထိုင်ရေးကို မေးသည်။

ကျွန်တော်တို့ ဗားကရာလမ်းမှ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် စခန်းချသည်။ ရဲဘော်များ တစ်လှည့်စီ ဈေးဝယ်၊ ထမင်းချက် လုပ်ကြရသည်။ တစ်ခါ ရဲသားများနှင့် ရန်ဖြစ်၊ ရိုက်နှက်ကြသဖြင့် လက်နက်တွေပါကြောင်း ပေါ်ကုန်သည်။ ရဲဘော်နှစ်ယောက် အချုပ်ခံရသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗိုလ်ချုပ်နေဝင်းတို့ထံ ကျွန်တော်ပြေးရပြန်သည်။ တပ်ကရဲဘော်တွေပါ၊ တာဝန်နှင့် သွားဖို့ စောင့်နေကြပါဟူသော စာကိုယူပြီးနောက် ပုလိပ်မင်းကြီး ကာနယ် အောဝ်ထံ လိုက်ရသည်။ ကာနယ်အောသည် ရန်ကုန်တွင် မင်းတစ်ဆူဖြစ်လေသည်။

ရဲဘော်များကို သွားရောက် ထုတ်ယူခဲ့သည်။ သူတို့က လာခေါ်တာ ကြာသည်ဟု ငြူစူသေးသည်။

ရဲဘော်များကို ဘုန်းကြီးကျောင်းတွင် ကြာကြာထား၍မရ။ သူတို့၏ နေရာမှန်သည် တပ်စခန်းဖြစ်သည်။ ကွင်းပြင်ဖြစ်သည်။ သူတို့ကို ရန်ကုန်တွင် ထိန်းရ၊ ကျွေးမွေးရမလွယ်။

ဗိုလ်ချုပ်နေဝင်းသည် ဗမာ့တပ်မတော်၏ ရှေ့တန်းမှူးအဖြစ် ပဲခူးသို့ ထွက်သည်။ ဗိုလ်ချုပ် စီစဉ်ပေးသဖြင့် ရဲဘော်များနှင့် ကျွန်တော်တို့ ပဲခူးယကုန်း



www.burmeseclassic.com

www.burmeseclassic.ocm



သို့ ထွက်နိုင်ကြသည်။ ကျွန်တော်တို့ အဖွဲ့တွင် လူစုံသည်။ ထောက်ပံ့ရေးတပ်မှ ရဲဘော်များ၊ မြင့်ဆွေ (အကြီး)၊ မြင့်ဆွေ (အငယ်)၊ အဘဉာဏ်၊ ငွေထွန်း စသော ရဲဘော်များ၊ လှမောင်၊ မျိုးသန့်စသော မင်္ဂလာဒုံစစ်တက္ကသိုလ် မူလတန်းမှ ရဲဘော်များ ပါသည်။

မိုးတွေ ရွာနေသည်။ လယ်ကွင်းတွေ စိမ်းနေသည်။ ပဲခူး၊ ညောင်လေးပင် တို့ကိုဖြတ်၍ မော်တော်ကားဖြင့် သွားကြရာတွင် ရဲဘော်တွေ ပျော်နေကြသည်။ စစ်သီချင်းများကို ဆိုသည်။ အလွမ်းသီချင်းများကို ဆိုသည်။ မိုးထဲ၊ လေထဲ၊ ရွှံ့နွံထဲတွင် လှုပ်ရှားကြရဦးမည်။ သို့ရာတွင် ဘုန်းကြီးကျောင်းတွင် ခိုအောင်း၍ ထမင်းချက်စားနေရသည်ထက်တော့ ပျော်စရာကောင်းလိမ့်မည်။

❐

# အခန်း (၆)

## ပဲနွယ်ကုန်း

၁

ဗမာ့တပ်မတော်၏ တိုင်း ၁ စစ်ဌာနချုပ်သည် ပဲနွယ်ကုန်းမြို့ပြင် မော်တော်ကားလမ်း၊ မီးရထားလမ်းတို့၏ နံဘေးဘုန်းတော်ကြီး ကျောင်းထဲတွင် ရှိသည်။ ဇရပ်တစ်ဆောင်တွင် ရုံးဖွင့်ထားသည်။ ကျန် ဇရပ်၊ ကျောင်းတို့တွင် အရာရှိ၊ အကြပ်၊ ရဲဘော်များ နေကြသည်။ သံဃာများက ကျောင်းတစ်ဆောင်တွင် သီတင်းသုံးကြသည်။ သံဃာတို့၏ ဆွမ်းရေးကိစ္စကို တပ်ကတာဝန်ယူသည်။

တပ်များကို စစ်တောင်းမြစ် တစ်လျှောက်တွင် ဖြန့်ထားသည်။ တပ်ရင်း ၁၀၂၊ ၁၀၃၊ ၁၀၄၊ ၁၀၅၊ ၁၀၆ စသည်ဖြင့် နံပါတ်တပ်ထားသော တပ်ရင်းများ ဖြစ်သည်။ ဂျပန်စစ်တပ်များ ရိုးမကို ကျော်၍ မော်တော်ကားလမ်း၊ လယ်ကွင်းများကို ဖြတ်၍ဆင်းသက်လာသည်ကို မြစ်ကြောင်းမှ တိုက်ခိုက်တားဆီးကြရသည်။ ဂျပန်စစ်တပ်များသည် နာဖျားလျက် ရှိကြကုန်ပြီ။ ငတ်မွတ်လျက် နေကြသည်။ တပ်ကွဲနေသည်။ သို့ရာတွင် တိုက်ရည်ခိုက်ရည် သတ္တိမကုန်သေး။ မြစ်ကိုကျော်မိလျှင် အရှေ့ဘက်ကမ်းတွင် တပ်ပြန်စုမည်။ ဟိုဘက်တွင် လတ်ဆတ်လန်းဆန်းသော ဂျပန်တပ်များ ရှိသည်။ ပေါင်းမိကြလျှင် ထိုးစစ်ဆင်နိုင်ကြမည်။

တိုင်း (၁) ဗိုလ်ချုပ်မောင်မောင်သည် ပိန်ပိန်ရှည်ရှည် ဖြစ်သည်။ မျက်မှန်ထူထူတပ်၍ စာအုပ်ထူထူ ဖတ်သည်။ စာအုပ်ထူထူကြီးများကို ကိုင်ကာ၊ ကိုင်ကာလမ်းသွားတတ်သည်။ စာမဖတ်သော အရာရှိများအကြားတွင်ကာတွေ့ အများဆုံး ပုဂ္ဂိုလ်ဖြစ်နေသည်။ စကားပြောလျှင် လည်းကောင်း၊ ဟန်အမူအရာ



www.burmeseclassic.com

www.burmeseclassic.ocm



တွင် လည်းကောင်း ရှုရှုအောင့်အောင့်ရှိသည်။ စိတ်ကောက်တတ်သလို မြင်ရသည်။ ဆေးတက္ကသိုလ်ကျောင်းသားအဖြစ်မှ ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် လိုက်ပါလာခဲ့သူဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အတွင်းရေးမှူး လုပ်ဖူးသည်။ စစ်ဝန်ကြီးရုံး၏ ထက်မြက်သော၊ ဆူပူသောလူငယ်အရာရှိများတွင် ထင်ရှားသူဖြစ်သည်။ ဘုကျကျ ဆောက်ကျကျနိုင်သူတစ်ဦး ဖြစ်သည်။ အေးဆေးတည်ငြိမ်စွာ နေတတ်သေးပုံမရ။ တင်းကျပ်သည်။ စာအုပ်ကြီးတွေဖတ်ကာ အတွေးအခေါ်ကြီးများကို တွေး၍ လေးနေပုံရသည်။ သို့ရာတွင် သူ၏စိတ်ဓာတ်၊ စေတနာကောင်းမွန်သည်။ အလုပ်ကြိုးစားသည်။ လွတ်လပ်ရေး ရပြီးနောက်ပိုင်း ဗမာ့တပ်မတော်လေ့ကျင့်ရေးကျောင်းများ၊ ဗိုလ်သင်တန်း၊ စစ်တက္ကသိုလ် စသည်တို့ကို ဦးဆောင်ပျိုးထောင်သူတစ်ဦး ဖြစ်လာသည်။

ကျွန်တော်တို့ ရောက်လာသည်ကို တိုင်းဌာနချုပ်က ဝမ်းသာစွာ ကြိုဆိုသည်ဟု မပြောနိုင်ပါ။ အမှန်အားဖြင့် တပ် မလို၊ ပိုနေသည်။ အင်္ဂလိပ်စစ်တပ်က ဗမာ့တပ်မတော်၏ လူအင်အားကို အတိအကျ တောင်းထားသဖြင့် စာရင်းလုပ်ပြီးသလောက်ရှိပြီ။ အစပိုင်းတွင် ဗမာ့တပ်မတော်က လူအင်အားကို သာသာထိုးထိုးပြသည်။ တပ်ချရာနေရာ အမှန်တို့ကို မပေး။ လက်နက်စာရင်းမှန် မပြ။ အင်္ဂလိပ်တို့ကလည်း သူတို့က ဗမာ့တပ်မတော်ကို ရိက္ခာပေးရသည်။ တပ်များကို ရုပ်သိမ်းလျှင် လစာ စသည်ကို ပေးဖို့ရှိမည်။ ထို့ကြောင့် စာရင်း၊ အချက်အလက်အတိအကျလိုသည်ဟု တောင်းသည်။ စာရင်းတွေ ပြီးစီလုနီးပါးရှိနေမှ ကျွန်တော်တို့ ရောက်လာသဖြင့် ပြင်ရ၊ ဖြည့်ရသည်။ ထို့ကြောင့် ကျွန်တော်တို့ကို လိုလိုလားလားမရှိကြသည်ကို ပြစ်တင်ရန်မရှိ။ ဗိုလ်မှူးမောင်မောင်ကလည်း နှုတ်ခမ်းရှုံ့ရှုံ့ရှုသည်။ သို့ရာတွင် ကျွန်တော်တို့အား ပြန်လွှတ်လို့ရသည် မဟုတ်။ ရဲဘော်များကို တပ်များသို့ပို့သည်။ ကျွန်တော့်အား ဌာနချုပ်တွင် သတင်းထောက်လှမ်းရေးတာဝန်ကို ယူစေသည်။ ကျွန်တော်က ရဲဘော်များနှင့် မခွဲလို၊ တပ်သို့လိုက်ပါလိုသည် ပြောသော်လည်း မရ။ အမိန့်သည် အမိန့်ဖြစ်သည်။

ထောက်လှမ်းရေးတွင် ဗိုလ်သိန်းမောင် တစ်ယောက်တည်း ရှိသည်။ ကျွန်တော်တို့ နှစ်ယောက်ပေါင်းလျှင် ဌာနတစ်ခုဖြစ်သည်။ ရွာများ၊ တပ်များမှရသော သတင်းများကို ဖတ်ကြရသည်။ ဘယ်ရွာ ဘယ်ဒေသတွင် ဂျပန်စစ်တပ်ရောက်နေပြီဆိုလျှင် မြေပုံကြီးပေါ်၌ ထိုဒေသကိုရှာရသည်။ ပြီးလျှင် မြေပုံအညွှန်းကို တွက်ချက်သတ်မှတ်ရသည်။ ညွှန်းချက်နှင့် သတင်းကို ပဲနွယ်ကုန်း၌ရှိသော အင်္ဂလိပ်အမှတ် ၉၈ တပ်မဟာသို့ ပို့ရသည်။ သတင်းပို့ပြီးမကြာမီ အမြောက်တပ်





ပစ်ခတ်လေတော့သည်။ ညွှန်းရာသို့ချိန်၍ ပစ်ခတ်ခြင်းဖြစ်သည်။ အမြောက်ပစ်သံ၊ အမြောက်သံတဝီဝီ ဖြတ်သန်းသံဖြင့် ဆူညံသော စစ်မျက်နှာဖြစ်သည်။

တစ်ခါတစ်ခါတွင် တွေးတောစိုးရိမ်မိသည်။ ကျွန်တော်တို့ရရှိသော သတင်း မှန်ပါရဲ့လား။ သတင်းမှန်လျှင်လည်း အချိန်မီရတာ ဟုတ်ရဲ့လား။ ဂျပန်တပ်တွေက ထွက်ခွာသွားကြမှ အပြေးအလွှား လာရောက်ပေးရသော သတင်းများလည်း ဖြစ်နိုင်သည်။ ဂျပန်တို့ကတစ်နေရာတွင် ကြာကြာတပ်ချ၍ မနေ။ အချိန်မီရောက်သော သတင်းမှန်ဖြစ်ပြန်လျှင်လည်း ရွာအမည်ပြည့်စုံရဲ့လား။ နာမည်တူများကလည်း အများသား။ သတင်းမှန်လျှင်၊ အချိန်နှောင်းလျှင်၊ အမည်မှားကြောင့် မြေပုံရည်ညွှန်းချက် မှားလျှင်မတော် သူ့ခေါင်းပေါ် အမြောက်ဆန်ကျနိုင်သည်။ ရွာနာနိုင်သည်။ ကျွန်တော်တို့ တတ်နိုင်သမျှ သတင်းများကို စိစစ်ကြပါသည်။ မြေပုံ ညွှန်းချက်ကိုလည်း တိတိကျကျဖြစ်စေရန် ကြိုးစားကြပါသည်။

ဂျပန်များက အညံ့မခံကြ။ မည်မျှပင် နာဖျားနေနေ အမိန့်ရထားသည့်အတိုင်း စစ်တောင်းမြစ်သို့ အရောက်ဖောက်ထွက်ရန်ကိုသာ ကြိုးစားကြသည်။ အင်္ဂလိပ်၊ အိန္ဒိယတပ်များက မြို့နှင့်မော်တော်ကား လမ်းပေါ်မှသာ နေသည်။ ကွင်းမဆင်း။ အဝေးမှအမြောက်နှင့် ပစ်ခွင်း၊ လေယာဉ်ဖြင့် ဗုံးကြဲကာ ရန်သူကြေမှတက်သည့် ပရိယာယ်ကိုသုံးသည်။ လက်နက်ပစ္စည်းပေါသဖြင့် လူကိုချွေတာ၊ လက်နက်ပစ္စည်းကို ဖြုန်းသည့်နည်း ဖြစ်သည်။ ပစ္စည်းတတ်နိုင်လျှင် သုံးကောင်းသည့် နည်းပရိယာယ်ဖြစ်သည်။ ဂျပန်တို့မှာ ပြည်နှင့်ဝေး၊ အခြေစိုက်စခန်းများ အလှမ်းကွာလာသဖြင့် လက်နက်ပစ္စည်း ရှားပါးသည်။ လူကိုပင်လက်နက်လုပ်ရသည်။ ကျွန်တော်တို့သည်လည်း ဂျပန်ထံမှ သင်ယူခဲ့သည့်နည်းဖြင့်လူကို အရင်းတည်ကာ တိုက်ကြသည်။ ဂျပန်တပ်များနှင့် ကျွန်တော်တို့တပ်များနီးနီးကပ်ကပ် တွေ့ကြသည်။ အနီးကပ်တိုက်ပွဲတွင် ဂျပန် သုံ့ပန်းအချို့ကိုရကြသည်။ လွယ်လွယ်နှင့် အလျှော့ပေးသူများ မဟုတ်ကြချေ။ အမိခံမည့်အစား မိမိကိုယ်မိမိ အဆုံးစီရင်သွားသည့် ဂျပန်စစ်သားများကလည်း အများ။

တစ်ခါက ဂျပန်စစ်ဗိုလ်တစ်ယောက် ဒဏ်ရာပါလာသည်။ လူငယ်ပင်ဖြစ်သည်။ ဒဏ်ရာမှသွေး ယိုစီးနေသည်။ ခြေထောက်များ ဖောရောင်နေသည်။ ခေါင်ပေါ်မှ မိုးထဲ၊ ရွှံ့ထဲတွင် ဖိနပ်မပါ ဖြတ်ကျော်လာခဲ့ရသည်။ သို့ရာတွင် စိတ်ဓာတ်မကျ။ သူတို့စစ်တောင်းမြစ် ဟိုဘက်တွင်စုမည်။ ပြန်တိုက်မည်ဟုဆို



www.burmeseclassic.com

www.burmeseclassic.ocm



သည်။ သူ့တပ်အင်အားစသည်ကို မေးကြည့်ရာ အဖြေမပေး။ အပြည်ပြည်ဆိုင်ရာ ဂျနီဗာစာချုပ်အရ ရာထူး၊ ကိုယ်ပိုင်နံပါတ်ပြောလျှင် ပြည့်စုံသည်။ ထို့ထက် ပို၍ ဖွင့်ဟစရာမလိုဟု ဖြေသည်။ လာပြန်ချည်သေး၊ ဂျနီဗာစာချုပ်၊ အင်္ဂလိပ် ရေတပ်ဗိုလ်က သုံ့ပန်း တောင်းလျှင် ဤစာချုပ်ကို ကိုးကားသည်။ ဂျပန်စစ်ဗိုလ်က မေးတာကို မဖြေလိုလျှင်လည်း ဤစာချုပ်ကို ကိုးကားသည်။ တစ်နေ့ရန်ကုန်သို့ ပြန်ရောက်လျှင် စစ်ဥပဒေချုပ် ဗိုလ်ကြီးဘစိန်ကို မေးရဦးမည်။ အခုလောက်ဆိုလျှင် အပြည်ပြည်ဆိုင်ရာ ဥပဒေစာအုပ်ကြီးကို သူဖတ်ပြီး ကောင်းပြီ။

ဂျပန်စစ်ဗိုလ်က သူတို့တပ်တွေ ကွဲနေသည်။ ငါးယောက်၊ ခြောက်ယောက် တစ်တွဲ၊ အဖွဲ့ငယ်များဖြင့် ပဲခူးရိုးမမှဆင်း၍ အရှေ့ဘက်တူရူကိုသာ သွားနေရသည်။ သတင်း အဆက်အသွယ် မရှိပါ။ မြို့တွေ၊ ရွာတွေ၊ မော်တော်ကား လမ်းကြီးတွေကို ရှောင်ဖို့သာ ညွှန်ကြားချက်ရှိပါသည်ဟု ဖြေသည်။ ထိုအဖြေ မှန်နိုင်ဖွယ်ရှိသည်။

နောက်တစ်ရက်တွင် ဂျပန်စစ်တပ်မှ သူနာပြုဆရာမအချို့ကို မိလာကြသည်။ သူတို့ကိုလည်း ကျွန်တော်တို့စစ်မေးရသည်။ ဆရာမများသည် ပိန်လှီနေရာကြသည်။ အဝတ်များစုတ်ပြတ်နေသည်။ ခြေသလုံးများ အနာဖြင့် ပွနေသည်။ ကျွန်တော်တို့ ကျွေးမွေးသမျှ သူတို့ အားပါးတရ စားသောက်ကြသည်။ လမ်းတွင် အငတ်ငတ်လာခဲ့ကြရသည်။ သို့ရာတွင် သူတို့သည်လည်း စိတ်မလျှော့။ ဘာလုပ်ချင်သလဲ မေးကြည့်ရာ စစ်တောင်းမြစ်ကိုကူး၍ ဂျပန်တပ်များရှိရာသို့ သွားလိုသည်ဟု ဆိုသည်။ သုံ့ပန်းဖြစ်လျှင် နားရမည်။ ကောင်းကောင်းစားရမည်။ စစ်ကြီးလည်း ပြီးတော့မည်။ ဘာလို့သွားချင်သလဲ ထပ်မံမေးကြည့်ရာ စစ်ကြီး မပြီးသေး၊ ဂျပန် ဘယ်တော့မှလက်နက်မချ၊ အသေခံတိုက်မည်ဟု ပြောကြသည်။

အင်္ဂလိပ်စစ်တပ်နှင့်အတူ ယခင်က မြန်မာပြည်တွင် စတီးဘရားသား သစ်ကုမ္ပဏီတွင် မန်နေဂျာလုပ်ဖူးသော **ပရိုက်စ်** [၁] ဆိုသူပါလာသည်။ သူက မေဂျာဖြစ်နေ၍ ဆက်သွယ်ရေး တာဝန်ယူရသည်။ ဂျပန်များကို မိလာပြီဆိုလျှင် သူ့အား အကြောင်းကြားရသည်။ အပ်နှံရသည်။ သတင်းပို့လိုက်လျှင် ဂျစ်ကား တစ်စီးနှင့် သူ ချက်ချင်း ရောက်လာတတ်သည်။ ရှင်လို့၊ ပြုံးလို့ ဖြစ်သည်။ အင်္ဂလိပ်တပ်များက ဂျပန် သုံ့ပန်း မရ။ ထို့ကြောင့် ကျွန်တော်တို့ထံမှ သုံ့ပန်းကို ခေါ်သွားရလျှင် သူ့မှာ မျက်နှာရရသည်။

၁။ Major Price





စစ်ပြီးနောက်ပိုင်း အင်္ဂလိပ်တွေရေးသော ဒုတိယကမ္ဘာစစ်ကြီးအကြောင်း စာအုပ်အချို့တွင် သူတို့တပ်များက မြန်မာပြည်က စစ်မျက်နှာတွင် ဖမ်းဆီးမိသော ဂျပန် သုံ့ပန်းများဟု ခေါင်းစဉ်တပ်ထားသော ဓာတ်ပုံအချို့ကို တွေ့ရဖူးသည်။ ဓာတ်ပုံထဲမှ ဂျပန်စစ်သားအချို့ကို ကျွန်တော် မှတ်မိပါသည်။ ပဲနွယ်ကုန်းတွင် သိန်းမောင်နှင့် ကျွန်တော်တို့ စစ်ဆေး မေးမြန်းလိုက်ရသော ဂျပန်များ ဖြစ်ကြပါသည်။

## ၂

ဗမာ့တပ်မတော်နှင့် ပြောက်ကျားတပ်များကို အင်္ဂလိပ်တို့က **မျိုးချစ်ဗမာ့တပ်မတော်** [၁] ဟု ကင်ပွန်းတပ်သည်။ တော်သေးသည်ဆိုရမည်။ **ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ–ဒီ–အေ)** [၂] ခေတ်က အင်္ဂလိပ်တို့က ဘီ–ဒီ–အေ ဟု အမည်မှန်ခေါ်ဝေါ်မည့်အစား သူတို့ကို ပုန်ကန်ခြားနားရမည်လားဟု **ဘီ–တီ–အေ (ဗမာ့သစ္စာဖောက်တပ်မတော်)** [၃] ဟုသရော်ခေါ်ဝေါ်ခဲ့သည်။ ယခုမူ အရှေ့တောင်အာရှ မဟာမိတ်တပ်ဖွဲ့ပေါင်းစုံ၏ သေနာပတိမောင့်ဘက်တန်၏ ပါးနပ်လိမ္မာမှု၊ အမြင်ကျယ်မှုကြောင့် ဗမာ့တပ်မတော်ကို လေးလေးစားစား ဆက်ဆံဖို့၊ မျိုးချစ်ဗမာ့တပ်မတော်ခေါ်ဖို့ ဖြစ်လာသည်။ သို့ရာတွင် သူတို့နှင့် လက်တွဲတိုက်ခိုက်နေသော မျိုးချစ်တပ်မတော်ကိုသာ ဤသို့ဆက်ဆံကြသည်။ အခြားနေရာများတွင် လက်နက်ကိုင်၍ တပ်ဖျက်ဖို့က အဓိကဖြစ်နေသည်။ လက်နက်ကိုင်၍ ယောင်လည်လည်ဖြစ်နေသော တပ်မတော်သားများအား ဓားပြမှု၊ လက်နက်မှုဖြင့် ဖမ်းဆီးရုံးတင်လျက်ရှိကြသည်။

ပဲနွယ်ကုန်းတွင် ကျွန်တော်တို့ ဒါတွေကို မသိ။ မိုးထဲ လေထဲ ရွှံ့ထဲတွင် နေ့စဉ် တပ်တာဝန်များကို ထမ်းရွက်ကြသည်။ သတင်းကို စိစစ်၍ အင်္ဂလိပ်စစ်တပ်သို့ ပို့ကြသည်။ စစ်တောင်းမြစ်ဖက်မှ တပ်များသို့ ရိက္ခာ၊ လက်နက်ပို့သည်။ တပ်များမှ ဌာနချုပ်သို့လာရောက် ရိက္ခာထုတ်သော အရာရှိထံမှ တိုက်ပွဲ သတင်းယူသည်။ နေ့စဉ် ဂျပန်တပ်များ ဆင်းနေ၍ တိုက်ပွဲရှိသည်။ ဂျပန်တပ်များ မြစ်ကိုဖောင်ဖွဲ့၍ စုန်ဆင်းရာတွင် ကျွန်တော်တို့တပ်များက ကမ်းပါးမှပစ်ခတ် တိုက်ခိုက်ကြသည်။ မညီမျှသော တိုက်ပွဲဖြစ်သည်။ ဂျပန်များ

၁။ Patriot Burmese Forces (PBF) ၂။ Burma Defence Army (BDA)
၃။ Burma Traitor Army (BTA)



www.burmeseclassic.com

www.burmeseclassic.ocm



အလုံးအရင်းနှင့် ကျသည်။ ကျည်သင့်၍ သေဆုံးသူ၊ ရေနစ်၍ သေဆုံးသူ။ စစ်တောင်းမြစ်သည် သင်္ချိုင်း ဖြစ်နေသည်။

ဌာနချုပ်ရှိရာသို့လည်း ဂျပန်တပ်များ ရံဖန်ရံခါ လမ်းမှားဝင်လာသည်။ အင်နှင့်အားနှင့်ကား မဟုတ်။ တစ်ယောက်တလေ တစ်ဖွဲ့တလေ ဖြစ်သည်။ တစ်ခါက ဂျပန်စစ်သားတစ်ယောက် စခန်းသို့ဝင်လာသည်။ နောက်မှကျွန်တော်တို့ တပ်များကို မြင်၍ သူ့အမှားသိကာ ကျွန်တော်တို့ရုံးကို လက်ပစ်ဗုံးပစ်ရန်ပြုသည်။ ကင်းစောင့်ရဲဘော်များ လက်ဦးသဖြင့် ကျွန်တော်တို့ဘာမှမဖြစ်။ တစ်ခါကလည်း ညကြီးတွင် ဂျပန်တစ်ယောက် ဝင်လာသည်။ ကျွန်တော်တို့ကလည်း သူ့ကို ကိုယ့်ရဲဘော်တစ်ဦးပဲဟု ထင်သည်။ သူကလည်း ကျွန်တော်တို့ကို သူ့ဂျပန်ရဲဘော်တွေပဲဟု ထင်သည်။ အမှားကို ကိုယ်စီသိကြလျှင် နီးရာလက်နက်ကိုင်စွဲ၍ ပစ်ခတ်ကြတော့သည်။ ကံကောင်းထောက်မသဖြင့် အချင်းချင်းမပစ်မိ။ ပြီးမှကြည့်ကြရာ ဂျပန်စစ်သား မရှုမလှ ကျဆုံးနေသည်ကို တွေ့ရသည်။ ဒီအထဲ အင်္ဂလိပ်စစ်တပ်မှ စခန်းကို လာရောက်ဗိုင်းသေးသည်။ မီးမောင်းများလည်း ထိုးထားကြသည်။ ရန်သူ ရှင်းပါပြီပြောမှ သူတို့ ပြန်ကြသည်။

တစ်ခါနေ့ခင်းကြောင်တောင် ဂျပန်တပ်တစ်တပ် အရှေ့ မြောက်ဖက်ကွင်းမှ တက်လာသည်။ ကင်းရဲဘော် မြင်သဖြင့် အင်္ဂလိပ်တပ်သို့ ကျွန်တော်တို့ သတင်းပို့လိုက်သည်။ ချက်ချင်းပင် အိန္ဒိယ၊ အင်္ဂလိပ်တပ်များ မီးရထားထရော်လီပေါ် စစ်သေနတ်ကြီးများတင်ကာ ရောက်လာသည်။ ဂျပန်တပ်များကို တရစပ်ပစ်သည်။ များစွာကွာဝေးသည်မဟုတ်။ တက်လာသောတပ်များ အနားနှင့်အကြား၊ မီးခိုး၊ ဖုန် ထောင်းခနဲ ထသည်။ ဂျပန်စစ်သားများ လေထဲသို့ မြောက်၍ ကျသည်။ ရုပ်ရှင်ထဲမှာလို ဖြစ်သည်။ ခဏကြာတော့ ကျန်သော ဂျပန်တပ်များ ဆုတ်ခွာသွားကြသည်။

ဌာနချုပ်စခန်းတွင် ဗိုလ်ကြီးမောင်ရွှေက ဦးစီးအရာရှိဖြစ်သည်။ လူအေးကြီးဖြစ်သည်။ ပြုံးပြုံးနေတတ်သည်။ ဗိုလ်ကြီး ကျော်က ထောက်ပံ့ရေးကို တာဝန်ယူရသည်။ သူ့တာဝန်နှင့် သူ့ဝါသနာ အံဝင်ခွင်ကျဖြစ်သည်။ သူက အရက် ကြိုက်သည်။ သူကိုင်ရသော ရိက္ခာများတွင် အရက်စည်လိုက်ရှိသည်။ သူ့ကို "ဆကေကျော်"ဟု ခေါ်ကြသည်။ မင်္ဂလာဒုံ စစ်တက္ကသိုလ် ပထမပတ် ဗိုလ်သင်တန်း ကျောင်းဆင်းဖြစ်၍ ကျောင်းကတည်းက "ဆကေ"နာမည်ရဖြစ်သည်။ ဂျပန်ဆရာများက သူ့ကို အလိုလိုက်သည်။ သူ မူးလာပြီဆိုမှဖြင့်





ဂျပန်ဆရာတစ်ဦးက ထမ်းပိုးကာ သူ့အိပ်ရာသို့ပို့ရသည်ဟု ကျောင်းနေဘက်များက ပြောကြသည်။ အထမ်းအပိုးခံရင်း သူကဆူသေးသဖြင့် ဆရာက တိုးတိုးလုပ်ပါ၊ တခြားကျောင်းသားတွေ သိကုန်ပါမည် တောင်းပန်ရသည်ဆိုသည်။ ဂျပန်ဆရာကိုနိုင်သော ဗမာကျောင်းသားအနည်းဆုံး တစ်ယောက်တော့ ရှိခဲ့သေးသည်။

ဗိုလ်စံကြည်၊ ဗိုလ်သိန်းလှိုင်၊ ဗိုလ်ညွန့်မောင်၊ ဗိုလ်လှမြင့် စသောအရာရှိလူငယ်များလည်း ဌာနချုပ်တွင် ရှိကြသည်။ ပျော်ပျော်ပါးပါး စည်းစည်းလုံးလုံး ရှိကြသည်။ ဗိုလ်စံကြည်က စိတ်တိုတတ်သည်။ သို့ရာတွင် စိတ်ရင်းကောင်းသည်။ အချက်အပြုတ် ဝါသနာပါသည်။ ဗိုလ်သိန်းလှိုင်က စကားနည်းသည်။ ဗိုလ်ညွန့်မောင်က ရုံးအုပ်တာဝန်ယူရသည်။ တကုပ်ကုပ် အလုပ်လုပ်သည်။ စေ့စပ်သည်။ ဗိုလ်လှမြင့်က လူဆူလူရမ်းကြီး ဖြစ်သည်။ နောက်ပိုင်း ဗမာ့တပ်မတော်တွင် ဗိုလ်မှူးကြီး ဖြစ်လာတော့လည်း ဆူတုန်း နောက်ပြောင်တုန်း။ ယခုမူ ရွှေတိဂုံစေတီတော်ကြီး ဂေါပကတစ်ဦး ဖြစ်နေပြီ။ စိပ်ပုတီးကိုင်နေပြီဟု ကြားရသည်။

စစ်တက္ကသိုလ် မူလတန်းကျောင်းမှ လူငယ်များလည်း စခန်းတွင်ရှိသည်။ လှမောင်၊ မျိုးသန့်၊ စိန်ထွန်းတို့နှင့် အခြားရဲညွန့်များ ဖြစ်ကြသည်။ ကျောင်းတုန်းက သူတို့အား ကလေးများဟုသာ မြင်ရသည်။ ယခုမူတော်လှန်ရေး ရဲဘော်ကြီးများ ဖြစ်နေကြပေပြီ။ တာဝန်နှင့်အတွေ့အကြုံသည် သူတို့ကို ရင့်ကျက်စေသည်။ ရဲရင့်သော ရုပ်အသွင်ကိုပေးသည်။

ပဲခွယ်ကုန်းအဖွဲ့ထဲမှ ငယ်ငယ်ရွယ်ရွယ်နှင့် ဆုံးရသော ကိုဝင်းလှိုင်တစ်ယောက်ကို သတိရမိသည်။ သူသည် တိုင်းစစ်ဌာနချုပ်တွင် ရုံးအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့သည်။ ပျာယာခတ်သည်။ စကားများသည်။ အလုပ်တော့ လုပ်ရှာသည်။ စစ်ပြီးမကြာခင် သူ့မိဘစရိတ်ဖြင့် လန်ဒန်သို့ ဥပဒေပညာ ဆည်းပူးရန် သူသွားသည်။ နှစ်အတော်ကြာမှ ဝတ်လုံဖြစ်လာသည်။ မြန်မာပြည်သို့ပြန်လာပြီး ရှေ့နေလိုက်၊ အစိုးရရှေ့နေ ဝင်လုပ်ရင်း သေဆုံးသွားသည်။

တိုက်ကြ ခိုက်ကြရတုန်း၊ မိုးဒဏ် လေဒဏ်ခံကြရတုန်းက မသေ။ သေနေ့ စေ့တော့လည်း အေးအေးသက်သာ နေရင်းထိုင်ရင်း သေကြရသည်။ သေခြင်းတရားကို မလွန်ဆန်နိုင်။ ဘယ်အလုပ်က သေတတ်သည်၊ ဘယ်အလုပ်မျိုးက သေဘေးနှင့် ဝေးသည်ဟုလည်း ပြောနိုင်သည်မဟုတ်။

ပဲခွယ်ကုန်း တိုင်းစစ်ဌာနချုပ် စခန်းတွင် နေထိုင်စရာ ရှားပါးသည်။



www.burmeseclassic.com

www.burmeseclassic.ocm



ဇရပ်၊ ကျောင်းတို့တွင် ဖြစ်သလိုနေကြရသည်။ သိန်းမောင်နှင့် ကျွန်တော်ဆေးခန်းလုပ်ထားသော ဇရပ်အပေါ်ထပ်တွင် အခန်းတစ်ခန်းယူ၍ နေကြသည်။ ဆေးခန်းတွင် သေခြင်းတရားကို နေ့စဉ်ဆင်ခြင်ရသည်။

ဗိုလ်ကြီးထွန်းဝင်းသည် ဆေးမှူးဖြစ်သည်။ သို့ရာတွင် အရေးကြီးမှ ဆေးခန်းသို့ လာသည်။ ကျန်အချိန်များတွင် ဆေးတပ်ကြပ် ထိန်လင်းက ဗိုလ်ဖြစ်သည်။ သူပဲ ဆေးပေး၊ ဆေးထိုးလုပ်သည်။ မက်ပါကရင်၊ ငှက်ဖျားဖြတ်ဆေး၊ ဆားခါးဝမ်းနုတ်ဆေး၊ ပင်နီစီလင် ထိုးဆေးတို့သည် သူ့လက်စွဲဆေး များဖြစ်သည်။ သူ ကုသဖြင့် ပျောက်ကင်းသော ရဲဘော်လူနာ တော်တော်များသည်။ မရွံမရှာ အညစ်အကြေးသိမ်း၍ ကုသပြုစုရှာသည်။ သူပဲ ဆရာဝန်၊ သူပဲ ဆေးပေး၊ သူပဲ သူနာပြု။

ဆရာထိန်လင်းက ကျွန်တော်တို့အား သူ့ဆေးခန်းတွင် နေရာချထားခြင်း မပြုမီ စစ်ဆေးသေးသည်။ အကဲခတ်သေးသည်။ ဆူပူမည့် လူတွေလား။ သူ့ကို လာပြီး ဗိုလ်ကျမည့်လူတွေလား။ ကျွန်တော်တို့က ထားရာမှာနေမည်။ အိပ်စရာ ရလျှင်တော်ပြီ။ လူနာတွေအတွက် သတ်မှတ်သော အစားအသောက်များမှ ပိုလျှံလျှင် စားသုံးရန်အသင့်ရှိသည်။ မပိုလျှင်နေပါစေ။ အများနှင့်အတူ ထမင်းရုံတွင် နေ့စဉ်ကျွေးသည့် ငါးသေတ္တာနှင့် ဂေါ်ဖီထုပ်ကြော်ကို မှီဝဲနေထိုင်ပါမည်၊ အားလပ်သည့်အချိန်တွင် စာဖတ်စာရေး လုပ်ချင်ပါသည်ဟု အစစ်ခံကြသောအခါ ဆရာထိန်လင်းက ကျေနပ်လက်ခံသွားသည်။ စားရေးသောက်ရေးကို မပူပန်ကြနှင့်။ သူ့မှာ ရိက္ခာတွေပိုနေသည်။ လူနာများက ဘာမှစားနိုင်ကြသည် မဟုတ်။ နို့စိမ်းဘူး၊ အသားဘူး၊ ချောကလက်၊ ဘီစကွတ်၊ စားလိုရာ စားနိုင်သည်။ ညပိုင်းအပျင်းပြေ အဖျော်ယမကာ၊ ရမ်၊ ဘီယာ သုံးဆောင်လိုလျှင်လည်း ရှိသည်။ လူ မသိစေဖို့ သိုသိုသိပ်သိပ် ရှိဖို့ကအရေးကြီးသည်။ လူသိလျှင် ဗိုင်းအုံလာကြလိမ့်မည်။ လာလျှင် ကျွေးမွေးဧည့်ခံရတာက တာဝန်မကြီး၊ ရာထူးကြီးတယ်လို့ သူတို့ကို အလေးပြုနေရဦးမည်။

သိန်းမောင်နှင့် ကျွန်တော်တို့က ကျွန်တော်တို့ကို အလေးပြုရန်မလိုပါ။ တစ်လုတ်ကျွေးဖူး သူ့ကျေးဇူး။ ဆရာ့ကိုသာ ကျွန်တော်တို့က အလေးပြုရမှာပါဟု ပြောသည်ကို ဆရာထိန်လင်းက လက်ခံသည်။ စာရေးစာဖတ်သူကိုလည်း သူ လွန်စွာကြည်ဖြူသည်။ သူကိုယ်တိုင်လည်း စာရေးသည်။ ကဗျာစပ်သည်ဟု ဆိုကာ စပ်ပြီး ကဗျာ တစ်ပုဒ် နှစ်ပုဒ်ကိုထုတ်၍ ဖတ်ပြသည်။ ကျွန်တော်တို့က





တအံ့တသြ နားထောင်သည်။ သူ့အားပဲနွယ်ကုန်း ရွှံ့နွံထဲတွင် ပွင့်သောအနုပညာရှင် ပန်းတစ်ပွင့် ဖြစ်ပါပေသည်ဟု ချီးကျူးကြသည်။ ထို့နောက်ပိုင်းတွင် ကျွန်တော်တို့ ဆေးခန်းမှာပင် စခန်းချကြတော့သည်။

နေ့ခင်းတွင် အမြောက်သံများဖြင့် ဆူညံသည်။ တစ်ခါတစ်ခါ အမြောက်ကြီး သုံးလေးလက်ပြိုင်တူ ပစ်ခတ်ကြလျှင် ကျွန်တော်တို့နေသော ကျောင်း ဇရပ် လှုပ်ခါသွားသည်။ ညတွင် တစ်ဖက်ခန်းမှ လူနာရဲဘော်များ ညည်းညူကြသည်။ အော်အန်ကြသည်။ ဒီအထဲတွင် ကျွန်တော်တို့ နေသားကျနေသည်။ အမြောက်သံ မကြားရသောနေ့များ၊ လူနာညည်းညူသံ မကြားရသော ညများ၌မူ ထူးဆန်းနေသည်။ တစ်ခုခုလိုနေသလို ဖြစ်နေသည်။ တိတ်ဆိတ်ခြင်းဖြင့် ဆူညံနေသလို ဖြစ်နေသည်။ လူများသည် အကျင့်၏ပြုပြင် ဖန်တီးခြင်းကို ခံကြရသည်။

ဆေးတပ်ကြပ်ထိန်လင်းနှင့် ဆေးမှူး ဗိုလ်ထွန်းဝင်းတို့ မကယ်နိုင်သော ရဲဘော်အချို့ရှိခဲ့ကြသည်။ တစ်ယောက်မှာအပြင်း ဖျားသောရဲဘော်ဖြစ်သည်။ ဘာဆေးနှင့်မှမရ။ ပင်နီစီလင်ဆေးထိုး၍လည်း မသက်သာ။ ရေတိမ်နစ်ရှာသည်။ ရဲဘော်သည် အလွန်ငယ်ရွယ်နုနယ်သည်။ အိမ်မှပြေး၍ တပ်ထဲလိုက်လာသော ကျောင်းသားငယ်မျှသာဖြစ်မည်။ သတိရတစ်ချက်၊ မရတစ်ချက်ဖြစ်နေသည်။ နှုတ်မှရေရွတ်ရာတွင် မိခင်ကိုတမ်းတသည်။ အမိဝမ်းမှ ဆင်းသက်ရသူ ဟူသမျှသည် အရေးကြုံလျှင် မိခင်ကို တမ်းတကြသည်သာ။ အားအင်ဗလဖြင့် ပြည့်ဝလှပါသည်၊ သတ္တိပြောင်မြောက်လှပါသည်ဆိုသော ယောကျ်ားဇာနည်ကြီးများသည်လည်း အရေးကြုံလျှင် မိခင်ကိုသာ တမ်းတကြသည်။

အချို့ရဲဘော်များ၊ ဒဏ်ရာအကြီးအကျယ်ဖြင့် ဆေးခန်းသို့ရောက်သည်။ ဆေးခန်းသို့ရောက်လျှင် သွေးလွန်နေပြီ။ အသက်ငွေ့ငွေ့သာ ပါလာတော့သည်။ ဆေးခန်းတွင် ပစ္စည်းကိရိယာ ဆေးဝါးစုံလင်လှသည် မဟုတ်။ ရှိသမျှ တတ်သမျှဖြင့် အစွမ်းကုန် ကုသကြသည်။ အသက်ဆုံးရသော ရဲဘော်များရှိသလို ဆေးမှူး၊ ဆေးတပ်ကြပ်တို့၏ ကျေးဇူးကြောင့်မထင်ဘဲ ရှင်ရသူများလည်း အများအပြားရှိသည်။

ဗမာ့တပ်မတော်တွင် ဆေးမှူးအဖြစ် အမှုထမ်းခဲ့ကြသော ဗိုလ်ထွန်းဝင်းကဲ့သို့သော ပုဂ္ဂိုလ်များတွင် ဆေးတက္ကသိုလ်မှ ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် အတူလိုက်ပါခဲ့ကြသူတွေ များသည်။ ဗိုလ်လှသမိန်သည် ဖျာပုံမှ တပ်နှင့်လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.ocm



သည်။ ပထမတွင် ဆေးမှူးဟူ၍မဟုတ်။ တိုက်ခိုက်ရေး၊ အုပ်ချုပ်ရေး အကုန် ပါဝင်ရသည်။ ဂျပန် ဗိုလ်မိုးကြိုး မြစ်ဝကျွန်းပေါ်သို့ တက်တော့လည်း တပ်နှင့် လိုက်ပါရသည်။ ဗမာ့ကာကွယ်ရေးတပ်မတော်ဖွဲ့သောအခါ ဆေးမှူးဖြစ်လာသည်။ တပ်ရင်း ၃ နှင့် မြစ်ကြီးနား၊ အင်းတော်ဘက်သို့ တက်ရသည်။ ဆေးကုသည့် အခါတွင် ကုရ၍ တပ်ကိုဦးဆောင်သည့်အခါ ဦးဆောင်ရသည်။

ဆေးမှူးဗိုလ်လွင်ဆိုလျှင်လည်း ထိုနည်းတူဖြစ်သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်တွင် ဝင်ရောက်ကာ တပ်နှင့်ချီသည်။ ဆေးမှူးဖြစ်လာတော့လည်း တပ်ကို အုပ်ချုပ်သည့်အခါ အုပ်ချုပ်၊ ခွဲစိတ်ကုသသည့်အခါ ခွဲစိတ်ကုသရသည်။ တော်လှန်ရေးတွင် မိတ္ထီလာဘက် တိုင်း ၆ နယ်မြေမှ ဗိုလ်မှူးသောင်းကြည်နှင့် အတူ တပ်ရင်း ၅ ကို ဦးဆောင်ကာ မဟာမိတ်တပ်များနှင့် တွဲဖက်၍ တိုက်ခဲ့ သည်။ စစ်ပြီးမှ ဆေးမှူးများ ကျောင်းဆက်တက်ကာ ဆေးပညာဘွဲ့ကို ယူကြ ရသည်။ အင်္ဂလန်နိုင်ငံသို့ တပ်မတော် အရာရှိများအဖြစ် သွားရောက်ကာ ဘွဲ့လွန်ပညာများကို ဆည်းပူးကြရသည်။ သို့ရာတွင် စစ်အတွင်း စစ်မြေပြင်တွင် ဆေးဝါးပစ္စည်း ကိရိယာများ ရှားပါးစွာဖြင့် ရဲဘော်ရာထောင်ကို ကုသစောင့်ရှောက် ခဲ့ကြသည့် ဗဟုသုတသည်ကား တန်ဖိုးကြီးမားလှသည်။ တက္ကသိုလ်တွင် မရ နိုင်သော ပညာ၊ ဗဟုသုတ ဖြစ်သည်။

ဆေးမှူး ဗိုလ်ထွန်းဝင်းသည် စစ်ပြီးခေတ်တွင် ဘွဲ့ယူပြီးနောက် တောင် ဆရာဝန်အဖြစ် ခေတ္တတာဝန်ယူခဲ့သေးသည်။ ဂျူန်ဦးစောနှင့် အပေါင်းပါများ အားအထူးခုံရုံးသို့ တင်ပို့စွဲဆိုခဲ့စဉ်က အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တာဝန် ကျနေသည်။ ငယ်ရွယ်သော တရားခံ ရန်ကြီးအောင်သည် အသက်ပြည့်မပြည့် ဒေါက်တာထွန်းဝင်းကပင် ရုံးခန်း၌ စစ်ဆေးကာ ထင်မြင်ချက်ပေးခဲ့ရသည်။ သေဒဏ်စီရင်သော နံနက်ခင်း၌လည်း စစ်ဆေး အစီရင်ခံခဲ့ရသည်။

ပဲနွယ်ကုန်းတွင် ရဲဘော်အချို့တိုက်ပွဲဒဏ်ရာ၊ နာဖျားရောဂါ စသည်တို့ ဖြင့် ဆုံးရသည်။ သေဆုံးသော ရဲဘော်ကို သရဏဂုံတင်ပြီးနောက် ဌာနချုပ် အနီး မီးရထားလမ်းနံဘေးက သုသာန်တွင် မီးသင်္ဂြိုဟ်ကြသည်။ ပြာအရိုးကို ကောက်ပြီးနောက် လေးထောင့်ထင်းရှူးသေတ္တာငယ်များဖြင့် တစ်ယောက်စီအတွက် ထည့်သည်။ အမည်၊ တပ်ရင်းစသည်တို့ကို မှတ်ထားသည်။ အရိုးအိုးထားခြင်း သည် ဂျပန်နည်းဖြစ်သည်။ သူတို့က အရိုးသေတ္တာများကို တရိုတသေထားသည်။

တပ်များ ရုပ်သိမ်း၍ ကျွန်တော်တို့ လူစုကွဲကြသည့်အခါ အရိုးပြာသေတ္တာ





များကို ဘယ်သူ သိမ်းသွားသည် မသိလိုက်။ သက်ဆိုင်ရာ မိသားစုများကို ပို့ ပေးသည်လား မသိ။ ပို့မည်မထင်။ မိသားစုများကလည်း အရိုးပြာကို မမျှော်။ လူကိုသာ မျှော်ပေလိမ့်မည်။ လူ မပေါ်လာဘဲ အရိုးပြာ ရောက်လာလို့တော့ မထူး။ မြန်မာတိုင်းရင်းသားများသည် သင်္ချိုင်းရသဘောကို ကောင်းစွာ နှလုံးသွင်း ကြသည်။

## ၃

ညအခါများ၌ တိတ်ဆိတ်သည်။ ရုံးဖွင့်ထားရာ ဇရပ်သို့သွား၍ မီးအိမ် တစ်လုံး၏ အရောင်အောက်တွင် စာဖတ်၊ စာရေး လုပ်ရသည်။ အင်္ဂလိပ်လက် နှိပ်စက်ဖြင့် တစ်ခါတည်း ရိုက်နှိပ်၍ စာရေးသည်။ ငယ်ငယ်က ဖခင်သည် လက်နှိပ်စက်တစ်လုံးကို ဈေးပေါပေါနှင့် ဝယ်ပေးဖူးသည်။ ယင်းစက်ဖြင့်ပင် ကျောင်းမှတ်စုများ၊ စာများကို ကူးခြင်း၊ ရေးခြင်း ပြုခဲ့သည်။ ယခုမူ ပဲနွယ်ကုန်း ၌ ဤပညာသည် အသုံးဝင်နေသည်။

ကျွန်တော်တစ်ယောက်တည်း လက်နှိပ်စက် ရိုက်နေသောအခါများတွင် ဝင်းပေါက်၌ ကင်းစောင့်အလှည့်ကျနေသော ရဲဘော်က ချောင်းဟန့်၍ အသံ ပေးသည်။ လှုပ်ရှားခြင်းဖြင့် အသံပေးသည်။ ကျွန်တော့်အား အားပေးသည့် သဘောပါသည်။ သူ မအိပ်ပါ တာဝန်ကျေပါသည်ဟု အသိပေးသည့် သဘော ပါသည်။

ညသည် အိပ်ချိန်၊ နားချိန်ဖြစ်သည်။ အနီးအနားမှ အင်္ဂလိပ်အမှတ် ၉၈ တပ်မဟာ အရာရှိ၊ စစ်သားများ နားနေကြရော့မည်။ အမြောက်ပစ်သမားများ လည်း နားနေကြရော့မည်။ ကွင်းတွေ၊ ရွာတွေကို ဖြတ်နေကြသော ဂျပန်စစ် သားများလည်း နားနေကြရော့မည်။ ကင်းစောင့်၊ ကင်းလှည့်များသာ တာဝန် နှင့် ရှိနေကြမည်။ နားရမည့်အချိန် ကင်းလဲရန် လာမည့်သူကို စောင့်နေကြလိမ့် မည်။

တွေးရင်း၊ တောရင်း အိမ်ဘက်သို့ စိတ်ကူး ရောက်သွားတတ်သည်။ ဖခင်၊ အစ်မ၊ နှမများ ကျန်းမာကြရဲ့လား။ စာမရတာကြာပြီ။ မမြို့အစွန်၊ ရေချမ်းအိုး ရွာဘက်တွင် နေကြသည် ကြားရသည်။ ဘေးရန် ကင်းကြရဲ့လား။ စားဝတ်နေရေး ပြည့်စုံကြရဲ့လား။

ဖခင်သည် မိခင်ဆုံးပြီးသည့်နောက် အလုပ်လုပ်ရင်း သမီးများကို



www.burmeseclassic.com

www.burmeseclassic.ocm



စောင့်ရှောက်ရင်း နေသည်။ သူ့အစ်ကို ကျွန်တော့်ဘကြီး ဦးတင့်နှင့် မတူ။ တစ်ပင်လဲသော်လည်း တစ်ပင်မထူ။ သို့ရာတွင် သူ့ခများ ပျင်းရှာလိမ့်မည်။ လွမ်းရှာ လိမ့်မည်။

အစ်မ၊ နှမများသည် စစ်ဆော စစ်ရန်နှင့် နေ့စဉ်နေမှု ထိုင်မှု အခက်အခဲများကို ရင်ဆိုင်နိုင်ကြလိမ့်မည် ယုံကြည်သည်။ မိန်းမများ ယောကျ်ားထက် စိတ်ကြံ့ခိုင်တတ်သည်။ ယောကျ်ားက ကာယဗလသာချင် သာမည်။ စိတ်ဓာတ်ရေးမှာတော့ မိန်းမက သာမည်ထင်သည်။ သွေးအလိမ်းလိမ်း ဖြစ်နေသောလူနာ၊ သေဆုံးခါးနီး အသက်ငင်နေသော လူနာကို မိန်းမသူနာပြုဆရာမ၊ ဆရာဝန်၊ သို့မဟုတ် လူနာ၏ ဇနီး သမီးကြီးတို့ ယုယတည်ငြိမ်စွာ ကိုင်တွယ်ပြုစုသည်ကို မြင်ဖူးသည်။ ကျွန်တော်သာ ဆိုလျှင် မကိုင်ဝံ့။

မိခင်ဆုံးတော့ ကျွန်တော့်နှမ အထွေးဆုံးသည် ၅ နှစ် ၆ နှစ်လောက်သာ ရှိဦးမည်။ ယခုလောက်ဆို ၉ နှစ်၊ ၁၀ နှစ်။ သူ့ကိုမြင်လျှင် မှတ်မိပါမည်လား။ သူက ကျွန်တော့်ကိုမြင်လျှင် မှတ်မိပါမည်လား။ သူ့ကို ဖခင် မိခင်တို့က ချစ်စနိုး၍ ‘ပူစီ’ ကြောင်မလေးဟု ခေါ်ကြသည်။ အခုလောက်ဆို ပူစီမ ကြီးရော့မည်။

အပြင်ဘက် ကားလမ်းတွင် ဖြတ်သန်းသူ မရှိ။ လူခြေ တိတ်သည်။ ဇရပ်သွပ်မိုးပေါ်သို့ ရွာကျလာသော မိုး၏အသံသာ ရှိသည်။ တစ်ခါတစ်ခါ လူ့သံပေးသော ရဲဘော်၏ ချောင်းဟန့်သံသာ ရှိသည်။

ပူစီမကို မြင်ရဦးမည်လား။ ဖခင်၊ အစ်မ၊ နှမများကို တွေ့ရဦးမည်လား။ ဘာမှမသေချာ။ နေ့မြင်၍ညပျောက်၊ အဖြစ်အပျက် မြန်သည့်ဘဝတွင် ကျွန်တော်တို့ ရှိကြသည်။ ယခု ကျန်းကျန်းမာမာနှင့် စာဖတ်နိုင်သည်။ စာရေး စာဖွဲ့နိုင်သည်။ အတွေးယာဉ်ကိုစီး၍ စိတ်ဖြင့် သွားလိုရာ ခရီးကို အလွယ်ရောက်နိုင်သည်။ သို့ရာတွင် ကျည်ဆန်တစ်တောင့်၊ လက်ပစ်ဗုံးတစ်လုံးသည် အခြေအနေကို ပြောင်းလိုက်နိုင်သည်။ သွားလာလှုပ်ရှားတွေးခေါ်နေသော ဤခန္ဓာကို စဲစေ၍ အခန်းထောင့်စားပွဲပေါ်တွင် စုပုံ၍ တင်ထားသော သေတ္တာများမှ အရိုးပြာကဲ့သို့ ဖြစ်စေနိုင်သည်။

ရဲဘော်တွေ သေကြ၊ ပျောက်ကြရာပြီ။ မင်္ဂလာဒုံစစ်တက္ကသိုလ်က ကိုဖေသန်း။ အရပ်ရှည်ရှည်၊ စိတ်ဓာတ် အလွန်ကောင်းသည်။ သူကျသွားပြီ





တဲ့။ ကျွန်တော်တို့ တပ်စု ၁ မှ စိန်မြင့်၊ ဟင်္သာတသား စကားအလွန်နည်းသည်။ သူလည်း ကျသွားပြီတဲ့။ သတင်းတွေ ဟိုက ဒီက လာသည်။ ကိုယ့်ရဲဘော် ကျဆုံးသည့် သတင်းကြားပြီးလျှင် ကိုယ့်အလှည့်ကို မျှော်သည်။

ကျွန်တော့် မိခင်၏မောင် တင်ညွှန့်တစ်ယောက်လည်း ပဲခူးဘက်တွင် သေဆုံးသွားရှာသည်။ သူ အင်္ဂလိပ်တပ်နှင့် အိန္ဒိယသို့ ဆုတ်ခွာသွားသည်။ နောက် လေထီးသင်တန်းတက်ကာ တော်လှန်ရေးစခန်းသို့ ဆင်းသည်။ ဗိုင်ယာလက်ဖြင့် မဟာမိတ်တပ်များနှင့် ဆက်သွယ်ကူညီပေးရန်ဖြစ်သည်။ အမျိုးသားစိတ်အပြည့်အဝဖြင့် ကူသဖြင့် တိုင်း ၄ မှ ဗိုလ်လွင် စသူတို့က သူ့ကို ခင်မင်ကြသည်။ တင်ညွှန့်သည် တိုက်ပွဲတွင်မကျ။ လေထီးဖြင့် ဆင်းရာတွင် မထိခိုက်။ နာဖျား၍ သေဆုံးရရှာသည်။

ကျည်ဆန်မှန်လျှင် မချိမဆန့် နာကျင်မည်လား။ လက်ပစ်ဗုံးထိလျှင် မချိမဆံ့ နာကျင်မည်လား။ ထိလျှင်တော့ တစ်ချီတစ်ချက်နှင့် ကိစ္စပြီးစေချင်သည်။ ဒိုင်းခနဲ ကြားလိုက်ရမည် ထင်သည်။ ဝင်းခနဲ မီးပွင့်သလို ဖြစ်သွားလိမ့်မည်။ ပူခနဲနေပြီးနောက် အမှောင်အတိ ဖြစ်သွားလိမ့်မည်။ ထိုသို့ တစ်ချက်ကောင်းနှင့် ဘဝပြောင်းရတာက ကောင်းဦးမည်။

သို့သော် မထိခိုက်၊ မဖျားမနာဘဲ အိမ်ပြန်ရတာက ပိုကောင်းမည်။ လုပ်စရာတွေ ရှိသေးသည်။ ဖခင်၊ အစ်မ၊ နှမများကို တွေ့လိုသေးသည်။ ဟင်္သာတမြို့တွင် ကျန်ရစ်ခဲ့သော မအတ္တာကို တွေ့လိုသေးသည်။ တွေ့လျှင် မေးစရာ ပြောစရာတွေ အများကြီး ရှိသေးသည်။ တပ်မတော်အကြောင်း၊ တော်လှန်ရေးအကြောင်း ရေးစရာ ပြောစရာတွေ အများကြီး ရှိသေးသည်။ ရင်ထဲတွင် အောင်းနေရသည့် ခံစားချက်များက အပြင်သို့ ဖောက်ထွက်လိုကြသည်။

ပြီးလျှင် မြန်မာပြည် အပုံ့အနှံ့သွားကြည့်ချင်သည်။ တပ်မတော်နှင့် ရောက်ခဲ့ရသော နေရာများသို့ တစ်ခေါက်ပြန်လှည့်ဦးမည်။ ရဲဘော်တွေက သူတို့ မြို့ရွာလာလည်ပါဦး ဖိတ်ကြားထားတာကို သွားလိုက်ဦးမည်။ ရခိုင်၊ ရှမ်းပြည်၊ မြိတ်၊ ထားဝယ်၊ မြစ်ဝကျွန်းပေါ်၊ မြေလတ်၊ အညာ။ ခရီးဆန့်လိုက်ဦးမည်။ ဘုရားတွေ ဖူးလိုက်ဦးမည်။

ဘုရားဖူးမည်ဆိုလို့ စစ်ဌာနချုပ်စခန်းချရာ ဘုန်းတော်ကြီးကျောင်းထဲ ရှိ သိမ်တော်ထဲတွင် ကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူရှိသည်။ [illegible]သည်။ သို့ရာတွင် တစ်ခါသာ မှတ်မှတ်ရရ ဖူးရသေးသည်။ သိမ်ထဲသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.ocm



သွားသည်မှာလည်း ဘုရားဖူးဖို့ မဟုတ်။ စခန်းသို့ ရောက်ခါစ နေထိုင်စရာ ရှာဖွေရင်း ရောက်သွားခြင်းဖြစ်သည်။ ရောက်မှတော့ မိရိုးဖလာ ဗုဒ္ဓဘာသာ သားကောင်းပီပီ ဒူးတုပ်၍ ဝတ်ချသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပြုံး၍ ကြည့်နေသည် ထင်ရသည်။ မျက်လုံးတော်အစုံ၏ ဒဏ်ကိုမခံနိုင်သဖြင့် ပြန်လာခဲ့သည်။ သိမ်ထဲတွင် နေရာကျယ်သော်လည်း မနေ။ ကျွန်တော်သာ မဟုတ်သေး၊ မည်သူမျှ မနေ။

၄

တစ်ည၊ အင်္ဂလိပ်တပ်ဖက်မှ မီးမောင်းတွေထိုးသည်။ မီးကျည်တွေ လွှတ်သည်။ ကောင်းကင်တစ်ခုလုံး ယိမ်းကနေသော မီးမောင်း၊ ပွင့်ကြွေနေသော မီးကျည်တို့ဖြင့် လင်းထိန်နေသည်။ တပ်ကို ဂျပန် ဝိုင်း၍ တိုက်လေပြီဟု ကျွန်တော်တို့ ထင်၍ အသင့်ပြင်ကြသည်။

နောက်မှ သူတို့ထံမှ သတင်းရသည်။ တိုက်ပွဲမဟုတ်။ စစ်ကြီးပြီးလို့ အားရဝမ်းသာ အထိမ်းအမှတ်ပြုကြတာဖြစ်သည်။ ဂျပန်တို့ လက်နက်ချပြီ။ အနှစ်နှစ်အလလ အိမ်မှ ခွဲလာခဲ့ကြသော စစ်သားများ အိမ်ပြန်နိုင်တော့မည်။ အင်္ဂလိပ်တွေ အင်္ဂလန်ပြန်မည်။ အာဖရိကမှ စစ်သားများ အာဖရိကပြန်မည်။ အိန္ဒိယမှ စစ်သားများ အိန္ဒိယပြန်မည်ဆိုတော့ ဝမ်းမသာသူမရှိ။

ဗိုလ်ကြီး "ဆကေကျော်" က ရဲဘော်များကို ရမ်အရက်ထုတ်ပေးသည်။ မကြာမီပင် ကျွန်တော်တို့စခန်းမှလည်း ဟိုဘက်တပ်ကဲ့သို့ ဆူဆူညံညံဖြစ်လာသည်။ မီးမောင်းထိုးစရာ မရှိ။ မီးကျည်ပစ်စရာ မရှိ။ ထို့ကြောင့် ရဲဘော်များက ရိုင်ဖယ်သေနတ် ပစ်ဖောက်ကြသည်။ အချင်းချင်း မပစ်မိကြရအောင် ထိန်းသိမ်းပေးရသည်။

ကျွန်တော်တို့အဖို့ ဝမ်းသာ ဝမ်းနည်းဖြစ်ကြသည်။ အိမ်ပြန်ကြရမှာမို့ ပျော်ပါသည်။ သို့ရာတွင် ဘဝယောင်ချာချာ ဖြစ်ကြရဦးမည်။ အစမှပြန်၍ ကောက်ကြရဦးမည်။ ကုန်ခဲ့သော နှစ်များအတွက် အကြွေးဆပ်ကြရဦးမည်။ ကျောင်းပြန်တက်မည့်ရဲဘော် နည်းသည်။ တော်လှန်ရေး လုပ်ခဲ့ပြီးနောက် စာသင်ခန်းသို့ ပြန်ဝင်ရန် ဝန်လေးလိမ့်မည်။ တိုက်ပွဲတွေ၊ စွန့်စားခန်းတွေ ဝင်ခဲ့ပြီးမှ နေ့စဉ် ကျောင်းတက်၊ စာတွေ အလွတ်ကျက်၊ ဂဏန်းတွက်၊ စာမေးပွဲဖြေ လုပ်နေကြရဦးမှာလား။ ကျောင်းပြန်မနေလျှင်လည်း ဘာလုပ်ကြမည်နည်း။





တပ်ထဲတွင် ဆက်၍ နေမည့်ရဲဘော်များရှိသည်။ အချို့ကလည်း စစ်သားဘဝကို ငြီးငွေ့ပြီ။ သိန်းမောင်၊ ထိန်လင်းနှင့် ကျွန်တော်တို့က တပ်မှထွက်၍ စာရေးမည်။ စာအုပ်ထုတ်မည်။ စာပေဖြန့်ချိရေးလုပ်မည်ဟု စိတ်ကူးယဉ်ကြသည်။ စာရေးစား၍ ထမင်းဝမည် မဟုတ်ဟု နားလည်သည်။ ထို့ကြောင့် တောပိုင်း တစ်နေရာတွင် ဥယျာဉ်ခြံစိုက်မည်။ အားချိန်တွင် စာရေးမည်။

စစ်ကြီးမပြီးသေးလျှင် မျိုးချစ်ဗမာ့တပ်မတော်သားအချို့ကို မြန်မာပြည်ကိုကျော်၍ပင် ဂျပန်စစ်တပ်ကို လိုက်လံတိုက်စေမည်၊ လေထီးဖြင့် ဂျပန်တပ်များ၏နောက်ဖက်တွင် သက်ဆင်းစေမည်ဟု တိုင်းမှူးက ဆွေးနွေးထားကြသည်။ စစ်ကြီးကြာပေမင့် မြန်မာပြည် မနာနိုင်။ စစ်အန္တရာယ်ကင်းသွားသည်နှင့် သွားလာ ရောင်းဝယ်လို့ ရပြီ။ စစ်မျက်နှာဆုတ်သွားသည်နှင့် အင်္ဂလိပ်တို့က မြန်မာပြည်တွင် လမ်း၊ မီးရထား၊ တံတား၊ ဆိပ်ကမ်းတွေ ဆောက်ကြလိမ့်မည်။ တိုးချဲ့ကြလိမ့်မည်။ နိုင်ငံ၏ စီးပွားရေးကို အထောက်အကူဖြစ်စေမည့် ထူထောင်ရေးကို မဖြစ်မနေ လုပ်ကြရလိမ့်မည်။ မြန်မာတိုင်းရင်းသားတို့အတွက်လည်းစည်းရုံးကြဖို့ အချိန်ပိုရသည်။

ဂျပန်စစ်တပ်များ ပဲခူးရိုးမမှ ဆင်းသက်နေချိန်၌ပင် ကုန်သည်များ၊ ခရီးသည်များ၊ ဘတ်စ်ကားနှင့် မန္တလေး၊ ရန်ကုန်လမ်းမကြီးပေါ်တွင် သွားလာနေကြသည်။ တောင်ငူ၊ ဖြူးမှညောင်လေးပင်၊ ပဲခူးလောက်အထိ သတိထားရသည်။ ဂျပန်စစ်တပ်များနှင့် ဝင်၍ တိုးတတ်သည်။ တိုးပြန်မိလျှင်လည်း အန္တရာယ်မကြီး။ ဂျပန်များက ကားကိုရပ်စေ၍ သူတို့လိုရာ အစားအစာ၊ အဝတ်၊ ဖိနပ်စသည်တို့ကို ယူတတ်သည်။ ပြီးလျှင် သူတို့ခရီး သူတို့ ဆက်သည်။ အရပ်သားတွေကို နှိပ်စက်ညှဉ်းပန်းရန် သူတို့တွင် အချိန်မရှိ။ အင်အားမရှိ။

ထို့ကြောင့် မြန်မာပြည်ကို လွန်၍ စစ်မျက်နှာဆုတ်ခွာသွားကာ စစ်ကြီးမပြီးသေးဘဲနေလျှင်လည်း မြန်မာပြည် နစ်နာဖို့ မရှိ။ ဧတနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဟာမိတ်တို့သည် နိုင်ငံကို ထူထောင်ကြရလိမ့်မည်။ သူတို့ထူထောင်ထားသမျှကို မြန်မာပြည်လွတ်လပ်ရေး ရသောအခါ အဆင်သင့်ရလိုက်ကြမည်။

စစ်ကြီးပြီးသော်လည်း ကျွန်တော်တို့အဖို့ တာဝန်မပြီးဆုံးသေး၊ အိမ်ပြန်ကြရဖို့ လိုသေးသည်။ ဂျပန်စစ်တပ်များသည် တောတွင်၊ တောင်တွင်ပျံ့နှံ့၍ နေကြသည်။ အကွဲကွဲဖြစ်နေကြသည်။ သူတို့အချင်းချင်း အဆက်အသွယ်မရှိ။



www.burmeseclassic.com

www.burmeseclassic.ocm



ပြည်မနှင့်လည်း ပြတ်ကင်း နေသည်။ စစ်ကြီးပြီးပြီ။ ပြန်လာခဲ့ကြတော့ဟု သူတို့အား ခေါ်ရန် မလွယ်။ အင်္ဂလိပ်တို့က လေယာဉ်ပျံများမှ ဂျပန်စာဖြင့် ရေးသားသော စစ်ပြီးကြောင်း စာတန်းကို အပျံ့အနှံ့ကြဲချသည်။ သို့ရာတွင် စာတန်းများ ဂျပန်တပ်များလက်သို့ ကျရောက်မရောက်မသိသာ။ ဂျပန်များ မဝင်လာကြသည်မှာတော့ သိသာသည်။ စာတန်းများကို သူတို့ရကြစေဦးတော့ ယုံကြည်လက်ခံကြမည်လား။ နေမျိုးနတ်နွယ် ဧကရာဇ်၏ စစ်သား၊ ရာဇဝင်တွင် အညံ့မခံရဖူးဘူး၊ စစ်မရှုံးခဲ့ဖူးဘူးဟူ၍ ငယ်စဉ်ကပင် သွေးထိုးခံထားရသည့် စစ်သား၊ ဂျပန်က လက်နက်ချအညံ့ခံလိုက်ပြီဆိုသည့် စကားကို ယုံမည်လား။

စစ်တောင်းမြစ်တစ်လျှောက်မှ မျိုးချစ်ဗမာ့တပ်မတော်တပ်ဖွဲ့များအား ပစ်ခတ်ခြင်း ရပ်စဲထားရန် ညွှန်ကြားထားသည်။ ဂျပန်စစ်တပ်များက ဆင်းမြို့ ဆင်းဆဲ၊ မြစ်ကို ဖောင်ဖြင့်စုန်ဆဲ။ တစ်ခါတစ်ရံ သူတို့က အတင့်ရဲလာပြီး ကျွန်တော်တို့တပ်များကို ဝင်ရောက်တိုက်ခိုက်သည်။ ရဲဘော်အကျအဆုံးရှိသည်။ အတိုက်အခိုက် ရပ်စဲရမည်ဆိုသည့် အမိန့်ကိုနာခံရင်း ကျဆုံးရသည့် ရဲဘော်များ အတွက် ကြေကွဲဖွယ်ဖြစ်သည်။

အင်္ဂလိပ်တို့က နည်းလမ်း ရှာသည်။ ဘန်ကောက်မြို့၊ ဆေးဂုံမြို့တို့မှ ဂျပန်တပ်မှူးအချို့ကို ရန်ကုန်သို့ ဖိတ်ခေါ်ကာ သူတို့ကို တောထဲသို့ လွှတ်မည်။ တွေ့ရာ ဂျပန်တပ်များကို သူတို့က နားဝင်အောင် ဖျောင်းဖျပြောဆိုမည်။ ဘုရင်၏ စစ်ငြိမ်းကြောင်း စာတန်း၊ လက်နက်ချကြရန် အမိန့်ကို ဖတ်ပြမည်။ ပြီးလျှင် တပ်များကို စု၍ ခေါ်ခဲ့မည်။

ဂျပန်တပ်မှူး တစ်ယောက်စီကို တောထဲသို့ ခေါ်ဆောင်သွားဖို့ ကျွန်တော်တို့ စစ်ဌာနချုပ်အား တာဝန်ပေးသည်။ ကျွန်တော်နှင့် တပ်စိတ် တစ်စိတ်၊ ဂျပန် ဗိုလ်မှူးတစ်ယောက်နှင့် ကျောက်ကြီးအထက် တောများကို နင်းကြရမည်။ နယ်ကို ကျွမ်းကျင်သော ကရင်ရဲဘော်တစ်ဦးဖြစ်သည့် ဗိုလ်ထင်ကျော်လည်း ကျွန်တော်တို့နှင့် ပါမည်။

အင်္ဂလိပ်တပ်က ရိက္ခာခြောက် လိုသလောက်ပေးလိုက်သည်။ ခရီးတစ်ထောက် ကားနှင့် လိုက်ပို့သည်။ ချောင်းသို့ ရောက်သော် အထက်သို့ ဆန်ဖို့ မော်တော်ဘုတ်တစ်စီး ပေးသည်။

ချောင်း ကျဉ်းမြောင်းသည်။ ကမ်းမှ ဝါးလုံးဖြင့် လှမ်းရိုက်လို့ရသည်။ ဝါးရုံတွေ အုပ်ဖုံးနေသည်။ ရွာဝေးသည်။ ချုံခိုတိုက်လျှင် အလွယ်လေး။ စဉ်းစားရင်း ကျောချမ်းမိသည်။





ချောင်းဘေးရွာအချို့ ပျက်နေသည်။ ရွာသူရွာသား အရိပ်အယောင် မမြင်ရ။ အချို့သော တဲအိမ်များ ပြိုပျက်နေသည်။ အမြောက်ဆန်ထိသည် ထင်သည်။ အိမ်သူအိမ်သားများမှ ချမ်းသာကြပါလေစ။

ရွာတစ်ရွာတွင် တစ်ညနားကြသည်။ မည်သူမျှမရှိ။ ခွေးတစ်ကောင် နှစ်ကောင် ဟောင်သည်။ နောက်အနားသို့ မရဲတရဲကပ်လာကာ အစာတောင်းသည်။ ကျွန်တော်တို့က ပါလာသော ရိက္ခာခြောက်ထုတ်ကျွေးသည်။ ဘီစကွတ်ခြောက်ကို ဝါးပြီးမျိုလျှင် အာခေါင်တွင် ကပ်သည်။ ရေအဝသောက်ကာ မျှောချရသည်။

ပျဉ်ထောင်အိမ်ကြီး တစ်အိမ်တွင် ဝင်ကာ ကျွန်တော်တို့ စခန်းချသည်။ အိမ်သားများ သုတ်သီးသုတ်ပျာ ထွက်ပြေးကြသည် ထင်သည်။ ပရိဘောဂ ဖရိုဖရဲ ဖြစ်နေသည်။ ကြမ်းပြင်ပေါ်တွင် စာအုပ်တွေ ပြန့်ကြဲနေသည်။ ကလေးများ၏ ကျောင်းစာအုပ်များ၊ ဒေါင်းတံဆိပ် ပထမတန်းဖတ်စာ စာအုပ်လည်း ပါသည်။ "ယနေ့ စနေနေ့၊ လေတိုက်သည်၊ စာကလေးနားနေသည်၊ ဖိုးဆိုက်လေးတင်သည်။ နေပါစေလား" ဖတ်စာ၏သင်ခန်းစာ အမှတ်တစ်ကို လှန်လှော၍ ဖတ်မိသည်။ ဒီစာကို ငယ်စဉ်က အလွတ်ကျက်မှတ်ခဲ့ရသည်။

ကွဲနေသော ဂျပန်တပ်အချို့ကို ကျွန်တော်တို့အဖွဲ့က တွေ့ပါသည်။ တွေ့လျှင် သတိကြီးစွာဖြင့် ဆက်သွယ်ရသည်။ ကျွန်တော်တို့က နောက်ချန်နေရစ်ခဲ့ပြီးနောက် ဂျပန်မေဂျာက တစ်ယောက်တည်း ရှေ့သို့တက်သည်။ အဝေးမှ အသံပြု၍ သွားသည်။ ဂျပန်တပ်နှင့် တွေ့သောအခါ သူက တပ်များကို တန်းစီခိုင်းသည်။ ပြီးလျှင် စစ်ပြီးကြောင်း ကြေညာချက်၊ လက်နက်ချခိုင်းသော ဘုရင့်အမိန့်တို့ကို ဖတ်ပြသည်။

နာဖျား၊ အင်အားချည့်နဲ့နေသော ဂျပန်တပ်များသည် ဘုရင့်အမိန့်ဟု ဆိုသည်နှင့် တောင့်တောင့်တင်းတင်း၊ သတိအနေအထားဖြင့် ရပ်သည်။ အမိန့်နာခံပြီးလျှင်မူ ငိုယိုသူ ငိုယိုကြသည်။ ရပ်တည်မရ၊ မြေသို့ ပျော့ခွေကျသူများလည်းရှိသည်။ အရာရှိတစ်ယောက် သူ့ကို မည်သူမျှ မတားလိုက်နိုင်မီ လက်ပစ်ဗုံးဖောက်ခွဲ၍ မိမိကိုယ်ကို မိမိ အဆုံးစီရင်သွားသည်။

တောနင်း၍ လိုက်လံရှာဖွေကြသည့် တနင်္ဂနွေ နှစ်ပတ်လောက်အတွင်း ကျန် စစ်သား ၂၀၀ ခန့်ကို ကျွန်တော်တို့ စု၍ ခေါ်လာခဲ့ကြနိုင်သည်။ သူတို့နှင့်



www.burmeseclassic.com

www.burmeseclassic.ocm



အတူ ရင်းရင်းနှီးနှီး စခန်းချ အတူစားသောက်ကြသည်။ သူတို့၏ လက်နက်ကို မသိမ်း။ သိမ်းယူလောက်အောင်လည်း ကျွန်တော်တို့မှာ လူအင်အားမရှိ။ စစ်သုံ့ပန်းများကို ဖမ်းလာသည် သဘောမထား။ မဟာမိတ်ရဲဘော်များနှင့်အတူ ချီလာသည့် သဘောသာထားသည်။ သူတို့ကလည်း စည်းကမ်းရှိရှိ လိုက်ပါလာသည်။ ဂျပန် မေဂျာပြောသမျှကို တစ်သဝေမတိမ်းလိုက်နာသည်။

နောက်ဆုံးည၊ ချောင်းနဖူးမှ ရွာတစ်ရွာတွင် စခန်းချကြသည်။ ရွာသားအချို့ပြန်ရောက်လာကြပြီ ဖြစ်သဖြင့် သူတို့ထံမှ ဆန်၊ သားငါး၊ သီးနှံဝယ်၍ ထမင်း၊ ဟင်းချက်ပြုတ်စားကြသည်။ ရိက္ခာခြောက်နှင့် နေခဲ့ရတာ ငြီးငွေ့ကြပြီ။

နက်ဖြန်ဆိုလျှင် ဂျပန်စစ်သားများကို အင်္ဂလိပ်စစ်တပ်သို့ ပေးအပ်ရတော့မည်။ ပြီးလျှင် ကျွန်တော်တို့လည်း ပဲခွယ်ကုန်းသို့ ပြန်ဖို့သာ ရှိသည်။ ဂျပန်စစ်သား ၂၀၀ ပါလာသည်ကို တွေ့လျှင် မေဂျာပရိုက်စ် မည်မျှ ဝမ်းသာလိုက်မည်နည်း။ သူ့အထက်အရာရှိများထံမှ မည်မျှမျက်နှာရလိုက်မည်နည်း။

ကျွန်တော်တို့အား မော်တော်ဘုတ်နှင့် လိုက်ပို့သော အင်္ဂလိပ်စစ်ဗိုလ်အား တောထဲကိုပါ လိုက်ခဲ့ပါလားဟု ခေါ်သေးသည်။ သူက တွင်တွင်သာ ခေါင်းခါ၍ သူ့တာဝန်မှာ ကျွန်တော်တို့အား ပို့ဖို့ကြိုဖို့သာ ဖြစ်သည်၊ ဘယ်နေ့ ဘယ်နေရာ အရောက်ပြန်ခဲ့ပါမှာကြား၍ ချာခနဲလှည့်ကာ ပြန်သွားသည်။ နက်ဖြန်ဆိုလျှင် အကြိုမော်တော်ဘုတ် လာတော့မည်။ တစ်စင်းနှင့် မလောက်။ ၄-၅ စင်း ပါလာမှ ဖြစ်မည်။

ညနက်သည်အထိ ကျွန်တော်တို့ အိပ်မပျော်ကြသေး။ ကွင်းထဲတွင်ဖိုထားသော မီးဖိုးအနားတွင် ရေနွေးကြမ်းသောက်ရင်း ဝိုင်းဖွဲ့နေကြသည်။ မိုးရာသီကုန်တော့မည်။ သီတင်းကျွတ်ဖို့ မဝေးတော့။ ကောင်းကင်ကြည်လင် နေသည်။ ကြယ်တွေစုံသည်။ ရန်ကုန်မှာ ဆိုလျှင်တော့ မိုးကောင်းနေဦးမည် ထင်သည်။ မိုးရာသီ၏အမြီးခတ်ခြင်းကို ခံနေကြရပေလိမ့်ဦးမည်။

ခင်မင်နေသော ဂျပန်မေဂျာက ဗမာတပ်မတော်သည် မည်ကဲ့သို့ ဆက်လက် စခန်းသွားကြမည်လဲ၊ ဘာလုပ်ကြမည်လဲ၊ စစ်ကြီးတော့ ပြီးပြီ၊ ဒို့ ဂျပန်တပ်တွေလည်း မှားတာတွေမှားခဲ့လို့ မရှုံးစဖူး စစ်ရှုံးရပြီဟု ဝမ်းနည်းစွာ ပြောသည်။ မေးသည်။ လွတ်လပ်ရေးရလျှင် ရ၊ မရလျှင် ဆက်ပြီး တိုက်ရမှာပေါ့ဟု ကျွန်တော်က ခပ်ကြွားကြွား ဖြေသည်။ ဂျပန်မေဂျာက ပြုံး၍ တိုက်





သင့်သည့်အခါ ရှိသည်၊ ရပ်နား၍ ကိုယ့်အင်အားကို ပြန်မွေးရသည့်အခါ ရှိသည်၊ ဒို့ ဂျပန်တွေလည်း အားမွေးရဦးမည်၊ စောင့်ကြရဦးမည်၊ အားပြည့်မှ နိုင်ငံကို ပြန်လည်ထူထောင်မည်၊ အနိုင်အရှုံးဆိုသည်မှာ စင်စစ်တော့ အခြေအနေတစ်ရပ်၊ အချိန်ကာလတစ်ခု၊ ပညတ် အခေါ်အဝေါ် တစ်မျိုးမျှသာ ဖြစ်သည်ဟု လေးနက်စွာ မှာလေသည်။

## ၅

ပဲခွယ်ကုန်းတွင် လုပ်စရာ မရှိတော့ချေ။ နားနေရင်း တပ်ရုပ်သိမ်းဖို့ စစ်ဆေးရေးအဖွဲ့များ အလာကိုသာ စောင့်နေကြရသည်။

အလုပ်မရှိ၊ ရွေ့ရေးမသဲကွဲသော တပ်များ၊ ရဲဘော်များကို ထိန်းရတာ မလွယ်ချေ။ ရဲဘော်တွေ လေလွင့်ချင်သည်။ ရမ်းချင်သည်။ ရွာထဲသို့ ထွက်၍ သွားလာနေကြသည်။ အင်္ဂလိပ် စစ်တပ်ကို အပ်ရတော့မယ့် အတူတူဆိုပြီး လက်နက်တွေကိုင်ကာ ပစ်ခတ်ကြသည်။ ချောင်း၊ ရေကန်သို့ သွား၍ လက်ပစ်ဗုံးခွဲကာ ငါးဖမ်းကြသည်။

ရွာသားများက ငြီးငြင်လာသည်။ ရဲဘော်များ ပစ်ခတ်သဖြင့် မတော်တဆ ထိခိုက်အနာတရ ဖြစ်သွားသော ရွာသားများရှိသည်။ ရွာသားများသည် စစ်ကို ငြီးငွေ့ပြီ၊ စစ်သားများကို သွားစေချင်ပြီ။ ကမ္ဘာစစ်ကြီးပြီးမှပဲ။ အင်္ဂလိပ်တွေ၊ ကပွလီတွေ၊ မြန်မာရဲဘော်များ အပါအဝင် ပြန်ကြဖို့ ကောင်းပြီဟု သူတို့စိတ်တွင် ဖြစ်ပေါ်သည်။ သူတို့ကို အပြစ်တင်ရန် မဟုတ်။ သူတို့ အေးချမ်းစွာ ရောင်းဝယ်ဖောက်ကား သွားလာလုပ်ကိုင် နေထိုင်လိုကြပြီ။

နေဖို့ အချိန်ရှိသည်။ သွားဖို့ အချိန်ရှိသည်။ ကျွန်တော်တို့ကလည်း သွားချင်ပါပြီ။ စစ်ဆေးရေးအဖွဲ့များက မလာသေး။

သီတင်းကျွတ်ကျော်မှ အဖွဲ့များ ရောက်လာကြသည်။ တပ်များကို ပဲခွယ်ကုန်း၌စုကာ ဆန်စက်ကြီးများထဲ၌ ဆေးစစ်ခြင်း၊ စာရင်းမှတ်ခြင်း၊ လစာငွေ ထုတ်ပေးခြင်းတို့ကို ပြုလုပ်သည်။ လုပ်တော့လည်း မြန်ပါသည်။ တစ်ရက်ဆိုလျှင် ရဲဘော်တွေ ရာနှင့်ချီ၍ ပြီးပြတ်သည်။ ဟိုထောင့်မှာ ဆေးစစ်၊ ဒီစားပွဲမှာ စာရင်းမှတ်၊ ဟိုစားပွဲမှာ လစာထုတ်၊ ပြီးလျှင် လက်မှတ်တစ်စောင်ယူ၊ ပြီးလျှင်ပြီးရော။ ပြတ်သည်။ စစ်သားဘဝမှ အရပ်သားဖြစ်သည်၊ လွယ်အိတ်တစ်လုံး လွယ်ပြီးလျှင် သွားလိုရာ သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.ocm



ဗိုလ်ချုပ်နေဝင်း လာ၍ ရဲဘော်များကို တွေ့ဆုံမေးမြန်း၊ နှုတ်ဆက်အားပေးလုပ်သည်။ ရဲဘော်များကို မှတ်မိသည်။ အရာရှိများကို ဆိုလျှင် အမည်နှင့် နောက်ကြောင်းနှင့် အတပ်မှတ်မိသည်။ တပ်ကို ဖျက်ရပြန်ပြီ။ ပျက်ပြီးလျှင် ပြန်ဖွဲ့မည်။ ပျက်လိုက် ဖွဲ့လိုက်လုပ်ရတာမျိုးကိုဖြင့် ဗိုလ်ချုပ်အဖို့ ရိုးနေပြီ။ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်၍ ဗမာ့ကာကွယ်ရေးတပ်မတော်ကို ဖွဲ့ခဲ့သည်။ ဗမာ့ကာကွယ်ရေး တပ်မတော်ကို တိုးချဲ့ဖွဲ့စည်းခဲ့သည့် ဗမာ့တပ်မတော်မှ မျိုးချစ်ဗမာ့တပ်မတော် ဖြစ်လာသည်။ ယခုဖျက်ရပြန်ပြီ။

ဖျက်ပြီးလျှင် ဖွဲ့မည်။ အမျိုးသားရေး ကြိုးပမ်းခဲ့သည့် တိုင်းရင်းသားစုံ၊ လူတန်းစုံပါဝင်သည့် တပ်မတော်သည် ဖျက်ကာမျှနှင့်မပျက်။ ရုပ်သိမ်းကာမျှနှင့် မပျောက်။ ပြန်သည့် ရဲဘော်တွေ ဗမာ့တပ်မတော်ကို မေ့နိုင်ကြမည် မဟုတ်။ တော်လှန်ရေးအတွေ့အကြုံကို မေ့ကြမည် မဟုတ်။ တော်လှန်ရေးစိတ်ဓာတ်ကို ဖျောက်ကြမည် မဟုတ်။

သူတို့ သွားလာရာသို့ ဤစိတ်ဓာတ်ကို သယ်ဆောင်သွားကြလိမ့်မည်။ ထို့ကြောင့် မျိုးချစ်ဗမာ့တပ်မတော်သည် ပျောက်ကွယ်၍ မသွား။ ပြန့်ပွား၍သာ သွားလိမ့်မည်။ စိတ်ဓာတ်အစစ်အမှန်ကို ထိန်းသိမ်း၍ ကောင်းမြတ်သော အပြုလုပ်ငန်းများတွင် သုံးစွဲကြဖို့သာ အရေးကြီးသည်။ ငါတို့သည် တော်လှန်ရေးရဲဘော်တွေပဲ၊ သူများထက် ထူးကဲသော အာဇာနည်ပုဂ္ဂိုလ်တွေပဲဟု လွဲမှားသော မာနကို မထားမိကြဖို့ အရေးကြီးသည်။

တော်လှန်ရေးတွင် ပါဝင်ခွင့်ရလိုက်ကြသည်မှာ ကျွန်တော်တို့ ရသောဆုလာဘ်ဖြစ်သည်။ ကျွန်တော်တို့၏အကျိုးဒုလ္လဘာ ဖြစ်သည်။ ဤသို့ ပါဝင်ချင်ပါသည်ဆိုကာ ရာဇဝင်ကို ပြင်၍ရသည် မဟုတ်။ သူ့ခေတ်နှင့်သူ့အခါ ကြုံတောင့်ကြုံခဲသောဖြစ်ရပ်တွေ ပေါင်းဆုံစဉ်တွင် ကျွန်တော်တို့ ပါဝင်လိုက်ရခြင်းဖြစ်သည်။

ကျွန်တော်တို့ မပါလိုက်ရလျှင်လည်း တော်လှန်ရေးကြီးကတော့ ဖြစ်သွားမှာသာ ဖြစ်သည်။ သို့ရာတွင် ပါဝင်လိုက်ရတော့ ဝမ်းသာရသည်။ ကုသိုလ်ယူရသည်။ သားမောင် စစ်သည်တို့ကို ပြောဖို့ရှိလာသည်။ သူတို့ အလှည့်တွင် သူတို့ ကြိုးပမ်းနေကြသည်။ သူတို့ကလည်း ပြောစရာတွေ ရနေကြပြီ။ ကိုယ်ပြောတာ သူ နားထောင်၊ သူပြောတာ ကိုယ်နားထောင်ဖို့သာ ရှိသည်။ ကိုယ်နှင့်ချည်းသာ ပြီးသည်မဟုတ်။ သူနှင့်သာလည်း ပြီးဦးမည်မဟုတ်။ စဉ်ဆက်မပြတ်ဆက်ကြရဦးမည်။ သံသရာလည်း ကြရဦးမည်။





တော်လှန်ရေးတွင် ပါဝင်လိုက်ရခြင်းကြောင့် ကုသိုလ်ရသည် ကျွန်တော်ဆိုမိသည်။ သူသေကိုယ်သေ သတ်ဖြတ်တိုက်ခိုက်ကြခြင်းဖြင့် ကုသိုလ်ရပါ၏လား။ စေတနာအပေါ်တွင် တည်သည် ထင်သည်။ ကျွန်တော်၏ စေတနာသည် ပြည်သူပြည်သားတို့အား နှိပ်စက် ညှဉ်းပန်းနေသော ဂျပန်စစ်တပ်ကို မြန်မြန်ဆုတ်ခွာ၍ ပင်ပန်းနွမ်းနယ်သော ပြည်သူတို့ကို လွတ်မြောက်စေရန် ဖြစ်သည်။ ထိုမှတစ်ဆင့်တက်၍ နိုင်ငံလွတ်လပ်ရေး ရစေချင်သည်။ သူများတိုင်းတစ်ပါးမှ ကိုယ့်နိုင်ငံသို့ လာရောက် စိုးမိုးအုပ်ချုပ်သည်ကို နှစ်မြို့ဖွယ် မမြင်။ မြန်မာတိုင်းရင်းသားများသည် သမိုင်းနှင့်၊ စာပေနှင့်၊ ယဉ်ကျေးမှုနှင့် ဖြစ်သည်။ သူများကို မှီခိုစရာမလို။ တိုင်းရင်းသားချင်း စည်းလုံးညီညွတ်စွာ ကိုယ့်ဘဝကို ကိုယ်ဖန်တီးနိုင်သည်။ ဖန်တီးခဲ့ကြသည့် သမိုင်းအလာရှိသည်။

မဟာမိတ်တို့ဘက်မှ မြန်မာ့တော်လှန်ရေးကို ဟက်ဟက်ပက်ပက် အသိအမှတ်မပြုချင်သူတွေ ရှိသည်။ ပြောက်ကျားများသည် ရန်သူ့သတင်း ထောက်လှမ်းခြင်း၊ ချောင်းမြောင်း ချုံခိုတိုက်ခြင်းဖြင့် မဟာမိတ်တို့ကို အတော်အသင့်အကူအညီပြုသည် စသည်ဖြင့် မပြောချင့် ပြောချင်၊ ဝန်မခံချင့် ခံချင် ပြောဆိုရေးသားကြပါသည်။ ကျွန်တော်တို့ ဘက်ကလည်း သောင်းနှင့်ချီသော ဂျပန်တပ်များကို ကျွန်တော်တို့ချည်းသာ ချေမှုန်းခဲ့ကြသည်ဟု ပြောချင်ကြသည်။

အမှန်မှာ ဂျပန်တပ်များသည် လက်နက်ပစ္စည်း အင်အား လျော့နည်းလာပြီး မဟာမိတ်တို့၏ ကြီးမားလာသော လက်နက်ပစ္စည်းအင်အားဒဏ်ကို မခံနိုင်ကြတော့ပြီ။ ဂျပန်တပ်များ ဖြန့်ထားသည်မှာလည်း နယ်ကျယ်ဝန်းလှသဖြင့် ကျဲကျဲသာ ရှိသည်။ သူတို့ သိမ်းသော နယ်မြေကျွန်းစုတို့ကို သူတို့ ကြာရှည်မထိန်းနိုင်ကြတော့ပြီ။ စစ်၏ ဒီရေအတက်အကျကို သူတို့ မလွန်ဆန်နိုင်ကြပါပြီ။

မြန်မာ့တော်လှန်ရေး၏တန်ဖိုးသည် ရန်သူတို့ မည်မျှသေကျေ ပျက်စီးသည်ဆိုသည့် အချက်ပေါ်တွင် မတည်ပါ။ တော်လှန်ရေးဖြင့် တိုင်းရင်းသားတို့စည်းလုံးကြသည်။ ကရင်ရွာများတွင် ဗမာရဲဘော်တွေခို၍၊ ကရင်ဗမာ လက်တွဲ၍ ဘေးရန်တို့ကို ရင်ဆိုင်ခဲ့ကြသည်။ ကရင်ရွာကို ဂျပန်တပ်တို့က နင်းချေ၍ မသွားအောင် ဗမာရဲဘော်များက စောင့်ရှောက်သည်။ ဤသို့ပင် ဗမာ၊ ကရင်၊ ရှမ်း၊ ကချင်၊ ချင်း၊ ရခိုင်၊ မွန် တိုင်းရင်းသားတို့အတူ ပူးပေါင်း၍ နိုင်ငံ့အကျိုး၊ နိုင်ငံ၏လုံခြုံမှုကို ဖြစ်စေခဲ့ကြသည်။ ဤသို့ အများအကျိုးကို ဖြစ်ထွန်းစေခဲ့ခြင်းသည် ကုသိုလ် မဟုတ်ပါလော။ ကုသိုလ်ပြုရာတွင် ကိုယ့်သွေး၊ ငယ့်ချွေး၊



www.burmeseclassic.com

www.burmeseclassic.ocm



ကိုယ့်အသက်ကိုပင် ပေးခဲ့ကြခြင်းသည် အမြတ်ဆုံးသော အလှူကြီး မဟုတ်ပါလော။

## ၆

ကျွန်တော်တို့ လစာငွေ ထုတ်ကြရပြီ။ ခရီးသွားလက်မှတ် ရကြပြီ။ ဗိုလ်ချုပ်အောင်ဆန်း၏ လက်မှတ်တံဆိပ် ခတ်နှိပ်ထားသော နှုတ်ခွန်းဆက်လွှာ ရကြပြီ။

လစာတော်တော်များများရသည်။ ဒုတိယဗိုလ်အတွက် တစ်လလျှင် ငွေ ၄၅၀ နှုန်းဖြင့် ဆယ်လတွက် ငွေ ၄၅၀၀ ရသည်။ အင်္ဂလိပ် ငွေစက္ကူအထုပ်လိုက်၊ အသစ်စက်စက်၊ မင်နံ့မပျောက်သေး။ ဂျပန် ငွေစက္ကူတန်ဖိုး မရှိချိန် အင်္ဂလိပ်ငွေ ရှားပါးနေချိန် ထိုငွေသည် စီးပွားကလေးတစ်ခုဖြစ်သည်။

ရဲဘော်တပ်ကြပ်များကား လခများများမရ။ အင်္ဂလိပ်စစ်တပ်တွင် အဆင့်အတန်းခွဲခြားမှုများသည်။ ရဲဘော်များအား ကျွန်တော်တို့က ဝေငှပေးကြသည်။ သူတို့ အိမ်ပြန်လျှင် သားမယား၊ မိဘကို ပေးနိုင်ဖို့။

တစ်လစာလခကို ကျွန်တော်တို့အားလုံး တစ်ဦးစီက တိုင်းရန်ပုံငွေအဖြစ် ပေးလှူခဲ့ကြသည်။ ရဲဘော်ဟောင်းများကို ထောက်ပံ့ကူညီရန်။ သူတို့အတွက် လုပ်ငန်းကိုင်ငန်းများ ထူထောင်ပေးရန်။ နောက်ပိုင်းတွင် လူတွေကွဲပြီး ရန်ပုံငွေလည်း မည်မည်ရရ မဖြစ်၊ ငွေခေါင်းကွဲခဲ့ရသည်။

သိန်းမောင်နှင့် ကျွန်တော် လွတ်အိတ်တစ်လုံး ကိုယ်စီလွယ်၍ မီးရထားဘူတာသို့ ဆင်းသည်။ ပထမဆုံး ဆိုက်ရောက်လာသော မီးရထားကို စီးမည်။ လူစီးရထားပဲဖြစ်ဖြစ်၊ ကုန်တင်ရထားပဲဖြစ်ဖြစ်၊ ရန်ကုန်ဘက်မှ လာ၍ မန္တလေးဘက်သို့ ဆန်မည့် ရထားပဲဖြစ်ဖြစ်၊ မန္တလေးဘက်မှလာ၍ ရန်ကုန်သို့ စုန်မည့် ရထားပဲဖြစ်ဖြစ်။

ရန်ကုန်သို့ စုန်မည့်ကုန်ရထား တစ်စင်းဝင်လာသည်။ သစ်တုံးကြီးများကို ပက်လက်တွဲများပေါ်၌ သံကြိုးကြီးများဖြင့် တုပ်နှောင်ထားသည်။ အင်္ဂလိပ် စတီးဘရားသား ကုမ္ပဏီ၊ ဘီဘီတီစီ ကုမ္ပဏီတို့သည် အလုပ်စလျက် ရှိချေပြီ။

သိန်းမောင်နှင့် ကျွန်တော် သစ်တုံးကြီးများပေါ်သို့ တက်ကာ အလယ်ကောင်တွင် ထိုင်သည်။ သစ်တုံးကြီးများအကြားတွင် ညကျလျှင် အိပ်၍ လိုက်





နိုင်သည်။ ညနေဘက်တွင် ပဲနွယ်ကုန်းမှ ထွက်။ ရန်ကုန်သို့ နံနက်တွင်ဝင်။ ရန်ကုန်တွင် ရက်အနည်းငယ်နေမည်။ လွယ်အိတ်ထဲတွင် ပါလာသော အင်္ဂလိပ်လို ရေးထားသည့် **မေ့ပျောက်ခံရသည့် တပ်မတော်**[၁] စာမူကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရေးအတွက် လေ့လာစုံစမ်းမည်။ ပြီးလျှင် မန္တလေးမြို့သို့ တစ်ခေါက် ပြန်မည်။

မီးရထားသည် နှေးကွေးလှသည်။ ဘူတာတိုင်း၌ ရပ်သည်။ ရပ်လျှင်လည်း တော်တော်နှင့် မထွက်။ ဂါတ်ဗိုလ်ဆင်း၍ စားသောက်အားရမှ ထွက်သည်။ ညခုတ်မောင်းသွားသောအခါ ပက်လက်တွဲတစ်တွဲလုံးတွင် နှစ်ဦးတည်း သစ်တုံးကြီးများအကြား ခြေဆန့်လက်ဆန့် ပက်လက်လိုက်ပါလာရင်း ကောင်းကင်မှ ကြယ်ပွင့်တွေကို ကြည့်ကာ သိန်းမောင်နှင့် ကျွန်တော်တို့သည် အတွေးကိုယ်စီနှင့်။

□

၁။ The Forgotten Army

www.burmeseclassic.com

www.burmeseclassic.ocm

# အခန်း(၇)

# ခရီးသည်

## ၁

စင်ကြီးပြီးလျှင် သွားလိုက် လာလိုက်ဦးမည်။ ကိုယ့်ဝါသနာနှင့် သင့်မြတ်ရာကို လုပ်ကိုင်၍ အေးဆေးစွာ နေမည်။ လုပ်စရာတွေ အများကြီး ရှိသည်။ ဟိုနေရာ ဒီနေရာတွင် လူတကာ တိုးဝှေ့၍ အလုအယက် ယူနေကြသော ရာထူး၊ နေရာ၊ ဂုဏ်ကို တပ်မက်နေလျှင် မောမည်။ အားကုန်သည်။ မောနေမည့်အစား၊ ကိုယ့်အားကို ဖြုန်းတီးနေမည့်အစား လူမတိုးသောနေရာတွင် လူတကာ မမက်သော အလုပ်၊ မက်မောပြန်လျှင်လည်း အေးအေးကုပ်ကုပ် ဖွဲ့ ဝီရိယနှင့် မလုပ်နိုင်၍ မကြံစည်နိုင်သော အလုပ်မျိုးကို ရှာဖွေ၍ လုပ်မည်။ ယင်းသို့ ရှာဖွေ၍ လုပ်ကိုင်နိုင်လျှင် လုပ်နိုင်သလောက် စိတ်ချမ်းသာမည်။ ကိုယ့်အကျိုး အများအကျိုး ဖြစ်ထွန်းပေလိမ့်မည်။ အနည်းဆုံး သူများကို အားကိုးနေရခြင်း နည်းပါးမည်။ ကိုယ်က သူများအပေါ် အမြတ်ထုတ်ရခြင်း နည်းပါးမည်။ ကောင်းသော နေထိုင်အသက်မွေးဝမ်းကျောင်းခြင်း ဖြစ်မည်။

ကုသိုလ်ကောင်းသည်ဟု ဆိုရမည်။ ကိုယ်ဝါသနာပါရာကို လုပ်၍ ကိုယ်လိုရာခရီးကို သွားနိုင်ခဲ့သည်။ ကိုယ်မြတ်နိုးသူနှင့် အိုးအိမ်စိုက်ထူကာ၊ သားကောင်း သမီးကောင်းများကို မွေးမြူပျိုးထောင်လာခဲ့ကြနိုင်သည်။ အလုပ်လုပ်ကိုင် အသက်မွေးဝမ်းကျောင်းရာ၌လည်း ကိုယ်တတ်သမျှသော ပညာ၊ ကိုယ့်စွမ်းသမျှသော လုံ့လဝီရိယဖြင့် မကြောင့်မကြ နေခဲ့ရသည်။ ခမ်းနားကြီးကျယ်သည်လည်း မဟုတ်။ ချို့တဲ့မျက်နှာငယ်ရသည်လည်း မဆိုသာ။ ပြည့်စုံသင့်





သလောက် ပြည့်စုံခြင်းကို တင်းတိမ်ရောင့်ရဲနိုင်သလောက် တင်းတိမ်ရောင့်ရဲခြင်းဖြင့် ချမ်းသာခြင်းအဖြစ်သို့ ရောက်စေနိုင်ခဲ့သည်။ အိမ်သူကလည်း ဤရာထူးနှင့်နေရမှု၊ ဤသို့သော "ကတော်" ဖြစ်ရမှုဟူသော လောဘနည်းပါးသည်။ သင့်မြတ်သော အလုပ်အကိုင်၊ နေထိုင်မှုဝဲရာနေရာသို့ ပြောင်းရွှေ့တိုင်း မညည်းမညူ ဝမ်းပန်းတသာ အတူပါခဲ့သည်။ သားသမီးများမှာလည်း ဤသို့သောစိတ်ထားရှိကြပေသည်။ ဤသည်တို့ကား အိမ်ထောင်စု၏ အင်အားတစ်ရပ်၊ လာဘ်ကြီးတစ်ရပ်ဖြစ်သည်။

ပဲခူးယ်ကုန်းမှ ပြန်လာသောအခါ ပါလာသော စာမူကို ဗိုလ်ချုပ်အောင်ဆန်းအား ပြသည်။ သူက ဖတ်ကြည့်ကာ နှစ်ခြိုက်သည်။ အမှာစာရေးမည် လုပ်နေတုန်း ရခိုင်ဘက်သို့ စည်းရုံးရေးထွက်ရသဖြင့် မရေးဖြစ်။ ဒီးဒုတ်ဦးဘချိုအား စာမူအပ်သဖြင့် ဆရာဦးဘချိုက အမှာစာရေးပေးသည်။ စစ်သားပီပီ တိုတိုပြတ်ပြတ်နှင့် ကိုယ်တွေ့ကြုံခဲ့စားခဲ့ရသည်တို့ကို ရေးသားထားသော စာများဖြစ်သည်ဟု သူက မိတ်ဆက်စကား ရေးသားသည်။ မှန်ပါပေသည်။ ပြောချင်ရေးချင်တာတွေ ရင်မှာပြည့်ကျပ်လျက်ရှိသည်။ ပြောလျှင် ရေးလျှင်လည်း ဒိုးဒိုးဒေါက်ဒေါက်ပဲ ပြောလိုက် ရေးလိုက်ချင်သည်။

စက္ကူအလွန်ရှားနေသော အချိန်ဖြစ်သည်။ သတင်းစာ စက္ကူတစ်ထုပ်ကို အင်္ဂလိပ်ငွေစက္ကူနှင့် ၂၅ဝ ပေးရသည်။ အင်္ဂလိပ်လိုဖြစ်၍ စာပုံနှိပ်စက်ခကလည်းကြီးသည်။ စာလုံးကောင်းကောင်းရှိသော ပုံနှိပ်တိုက်များများမရှိ။ စရိတ်စက အထောက်အပံ့ရအောင် ကြော်ငြာကောက်ခံ၍ ထည့်ရသေးသည်။ ညနေတိုင်း လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်သို့ သွား၍ စီထားသော စာများကို ပြင်ရသည်။ ပန်းချီဆရာ အမ်တင်အေးက မျက်နှာဖုံးပုံ ဆွဲပေးသည်။ ရောင်စုံ ဘလောက်လုပ်၍ ရိုက်သည်။ သို့ရာတွင် စက္ကူမကောင်း၊ မင်မကောင်း။

စာအုပ်ထွက်လာတော့ ပျော်စရာကြီးဖြစ်သည်။ ဗဟန်းတွင် 'တက္ကသိုလ်စာအုပ်ဆိုင်' ဖွင့်ထားသော ဦးမောင်မောင်ခင်က ဖြန့်ဖြူးပေးသည်။ ဖဆပလ အတွင်းရေးမှူး သခင်သန်းထွန်းက အုပ်ရေ ၁ဝဝ ဝယ်ယူကာ လန်ဒန်မြို့ရှိ **တွမ် ဒရိုင်းဘာ့စ်**[၁] စသော မြန်မာ့လွတ်လပ်ရေးကို ထောက်ခံကြသည့် မိတ်ဆွေများသို့ ပို့သည်။

အသစ်ဖွဲ့နေသော ဗမာ့တပ်မတော်သေနတ်ကိုင် တပ်ရင်းများမှ မိတ်ဆွေ

၁။ Tom Driberg



www.burmeseclassic.com

www.burmeseclassic.ocm



များက စာအုပ်ကို ဖတ်ကြသည်။ တပ်သို့မပြန်၊ ယောင်ချာချာဖြစ်နေသော ရဲဘော်များကလည်း ဖတ်ကြသည်။ သူတို့ ခံစားခဲ့ရသည်တို့ကို ပြန်ဖတ်နေရ၍ ကျေနပ်အားရကြသည်။ စာအုပ်မှာ သေးသေးဖြစ်သော်လည်း ထွက်လာသော အချိန်ကာလအားဖြင့် သင့်မြတ်သဖြင့် အမှတ်ရနေကြသေးသည်။ စက္ကူမကောင်း၊ နှစ်ပေါင်း အစိတ်ကျော်ခဲ့ပြီလည်းဖြစ်၍ ရိုက်နှိပ်လိုက်သော အုပ်ရေ ၁၀၀၀ ပျက်စီးကုန်ကြပါပြီ။ မှတ်တမ်းအနေနှင့် ပြုပြင်ထိန်းသိမ်းထားသော တက္ကသိုလ် စာကြည့်တိုက်စသော သုတေသနစာကြည့်တိုက်ကြီးများ၌သာ တစ်အုပ်တလေ ကျန်ပါသည်။

**ရန်ကုန်ရီဗြူး**[၁] အမည်တပ် အင်္ဂလိပ် လစဉ်မဂ္ဂဇင်းတစ်စောင် ထွက်လာပါသည်။ စစ်အတွင်းက ဆူဘတ်ချန်ဒရာဘို့စ် ခေါင်းဆောင်ခဲ့သော အိန္ဒိယ လွတ်လပ်ရေးတပ်မတော်တွင် ဝါဒဖြန့်ချိရေးမှူးဖြစ်ခဲ့သူ ကေအမ် ကနမ်ပီလေးက အယ်ဒီတာဖြစ်သည်။ သူ့မဂ္ဂဇင်းသို့ ကျွန်တော် မြန်မာ့တော်လှန်ရေး အကြောင်း ဆောင်းပါးများပို့ရာ သူက ဝမ်းသာစွာ လက်ခံသည်။ သူက ရဲရဲတောက် သမားတစ်ယောက်ဖြစ်လေသည်။ ဘုရင်ခံ ဆာဒေါမန်စမစ်၏အစိုးရကို လက်သံ ပြောင်ပြောင်နှင့် ဝေဖန်သည်။ ဖဆပလ နှင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုကို အကြွင်းမဲ့ထောက်ခံသည်။ သူကပင် တစ်ခါတစ်ခါ ဆန္ဒစော ဒေါသပြင်းပြနေ လေသေး။ မဂ္ဂဇင်းထုတ်ပြီး တစ်နှစ်လောက်ကြာလျှင် ဘုရင်ခံက သူ့အပေါ် ပြည်နှင်ဒဏ် ခတ်လေသည်။ သူ့အရိုက်အရာကို ဆက်ခံသော မစ္စ မူကာချီက မိန်းမသေမင့် သူ့ထက်ပင်ပို၍ လက်သံပြောင်လေသေးသည်။ ကျွန်တော့်ဆောင်းပါး များကိုမူ လစဉ်ထည့်သွင်းဖော်ပြသည်။ မကြာမကြာ မဂ္ဂဇင်းတည်းဖြတ်ခြင်းတွင် ကျွန်တော် ဝင်ရောက်ကူညီရသည်။ နောက်ပိုင်းတွင် ဒေါမန်စမစ် အစိုးရက မဂ္ဂဇင်းကို ပိတ်ပစ်လိုက်သည်။

အိုင် စီ အက်စ် ဦးတင်ထွဋ်သည် ပြည်သူ့ဝန်ထမ်းအဖြစ်မှ အငြိမ်းစား ယူကာ **ဘားမိစ် ရီဗြူး**[၂] အပတ်စဉ် သတင်းဂျာနယ်ကို ထုတ်ဝေပြန်သည်။ ဦးတင်ထွဋ်သည် အခါအခွင့်ကို မြင်တတ်သူ၊ ယူတတ်သူဖြစ်လေသည်။ အိုင် စီ အက်စ်ခေတ် ကုန်လေပြီ။ သတင်းစာ၊ ဂျာနယ်ကို ကိုင်၍ နိုင်ငံရေးနယ်ပယ် သို့ သူဝင်သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ သို့ သူ ဝင်သည်။ မကြာမီမင်းဆရာ တစ်ဆူဖြစ်လာသည်။ အရည်အချင်းရှိ၍ အလုပ်လည်း

၁။ Rangoon Review ၂။ Burmese Review





အထူး ကြိုးစားသောပုဂ္ဂိုလ်ဖြစ်လေသည်။ အင်္ဂလိပ်လို ထုတ်ဝေသော သူ့ဂျာနယ် သည် ချက်ချင်းပင် စောင်ရေများ၊ အမြတ်အစွန်းထွက်သောစာစောင် ဖြစ်လာသည်။ တော်လှန်ရေးအကြောင်း ကျွန်တော် ရေးသော ဆောင်းပါးများကို သူ့ဂျာနယ်တွင် မပြတ်ထည့်သွင်းပေးသည်။ စောစောပိုင်းတွင် ဂျွန်ဦးစော က ဥရောပတိုက်တွင် စစ်ကြီးဖြစ်ပွားခါစတွင် သူ လန်ဒန်သို့ သွားရောက်၍ မြန်မာ့လွတ်လပ်ရေးအတွက် နန်းရင်းဝန် ချာချီနှင့် အရေးဆိုခဲ့သည်တို့ကို **အန္တရာယ်ထူထပ်သော ခရီး**[၁] ဟု ခေါင်းစဉ်တပ်ကာ ဂျာနယ်တွင် အပတ်စဉ် ထည့်သွင်းခဲ့လေသည်။ ဦးစော၏ ဆောင်းပါးနှင့် ကျွန်တော်၏ဆောင်းပါး တစ်ခါတစ်ရံ ဘေးချင်းယှဉ် ပါလာသည်။ ကြည့်၍ မျက်နှာပူရသည်။ ဦးစော အဖို့လည်း ကျွန်တော်ကဲ့သို့သော လူငယ်တစ်ဦး နှင့် ကလောင်ရဲဘော်တော်စပ် နေရသည်ကို အောင့်သီးအောင့်သက် ဖြစ်ခဲ့လိမ့်မည် ထင်သည်။

တော်လှန်ရေးဆောင်းပါးများကို ရေးရုံနှင့် အားမရသေး။ မြန်မာ့အသံ အသံလွှင့်ရုံမှ အင်္ဂလိပ်လို သွားရောက်၍ အသံလွှင့်ခဲ့သေးသည်။ ထိုစဉ်က မြန်မာ့အသံ ဒါရိုက်တာမှာ စာရေးဆရာ၊ ကဗျာဆရာ ဦးခင်ဇော် 'ကေ' ဖြစ် သည်။ 'ကေ' သည် ယခုထက်တိုင် နုနုငယ်ငယ်ဖြစ်သည်။ သူ့အရွယ်နှင့်မလိုက်၊ သူ့စာသည် ရွှင်မြူးတောက်ပြောင်သည်။ အသက်ပါသည်။ ဦးသိန်းဟန် (ဇော်ဂျီ)၊ ဦးဝန် (မင်းသုဝဏ်) နှင့် အဖွဲ့ကျသော ခေတ်စမ်း စာရေးဆရာ၊ ကဗျာဆရာ ဖြစ်သည်။

မြန်မာ့အသံ အင်္ဂလိပ်ခန်းတွင် ပြောမည့်လူရှားပို့လားမသိ။ ကျွန်တော့် ကိုပဲမျက်စိကျ၍ ပွဲထုတ်လို၍လား မသိ။ ဦးခင်ဇော်က ကျွန်တော် အသံလွှင့် လာသည်ကို အားပေးကြိုဆိုသည်။ တော်လှန်ရေးအကြောင်း ကျွန်တော် လေးငါးခါ အသံလွှင့်ဖူးသည်။ တော်လှန်ရေးနေ့ အထူးအစီအစဉ်တွင်လည်း ကျွန်တော် ပြောဖူးသည်။ ပြောစရာများ ရေးစရာများကတော့ ထပ်၍ နေကြပြီ။ ဒီအချက်တွေကိုပင် စကားလုံးသစ်ထွင်၍ ပြောဟော ရေးသားနေခြင်းဖြစ်သည်။

တစ်ခုခုကို စွဲစွဲလမ်းလမ်း မဖြစ်မနေ လုပ်လိုသည့် ဆန္ဒ၊ မလုပ်ဘဲမနေ နိုင်အောင် နှိုးဆော်သော စိတ်နှင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လုပ်သည့် ဝီရိယ ပေါင်းဆုံလျှင် ဖြစ်တတ်၊ အောင်မြင်တတ်ပါသည်။ အစဦးက စာတစ်ပုဒ်ရေးသား ပြီးလျှင် ထုတ်ဝေမည့် မဂ္ဂဇင်း၊ ဂျာနယ်ကို အတော်ရှာရသည်။ နောက်ပိုင်းတွင်

၁။ Journey Perilous



www.burmeseclassic.com

www.burmeseclassic.ocm



မဂ္ဂဇင်း ဂျာနယ်များလည်း ပေါ်များလာသည်။ ရေးလက်စ အတော်အသင့် ရှိလာတော့ အယ်ဒီတာများက လက်ခံလာကြသည်။ အင်္ဂလိပ်လို ရေးသူက ရှားပါးသေးသည်။ ထို့ကြောင့် တစ်ခါရေးမိလျှင် နောက်တစ်ခါ ရေးပါဟု ဖိတ်ကြားသည်။ အသံလွှင့်ရာတွင်လည်း ထိုနည်းတူစွာပင် ဖြစ်သည်။

ယခုခေတ်တွင် အင်္ဂလိပ်လိုရေးသားကြသည့် လူငယ်များ ယခင်ကနှင့် စာလျှင် များလာပါသည်။ အရည်အသွေးလည်း ပြောင်မြောက်ကြပါသည်။ ကမ္ဘာ့အလယ်ရပ်တည်ရသည့် လွတ်လပ်သော နိုင်ငံဖြစ်၍ မြန်မာပြည်သည် ကမ္ဘာ့စာပေများတွင် ကျွမ်းကျင်သူ အများအပြား လိုပါသေးသည်။

## ၂

ရန်ကုန်တက္ကသိုလ်ကို ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလတွင် ပြန်ဖွင့်သည်။ အင်္ဂလိပ်စစ်ဌာနချုပ်ကို ဘွဲ့နှင်းသဘင်နှင့် အနီးအနား အဆောက်အအုံများတွင် ဖွင့်ထားသဖြင့် ဘီအိုစီ အင်ဂျင်နီယာ အတတ်သင်ကောလိပ် အဆောက်အအုံတွင် တက္ကသိုလ်ရုံးဖွင့်ရသည်။ သရက်ပင်များအောက် ကွက်လပ်နေရာများတွင် တဲတန်းများထိုး၍ စာသင်ခန်းများ ဖွင့်ရသည်။

ဆရာ ထင်စီ၊ ဒေါက်တာထင်အောင်တို့က အုပ်ချုပ်ရေးမှူးများ ဖြစ်ကြသည်။ ဒေါက်တာလှဘူးလည်း ပါသည်။ ဆရာကာ၊ ပါဠိဆရာအောင်သန်း၊ ဆရာဦးမျိုးမင်းစသော ဆရာကြီးများရှိသည်။ ရာဇဝင် **ပါမောက္ခမစ္စတာပန်း**[1] စသော အင်္ဂလိပ်ဆရာဟောင်းကြီး အချို့ပြန်လာသည်။ သို့ရာတွင် သူတို့ကြာကြာ မနေ။ ပြန်ရန် အသင့်ပြင်နေကြခြင်းသာဖြစ်သည်။ **အင်္ဂလိပ်စာ ပါမောက္ခရိုဒ်**[2] စသူများကား ပြန်မလာကြတော့ပါ။

မြန်မာပြည်သို့ စစ်မီးကူးသည့် ၁၉၄၂ ခုနှစ်ဦးပိုင်းတွင် ကျွန်တော် မန္တလေး ဥပစာ ကောလိပ်ကျောင်းတွင် ဒုတိယနှစ်သိပ္ပံတန်းကို ပြီးဆုံးခဲ့သည်။ သို့ရာတွင် စာမေးပွဲများ ကျင်းပ၍ မပေးနိုင်ခဲ့ကြ။ ၁၉၄၃ ခုနှစ် အလယ်ပိုင်းတွင် ရန်ကုန်၌ အစိုးရက တက္ကသိုလ်စာမေးပွဲများကို ကျင်းပပေးသည်။ တာမွေဗျိုင်း ရေအိုးစင်လမ်းတွင် စာစစ်သဖြင့် ထိုစာမေးပွဲများကို အောင်မြင်သူများအား ဗျိုင်းရေအိုးစင်ထွက်များဟု အမည်တွင်သည်။

၁။ Professor B.R.Pearn

၂။ Professor Rhodes





စာမေးပွဲများ ကျင်းပချိန်တွင် ကျွန်တော် တပ်မတော်ထဲသို့ ရောက်နေပြီ။ မန္တလေးမှ ဖခင်ကြီးက စာရေးနှိုးဆော်သဖြင့် ခွင့်တစ်ရက်ယူကာ ဗျိုင်းရေအိုးစင် စာစစ်ဌာနသို့သွားခဲ့သည်။ ဘာသာစုံစာမေးပွဲ တစ်ရက်နှင့် ပြီးသည်။ အင်္ဂလိပ်စာ စာစစ်များမှာ ဒေါက်တာထင်အောင်နှင့် ဦးကောင်း (နောင် ပညာမင်းကြီး)။ ရေးဖြေမရှိ။ နှုတ်မေးခွန်းများကိုသာ ဖြေရသည်။ ဘာစာအုပ်တွေ ဖတ်နေသလဲ စသည်ဖြင့် မေးကြသည်။ ငါးမိနစ်၊ ဆယ်မိနစ် ကြာသည်။ သင်္ချာ၊ ရူပဗေဒ ဘာသာတို့ကို ဆရာဦးအောင်လှက စစ်သည်။ ပုစ္ဆာအချို့ကို တွက်ရသည်။ ဓာတုဗေဒကို ဆရာဦးဘိုးသာက စစ်သည်။ ကျောင်းသားများများ မလာနိုင်ကြပါ။ လမ်းပန်းမသာယာ။ လူတွေ ကွဲနေကြသည်။ ဆရာကြီးများက ပုစ္ဆာလွယ်လွယ် ကိုသာမေးပါသည်။ အောင်စာရင်းတွေ **'ဗမာ့ခေတ်'** သတင်းစာတွင် ကြေညာတော့ အောင်ချက်ကောင်းသည်။ ကျွန်တော့်အား ဘာသာစုံ ဂုဏ်ထူးပေးထားသည်။

၁၉၄၆ ခုနှစ် တက္ကသိုလ်ပြန်ဖွင့်ချိန်လောက်တွင် စာမေးပွဲများ စစ်ဖို့ ရှိသည်။ ၁၉၄၃ ခုနှစ်က ဥပစာသိပ္ပံအောင်မြင်ပြီးဖြစ်၍ ပြင်ပမှ ဝင်ရောက်သူအဖြစ် ဝိဇ္ဇာဘွဲ့စာမေးပွဲများကို ကျွန်တော် ဖြေခွင့်ရှိသည်။ ဖြေပါလားဟု ဒေါက်တာ ထင်အောင်က နည်းပြအားပေးမှုကို ပြုသည်။ စာနှင့် ဝေးနေခဲ့သည်ဟု ကြာပြီ။ သို့ရာတွင် အစမှပြန်၍ ကျောင်းနေရင်လည်း ပျင်းသည်။ ထို့ကြောင့် ဤဖြတ်လမ်းကို လိုက်ရလျှင် ကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။ အင်္ဂလိပ်စာပေသမိုင်းနှင့် နိုင်ငံရေးသိပ္ပံဘာသာများကို ရွေးလိုက်သည်။ စာအုပ်များကို ရှာဖွေငှားရမ်းပြီးလျှင် ၃ လမျှ ကျက်မှတ် အသင့်ပြင်သည်။ ဩဂုတ်လတွင် စာမေးပွဲဖြေရသည်။ တစ်နေ့တစ်ဘာသာ။ ရက်နှစ်ဆယ်ခန့်ကြာသည်။ စာမေးပွဲဖြေ၍ ပြီးကာနီးတွင် ဖြေဆိုနေသူ အမျိုးသမီးတစ်ဦးနှင့် ကျွန်တော်တို့အား အင်္ဂလိပ်စာစစ်အဖွဲ့နှင့် လာရောက်တွေ့ဆုံရန် ဖိတ်ခေါ်သွားသည်။ ဒေါက်တာ ထင်အောင်၊ ဆရာကဲကြီး၊ ဆရာဦးမျိုးမင်းတို့အဖွဲ့က နှုတ်မေးခွန်းများကို မေးမြန်းကာ ကျွန်တော်တို့အား အင်္ဂလိပ်စာ ဂုဏ်ထူးပေးလိုက်ကြသည်။ ဂုဏ်ထူးနှင့် အောင်ကြောင်း အောင်စာရင်း ဖတ်ရသည့်အခါ အင်္ဂလိပ်စာကို ဝါသနာပါလာအောင် သင်ကြားပေးခဲ့သော မန္တလေးကောလိပ်မှ ဆရာမာရှယ်နှင့် ဆရာဂျွန်မူနီ တို့ကို သတိရ ကျေးဇူး တင်မိသည်။

ထိုသို့နှင့် စက်တင်ဘာလ ရန်ကုန်တက္ကသိုလ်ဖွင့်သည့်အခါတွင် ကျွန်တော် အင်္ဂလိပ်စာ နည်းပြတစ်ယောက် ဖြစ်နေသည်။ ကိုဘချမ်း (နောက်ပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.ocm



ဂါးဒီးယန်း မဂ္ဂဇင်းအယ်ဒီတာအဖွဲ့ဝင်အဖြစ် ကွယ်လွန်သူ)၊ ကိုသန်းထွဋ်၊ ကိုကျော်ထွန်း၊ ဒေါ်သိန်းညွန့်၊ ဒေါ်တင်စောမူ၊ ဒေါ်အင်နီဆိုင်း စသော လုပ်ဖော်ကိုင်ဖက်များနှင့် ပျော်ပျော်ပါးပါး ရှိကြသည်။

စစ်ကြီးအတွင်း ၃–၄ နှစ်လုံးလုံး တက္ကသိုလ်တွေ ပိတ်ထားခဲ့ရသည်။ လူငယ်တွေ စာနှင့်ပြတ်နေကြသည်။ ထို့ကြောင့် ကျောင်းဖွင့်လျှင် လိုမှ၍ ဝင်လာကြသည်။ ရင့်ကျက်ပြီးသား ကျောင်းသားတွေ ဖြစ်သည်။ ကျွန်တော်တို့နှင့် အသက်အရွယ် ကွာခြားလှသည် မဟုတ်ကြ။ သူတို့ကို သင်ပြရတာ လွယ်သည်။ သင်ကြားရင်း သူတို့ထံမှ ပညာရသည်။ ဆရာရှား၍ ကျောင်းသားများသဖြင့် ကျွန်တော်တို့သည် စာပေပို့ချခြင်းကိုပါ လုပ်နေသည်။ ဥပစာတန်း၊ ဝိဇ္ဇာတန်း၊ အိုင်အေ အတန်းစုံကို သင်ကြားရသည်။ ဂုဏ်ထူးတန်းသို့ပင် ဝင်ရသည်။ စာသင်ပြပို့ချရသည့် တာဝန်အပြင် ပင်းယဆောင်၌ ကျွန်တော်အဆောင်ကျူတာ လုပ်ရသည်။ အဆောင်တွင် တာဝန်ယူခြင်းဖြင့် ထောင့်ခန်းကျယ်ကျယ်ဝန်းဝန်းတွင် အခမဲ့နေရသည်။ ထမင်းစားဆောင်တွင် အခမဲ့စားသောက်ရသည်။

ကျောင်းသားကြီးများကို ထမင်းစားဆောင်တွင် ညအခါများ၌ အပိုချိန်ယူ၍ စာသင်ပေးခဲ့သည်။ ဟိုတုန်းက ကျောင်းသားများသည် ယခုအခါတွင် အစိုးရဌာန အကြီးအကဲများ၊ တပ်မှူးများ၊ ဆရာဝန်ကြီးများ၊ ရှေ့နေကြီးများ၊ တက္ကသိုလ်ကထိက၊ ပါမောက္ခများ ဖြစ်နေကြပြီ။ သူတို့နှင့် တွေ့ကြသည့်အခါ ကျွန်တော့်ကို ဆရာတစ်ဦးအဖြစ် ဝမ်းပန်းတသာ နှုတ်ဆက်ကြသည်။ သူတို့ကို အချိန်ပိုယူ၍ စာပြခဲ့သည့် ကျေးဇူးကြီးလှပါပေသည်ဟု ပြောကြသည်။ သူတို့ဆိုသလောက်လည်း ကြီးမားလှသည် မဟုတ်ပါ။ သို့ရာတွင် မြန်မာတိုင်းရင်းသားတို့သည် ဆရာကို အထူးရိုသေလေးစားကြသည်။ ဆရာကို အနန္တော အနန္တငါးပါးဝင်အဖြစ် ကိုင်းရှိုင်းကြသည်။ ကျောင်းဆရာအလုပ်သည် မွန်မြတ်၍ ကုသိုလ်ရပါသည်။ သွားလေရာ၌ ကိုယ်တပည့်ဟောင်းများနှင့် တွေ့ဆုံရသည်။ သူတို့က ပျူပျူငှာငှာ နှုတ်ဆက်စောင့်ရှောက်ကြခြင်းကလည်း လာဘ်ကြီးတစ်ရပ် ဖြစ်သည်။

ဗမာ့တပ်မတော်မှ ရဲဘော်ဟောင်းအချို့ တက္ကသိုလ်သို့ ပညာဆက်ရန် ပြန်ရောက်ကြသည်။ မင်္ဂလာဒုံစစ်တက္ကသိုလ်မှ ကိုမောင်မောင်ခ၊ ကိုမျိုးအောင်၊ ကိုသောင်းထိုက်၊ ကိုကျော်ဦး၊ ကိုစိန်ဘန်း၊ ကိုမြကျော်၊ ကိုအောင်ထွန်း၊ မူလတန်း ကျောင်းသားများဖြစ်ကြသော ကိုချမ်းအေး၊ ကိုချစ်မောင်၊ ဆက်သွယ်ရေးတပ်မှ ကိုတင်ဦး စသူတို့ကို မြင်တွေ့ရသည်။





## ၃

တစ်နေ့တွင် ကျွန်တော်တို့ စာမေးပွဲစောင့်နေရာသို့ ပြန်ကြားရေးဌာနမှ ညွှန်ကြားရေးဝန် ဦးသန့် (ပန်းတနော်) ရောက်လာသည်။ ပြန်ကြားရေးဌာနက ထုတ်ဝေသော **နယူးတိုင်းအော့ဖ်ဘားမား**[၁] အင်္ဂလိပ် သတင်းစာတွင် အယ်ဒီတာ လိုနေသည်။ လာလုပ်လှည့်ပါဟု ကျွန်တော့်အား ဖိတ်ခေါ်သည်။

ပြန်ကြားရေးဌာနတွင် လူစုံသည်။ မြန်မာ့အသံ အင်္ဂလိပ်သတင်းလွှာကို တည်းဖြတ်သူ ဦးစိန်၊ မစ္စတ်ဂေါ်ဒွိုင်တို့သည် လက်နှိပ်စက်တစ်လုံးနှင့် မနားကြရ။ လာသမျှသတင်းကို ရွေးချယ်စိစစ်ပြီးလျှင် အကျဉ်းချုပ်ကြရသည်။ သူတို့အနားမှာ ထိုင်ရင်း သူတို့ထံမှ ပညာယူရသည်။ သတင်းစာတွင် အယ်ဒီတာလုပ်သူ ကျွန်တော်နှင့် ညလက်ထောက်အယ်ဒီတာ တစ်ယောက်သာ ရှိသည်။ သတင်းထောက် ၃–၄ ယောက်ရှိသည်။ အစိုးရသတင်းစာဖြစ်၍ အစိုးရထည့်ခိုင်းသည်ကိုသာ အဓိကထားရသည်။ သို့ရာတွင် အပြစ်ကင်းသော ဆောင်းပါးကိုရှာဖွေ၍ ကိုယ်တိုင်ရေးသားပြုစု၍ ထည့်နိုင်သည်။ ပန်းချီဆရာဦးဘမိုးကို ကျွန်တော်က ရုပ်ပုံကာတွန်းများများ ရေးစေသည်။ ပုံများများထည့်လျှင် စာသားနည်းနည်းသာ ဖြည့်ရသည်။

ဦးခင်မောင် (တောသား) သည် ဒုတိယ ညွှန်ကြားရေးဝန်ဖြစ်သည်။ သူက ကျွန်တော်တို့ကို ကူညီတည်းဖြတ်ပေးသည်။ အင်္ဂလိပ်လို အရေးအသားတွင် စံတင်ရသော ပုဂ္ဂိုလ်ဖြစ်လေသည်။ သူ့စားပွဲအံဆွဲထဲတွင် ပုလင်းပြားပြား တစ်လုံး အမြဲထားသည်။ ညနေပိုင်း အနည်းငယ် မောပန်းလာလျှင် သူက ပုလင်းကို အသာထုတ်၍ လက်ဖက်ရည်ကြမ်းခွက်နှင့် တစ်ခွက်နှစ်ခွက် မှီဝဲသည်။ ပယင်းရောင် အားတိုးဆေးဖြစ်လိမ့်မည်ဟု ကျွန်တော်က ခပ်ရိုးရိုးမို့ ထင်မိသည်။ တစ်ခက်နှစ်ခွက် မှီဝဲပြီးလျှင် သူသိသိသာသာ ရွှင်လန်းလာသည်။ သူ့ကလောင်သည် ပို၍ သွက်လက်လာသည်။ ပြောင်မြောက်သော စကားလုံးများသည် ကလောင်ဖျားမှ အစီအရီ ထွက်လာကြသည်။

ဦးခင်ဇော် 'ကေ' သည် ပြန်ကြားရေးဌာန အတွင်းဝန်အဖြစ် ခေတ္တ ရောက်လာသေးသည်။ နောက်တော့ အုပ်ချုပ်ရေးတာဝန်များကို မယူလိုဆိုကာ မြန်မာ့အသံသို့ ပြန်သွားသည်။ ဦးမောင်မောင်နှင့် ဦးခင်ဇော်တို့ စာပေဆွေးနွေး

၁။ New Times of Burma



www.burmeseclassic.com

www.burmeseclassic.ocm



ကြ၊ ကျွန်တော် ရေးသားထားသော ဆောင်းပါး၊ ခေါင်းကြီးပိုင်းတို့ကို ဝိုင်း၍ တည်းဖြတ်ကြသည်မှာ ဗဟုသုတရသည်။ ဦးခင်ဇော်သည် ဆေးတံကို ကိုက်ခဲရင်း စကားလုံး ရှာဖွေသည်။ မီးခိုးငွေ့များထဲမှ ကွန့်မြူးသောဉာဏ်ကို ယူဟန်တူသည်။ သူတို့ ရှာ၍ အစားထိုးလိုက်သော စကားလုံးများသည် လှပရုံသာ မဟုတ်။ တိကျသည်၊ တောက်ပသည်။ ဆိုလိုသည်ကို ရှင်းလင်းစွာ ပြောရုံသာမက သေး၊ ဂီတသံဖြင့် ချိုသည်။

ဦးသန့်ကား အေးဆေးတည်ငြိမ်သည်။ တကုပ်ကုပ်လုပ်သည်။ ဆက်ဆံရေးပြေပြစ်သည်။ သတင်းထောက်များ၊ စာရေးဆရာများ၊ တပည့်ဟောင်းများ နိုင်ငံခြားမှ လာသော သတင်းစာဆရာများ အားလုံးနှင့် ဖော်ရွေစွာ ဆက်ဆံသည်။ လိုသော အကူအညီကို ပေးသည်။ ဟောပြောပွဲ၊ နေ့လယ်ထမင်းစားပွဲ၊ ညစာစားပွဲ ဖိတ်ကြားလျှင် သွားသည်။ သူ့အိတ်ထဲတွင် ဒိုင်ယာရီ နေ့စဉ် မှတ်တမ်းစာအုပ်ငယ် ဆောင်ထားသည်။ သွားစရာ၊ လုပ်စရာ၊ တွေ့စရာ အားလုံးကို စုံစေ့စွာ မှတ်သည်။ စာအုပ်ကလေးကို ကြည့်ကာ ကြည့်ကာနှင့် တစ်နေ့တာ လုပ်စရာတို့ကို မပျက်မကွက် လုပ်သည်။ ဝန်းဝန်းဝိုင်းဝိုင်း သူ့ မျက်နှာသည် ချိုသာသည်။ ဓာတ်ပုံကင်မရာနှင့် သင့်မြတ်သည်။ နေ့တိုင်းမှာလို သူ့ပုံ သတင်းစာတွင်ပါသည်။

တစ်နေ့နေ့တွင် အစိုးရဝန်ထမ်းဘဝမှ အနားယူကာ စာရေးလိုသည်။ စာပေဖြန့်ချိရေးလုပ်ငန်းကို ပျိုးထောင်လိုသည်ဟု မကြာခဏဆရာသန့် တမ်းတသည်။ ကျွန်တော် လန်ဒန်သို့ ပညာသင်ရောက်နေတုန်း သူ တစ်ခေါက်လေ့လာရေး ရောက်လာသည်။ ညနေခင်းများတွင် အပျင်းပြေ၊ အညောင်းအညာပြေ လမ်းလျှောက်ကြရင်း သူ့မျှော်လင့်ချက်တို့ကို ပြောပြသည်။ ကျွန်တော်က **“လန်ဒန်ဒိုင်ယာရီ”** ဟု အမည်တပ်ထားသည့် မှတ်တမ်းစာအုပ်ကလေး တစ်အုပ်ရေးသားထားသည်ကို သူက ငွေစိုက်ထုတ်၍ စာအုပ်ထုတ်ဝေဖို့ လုပ်ပေးသည်။ သူရည်မှန်းသော စာပေဖြန့်ချိရေး လုပ်ငန်း၏ အစဖြစ်မည်လားမသိ။ စာအုပ်ငယ်သည် တဖြည်းဖြည်း ကုန်သွားသည်။ အမြတ်အစွန်းကား မရှိ။ အရှုံးလည်း မပေါ်။

ပြန်ကြားရေးဌာနတွင် ကျွန်တော်ရှိနေစဉ် မြန်မာပြည် လွတ်လပ်ရေး ရသည်။ လွတ်လပ်ရေး ကြေညာစာတမ်းကို ဦးသိန်းဟန်၊ ဦးဝန်၊ ဆရာယော၊ ဆရာအုန်းဖေ (တက်တိုး)၊ ဦးဝင်းစိန် (တင့်တယ်) စသောပုဂ္ဂိုလ်တို့ရေးကြ





သည်။ လွတ်လပ်ရေးကြေညာရန်ရက် နီးကပ်လာသောအခါ နိုင်ငံခြားသတင်းစာ ဆရာများက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသော စာတမ်းကို တောင်းကြသည်။ အထက်ပုဂ္ဂိုလ်များက ဘာသာပြန်ရန် တာဝန်ကို ကျွန်တော်တို့အား ပေးအပ်ကြသည်။ ဦးသန့်၊ ဦးခင်မောင်၊ ဦးခင်ဇော်တို့က ဘာသာပြန် ပထမ စာကြမ်းကို ရေးရန် ကျွန်တော့်အား ခိုင်းစေကြပြန်ပါသည်။ လူငယ်ဖြစ်ရသည့် အကျိုးကား အခိုင်းခံရလျှင် ကိုယ်ကတစ်ဆင့် ခိုင်းစေရန် လူမရှိခြင်းဖြစ်သည်။

ရာဇဝင်၊ နိုင်ငံရေး စာအုပ်များကို ထုတ်၍ ဖတ်ရသည်။ ဟိုမှ ဒီမှ ကူးချရသည်။ ဖောဖောသီသီ လွတ်လွတ်လပ်လပ် ယူသည်။ ပြီးလျှင် ပေါင်းစပ်ပေးသည်။ သီကုံးပေးသည်။ တစ်နေ့စာ အလုပ်မျှသာ ဖြစ်သည်။ ရှာတတ် ဖွေတတ်လျှင် လွယ်ပါသည်။ စာကြမ်းကို ဆရာများအားပြသည်။ ဆရာများက ဆေးတံခဲလိုက်၊ ခေါင်းကုတ်စဉ်းစားလိုက်၊ ပုလင်းငယ်မှ အားယူလိုက်နှင့် ဟိုမှာပြင်၊ ဒီမှာ ဖြည့်လုပ်ကြသည်။ အတန်ကြာလျှင် ခံ့ညားပြောင်မြောက်သော လွတ်လပ်ရေး ကြေညာစာတမ်းပေါ်ထွက်လာသည်။ ကျေနပ်အားရဖွယ် ဖြစ်လာသည်နှင့် “တောသား” နှင့် “ကေ” တို့သည် အောင်ပွဲခံသည့် သဘောဖြင့် ပုလင်းထုတ်ကြသည်။

ကျွန်တော်တို့ အင်္ဂလိပ် ပြန်ဆိုခဲ့သည့် မြန်မာ့လွတ်လပ်ရေး စာတမ်းသည် များများမကျန်ရစ်ပါ။ သတင်းစာဟောင်းများ စာအုပ်များတွင် နစ်မြုပ်ပျောက်ကွယ်နေပါပြီ။ ကျွန်တော့်ထံ၌ပင် မိတ္တူမရှိပါ။ သို့ရာတွင် အရေးကြီးသည့် နိုင်ငံ့မော်ကွန်းစာတမ်း တစ်စောင်ကို အချိန်တိုတိုအတွင်း ပညာရှင်များနှင့် ဝိုင်း၍ ပြန်ဆိုလိုက်ရသည်က ကျွန်တော်၏ မှတ်သားလောက်သော ဗဟုသုတဖြစ်ပါသည်။

အစိုးရသတင်းစာ အယ်ဒီတာ လုပ်ရတာ မလွယ်ချေ။ တစ်ခါတစ်ခါ ဌာနများ၏ ဆူပူကြိမ်းမောင်းခြင်းကို ခံရသည်။ ဌာန၏သတင်းကို ပြည့်ပြည့်စုံစုံ မရေးလို့၊ အကြီးအကဲ၏ ဓာတ်ပုံကောင်းကောင်းကို ထင်ရှားသောနေရာ၌ ကြီးကြီးထည့်မပေးလို့၊ ဌာန၏ ပါစေချင်သည့်သတင်း မပါလို့၊ မပါစေချင်သည့် သတင်းပါလို့။ အစိုးရက ထုတ်သော သတင်းစာဟု ဆိုကာမျှနှင့် သူတို့ ဌာနပိုင် သတင်းစာဟု မှတ်ယူလေသလားမသိ။ အဆူပူခံရ၍ ကျွန်တော် စိတ်မကောင်းဖြစ်လျှင် ဦးခင်မောင်က ဖျောင်းဖျ ပြောဆိုသည်။ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.ocm



**‘သူကြီးဂေဇက်’** သတင်းစာတွင် စစ်မဖြစ်မီက အယ်ဒီတာ လုပ်ခဲ့ဖူးသည်။ ဟိုတုန်းကလည်း ဒီလိုပါပဲဟု ပြောသည်။ သာခေါနမူနာပြသည်။

တစ်ခါ တရားလွှတ်တော်မှ တရားဝန်ကြီးတစ်ဦး နိုင်ငံခြားသို့ အဖွဲ့တစ်ဖွဲ့ဖြင့် သွားသည်။ သူ့သတင်း အစုံ၊ ဓာတ်ပုံကောင်းကောင်း ထည့်ပေးလိုက်ပါသည်။ သို့ရာတွင် နာမည်ရှေ့၌ **အော်နာရေဘဲ**[၁] ဆိုသော ဘွဲ့ကိုကား မတပ်မိပါ။ တရားဝန်ကြီး မည်သူမည်ဝါဟူ၍သာ ယဉ်ကျေးပြည့်စုံစွာ ဖော်ပြလိုက်ပါသည်။ သတင်းစာထွက်သည့် မနက်တွင် တရားလွှတ်တော်မှ အတွင်းဝန်က ကျွန်တော်တို့ထံ တယ်လီဖုန်းဆက်၍ ကြိမ်းမောင်းလေသည်။ ဦးခင်မောင်က ရယ်မော၍ မကျေနပ်လျှင် ဝန်ကြီးချုပ်အား သွားရောက်တိုင်ကြားနိုင်ပါသည်ဟု ဖြေကြားလိုက်သည်။ ပြီးမှ ပယင်းရောင် အားဆေးတစ်ငုံမှိဝဲကာ အားဖြည့်လိုက်လေသည်။ ကျွန်တော့်မှာမူ မှိဝဲစရာမရှိ။

တရားဝန်ကြီးကိုယ်တိုင်က သိလိုက်မည်မထင်ပါ။ ရာထူးတိုးရန် မျှော်မှန်းနေသော အတွင်းဝန်က မျက်နှာလုပ်တာ ဖြစ်နိုင်ပါသည်။ နောက်တစ်နေ့ ခေါင်းကြီးပိုင်းအောက်နား၌ ဂုဏ်ပကာသနနှင့် ပတ်သက်၍ ခပ်နာနာဆော်ထားသော ဆီလျော်သည့်စာတစ်ပုဒ်ကို ကျွန်တော်တို့ ထည့်လိုက်ကြသည်။ ပြီးလျှင် ‘တောသား’နှင့် ကျွန်တော် ကိုယ့်လက်ရာ ကိုယ်ကြည့်၍ ပီတိဖြစ်နေ ကြသည်။ တရားလွှတ်တော်အတွင်းဝန်မင်း ဖတ်မိ၏လားမသိ။ ဖတ်ပြန်လျှင် ရိပ်မိ၏လားမသိ။ မည်သို့ပင်ဖြစ်စေ သူ့ထံမှ မကြားရတော့ချေ။

## ၄

ဝိဇ္ဇာဘွဲ့ကို ယူခဲ့ရသော်လည်း ကျွန်တော်သည် သိပ္ပံပညာဘက်တွင် စိတ်မကုန်ခဲ့ပါ။ အင်ဂျင်နီယာ လုပ်ချင်သည်။ သစ်တောပညာကို ဆည်းပူး၍ တောတွင် နားအေးပါးအေး နေချင်သည်။ ထို့ကြောင့် နိုင်ငံခြားသို့ စေလွှတ်ရန် အစိုးရပညာတော်သင် လျှောက်လွှာများ ခေါ်ယူသောအခါ သစ်တောပညာအတွက် လျှောက်လိုက်သည်။ လျှောက်သည့်အတိုင်း အရွေးခံရသည်။

စစ်မဖြစ်မီက အင်္ဂလိပ်အစိုးရသည် နှစ်စဉ် မြန်မာပညာတော်သင် လေးငါး ဦးကိုသာ အင်္ဂလန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ စစ်ဖြစ်ခါနီးမှ အများဆုံး နှစ်ဆယ်ခန့် လွှတ်ဖူးသည်။ မြန်မာပြည် လွတ်လပ်ရေးရပြီဖြစ်၍ တစ်နှစ်လျှင်

၁။ The Honourable





ပညာတော်သင် တစ်ရာ စေလွှတ်သည်။ အင်္ဂလန်နိုင်ငံသို့သာမဟုတ်ဘဲ ဆိုဗီယက်ရုရှားနိုင်ငံ၊ အမေရိကန် နိုင်ငံစသည်တို့ကိုလည်း လွှတ်သည်။

အင်္ဂလန်နိုင်ငံ အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များတွင် နေရာများများ မရှိ။ သူတို့၏ စစ်ပြန်ရဲဘော်များကို ဦးစားပေးနေရသည်။ ထို့ကြောင့် သစ်တောပညာအတွက် ကျောင်းဝင်ခွင့်ရရှိရေးကို စောင့်နေရသည်။ လန်ဒန်တွင် ရှိသောပညာရေးအရာရှိ ဦးကောင်း၏ ကျေးဇူးကြောင့် သစ်တောကျောင်းကောင်းကောင်းတွင် ကျွန်တော့်အတွက် တစ်နေရာရကြောင်း တစ်နေ့ကြေးနန်းရောက်လာသည်။ ကျွန်တော့်အား အမြန်လွှတ်ရန်ကိုလည်း ပညာရေးဌာနသို့ ကြေးနန်းရိုက်သည်။

ပညာရေးဌာနက လက်ထောက်အတွင်းဝန် အိန္ဒိယအမျိုးသားတစ်ဦးနှင့် အတွင်းဝန် မြန်မာအမျိုးသားတစ်ဦးတို့က ကျွန်တော့်အတွက် နေရာကို အခြားသစ်တောပညာသင်တစ်ဦးအား ပေးလိုက်ကြသည်။ ကျွန်တော်က ငယ်ပါသေးသည်၊ စောင့်နိုင်ပါသေးသည်ဟု ပြောကြသည်။ ကျွန်တော့်အဖို့လည်း အရေးမကြီးလှပါ။ အိုးအိမ်ထူထောင်နေပြီဖြစ်၍ မသွားရသေးလျှင်လည်း ဝမ်းမနည်း။ ဥပဒေ ပညာသင်ယူနေဆဲဖြစ်၍ အချိန်အလဟဿဖြစ်၍ မနေ။ ပထမနှစ်ကို ပထမရ၍ အောင်မြင်ခဲ့သည်။ ဒုတိယနှစ်ပြီးဆုံးမှ သွားရလျှင် ကောင်းမည်။

ပညာသင်မသွားမီ ပြန်ကြားရေးဌာနမှ မီးရထားဘုတ်အဖွဲ့သို့ ပြောင်းရွှေ့၍ တစ်နှစ် အမှုထမ်းခဲ့သေးသည်။ အဖွဲ့၏ လက်ထောက် အတွင်းဝန် လုပ်ရသည်။ ကုသိုလ်ကောင်းပါသည်။ သွားလာရာ၌ ကျွန်တော် ဆရာကောင်းများကိုတွေ့ရသည်။ အထွေထွေမန်နေဂျာ (ယခင်အခေါ် မီးရထားမင်းကြီး) ဦးထွန်းသွင်သည် အရည်အချင်း၊ သဘောထားအထူးပြည့်ဝသူ ဖြစ်လေသည်။ အရေးအသားမြန်မာလို အင်္ဂလိပ်လို အလွန်ကောင်းသည်။ အုပ်ချုပ်မှု ကောင်းသည်။ ၁၉၂၀ ခုနှစ်၊ ပထမ ကောလိပ်ကျောင်းသား သပိတ်ကြီးတွင် ပါဝင်ခဲ့သူ ဖြစ်လေသည်။ အုပ်ချုပ်ရေးအဖွဲ့တွင် ဦးထွန်းသွင်၊ အတွင်းဝန်ဦးဆက်ခိုင်နှင့် ကျွန်တော်တို့သာ ရှိသည်။ အဖွဲ့တစ်ခုလုံးကို ကြီးကြပ်ကွပ်ကဲခြင်း၊ ဘုတ်အဖွဲ့ကို တာဝန်ခံထောက်ကူရခြင်းတို့ကို သုံးဦးတည်းနှင့် နိုင်နင်းစွာ လုပ်ကိုင်ကြသည်။ စနစ်ကောင်း၍ ဝန်ထမ်းများလည်း ကောင်းကြသည်။

၁၉၄၉ ခုနှစ်၊ အောက်တိုဘာလတွင် ကျွန်တော် လန်ဒန်သို့ သတင်းဖြန့်ချိရေးပညာအတွက် သွားရသည်။ သစ်တောပညာ၊ သိပ္ပံပညာများနှင့် ဝေး



www.burmeseclassic.com

www.burmeseclassic.ocm



တော့မည်။ ဥပဒေဘွဲ့ကို ရထားပြီးဖြစ်၍ ဖြစ်နိုင်လျှင် ဥပဒေပညာကိုပါ ဆက်လက်ဆည်းပူးချင်လာသည်။

ထွက်ခွာသွားရမည့် အချိန်တွင် နိုင်ငံမငြိမ်သက်။ သောင်းကျန်းမှုများ ထနေသည်။ ရောင်စုံသူပုန်များဖြင့် ရှုပ်ထွေးနေသည်။ နိုင်ငံခြားသို့ မသွားဘဲ တပ်မတော်သို့ ပြန်ဝင်မည် လုပ်သေးသည်။ လူကြီးများက ပညာဆက်သင်ရန် သွားပါ၊ လုပ်စရာတွေ အများကြီး ကျန်သေးသည်၊ ယနေ့နက်ဖြန်နှင့် ပြီးဦးမည်မဟုတ်ဟု တိုက်တွန်းကြသည်။

သားကြီးကို မွေးဖွားပြီးစ လပိုင်းလောက်သာ ရှိသေးသည်။ သူ့ကို နို့ဘူးတိုက်ပေးရသည်။ ည သူ ဆူလျှင် ထ၍ နို့ဖျော်ပေးရသည်။ သူ့အဝတ်အနီး ဖွပ်လျှော်ပေးရသည်။ ကျွန်တော်တို့မှာ စိတ်ချရသော အကူမရှိ။ သွားလို့ဖြစ်ပါမည်လား။ စိတ်တထင့်ထင့် ရှိသည်။

ချိတုံ ချတုံနှင့်ပင် သီတင်းကျွတ်ပြီး မကြာသော တစ်ရက် 'ရိုးမ' သင်္ဘောဖြင့် ရန်ကုန်ဆိပ်ကမ်းမှ လန်ဒန်မြို့သို့ ထွက်ခဲ့သည်။

လန်ဒန်တွင် ၃ နှစ်ကျော် ကြာခဲ့သည်။ လုပ်စရာတွေကို ခပ်သုတ်သုတ်လုပ်၍ မြန်မြန် အိမ်ပြန်ဖို့ ကြိုးစားသည်။ ပညာသင်လွှတ်သည့် ဘာသာရပ်များကို တစ်ဖက်က ဆည်းပူးသည်။ ဘီဘီစီ အသံလွှင့်ရုံ၊ ဗဟိုပြန်ကြားရေးဌာန၊ နိုင်ငံခြားရေးရုံး စသည်တို့၌ တွဲဖက်လေ့လာခဲ့သည်။ ကျောင်း၊ သင်တန်းများလည်းတက်သည်။ တစ်ဖက်တွင် ရသည့်အချိန်ကိုယူ၍ ဝတ်လုံပညာကို ဆည်းပူးသည်။ နွေရာသီကျောင်းပိတ်ရက်များတွင် ဟော်လန်နိုင်ငံသို့ကူး၍ အပြည်ပြည်ဆိုင်ရာဥပဒေကို ဆည်းပူးသည်။ ကျမ်းပြုကာ ပါရဂူဘွဲ့ယူရန်အတွက် ဆရာကြီးများထံ ဆည်းကပ်သည်။

ရန်ကုန်တက္ကသိုလ်မှ ဥပဒေဝိဇ္ဇာဘွဲ့ကိုယူခဲ့သည့် အခြေခံကြောင့် ဥပဒေပညာဆည်းပူးရာတွင် အခက်အခဲမရှိ။ ရန်ကုန်မှဆရာကြီးများ ဖြစ်ကြသော ဒေါက်တာဘဟန်၊ ဦးမြင့်၊ ဦးချန်ထွန်းအောင်တို့ကို သတိရကျေးဇူးတင်မိသည်။ ပါမောက္ခ ဒေါက်တာဘဟန်က သေချာသည်။ သူ ပို့ချသော မှတ်စုများကို အကုန်ကျက်မှတ်၊ အလွတ်ရမှ ကြိုက်သည်။ ဆရာဦးမြင့်က ရယ်စရာပြောကာ စာကို ခေါင်းထဲသို့ ရောက်မှန်းမသိ ရောက်သွားအောင် ပို့ချနိုင်သည်။ စာပေဝါသနာပါသည်။ အသံထွက်မှန်အောင်လည်း ချိန်ဆပြီးမှ ပြောသည်။ စကားလုံးလှလှတစ်လုံးကို အသံထွက်မှန်မှန်နှင့် ပြောလိုက်ရလျှင် သူ့မှာရွှင်လန်းသွား





သည်။ ဦးချန်ထွန်းအောင်သည် ကျောင်းသားများကို တတ်စေချင်သည်။ ကိုယ်တိုင်လည်း အမြဲဖတ်နေသည်။ အလွန်ကြိုးစားသည်။

ဆရာကြီးများ သင်ကြားပေးခဲ့သော ပညာအခြေခံဖြင့် ဥပဒေနယ်တွင် ကျွန်တော် အတော်အသင့် လုပ်ဆောင်ခဲ့ရသည်။ ပြည်ပမှ ဆရာကြီးများသည်လည်း စေတနာကောင်းကြပါသည်။ ဆရာ ပီသကြသည်။ ပညာ ဟူသည် နိုင်ငံ၊ လူမျိုး၊ အသွေးအရောင် မရွေး။ တကယ့်ပညာရှင်များသည် အနှစ်သာရပြည့်သော ပညာအစစ်အမှန်တွင်သာ မွေ့လျော်ကြသည်။ ပညာစစ် ပညာမှန် ဖလှယ်ရန်သာ စိတ်အားထက်သန်သည်။ တပည့်မွေးကာ အမြတ်ထုတ်ဖို့ စိတ်မကူးကြချေ။ ဆရာကောင်းများနှင့်တကွ ပညာရေးဘက်တွင် အမြဲအားပေးသော ဖခင်တို့၏ ကျေးဇူးကား ကြီးမားလှပါပေသည်။ သားသမီးများကို ပညာသင်နိုင်ရေးအတွက် ကိုယ်တိုင် အဆင်းရဲခံခဲ့ရှာသော မိခင်၏ ကျေးဇူးသည်လည်း ကြီးမားလှပါပေသည်။

## ၅

လန်ဒန်တွင် ခြိုးခြံစွာ နေထိုင်ရသည်။ စရိတ်လောက်ငအောင်နေပြီးလျှင် ဝတ်လုံပညာကို **လင်းကွန်းအင်း**[၁] ၌ ညနေပိုင်းတွင် တက်ရသည်။ ဥပဒေစာအုပ်ဈေးကြီးသဖြင့် မဝယ်နိုင်။ တက္ကသိုလ်စာကြည့်တိုက်တွင် သွားရောက်ဖတ်ရှုကာ မှတ်စုထုတ်ရသည်။ စာကြည့်တိုက်သည် ညသန်းခေါင်အထိ ဖွင့်သဖြင့် အချိန်ရသည်။ ကျောင်းတက်၊ ကျောင်းဆောင်ပြန် လမ်းလျှောက်သည်။ လမ်းလျှောက်ခြင်းဖြင့် အအေးသက်သာသည်။ ဘတ်စ်ကားခ သက်သာသည်။

ကျောင်းဆောင်အခန်းတွင် ပေးထားသော ဓာတ်ငွေ့မီးဖိုဖြင့် ထမင်းတစ်လုံးချက်သည်။ မြန်မာပြည်မှ ပို့လိုက်သော ငါးပိကြော်နည်းနည်းနှင့် ထမင်းပူပူစားရလျှင် မြိန်သည်။ ပြည့်စုံသည်။ လန်ဒန်တက္ကသိုလ် အရှေ့ ရပ်ဆယ်ပန်းခြံထောင့်နားတွင် အိန္ဒိယအစားအသောက်များကို ရောင်းသော ဆိုင်တစ်ဆိုင်ရှိသည်။ ထိုဆိုင်မှပဲငါးပိ၊ သရက်သီးသနပ် စသည်တို့ကို ဝယ်ထားသည်။ ထမင်းနပ်ခါနီးတွင် ပဲငါးပိတစ်ဇွန်းထည့်ကာ အိုးအဖုံးအုပ်ထားလိုက်လျှင် ပဲငါးပိပါ နပ်ပြီး ဖြစ်သွားသည်။ ထမင်းပူပူ၊ ငါးပိချက်ပူပူ စားရတာလို ဖြစ်သည်။ ထိုမှတစ်ပါး ရေနွေးကျို၍ လက်ဖက်ရည်ဖျော်တတ်သည်။ ကြက်ဥပြုတ်တတ်သည်။

---

၁။ Lincoln's Inn



www.burmeseclassic.com

www.burmeseclassic.ocm



ဤပညာများဖြင့် လန်ဒန်တွင် လောက်ငစွာ နေထိုင်ကာ လိုရာပညာရှာမှီးနိုင်ခဲ့သည်။

နွေရာသီတွင် လယ်ရိတ်သိမ်းရန်၊ သီးနှံဆွတ်ခူးရန် လုပ်အားလိုသည်။ လယ်သမားအဖွဲ့အစည်း၊ လူငယ်အဖွဲ့အစည်းများက လုပ်အားပေးများကို ဖိတ်ခေါ်သည်။ ခရီးစရိတ်၊ စားစရိတ်ပေးသည်။ ကျောင်းသား၊ ကျောင်းဆရာ၊ စက်ရုံအလုပ်သမား စသူတို့ အပြောင်းအလဲရရှိရန် ကိုယ်ကြိုက်ရာဒေသကို ရွေး၍ လုပ်အားပေးသွားကြသည်။ ကျွန်တော် အော့စဖို့ဒ် တက္ကသိုလ်အနားမှ စခန်းသို့ သွား၍ လုပ်အားပေးသည်။ အားလပ်ချိန်တွင် တက္ကသိုလ်သို့ သွားရောက်လည်ပတ်သည်။

လုပ်အားပေးဆို တကယ့်ကို လုပ်အားပေးရသည်။ နံနက်ဝေလီဝေလင်း ချမ်းချမ်းဆီးဆီးတွင် ထရသည်။ မျက်နှာသစ်၊ နံနက်စာစားပြီးလျှင် တာဝန်ကျရာ လယ်ခင်းသို့ ကိုယ့်အဖွဲ့နှင့် ကိုယ်ဆင်းကြရသည်။ အာလူးကောက်၊ ကောက်ရိုးစည်း၍စုပုံ၊ ပေါင်းသင်၊ သစ်သီးခူး၊ တစ်နေ့တစ်မျိုး၊ မိုးချုပ်သည်အထိ လုပ်ကြရသည်။ စခန်းပြန်ရောက်ကြလျှင် ရေမိုးချိုး၊ ထမင်းအဝစားပြီး ထွက်၍ လည်ပတ်ကြသည်။

ဘီဘီစီအသံလွှင့်ရုံမှ အရှေ့ပိုင်းဆိုင်ရာကဏ္ဍတွင် တစ်ခါတစ်ခါ ပါဝင်အသံလွှင့်ခြင်းဖြင့် ဉာဏ်ပူဇော်ခရသည်။ တစ်ခါတစ်ခါ မဂ္ဂဇင်းများတွင် ဆောင်းပါးရေးသည်။ မန္တလေးအိမ်မှ ဂျူသူးအကြောင်း ဆောင်းပါးတစ်ပုဒ်ရေးကာ ဆယ်ပေါင်ရဖူးသည်။ ဆယ်ပေါင်ဆို မနည်း။ ဟော်လန်သို့ အသွားအပြန် ခရီးစရိတ် ရသည်။ လင်ကွန်းအင်း ဥပဒေရိပ်သာတွင် သီတင်းတစ်ပတ်စာ ထမင်းစရိတ်ရသည်။ ဝတ်လုံဖြစ်ရန် သီတင်း ၁၂ ပတ်၊ တစ်ပတ်လျှင် ထမင်းပွဲ ၃ ခါ သို့မဟုတ် ၆ ခါ၊ ကာလအားဖြင့် စုစုပေါင်း ၃ နှစ်၊ ရိပ်သာထမင်းစားဆောင်တွင် ထမင်းစားရသည်။ ထမင်းပွဲတွင် ကျောင်းသားများ၊ ရှေ့နေကြီးများ၊ တရားသူကြီးများ၊ ဆရာကြီးများ ရင်းရင်းနှီးနှီး မိတ်ဆုံစားသောက်ကြသည်။ အတူစားသောက် ပညာဗဟုသုတဖလှယ်ခြင်းသည် ထုံးတမ်းဖြစ်လေသည်။ ထမင်းပတ်လည်းစေ့၊ စာမေးပွဲကိုလည်း အကုန်အစုံအောင်မြင်ပြီးမှ ဝတ်လုံဖြစ်သည်။ စာမေးပွဲများကို မှန်မှန်အောင်ခဲ့သဖြင့် ထမင်းပတ်လည်မစေ့သေးဘဲ ဖြစ်နေသည်။ လျှော့ပေါ့ပေးပါရန် ကျောင်းအုပ်ကြီးများထံ သွားရောက်တောင်းဆိုသော်လည်း မရ။ စည်းကမ်းကြီးသည်။ ထို့ကြောင့် စောင့်





နေခဲ့ရသည်။ စောင့်ရင်းနှင့် ဟော်လန်နိုင်ငံ **ယူးတရက်တက္ကသိုလ်**[၁] တွင် တင်သွင်း ရမည့် ကျမ်းစာအုပ်အတွက် အချက်အလက်များကို စုဆောင်းသိမ်းနေရသည်။

ကျမ်းပြုခြင်းကို ကြီးကြပ်ရမည့် ဆရာကြီး **ပါမောက္ခ တာဇီး**[၂] သည် သူ့နိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေပါရဂူတစ်ဆူ ဖြစ်လေသည်။ ကမ္ဘာဖျန်ဖြေရေးခုံရုံးတွင် နာယကလုပ်ဖူးသည်။ အပြည်ပြည်ဆိုင်ရာ တရားရုံးချုပ်သို့ သူ့နိုင်ငံမှ ရွေးချယ်တင်ပို့ ခံရဖူးသည်။ ကျွန်တော့်ကျမ်းကို တက္ကသိုလ်ပညာရေးအဖွဲ့ရှေ့တွင် တင်သွင်း အစစ်ဆေးခံ၊ ဒေါက်တာဘွဲ့ယူ၊ ပြီးလျှင် သူသည် ပါမောက္ခအဖြစ်မှ အနားယူတော့မည် ဖြစ်လေသည်။ သူ၏ နောက်ဆုံးဒေါက်တာဘွဲ့ ကျောင်းသားတစ်ဦးအဖြစ် ကျွန်တော့်အား အထူးအကူအညီပေးသည်။ သင်ကြားပြသပေးသည်။ အလွန်စေ့စပ်သေချာသော ပုဂ္ဂိုလ်ဖြစ်လေသည်။ ကျမ်းပြီး၍ ပုံနှိပ်စက်တင်သည့်အခါတွင် သူကိုယ်တိုင်ပုံနှိပ်တိုက်သို့ သွားရောက်ကာစာပြင်ခဲ့သည်ဟု နောက်မှ ပုံနှိပ်တိုက်က ပြောပြ၍ သိရသည်။

ရေမြေရုပ်ခြားတွင် ကျွန်တော်ပညာရေး ကြိုးပမ်းနေစဉ် သားကြီး၏ မိခင်သည်လည်း ကလေးတစ်ဖက်နှင့် အလုပ်ထွက်၍ လုပ်သည်။ လက်ရေးတိုလက်နှိပ်စက်သင်ကာ စာရေးဝန်ထမ်းလုပ်ရင်း သားကို ပြုစုပျိုးထောင်သည်။ နံနက်စောစော ထမင်းချိုင့်ကို ဆွဲ၍ အလုပ်တက်ရန် ဘတ်စ်ကား၊ မီးရထားဖြင့် သွားရသည်။ ညနေ အိမ်ပြန်လျှင် သားဖို့ မုန့်ချိုဝယ်ခဲ့သည်။ ဤသို့ တစ်စတစ်စဖြင့် သားသည် လေးဖက်ထောက်၍ တွားတတ်သည်။ မတ်ရပ်ထတတ်သည်။ စမ်း၍ လမ်းလျှောက်တတ်လာသည်။ စမ်း၍ စကားပြောတတ်လာသည်။

## ၆

နောက်ပိုင်းဖြစ်ရပ်များသည် ယနေ့နှင့် နီးကပ်ပါသေးသည်။ မနေ့ကကိစ္စများ ဖြစ်ပါသည်။ နောက်တစ်နေ့ အနားရသောအခါ နောက်ကြောင်းပြန်၍ သုံးသပ်ဆင်ခြင်လိုပါသေးသည်။ ဖြစ်ရပ်များကို အချိုးကျန ပီပီသသ မြင်နိုင်လျှင် မှတ်တမ်းတင် ရေးသားသင့်သည်များကို ရေးသားလိုပါသည်။ အများစိတ်

---

၁။ University of Utrecht

၂။ Professor J.H.W. Verzijl



www.burmeseclassic.com

www.burmeseclassic.ocm



ဝင်စားမည့်ဖြစ်ရပ်များ၊ အများအကျိုးကိုဖြစ်စေမည့် ဖြစ်ရပ်များကိုသာ မှတ်တမ်းတင်အပ်ပါသည်။

သားမောင်စစ်သည်နှင့် နီးစပ်မည်ထင်ရသည့် ဖြစ်ရပ်အချို့ကိုသာ ဖော်ပြပါမည်။ တစ်ရပ်မှာ စစ်တက္ကသိုလ်ဖွင့်ပွဲ ဖြစ်ပါသည်။

စစ်တက္ကသိုလ်ကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်တွင် တည်ထောင်ကြသည်။ တော်လှန်ရေးတွင် အောင်ပန်းမြို့၌ ငှက်ဖျားသင့်၍ သေဆုံးသွားရရှာသော ဗိုလ်မှူးကြီးဇထူးကို အထိမ်းအမှတ်ပြုသည့်အနေနှင့် ဇထူးမြို့ဟု စစ်တက္ကသိုလ်တပ်မြို့ကို ခေါ်ဝေါ်ကြသည်။ ကာကွယ်ရေးဝန်ကြီးဌာနက အထူးကော်မတီတစ်ရပ်ကို ၁၉၅၂ ခုနှစ်တွင် ဖွဲ့စည်း၍ တက္ကသိုလ် ဖွင့်လှစ်ရေးအတွက် လေ့လာပြင်ဆင်ခဲ့သည်။ စစ်တက္ကသိုလ်ဖွင့်ရန် နေရာရှာကြရာတွင် ဗိုလ်ချုပ်ကြီးနေဝင်း၊ လေ့ကျင့်ရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမောင်မောင်၊ ဆေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးမောင်မောင်ကြီး စသော ပုဂ္ဂိုလ်တို့ ပါဝင်ခဲ့ကြသည်။ လေ့ကျင့်ရေးအတွက် မြေအနေအထားကိုသာ ကြည့်သည်မဟုတ်။ ကျန်းမာရေးအတွက် သင့်မြတ်သောနေရာကိုလည်း ရှာဖွေကြသည်။ နေရာရွေးပြီးလျှင် တပ်မြို့တည်ဆောက်ကြသည်။ အင်ဂျင်နီယာ၊ ထောက်ပံ့ရေး၊ ဦးစီး၊ တပ်မတော်၊ အုပ်ချုပ်ရေး၊ ဘက်စုံ အင်တိုက်အားတိုက် ခုတ်ထွင်ရှင်းလင်းတည်ဆောက်လုပ်ကြရသည်။ စစ်တက္ကသိုလ်ဖွင့်ခါစတွင် 'ကာကွယ်ရေး စစ်တက္ကသိုလ်' ဟု ကင်ပွန်းတပ်သည်။ နောက်မှ စစ်တက္ကသိုလ်ဟုသာ ခေါ်ဝေါ်သည်။

၁၉၅၅ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ဖွင့်ပွဲကျင်းပနိုင်သည်။ ဧည့်သည်တော် အများတက်ရောက်ကြသည်။ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး၊ နိုင်ငံခြားသံတမန်များ၊ စစ်သံများ၊ တပ်မတော်တပ်မှူးကြီးများ၊ တိုင်းမှူးကြီးများ၊ အစိုးရဌာန အကြီးအကဲများ၊ သတင်းစာဆရာများ။ ဦးစီးချုပ်ဗိုလ်ချုပ်ကြီးနေဝင်း ကိုယ်တိုင်ဖွင့်ပွဲ အစီအစဉ်များကို လုပ်ပေးသည်။ ဧည့်သည်တော်များ ချမ်းမြေ့စွာ စားရေး၊ နေရေး၊ အပန်းဖြေရေးတို့ကို ကြည့်ရှုစီမံသည်။ လမ်းပန်းအဆက်အသွယ် မလွယ်။ ဟဲဟိုးလေယာဉ်ပျံကွင်းမှ မြေနီလမ်းအတိုင်း ဖုန်တထောင်းထောင်းထလျက် ကားဖြင့် သွားကြရသည်။ ဧည့်သည်တော်များအတွက် ပြည့်စုံအောင် အထူးတလည် စီစဉ်ရသည်။

ဗိုလ်မှူးကြီးကျော်စိုးက စစ်တက္ကသိုလ်၏ ပထမကျောင်းအုပ်ကြီး ဖြစ်သည်။ စစ်တက္ကသိုလ်အပြင် တိုက်ခိုက်ရေးကျောင်းကိုပါ ဦးဆောင်ရသည်။





ကျောင်းအုပ်ကြီးသည် လေ့ကျင့်ရေး ဝါသနာထုံသော ပုဂ္ဂိုလ်ဖြစ်သည်။ ဂျပန်ခေတ် စစ်တက္ကသိုလ် ဗိုလ်သင်တန်း ပထမပတ်မှ ဆင်းကာ ဂျပန်ပြည်စစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ စစ်ပြီး ဗမာ့တပ်မတော်တွင် တပ်ရင်း ၄ ၌ အမှုထမ်းကာ တပ်ရင်းမှူးဖြစ်ခဲ့သည်။ ထို့နောက် လေ့ကျင့်ရေးတပ်ရင်းကို ဦးစီး၍ တပ်ရင်းအသစ်များအတွက် ရဲဘော်များကို မွေးထုတ်ရသည်။ ဗိုလ်သင်တန်းကျောင်းအုပ် လုပ်ဖူးသည်။ ဥရောပနိုင်ငံများသို့ စစ်မစ်ရှင်များနှင့် လေ့လာရေးသွားဖူးသည်။ အမေရိကန် ဦးစီးတက္ကသိုလ် တက်ဖူးသည်။ တိုက်ခိုက်ရေး၊ လေ့ကျင့်ရေး၊ အတွေ့အကြုံစုံသည်။

ဗိုလ်ချုပ်ကြီး၏ ဧည့်သည်တော်အဖြစ် အင်္ဂလိပ်စာရေးဆရာမကြီး **ဒေါ်ရော်သီဝုဒ်မင်း**[၁] ပါလာသည်။ ဒေါ်ရော်သီနှင့် သူ့ခင်ပွန်း **ကင်စလေမာတင်**[၂] တို့သည် မြန်မာ့ခေါင်းဆောင်များနှင့် ခင်မင်ရင်းနှီးကြသည်။ ဗိုလ်ချုပ်အောင်ဆန်း လန်ဒန်သို့ သွားရောက်၍ မြန်မာ့အရေးဆိုခဲ့စဉ်ကပင် တတ်နိုင်ရာမှ ကူညီခဲ့ကြသည်။ သူတို့ ထုတ်ဝေသော **နယူးစတိတ်စမင်း**[၃] သတင်းဂျာနယ်ကို အာရှ၊ ဥရောပနိုင်ငံများမှ ဆိုရှယ်လစ်လူငယ်၊ လူကြီးခေါင်းဆောင်များ မလွှတ်တမ်းဖတ်ကြသည်။ အင်္ဂလိပ် လေဘာပါတီခေါင်းဆောင်များသည်လည်း ကင်စလေ၊ ဒေါ်ရော်သီတို့၏ လုပ်ဖော်ကိုင်ဘက်များ ဖြစ်ကြသည်။

လန်ဒန်တွင် ကျွန်တော် ဒေါ်ရော်သီတို့ ဇနီးမောင်နှံနှင့် ရင်းနှီးခဲ့သည်။ အားလပ်လျှင် သူတို့အိမ်သို့သွား၍ စာပေ၊ နိုင်ငံရေးဆွေးနွေးသည်။ သူတို့နှင့် မိတ်ဆွေများ ပြောဆိုကြတာကို နားထောင်ခဲ့သည်က များပါသည်။ အာရှနိုင်ငံများတွင် ခေါင်းဆောင်ဖြစ်လာကြသည့် ပုဂ္ဂိုလ်များ သူတို့အိမ်သို့ လာကြသည်။ ထိုအချိန်က ဒေါ်ရော်သီသည် အသက် ၄၀ ကျော်လောက်သာ ရှိဦးမည်။ အလွန်ဝဖြိုးသော သူ့ခန္ဓာကိုယ်သည် အမြဲသွားလာလှုပ်ရှားနေသည်။ ချော်လဲ၍ ခြေနာသည့်အခါများ၌သာ ရပ်နားသည်။ နားလျှင်လည်း စကားမပြတ် ပြောနေသည်။ သူ့အိမ်သို့ သွားလျှင် သူ့နည်းသူ့ဟန်နှင့် ချက်ပြုတ်သော ထမင်းဟင်းကို စားမှ ကြိုက်သည်။ သူ ထမင်းမချက်တတ်။ ဟင်းအိုးထဲသို့ တွေ့ကရာတွေကို ထည့်သည်။

၁။ Dorothy Woodman

၂။ Kingsley Martin

၃။ New Statesman



www.burmeseclassic.com

www.burmeseclassic.ocm



သူ့မျက်နှာချိုသည်။ ငယ်ရုပ်မပျောက်။ ပန်းနုရောင်သန်းနေသည်။ မျက်လုံးများသည် ရီနေသည်။ သဘောကျလျှင် တခိခိရယ်မောတတ်သည်။ စကားပြောလျှင် ပြတ်သားသည်။ နာမည်ကြီးသော ပုဂ္ဂိုလ်များကိုပင်ဖြစ်စေ၊ အားမနာတမ်း ဝေဖန်ပြောဆိုသည်။ ကင်စလေကပင် သူ့ကို ကြောက်ရပုံပေါ်သည်။ ဇနီးမောင်နှံ ဆိုစေကာမူ သူ့ကိုယ်သူ ဒေါ်ရော်သီမာတင်ဟု မခေါ်။ ယောကျ်ား၏ အမည်ကို မယူ။ လွတ်လပ်စွာ နေသည်။

ကင်စလေက အယ်ဒီတာ။ သူက အာရှဆိုင်ရာ အမြဲတမ်းဆောင်းပါးရှင်ဖြစ်သည်။ ဆောင်းပါးမရေးမီ သေချာစွာ လေ့လာသည်။ ရှာဖွေဖတ်ရှုမေးမြန်းသည်။ သူ မယုံကြည်တာကို မရေး။ သူဖိတ်ကြားသဖြင့် ရုံဖန်ရုံခါ သူတို့ လေဘာပါတီအဖွဲ့ အစည်းအဝေးများသို့ ကျွန်တော်သွား၍ မြန်မာပြည်အကြောင်း ဟောပြောခဲ့ဖူးသည်။ တစ်ခါ ရာသီဥတု မသာယာ၊ နှင်းတွေကျ၊ အေးချမ်းသည့် ညနေခင်း။ ဖိတ်ကြားထားသည့် စည်းဝေးပွဲသို့ သူနှင့် ကျွန်တော် လမ်းလျှောက်သွားကြသည်။ ဟိုမှာ သက်ကြီးရွယ်အို နှစ်ဦးသာ ရှိသည်။ ထိုနှစ်ဦးတည်းသော ပရိသတ်ကိုပင် မြန်မာပြည်အကြောင်း ဟောပြောခဲ့ရသည်။ သူတို့က ခေါင်းတညိတ်ညိတ်နှင့် ငိုက်နေကြသည်။ မတတ်သာ။ ပြီးအောင်ဆက်၍ ဟောပြောရသည်။ သူတို့ခမျာ အပြင်မှာချမ်းရာ၍၊ အိမ်မှာအဖော်မရှိ ပျင်းရာ၍ လာကြသည် ထင်သည်။ လူသံ သူသံကြားကာ နွေးသော အခန်းထဲတွင် လူတို့ အိပ်ပျော်ချင်ကြသည်။

ဒေါ်ရော်သီသည် မြန်မာပြည်အကြောင်း ထူထဲနိုင်မာသော ကျမ်းကြီးများကို ပြုစုရေးသားထုတ်ဝေခဲ့သည်။ ကျမ်းပြုရန် ရှာဖွေလေ့လာရင်း တွေ့ရသည့် ရှားပါးသော စာရွက်စာတမ်းများကို သူ့စရိတ်ဖြင့် ကူးယူကာ မြန်မာ အစိုးရသို့ ပို့ပေးခဲ့သည်။ အစိုးရဧည့်သည်တော်အဖြစ် မကြာမကြာ သူ ရောက်လာခဲ့ဖူးသည်။ သူ့အတွက် စရိတ်မကုန်လှပါ။ သူက အသားမစား။ သက်သတ်လွတ်စားသည်။ ငှက်ပျောသီး၊ နာနတ်သီး၊ သရက်သီး ကြိုက်သည်။ သစ်သီးတစ်ခြင်း၊ ဘီစကွတ်တစ်ဘူးနှင့် နေနိုင်သည်။

မြန်မာ့တပ်မတော် နယ်ခြားစခန်းများသို့ ဒေါ်ရော်သီ ရောက်ဖူးသည်။ မြောက်ဘက် ဆဒ့်ခံတပ်အကြောင်းကို သူဆောင်းပါးရေးဖူးသည်။ တက်ကြွ၍ တိုးတက်သော မြန်မာ့တပ်မတော်ကို သူလေးစားသည်။ မျှော်လင့်ချက်ထားသည်။ သို့ရာတွင် တိုက်ရေးခိုက်ရေး သွေးထွက်သံယိုမှုကို သူမကြိုက်။ သူ တစ်သက်လုံး





စစ်ကို ဆန့်ကျင့်ခဲ့သည်။ ငယ်စဉ်က လမ်းပေါ်တွင်သာ ဆန္ဒပြ၍ နေခဲ့သည်ဟု သူ ပြောလေ့ရှိပါသည်။

စစ်တက္ကသိုလ်ဖွင့်ပွဲတွင် ဒေါ်ရော်သီနှင့်ပြန်တွေ့ရသည်။ သူက တိုက်ပွဲလေ့ကျင့်ခန်းများကို မကြည့်လို၊ ဆူညံသည်။ ပစ်ခတ်ကြသည်ကိုမမြင်၊ မကြားလို။ ရွာထဲသို့ သွားကာ ရွာသူရွာသားများ၊ ကလေးများနှင့် တွေ့လိုသည်ဟု ဆိုသဖြင့် ကျွန်တော် သူ့ကို လိုက်ပို့ရသည်။ ရွာရိုးလျှောက်၍ သူ ပျော်နေသည်။ ကျွန်တော်က တိုက်ပွဲလေ့ကျင့်ခန်းများကို ကြည့်လိုသည်။ တင့်ကား၊ အမြောက် သုံးပြီး တပ်ရင်းလိုက် တိုက်ပွဲလေ့ကျင့်ခြင်းဖြစ်သည်။ ကြည့်၍ ကောင်းမည်။ သို့သော် မဒေါ်ရော်သီကြောင့် မကြည့်လိုက်ရ။

မြန်မာပြည်ကို တစ်နှစ်တစ်ခေါက်နီးပါး လာရောက်ကာ စာအုပ်ရေးဖို့ သူ စုဆောင်းနေခဲ့သည်။ သို့ရာတွင် မပြီးမြောက်ခဲ့။ ၁၉၇၀ ခုနှစ်တွင် ကင်စလေ ဆုံးသည်။ ၁၉၇၁ ခုနှစ်တွင် ဒေါ်ရော်သီဆုံးသည်။ သူ့စာအုပ်များကို တပ်မတော် မော်ကွန်းတိုက်သို့ လှူခဲ့သည်။ စာအုပ်များ ရောက်လာပြီး မော်ကွန်းတိုက်သို့ ကျွန်တော်သွားရာ စာအုပ်များကို ကြည့်ရင်း သူတို့ဇနီးမောင်နှံကို သတိရမိသည်။

စစ်တက္ကသိုလ်အကြောင်း စဉ်းစားမိလျှင် ဗထူးမြို့တွင် စစ်တက္ကသိုလ်ဖွင့်ပွဲ၌ ဒေါ်ရောသီနှင့် ရွာထဲမှ အိမ်တွေကို သွားရောက်လည်ပတ်ခဲ့သည်တို့ကို သတိရသည်။

၇

သားမောင်စစ်သည်အား ပြန်ပြောချင်သည့် အကြောင်းတစ်ရပ် ရှိသေးသည်။ ၁၉၅၉ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်ပြည်၌ ဗိုလ်မိုးကြိုးကို ကျွန်တော် သွားရောက် တွေ့ဆုံခဲ့ကြောင်း ဖြစ်သည်။ ထိုအကြောင်းကို ၁၉၇၀ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ထွဲပါ 'ဟံသာဝတီ'သတင်းစာ တော်လှန်ရေးနေ့ အထူးထုတ်တွင် "ဗိုလ်မိုးကြိုးနှင့် တွေ့ခဲ့စဉ်က" ခေါင်းစဉ်ဖြင့် အောက်ပါအတိုင်း ရေးသားခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး အိမ်စောင့်အစိုးရက ကမ္ဘာ့ ကုလသမဂ္ဂသို့ စေလွှတ်သော မြန်မာကိုယ်စားလှယ် အဖွဲ့တွင် ကျွန်တော် ပါသွားသည်။ အပြန်တွင် ဂျပန် ပြည်ဝင်မည်။ ဗိုလ်မိုးကြိုးနှင့်တွေ့၍



www.burmeseclassic.com

www.burmeseclassic.ocm



ဗမာ့လွတ်လပ်ရေး တပ်မတော်သမိုင်းကြောင်း မေးမည်ဟု ရည်ရွယ်ခဲ့သည်။

ပြန်ခါနီးသောအခါ တပ်မတော် မော်ကွန်းတိုက်သို့ အကြောင်းကြားကာ တိုကျိုမြန်မာစစ်သံမှူး ဗိုလ်မှူးကြီး မောင်လွင်၏ ကျေးဇူးပြုချက်ဖြင့် ဗိုလ်မိုးကြိုးနှင့် သွားရောက်တွေ့ဆုံရန် အစီအစဉ် ပြုလုပ်နိုင်ခဲ့သည်။

ဂျပန်ပြည်ရောက်ပြီးလျှင် တိုကျိုသို့ သုံးလေးရက်လှည့်လည် ကြည့်ရှုရသည်။ တိုကျို၏ ညဘဝကို လေ့လာသူအဖြစ် မြင်ရသည်။ နောက် ဗိုလ်မိုးကြိုးနေရာ ဟာမာမတ်စုမြို့သို့ မီးရထားဖြင့် သွားသည်။

ခရီးရှည်ဖြစ်လေသည်။ နှင်းခဲဦးထုပ်ဖြူဖြူဆောင်းထားသော ဖူဂျီရာမား တောင်ကြီးဘေးမှ ဖြတ်သွားရသည်။ ပင်လယ်ကမ်းနံဘေးမှလည်း သွားရသည်။ လမ်းတွင် ငါးရှဉ့်ကင်နှင့် ထမင်းပူပူစား၍ လက်ဖက်ရည်ကြမ်း ပူပူသောက်ရသည်။ ရာသီဥတု အေးသည်။

ဟာမာမတ်စုသည် မြို့ကြီးဖြစ်လေသည်။ စက်ရုံမီးခိုးများဖြင့် မှိုင်းမှုန် နေသည်။ မြို့အဝင်တွင်ကား လိမ္မော်ခြံတွေ ရှိသည်။ ဝင်းဝါသော လိမ္မော်သီးများ တွဲလွဲခိုနေသည်ကို ကြည့်၍ ရှမ်းပြည်နယ် အောင်ပန်းကို သတိရမိသည်။

ဘူတာတွင် ကြိုဆိုသည့်အဖွဲ့ရောက်နေသည်။ ဗိုလ်မိုးကြိုး၊ ဘုန်းကြီး ဦးနာဂါအီနှင့် သူ့မိတ်ဆွေများ ဖြစ်လေသည်။ ဝမ်းသာအားရ ကြိုဆိုကြသည်။ အတန်တန်လက်ဆွဲ နှုတ်ဆက်ရသည်။ အကြိမ်ကြိမ် ကုန်းကွသမှု ပြုရသည်။

ကျွန်တော်ကြိုတင် မေတ္တာရပ်ခံထားသောကြောင့် အနောက်ဆန်သော ဟိုတယ်သို့မပို့မူဘဲ ဂျပန်ဧည့်ဂေဟာသို့ ခေါ်သွားကြသည်။ ကား သုံးလေးစီးဖြင့် သွားကြသည်။ ရှင်လောင်းလှည့်လာသလိုလို၊ သတို့သား ခေါ်လာသလိုလို။

ဧည့်ဂေဟာသည် ငယ်သော်လည်းလှသည်။ ပြည့်စုံသည်။ မန်နေဂျာနှင့် မိသားစုကလည်း မိတ်ဆွေတစ်ဦးကို ကြိုဆိုသလို ကြိုဆိုကြသည်။ ဂေဟာတွင် ဗိုလ်မိုးကြိုးချိန်းဆိုထားသော သူ့တပည့်နှစ်ယောက်၊ ဆွေမျိုး၊ မိတ်ဆွေအချို့နှင့် မိတ်ဆက်ရသေးသည်။





ကုန်းကြ၊ လက်ဆွဲကြ၊ 'တဟိုက်ဟိုက်'၊ 'တစောစော' နှင့်ပြောကြပြီး၍ အခန်းရောက်လျှင်ပင် ညဦးပိုင်းသို့ ရောက်လေပြီ။ နီးချောဖျာပေါ်တွင် ဝိုင်း၍ ထိုင်ကြသည်။ ဆာကေဂျပန်ဆန်အရက်နွေးနွေး၊ လက်ဖက်ရည်ကြမ်းပူပူ၊ ပေါက်စီချိုချို၊ ငါးကြော်ကြွပ်ကြွပ်၊ တဖွဲဖွဲရောက်လာသည်။ စားကြ၊ သောက်ကြ၊ ပြောကြ၊ မမောကြ။

ဗိုလ်မိုးကြိုးက ကျွန်တော့်ကိုပြ၍ သူ့သမိုင်းကို သူ့တပည့်ကလေးများ၊ သူ့မိတ်ဆွေများရှေ့တွင် ပြန်၍ ဖော်နေခြင်းဖြစ်သည်ကို ကျွန်တော် မှတ်လိုက်မိသည်။ အဝေးအလံက လာသော၊ သူခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးမှ ရဲဘော်တစ်ဦးဟု ကျွန်တော့်ကို ညွှန်ပြ၍ နောက်ကြောင်းကို မမောတမ်း ပြန်လေသည်။ ပြန်ပါစေ၊ ပြန်ပါစေ ဟု ကျွန်တော်စိတ်တွင် ထားခဲ့သည်။ သူ မှတ်မိသည်ကို ကြားချင်၍၊ သူ့ကို မြင်တွေ့ဖူးလို၍ တမင်လာခဲ့သည် မဟုတ်လား။ သူ့ဘဝသည် နေဝင်ဆည်းဆာ ရောက်နေပါလေပြီ။ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ချီခဲ့သောကာလသည် ထိုဘဝ၏ အတောက်ပြောင်ဆုံးသောကာလ ဖြစ်ခဲ့မည် ထင်သည်။ ယခုမူ ဗိုလ်ကြိုးသည် အလုပ်လက်မဲ့ဖြစ်နေသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက သတိတရ လက်ဆောင်ပို့သောအခါပို့၊ အကူအညီပြုသောအခါ ပြုပါသည်။ ဗိုလ်ချုပ်က သူ့ကို မမေ့သည်ကို ကျေးဇူးတင်ပါသည်ဟု သူ တဖွဖွပြောလေသည်။

အတိတ်သည် ကွယ်ခဲ့လေပြီ။ ဗိုလ်မိုးကြိုးအဖို့ အတိတ်ကို မှတ်မိခြင်း၊ တမ်းတခြင်းများသာလျှင် ပစ္စုပ္ပန်တွင် မြတ်နိုးစရာဟူ၍ ကျန်တော့သည်။ ဂျပန်တွင် ရဲဘော်ဟောင်းတွေ၊ ဗိုလ်ချုပ်ဟောင်းတွေ ပေါ်နေသည်။ စစ်ကိုငြီးငွေ့စိတ်နာကြသည်နှင့်အမျှ ရဲဘော်ဟောင်းတွေကိုပါ နာသလိုဖြစ်နေကြသည်။ ထို့ကြောင့် ဗိုလ်မိုးကြိုးသည် အတိတ်တွင်သာ နေလိုသည်။ မြန်မာ့သမိုင်းတွင် ထီးရိုးကိုပစ်ခွင်းခဲ့သော မိုးကြိုးအဖြစ်နှင့်သာ နေလိုသည်။ မြန်မာပြည်မှ ရောက်လာသော ကျွန်တော်သည် သူ၏ တောက်ပြောင်ခဲ့သောဘဝ၏ ထင်ရှားသော၊ ဆုပ်ကိုင်၍ရသော၊ ညွှန်ပြ၍ရသော အထောက်အထားဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော် လာရသဖြင့် သူပျော်နေသည်။



www.burmeseclassic.com

www.burmeseclassic.ocm



ကျွန်တော်သည် သူနှင့်ရင်းနှီးသော ရဲဘော်တစ်ဦး ဖြစ်သည်။ သူ၏ ရှုပ်ချွံသော တိုက်ပွဲများတွင် ရှုပ်ချွံစွာပါဝင်ခဲ့သော ဗိုလ်မှူးတစ်ဦး ဖြစ်သည် စသဖြင့် သူ့ပရိသတ်အား ဗိုလ်မိုးကြိုးက ပြောသည်။ အမှန်မှာ မမှန်ပါ။ သူ့အား ကျွန်တော် မတွေ့လိုက်ရဖူးပါ။ တစ်ခါမျှလည်း ကျွန်တော် ဗိုလ်ကြီး ဗိုလ်မှူး မဖြစ်ခဲ့ဖူးပါ။ ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ရဲဘော်အဖြစ် ဝင်ရောက်ကာ ထောက်ပံ့ရေးတပ်တွင် ဟင်းသီးဟင်းရွက်၊ ငါးပိ၊ ငါးခြောက် ဝယ်ခဲ့ဖူးပါသည်။ ဓာတ်ဆီ သယ်ခဲ့ဖူးပါသည်။ ဗိုလ်သင်တန်းတက်၍ ဆင်းပြီးသောအခါ ဗိုလ်လောင်းအဖြစ် ခန့်အပ်ခံခဲ့ ရပါသည်။ တော်လှန်ရေးတွင် ရဲဘော်အများနည်းတူ တာဝန်ယူ၍ ရဲဘော်အသီးသီး ရာထူးတစ်ဆင့်တက်ကြသောအခါ အသင့်ဆောင်ထားသော သုံးချောင်း တစ်ပွင့် ဒုတိယဗိုလ်တံဆိပ်ကို မိမိကိုယ်ကို မိမိ တပ်ဆင်ပေးခဲ့ဖူးပါသည်။ ထိုသည်ကား ကျွန်တော်၏ အမြင့်ဆုံးသော စစ်ဘက်ရာထူးနှင့် ကြိုးပမ်းမှု ဖြစ်ပါသည်။

သို့ရာတွင် ကျွန်တော့်အား သိဒ္ဓိတင်ပါမှ သူ၏သိဒ္ဓိတက်မည်ဖြစ်၍ ဗိုလ်မိုးကြိုးက သူ့အကြောင်းများများပြောရင်း ကျွန်တော့်ကိုပါ သူ၏ ရင်းနှီးသော ရဲဘော်တစ်ဦးအဖြစ် မြှင့်တင်ပေးခြင်း ဖြစ်သည်ကို ကျွန်တော်ရိပ်မိ၍ ဆိတ်ဆိတ်နေခဲ့၏။ သူ့တူမလေးများက ကျွန်တော့်အား တအံ့တသြကြည့်ကာ ကြည်ညိုလေးစား နေကြသည်ကိုလည်း တည်ငြိမ်စွာ ခံယူခဲ့၏။

ညသန်းခေါင်ကျော်အထိ ဗိုလ်မိုးကြိုး စကားပြောလေသည်။ ဘုန်းကြီး ဦးနာဂါအီပင် ကြားဝင်၍မရ။ တစ်ချီနှစ်ချီ တစ်ခွန်းနှစ်ခွန်းသာ ပြောနိုင်လေသည်။ ဗိုလ်မိုးကြိုးက ဗမာ့လွတ်လပ်ရေးတပ်မတော် ပေါ်ပေါက်ပုံ သမိုင်းချီ၍ ရဲဘော်သုံးကျိပ်အကြောင်း၊ ရဲဘော်များကို ဟာမာမတ်စုစသော နေရာများ၌ ဝှက်ရပုံ၊ တပ်မတော်ချီပုံ၊ စစ်ချီရာ လမ်းကြောင်းများ၊ သူနှင့် ဂျပန်စစ်တပ်ဗိုလ်ချုပ်များ မြန်မာ့လွတ်လပ်ရေး အတွက် အပြင်းအထန် အချေအတင်ဖြစ်ခဲ့ရပုံများ စသည်ကို အကျယ်တဝင့် မြေပုံများနှင့် ၊ မှတ်တမ်းများနှင့် ပြောပြသည်။ မှတ်မိသမျှကို ကျွန်တော် ရေးမှတ်ခဲ့သည်။ စကားကောင်းစွာ မပေါက်ကြ၍၊ ညနက်လာ၍၊ ရီဝေလေးကန်လာ၍ မရသည်ကို မရလိုက်။





ညနက်လာသောအခါ ဧည့်ဂေဟာမန်နေဂျာက တယ်လီဖုန်းဖြင့် အခန်းသို့ ဆက်ကာ ဧည့်သည်အတွက် ဂေရှမယ် ယူမလားမေးသည်။ မေးရိုးမေးစဉ် ဖြစ်ပါလိမ့်မည်။ ဂေရှမယ်ဆို၍ အထင်အမြင်လွဲမှားစရာ၊ အထင်အမြင်သေးစရာ မဟုတ်ပါ။ ဧည့်ဝတ်ပျူငှာပြုဖို့ ပြုံးကာ ရယ်ကာ၊ တွတ်တီးတွတ်တာ ပြောကာ ဧည့်သည်အား စိတ်ချမ်းမြေ့စေအောင် ပြုလုပ်သော အိမ်ရှင်မသာ ဖြစ်ပါသည်။ ဗိုလ်မိုးကြိုးက ဂေရှမယ်မလို၊ အရေးကြီးသော ဆွေးနွေးခြင်းများ ပြုလုပ်လျက် ရှိသည်ဟု ပြန်ပြောလိုက်လေသည်။ ကျွန်တော့်ကိုပင် မေးဖော်မရချေ။

မိုးလင်းခါနီးမှ ဗိုလ်မိုးကြိုးတို့အဖွဲ့ ပြန်သွားကြသည်။ နံနက် ဆယ်နာရီလောက်တွင် ဘူတာ ဆင်းရသဖြင့် ကောင်းစွာမအိပ်ခဲ့ရ။ ဘူတာသို့ လာ၍ ကြိုသောတစ်ဖွဲ့လုံး လိုက်၍ ပို့သည်။ ဟာမာမတ်စုမှ ထွက်သော လိမ္မော်သီးများ လက်ဆောင်ပေးလိုက်ကြသည်။ မီးရထားထွက်ပြီး အလှမ်းဝေးလာသည်အထိ ဖေ့ယမ်းနှုတ်ဆက်နေရစ်ခဲ့ကြသည်။

သမိုင်းတော်လှန်ရေး စသည်တို့သည် ဤသို့လျှင် မမျှော်လင့်နိုင်သော နေရာတွင် သန္ဓေတည်၍ မမျှော်လင့်နိုင်သောနည်းဖြင့် ပေါက်ဖွားကြီးပြင်းလာတတ်ပါတကားဟု တွေးတောခဲ့မိသည်။ သို့ရာတွင် လမ်းတွင် အိပ်ငိုက်၍ လိုက်ပါလာခဲ့ရာ၌ကား သမိုင်းကို မတွေးမိ။ အိပ်မက် မမက်မိ။ ချိုချိုပြုံးပြုံးကလေးများကိုသာ မြင်မက်၍ တငြိမ့်ငြိမ့်လိုက်ပါလာခဲ့သည်။

□

www.burmeseclassic.com

www.burmeseclassic.ocm

# အခန်း(၈)

# ချိုလေသည့်တပ်မတော်

၁

လွင်ပြင်ကိုဖြတ်ရင်း အရှေ့ဘက်ဆီမှ ရှမ်းရိုးမတောင်တန်းကြီးများကို မြင်ရလျှင် ဟိုယခင်အခါကပင် လွမ်းချင်ချင်ဖြစ်သည်။ ရန်ကုန်နှင့်မန္တလေး အဆန်၊အစုန် မီးရထားဖြင့် သွားသွား၊ ကားဖြင့် သွားသွား၊ ထိုသို့သော ခံစားခဲ့ရသည်။ ဘာကို လွမ်းသည်ကိုတော့ မသိ။ တောင်သွယ် တောင်တန်း ညို့ညို့နှင့် တောင်တန်း ထိပ်ကို မေးတင်နေသော တိမ်လိပ်တို့ကိုမြင်လျှင် သူတို့ ဆီသို့ သွားချင်သည်လား၊ သူတို့နှင့် ဝေးလေရာသို့ ပြေးလိုသည်လား မသိ။ ခံစားမိသည်ကား အမှန်။

အဝေးက မြင်ရလျှင် ညို့ညို့မှိုင်းမှိုင်းသာ ထင်ရသည်။ တောင်တန်းကို တက်၍ မို့မောက်ဖိုလိုက်သော တောင်တွေ၏ ရင်ခွင်တွင် ဝင်ကြည့်၊ အဲဒီတော့မှ ညို့သောအခါ ညို့၊ ပြာသောအခါပြာ၊ စိမ်းသောအခါ စိမ်း၊ နာရီနှင့် ရာသီနှင့် သူတို့ပြောင်းသည်ကို မြင်ရသည်။ ထိုအခါမှ ပို၍ပင် လွမ်းရသေးသည်။ နေရောင်ခြည်ပွင့်လျှင်၊ နှင်းတွေကျလျှင်၊ မြူတွေဆိုင်းလျှင်၊ တိမ်တွေမြူးလျှင်၊ အသွင်တစ်မျိုးစီ ပြောင်းတတ်သော တောင်တန်းများ၊ မြင့်လိုက်သည်က မိုးထိအောင် လေကားထောင်တက်မလို။

သူတို့ထိပ်သို့ ရောက်ဖူးသည်။ သူတို့အရိပ်ကို ခိုဖူးသည်။ သူတို့ရင်ခွင်တွင် အောင်းဖူးသည်။





သားမောင်စစ်သည်လည်း ဟိုတောင်တန်းပြာများတွင် ရှိသည်။ တင်တင်မြ ဆိုသော "တောင်တန်းပြာနှင့် ကျောပိုးအိတ်" ထဲကလို ဖြစ်သည်။ ယခုအခါ များတွင် အရှေ့ဘက်ဆီမှ ရိုးမတောင်တန်းကြီးများကို မြင်ရလျှင် မပြတ်မနား သွားလာချီတက်၊ တောင်ကြားနှင့် တောင်ပေါ်တောင်ကျောကို အိမ်လုပ်နေရသော သားမောင်စစ်သည်ကို လွမ်းမိသည်။ သူ့ခမျာလည်း လွမ်းစရာ သူ့ပတ်ဝန်းကျင် ကို ရှု၍ စိတ်အားသည့်အခါများတွင် ဖခင်၊ မိခင်ကို လွမ်းရှာသည်။ ညီငယ်၊ နှမငယ်များကို လွမ်းရှာသည်။ အိမ်မှာတုန်းက သည်မိဘ၊ သည်ညီငယ်၊ နှမ ငယ်များကို အားရပါးရ မရင်းနှီးလိုက်ရဟု တမ်းတရှာသည်။ ယခုတော့ အတူ ပြန်၍ နေလိုက်ချင်သည်။ ပြန်၍ ငယ်လိုက်ချင်သည်။ သားမောင်အခေါ်ခံကာ နွဲ့လိုက်ချင်သေးသည်။

နွဲ့ဖို့မလွယ်သော အရွယ်ရောက်ယောကျ်ားများ ပခုံးပေါ်မှာ တာဝန်ကြီးနှင့် ဖြစ်ခါမှ နွဲ့လိုက်ချင်သည့်ဖြစ်ချင်း။ ယုယမှုကို တောင့်တလိုက်သည့် ဖြစ်ခြင်း။ လူမမြင် မသိအောင်ဟန်ဆောင်ကြရသည်။ ဖုံးကွယ်ထားကြရသည်။ ပိပိရိရိ ဖုံးကွယ်ထားနိုင်အောင် ဟန်ပန်တစ်လုံးကို ဆောင်ထားကြရသည်။ အမြဲဟန်ဆောင် နေရသည်က တစ်ဒုက္ခ။ တမော။

တောင်ထိပ်များတွင်၊ တောင်ခါးလယ်တွင် ရွာငယ်များရှိသည်။ ရှမ်း၊ ကော်၊ ပလောင်၊ ပအို့ဝ်၊ လားဟူ၊ လွယ် စသောတိုင်းရင်းသားတို့ နေထိုင်ကြ ရာ ဖြစ်သည်။ သူတို့တွေ မြို့နှင့် နီးနီးမနေ။ ရေရှားရှား၊ အစားခက်ခက်၊ လူ အများနှင့် ဝေးရာတွင် ပျော်မွေ့ကြသည်။

သူတို့ ရပ်နားခဲ့ရာ တိုင်းရင်းသားများ၏ ဓလေ့၊ ရွာသားများ အကြောင်း ကို သားမောင်စစ်သည်က မကြာမကြာ ခင်မင်ကြင်နာစွာ ရေးသည်။ ကြင်နာ ရတာ မှန်သည်။ သူတို့တွေ အပတ်တကုတ်လုပ်ကိုင်မှ စားရရုံ သောက်ရရုံသာ ရှိသည်။ ချည်ကြမ်းအဝတ်တစ်ထည် ဝတ်ဆင်၍ နှစ်လုံးပေါက်နေကြသည်။ ကလေးငယ်များ လမ်းလျှောက်တတ်သည့်အရွယ်မှ တစ်နိုင်တစ်ပိုးတော့ လုပ်ရ သယ်ပိုးရသည်။ ဝန်ကို ထမ်းပိုးရန် မွေးသောလူသား၊ ဝန်ဆောင်လားနှင့် ဘာမျှမခြား။

တိုင်းရင်းသားအချင်းချင်း သံသယနှင့်၊ ဒေါသနှင့်ဖြစ်ခဲ့ကြ၍ တောင်တန်း များတွင် မငြိမ်။ လူအများနှင့်ဝေးရာ၊ အေးချမ်းရာကို ရှာဖွေမှီခိုကြသော တိုင်းရင်းသား ရွာသူရွာသားများ သောင်းကျန်းမှုဒဏ်ကို ခံနေရတာ ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.ocm



ရွာသို့ သားမောင်စစ်သည်တို့ ရောက်လျှင် ပျာပျာသလဲကြိုဆိုကြသည်။ ထင်း၊ ရေ စသည့် သူတို့ တတ်နိုင်ရာကို ပေးသည်။ မြန်မာ့တပ်မတော်က ရွာသို့လာလျှင် ကိုယ့်ရိက္ခာ ကိုယ်စားသည်။ မှုဝေ၍ပင် ပေးသေးသည်။ ဆေးမှူးက ရွာမှ ကလေး၊ မိန်းမ၊ ယောကျာ်းကို ကုသပေးသည်။ ဆေးပေးသည်။ ရိက္ခာလိုလျှင် ရွာမှ ဝယ်ယူသည်။ တန်ဖိုးမှန်ကို ပေးသည်။ ရန်သူ့သတင်းကို မပေးဝံ့လျှင် ဆူရုံသာဆူသည်။ ဟောပြောစည်းရုံးခြင်းကိုသာ ပြုသည်။

သောင်းကျန်းသူက ရွာကိုဝင်လျှင် လူကြီးများကိုခေါ်၍ ထမင်းဟင်း ဆင့်သည်။ ဆက်ကြေးတောင်းသည်။ သူတို့မှာလူလိုနေလျှင် ယောကျာ်း ဘယ်နှယောက်လိုက်ခဲ့ရမည် မိန့်သည်။ အမိန့်ဟူသမျှကို မလွန်ဆန်ရဲ။ လွန်ဆန်သူကို ရွာလယ်ထုတ်၍ ရက်စက်စွာ သတ်ကြသည်။ သောင်းကျန်းသူကို မုန်းကြသည်။ ရွံရှာကြသည်။ သူတို့ ကောင်းကျိုးမပေး။ တစ်နှစ်လုံး ပင်ပန်းစွာ တောင်ယာလုပ်လို့ရသည့် ဝမ်းစာ၊ စပါး၊ ပြောင်း၊ လူး၊ ဆပ်ကိုယူသည်။ ငွေကို ယူသည်။ သမီးပျိုကို ကောက်သည်။ သားယောကျာ်း၊ လင်သားကို ခေါ်ဆောင်သွားသည်။ သူတို့ကို ချစ်စရာရှာ၍မရ။ သို့ရာတွင် သူတို့ စေခိုင်းသမျှကို လုပ်ရသည်။ သူတို့ကို ကြောက်သည်။

ထို့ကြောင့် သောင်းကျန်းသူနှင့် နီးသော ဒေသများတွင် တပ်မတော်ကို သတင်းမပေးရဲ။ ကြားနေရသည်။ နေသာအောင် နေရသည်။ တစ်ခါတစ်ခါ မခံရပ်နိုင်လွန်းတော့ ရွာသို့လာ၍ ဆက်ကြေးတောင်းရင်း မူးနေသော သောင်းကျန်းသူ လေးငါးယောက်ကို ဝိုင်း၍ ခုတ်သတ်ကြသည်။ နောက်တွင် သောင်းကျန်းသူများ အုပ်လိုက်ဆင်းလာကာ နင်းခြေသဖြင့် ရွာပျက်တာလည်း ရှိသည်။ တပ်မတော်ကကြား၍ သောင်းကျန်းသူ မဝင်လာခင် စောင့်ရှောက်ပေးတာတွေလည်းရှိသည်။ ဤသို့ အစောင့်အကူသွားလျှင် တစ်သက်လုံး ဒီမှာနေပါ။ တစ်သက်လုံး မနေနိုင်လျှင် တစ်လနေပါ။ ထင်း၊ ရေ၊ ရိက္ခာမပူပါနှင့်။ သူ့အိမ်မှာတည်းပါ၊ ငါ့အိမ်မှာတည်းပါ။ ပျူပျူငှာငှာ ပြုံးပြုံးရွှင်ရွှင်နှင့်။ သူတို့ ပြုံးတာတွေ့ရလျှင် သားမောင်စစ်သည်တို့ ပျော်သည်။ အိမ်ကိုပြန်၍ လွမ်းသလိုလည်း ရှိသည်။ အလွမ်းပြေသလိုလည်း ရှိသည်။

ဩော်၊ ဝန်ဖြင့် မွေးသောလူသား၊ အကြောက်ဖြင့် ကြီးရသည့် လူသား၊ တိုက်သံ ခိုက်သံ အဝေးမှကြားရလျှင် ရွာလုံးကျွတ်ထွက်ပြေးကြသည်။ အိုတောင့် အိုမ မသွားနိုင် မလာနိုင်သူ တစ်ယောက်တလေသာ ကျန်ရစ်သည်။ ဒါတောင်





နိုင်လျှင် သားသမီးများက ထမ်းပိုး၍ ခေါ်နိုင်လျှင် ခေါ်သည်။ ရွာဦး ကျောင်းမှ ဘုန်းတော်ကြီးသည်ပင် သူတို့ကို ကြောက်ရွံ့စိုးရိမ်ရှာသည်။ မြန်မာ့တပ်မတော်နှင့် လုံးဝမတူ။ တပ်မတော်ရဲဘော်များက ဆွမ်းကပ်လှူသည်။ ကျောင်းတွင် ရပ်နားလျှင် သန့်သန့်ရှင်းရှင်းနေသည်။ ကျောင်းနံရံကို ချိုးဖျက်ပြီး မီးမမွှေး။ စိတ်အေးရသည်။ သို့ရာတွင် ယူနီဖောင်းဝတ် လက်နက်ကိုင်ကို မြင်ရုံဖြင့် ခွဲခြားလို့မရ။ ယူနီဖောင်းတွေ၊ လက်နက်တွေကပေါလှသည်။ အတု၊ အယောင်ဆောင်တွေက များလှသည်။ ကယ်တင်ရှင်တွေ များလှသည်။ လာလိုက်မှဖြင့် ဘဝသစ်ထူပေးမည် ပြောဟောကြသည်။ ပြီးလျှင် ဝမ်းစာစပါးကို ယူသည်။ လူကို ခိုင်းသည်၊ ခေါ်သွားသည်၊ သမီးကို ကောက်ယူခေါ်သွားသည်။

တောင်သည် တက်ဖို့ဖြစ်သည်၊ မော့ကြည့်ကာ မောမနေနှင့်။ တစ်လှမ်းပြီးတစ်လှမ်းသာ တက်လေတော့။ ရောက်တဲ့အခါ ရောက်မှာပေါ့။ တမော့မော့ တကြည့်ကြည့်နှင့်ဆိုလျှင် စိတ်ဓာတ်ကျသည်။ ကျောပေါ်ကအိတ်၊ ပခုံးတွင် လွယ်သော လက်နက်၊ ခါးတွင် ပတ်ထားသော ခဲယမ်းမီးကျောက်၊ ပစ္စည်းကိရိယာတို့သည် ပို၍ လေးလံသည် ထင်ရမည်။

တောင်သည် ဆင်းဖို့ဖြစ်သည်။ အောက်တစ်မျှော်တစ်ခေါ်ကြီးကို ငုံ့ကြည့်ကာ မောမနေနှင့်။ တစ်လှမ်းပြီးတစ်လှမ်းသာ ဆင်းလေတော့။ ခြေကုပ်မြဲဖို့သာ လိုသည်။ ဒူးခိုင်ဖို့သာ လိုသည်။

တောင်ကြောသည် လျှောက်ဖို့ဖြစ်သည်။ တောင်ကြောတွေပေါ်မှာ လမ်းကြီးတွေရှိသည်။ ကမ္ဘာကြီးအမိုးပေါ်မှာ လျှောက်ရတာလို ဖြစ်သည်။ တိမ်တွေကြားမှာ သွားရတာလိုဖြစ်သည်။ တိမ်ညွန့်ကို လက်လှမ်းဆွတ်ခူးကာ စားလိုက်ချင်စရာ ဖြစ်သည်။ လကမ္ဘာရောက်လျှင်လည်း ဒီလိုနေမှာပါပဲ။

တောင်သည် ရန်သူနှင့်အပြိုင်လုဖို့ဖြစ်သည်။ တိုက်ပွဲတွေသည် တောင်လုပွဲတွေ ဖြစ်သည်။ တောင်ထိပ်ကို ရောက်နှင့်သူက တောင်အောက်ကလူ၊ တောင်ကြားကလူထက် အခွင့်အရေးသာသည်။ အထက်တင်စီးရသည်။ အောက်ကလာသူကို အပေါ်စီးဖြင့် နှိမ်နင်းနိုင်သည်။ ရန်သူနှင့် တောင်ကြားတွင် ဆုံမိလျှင် အပြေးအလွှား နီးရာတောင်ကို တက်ရသည်။ အမြင့်ကို အမြန်ရသူက အနိုင်ရသည့်ပွဲမျိုး၊ တောင်ထိပ်ကို နေရာယူမိလျှင် စိတ်ချရသည်။ ကတုတ်ဆောက်၊ ကျင်းတူးပြီး ဝပ်၍သာ နေလိုက်ချင်သည်။ သို့ရာတွင် နေလို့မရ။ အချိန်ကျလျှင် ထရသည်။ တက်ရချီရသည်။ တောင်ကိုဖက်၍ နေနိုင်သည် မဟုတ်။ သွားရာတွေ ရှိသေးသည်။ တာဝန်တွေ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.ocm



၂

သားမောင်စစ်သည် တပ်နားသည့်အခါ အိမ်ကိုသာ သတိရသည်မဟုတ်။ အမိ စစ်တက္ကသိုလ်ကိုပါ သတိရသည်။ ဟိုတုန်းက သင်ယူလေ့ကျင့်ခဲ့သောပညာ၊ ဗဟုသုတ၊ အကျင့်တို့ကို အခြေခံ၍ လုပ်ကိုင်လှုပ်ရှားနေရသည်။ တစ်နှစ်ကျော်လျှင် တပ်တွင် အမှုထမ်းရင်း အတွေ့အကြုံ တော်တော်စုံလာပြီ။ နယ်မြေကျွမ်းကျင်လာပြီ။ ရွာသူရွာသားတို့နှင့် ဆက်ဆံတတ်လာပြီ။ တိုက်ခိုက်ရင်း စည်းရုံး၊ စည်းရုံးရင်း တိုက်ခိုက်ဟူသော ဆောင်ပုဒ်အတိုင်း လက်တွေ့ လုပ်ကိုင်လာခဲ့ပြီ။ တိုက်ပွဲတိုးခဲ့လှပြီ။ တိုက်ပွဲသည် တကယ့်လက်တွေ့သင်တန်း ဖြစ်သည်။ ဤသို့သော လေ့ကျင့်ခန်းမျိုး၊ နောင်တိုင်းပြည်အေးချမ်း စည်းလုံးလျှင် ရဖို့မလွယ်။

လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတွင်လည်း တာဝန်ယူခဲ့ရဖူးပြီ။ စစ်တိုက်လိုက်ချင်သေးတော့။ တိုက်ကင်းထွက်လိုက်ချင်သေးတော့။ အုပ်ချုပ်ရေးကိစ္စများ ခေါင်းရှုပ်ဖွယ်ရာဖြစ်သည်။ အခွင့်အရေးသမားများက တပ်တာဝန် သက်သက်ထမ်းရွက်စဉ်က အဖက်မလုပ်။ (လ အ က) ဆိုကာမျှနှင့် အကျွမ်းတဝင်ဖြစ်ချင်လာသည်။ မျက်နှာချိုလာကြသည်။ ဗိုလ်ကြီးရဲ့ အဝတ်အစားကလည်း နွမ်းပါးလိုက်တာ၊ တက်ထရက်စ နှစ်ဝတ်စာလောက်ပေးပါရစေ။ ဗိုလ်ကြီးရဲ့စားပုံနေပုံကလည်း ဆင်းရဲလိုက်တာ၊ အလိုရှိတာ အားမနာတမ်းပြောစမ်းပါ ဆိုလာကြသည်။ နားမယောင်လေနဲ့။ သူတို့ မင်းကို တွေ့ဖူးသည်။ (လ အ က) မလုပ်ခင်က သူတို့ မင်းကို အလေးဂရုပြုရဲ့လား၊ အသိအမှတ်ပြု ဖော်ရရဲ့လားဟု သားမောင်စစ်သည် သူ့ကိုယ်သူ ဆုံးမသတိပေးရသည်။ ယခု (လ အ က)တွင် ပြည်သူကိုယ်စားလှယ်များ ကျယ်ပြန့်စွာ ပါဝင်လာကာ (လ အ က)တာဝန်နှင့် တပ်တာဝန် သီးသီးခြားခြား ဖြစ်လာမှ ကျွန်တော်တို့ စိတ်အေးရပါတော့မည်ဟု သားကြီးက စာရေးသည်။

စည်းရုံးရေး၊ ဆက်ဆံရေး၊ အတွေးအခေါ် မြော်မြင်ရေးတွင်လည်း စစ်တက္ကသိုလ်က လေ့ကျင့်ပေးလိုက်ပြီး ဖြစ်သည်။ တတိယနှစ် ဗိုလ်လောင်းသည် စစ်မက်ရေးရာအတွက် လက်တွေ့အသုံးဝင်သော ဓာတုဗေဒ၊ သင်္ချာ စသောသိပ္ပံပညာရပ်တို့ကို သင်ရသည်။ စမ်းသပ်ရသည်။ သမိုင်း၊ နိုင်ငံရေးပညာ၊ ဘောဂဗေဒ၊ ပထဝီပညာ၊ ကမ္ဘာ့ရေးရာ။ နိုင်ငံကြီးများက အချင်းချင်းရင်မဆိုင်မတိုက်ဘဲ နိုင်ငံငယ်များကို စစ်တလင်းဖြစ်စေမည့် စစ်အေးတိုက်ပွဲဟု အများခေါ်သည့် ပရိယာယ်စီးပွားရေးချုပ်ကိုင်မှုဖြင့် နိုင်ငံရေးသြဇာယူပုံ စသည်တို့ကို





လက်တွေ့ကျကျ နောက်ဆုံးသာဓကများပြ၍ ဆရာများက သင်ကြားကြသည်။ ဤပညာရပ်တို့သည်လည်း ဤတောင် ဤတောတွင် အသုံးဝင်သည်။ ပကတိအခြေအနေကို သုံးသပ်၍ စပ်ဟပ်သုံးစွဲတတ်လျှင် ပညာသည် နေရာမရွေး အသုံးဝင်သည်။ ဤသို့တွေးမိလျှင် စစ်တက္ကသိုလ်ကို သားမောင်စစ်သည် ကျေးဇူးတင်မိသည်။ မိဘက ငါ့အား မွေးကျွေးသုတ်သင်ပဲ့ပြင်ဆုံးမသည်။ စစ်တက္ကသိုလ်က ငါ့အား သင်ကြားလေ့ကျင့်၍ ဘဝအတွက် အသင့်ဖြစ်စေသည်။ တပ်မတော်က ငါ့အား လူလားမြောက်စေသည်။

စစ်တက္ကသိုလ်မှ ဆင်းခါစက နောင်အခါများဆိုလျှင် ရွှေရင်ဆိုင့်ရာ ဤနေရာသို့ ပြန်မလာလိုပါပြီဟု စိတ်တွင်ရေရွတ်ခဲ့မိသည်။ ကျိတ်၍ တစ်မျိုး၊ ကျယ်လောင်စွာ တစ်ဖုံဆုတောင်းခဲ့မိသည်။ ယခုမူ တောင်တွေကို မြူဆိုင်းချိန်၊ တပ်နားရင်း စစ်တက္ကသိုလ်ဘက်သို့ စိတ်ရောက်သည်။ ကြုံကြိုက်လျှင် တစ်ခေါက်လောက် ပြန်လိုက်ချင်သည်။ မြသိန်းတို့ တင့်အောင်တို့ နောက်ဆုံးနှစ်တွင် အစွမ်းကုန် ကြိုးပမ်းနေကြရရော့မည်။ ညီငယ်တစ်ယောက် မိမိကျောင်းဆင်းမည့်နှစ်မှ ရောက်လာသေးသည်။ သူ့ကို အားရအောင်မှ မစောင့်ရှောက်လိုက်ရ။ ညီငယ်ကို ယုယနေလျှင် မိမိအား ပျော့ညံ့သည်ဟု မိမိနှင့်တစ်တန်းတည်း ရဲဘော်များက မေးငေါ့ကြလိမ့်မည်။ ညီငယ်ကိုလည်း ငြူစူကြလိမ့်မည်။ ဘာမဟုတ်သည်ကိုပင် အပြစ်မြင် သံသယဝင်လိမ့်မည်။ တစ်ခါတွင် ညီငယ်သည် မိမိရှေ့တွင် မှားယွင်းမိသည်။ အခြားဗိုလ်လောင်းများက အစ်ကို ညီကို ဆုံးမလိမ့်မည်လား၊ စည်းကမ်းကို လျှော့ပေါ့လိမ့်မည်လား စိတ်ဝင်စားစွာ ကြည့်ကြသည်။ မိမိက မဆုံးမလျှင် အခြားနှစ်ကြီး ဗိုလ်လောင်းတစ်ဦးဦးက ဆုံးမလိမ့်မည်။ ယင်းကို မမြင်ချင်။ ညီငယ်ကိုလည်း မဆုံးမရက်။ နောက်ဆုံးတွင် မနေသာ။ ညီငယ်အား ထိုင်ထ ဆယ်ခါလုပ်စေသည်။ ညအိပ်ချိန် မှောင်ချတော့ ညီငယ်အခန်းသို့ လာ၍ ငိုယိုသည်။ အစ်ကို ငါ့ကို မချစ်လေသလား။ ညီငယ်ကို မှောင်မိုက်ထဲ သောတွင် မြင်သူမရှိမှ ချော့ရသည်။ ဒို့သည် စစ်သား။ စည်းကမ်းသည် အရေးကြီးသည်။ လူကိုမငဲ့ မှုကိုငဲ့ရမည်။ ငါတို့ စစ်တက္ကသိုလ်က အတန်တန် သင်သည်။ ငါတို့ ဗိုလ်ချုပ်ကြီးနေဝင်းက အကြိမ်ကြိမ်မှာသည်။ ငါ့ညီကို အစ်ကို ချစ်ပါသည်။ ငါ့ညီလာမည် ကြား၍ အစ်ကိုပျော်ခဲ့သည်။ ငါ့ညီပင်ပန်းသည်ကို စိုးရိမ်တကြီး စောင့်ကြည့်ခဲ့ပါသည်။ သို့ရာတွင် စည်းကမ်းနှင့် စစ်သားအကြောင်း ငါ့ညီ နောင်အခါ ပို၍ နားလည်လိမ့်မည် မှာကြားနှစ်သိမ့်ခဲ့ရသည်။ ခုလောက်ဆို ညီငယ် အစ်ကို့ကို ခွင့်လွှတ်နိုင်ကောင်းပြီ။



www.burmeseclassic.com

www.burmeseclassic.ocm



ညီငယ်သည် စစ်တက္ကသိုလ်တွင် ပျော်ပါ၏လား။ ညီငယ်က အိမ်ကို ပို၍ခင်တတ်သည်။ ငယ်စဉ်က ၃ နှစ်ရွယ်လောက်အထိ အမိနို့ကို စို့လိုသည့်သား။ မိခင်ရင်ကို ဆေးခါးတို့၍ နို့ဖြတ်မှ ပြတ်သည်။ ယခု သူသည် အိမ်ကို မျှော်၍ လွမ်းလိမ့်မည်။ တစ်နှစ်ကြာတော့ ခံနိုင်ရည်တော့ ရှိကောင်းမည်။ မည်သည့်သားကိုမှ မိခင်သည် ရင်၌ အမြဲတစေ ပွေ့ပိုက်မနေနိုင်။ မည်သည့်ယောကျ်ားမှ ချစ်သူ့ရင်ခွင်တွင် ပျော်မွေ့မနေနိုင်။ လုပ်ကိုင်စရာတွေ လုပ်ရသည်။ တာဝန်တွေ ထမ်းရသည်။ ဘဝခရီးရှည်သည် ကြမ်းသည်။ ကြမ်းသည်ဟု မလှမ်းဘဲနေလို့လည်း မဖြစ်။

မိခင်၊ ဖခင်၊ ညီ၊ နှမများ စစ်တက္ကသိုလ် ကျောင်းဆင်းပွဲသို့ လာကြသည်။ အပြင်မှာ တစုတဝေးကြီး ထမင်းလက်ဆုံစားကြရာတွင် ညီငယ် ဗိုလ်လောင်းသည် အစ်ကိုနှင့် ခင်မင်ရင်းနှီးစွာ မနေ၊ သတိအနေအထားနှင့်သာ နေသည်။ သူ့ကို အစ်ကိုက မေးလျှင် သတိပုံရိုက်ပြီးမှ ဖြေသည်။ ညီအစ်ကို နှစ်ယောက်နေပုံ ထိုင်ပုံကို ကြည့်၍ သူတို့မိခင်ကပင် စိတ်မကြည်၊ မျက်ရည်ကျခဲ့သည်။ ငါ့ညီ ဒီလိုနေရန် မလိုပါ။ သွေးချင်းတူသူ ဒို့ညီအစ်ကို စစ်တက္ကသိုလ်အပြင်ဘက်တွင် ယခင်ကလို နေလိုသည်၊ သွေးက စကားပြောပါစေဟု သား မောင်စစ်သည် မှာကြားခဲ့သည်။

တောင်ရိုးပေါ်မှ သားမောင်စစ်သည် ထိုဖြစ်ရပ်တို့ကို မကြာခဏ အမှတ်ရလေသည်။

ကျောင်းဆင်း၊ တပ်သို့ သွားရမည့် မနက်ခင်း မိမိအခန်းမှပစ္စည်းများကို သိမ်းဆည်းရှင်းလင်းပြီး အောက်ထပ်သို့ ဆင်းလာသည်။ ညီငယ်သည် အလယ်ထပ်မှ လှေကားထိပ်တွင် ရပ်၍ စောင့်နေသည်။ မိမိကို မြင်တော့ အလေးပြုသည်။ သူ့မှာ မျက်ရည်လည်နေသည်။ ဘာမှာဦးမလဲ မေးရာ ညီငယ်က မှာစရာမရှိပါ။ အစ်ကိုသွားလေရာ သတိနှင့်နေပါ။ ရှေ့တန်းရောက်ရင် ညီကိုလည်း သတိရပါ။ စာရေးပါဟုသာ မှာကြားသည်။ ညီငယ်ဒီလိုတော့ ငါ့ကို ခင်ရှာသား ဟူသော အသိတရားဖြင့် ဝမ်းသာသည်။ ခွဲ၍ထားခဲ့ရမှာကို ဝမ်းနည်းသည်။ သို့ရာတွင် ဝမ်းနည်းရဖူးပေါင်းများပြီ။ မျက်ရည်ကို ထိန်းနိုင်သည့် ရင့်ကျက်မှုရပြီ။ စိတ်ကိုတင်း၍ အောက်ထပ်သို့ ဆင်းခဲ့သည်ဟု သားမောင်စစ်သည်က မှတ်တမ်းတွင် ရေးထားသည်။





ညီငယ်တစ်ဦးလို စောင့်ရှောက်ခဲ့ရသည့် ဗိုလ်လောင်းကျော်စိုးကို သားမောင်စစ်သည် သတိရမိသေးသည်။ တပ်မတော် တပ်ကြပ်ကြီးတစ်ဦး၏ သားဦးဖြစ်သည်။ ဗိုလ်လောင်းလစာ ၄၀၊ ၅၀ ထဲမှ မဖြစ်မနေ ပို့အောင်စု၍ ညီ၊ ညီမများ၏ ပညာသင်စရိတ်အတွက် ပို့သည်။ ကိုယ်တိုင်ခြိုးခြံစွာ နေသည်။ သူ့စိတ်ဓာတ်ကို ချီးကျူးမိသဖြင့် သူ့အားတတ်အားသရွေ့ ကူညီအားပေးသည်။ သူကလည်း အစ်ကိုအရင်းလို ခင်မင်သည်။ အားလပ်ချိန်တွင် လာ၍ ပစ္စည်းသိမ်းဆည်းပေး။ အင်္ကျီကြယ်သီးတပ်ပေး လုပ်ပေးသည်။ ပတ်ဝန်းကျင်က ဝေဖန်ပြစ်တင်လာတော့ ကျော်စိုးမျက်နှာမသာ ဖြစ်ရှာသည်။ သူ့အားလည်း အားပေးစကားပြောခဲ့ရသည်။ အခက်အခဲ၊ အတိုက်အခံ၊ အဖျက်အဆီးဟူသည် စစ်သားအဖို့ ထူးဆန်းသည် မဟုတ်။ ရင်ဆိုင်ကျော်လွှန်နိုင်ရမည်။ စစ်သားသည် ရန်ကို ရှာဖွေ၍ နှိမ်နင်းရသည်။ ရန်အောင်သူဖြစ်ပါစေ၊ ရန်ရှောင်သူ၊ အရှုံးပေးသူ မဖြစ်အပ်ဟု အထပ်ထပ်ပြောမှ ညီငယ်ကျော်စိုး နေသာထိုင်သာ ဖြစ်လာသည်။

စစ်တက္ကသိုလ် ဗိုလ်လောင်းများသည် ငယ်ရွယ်တက်ကြွသူများ ဖြစ်ကြသည်။ အခွင့်ထူးခံသူကို မကြည်ဖြူကြ၊ မဟုတ်မခံ သမားများဖြစ်သည်။ ပွင့်လင်းသည်။ တစ်ခါတစ်ခါ တင်းမာသလိုလည်း ရှိတတ်ကြသည်။ အရေးကြုံလျှင်မူ အချင်းချင်း ညာတာသည်။ ကူညီအားပေးသည်။ ရဲဘော်စိတ် အပြည့်ရှိကြသည်။

နောက်ဆုံးနှစ်တွင် ကျောင်းဆင်းခါနီးလာလေ တောတောင်တွေ စစ်ဗျူဟာလေ့ကျင့်ခန်းများ ဆင်းရလေဖြစ်လာသည်။ အိပ်ရေးပျက်၊ ထမင်းနပ်မှန် မစားရ၊ ဖိနပ်ပေါက်။ မေမြို့တစ်ဝိုက်တောထဲ ဆောင်းတွင်း မီးမဖိုရ။ စောင် ထူထူထဲထဲမပါ။ စစ်တက္ကသိုလ်၏ ချွေးထွက်များမှ သွေးထွက်နည်းမည် ဆောင်ပုဒ်နှင့်အညီ ပင်ပန်းဆင်းရဲခံခဲ့ကြရသည်။ သို့ရာတွင် အားမလျှော့ကြ။ အလံမလှဲကြ။ တစ်ခါတောဆင်း၊ ရွာဝင်၍ ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေး လေ့ကျင့်ခန်း လုပ်ကြသည်။ ၁၀ ရက်ခန့်ကြာသည်။ စစ်တက္ကသိုလ်သို့ ပြန်ရောက်ချိန်သည် ညသန်းခေါင်ဖြစ်သည်။ ညီငယ် ဗိုလ်လောင်းများကား အမြေးအလွှားလာ၍ ကျောပိုးအိတ်၊ ခဲယမ်း ခါးပတ်ယူကြသည်။ ထို့နောက် ကျွန်တော်တို့အား အခန်းအရောက် လိုက်ပို့ကြသည်။ ကျွန်တော်တို့ အိပ်ချင်မူးမူးနှင့် ဘာမှ မပြောမဆိုဘဲ ဖိနပ်မချွတ်၊ အဝတ်မလဲ ထိုးအိပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.ocm



နံနက်အိပ်ရာမှ နိုး၍ကြည့်လိုက်တော့ အခန်းကို ရှင်းလင်းပြီး တံမြက်လှည်းပြီး ဖြစ်နေသည်။ ကျွန်တော်တို့ ဖိနပ်ကိုလည်း ချွတ်ပေးထားသည်။ ခြေ အိတ်ကိုလည်း လျှော်ဖွပ်ပေးပြီး ဖြစ်သည်။ မည်သူမည်ဝါလာ၍ လုပ်ကိုင်ပေးသွားသည် မသိ။ ညီငယ် ဗိုလ်လောင်းများ၏ လက်ရာ စေတနာ ဟူ၍ကား သိသည်။ ကျောင်းဆင်း၍ တာဝန်ကျရာ ဤတောင်ရိုးများပေါ်တွင် သွားလာလှုပ်ရှားနေရသော်လည်း အမိစစ်တက္ကသိုလ်နှင့် ကျောင်းတွင် ကျန်ရစ်ခဲ့သော ညီရင်းနှင့်တကွသော ဗိုလ်လောင်း ညီငယ်များအား သတိရနေသည်။ ယခုဆိုလျှင် ဗိုလ်လောင်းအမှတ်စဉ် ၁၄ ကျောင်းဆင်းသွားပြန်ပြီ။ သူတို့လည်း ဟို တောင်ရိုးညို့ညို့များ ပေါ်တွင် နိုင်ငံတာဝန် ထမ်းဆောင်လျက် ရှိကြသည်။

သားမောင်စစ်သည်၏ တောင်ပေါ်မှ ပေးစာများတွင် ယင်းသို့သတိတရ ရေးသားထားသည် များပါသည်။

၃

ရှမ်းရိုးမတောင်တန်းများသို့ ကျွန်တော် တပ်မတော်နှင့် ရောက်ဖူးသည်။ တောင်ကြားများ၊ ရွာများတွင် တပ်မတော်နှင့် စခန်းချဖူးသည်။

တရုတ်ဖြူပြဿနာ ကြီးမားခဲ့စဉ်က ဖြစ်လေသည်။ ၁၉၅၀ ခုနှစ်လောက်မှစ၍ တရုတ်ပြည်မကြီးမှ ပြိုဆင်းလာသော ဂျင်နရယ်လီမီခေါင်းဆောင်သည့် တပ်မတစ်ခုသည် မြန်မာပြည် အရှေ့မြောက်ဘက်သို့ ထွင်းဖောက်ဝင်ရောက်သည်။ စပါး ဆန်ရေပေါများသော ကျိုင်းတုံချိုင့်ဝှမ်းကို အမှီပြုရန် ဝန်းရံထားသော တောင်ရိုးများတွင် တပ်ချကြသည်။

သူတို့ ဖော်မိုဆာကျွန်းသို့ မပြန်လို၊ ရေကြည်ရာ မြက်နုရာမှာ ခို၍ အမြတ်အစွန်းကောင်းသော ဘိန်းကုန်ကူးသည့် လုပ်ငန်းကို လုပ်မည်။ တရုတ်ပြည်မကြီးကို ပြန်လည် သိမ်းပိုက်ရန် အားယူနေသည်ဟု ကြွေးကြော်ဝါဒဖြန့်ကာ ကွန်မြူနစ်ဆန့်ကျင်ရေးကို နိုင်ငံရေးဝါဒ အခြေခံမူတစ်ရပ်အဖြစ် ချမှတ်ကျင့်သုံးနေသော နိုင်ငံများမှ အကူအညီယူသည်။

လီမီနှင့် သူ့တပ်များသည် ဝါဒဖြန့်ကောင်းသဖြင့် ကမ္ဘာကျော်သွားသည်။ သတင်းထူးဆာလောင်နေသော ကမ္ဘာ့သတင်းစာများက သူတို့အကြောင်းကို ပုံကြီးချဲ့၍ ရေးသားကြသည်။





သူတို့ မရေးခင်ကတည်းက မြန်မာ့တပ်မတော်က လက်နေးခဲ့သည် မဟုတ်။ ကျိုင်းတုံဘက်တွင် ရှိရာတပ်ရင်းများဖြင့် တရုတ်ဖြူတပ်မကို တက်၍ တိုက်သည်။ အမှတ် ၉ တပ်မဟာကို ဗိုလ်မှူးကြီးကျော်စိုးဦးဆောင်၍ နဂါးနိုင် စစ်ဆေးရေးဖွင့်သည်။ အလုံးအရင်းနှင့် ရှိသော တရုတ်ဖြူတို့သည် လေကြောင်းမှ လက်နက်ရိက္ခာ အကူရသည်။ တာချီလိတ်၊ မိုင်းဆတ်တို့၌ လေယာဉ်ကွင်းများ ဆောက်ပြီးလျှင် အခိုင်အမာ တပ်စွဲထားကြသည်။ မြန်မာ့တပ်မတော်သည် ကေ အင် ဒီ အို၊ ကွန်မြူနစ်၊ ရဲဘော်ဖြူ စသော သောင်းကျန်းသူတို့ကို တိုက်ခိုက်ရင်း လေ့ကျင့်စုစည်းခဲ့ရသည်။ တိုက်ပွဲအဆက်ဆက် တိုက်ခိုက်ရင်းပင် တပ်ဖွဲ့၊ တပ်ချဲ့ခဲ့ရသည်။ တရုတ်ဖြူကို တိုက်ရာတွင် တပ်မတော်သည် ထုထည်နှင့် တိုက်ခဲ့ရသည်။

နဂါးနိုင်ပြီးလျှင် ဘုရင့်နောင်၊ ရန်ကြီးအောင်၊ မဲခေါင်စသော စစ်ဆင်ရေးတို့ကို ဆက်တိုက် ဆင်နွှဲခဲ့ကြသည်။ ဘုရင့်နောင် စစ်ဆင်ရေးတွင် တပ်မှူးကြီးအချို့နှင့်အတူ ကျွန်တော် နမ့်စန်စခန်းသို့ ရောက်ခဲ့သည်။ နမ့်စန်သည် စစ်ဆင်ရေးဌာနချုပ်ဖြစ်သည်။ လေယာဉ်ကွင်းအနီး ဝါးတဲတန်းကြီးများထဲတွင် တပ်မှူးများ စစ်ဆင်ရေးကို မြေပုံကြီးများဖြင့် ညှိနှိုင်းစီမံကြသည်။

**အောက်စဖို့**[၁]၊ **ဆီဖြူရီ**[၂] ဒါကိုတာ လေယာဉ်သုံးလေးစင်းရှိသည်။ လေတပ် ဗိုလ်စောဖြူ၊ ဗိုလ်တင်မောင်အေး စသော လေသူရဲများက မြန်မာ့တပ်မတော် ရှေ့တန်းတပ်စခန်းများသို့ ရိက္ခာချပေးသည်။ ရန်သူစခန်းများကိုလည်း သွားရောက် ပစ်ခတ်ကြသည်။ ကိုယ့်နည်း ကိုယ်ဟန်ဖြင့် တီထွင်ထားသော ဗုံး၊ အမြောက် လက်နက်ချနည်း၊ ပစ်ခတ်နည်းများကို သုံးစွဲသည်။

လေယာဉ်ကွင်းကို ရေတပ်မတော်မှ ရဲဘော်များက လေယာဉ်ပစ်စက် အမြောက်များဖြင့် စောင့်ရှောက်သည်။ ရေတပ်မတော်သည် တောင်ပေါ်သို့ ရောက်နေသည်။ မထူးဆန်း။ ဤစက်အမြောက်များဖြင့်ပင် ရေတပ်မတော်သည် မြစ်ဝကျွန်းပေါ်တွင် သောင်းကျန်းသူတို့ကို နှိမ်နင်းကြရာ၌ ထိရောက်စွာကူခဲ့ပြီ။ အင်းစိန်မြို့ကို ကေ အင် ဒီ အိုတို့ထံမှ ပြန်လည်သိမ်းယူရာတွင် ကူခဲ့ပြီ။

နမ့်စန်တွင် ဗမာ့တပ်မတော်မှ တပ်မှူးစုံလင် တွေ့ရသည်။ စစ်ဆင်ရေးကို ဦးဆောင်သော ဗိုလ်မှူးချုပ်ဘလိပ်၊ ဗျူဟာမှူး ဗိုလ်မှူးကြီး ထွန်းစိန်၊ တပ်မဟာမှူးများ ဖြစ်ကြသော ဗိုလ်မှူးကြီး စောမြင့်၊ ဗိုလ်မှူးကြီး ချစ်မြိုင်၊

---

၁။ Oxford

၂။ Seafury



www.burmeseclassic.com

www.burmeseclassic.ocm



မိုလ်မှူးကြီး လှမော်။ တပ်မဟာများကို ပေါင်း၍ တပ်မအဆင့်ဖြင့် ဆင်နွှဲရသော စစ်ပွဲကြီး ဖြစ်သည်။ ကြည်း ရေ လေ တပ်ဖွဲ့များ အတူပူးပေါင်း၍ တိုက်ကြရသော ပွဲကြီးဖြစ်သည်။ ဤသို့ပူးပေါင်းတိုက်ခိုက်ရသည်မှာ လွယ်ကူသည် မဟုတ်။ အချင်းချင်း ဗိုလ်လုတတ်သည်။ ကိုယ်နှင့်ဆိုင်ရာကိုသာ လုပ်မည်ဟု ကျဉ်းမြောင်းကျပ်တည်းသော စည်းကမ်းကြီးတတ်သည်။ သို့ရာတွင် ဘုရင့်နောင် စစ်ဆင်ရေးကို ကျွန်တော် မြင်ခဲ့ရသမျှ ထိုသို့ မရှိကြ။ ရဲဘော်စိတ်အပြည့်ဖြင့် ပူးပေါင်းဆောင်ရွက်ကြသည်။

ဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း ကိုယ်တိုင် ရှေ့တန်းစစ်မျက်နှာများသို့ သွားရောက်စစ်ဆေးကြည့်ရှုသည်။ စစ်ဦးစီးအရာရှိကြီးများလည်း မကြာမကြာ ရောက်သည်။ ရှေ့တန်းတပ်များနှင့် စစ်ဌာနချုပ် ထိရောက်စွာ ဆက်သွယ်သည်။ စစ်ဌာနချုပ်အား စစ်ဦးစီးဌာနများက မပြတ်လမ်းညွှန်ထောက်ကူသည်။

ကမ္ဘာက စိတ်ဝင်စားစွာ စောင့်ကြည့်သော တိုက်ပွဲများဖြစ်သည်။ ပြည်သူလူထုကလည်း တစ်ခဲနက်ကူညီသည်။ အမျိုးသားရေးကိစ္စဖြစ်သည်။ လွတ်လပ်ရေး၏ အန္တရာယ်ကြီးတစ်ရပ်ဖြစ်သည်။ လုပ်အား၊ ပစ္စည်းအားဖြင့် ပြည်သူတို့ ကူညီကြသည်။ စစ်မျက်နှာသို့ ပစ္စည်းသယ်ပို့ရာတွင် လိုက်သည်။ ရှေ့တန်းရောက် ရဲဘော်များသို့ လက်ဆောင်၊ မေတ္တာစကားပေးပို့ကြသည်။ ကျောင်းသားများ တပ်မတော်သို့ ဝင်ကြသည်။ မြန်မြန်စစ်မြေပြင်သို့ ထွက်လိုသည် ဆိုကြသည်။

နမ့်စန်၊ လွိုင်လင် စစ်စခန်းတို့တွင် ဂျပန်ခေတ်စစ်တက္ကသိုလ်မှ ရဲဘော်များကို ပြန်တွေ့ရသည်။ ဗမာ့ကာကွယ်ရေးတပ်မတော် ထောက်ပံ့ရေး တပ်ရင်းမှ ရဲဘော်ငယ်များကို ဗိုလ်ကြီးတွေအဖြစ် ပြန်တွေ့ရသည်။ စစ်တက္ကသိုလ် မူလတန်းကျောင်းမှ ရဲဘော် စိုးမြင့်အောင်အား တပ်ရေးဗိုလ်ကြီးအဖြစ် ရှေ့တန်း တစ်နေရာတွင် တွေ့ရသည်။ နောက်ပိုင်းတွင် တိုက်ပွဲအလီလီနွှဲပြီး၍ ဗိုလ်မှူးကြီးအဆင့်ထိ သူအဆင့်ဆင့် တက်လှမ်းတာဝန်ယူရသည်။

တပ်မဟာဗိုလ်မှူး ဗိုလ်တင့်ဆွေသည် စစ်တက္ကသိုလ်မှ ဆင်းပြီးနောက် ဂျပန်နိုင်ငံစစ်တက္ကသိုလ်သို့ တက်ရောက်ခဲ့သူဖြစ်သည်။ အပြန်တွင် ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သော တပ်မတော်တပ်ရင်း ၄ ၌ တပ်ကြပ်အဖြစ် ဝင်ရောက်ခဲ့သည်။ ဘုရင့်နောင် စစ်ဆင်ရေးတွင် တပ်မဟာဗိုလ်မှူး၊ နောင်မပြတ်မစဲသော စစ်ဆင်ရေးများ၌ တပ်မဟာမှူး၊ တပ်မမှူးအဖြစ် တာဝန်ယူရသည်။ သူ့တပ်မ ၇၇ က တောနင်းလိုက်လံနှိမ်နင်းစဉ် (ဗ က ပ) ခေါင်းဆောင် သခင်သန်းထွန်း





ကျဆုံးသည်။ တပ်မ ၇၇ ကို ဦးဆောင်ကြသူများပင် ဗိုလ်မှူးကြီး ကျော်ထင်၊ ဗိုလ်မှူးကြီး အုန်းကျော်တို့ ပါဝင်ကြသည်။

ဗိုလ်မှူးကြီး ထွန်းစိန်သည် တက်တက်ကြွကြွ ရှိသူဖြစ်သည်။ ရယ်မော စရာပြောတတ်သည်။ အပြောအဟောကောင်းသည်။ အလုပ်လုပ်ရာတွင် သေချာသည်။ မေမြို့ကို ကေအင်ဒီအိုသိမ်းခဲ့စဉ်က ရရာတပ်များဖြင့် မန္တလေးသို့ ဆင်းသည်။ တပ်ကွဲရောက်လာကြသော မြန်မာ့တပ်မတော်တပ်ဖွဲ့များကို စုစည်းကြကာ ထိုးစစ်ဆင်ကြပြန်သည်။

ကိုယ့်တပ်တွေ ဖရိုဖရဲဖြစ်နေသေးသော ကာလဖြစ်နေသည်။ ကိုယ့်အချင်းချင်းလူမှား၍ ဖမ်းကြ ဆီးကြ၊ သတ်မည်ပြု၍ လက်မတင် ကယ်လိုက်ရသည်တို့ကို ဗိုလ်မှူးကြီးထွန်းစိန်က တဟားဟားနှင့် ပြန်ပြောတတ်သည်။ မန္တလေးနှင့် မေမြို့အခြေအနေရှုပ်ထွေးနေစဉ် မေမြို့သို့ တက်သည့် ဗိုလ်ထွန်းတင်၊ ဗိုလ်ကြီးမြင့်တို့ကို အနီးစခန်း အလွန်တွင် ကိုယ့်ရဲဘော်များက ကေအင်ဒီအိုများဟု အထင်မှား ဖမ်းဆီးကာ ကွပ်မျက်မည်အပြု ဗိုလ်တင်ဦးတို့အဖွဲ့ ရောက်သွား၍ သီသီလွတ်ခဲ့ပုံများကို ပြန်ပြောသည်ကို ရင်ထိတ်ဖွယ် ကြားခဲ့ရသည်။ တပ်ပေါင်း၍ မေမြို့သို့ ပြန်အတက် ကျောက်တောင်အကွေ့တွင် တိုက်ပွဲဖြစ်ရာ ဗိုလ်တင်ဦး ဒဏ်ရာရသည်ကိုလည်း မနေ့က ဖြစ်ပျက်သည့်ပုံ နမ့်စန်တွင် ဗိုလ်မှူးကြီး ထွန်းစိန်သတိရသည်။

ဗိုလ်ချုပ်ကြီးနေဝင်း၏ အိမ်စောင့်အစိုးရလက်ထက်တွင် ဗိုလ်မှူးကြီး ထွန်းစိန်သည် ရန်ကုန်မြို့တော်ဝန်အဖြစ် တာဝန်ယူရသည်။ မြို့သန့်ရှင်းရေး၊ ကျူးကျော် ကွက်သစ်များကို ရှင်းလင်း၍ ဥက္ကလာပ၊ သာကေတ စသော မြို့သစ် တည်ရေး စသည်တို့တွင် ပြတ်သားတက်ကြွစွာ ဦးဆောင်ခဲ့သည်။ ယခုတော်လှန်ရေးပန်းခြံကို ဖြတ်သန်းသွားလျှင် ဗိုလ်မှူးကြီးထွန်းစိန် ရှင်းလင်းရွှေ့ပြောင်းပေးခဲ့သော ကွက်သစ်ကြီးကို မှတ်မိမည့်သူ နည်းပါးမည်။ ဟိုတုန်းက ကျူးကျော်တဲများတွင် ပြည်သူတို့ လူတန်းမစေ့၊ ဆင်းရဲစွာ နေခဲ့ရသည်။ ကွက်သစ်ကြီးများသည် ဒုစရိုက်၊ ရောဂါထူပြောရာ ဒေသများဖြစ်ကြသည်။ ကိုယ်တိုင် သယ်ပိုးရှင်းလင်းတည်ဆောက်ကာ အမှန်းခံ၍ မြို့သစ်ထူထောင်ခဲ့သော ဗိုလ်မှူးကြီး ထွန်းစိန်သည် အသက်ငယ်ငယ်နှင့်ပင် ကွယ်လွန်ခဲ့ရှာသည်။

လွိုင်လင်တွင် ထောက်ပံ့ရေးတပ်မှ ရဲဘော်တစ်ဦးဖြစ်ခဲ့သည့် ဗိုလ်လှမောင်ကို တွေ့သည်။ ဆူဆူညံညံရှိတတ်လွန်း၍ သူ့ကို "အာပြဲ" ဟု ခေါ်ကြသည်။ စတုတ္ထပတ် ဗိုလ်သင်တန်းမှ ရဲဘော်လှမိုးကိုလည်း တွေ့ရသည်။ တပ်ရေးဗိုလ်ကြီး



www.burmeseclassic.com

www.burmeseclassic.ocm



ဖြစ်နေသည်။ လုမ်းသည် စိတ်ဓာတ်ကောင်းသူ ဖြစ်လေသည်။ လုပ်ချင်ကိုင်ချင်တာတွေ များသည်။ အမြဲပျာယာခတ်နေသည်။ ရှေ့တန်းစခန်းတစ်နေရာတွင် စတုတ္ထပတ်မှ ဗိုလ်မျိုးအောင်ကို တွေ့သည်။ ပုပုပြတ်ပြတ် ဗိုလ်မျိုးအောင်သည် ခါးတွင် ဓားတိုနှင့် ချင်းလိုလို ဂေါ်ရခါးလိုလို ထင်ရသည်။ ၄က်ပျောခြံထဲမှ သူ့ စခန်းသို့ ကျွန်တော်တို့ သွားရောက် လည်ပတ်ခဲ့သည်။ ရဲဘော်များနှင့် သူတို့တစ်တွေ ဝါးတဲများတွင် ပျော်ပျော်ပါးပါး ရှိသည်။ ရှေ့သို့တက်ရန် အမိန့်စောင့်နေကြသည်။

ဆေးတပ်စခန်းသို့ ရောက်သွားရာ ဒုတိယဗိုလ်မှူးကြီး "အဘ" မောင်မောင်နှင့် တပ်မတော် ဆရာဝန်များကို တွေ့ရသည်။ အဘမောင်မောင်သည် ဘီ အိုင် အေမှစ၍ တပ်နှင့် နေခဲ့သူဖြစ်သည်။ ပျော်ပျော်ပါးပါး နေတတ်သည်။ စစ်ပြီးစတွင် လန်ဒန်သို့သွား၍ သင်တန်းတက် ဘွဲ့လွန်ဒီဂရီယူခဲ့ကြသော တပ်မတော် ဆေးဘက်ဆိုင်ရာ အရာရှိများတွင် သူပါသည်။ ဆရာကျော်၊ ဆရာ ရှုတ်ထယ်၊ ဆရာဘာလာခရိရှန်၊ ဆရာလှဟန်၊ ဆရာလွင်၊ ဆရာကျော်မြင့်၊ ဆရာသိန်းအောင်၊ ဆရာထွန်းရွှေ စသောပုဂ္ဂိုလ်တို့ ဖြစ်ကြသည်။ တပျော်တပါးကြီး ဖြစ်သည်။ သူတို့ လန်ဒန်သို့ မြန်မာနိုင်ငံစစ်မျက်နှာ အရပ်ရပ်မှလာကြသည်။ ပြန်လျှင်လည်း စစ်မျက်နှာအရပ်ရပ်သို့ ပြန်ကြရဦးမည်။ တိုက်ခိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်း တိုက်ခိုက်သည့် တပ်မတော်။

ဆေးမှူးဗိုလ်ထွန်းရွှေကို ရှေ့တန်းတစ်နေရာတွင် တွေ့ခဲ့သည်။ သူသည် ပန်းချီ၊ ဓာတ်ပုံ၊ မုဆိုးလိုက် ဝါသနာပါသည်။ ကျွန်တော်တို့နှင့် တွေ့တော့ မုဆိုးလိုက်ရာတွင် လိမ့်ကျသဖြင့် ဒူးနာနေစဉ်ဖြစ်သည်။ ရှေ့တန်းတစ်နေရာတွင် ရရှိခဲ့သော ဒဏ်ရာဟု ဆိုလျှင် မှသားမပါ။ မကြာမီက ဆရာထွန်းရွှေသည် မြစ်ကြီးနားမြို့တွင် တပ်မှအနားယူကာ ဆရာဝန်အဖြစ် ဆေးကုသနေရင်းရောဂါဖြင့် သေဆုံးသည်။ လူတော်၊ လူပေ၊ လူတေ တစ်ဦးဖြစ်ခဲ့သော သမားတော်တစ်ဦး။

တပ်ချရာ ရွာတစ်ရွာတွင် စိတ်ဓာတ်စစ်ဆင်ရေးအဖွဲ့ကို ခေါင်းဆောင်သော ဗိုလ်ကြီးကျော်သောင်းကို တွေ့သည်။ သူသည် မန္တလေးမြို့ နောမန်ဆရာဖြစ်သင် ကျောင်းထွက်ဖြစ်သည်။ ကျောင်းဆရာ၊ စာရေးဆရာလုပ်ရန် စိတ်သန်သည့် လူရိုးလူကောင်းတစ်ယောက် ဖြစ်သည်။ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းကို အစပျိုးကာစဖြစ်၏။ ရှေ့တန်းတွင် လုပ်လိုသည့် ဆန္ဒနှင့် လုပ်နိုင်





သည့် အင်အား မမျှမတဖြစ်နေသေးသည်။ ဒုတိယဗိုလ်မှူးကြီး ကျော်သောင်းသည်လည်း မကြာမီက ကွယ်လွန်ရှာသည်။

မိုင်းဆတ်ဘက်တွင် စစ်ဆင်ရေးလုပ်ငန်း ဒေသဖွံ့ဖြိုးရေးလုပ်ခဲ့ကြရာတွင် တပ်မမှူး ဗိုလ်မှူးကြီး သန်းစိန် ဦးဆောင်ပါဝင်ခဲ့သည်။

ရန်ကြီးအောင် စစ်ဆင်ရေးဖြင့် ရောက်လာသော တပ်များတွင် တပ်ရင်းတစ်ရင်းပါသည်။ တပ်ရင်းမှူးဗိုလ်မှူးတင်ဦးသည် တပ်ကို ရှုပ်ချွံစွာ ဦးဆောင်သည်။ ရဲဘော်စိတ်အပြည့်ရှိသည်။ ဒေသနေ တိုင်းရင်းသားများ အပေါ်၌လည်း ညာတာသည်။ သူ့ကို လူချစ် လူခင် ပေါသည်။ ရဲဘော်များက သူ့အား ဖွယ်ဖွယ်ရာရာ ဟင်းလျာရှာ၍ ချက်ပြုတ်ကျွေးမွေးကြသည်။ လူပျိုကြီးဖြစ်၍ ပို၍ ဂရုစိုက်ယုယကြသည်။ တပ်ရင်း ၁ သည် လမ်းဖောက်သည်၊ စိုက်ပျိုးသည်၊ မူလတန်း ကျောင်းဆောက်ပေးသည်၊ တူးရင်းဖော်ရင်း တွေ့ရသော ဗုဒ္ဓဆင်းတုတော်ကို တည်ထားပေးသည်။ ဗိုလ်မှူးတင်ဦးကိုယ်တိုင် တိုင်းရင်းသား လူငယ်များကို ရွေးချယ်၍ ရန်ကုန်မြို့သို့ ကျောင်းပို့ပေးသည်။

ယခုမိုင်းဆတ် ဘုရားကြီးပွဲတော် နှစ်စဉ်ဖြစ်သည်။ အထက်တန်းကျောင်းကြီးလည်း ရှိပြီ။ လမ်းပန်းဆက်သွယ်ရေး ကောင်းလာပြီ။ စိုက်ခင်းပျိုးခင်းများ အောင်မြင်သည်။ နယ်မြေတိုင်းရင်းသားများ ဝဝလင်လင်ရှိသည်။ ဟိုတုန်းက ရန်ကုန်ကျောင်းသို့ သွားခဲ့သည့် ကျောင်းသားများထဲမှ ဆရာဝန်၊ ကျောင်းဆရာ၊ သူနာပြုဆရာမများ ပေါ်ထွန်းလာပြီ။ သူတို့ထဲမှ တစ်ယောက် ပဒေသရာဇ်နယ်ရှင်ပယ်ရှင်တွေ၏ ဒဏ်ကို မခံနိုင်၍ တောခိုသည်။ အခြားဒေသသို့ တာဝန်ဖြင့် ရောက်နေပြီဖြစ်သော ဗိုလ်မှူးကြီးတင်ဦးက စာရေးခေါ်မှ အလင်းဝင်လာသည်။

ဤသို့လျှင် တပ်မတော်မှ ဗိုလ်၊ အကြပ်၊ ရဲဘော်များသည် သွားလေရာတွင် ပြုပြင်စည်းရုံးသွားကြသည်။ ပြည်သူ့အကြားတွင် နေကြသည်။ ပြည်သူနှင့်အတူ လက်တွဲသည်။ ပြည်သူ့ အကျိုးပြုခဲ့ကြသည်။ တစ်ခါတစ်ခါ အခါကာလလိုက်၍ လူကိုလိုက်၍ ဒေါသအလျောက် ရွာသားများအပေါ် မောက်မာခက်ထန်ခဲ့သည်များ ရှိခဲ့ပါသည်။ ရှိလျှင် ရှိသည့်အလျောက် ပြည်သူနှင့် ကင်းခဲ့ရသည်။ ကင်းသည်နှင့်အမျှ အရာရာတွင် ခက်ခဲခဲ့ရသည်။ အောင်ပွဲရမည့်အစားဆုံးရှုံးခဲ့ရသည်။ ဤသဘာဝဖြစ်ရပ်ကို မြန်မာ့တပ်မတော်က ကိုယ်တွေ့အောင်းစွာ သိပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.ocm



## ၄

မိုင်းတုံ၊ မိုင်းဆတ်ဘက်တွင် တရုတ်ဖြူစခန်းတစ်ခုကို မြန်မာ့တပ်မတော်က တက်ရောက်သိမ်းပိုက်ရာ၌ ရန်သူနှင့်အတူရှိကြသော နိုင်ငံခြားသား မျက်နှာဖြူသုံးဦး ကျဆုံးသည်။ ထိုသုံးဦး၏အကြောင်းကို စုံစမ်းမှတ်တမ်းယူရန် ထောက်လှမ်းရေးမှ ဗိုလ်ခင်မောင်သန်း ရန်ကုန်မှ လိုက်လာသည်။ လွိုင်လင်စခန်းမှ ဗိုလ်ကြီးလှမောင်၊ ဗိုလ်ခွန်သိမ်းနှင့် ကျွန်တော် ရှေ့တန်းသို့ လိုက်ပါသွားသည်။

သွားရင်းတွေးမိသည်။ ပြည်တွင်းအရေးအခင်းတွင် ပြည်ပမှ ကိုယ်ကျိုးရှာသူများက ဝင်ရောက်ရှုပ်စမြဲ။ ပြည်ပမှ ဝင်ရောက်စွက်ဖက် မွှေနှောက်ခြင်းသည် အစိုးရအနေနှင့် ဖြစ်တတ်သည်။ အဖွဲ့အစည်းအနေနှင့်လည်း ဖြစ်တတ်သည်။ ပုဂ္ဂိုလ်အနေနှင့်လည်း ဖြစ်တတ်သည်။ မိုင်းတုံဘက်တွင် ကျဆုံးသွားသော နိုင်ငံခြားသား မျက်နှာဖြူများသည် မည်သည့်အမျိုးအစားတွင် ပါဝင်မည်လဲ။

လန်ဒန်တွင် ကျွန်တော်ကျောင်းနေစဉ်က ဥပဒေပညာဆည်းပူးရင်း မြို့မှ ရာဇဝတ်ရုံးကြီး အမှုစစ်ဆေးသည်ကို မကြာမကြာ သွားရောက်နားထောင်ခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ကာ ကေ အင် ဒီ အို သောင်းကျန်းသူတို့အား အားပေးကူညီခဲ့သည့် **"ကာနယ်တလောခ်[၁]"** ဆိုသူအား အမှုတစ်မှုအတွက် စစ်ဆေးသည်ကို တစ်ခါ တိုက်တိုက်ဆိုင်ဆိုင် ကြားမြင်ခဲ့ရသည်။ တလောခ် နှင့် **ကင့်ဘဲလ်[၂]** ဆိုသူတို့သည် သောင်းကျန်းသူတို့ကို ကူဖို့ဆိုကာ ငွေ၊ ပစ္စည်းတောင်းသည့် စာများကို ရန်ကုန်မြို့မှနေ၍ စာများကို ပြင်ပသို့ ရေးသားကြသည်။ စာများကို တွေ့သော ဗြိတိသျှ သံအမတ်ကြီးက နိုင်ငံတော် အစိုးရအား တင်ပြသဖြင့် သူတို့နှစ်ဦးအား အချိန်မီ ပြည်မှနှင်လိုက်နိုင်သည်။

တရားရုံးသို့ ကျွန်တော် သွားရောက်ရာတွင် တလောခ်၏ အမှုစစ်မည်ကို မသိ။ အကြောင်း တိုက်ဆိုင်ခြင်းသာ ဖြစ်သည်။ တလောခ်သည် မြန်မာတိုင်းရင်းသား ကရင်လူငယ်တစ်ဦးကို လန်ဒန်သို့ ခေါ်ယူခဲ့ဟန် တူသည်။ လူငယ်ကို ကျောင်းထားဖို့ သာသနာပြုအဖွဲ့များက သူ့အား ငွေကြေးပေးကာ အုပ်ထိန်းသူ ခန့်အပ်ခဲ့ပုံရသည်။ တရားရုံးရောက်ရသည်မှာ ထိုငွေကို မိမိကိုယ်ကျိုးအတွက် သုံးစွဲလိုက်သည် ဆိုသည့် စွဲချက်ဖြင့် ဖြစ်လေသည်။

---

၁။ Colonel Tulloch

၂။ Campbell





တရားခံ တလောခ်က ငွေများကို သုံးပစ်ခဲ့မိသည်ကို မငြင်းကွယ်။ သို့ရာတွင် သူသည် မြန်မာနိုင်ငံတွင် ပြောက်ကျားတပ်ဖွဲ့များကို စည်းရုံးခေါင်းဆောင်ခဲ့ဖူးသည်။ စသည်ဖြင့် အတိတ်၏ဂုဏ်ပုဒ်များကိုသာ ဖော်ပြသည်။ တရားရုံး တရားသူကြီးများက ခုခံချေပချက်ကိုလက်မခံ။ ပြစ်မှုထင်ရှားတွေ့ကာ ထောင်ဒဏ် ပေးလိုက်သည်။

ကမ္ဘာတွင် ဤလိုလူစားတွေ ရှိသည်။ စွန့်စားသည်။ ထင်ရာမြင်ရာကို ဇွတ်လုပ်တတ်သည်။ ကယ်တင်ရှင် စိတ်ထားကြသည်။ ချွန်လျှင်လည်း အင်မတန်ချွန်၍ ရာဇဝင်တွင်သွားတတ်ကြသည်။ သူတို့သည် အေးချမ်းသော ဘဝတွင် မနေတတ် မထိုင်တတ်ရှိကြသည်။ စစ်မက်သည် သူတို့၏ အသက်ဖြစ်သည်။ ဤမှာ စစ်အေးလျှင် ဟိုမှာ စစ်ကိုရှာသည်။ ရှာမတွေ့လျှင် သူတို့ လေလွင့်ကြသည်။ အရက်သမားကြီးတွေ ဖြစ်သွားကြသည်။ ဘိန်းစားကြီးတွေ ဖြစ်သွားကြသည်။ မိန်းမမှုတွေ ပွေကြသည်။

ကာနယ်တလောခ်သည်လည်း ထိုလူစားမျိုး ဖြစ်ပေလိမ့်မည်။ မိုင်းတုံဘက်တွင် ကျသည့် မျက်နှာဖြူများသည်လည်း ကြေးစားများဖြစ်ကြလေမည်လား။ လွဲမှားသော ယုံကြည်မှုနောက်သို့ စွန့်စွန့်စားစား လိုက်ပါလာကြသူများ ဖြစ်ကြလေမည်လား။ တိုင်းတစ်ပါး အစိုးရ၊ အဖွဲ့အစည်းက စေသူများ ဖြစ်ကြလေမည်လား။ မည်သို့ပင်ဖြစ်စေ သူတို့သည် ဝေးရပ်မြေတွင် သေရပြီ။

## ၅

တရုတ်ဖြူကို တိုက်ခိုက်ခဲ့စဉ်က မြန်မာ့တပ်မတော်သည် ကျိုင်းတုံဘက်မှ ဆင်းသည်။ မိုင်းတုံ၊ မိုင်းဆတ်ဘက်သို့ ထိုးဖောက်သည်။ အောက်ဘက် သထုံ၊ မော်လမြိုင်မှ ပိတ်ဆို့သည်။ ညှပ်ပူး ညှပ်ပိတ်အမိခံရသော ရန်သူတို့ပြိုသည်။

ကမ္ဘာ့ကုလသမဂ္ဂတွင် မြန်မာနိုင်ငံက အရေးဆိုသဖြင့် မြန်မာ့မြေမှ နိုင်ငံခြားတပ်များ ဆုတ်ခွာစေရန် ဝိုင်းဝန်းကူညီကြမည်ဟု ညီလာခံက ဆုံးဖြတ်ချက် ချမှတ်သည်။ လေးနိုင်ငံကော်မရှင်ဖွဲ့၍ တရုတ်ဖြူ ကျူးကျော်သူများကို ခေါ်ထုတ်သွားရန် စီစဉ်ကြသည်။ ကော်မရှင်တွင် မြန်မာ့တပ်မတော် ကိုယ်စားလှယ်များ ပါဝင်သည်။ တိုက်ရေး ခိုက်ရေးတွင်သာမဟုတ်။ နိုင်ငံတကာဆက်သွယ်ရေးတွင်လည်း တပ်မတော် အလေ့အကျင့်ရသည်။



www.burmeseclassic.com

www.burmeseclassic.ocm



တိုက်ခိုက်ရင်း စည်းရုံးလေ့ကျင့်ရသည့် တပ်မတော်ဖြစ်သည်။ တရုတ်ဖြူ ကျူးကျော်တပ်မများနှင့် ရင်ဆိုင်ခြင်းမပြုမီ မြေပြန့်တွင် တောင်ပေါ်တွင် အလံနီ၊ အလံဖြူကွန်မြူနစ်သောင်းကျန်းသူ၊ ရဲဘော်ဖြူသောင်းကျန်းသူ၊ ကေအင် ဒီ အို သောင်းကျန်းသူ၊ တပ်မတော်မှ တောခိုများ၊ ရောင်စုံသူပုန်တို့ကို နေရာအနှံ့တိုက်ခဲ့ရသည်။ တပ်မတော်ပြန်လည်ဖွဲ့တုန်း၊ စည်းရုံးတုန်းပင် သောင်းကျန်းမှုတွေ ပေါက်ကွဲခဲ့သည်။ အလစ်ကို ချောင်းနေကြသော ရန်သူတို့ အလုံးအရင်းနှင့် ညာသံပေးကာ တက်လာကြသည်။ မြို့တွေကို သိမ်းသည်။ ငွေတိုက်ကို ဖောက်၍ ပြည်သူ့ဘဏ္ဍာကို ယူသည်။ လက်နက်ပေါသည်၊ စုံသည်။ အချို့သော သောင်းကျန်းသူတို့သည် တပ်ရင်းတပ်ဖွဲ့အလိုက် လက်နက်ကြီးများကို ယာဉ်များဖြင့် တင်ဆောင်ကာ ရန်ကုန်မြို့သို့ ဦးတည်ချီတက်ကြသည်။

'ရန်ကုန်အစိုးရ' ဟု နိုင်ငံခြားများက မြန်မာနိုင်ငံအစိုးရကို သရော်ကြသည်။ သမုတ်ကြသည်။ ဟုတ်တန်သလောက် ဟုတ်သည်။ ပြည်၊ သရက်၊ အထက်ရေနံချောင်း၊ ချောက်၊ သူပုန်လက်တွင် ရှိသည်။ ဖြူး၊ တောင်ငူ၊ မိတ္ထီလာ၊ ကလော၊ တောင်ကြီး၊ မေမြို့၊ မန္တလေးတွင် အခြေအနေရှုပ်ထွေးသည်။ ခြေသွက်လက်သွက် သူပုန်တပ်များက လက်ဦးနေသည်။ မြစ်ဝကျွန်းပေါ်တွင် (ကေ အင် ဒီ အို) သောင်းကျန်းသူ ထသည်။ ရခိုင်ပြည်တွင် မုဂျာဟစ်သူပုန်ထသည်။ (ကေ အင် ဒီ အို) သောင်းကျန်းသူလက်သို့ အင်းစိန်ကျသည်။ ရန်ကုန်မြို့မှ အမြောက်သံကြားနေရသည်။

ဗိုလ်ချုပ်နေဝင်းသည် စစ်ရုံးမှ နေ့၊ ည ညွှန်ကြားစီမံနေရသည်။ တပ်မတော်မှာ ရှိသမျှ လက်နက်၊ လူ၊ အင်အားကို အတိအကျ အလွတ်ရနေသည်။ အင်အားမများ။ လက်နက်ကောင်းသော တပ်၊ လူတောင်းသောတပ်တို့ကိုတောင်းသလောက် မပေးနိုင်မှုတ၍ ဖလှယ်၍သာ ပေးရသည်။ လက်နက်ခဲယမ်းကို နိုင်ငံခြားများက မရောင်းဘဲ အကျပ်ကိုင်နေကြသည်။ အမြောက်၊ အမြောက်ဆန်တို့ကို ပုန်ကန်အုံ့ ဆဲဆဲသော တပ်ရင်းအချို့သို့ ထုတ်ပေးသူတို့က ထုတ်ပေးခဲ့သေးသည်။ ကိုယ့်လက်တွင် အမြောက် ဘယ်နလက်၊ အမြောက်ဆန်မည်မျှ၊ ရိုင်ဖယ်ကျည်ဆန် မည်မျှရှိသည်ကို ဗိုလ်ချုပ် အလွတ်မှတ်မိသည်။ မှတ်မိရုံသာမက လက်နက်တိုက်ကို ကိုင်တိုင်ကွပ်ကဲ ထိန်းသိမ်းရသေးသည်။

ဗိုလ်လကျ်ာအား တပ်မတော်ကို ဦးဆောင်ရန် ဗိုလ်ချုပ်အောင်ဆန်းက တာဝန်ပေးဖူးသည်။ ဗိုလ်မှူးကြီးရာထူးကို ယူ၍ဌာနချုပ်တွင် ရုံးထိုင်ပြီးလျှင်





ဗိုလ်လကျ်ာသည် တပ်များ၊ ရဲဘော်များနှင့် ကင်းကွာခဲ့သည်။ ဗိုလ်ချုပ်နေဝင်း၏ တပ်ရင်း ၄ သို့ တပ်စစ်ရန် ရောက်လျှင်လည်း အပြစ်သာ မြင်တတ်သည်။ သံသယဖြင့်လာသည်။ တစ်ခါ တပ်ရင်း ၄ သို့ အလာ သူ့အား တန်းစီ၍ တပ်အပ်သည်။ ရှေ့တန်းမှ ရပ်သော ရဲဘော်တစ်ဦးသွားခေါသည်။ ဒါကို ဗိုလ်လကျ်ာမြင်၍ သူ့အား သွားဖြဲ၍ လှောင်ပြောင်နေသည်ထင်ကာ ဆူပူကြိမ်းမောင်းလေတော့သည်။ စစ်အတွင်း တစ်လျှောက်လုံးအတူ လုပ်ခဲ့ကြသည့် ရဲဘော်များကို အကောင်းမမြင်။ ရဲဘော်စိတ်ဖြင့် မကြည့်။

ဌာနချုပ်တွင် အင်္ဂလိပ် ဗိုလ်မှူးကြီးများ၊ ဗိုလ်ချုပ်များရှိသည်။ အင်္ဂလိပ် စစ်တက္ကသိုလ်ထွက် ဗိုလ်မှူးချုပ်ကြာဒိုးကဲ့သို့သော ပုဂ္ဂိုလ်များရှိသည်။ သူတို့သည် အဝတ်အစား အချိုးကျသည်။ အင်္ဂလိပ်လို အပြောအဆို ချောမွေ့သည်။ အနေအထိုင်ခံ့ညားသည်။ သူတို့ကို ဗိုလ်လကျ်ာသဘောကျသည်။ ယုံကြည်အားကိုးသည်။ မျိုးချစ် ဗမာ့တပ်မတော်မှဗိုလ်၊ အကြပ်၊ တပ်သားများသည် ဝတ်စားဆင်ယင်ရာတွင် 'စမတ်'မကျ။ အင်္ဂလိပ်လို ဘိုသံပေါက်ပေါက် မပြောတတ်။ ထို့ကြောင့် အားကိုး ယုံကြည်နိုင်မည့် တပ်များ မဟုတ်။

ဗမာ့သေနတ်ကိုင် တပ်ရင်း ၄ တွင် ဗိုလ်ချုပ်နေဝင်းသည် သူ့အရာရှိ၊ ရဲဘော်များနှင့်အတူ ဘောလုံးကစားသည်။ ကွင်းထဲတွင် ဖျင်တဲထိုး၍ အတူနေထိုင်သည်။ အရာရှိငယ်၊ အရာရှိကြီးများနှင့်အတူ စားသောက်သည်။ လစာငွေမှ တစ်ရာစီသုံးစွဲကြ၊ ပိုတာစုဆောင်းကြဟု အရာရှိများအား မှာသည်။ ရဲဘော်များအား စောင့်ရှောက်သည်။ စားဖိုချောင်သို့ အမြဲရောက်သည်။ မျိုးချစ် ဗမာ့တပ်မတော်မှ ဗိုလ်၊ တပ်ကြပ်များ သူ့အား ခင်မင်လေးစားသောကြောင့် ရဲဘော်အဆင့်ဖြင့် ပြန်ဝင်လာကြသည်။ ဂျပန် စစ်တက္ကသိုလ်ပြန် ဗိုလ်ကျော်စိုး ဖွဲ့ကြီးကြီးဖြင့် ရဲဘော်များနှင့် ဘောလုံးကစားသည်။ ဝဝလုံးလုံး ဗိုလ်သန်းစိန်သည် အပြေးသန်လှသည်။ လှမိုး၊ ဂွမ်ရှိန် စသော ရဲဘော်များ နာမည်ကြီး ဘောလုံးသမားများ ဖြစ်ကြသည်။ 'ငါးဆရာ' ဗိုလ်တင်ဖေ တစ်ယောက် တပ်ရင်း တပ်ထောက်ဖြစ်သည်။ ဗိုလ်မောင်မောင်၊ ဗိုလ်အောင်ကြီး၊ ဗိုလ်ဘစိန်၊ ဗိုလ်မင်းသိမ်း၊ ဗိုလ်သာကျော်၊ ဗိုလ်အေးမောင်၊ ဗိုလ်မြမောင် စသော အရာရှိများ ပါသည်။ ရဲခေါင်၊ တင့်ဆွေ၊ ကျော်ထင်၊ ထွန်းတင်၊ အေးကို၊ မောင်အေး၊ အုန်းကြည်၊ သိန်းထူးစသော တပ်ကြပ်ကြီးများလည်း ရှိသည်။ စစ်တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.ocm



ဆင်းတွေ ဖြစ်သည်။ နောင်တွင် တိုးချဲ့ဖွဲ့စည်းရမည့် တပ်များ၏ ခေါင်းဆောင်လောင်းတွေ ဖြစ်သည်။ တပ်ရင်းမှ ရဲဘော်၊ အကြပ်အရာရှိငယ်များသည် တပ်မှူးသင်တန်း တက်နေကြခြင်း ဖြစ်သည်။ ခေါင်းဆောင်ငယ်၊ ခေါင်းဆောင်ကြီး မွေးမြူပျိုးထောင်နေကြခြင်း ဖြစ်သည်။

ဗိုလ်ချုပ်နေဝင်းသည် ရဲဘော်များ သင်တန်းဆင်းလျှင် ကွင်းထဲသို့ သူအရင် ရောက်တတ်သည်။ အချိန်ကို လေးစားသည်။ စည်းကမ်းကြီးသည်။ တပ်ရင်းကို ပျိုးထောင်ရင်း မေမြို့အရာရှိငယ် သင်တန်းကို သွားရောက်တက်လိုက်သေးသည်။ ဗိုလ်ချုပ်သည် အလုပ်တစ်ခုကို နာမည်ခံရုံ စတိသာမလုပ်တတ်။ လုပ်လျှင် နိုက်နိုက်ချွတ်ချွတ် လုပ်တတ်သည်။ သင်တန်းတက်လျှင်လည်း အခြားငယ်ရွယ်သော အရာရှိများနှင့်အတူ ကွင်းဆင်းသည်။ အပင်တပန်း လုပ်သည်။ ဝေဒနာရှိသည်ကိုပင် ဖုံးဖိ၍ အများနှင့်အတူ လုပ်စရာ လုပ်သည်။

ဒါမျိုးတွေသည် ဗိုလ်လကျာ်အဖို့ မဟုတ်။ ဗိုလ်လကျာ်သည် ကော်တောင့်၍ ခေါက်ရိုးမကျိုးသော ယူနီဖောင်းကို ဝတ်သည်။ ရုံးကြီးတွင် ထိုင်သည်။ ချွေးကျသည့် အလုပ်ကို မလုပ်။ ချွေးစော်နံသော ရဲဘော်များ အနားသို့ မသွား။ သူသည် ဘဝကို မေ့သည်။ သူရှိမှန်း ရဲဘော်များ မသိ။

ရောင်စုံသူပုန်ကို ရင်ဆိုင် နှိမ်နင်းရာတွင် ဗိုလ်ချုပ်နေဝင်းသည် လက်ငင်းကို လက်ငင်းအနေဖြင့် လုပ်တတ်သည်။ အရှည်ကိုလည်း မျှော်၍ ပြင်ဆင်တတ်သည်။ အခါကို သိတတ်သည်။ အခါကို စောင့်တတ်သည်။ စိတ်ရှည်သည်။ လက်နက်ခဲယမ်း မလုံလောက်၍ နိုင်ငံခြားကို အားကိုးကြသည်။ ထို့ကြောင့် ကိုယ့်လက်နက်ရုံတွေ ကိုယ်တည်မည်။ ခေတ်မီတပ်မတော် တည်ထောင်ရန် ကျွမ်းကျင်မှုများ လိုသည်။ ခေါင်းဆောင်မည့် သူများ လိုသည်။ ထိုကျွမ်းကျင်မှုကို ဆည်းပူးမည်။ ခေါင်းဆောင်များကို ပျိုးထောင်မည်။ ပညာကို ရှာဖွေဆည်းပူးလျှင် ရသည်။ နိုင်ငံခြားစစ်မစ်ရင်၊ နိုင်ငံခြားပါရဂူများကိုသာ အားကိုးနေလျှင် မြန်မာတွေ ဘယ်တော့မှ လွတ်လပ်မည်မဟုတ်။ သူတို့ ဩဇာခံတွေသာ ဖြစ်နေလိမ့်မည်။ ထို့ကြောင့် သူပုန်ကို တိုက်ခိုက်ရင်းပင် အရာရှိကြီးငယ်ကို နိုင်ငံခြား စစ်တက္ကသိုလ် သင်တန်းများသို့ ပို့ပေးသည်။ လေ့လာရေးအဖွဲ့များကို လွှတ်သည်။ ပြန်လာလျှင် တိုက်ပွဲဝင်ကြလေဦးတော့။ ဆည်းပူးလာသည့်





ပညာဗဟုသုတကို ကိုယ့်နိုင်ငံ၏ ပကတိ အခြေအနေနှင့် စပ်ဟပ်၍ သုံးစွဲကြလေတော့။

တပ်မှူးတွေကို ပျိုးထောင်ရရှိသည်နှင့် တပ်ရင်းအသစ်များကို တိုးချဲ့ဖွင့်လှစ်သည်။ ရဲဘော်တစ်ဦးကို အခြေခံစစ်ပညာတိုတို ပေးပြီးလျှင် တိုက်ပွဲသို့ ပို့သည်။ တိုက်ပွဲသည် လက်တွေ့သင်တန်းဖြစ်သည်။ ပွဲတိုးသော ရဲဘော်သည် ရဲရင့်ပြည့်စုံသည်။ ဤနည်းဖြင့် လုပ်မရဟု ပါရဂူများက ဆိုကြသည်။ ဗိုလ်ချုပ်က လက်တွေ့လုပ်ပြသည်။ လေ့ကျင့်ရင်း တိုက်ခိုက်၊ တိုက်ခိုက်ရင်း လေ့ကျင့်ဆိုသည်မှာ ဆောင်ပုဒ်မဟုတ်။ လက်တွေ့ အလုပ်ဖြစ်သည်။ ဤသို့လုပ်ခြင်းဖြင့် ရဲဘော်အထိအခိုက် အကျအဆုံးများလေမည်လား မေးစရာရှိသည်။ အမှန်မှာ မများ။ ရဲဘော်များကလည်း လေ့ကျင့်ရေးတပ်တွင် လေ့ကျင့်နေရသည်ထက် တကယ့်တိုက်ပွဲဝင်ရင်း၊ တကယ်ချီရင်း တက်ရင်း လေ့ကျင့်ချင်ကြသည်။ တိုက်ပွဲ တိုးရသည်ကို ကျေနပ်သည်။ တိုက်ပွဲသည် စိတ်ဓာတ်၊ အရည်အသွေးကို ထက်မြက်စေသည်။

လေ့ကျင့်ရေးတပ်ရင်းတွေ ဖွင့်သည်။ ဗိုလ်သင်တန်းတွေ ဖွင့်သည်။ စစ်ဦးစီးတက္ကသိုလ် ဖွင့်သည်။ အကြပ်သင်တန်း ဖွင့်သည်။ တိုက်ပွဲမှ ကျောင်းသို့၊ သင်တန်းသို့။ ကျောင်းမှ သင်တန်းမှ တိုက်ပွဲသို့။ တပ်မတော်သည် အတွေ့အကြုံ စုံလာသည်။ ရင့်ကျက်လာသည်။

ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့်အတူ ချီတက်လာသော ရဲဘော်များ၊ စာရေး စာဖတ် မတတ်သည်က များသည်။ စာမတတ်လျှင် တပ်ကြပ်ဖြစ်ဖို့မလွယ်။ ဗိုလ်ဖြစ်ဖို့ မလွယ်။ ထို့ကြောင့် သူတို့ဖို့ 'အသုံးလုံး' ကျေ အခြေခံပညာသင်ကျောင်းများကို တပ်တွင်းမှာ ဖွင့်ရသည်။

စာဖတ်၊ ပညာဆည်းပူး၊ လေ့ကျင့်ရင်း ချီတက်လာခဲ့သည့် တပ်မတော်ဖြစ်သည်။ အရည်အချင်းတိုးတက် ထက်မြက်လာသည်။ အရည်အချင်းရှိသူတို့သာ ကျန်သည်။ အရည်အချင်း အရေးသာတက်သည်။

## ၆

"၁၉၄၈ ခုနှစ်၊ ၁၉၄၉ ခုနှစ်ပိုင်းမှာ ဆိုလို့ရှိရင် ဒီမှာ စဖွဲ့ကတည်းကကြိတပ်ရင်း ဆယ်ရင်းနဲ့။ အဲဒီအတွက်သာ ဒီမှာ လက်နက်ရှိတယ်။ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.ocm



ပါးပါးပဲရှိတယ်။ ရေတပ်၊ လေတပ် ဆိုတာဟာ လေယာဉ်ပျံက **တိုင်းဂါးမောက်**[1] နဲ့ **ချစ်မန်နခ်**[2] တို့ ဒီလောက်ပဲရှိတယ်။ ရေတပ်မှာလည်းပဲ 'မေယု' တစ်စင်းတော့ ရှိတယ်ပေါ့လေ။ ကြီးကြီးထဲက ကျန်တာတွေကတော့ **အမ်အယ်**[3] ရှစ်စင်းလား၊ ဆယ်စင်းလား ဒါပဲရှိတယ်။ ရေတပ်တို့ လေတပ်တို့ ဆိုတာ ကတော့ ဒို့မှာ တိုးဖို့ငွေလည်း မရှိ။ ရှိတာနဲ့ပဲ တိုက်ကြတယ်" ယင်းသို့ ဗိုလ်ချုပ်ကြီးနေဝင်းက ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့သော တပ်မတော် တပ်မှူးများ ညီလာခံတွင် သတိရခဲ့ဖူးသည်။

တပ်ရင်း ၁၀ ရင်းဆို၍ အပြည့်ရှိသည် မဟုတ်သေး။ လူမျိုးရေး တစ်ယူသန်၍ ပုန်ကန်ခြားနားသော တပ်ဖွဲ့များရှိသည်။ သဘောတရားရေး အစွဲကြီး၍ ပုန်ကန်ခြားနားသည်လည်း ရှိသည်။ ကျန်တပ်များကို စုစည်း၍ နေရာမလပ် အစွမ်းကုန်တပ်ဖြန့်ကာ ပြည်ထောင်စု နိုင်ငံတော်မပြိုကွဲ မပျက်စီး ရလေအောင် ထိန်းသိမ်းခဲ့ရသည်။ ထိန်းသိမ်းရာတွင် တပ်မတော်က ဦးဆောင်သည်။ ဗိုလ်ချုပ် အောင်ဆန်း ခေါင်းဆောင်ခဲ့သော (ဖ ဆ ပ လ) နိုင်ငံရေး အဖွဲ့အစည်းကလည်း စည်းစည်းလုံးလုံးရှိတန် သရွေ့ရှိခဲ့သေးသည်။ ဦးတည် ချက်မှန်သဖြင့် ပြည်သူလူထု တိုင်းရင်းသားအများစုကလည်း တပ်မတော်နှင့်အတူ လက်တွဲ၍ တိုက်ပွဲဝင်ခဲ့သည်။

စောစောပိုင်း၌ တပ်မတော်တွင် ကပြားသွေးပါသော တပ်ရင်းမှူးများ ရှိကြသည်။ လူမျိုးရေးအယူသန်သော ကရင်ဦးစီးအရာရှိကြီးများလည်း ရှိခဲ့ကြသည်။ ကပြားတပ်ရင်းမှူး အချို့က ကလော၊ မေမြို့၊ မန္တလေးတို့တွင် ရဲဘော်များအား လက်နက်ချ၍ အညံ့ခံကြရန် သို့မဟုတ် သူတို့အား သစ္စာခံကြရန် အမိန့်ပေးကြသည်။ ရဲဘော်များက အညံ့မခံ။ ဗိုလ်ချုပ်နေဝင်း၏ အမိန့်ကိုသာ နာခံမည်။ ပြန်လှန်တိုက်ခိုက်ကြမည်ဟု အချင်းချင်းစုစည်းကြသည်။ ရရာ လက်နက်ကို ဆွဲကိုင်ကာ နီးရာတပ်စခန်းသို့ အရောက်သွားကာ စုဝေးကြသည်။

ဒုတိယဗိုလ်မှူးကြီးလှကြည်သည် ယခုတပ်ရင်းမှူးဖြစ်သည်။ ထားဝယ်မှ ဘီအိုင်အေ နှင့် အတူလိုက်ပါ ချီတက်ခဲ့သည်။ ဗမာ့ကာကွယ်ရေး တပ်မတော်၊ ဗမာ့တပ်မတော်၊ မျိုးချစ် ဗမာ့တပ်မတော်တို့တွင် ဆက်လက် အမှုထမ်းသည်။

၁။ Tigermouth
၂။ Chipmunk
၃။ M.L





စစ်ပြီးလျှင် တပ်များပြန်ဖွဲ့သောအခါ ဗမာ့သေနတ်ကိုင် တပ်ရင်း ၄ တွင် ရဲဘော်အဖြစ် ပြန်ဝင်ရန် ပြည်မြို့တပ်စခန်းသို့ သွားသည်။ ဆေးမအောင်သဖြင့် မဝင်ရ။ အိမ်သို့ မပြန်လို။ တပ်စခန်းတွင်သာ ရစ်ဝဲ၍ နေသည်။ နောက်ဆေးမှူး ဗိုလ်ကျော်က ဆေးအောင် လက်မှတ်ပေးသဖြင့် ရဲဘော်ပြန်ဖြစ်သည်။ ကလောမြို့ တွင် သေနတ်ကိုင်တပ်ရင်း ၆ နှင့် ရှိနေစဉ် အရေးအခင်းများဖြစ်လာ၍ တပ်မှူး ဟက်တလက်က မြန်မာတိုင်းရင်းသားရဲဘော်များကို တန်းစီစေကာ လက်နက်ချ ခိုင်းသည်။ ရန်ကုန်မြို့တွင် မြန်မာအစိုးရ မရှိတော့ပြီဟု သူက ကြေညာသည်။ ရဲဘော်များက လွယ်လွယ်နှင့် အညံ့ခံကြ လိမ့်မည်ဟု သူထင်ခဲ့ဟန် တူလေသည်။ ရဲဘော်များက ညာသံပေး၍ သူ့ကို ဖမ်းရန် လိုက်ကြမှ သူ ထွက်ပြေးသည်။

တပ်ရင်း ၆ မှ ရဲဘော်များသည် မိတ္ထီလာသို့ ဆင်းသည်။ သာစည်တွင် (ကေ အင် ဒီ အို) သောင်းကျန်းသူများ အလုံးအရင်းနှင့် ရှိနေကြ၍ အဝိုင်းခံရ သည်။ မြောက်ပိုင်း စစ်ဌာနချုပ် ကပြားဦးစီးအရာရှိအချို့က တပ်ရင်း ၆ တောခိုသွားပြီဟု ကာကွယ်ရေးဦးစီးချုပ်ထံ သတင်းပို့သဖြင့် အထင်အမြင် အလွဲမခံရအောင် တပ်မှူးဗိုလ်မှူးတင်မောင် ရန်ကုန်အရောက် ဖြစ်သည့်နည်းဖြင့် သွားကာ ရှင်းလင်းတင်ပြခဲ့ရသည်။ သာစည်မှဖောက်ထွက်ပြီး ရဲဘော်ဖြူတို့ မင်းမူနေရာ ရေနံမြေတွင် တိုက်ခိုက်ခဲ့သည်။ ရဲဘော်ဖြူ ခေါင်းဆောင်တို့ ထိုအချိန်က ရေနံကုမ္ပဏီမှ ဆက်ကြေးယူ၊ ငွေတိုက်ဖောက် အထူးကြီးပွားနေချိန် ဖြစ်သည်။ ခါးတွင် ခြောက်လုံးပြူးနှစ်လက်ထိုး၍ ဂျစ်ကားကြီးများနှင့် သွားလာ နေကြသည်။ ရဲဘော်ဖြူကို ဖြိုပြီးနောက် ဗိုလ်လှကြည်တို့တပ် နိုင်ငံအနှံ့ တွင် တိုက်ပွဲဝင်ခဲ့ရသည်။ တိုက်ပွဲဝင်လေရာတွင် ပြည်သူတို့၏ မေတ္တာအကူအညီကို ရသည်နှင့်အမျှ အောင်ပွဲရပါသည်။ ပြည်သူက မြင်ငြင်လျှင် ဘာမျှ မအောင်မြင်ပါဟု ထားဝယ်သား ဗိုလ်လှကြည်က သူ့ကိုယ်တွေ့များကို ပြောပြခဲ့ဖူးသည်။ တပ်မတော်သည် သွားလေရာတွင် လယ်ယာဥယျာဉ် စိုက်ပျိုးမှု တိုးတက်ရေး၊ ကျေးရွာသန့်ရှင်းကျန်းမာရေး၊ ရွာမှ ကလေးများ၏ ပညာရေးကို အားပေးကူညီ ပျိုးထောင်ခဲ့သည်ကိုလည်း ဗိုလ်လှကြည် အားပါးတရပြောဖူးသည်။

ဗျူဟာမှူး ဗိုလ်ကြီးအောင်ခင်သည်လည်း တပ်ရင်းတွင် ရဲဘော်၊ တပ်ကြပ်အဖြစ် တာဝန်ယူခဲ့သည်။ ရေနံမြေတွင် ရဲဘော်ဖြူအား ရင်ဆိုင်ဖြိုခွင်း ခဲ့ရပုံတို့ကို ကောင်းစွာ မှတ်မိသေးသည်။ ကိုယ်တိုင်လည်း ရေနံမြေပြည်သူ့ ရဲဘော်တပ်ဖွဲ့တွင် ပါဝင်ခဲ့ဖူးသည်။ ပြီးမှ တပ်မတော်သို့ တပ်သားအဖြစ် ဝင်



www.burmeseclassic.com

www.burmeseclassic.ocm



ရောက်ခဲ့ခြင်း ဖြစ်သည်။ ရေနံမြေတွင် သူတစ်ခါက ယုံကြည်ခဲ့သော ပြည်သူ့ရဲဘော်ခေါင်းဆောင်တို့ ဖောက်ပြန်ရေး လမ်းစဉ်ကို လိုက်ကာ လက်နက်ကိုင် အာဏာယစ်မူးနေသည်ကို မြင်ခဲ့ရသည်။ သူတို့ကို လိုက်လံ တိုက်ခိုက်ခဲ့ရသည်။ သူတို့သည် ပြည်သူ့အကျိုးကို မပြုကြ။ သူတို့အား ပြည်သူက မနှစ်မြို့ကြသဖြင့် သူတို့ကို ထိထိရောက်ရောက် တိုက်ခိုက်လိုက်သောအခါ မြန်မြန်ပြိုပျက်ကုန်သည်။

ဗိုလ်မှူးကြီး အောင်ခင်သည် မြန်မာ့တပ်မတော်မှ အခြားသော အရာရှိ အရာခံ၊ ရဲဘော်များကဲ့သို့ပင် နိုင်ငံအနှံ့တွင် တိုက်ပွဲဝင်ဖူးသည်။ ယခုတောင်ပေါ်ဒေသများရှိ တပ်များကို ကွပ်ကဲရင်း တောင်ပေါ်သား တိုင်းရင်းသားတို့၏ စားဝတ်နေမှုကို ပြုပြင်ကူညီသည်။ မိဘမဲ့ကလေးဂေဟာများကို ကိုယ်တိုင်ကူညီသည်။ ရဲဘော်များအားလည်း ကူညီကြရန် နှိုးဆော်သည်။ တစ်ပတ်စာ ရိက္ခာမှ တစ်လုတ်စာ တစ်ဆုပ်စာစီ စုဆောင်းပေးလှူကြလျှင် စားစရာ ခက်ခဲနေသော ကော်၊ ပအို့၊ ပလောင်ရွာသားများ၊ ကလေးများအဖို့ တစ်ပတ်စာ တစ်လစာ ရမည်ဟု စေတနာထားကာ ကူညီကြသည်။ ကော် ရွာသူရွာသားများ ဆင်းရဲကြသေးသည်။ ပညာရေး၊ ကျန်းမာရေး ချို့တဲ့ကြသေးသည်။ ကလေးလူကြီးထင်းခွေ၍ တစ်ထမ်း၊ တစ်ပွေ့၊ တောင်ပေါ်မှ တောင်အောက်ဈေးသို့သွားရောက် ရောင်းချကြရသည်။ ထင်းခြောက်ကောက်၍ ရောင်းချရုံမျှနှင့်တစ်ဝမ်းတစ်ခါး မဝ၊ မလှ။

ဒုတိယဗိုလ်မှူးကြီး ကောဘီရှိုင်သည် ကျိုင်းတုံဘက်တွင် တရုတ်ဖြူကျူးကျော်သူကို စတင်တိုက်ကတည်းက ပါသည်။ နောက်မိုင်းဆတ်တစ်ဝိုက်တွင် တာဝန်ယူရသည်။ ယခု ကျိုင်းတုံနယ်မြေ၌ပင် သူ့တပ်ကိုဖြန့်၍ ရဲဘော်များနှင့်အတူ တောင်တက် တောင်ဆင်း ချီတက်လျက်ရှိသည်။ ပုပုလုံးလုံး တပ်ရင်းမှူးသည် တောင်ကြီးမြို့ဇာတိ တိုင်းရင်းသား ဂေါရခါးဖြစ်သည်။ ငယ်ငယ်ကပင် တပ်မတော်သို့ ဝင်ကာနေရာအနှံ့ အမှုထမ်းခဲ့သည်။ ယခုလည်း သာမန်ရဲဘော်တစ်ဦး လိုနေသည်။ ထည်ထည်ဝါဝါ မနေ။ အလုပ်အကိုင်သေချာသည်။ ကြိုးစားသည်။ တောင်တက်နိုင်ရန် နေ့စဉ်ပြေး၍ ကျန်းမာရေးလေ့ကျင့်သည်။

ဒုတိယ ဗိုလ်မှူးကြီး ဖော်ယူခါးသည် တိုင်းရင်းသား ကချင်ဖြစ်သည်။ အင်္ဂလိပ်တပ်တွင် စတင်ဝင်ရောက်ကာ ဂျမဒါရာထူးရသည်။ တိုင်းရင်းသား





များကို အင်္ဂလိပ်တပ်တွင် ဘုရင်ခန့်ဗိုလ်အဖြစ် မပေးခဲ့။ တိုင်းရင်းသား ဗိုလ်အဆင့်ဖြစ်သော ဆူဗေဒါ၊ ဂျမဒါ စသည်တို့၌သာ ခန့်အပ်သည်။ ဖော်ယူခါးသည် မြန်မာ့တပ်မတော်တွင် ပြန်တမ်းဝင်အရာရှိဖြစ်လာကာ အဆင့်ဆင့်တိုးမြှင့်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကချင်တပ်ရင်း ၃၊ တပ်ရင်း ၄ စသည့်တပ်ရင်းများနှင့် တိုက်ပွဲဝင်ခဲ့သည်။ တရုတ်ဖြူ ကျူးကျော်သူ စစ်ဆင်ရေးများတွင်လည်း ပါဝင်ခဲ့သည်။ ယခု ဖော်ယူခါးသည် ပြည်နယ် (လအက) ဥက္ကဋ္ဌဖြစ်နေသည်။

ဒုတိယဗိုလ်မှူးကြီး သူရလှခိုင်သည် သေနတ်ကိုင်တပ်ရင်း ၃ တွင် တာဝန်ယူခဲ့ဖူးသည်။ (ကေ အင် ဒီ အို) အရေးအခင်းတွင် မေမြို့၌ အဝိုင်းခံရသည်။ အခြားရဲဘော်များနှင့် ပေါင်း၍ မန္တလေးမြို့သို့ ထိုးဖောက်ဆင်းသက်ကြသည်။ နန်းတော်တွင်း တပ်မြေတွင် (ကေ အင် ဒီ အို) တို့ တပ်စွဲထားကြသည်။ နန်းတော်၏ တောင်ဘက်တံခါးမကြီးကို အခိုင်အမာ ပိတ်ထားကြသည်။ ရဲဘော်လှခိုင်တို့က ကားပေါ်တွင် အမြောက်တင်ကာ တံခါးကြီးကို ပစ်ခွင်းသည်။ ပြီးလျှင် အတင်းဝင်၍ ရန်သူကို စက်သေနတ်နှင့် မွှေ့သည်။ နောက် ပိုင်းတွင် သေနတ်ကိုင်တပ်ရင်း ၁ တွင် တပ်ခွဲမှူးအဖြစ် ဗိုလ်လှခိုင် အမှုထမ်းရသည်။ ဗိုလ်မှူးတင်ဦးက တပ်ရင်းမှူးဖြစ်သည်။ ရှမ်းပြည်မြောက်ပိုင်းတွင် တရုတ်ဖြူ ကျူးကျော်သူတို့အား တိုက်ခိုက်ကြရာတွင် ရှေ့တန်းမှပါကြသည်။

တရုတ်ဖြူများကို တိုက်ခိုက်ရန် မြန်မာ့တပ်မတော်သည် အင်းစိန်တိုက်ပွဲတွင် လေ့ကျင့်သည်။ ရေနံမြေတိုက်ပွဲများတွင် လေ့ကျင့်သည်။ မူဂျာဟစ်ကို ရခိုင်ပြည်၌ တိုက်ရာတွင် လေ့ကျင့်သည်။ မြစ်ဝကျွန်းပေါ်တိုက်ပွဲများတွင် လေ့ကျင့်သည်။ တနင်္သာရီဘက် တိုက်ပွဲများတွင် လေ့ကျင့်သည်။ တရုတ်ဖြူကျူးကျော်သူတို့နှင့် တောင်ပေါ်တွင် ဆုံရာတွင် တပ်မတော်သည် တိုက်ပွဲအတွေ့အကြုံစုံခဲ့ပြီ။

တပ်ရင်း ၁ မှ ဗိုလ်မှူးတင်ဦး မေမြို့ကိုသိမ်းရန် မန္တလေးမှ အတက် ကျောက်တောင်နားတွင် ဒဏ်ရာရသည်။ မိုင်းတုံ၊ မိုင်းဆတ်ဘက်တွင် ဒဏ်ရာ ရသည်။ ဗိုလ်ချုပ်နေဝင်း တပ်စစ်အလာ မြင်တွေ့သဖြင့် မင်္ဂလာဒုံ စစ်ဆေးရုံသို့ တက်ရောက်ကုသရမည် အမိန့်ပေးခဲ့ရသည်။ ငယ်ရွယ်ထက်သန်သောဗိုလ်မှူး၊ တပ်မတော်သည် သူ့အိုးအိမ်ဖြစ်သည်။ သောင်းကျန်းမှုများ မရှင်းလင်း သေးသရွေ့ အခြားအိမ်ထောင် သူမထူပါဟု ဆုံးဖြတ်ထားသူဖြစ်သည်။ ဗိုလ်ချုပ်က မင်းအရွယ် ရောက်ပြီ၊ အိမ်ထောင်ရှိမှ တာဝန်ပို၍ သိမည်။ ပို၍ ရင့်ကျက်မည်ဟု ဆိုသဖြင့်



www.burmeseclassic.com

www.burmeseclassic.ocm



ဆေးဝါးကုသရင်း ဖနီးလောင်းရှာခဲ့ရသည်။ မိမိအား ဆရာဝန်ကြီးများက ခွဲစိတ်ကုသကြရာတွင် လေ့လာရေးရောက်ရှိခဲ့သူ ဆရာဝန်အလုပ်သင် အမျိုးသမီးတစ်ဦးနှင့်ပင် ကြည်ဖြူမိသည်။ အိမ်ထောင်ရေး ကိစ္စစီစဉ်ပြီးလျှင် ကျွန်တော်လူကြီးဖြစ်ပြီဟု ဗိုလ်ချုပ်ကြီးထံ သွားရောက်၍ ခွံခွံကြီး သတင်းပို့ခဲ့သည်။

နိုင်ငံမအေးချမ်းခင် အိမ်ထောင်မထူကြစတမ်းဟု သဘောတူထားကြသော လူပျိုအရာရှိ သုံးဦးရှိသည်။ ဗိုလ်ထင်ကျော်၊ ဗိုလ်စောမောင်ထွန်းနှင့် ဗိုလ်တင်ဦး ဖြစ်သည်။ ဗိုလ်ထင်ကျော်က အစောဆုံး အိမ်ထောင်ကျသည်။ ရခိုင်တွင် မုဂျာဟစ်ကို တိုက်ရသည်။ ပြီးလျှင် ဟိုစစ်မျက်နှာ ဒီစစ်မျက်နှာသို့ ဝင်ရသည်။ ဤသို့ချီရင်း တက်ရင်းနှင့် မူးစာဘက်ကို တွေ့သွားသည်။ ထို့နောက် ဗိုလ်စောမောင်ထွန်း အိမ်ထောင်ကျသည်။ နောက် ဗိုလ်မှူးတင်ဦး အိမ်ထောင်ရှင်လူကြီးတစ်ဦး ဖြစ်သွားပြီ။ အိမ်ထောင်တာဝန်သည် ရင့်ကျက်စေသည်။ ရဲရင့်ခြင်းနှင့် ရင့်ကျက်ခြင်းကို ပေါင်းစပ်သော ခေါင်းဆောင်သည် လေးနက်သည်။

၇

တောင်ကြီးမြို့မှ ရွှေညောင်သို့ အဆင်းတွင် ကားလမ်းအပတ်အကွေ့ရှိသည်။ ထို့အကွေ့တွင် ဗိုလ်မှူးကျင် ကျဆုံးသည်။ ထိုစဉ်က တောင်ကြီးမြို့ကို (ကေအင်ဒီအို) သောင်းကျန်းသူတို့က သိမ်းယူထားသည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှူး တာဝန်ယူထားသော ဗိုလ်မှူးကျင်က ရှိရာတပ်များကို စု၍ တက်လာသည်။

ယခုပြည်နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အတွင်းရေးမှူးဖြစ်နေသော ဒုတိယဗိုလ်မှူးကြီး ထွန်းရင်လောက တပ်စုမှူးတစ်ဦး ဖြစ်သည်။ ကားများဖြင့် တက်ကြရာ ကင်းထောက်တပ်စိတ်က တောင်ထိပ်တွင် ရန်သူနေရာကောင်း ယူထားသည်ဟု သတင်းပြန်ပို့သည်။ ကြောက်နေရန် မလို၊ တက်သာတက်ဟု ဗိုလ်မှူးကျင် အမိန့်ပေးသဖြင့် တက်ကြရသည်။ အကွေ့တွင် ရန်သူပစ်ခတ်သဖြင့် ကားများ မီးလောင်ကျန်ရစ်သည်။ ဗိုလ်မှူးကျင် ကိုယ်တိုင်လည်း ကျ ကျန်ရစ်သည်။

နှုတ်ခမ်းမွေးကားကားနှင့် ဗိုလ်မှူးကျင်သည် ပြတ်သားသည်။ ကြမ်းတမ်းသည်။ မန္တလေးမြို့တွင် မြန်မာ့တပ်မတော်တပ်ဖွဲ့များ ဖရိုဖရဲဖြစ်နေစဉ် ဝင်၍ ခေါင်းဆောင်မှုကို ယူခဲ့သူဖြစ်သည်။ ဗိုလ်ထွန်းရင်လောတို့ တပ်များ ရွှေညောင်မှ





ညောင်ရွှေအထိ ဆုတ်ကြရသည်။ အင်းလေးမှ ရွာများတွင် အခြေစိုက်ကာ စုရုံးကြရသည်။ ပြီးမှ တောင်ကြီးကို တက်ရောက် သိမ်းပိုက်ကြရသည်။ ဗိုလ်မှူးသောင်းကြည် ဦးဆောင်သော တပ်ရင်းတစ်ရင်းက အောင်ပန်း၊ ရပ်စောက်ဘက်မှ တက်သည်။

အခြေအနေလွန်စွာ ရှုပ်ထွေးချိန်ဖြစ်သည်။ (ကေအင်ဒီအို) သောင်းကျန်းသူတို့က တောင်ကြီး၊ ကလော၊ မေမြို့တို့ကို သိမ်းသည်။ ကချင်တပ်မှ တပ်ပြေး ဗိုလ်နော်ဆိုင်းကလည်း မွှေသည်။ တောင်ငူဘက်မှ အထက်သို့ တက်ရင်း လယ်ဝေး၊ ပျဉ်းမနားဘက်တွင် နော်ဆိုင်းသည် ရွာလုံးကျွတ် ယောကျ်ားများကို သတ်သွားသည်။ သွေးဆာသူ၊ ကာမသောင်းကျန်းသူဖြစ်သည်။ သူ့ဒဏ်ချက်ယခုတိုင် မပျောက်မကင်း ခံကြရသေးသော နယ်များရှိသည်။ တပ်မတော်မှ သွားရောက်၍ ပြန်လည်ထူထောင်ရေး လုပ်ကြရာတွင် ထွန်ယက် စိုက်ပျိုးရန် လယ်မြေဝေပေးမည် ဟောပြောရာ အမေအိုတစ်ဦးက "သားကြီးတို့ရယ်၊ တို့ရွာက မိန်းမတွေကို လယ်ဝေမပေးပါနဲ့။ ကူညီထွန်ယက်ပေးဖို့လူ မရှိပါဘူး။ လင်ယောကျ်ားသာ ဝေပေးနိုင်ရင် ပေးခဲ့ပါ" ဟု ကြေကွဲဖွယ်ရာ တစ်ခါက ပြောဖူးသည်။

မိတ္ထီလာအခြေအနေကို ဆင်း၍ လေ့လာသော ဗိုလ်မှူးကြီးမောင်မောင်နှင့် အရာရှိအချို့ကို (ကေ အင် ဒီ အို) သောင်းကျန်းသူတို့ ဖမ်းဆီးသွားသည်။ အခြေအနေကို သတင်းမရ။ ကိုယ့်တပ်တွေပဲရှိသည် အထင်နှင့် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် မေမြို့အနီးစခန်းတွင် လေယာဉ်ကွင်းသို့ ဆင်းသော လေသူရဲများ ဗိုလ်မှူးကလစ်၊ ဗိုလ်ကြီးသောင်းဒန်၊ ဗိုလ်ကြီးထွန်းသာ၊ တပ်ကြပ်ကြီးထွန်းရီနှင့် တပ်သား ခင်ကြူတို့ကို (ကေအင်ဒီအို) ဖမ်းသည်။ စပစ်ဖားယား တိုက်လေယာဉ်တစ်စင်း၊ အောက်စဖို့ တစ်စင်းကိုပါ ရသွားကြသည်။ ထိုအချိန်က လေတပ်မတော်တွင် လေသူရဲ ၁၀ ဦးခန့်၊ စပစ်ဖားယား လေယာဉ် ၃ စင်းခန့်သာ ရှိသည်။ ထို့ကြောင့် လေတပ်မတော်၏ သုံးပုံတစ်ပုံ အင်အား ရန်သူလက်သို့ ပါသွားခြင်းဖြစ်သည်။ သို့ရာတွင် ခေတ္တသာဖြစ်သည်။ မကြာမီ လွတ်မြောက်လာကြသော တပ်မှူးရဲဘော်များသည် ပြန်လည်၍ တိုက်ခိုက်ကြပြန်သည်။

၁၉၄၉ ခုနှစ်၊ ဧပြီ ၇ ရက်နေ့တွင် ကွန်မြူနစ် သောင်းကျန်းသူတို့ ရောက်နေလေရာ သာယာဝတီသို့ လေကြောင်းတိုက်ခိုက်မှုပြုရန် မြန်မာ့လေ



www.burmeseclassic.com

www.burmeseclassic.ocm



တပ်မတော်မှ အောက်စဖို့ လေယာဉ်သုံးစင်း ထွက်သည်။ ဦးဆောင် လေယာဉ်ကို ဗိုလ်မှူးခင် မောင်းသည်။ အထူးတိုင်းမင်းကြီး သုံးဆယ်မြို့သား ဗိုလ်စိန်မှန်က သာယာဝတီကို ရန်သူဝင်သည်ကို မခံရပ်နိုင်၊ ကိုယ်တိုင်လိုက်ပါ၍ ဒုတိယ လေယာဉ်မှူးနေရာမှ ထိုင်ကာညွှန်ပြသည်။ ကျန်လေယာဉ် ၂ စင်းကို ဗိုလ်စောဖြူ နှင့် ဗိုလ်အောင်မြတ်တို့ မောင်းကြသည်။

အော့စဖို့ လေယာဉ်ပျံသည် တိုက်လေယာဉ် မဟုတ်။ ဗုံးချစရာ၊ စက်သေနတ်ပစ်စရာ မပါ။ ဖြစ်အောင် တီထွင်၍ တိုက်လေယာဉ်၊ ဗုံးကြဲ လေယာဉ်အဖြစ် သုံးစွဲရသည်။ ဗုံးများသည်လည်း ထိရောက်လှသည်မဟုတ်။ တစ်ခါတစ်ခါ ရန်ကုန်မြို့ သံတိုမယ်နရောင်းသော ကြက်တန်းတွင် စည်ပိုင်းထဲ သံချောင်းသံစများဖြည့်ကာ ယမ်းနှင့်ရောနှော ဆို့ပိတ်ပြီး ဗုံးအဖြစ် သုံးရသည်။ ဗုံးချိတ်ဆွဲရန် နေရာမရှိ။ ထို့ကြောင့် လေသူရဲတစ်ဦးက လက်ဖြင့်ကိုင်ထားကာ အမှန်းအဆဖြင့် လွှတ်ချရသည်။ အမြင့်မှချ၍ ပေါက်ကွဲလျှင် အသံမြည်သည်။ ပေါက်ကွဲထွက်သွားသော သံချောင်း သံစ စူးရှလျှင် နာသည်။ ချက်ကောင်းထိလျှင် သေနိုင်သည်။ အနည်းဆုံး လေယာဉ်ပျံမှ ဗုံးချ၊ စက်သေနတ်ပစ်လျှင် ရန်သူ စိတ်ဓာတ်ကျသည်။

သာယာဝတီမြို့ပေါ် ပျံဝဲတိုက်ခိုက်ကြရာတွင် အောက်မှအပြင်းအထန် ခုခံပစ်ခတ်ကြသည်။ ဗိုလ်စိန်မှန်ကျည်သင့်၍ ရန်ကုန်မြို့သို့ ပြန်မရောက်ခင်ပင် သေဆုံးသည်။

လေတပ်မတော်သည် သရက်ဖက် တပ်ရင်း ၁ နှင့် တပ်ရင်း ၃ မှ အချို့ တောခိုသွားသည့် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လပိုင်းကတည်းက တိုက်ပွဲမစဲ ဝင်ခဲ့ရသည်။ တောခိုတပ်များ အလုံးအရင်းနှင့် ရန်ကုန်ကိုချိန်၍ ဆင်းအလာ ဗိုလ်ကြီးရှီရှိုး၊ ဗိုလ်ကြီးကလစ်၊ ဗိုလ်ကြီးခင်တို့ မောင်းနှင်သော စပစ်ဖားယား တိုက်လေယာဉ်များသည် ရန်သူတို့ စုဝေးနေရာ ဝါးနက်ချောင်းဒေသသို့ သွားရောက်တိုက်ခိုက် ဖြိုဖျက်ခဲ့ကြသည်။

သာယာဝတီအလွန် ဝက်ကော် တံတားအနီးမှ မြန်မာ့တပ်မတော်တပ်ရင်း ၃ တပ်ခွဲတစ်ခွဲနှင့် (ဘီ တီ အက်ဖ်) အရန်တပ်၊ ဗိုလ်စိန်မှန် စုဆောင်းထားသော ပြည်သူ့စစ် အဖွဲ့များက ပြန်လှန်တိုက်ခိုက်ကြသဖြင့် ရန်သူတို့ ပြိုကြပြန်သည်။ တပ်ရင်း ၃ ကို ဗိုလ်ချစ်မြိုင်၊ ဗိုလ်စန်းယု၊ ဗိုလ်စိန်မြ၊ ဗိုလ်ကျော်စသော ပုဂ္ဂိုလ်တို့ ခေါင်းဆောင်ကြသည်။ အမြောက်တစ်လက် နှစ်လက်ပါသည်။ တစ်ချက်





နှစ်ချက်ပစ်လိုက်ရာ တည့်တည့်ထိမှန်သဖြင့် ရန်သူတို့ ကစဉ့်ကလျားဖြစ်ကြသည်။ ဖိ၍ လိုက်ကြရာ ရန်သူအကျအဆုံးများသည်။ ရန်သူ့လက်နက် ပစ္စည်း အမြောက်အမြားရသည်။

တောင်ငူဘက်မှ ဆင်းလာသော ရန်သူကို ပဲခူးမြို့အလွန် ဘုရားကြီး ရွာနားမှ ပြန်လှန်တိုက်ခိုက်ကြရသည်။ ဗိုလ်မှူးတင်ဦး ဦးဆောင်သောတပ်များ ကို ဗိုလ်မှူးကြီး ကျော်ဇောက ကွပ်ကဲ၍ တိုက်ကြသည်။ ဝက်ကော်ဘက်တွင် ရန်အေးသဖြင့် တပ်ရင်း ၃ သည် ဘုရားကြီးဘက်သို့ တက်ရသည်။ တပ်ရင်း ၅ နှင့် အခြားရသမျှတပ်များကိုလည်း လိုရာသို့ ဗိုလ်ချုပ်နေဝင်း ပို့နေရသည်။ တပ်ပို့ လက်နက် ခဲယမ်းကို သူကိုယ်တိုင် နေ့စဉ်ကိုင်ရသည်။

ဘုရားကြီးတွင် ရန်သူပြို၍ ဆုတ်သဖြင့် ဒိုက်ဦးဘက်အထိ လိုက်၍ တိုက်ကြသည်။ အရေးထဲတွင် ကိုယ့်လေတပ်မှ လေယာဉ်တစ်စီး နှစ်စင်းလာ၍ လူများကာ ပစ်ခတ်သွားကြသေးသည်။ အသေအပျောက်မရှိ၍ တော်သေးသည်။

အင်းစိန်မြို့ကို (ကေ အင် ဒီ အို) သောင်းကျန်းသူတို့ သိမ်းယူနိုင်သော်လည်း ပြည်ဘက်မှဆင်းသော ရန်သူ၊ တောင်ငူဘက်မှ ဆင်းသော ရန်သူတို့နှင့် မပေါင်းမိကြ။ အချိန်မီဖြိုခွင်းနိုင်ခဲ့သဖြင့် မြန်မာ့တပ်မတော်က အခြေအနေကို နိုင်နင်းသည်။

ဗိုလ်ချုပ်နေဝင်းက ဗမာ့သေနတ်ကိုင် တပ်ရင်း ၄ ကို မြစ်ဝကျွန်းပေါ်သို့ ကြိုတင်ပို့ထားခဲ့သည်။ (ကေအင်ဒီအို)သောင်းကျန်းသူထသောအခါ တပ်ရင်း ၄ တပ်ခွဲများက မအူပင်၊ သာပေါင်း၊ ပုသိမ် တို့တွင် အသင့်ရှိနေ ကြသည်။ ဗိုလ်မင်းသိမ်း၊ ဗိုလ်စံကြည်တို့ ပုသိမ်တွင်တိုက်သည်။ ဗိုလ်လှဘုန်းက သာပေါင်းမှာ တိုက်သည်။ ဗိုလ်ကျော်စိုး၊ ဗိုလ်သန်းစိန်၊ ဗိုလ်အုန်းဖေ၊ ဗိုလ်မြ မောင်းစသော တပ်ရင်းမှူး၊ တပ်ခွဲတပ်စုများက မအူပင်ကို ရန်သူမကျော်စေရ။ ချောင်းဟိုဘက် နေ့စဉ်ပစ်ခတ် တိုက်ခိုက်နေကြရသည်။

ဗိုလ်မှူးကြီးတင်ဖေ တပ်ရင်း ၄ မှ အခြားတာဝန်သို့ ပြောင်းရွှေ့အသွားတွင် (ကေအင်ဒီအို) အဖမ်းခံရသည်။ ဗိုလ်ချုပ်နေဝင်းက စစ်ရုံးတွင် ရှိနေသေးသော ကရင်ဦးစီး အရာရှိများအား ၂၄ နာရီအတွင်း ဗိုလ်တင်ဖေ လွှတ်မလာလျှင် သိစေမည်ဟု သတိပေးရသည်။ သတ်မှတ်သည့် အချိန်အတွင်း ဗိုလ်တင်ဖေ လွှတ်လာသည်။

ကရင်တိုင်းရင်းသား အရာရှိအချို့ သစ္စာရှိကြပါသည်။ လူမျိုးရေးကို အလေးမပေး။ နိုင်ငံတော်ကိုသာ သစ္စာထားကြသည်။ ဗိုလ်မှူး ကာ်ပင်အိုလို



www.burmeseclassic.com

www.burmeseclassic.ocm



ပုဂ္ဂိုလ်ဆိုလျှင် "ငါ့ဘာသာရေးက မေတ္တာပွားရမည် ဆိုသည်၊ ငါနှင့် ငါ့မိသားစုအား ထမင်းကျွေးသည်က နိုင်ငံတော်ဖြစ်သည်။ အချင်းချင်းသတ်ဖြတ်ကာ နိုင်ငံတော်ကို ဖျက်ဆီးသည့် အလုပ်ကိုငါမလုပ်" ဟု ဆိုသည်။ သူ့လို ကရင်အရာရှိ ရဲဘော်အများအပြား ရှိခဲ့သည်။ သို့ရာတွင် ရုပ်ပွေသူတို့ကလည်း ရုပ်ပွေကြသည်။ တိုင်းရင်းသားတပ်များကို လက်နက်တပ်ဆင်ပေးစဉ်ကပင် စေတနာမမှန်ခဲ့။ အကြံအစည်နှင့် စီမံကိန်းနှင့် ဖြစ်ခဲသည်။ စီမံချက်အောင်မြင်လျှင် နိုင်ငံနာလန်မထူနိုင်တော့ပြီ။

အင်းစိန် စစ်မျက်နှာတွင် ချင်းတပ်ရင်း ၁၊ ကချင် တပ်ရင်း၊ ဗမာ့သေနတ်ကိုင် တပ်ရင်း ၃၊ တပ်ရင်း ၅၊ ဘီတီအက်စ်တပ်၊ တက္ကသိုလ်မှကျောင်းသားများ တပ်ဖွဲ့စသည်ဖြင့်ရှိရာ လူကုန်ရရာ လက်နက်စွဲကိုင်၍ တိုက်ခိုက်ကြသည်။ ပြည်သူလူထုကလည်း တစ်ခဲနက် ကူညီသည်။ နေ့စဉ် ထမင်းထုပ်ပို့သည်။ သမိုင်းကြို့ကုန်းသည် စစ်မျက်နှာဖြစ်သည်။ ဟိုဘက်တက်သော ရဲဘော်များ လက်ဖြောင့် ရန်သူစစ်သား လက်ချက်မိတတ်သည်။ သံချပ်ကာကားတစ်စီးနှစ်စီး ကိုယ့်ဘက်တွင် ရှိသည်။ တစ်နေ့လျှင် နှစ်ကြိမ် သုံးကြိမ် ရန်သူ့မြေသို့ ဝင်ကာ မွှေသည်။

မြန်မာ့ ရေတပ်မတော်က ဘိုဖား စက်အမြောက်ကို ကုန်းပေါ်တွင် တပ်ဆင်ပြီးလျှင် တိုက်ပွဲဝင်သည်။ မြစ်ဖက်မှ ကူညီ၍ ပစ်ခတ်ပေးသည်။ 'မေယု' ပါ မနေသာ။ ဝင်၍ ပစ်ပေးသည်။ သို့ရာတွင် ရေတပ်မတော်အတွက် ချောင်းကြိုမြောင်းကြား တိုက်ရသည့်ပွဲ ဖြစ်သည်။ အမ်အယ်လ်တိုက်ပွဲဖြစ်သည်။ ကျဉ်းမြောင်းသော ချောင်းကြား မြောင်းကြား ရန်သူကို တိုက်ရင်းခိုက်ရင်း ရေတပ်မတော်မှ ရဲဘော်၊ တပ်ကြပ်၊ ဗိုလ်အကျဆုံးများသည်။ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ရေ) အဖြစ် တာဝန်ထမ်းရွက်လျက်ရှိသော ဗိုလ်မှူးချုပ် သောင်းတင်သည် ယင်းသောင်းကျန်းမှု နှိမ်နင်းရေးတို့တွင် ရှုပ်ချွံစွာ ပါဝင်ခဲ့သည်။

အင်းစိန်တိုက်ပွဲတွင် ဒီဘက် ဟိုဘက် အကျအဆုံးများသည်။ အကြိတ်အနယ်ပွဲ ဖြစ်သည်။

ဓောဘင်ဆင်ခြံ၊ တောင်ကုန်းအမှတ် ၁၁၂၊ ဦးစက်ကိန်ကျောင်း၊ သာသနာပြုကျောင်း တောင်ကုန်းစသော တောင်ကုန်းများ၊ အချက်အချာနေရာများကို မြန်မာ့တပ်မတော်က သဲသဲမဲမဲတိုက်ယူရသည်။ ချင်းသေနတ်ကိုင် တပ်ရင်း ၁ မှ တိုက်ပွဲ အလီလီတွင် ရဲဘော်ပေါင်း ၃၀၀ ကျော်ကျသည်။ အရာရှိ လေးငါးဦးကျသည်။ ယင်းတို့အနက်မှ အချို့ သူရဲကောင်းဘွဲ့ရသည်။ ကျွန်တော်





မြောက်ပိုင်း ချင်းတောင်ရောက်တော့ ဆီးယင်တောင်ကြားမှ ဗွေမန်၊ လွန်ဘန်းရွာများတွင် တိုက်ပွဲတွင်ကျဆုံးသောအရာရှိများ၏ မိခင်များ၊ သူတို့သား အသက်ပေးဆွတ်ယူခဲ့သော ဘွဲ့တံဆိပ်များကို လည်ဆွဲအဖြစ် ဂုဏ်ယူချိတ်ဆွဲထားသည်ကို တွေ့ခဲ့ရသည်။ ချင်း ၁ ဒုတိယ တပ်ရင်းမှူး ဗိုလ်မှူးဇန်ကူးလ်သည် အင်းစိန်တိုက်ပွဲ အတွေ့အကြုံများကို မနေ့ကဖြစ်သလို ကွက်ကွက်ကွင်းကွင်း မှတ်မိသေးသည်။ တပ်ရင်းမှူး ဟရန်သီယို ထန်းတပင်ဘက်တွင် ချုံခို တိုက်ခိုက်ခြင်းခံရကာ ကျဆုံးသွားသောအခါ ဇန်ကူးလ်သည် တပ်ရင်းမှူးအဖြစ် ဆက်ခံကာ တပ်နှင့် ရှေ့သို့ ဆက်လက်ချီလေသည်။

တပ်ရင်း ၃ မှ ဗိုလ်စိန်မြ၊ အင်းစိန် စစ်မျက်နှာတွင် ဒဏ်ရာရသည်။ တပ်ရင်း ၅ မှ ဗိုလ်လွင် ခြေထောက်တွင် ဒဏ်ရာရသည်။ ဒဏ်ရာရသည့် အရာရှိ၊ ရဲဘော်၊ ဒဏ်ရာ ကျက်သည်နှင့် ဆက်၍ တက်ကြသည်။

အင်းစိန်ကို ၁၉၄၉ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင် မြန်မာ့တပ်မတော်က ပြန်လည် သိမ်းပိုက်သည်။ အင်းစိန်ကိုပြန်ရပြီး နှစ်ရက်သုံးရက်အကြာတွင် မီးရထားအဖွဲ့ တစ်ဖွဲ့နှင့်အတူ ကျွန်တော် ရောက်သွားသေးသည်။ တကယ့်စစ်တလင်းဖြစ်သည်။ အမြောက်ဆန်ထိ၍ ပြိုကျနေသော အဆောက်အအုံများ၊ ပြတ်ကျနေသော သစ်ပင်များ။ အင်းလျားကန်စောင်း၊ တက္ကသိုလ် ဘွဲ့နှင်းသဘင်အနီးမှ အမြောက်ကြီးများကို ဆင်ကာ ရက်ဆက်ပစ်ခတ်ခဲ့သော ဗိုလ်ရဲထွန်းနှင့် တပ်ဖွဲ့ လက်တည့်သည် ဆိုရမည်။ ထိရောက်သည် ဆိုရမည်။

အင်းစိန်ပြီးလျှင် တောင်ငူသို့မြန်မာ့တပ်မတော် တက်သည်။ ဆုတ်ခွာသော ရန်သူက ဖြူးမြို့တွင် ပြည်သူအများကို သတ်ဖြတ်သွားသည်။ တောင်ငူ၊ ပြည်၊ သရက်၊ ရေနံမြေ၊ မန္တလေး၊ 'မသုံးလုံးနယ်မြေ' ဟု ခေါ်သော မန္တလေးမြင်းခြံ၊ မိတ္ထီလာ တစ်ဝိုက်၊ တောင်ကြီး၊ ကလော၊ တနင်္သာရီ၊ မြစ်ဝကျွန်းပေါ် နယ်မြေ အစုံမှ ရောင်စုံသောင်းကျန်းသူတို့ကို နှိမ်နင်းရှင်းလင်းခဲ့ကြသည်။ ပြီးလျှင် (ကေ အမ် တီ) တရုတ်ဖြူ ကျူးကျော်သူတို့ကို ရင်ဆိုင်ခဲ့ကြရသည်။

ခရီးရှည် ချီလေသည့် မြန်မာ့တပ်မတော်။ ရဲဘော်၊ အရာရှိများနှင့်စကားလက်ဆုံကျမိလျှင် ဟိုတိုက်ပွဲအကြောင်း၊ ဒီတိုက်ပွဲအကြောင်း ပြောကြ၍မဆုံးမဓော။ ပြောသမျှတွင် လွမ်းစရာတွေ၊ ဝမ်းနည်းကြေကွဲစရာတွေ ပါသည်။ ရယ်မောစရာတွေလည်း ပါသည်။ သူတို့ကိုယ်တွေ့တွေကို စုဆောင်း၍ မှတ်တမ်းတင်ထားဖို့ ကောင်းသည်။ တပ်မတော်သမိုင်း၊ နိုင်ငံသမိုင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.ocm



# ၈

တိုက်ခိုက်ရင်းစုစည်း စည်းရုံးခဲ့ရသည့် တပ်မတော်ဖြစ်သည်။ အင်္ဂလိပ်စစ်တပ်မှ ရဲဘော်အရာရှိများလည်း ပါသည်။ တိုင်းရင်းသားအလိုက် သီးခြားဖွဲ့စည်းထားသော တပ်ဖွဲ့များလည်း ရှိသည်။ သူတို့ကို သွေးခွဲသူတို့က သွေးခွဲခဲ့သည်။ သို့ရာတွင် အရေးကြီးလျှင် သွေးနီးခဲ့ကြသည်က များပါသည်။

အင်္ဂလိပ်တပ်မှ ပါလာသော ရဲဘော်၊ အရာရှိများသည်လည်း ရှုပ်ရှုပ်ရှုံရှုံ တိုက်ခိုက်ကာ အသက်ပေးသွားကြသည်။ ချင်း၊ ကချင်၊ ရှမ်း၊ ကယား တပ်ရင်းများကလည်း သစ္စာရှိရှိ တိုက်ခိုက်ခဲ့ကြသည်။ တစ်ခါတစ်ခါ ပင်ပန်း၍ ညည်းညူကြသူများ သူတို့အထဲတွင် မလွဲမရှောင်သာ ရှိပါသည်။ မြန်မာနိုင်ငံရေးသမားများ သဘောတရားရေး ကွဲလွဲအာဏာလုပွဲ ဝင်နေခြင်းကြောင့် သူတို့ပင်ပန်းရသည်။ တောင်ပေါ်သို့မဟုတ် မိမိတို့ဒေသသို့ ပြန်ရလျှင် ကောင်းမည်။ အချို့က ကြေးစားစိတ်ဝင်ချင်သည်။ ငွေကြေးကောင်းကောင်းပေးမှ တိုက်မည်ဟု ဆိုသူများရှိသည်။ သူတို့အားလုံးကို တစ်သွေးတည်း တစ်သားတည်း သစ္စာတစ်ခုတည်း မြန်မာ့တပ်မတော်ဖြစ်အောင် ဗိုလ်ချုပ်နေဝင်းနှင့် ခေါင်းဆောင်များ စည်းရုံးဦးဆောင်ခဲ့ရသည်။

သူတို့အချင်းချင်း မသင့်မြတ်၍ ပြဿနာပေါ်တာတွေလည်း ရှိခဲ့သည်။ တစ်ခါ ရခိုင်တွင် တပ်စွဲနေသော ချင်းအရေးပေါ် တပ်ရင်းတွင် မြောက်ပိုင်းချင်းနှင့် တောင်ပိုင်း ချင်း၊ တီးတိန်သားနှင့် ဟားခါးသား စသည်ဖြင့် အချင်းချင်း မကျေမနပ်ဖြစ်ကာ ဆူပူကြသည်။ တပ်မှူးမနိုင်၍ ဗိုလ်ချုပ်နေဝင်းက စစ်ဦးစီးတက္ကသိုလ်တက်နေသော ကယားတပ်ရင်းမှူး ဗိုလ်မှူးကြီးစန်းယုကို လွှတ်ရသည်။ တပ်ကူမယူ၊ ဗိုလ်မှူးစန်းယု တစ်ယောက်တည်း သွားသည်။ ဖျောင်းဖျပြောတန်သူကိုပြော၊ ပြတ်သားစွာ အရေးယူတန်သူကိုယူ၊ အတော်စည်းရုံး ဖွဲ့စည်းခဲ့ရသည်။

နောက်ပိုင်းတွင် သီးခြား တပ်ရင်းများမှ တိုင်းရင်းသားစုံအား တပေါင်းတည်း တပ်ရင်းများသို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ အရည်အချင်းကို လိုက်၍ ရာထူးတာဝန် တိုးမြှင့်ပေးသည်။ လူမျိုးအရ ခွဲခြားမှုမရှိ။ တပ်မတော်သည် တိုင်းရင်းသား အားလုံးအတွက် ဖြစ်သည်။ အန္တရာယ်ဟူသည် မြေပြန့်မှာသာ ပေါ်ပေါက်သည် မဟုတ်။ တောင်ပေါ်၊ နယ်ခြားဒေသတွေမှာလည်း ပေါ်ပေါက်တတ်သည်။ တောင်ပေါ်သား တိုင်းရင်းသားတို့ မြေပြန့်သို့ ဆင်း၍ တိုက်ပွဲ





ဝင်ရသလို မြေပြန့်သား တိုင်းရင်းသားတို့သည်လည်း တောင်ပေါ်သို့ တက်၍ တိုက်ပွဲဝင်ရသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့်ပြည်သူအတူ ရှိမှုသည် နိုင်ငံ၏ မရှိလျှင်မဖြစ်သော အင်အားကြီး တစ်ရပ်ဖြစ်သည်။ ရဲဘော်သည် တိုင်းပြည်အတွက် ဖြစ်စေရမည်။ တိုင်းပြည်သည် ရဲဘော်အတွက် မဖြစ်စေရဟု ဗိုလ်ချုပ်အောင်ဆန်း မှာခဲ့သည်။ ဗိုလ်ချုပ်နေဝင်းကလည်း သူ၏ စစ်မှုထမ်းသက် အနှစ်သုံးဆယ်၊ စစ်ဦးစီးချုပ် သက်တမ်းအနှစ် နှစ်ဆယ့်ငါးနှစ်ခန့် အတွင်းတွင် ထိုရည်မှန်းချက်ကို မပြတ်ထားခဲ့သည်။ တပ်မတော်သည် လူတန်းစားတစ်ရပ် မဖြစ်စေအပ်။ တာဝန်တစ်ရပ်သာ ဖြစ်စေရမည်။ ပြည်သူ့ဝန်ထမ်းအဖွဲ့သာ ဖြစ်သည်။ ပြည်သူနှင့် မကင်းမကွာရှိသော၊ ပြည်သူ့အကျိုး ကို မပြတ်ဆောင်သော ပြည်သူ့တပ်မတော် ဖြစ်ရမည်။ စစ်ဝါဒမရှိစေရ။ နိုင်ငံကို ကာကွယ်ခြင်းသည် ပြည်သူတို့ကပါ လိုအပ်သလို အလေ့ကျထမ်းဆောင်သော နိုင်ငံသားတာဝန်တစ်ရပ် ဖြစ်စေအပ်သည်။ သို့မှသာ အရွယ်ရောက်သူ ယောကျ်ား မိန်းမတိုင်း ရဲဘော်ဖြစ်မည်။ ပြည်သူတိုင်း ရဲဘော်ဖြစ်သည်။ ရဲဘော်တိုင်း ပြည်သူဖြစ်သည်။ ဤဦးတည်ချက်ကို တပ်မတော်သည် မျက်ခြည်မပြတ်ခဲ့။ ဗိုလ်ချုပ်နေဝင်းသည် ဤခံယူချက်ကို အမေ့မခံခဲ့။

တိုက်ပွဲထူပြောချိန်၌ပင် နှစ်စဉ်တပ်မှူးများ ညီလာခံကို ကျင်းပခဲ့သည်။ ပထမနှစ်များတွင် တပ်မှူး ၃-၄ ဦးသာ လာနိုင်သည်။ စားပွဲတွင် ဝိုင်းဖွဲ့ဆွေးနွေးလျှင် ပြီးသည်။ နောက်နှစ်များတွင် တပ်ရင်းတွေ များလာသည်။ တပ်မှူးတွေ များလာသည်။ အားတက်စရာ ဖြစ်သည်။ တပ်မှူး ညီလာခံတွင် လက်ငင်းလက်တွေ့ ပြဿနာများကိုသာ ဆွေးနွေးဖြေရှင်းကြသည် မဟုတ်။ အရှည်ကိုမျှော်၍ တပ်မတော်၏ ရည်မှန်းချက်၊ ခံယူချက်တို့ကို ရှင်းလင်းထင်ရှားစေခဲ့ကြသည်။

လေ့ကျင့်ရေးကျောင်းတွေ ဖွင့်ခဲ့သည်။ စစ်တက္ကသိုလ်တွေ ဖွင့်ခဲ့သည်။ နိုင်ငံခြားတက္ကသိုလ်များသို့ ပညာသင် ပို့ခဲ့သည်။ အရှေ့၊ အနောက်နိုင်ငံများသို့ လေ့လာရေးမစ်ရှင်များကို စေလွှတ်ခဲ့သည်။ ပြီးလျှင် ကိုယ့်နိုင်ငံတွင် ပြည့်စုံအောင် စီမံတည်ဆောက်ကြသည်။ တပ်တွေဖွဲ့ကြသည်။ အမျိုးသမီးအရာရှိ ရဲဘော်များကို လက်ခံသည်။ လေ့ကျင့်ခြင်းဖြင့် အရည်အချင်းမြှင့်တင်သည်။ စည်းကမ်းစောင့်ထိန်းခြင်းဖြင့် ကျစ်လျစ်ခိုင်မာသော တပ်မတော်ဖြစ်စေသည်။



www.burmeseclassic.com

www.burmeseclassic.ocm



ကြမ်းတမ်းသော စစ်မြေပြင်တွင် နေရသည့် စစ်သား စစ်ဗိုလ်အား စည်းကမ်းစောင့်ထိန်းစေရန် မလွယ်လှပါ။ နေ့မြင် ညပျောက်ကြရသည့် ဘဝ အလွန်စိတ်ခိုင်မှသာ သီလမြဲမြံသည်။ စိတ်မခိုင်သူ ထင်ရာမြင်ရာ လုပ်လိုက်ချင် လိမ့်မည်။ မူးယစ်သောက်စား၊ သူ့အိမ်ရာကျူးလွန်၊ သွေးဆာ၊ ကြမ်းကြုတ် ခြင်းဘက်သို့ ယိမ်းညွှတ်ချင်လိမ့်မည်။ ဒါတွေ အမြဲမပြတ်သတိဖြင့် စောင့်ကြည့် ခဲ့ရသည်။ ဆိုဆုံးမ၊ မြစ်တား၊ အရေးယူခဲ့ရသည်။ စည်းကမ်းဖောက်ဖျက်လျှင် ရဲဘော်၊ အရာရှိ ကြီးငယ်မရွေးထိုက်သင့်သော ပြစ်ဒဏ်ကို ခံစေရသည်။

'ငါတို့ရဲ့ ရဲဘော်တွေဟာ ဆင်းရဲတာတွေ ခံနိုင်သည်။ ချမ်းသာတာကိုမှ မခံနိုင်သူတွေ ရှိသည်' ဟု ဗိုလ်ချုပ်ကြီးနေဝင်း မကြာခဏမှတ်ချက်ချဖူးသည်။ အာဏာနှင့် ယှဉ်သော တာဝန်များကို ထမ်းဆောင်ကြရသည့်အခါ အနားသို့ ချဉ်းကပ်ကာ နားဝင်ချိုသော စကားကိုဆို၊ ကြိုက်တတ်သော အစာကို ကျွေးကာ သူတို့ အလိုကျ လုပ်စေရန် ပရိယာယ်ဆင်ခြင်းမျိုးကို မြင်တတ်စေ၊ တားမြစ် တတ်စေ၊ အထူးသတိထားကြဟုလည်း မှာကြားသည်။ ပြည်သူ့တပ်မတော်သား ပီသ၏လား၊ ပြည်သူ့တပ်မတော်သား၏ သီလ ပြည့်ဝခိုင်မာ၏လားဟု မိမိ ကိုယ်ကိုမိမိ မပြတ်စစ်ဆေးကြရမည်။ မိမိနှင့် တွေ့ဆုံရသော ပြည်သူတစ်ဦး သည် ကြည်ဖြူရွှင်ပြုံးသည်လား၊ သို့မဟုတ် မကြည်မလင် ငြိုငြင်သည်လား။

ပြည်သူသည် ပြည်သူ့တပ်မတော်ကို အားကိုးသည်။ ပြည်သူ့ တပ်မတော် သည် ပြည်သူ့ထံမှ အားယူသည်။ ပြည်သူနှင့် တပ်မတော် ကင်းကွာကြလျှင် ရန်သူအတွက် အားဖြစ်သည်။ ရန်သူ့အောင်ပွဲဖြစ်သည်။

သဘောတရားရေး အစွဲအယူကြီးသဖြင့်၊ ပုဂ္ဂိုလ် သံယောဇဉ်ကြီးသဖြင့် တပ်မတော်သားအချို့ နိုင်ငံရေးပါတီချင်း ပဋိပက္ခတွင် ပါဝင်ခဲ့ဖူးသည်။ မဲဆန္ဒပေးပွဲများတွင် ကိုယ့်လူနိုင်အောင် သူ့လူကို ဖိသည်။ သူ့လူအား မဲဆန္ဒ ပေးမည် ထင်ရသည့် ပြည်သူတို့ကို မဲဆန္ဒရုံများသို့ မသွားနိုင်အောင် ပိတ်ပင် သည်။ မဲပုံးများကို ဖျက်သည်။ ကြိုက်သလို ပြုပြင်သည်။ သူ့ဘက်သားတို့ကို ဖမ်းဆီးချုပ်နှောင်သည်။ အချစ်ရေးကိစ္စ၊ စစ်ရေးကိစ္စတွင် ဘာကိုလုပ်လုပ် ဟုတ်သည်၊ ဘာမဆို တရားသည်ဟု လွယ်လွယ်ပြောကြ၊ ပြုကြသည်။ ကိုယ့်ရဲဘော်များကို မည်သူ့အား မဲပေးကြဟု အမိန့်နှင့်စေသည်။ သို့ရာတွင် ဖြစ်စေချင်သလို မဖြစ်၊ ကိုယ့်ရဲဘော်များ ကိုယ်တိုင်ကပင် မတရားမှုကို မနှစ် မြို့။ မခံချင်စိတ်နှင့် တစ်ဖက်ကို ပြုံး၍ မဲပေးကြသည်။ မဖြစ်ချင်တာတွေ အကုန်ဖြစ်သည်။





၁၉၆၀ ခုနှစ် ရွေးကောက်ပွဲများအတွင်းက ဗိုလ်မှူးချုပ်စန်းယုသည် တိုင်းမှူးအဖြစ်နှင့် မန္တလေးတွင် ရှိနေသည်။ တရားမျှတ လွတ်လပ်သော ရွေး ကောက်ပွဲများ ဖြစ်စေမည်ဟု အိမ်စောင့်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းက မှာကြားသည်ကို တိကျစွာ လိုက်နာဆောင်ရွက်သည်။ အချို့အရာရှိ များက ဘက်လိုက်သည်။ တပ်နှင့် တပ်ပစ္စည်း မော်တော်ယာဉ်စသည်ကို အပြိုင်ပါတီရေးအတွက် အသုံးပြုလိုသည်။ တိုင်းမှူးက လက်မခံ။ ပြတ်သားသည်။ ဗိုလ်ချုပ်ကြီးနေဝင်း၏ အမိန့်ကို လွန်ဆန်သူအား စစ်ဖက်တရားရုံးသို့ တင်မည်ဟု အတိအလင်းဆိုသည်။ သို့တစေ တိတ်တဆိတ် စည်းကမ်းနှင့် မငြိမစွန်းရုံ ဘက်လိုက် ကူညီခဲ့သော အရာရှိများရှိခဲ့၍ တပ်မတော်နာမည်ပျက်သည်။ တပ် တွင်း စည်းရုံးမှုထိခိုက်သည်။ ရွေးပွဲတွေပြီးမှ တပ်မတော်၏သိက္ခာကို အတော်ပြန်၍ မြှင့်တင်ခဲ့ရသည်။

နိုင်ငံရေး ခုတုံးအလုပ်ခံရလျှင် ယင်းသို့ဖြစ်စမြဲ။ ပြည်သူကို နှိပ်စက် ညှဉ်းပန်းလျှင်၊ ပြည်သူကို ကျူးလွန်စော်ကားလျှင် ပြည်သူက ဒဏ်ခတ်စမြဲ။ ပြည်သူ့အကူအညီမပါဘဲ တိုက်ပွဲဝင်ကြည့်လျှင်သိမည်။ တိုင်းရင်းသား ပြည်သူ များသည် မေတ္တာကရုဏာတရား ကြီးမားကြပါသည်။ သည်းခံတတ်ကြသည်။ အားနာတတ်သည်။ အစဦးတွင် ကွန်မြူနစ်ဖြူနီ၊ ရဲဘော်ဖြူ စသော သောင်းကျန်းသူ တို့ ရွာသို့လာလျှင် အလိုက်သင့်သာနေသည်။ သူတို့ သတင်းတပ်မတော်သို့ မပေး။ ပေးလို့သောင်းကျန်းသူနစ်နာလျှင် သတင်းပေးသူ၏ပယောဂ ပါနေ မည်လား။ ငရဲကြီးနေမည်လား။ သူ့ထိုက်နဲ့သူ့ကံ ရှိပါစေတော့။ သဘောတရား စကားတွေကလည်း အကောင်းတွေချည့်ဖြစ်သည်။ တောင်သူ လယ်သမားများ၏ ဘဝကို မြှင့်တင်ပေးကြမလို့တဲ့။ စောင့်ကြည့်သေးတာပေါ့။ မည်သူက မည်မျှ လောက် ကတိတည်မည်လဲ။

နောက်ပိုင်းတွင် သောင်းကျန်းသူတို့ စည်းကမ်းဖောက်လာသည်။ အထိ နာလာသောအခါ ဒေါသပါလာသည်။ ရွာသူရွာသားတို့ကို ညှဉ်းပန်းလာသည်။ ရွာက သမီးပျိုကို ကျူးလွန်လာသည်။ ထိုအခါ ရွာသူရွာသားများ စည်းလုံး လာသည်။ ခံပြင်းလာသည်။ တပ်မတော်ကို မျှော်သည်။ တပ်မတော်နှင့်အတူ ရန်သူကို နှိမ်နင်းသည်။ ပြည်သူ့မေတ္တာကို ဆုံးရှုံးရသည့်ဘက်က စစ်ပွဲတွင် ရှုံး ရသည်။ 'မသုံးလုံး' နယ်မြေတွင် ထိုအတိုင်းဖြစ်ခဲ့သည်။ ယော၊ ဂန့်ဂေါဘက် တွင်လည်း ထိုနည်းနှင်နှင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.ocm



ယော၊ ဂန့်ဂေါဘက်မှ ရွာသူရွာသားများကို စော်ကားသော အစိုးရဝန်ထမ်းများကို ဒဏ်ခတ်ဖူးသည်။ တိုင်းမှူး ဗိုလ်မှူးချုပ်စန်းယု အမြန်သွားရောက်ကာ ဖြေရှင်းပေးရသည်။ မောက်မာသော ဝန်ထမ်းများကို ပြောင်းရွှေ့ပေးရသည်။ ကြာကြာနေလျှင် သေကြလိမ့်မည်။

ထိုနယ်တစ်ဝိုက်တွင် အလံနီ ကွန်မြူနစ်ပါတီ အခြေစိုက်ဖူးသည်။ သခင်စိုးသည် အပြောကောင်းသူ၊ စိတ်ဓာတ်ပြင်းသူ၊ ဆွဲငင်အားကောင်းသူ ဖြစ်ခဲ့သည်။ စစ်အတွင်းတစ်လျှောက်လုံး သူတစ်ယောက် မြစ်ဝကျွန်းပေါ်တွင် ဂျပန်တော်လှန်ရေးကို ဟောပြော၊ ဆော်သြစည်းရုံးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ချုပ်နေဝင်းတို့က သူ့ကို ရန်ကုန်မြို့သို့ လျှို့ဝှက်စွာ သွားရောက်ခေါ်ယူစေပြီး တပ်မတော်နှင့် ပါတီပူးပေါင်း၍ တော်လှန်ကြရန် စီမံသည်။

သခင်စိုး အပြောကောင်း အဟောကောင်းသဖြင့် ဗမာ့တပ်မတော် အမျိုးသမီးတပ်ဖွဲ့ခေါင်းဆောင် ဒေါ်စောမြတို့ပင် ပါသွားသည်။ တော်လှန်ရေးတွင် ဒေါ်စောမြ၊ ဒေါ်ခင်ကြည်ကြည်နှင့် အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ ဗိုလ်ချုပ်အောင်ဆန်း၏ဌာနချုပ်ဖြစ်သော သရက်ဖက်တွင် တာဝန်ယူကြသည်။ ဗိုလ်စိန်ဝင်း၊ ဗိုလ်စန်းယုတို့၏ တပ်ရင်းများက လုံခြုံရေး တာဝန်ယူကြသည်။ ဒေါ်စောမြနှင့် အမျိုးသမီးများ ဆောင်းဘီဝတ်ကာ ရွာများသို့ စည်းရုံးရေးဆင်းသည်။ ယောကျ်ားတွေထက် သွားနိုင်၊ ပြောနိုင် လုပ်နိုင်သေးသည်။

အလံနီကွန်မြူနစ်ပါတီ တောခိုသောအခါ သခင်တင်မြ၊ ဦးထိန်လင်း၊ ဒေါ်စောမြ စသူတို့ ပါသွားသည်။ တောထဲတွင် အနေအထိုင် ဆင်းရဲသည်။ ပင်ပန်းသည်။ သို့ရာတွင် ပြင်းထန်သော စိတ်ဓာတ်၊ ခိုင်မာသော ယုံကြည်မှု ဆွဲဆောင်ရာသို့ မညည်းမညူ လိုက်ပါခဲ့ကြသည်။ တစ်ခါတစ်ခါ တပ်မတော်က တောနင်း၍ လိုက်လံတိုက်ခိုက်လျှင် အငတ်အပြတ်ခံ၍ တောချုံကို ခိုအောင်းနေကြရသည်။ ဆန်ပြုတ် ကျဲကျဲပြုတ်ထားသည့် အိုးပုပ္ပကို ဖက်ရွက်ဖြင့် ခုလျက် ခေါင်းပေါ်တွင် ရွက်ကာပြေးကြရသည်။ ရွာသူရွာသားများက သူတို့ ပုန်းအောင်းရာကို တပ်မတော်အား မပြ။ သူတို့ကို မနာသေး။ မမုန်းသေး။ တစ်ခါတစ်ခါ အန္တရာယ်ကြီးမားလှ၍ ကိုယ့်ရင်မှဖြစ်သည့် သားငယ်၊ သမီးငယ်ကိုပင် အဝတ်ဖြင့် ရစ်ပတ်ကာ ရွာဝတွင် ထားခဲ့ကြရသည်။ ရွာမှ ကြင်နာသူတို့က ကောက်ယူ မွေးစားကြသည်။

ဤသို့ ယုံကြည်ချက် ပြင်းထန်လို့သာ တောထဲတွင် အကြာကြီးနေနိုင်ခဲ့ကြသည်။ သို့ရာတွင် လမ်းစဉ်မှား၊ ပြည်သူ့အငြိုငြင်ခံလာကြရသောအခါ





အလံနီပြိုသည်။ အလံဖြူပြိုသည်။ ရဲဘော်ဖြူဆို အစောကြီးက ပြိုသည်။ ကေအင်ဒီအိုလည်း ကြာကြာမနေနိုင်။ အစိုင်အခဲ ပြိုကွဲရသည်။

အလံနီ ကွန်မြူနစ်ပါတီက ပခုက္ကူခရိုင်ထီးလင်းမြို့နယ် ဆင်စွယ်ရွာတွင် ၁၉၆၀ ခုနှစ်၊ မေ ၂၇ ရက်နေ့၌ လူသတ်ပွဲကြီး ကျင်းပသည်။ တပ်မတော်သားများ ဟန်ဆောင်ကာ ရွာသို့ ဝင်၍ ရွာသားများကို ပစ္စည်းသယ်ပိုးပေးရန် လိုက်ခဲ့ခေါ်သည်။ အားလုံးကို စုဝေးပြီးသောအခါ လက်ပြန်ကြိုးတုပ်၍ ရက်စက်စွာ ခုတ်သတ်သည်။ ၇၂ ဦးပွဲချင်းပြီး သေဆုံး၍ ၂ ဦးနောက်တွင် သေဆုံးသည်။ အလံနီသောင်းကျန်းသူတို့သည် ဆန်လုသည်။ ပစ္စည်းလုသည်။ ပြီးလျှင် ရွာကို မီးတင်ရှို့သည်။

ဗိုလ်ချုပ်စန်းယု မန္တလေးမှ အမြန်သွားရောက်သောအခါ အလောင်းတွေ ထပ်လျက်ရှိသေးသည်။ မိန်းမတွေသာ စိတ်နာသော မျက်နှာထားဖြင့် ကျန်ရစ်တော့သည်။ တပ်မတော်က ယူလာသော ရိက္ခာကိုဝေ၍ ကျွေးမွေးရသည်။ သံဃာကိုပင့်၍ ဆွမ်း၊ ပစ္စည်းကပ်လှူကာ သရဏဂုံတင်၊ သင်္ဂြိုဟ်ခြင်းပြုလုပ်ရသည်။ ရွာကို စောင့်ရှောက်ပေးရသည်။ ကူညီထူထောင်ပေးရသည်။ အလုပ်အကိုင်ရှာပေးရသည်။ ရွာသူရွာသားများနှင့် ကလေးများကို ရန်ကုန်မြို့သို့ စိတ်ပြေလက်ပျောက် ဘုရားဖူးပို့ပေးသည်။ အချို့သော ဆင်စွယ်ရွာမှ လူငယ်များကို ရန်ကုန်မြို့သို့ ပို့ကာ ပညာသင်စေသည်။

ဆင်စွယ်ရွာသည် အလံနီ၏ ဘဝအဆုံး၏ အစဖြစ်သည်။ ဆင်စွယ်ရွာပြီးလျှင် နာလန်မထူချေ။ ပြည်သူက အလံနီကို မုန်းလေပြီ။ အလံနီအား ရွာနား အကပ်မခံ။ အလံနီသတင်း တပ်မတော်ကို ပေးသည်။

သခင်စိုးနှင့် သူ၏ နောက်ဆုံးဇနီးငယ်၊ သားငယ်တို့ကို တပ်မတော်က ၁၉၇၀ ခုနှစ်တွင် ဖမ်းမိသည်။ ယော၊ ဆော ဟိုဘက်နှမတော်တောင်၊ ဒူးတော်တောင်တွင် သခင်စိုးတို့ရှိသည် သတင်းရ၍ တပ်မတော်နှင့် ပြည်သူ့စစ် ဝိုင်းရံထားလိုက်ကြသည်။ ရာနှင့်ထောင်နှင့်ချီ၍ ဝိုင်းသည်။ ပြေးပေါက်မရှိ။ ဆောပတ်ဝန်းကျင် ရွာများကလည်း သောင်းကျန်းသူအား ရိက္ခာမပေး။ ခိုလှုံခွင့်မပေး။ မည်သည့်နည်းနှင့်မျှ အားပေးကူညီမှုမပြု။ နောက်ဆုံး သခင်စိုးနှင့် ဇနီးသည်၊ သားငယ်တို့အား တပ်မတော်သို့ လာပို့ကြသည်။ ပြည်သူ့စစ်သို့ မပေးအပ်ပါနှင့်။ တာဝန်ရှိသော ဗိုလ်မှူးထံပို့ပါဟု သူတို့ တောင်းဆိုကြသည်။ စစ်ဆင်ရေးကို ဦးဆောင်နေသော ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး အုန်းကြည်ထံ သတင်းရောက်သဖြင့် သခင်စိုးတို့အား အခေါ်လွှတ်ရသည်။ တိုင်းမှူးဗိုလ်မှူးကြီး



www.burmeseclassic.com

www.burmeseclassic.ocm



စိန်လွင်ကိုယ်တိုင် ရဟတ်လေယာဉ်ဖြင့်လာ၍ ခေါ်ဆောင်ကာ ရန်ကုန်သို့ ပို့ပေးသည်။

မြစ်ဝကျွန်းပေါ်တွင် ကေအင်ဒီအို သောင်းကျန်းသူတို့အား မြောင်းမြ မအူပင်ဘက်တွင် စစ်ဆင်ရေး လုပ်တော့လည်း ပြည်သူ့စစ်နည်းပရိယာယ်ဖြင့် လုပ်မှအောင်မြင်သည်။ တိုင်းမှူးဗိုလ်မှူးကြီး စံကြည်၊ ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ခိုင်၊ ဗိုလ်မှူးကြီး အောင်ဘွင့်စသော ပုဂ္ဂိုလ်တို့ ဦးဆောင်သော တပ်များနှင့် ရွာသားများက ချောင်း၊ မြောင်းအပြည့် လှေနှင့် သင်္ဘောနှင့် ကျွန်းကို ဝိုင်း၍ ပြေးပေါက်၊ ထွက်ပေါက်မပေး၊ ပိတ်ဆို့ထားကြသည်။ ရက် အတန်ကြာလျှင် သောင်းကျန်းသူ အစုအပြုံလိုက် အညံ့ခံကြသည်။

ထို့ကြောင့် ပြည်သူနှင့်အတူ ပူးပေါင်း၍ တိုက်ပွဲဝင်လျှင် အောင်မြင်သည်။ အတူလုပ်ဆောင်သမျှသည် ဖြစ်မြောက်သည်။ ပြည်သူမပါလျှင် မဖြစ်။

၉

"တော်လှန်ရေးကောင်စီ တက်လာကတည်းက တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌကြီးက ဒို့တပ်မတော်ဟာ မလွဲမရှောင်သာလို့ ဒီအာဏာကို ယူလိုက်ရတယ်။ ဒို့တပ်မတော်ဟာ ပြည်သူ့အတွက် အရေးပေါ်တိုင်း ပေါ်တိုင်း အသက်ပေးပြီး လုပ်ပေးမယ်ဆိုတဲ့ စိတ်ဓာတ်စေတနာနဲ့ အမှုထမ်းခဲ့ကြတယ်။ ဒို့ရဲ့ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေးအတွက် မဟုတ်ဘူးဆိုတာကို အမြဲမှာကြားပါတယ်။ ကျွန်တော်တို့ဆိုရင် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်တဲ့ ဗမာ့လွတ်လပ်ရေး တပ်မတော်ထဲကို စပြီး ဝင်ခဲ့တာ ယနေ့အထိဆိုရင် အနှစ်သုံးဆယ်လောက် ရှိခဲ့ပါပြီ။ ခေါင်းဆောင်ကြီးတွေရဲ့ ညွှန်ကြားချက်၊ သွန်သင်ချက်တွေ၊ မြင့်မြတ်တဲ့ စိတ်ထားမွေးမြူပေးချက်တွေအရ ကျွန်တော်တို့ဟာ ဒီအသိုက်အဝန်းနဲ့ ဒီပတ်ဝန်းကျင်မှာ ကြီးပြင်းလာခဲ့ရတာပါ။ ကျွန်တော်တို့ဆိုရင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်တဲ့ အချိန်မှာ ဆေးကျောင်းသားပါ။ စစ်ပြီးတော့လည်း ပြန်ပြီး ဆေးပညာကို မလိုက်ရတော့ပါဘူး။ ဘာလို့လဲဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းက မင်းတို့တွေကမှ တပ်ထဲမှာ ဆက်မနေရင်၊ ဒို့ရတဲ့ တပ်ရင်းသုံးရင်းကို မထိန်းကြရင် ဘယ်သူ ထိန်းမလဲ။ ဒို့က နိုင်ငံရေး လုပ်ရဦးမယ်။ မင်းတို့တပ်ထဲမှာ နေကြဦးဆိုတာနဲ့ မမိုတ်မသုန် ဆက်လုပ်ခဲ့ကြတာပါ" ဟု ဗိုလ်ချုပ်ကြီးစန်းယုက ပြောဖူးသည်။





ဗိုလ်ချုပ်အောင်ဆန်း လွှဲအပ်ခဲ့သော တပ်မတော်ကို ဗိုလ်ချုပ်နေဝင်း ဦးဆောင်သည်။ နှစ်ရှည် ခရီးရှည် ချီခဲ့သည်။ တပ်များကို တိုးချဲ့ရင်း အရည်အသွေး၊ စည်းကမ်း၊ စိတ်ထား ကောင်းမွန်အောင် ပျိုးထောင်တည်ဆောက်ခဲ့သည်။ သွားလေရာတွင် လမ်းဖောက်၊ တံတားဆောက်၊ ဆည်မြောင်းတူး၊ စိုက်ပျိုးမွေးမြူ လုပ်ခဲ့သည့်တပ်။ ရောက်ရာအရပ်တွင် စည်ကားစိုပြည်လာတတ်သည်။ ဗိုလ်ချုပ် နေဝင်းကဆိုလျှင် ရဲဘော်များကိုနေတတ်၊ စားတတ်၊ ပြောတတ်၊ ဆိုတတ်အောင်က အစ သင်ကြားပြသပေးသည်။ အင်္ဂလိပ်စစ်တပ်က ဟိတ်ဟန်တွေ များသည်။ အရာရှိများ ဝတ်စုံအမျိုးမျိုး ဝတ်ဆင်ကြသည်။ ဝတ်စုံဖိုး မတတ်နိုင်သူ တပ်ထဲ ဝင်ရန် မလွယ်။ အရာရှိများ အဆောင်အယောင်နှင့် စားသောက်သည်။ မြန်မာ့ တပ်မတော်တွင် အရာရှိနှင့် တပ်ကြပ်၊ ရဲဘော်အဆင့်အတန်း အခွင့်အရေး ကွာခြားမှု မများအောင် ပြုပြင်ခဲ့သည်။ တကယ့်စိတ်ဓာတ်ရှိသူများ ဝင်လာအောင် လမ်းဖွင့်ပေးခဲ့သည်။

တပ်မတော်သည် ဗိုလ်ချုပ်ကြီး အိမ်စောင့်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးရသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကူညီကျင်းပပေးရသည်။ ဗိုလ်ချုပ်စကားကို နားမထောင်၊ လမ်းမှား လိုက်မိသော တပ်မှူးအချို့၏ လုပ်ရပ်များမှလွဲ၍ အလွတ်လပ်ဆုံး၊ အမျှတဆုံး သော ရွေးကောက်ပွဲကြီး ဖြစ်သည်။ ငြိမ်းချမ်းရေးကို ဖန်တီးပေးရုံမျှမကသေး။ သားဈေး၊ ငါးဈေး၊ ထင်းဈေး ကျဆင်းအောင် မြန်မာ့တပ်မတော်မှ ရဲဘော်များက သယ်ပိုးတင်ဆောင် ရပ်ကွက်ဆင်း၍ ရောင်းချခြင်းပင် ပြုခဲ့သေးသည်။ ရန်ကုန် မြို့မှ ကြည့်မကောင်း ရှုမကောင်းသော ကွက်သစ်ကြီးများကို ရှင်း၍ ဥက္ကလာ၊ သာကေတမြို့သစ်များ တည်ပေးခဲ့သေးသည်။

နိုင်ငံတော် အချုပ်အခြာ အာဏာကို ပြည်သူတို့ စနစ်တကျ အပ်နှင်းနိုင်ရန် ပြည်သူ့ပါတီကို ထူထောင်သည်။ ပြည်သူ့တောင်သူလယ်သမားကောင်စီ၊ ပြည်သူ့အလုပ်သမား ကောင်စီတို့ကို ဖွဲ့သည်။ ဖွဲ့စည်းတည်ဆောက်ကြလေရာတွင် တပ်မတော်၏ လုပ်အားကို သုံးရသည်။ တပ်မတော်မှ ရဲဘော်များကို တာဝန်ပေး၍ စည်းရုံးစေကာ အင်အားကို ပွားရသည်။

တာဝန်ကျရာတွင် ရဲဘော်တွေ တာဝန်ထမ်းနေကြသည်။ တပ်မှပါတီ ကောင်စီသို့၊ ထိုမှသည် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီသို့၊ ပြည်သူ့ဝန်ထမ်း များသို့၊ စက်ရုံ၊ အလုပ်ရုံသို့။ တပ်မတော်ကို နုပျိုတက်ကြွအောင် ပျိုးထောင်



www.burmeseclassic.com

www.burmeseclassic.ocm



ထားရသည်။ နေခွင့်ရလျှင်တော့ တပ်မှာပင် နေချင်ကြသည်။ တာဝန်ပေးသဖြင့် အခြားတာဝန်များသို့ မညည်းမညူ သွားရောက်ကြရသည်။ ရဲဘော်သည် ဘယ်ကိုသွားသွား ဘာကိုလုပ်လုပ်၊ ဘာအဝတ်ကိုဆင်ဆင် ရဲဘော်ပင်ဖြစ်သည်။ တာဝန်ကျေရမည်။ နိုင်ငံနှင့် ပြည်သူအပေါ် သစ္စာရှိရမည်။

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစန်းယုသည် ယင်းသို့သော ရဲဘော်ဖြစ်သည်။ စည်းကမ်းကြီးသည်။ စနစ်ကျသည်။ မနေမနား အလုပ်လုပ်သည်။ ငြိမ်းခြံ့စွာ နေထိုင်သည်။ တိုက်ပွဲအတွေ့အကြုံ၊ ခေါင်းဆောင်မှု အတွေ့အကြုံ ရင့်ကျက်စုံလင်သည်။ အမျိုးမျိုးစမ်းသပ် တာဝန်ပေးခြင်းကို ခံပြီးမှ တပ်မတော်၏ ခေါင်းဆောင်မှုကို အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်သည်။

တပ်မတော်သည် အစဉ်ရှင်သန် နုပျိုတက်ကြွလျက်ရှိသည်။ ၁၉၄၉ ခုနှစ်၊ ၁၉၅၀ ခုနှစ် အရေးအခင်းများတွင် တက္ကသိုလ်မှ တပ်မတော်သို့ ရောက်လာကြသော ရဲဘော်များတပ်မဟာမှူး၊ တပ်မမှူးများဖြစ်လာကြပြီ။ ဘီအိုင်အေ၊ ဘီဒီအေ ရဲဘော်ကြီးများ လူကြီးပိုင်းတွင် ရှိတန်သလောက် ရှိသေးသည်။ အချို့လည်းအနားယူ၊ အခြားတာဝန်သို့ကူးပြောင်း၊ တပ်မတော်တွင် အဆက်ကုန်စပြုနေပြီ။

ဤသည်ကား သဘာဝပင်ဖြစ်သည်။ အစဉ်နုပျိုနေသော သူ၊ အစဉ်သစ်လွင်လန်းဆန်းနေသော အရာဝတ္ထုဟူ၍ မရှိ။ ဖြစ်ပျက်ပြောင်းလဲ၍သာ နေသည်။ အရေးကြီးသည်က ကောင်းသော စဉ်လာမပျက်ဖို့၊ တန်ဖိုးကောင်းတွေ မပျောက်ဖို့၊ ပို၍ ကောင်းမြတ်သော တန်ဖိုးများဖြစ်လာဖို့။

၁၀

ချီလေသည့် တပ်မတော်တွင် သားမောင်စစ်သည် တစ်ယောက်ပါဝင်လေပြီ။

ပြည်သူ့တပ်မတော်နှင့် တောတောင်အကြား ချီတက်လှုပ်ရှားနေသော သားမောင်စစ်သည် သွားလေရာတွင် မေတ္တာဆောင်၍ အောင်ပါစေ၊ ပြည်သူ့မေတ္တာကို ခြံရံ၍လုံပါစေသတည်းဟု ကျွန်တော်တို့ မိသားစုက ဆုတောင်းကြရသည်။

▢

# အက္ခရာစဉ်အညွှန်း

(က)


| | |
|---|---|
| ကလစ်၊ ဗိုလ်မှူး | ၂၀၅၊ ၂၀၆ |
| ကဝါရှိမား၊ ဗိုလ်ကြီး | ၇၀။ |
| ကလ်ဗင်အို၊ ဗိုလ်မှူး | ၂၀၈၊ ၁၆၀။ |
| ကာ၊ ဦး၊ ဆရာကြီး | ၁၆။ |
| ကိဘော့၊ ဗိုလ် | ၇၀။ |
| ကိမ္မူရာ၊ ဗိုလ်ချုပ် | ၁၀၆။ |
| ကေ–ဦးခင်ဇော်–ရှု။ | |
| ကေဘီရှိုင်၊ ဒု–ဗိုလ်မှူးကြီး | ၂၀၂။ |
| ကို၊ ဦး (ဦးလေး) | ၁၉။ |
| ကိုကိုကြီး၊ ဗိုလ် (ကွယ်) | ၁၀၈။ |
| ကင်စလေမာတင် | ၁၇၃–၅။ |
| ကောင်း၊ ဦး | ၁၆၁၊ ၁၆၇။ |
| ကံကြီး၊ ရဲဘော် | ၈၉။ |
| ကံကြီး၊ ဆရာ | ၁၆၁။ |
| ကံချွန်၊ ဗိုလ်လောင်း | ၉၈။ |
| ကျော်၊ ဗိုလ် (မှူးကြီး/ငြိမ်း) | ၁၀၄၊ ၁၉၂၊ ၂၀၁၊ ၂၀၆။ |
| ကျော်၊ ဗိုလ်ကြီး (ဆကေ) | ၁၃၈၊ ၁၄၆။ |
| ကျော်ခိုင်၊ ဗိုလ်မှူးကြီး | ၉၄၊ ၁၂၆။ |
| ကျော်ငြိမ်း၊ ဗိုလ်မှူးကြီး | ၉၇။ |
| ကျော်စိုး၊ ကို | ၅၉။ |
| ကျော်စိုး၊ ဗိုလ်လောင်း | ၁၈၇။ |
| ကျော်စိုး၊ ဗိုလ်မှူးကြီး (ဝန်ကြီး) | ၉၇၊ ၁၇၂၊ ၁၈၉၊ ၁၉၇၊ ၂၀၇။ |
| ကျော်စိန်၊ ဗိုလ် (လံဘား) | ၅၂။ |




www.burmeseclassic.com

www.burmeseclassic.ocm



ကျော်ဇော၊ ဗိုလ် ၆၃၊ ၈၄၊ ၂၀၇။
ကျော်ဇော၊ ဒု-ဗိုလ်မှူးကြီး (ပါတီ) ၆၄။
ကျော်ညွန့်၊ ဗိုလ် (ဒု-မှူး/ ငြိမ်း) ၇၂၊ ၈၁။
ကျော်ထင်၊ ဗိုလ်မှူးကြီး ၉၂။
ကျော်ထွန်း၊ ကို (အာရှဘဏ်) ၁၆၂။
ကျော်ဒင်၊ ဗိုလ်မှူး (မိုးနက်) ၉၀။
ကျော်မြင့်၊ ဆရာ (မှူးကြီး/ ငြိမ်း) ၁၉၂။
ကျော်သောင်း၊ ဒု-ဗိုလ်မှူးကြီး ၁၉၃။
ကျော်သိန်း၊ ဗိုလ် ၇၂၊ ၈၁။
ကျော်ဟိုး၊ ဗိုလ် ၁၁၂။
ကျော်ဦး၊ ကို (ကျောင်းဆရာ) ၁၆၂။
ကျင်၊ ဗိုလ်မှူး ၂၀၄။
ကျင်သန်း၊ ကို ၁၁၂။
ကြီးမြင့်၊ ဗိုလ် (ဒု-ဗိုလ်မှူးကြီး) ၁၉၁။
ကြည်မောင်၊ ဗိုလ် (ဗိုလ်မှူးကြီး) ၁၂၈။
ကြည်ရှိန်၊ ဗိုလ် ၇၂၊ ၈၁။
ကြည်ဝင်း၊ ဗိုလ် (ငြိမ်း) ၅၁။

(ခ)

ခ၊ ဗိုလ် ၈၂။
ခင်၊ ဗိုလ်မှူး ၂၀၆။
ခင်ကြူ၊ တပ်သား ၂၀၅။
ခင်ကြည်ကြည်၊ ဒေါ် ၆၄၊ ၁၂၄။
ခင်စီ၊ ဒေါ် ၅၉။
ခင်ဇော်၊ ဦး (ကေ) ၁၅၉၊ ၁၆၃-၅။
ခင်မောင်၊ ဦး (တောသား) ၁၆၃, ၁၆၅၊ ၁၆၆။
ခင်မောင်၊ ဦး (ပန်းချီ) ၄၈။
ခင်မောင်တင့်၊ ဒု-ဗိုလ်မှူးကြီး ၉၈။
ခင်မောင်ဖြူ၊ ဦး (မဟာမင်းကြီး) ၆၀။





ခင်မောင်ကလေး၊ ဆရာ (ဗိုလ်) ၃၀၊ ၅၁၊ ၆၀၊ ၆၂၊ ၆၆၊ ၈၅၊ ၁၃၁။
ခင်မောင်လတ်၊ ရဲဘော် ၁၁၆။
ခင်မောင်သန်း၊ ဒု-ဗိုလ်မှူးကြီး ၁၉၄။
ခင်မျိုးချစ်၊ ဒေါ် ၄၉၊ ၁၀၀။
ခင်မြ၊ မ ၅၉။
ခင်လေးမောင်-ဗိုလ်မောင်မောင်ကလေး ရှု
ခင်အောင်မြင့်၊ ဒု-ဗိုလ်မှူးကြီး ၁၁၂။
ခင်အုန်း၊ ဗိုလ်မှူးကြီး ၉၁၊ ၁၀၀။
ချစ်ကောင်း၊ ဗိုလ်မှူး (ကိုစိုးမောင်) ၃၅။
ချစ်ခင်၊ ဗိုလ်မှူးကြီး (ဒုဝန်ကြီး) ၆၄။
ချစ်မောင်၊ သခင် (မြန်အောင်) ၁၁၂။
ချစ်မောင်၊ ဦး (ဒုဝန်ကြီး) ၉၄၊ ၁၆၂။
ချစ်မြိုင်၊ ဗိုလ်မှူးကြီး (သံအမတ်ကြီး) ၁၈၉၊ ၂၀၆။
ချန်ထွန်းအောင်၊ ဦး (အငြိမ်းစား တရားသူကြီးချုပ်) ၁၆၈။
ချမ်းအေး၊ ရဲဘော် ၉၄၊ ၁၆၂။
ခွန်နောင်၊ ဗိုလ်မှူးကြီး ၉၇။
ခွန်သိမ်း၊ ဗိုလ် ၁၉၄။

(ဂ)

ဂေါ်ဒွိုင်၊ မစ္စစ် ၁၆၃။
ဂျသူး ၂၃၊ ၂၅၊ ၁၇၀။
ဂွမ်ရှိန်၊ ဦး (အားကာ) ၁၉၇။
ဂျွန်မူနီ၊ ဆရာ ၁၆၁။

(င)

ငွေကိုင်၊ ဦး (ပန်းချီ) ၄၈။
ငွေစိုး၊ ကို ၅၉။
ငွေထွန်း၊ ဒု-ဗိုလ်မှူးကြီး ၁၃၀။



www.burmeseclassic.com

www.burmeseclassic.ocm



(စ)

စကြာ၊ ဗိုလ် ၄၆၊ ၈၄။
စော၊ ဦး (ဂဠုန်) ၁၄၂၊ ၁၅၉။
စောကြာဒိုး ၆၃၊ ၁၉၇။
စောချစ်တင်၊ ဗိုလ် ၅၂။
စောစံဖိုးသင် ၆၂။
စောထွန်းစိန် ၆၂။
စောနေ၊ ရဲဘော် (ဆရာဝန်) ၁၁၀၊ ၁၁၇။
စောနေဒွန်း၊ ဆရာဝန်–ရဲဘော်စောနေ–ရှု
စောဖြူ၊ ဗိုလ် (ဗိုလ်မှူးကြီး) ၁၈၉၊ ၂၀၆။
စောမောင်ထွန်း၊ ဗိုလ်မှူးကြီး ၂၀၄။
စောမြ၊ ဒေါ် ၆၄၊ ၁၀၀၊ ၂၁၄။
စောမြင့်၊ ဗိုလ်မှူးကြီး ၁၈၉။
စိုး၊ သခင် ၂၁၆။
စိုးတင့် (ဗိုလ်မှူး) ၉၀။
စိုးတင်၊ ဗိုလ် ၅၂။
စိုးမောင်၊ ကို–ဗိုလ်မှူးချစ်ကောင်း–ရှု
စိုးမြင့်၊ တပ်ကြပ် ၇၂။
စိုးမြင့်၊ မူလတန်း ၈၉။
စိုးမြင့်အောင်၊ ဗိုလ်မှူးကြီး ၅၂၊ ၉၄။
စိုးလွင်၊ ဗိုလ်မှူးကြီး ၅၂။
စိုးလှိုင်၊ ဒု–ဗိုလ်မှူးကြီး ၆၄၊ ၈၂။
စန်းယု၊ ဗိုလ်ချုပ်ကြီး ၂၊ ၈၅၊ ၂၀၆၊ ၂၁၀၊ ၂၁၄၊ ၂၁၆၊ ၂၁၈။
စန်းအောင်၊ ဦး ၁၂၂။
စိန်၊ ဦး ၁၆၃။
စိန်တင်၊ ဗိုလ် (ကုန်သွယ်ရေး) ၆၆။
စိန်ထွန်း၊ ဒု–ဗိုလ်မှူးကြီး ၁၃၉။
စိန်ထွန်း၊ ဗိုလ် ၅၂။
စိန်နုအောင်၊ ရဲဘော် ၁၀၈၊ ၁၀၉၊ ၁၂၅။





စိန်ဘန်း၊ ဗိုလ်မှူး ၁၆၂။
စိန်မြ၊ ဗိုလ် (ငြိမ်း) ၂၀၇၊ ၂၀၉။
စိန်မြင့် ၁၄၅။
စိန်မှန်၊ ဗိုလ် (ကွယ်လွန်) ၅၁၊ ၈၅၊ ၂၀၆။
စိန်လွင်၊ ဗိုလ်မှူးကြီး (တိုင်းမှူး) ၉၆၊ ၂၁၆။
စိန်လှ၊ မ ၅၉။
စိန်ဝင်း၊ ဗိုလ်မှူးချုပ် (ဝန်ကြီး) ၈၅၊ ၂၁၄။
စိန်အောင်လင်း၊ ရဲဘော် ၉၃။
စံကြည်၊ ဗိုလ်မှူးကြီး (တိုင်းမှူး) ၁၃၉၊ ၂၀၇၊ ၂၁၆။

(ဆ)

ဆကူရိုင်၊ ဗိုလ်ချုပ် ၁၀၆။
ဆကေကျော်–ဗိုလ်ကြီးကျော်–ရှု ၁၄၆။
ဆူပရာမန်နီယံ၊ ဆရာ ၃၄။
ဆိုကေး၊ ဆရာ ၃၄။
ဆက်ခိုင်၊ ဦး ၁၆၇။
ဆင့်၊ ဦး ၁၃။

(ဇ)

ဇေယျ–ဦးယော–ရှု
ဇေယျ၊ ဗိုလ် ၇၀၊ ၇၂၊ ၈၄။
ဇော်ဂျီ–ဦးသိန်းဟန်–ရှု

(ည)

ညိုညို (နမ) ၂၂။
ညိုမြ၊ ဦး ၅၇။
ဉာဏ်၊ ဆရာ ၁၅။
ဉာဏ်၊ အဘ ၁၁၂၊ ၁၁၆၊ ၁၃၂။
ဉာဏ်မောင်၊ ဗိုလ် (သမ္မတရုံ) ၆၄။
ညွှန့်မောင်၊ ဗိုလ် ၅၂၊ ၁၃၉။
ညွှန့်သိန်း၊ ဗိုလ် ၅၂။



www.burmeseclassic.com

www.burmeseclassic.ocm



(ဋ)

ဋွေး၊ကို ၃၅။

(တ)

တိုးလွင်၊ ဗိုလ် ၈၂။
တက်တိုး၊ ဆရာ – ဦးအုန်းဖေ – ရှု
တင့်၊ ဦး (ဘကြီး) ၂၁၊ ၁၄၄။
တင့်ဆွေ၊ တပ်ကြပ် (ဗိုလ်မှူးကြီး၊ တိုင်းမှူး) ၁၉၇။
တင့်တယ် – ဦးဝင်းစိန် – ရှု
တင့်လွင်၊ ဒု – ဗိုလ်မှူးကြီး ၄။
တင်၊ ဗိုလ် (မှူး/ငြိမ်း) ၄၉။
တင်စောမူ၊ ဒေါ် ၁၆၂။
တင်ညွှန့် ၁၉၊ ၂၀၊ ၁၄၅။
တင်ထွန်း၊ ဦး ၁၅၈။
တင်ထွန်းအောင်၊ ဗိုလ် ၁၂၈။
တင်ဖေ၊ ဗိုလ်မှူးချုပ် ၁၂၆၊ ၁၉၇၊ ၂၀၇။
တင်မောင်၊ ဒု – ဗိုလ်မှူးကြီး ၆၄။
တင်မောင်၊ ဗိုလ်မှူး (စာရေးဆရာမြတ်ထန်) ၂၀၁။
တင်မောင်အေး၊ ဗိုလ် (ဒု – ဗိုလ်မှူးကြီး) ၁၈၉။
တင်မြ၊ သခင် ၂၁၄။
တင်သိန်း၊ ဗိုလ်မှူးကြီး (တလက ဥက္ကဋ္ဌ) ၂၊ ၄၊ ၇၂၊ ၈၁၊ ၉၆။
တင်အေး၊ အမ် ၄၈၊ ၆၆၊ ၁၅၇။
တင်အုန်း၊ ဒု – ဗိုလ်မှူးကြီး – ရဲဘော်လှကြည် – ရှု –
တင်ဦး၊ ဗိုလ်မှူးကြီး ၁၆၂။
တင်ဦး၊ ဗိုလ်မှူးချုပ် ၈၂၊ ၁၉၁၊ ၁၉၃၊ ၂၀၃၊ ၂၀၄၊ ၂၀၇။
တင်ဧ၊ တက္ကသိုလ် ၆၁။
တွမ်ဒရိုင်းဘာစ် ၁၅၇။





(ထ)

ထူး၊ မောင် ၈၂။
ထော်ရိုက်၊ ဦး ၁၅။
ထင်ကျော်၊ ဗိုလ် (ဒုဝန်ကြီး) ၂၀၄။
ထင်ကျော်၊ ဗိုလ် ၁၁၂။
ထင်စီ၊ ဆရာ ၁၆၀။
ထင်အောင်၊ ဒေါက်တာ ၁၆၀။
ထိန်လင်း၊ ဆေးတပ်ကြပ် (ဗိုလ်တထောင်) ၁၄၀၊ ၁၄၁။
ထိန်လင်း၊ ဦး (ပါတီ) ၂၁၄။
ထွေးမောင်၊ ဦး ၄၈၊ ၆၃။
ထွန်းစိန်၊ ဗိုလ်မှူးကြီး ၁၉၁။
ထွန်းတင်၊ ရဲဘော် ၇။
ထွန်းတင်၊ ရဲဘော် ၆၇။
ထွန်းတင်၊ ဗိုလ်မှူးကြီး (ဒုဝန်ကြီး) ၂၊ ၄။
ထွန်းတင်၊ ဗိုလ်မှူးကြီး (တိုင်းမှူး) ၉၁၊ ၁၉၁။
ထွန်းမောင်၊ ကို (ကျောင်းသား) ၇၉၊ ၉၉။
ထွန်းရီ၊ တပ်ကြပ်ကြီး ၂၀၅။
ထွန်းရီ၊ ဗိုလ် ၁၁၂၊ ၁၁၆။
ထွန်းရင့်လော၊ ဒု – ဗိုလ်မှူးကြီး ၂၀၄။
ထွန်းရှိန်၊ ဦး ၁၄။
ထွန်းရွှေ၊ ဗိုလ်မှူး ၁၉၂။
ထွန်းလင်း၊ ဗိုလ်မှူးဟောင်း ၄။
ထွန်းလှ၊ ဗိုလ် ၇၂၊ ၈၁။
ထွန်းလှ၊ ဗိုလ် (တက္ကသိုလ်နေဝင်း) ၁၀၀။
ထွန်းဝင်း၊ ဗိုလ်ကြီး ၁၄၀၊ ၁၄၁။
ထွန်းသာ၊ ဗိုလ်ကြီး (မှူးကြီး၊ စစ်သံ) ၂၀၅။
ထွန်းသွင်၊ ဦး ၁၆၇။
ထွန်းအောင်ကျော်၊ ဗိုလ်မှူးကြီး ၂၊ ၄၊ ၈၂၊ ၉၆။



www.burmeseclassic.com

www.burmeseclassic.ocm




ထွန်းအောင်ကျော်၊ ဗိုလ် (ကုန်သွယ်ရေး) ၉၁၊ ၉၉။

ထွန်းအုံ၊ ဦး ၄၉၊ ၆၃။

(ဒ)

ဒေဝိုး၊ ဦး ၁၁၀။

ဒေါ်ရောသီဝှဒ်မင်း ၁၇၃-၅။

(န)

နယူးစတိတ်မင်း ၁၇၃။

နယူးတိုင်းမ်စ် အော့ဖ်ဘားမား ၁၆၃။

နာဂါအိ၊ ဦး (ဘုန်းကြီး) ၁၇၈။

နေဝင်း၊ ဗိုလ်ချုပ် (ဝန်ကြီးချုပ်) ၃၊ ၅၊ ၄၆၊ ၄၇၊ ၄၉၊ ၅၁၊ ၆၂၊ ၆၅၊ ၈၄၊ ၈၆၊ ၉၉၊ ၁၀၆၊ ၁၃၁၊ ၁၅၁၊ ၁၇၂၊ ၁၈၅၊ ၁၉၀၊ ၁၉၁၊ ၁၉၆-၉၈၊ ၂၀၀-၂၀၃၊ ၂၀၇-၂၁၁။

နော်ဆိုင်း ၂၀၅။

နော်အဲလီဇဘက်ပု ၁၀၃။

နိုဒါး၊ ဗိုလ်မှူး ၇၀။

နက်၊ ဦး (ပါမောက္ခ) ၁၆။

နက်၊ ဆရာ ၃၄။

(ပ)

ပရိုက်စ်၊ မေဂျာ ၁၃၆။

ပါး၊ မစ္စတာ (ဆရာ) ၃၃။

ပီလေး၊ ဆရာ ၁၅။

ပု၊ ဦး ၁၄။

(ဖ)

ဖူကူအိ၊ ဗိုလ် ၆၉။

ဖေသန်း၊ ကို ၉၉၊ ၁၄၄။

ဖေသိန်း၊ ရဲဘော် ၁၁၀၊ ၁၁၇။







ဖော်ယူခါး၊ ဒု-ဗိုလ်မှူးကြီး ၂၀၂။

ဖိုးကွန်း၊ ဗိုလ်မှူး ၄၉၊ ၁၀၀။

(ဗ)

ဗထူး၊ ဗိုလ် ၈၅၊ ၉၇၊ ၁၀၀၊ ၁၇၂။

ဗာဓိ (ပါမောက္ခ) ၁၇၁။

ဗိုလ်၊ သခင် ၅၇။

ဗန်ကူးလ်၊ ဗိုလ်မှူး ၂၀၉။

(ဘ)

ဘခင်၊ ဦး (ဆရာ) ၁၅။

ဘချို၊ ဒီးဒုတ်၊ ဦး ၁၅၇။

ဘချမ်း၊ ကို (ဂါဒီယန်း) ၁၆၁။

ဘစိန်၊ ဦး (အငြိမ်းစားရှေ့နေချုပ်) ၄၈၊ ၅၂၊ ၆၂၊ ၆၃၊ ၁၀၂၊ ၁၃၆။

ဘစိန်၊ ဗိုလ် ၁၉၇။

ဘဆက်၊ ကို ၃၅။

ဘတူ၊ ဦး (ဘကြီး) ၂၂။

ဘတင်၊ ဗိုလ် ၅၃။

ဘတုတ်၊ ဦး (ဆရာကြီး) ၁၆။

ဘဖေ၊ ဦး ၁၄။

ဘဖြူ၊ ဗိုလ် ၁၁၆။

ဘမော်၊ ဒေါက်တာ ၂၉၊ ၇၂၊ ၈၄၊ ၁၀၄၊ ၁၀၆။

ဘမိုး၊ ဦး (ပန်းချီ) ၁၆၃။

ဘလိပ်၊ ဗိုလ်မှူးချုပ် ၁၈၉။

ဘဝ၊ ဦး (စာရင်းကိုင်) ၅၉။

ဘသောင်း၊ ဗိုလ်မှူး (မောင်သုတ) ၉၇။

ဘသန်း၊ (စစ်ပညာဌာန) ၄၉၊ ၁၀၀။

ဘသန်း၊ ဦး ဆရာ (ကျောင်းအုပ်) ၁၆။

ဘသိန်း၊ ကို ၃၀၊ ၅၆၊ ၅၃၊ ၅၈။

ဘဟန်၊ ဒေါက်တာ ၁၆၈။




www.burmeseclassic.com

www.burmeseclassic.ocm



ဘဟန်၊ ဗိုလ် ၄၉။
ဘဟိန်း၊ သခင် ၃၀။
ဘာလာခရိရှန် (ဆရာ) ၁၉၂။
ဘားမိစ်ရီမြို့ ၁၅၈။
ဘို၊ ဦး ၄၉၊ ၁၀၀။
ဘိုသောင်း၊ ဦး (ဆရာ) ၃၄။
ဘိုးသာ၊ ဦး (ဆရာ) ၁၆၁။
ဘိုးသုန်၊ ဦး ၉၇။

(မ)

မမကြီး၊ (အစ်မကြီး) ၂၈။
မာရုယ်၊ မစ္စတာ (ကျောင်းအုပ်ကြီး) ၃၃၊ ၁၆၁။
မာရိကား၊ ဗိုလ်မှူး ၆၉။
မိဇောင့်ချို၊ ဗိုလ်ကြီး ၇၀။
မိန္ဒ၊ (ဆရာ) ၁၅။
မူရာတား၊ ဒု – ဗိုလ် ၇၀။
မေ့ပျောက်ခံရသည့် တပ်မတော် ၁၅၅။
မိုးကြိုး၊ ဗိုလ် ၁၄၂၊ ၁၇၅ – ၉။
မင်းကြွယ်၊ ရဲဘော် ၆၇။
မင်းခေါင်၊ ဗိုလ် ၈၅။
မင်းသုဝဏ် – ဦးဝန် – ရှု
မင်းသိမ်း၊ ဗိုလ် (ဗိုလ်မှူးကြီး) ၁၉၇၊ ၂၀၇။
မောင်မောင်၊ ဗိုလ် (ရေတပ်) ၅၁၊ ၆၃။
မောင်မောင်၊ ဗိုလ် ၈၅။
မောင်မောင်၊ ဒု – ဗိုလ်မှူးကြီး (အဘ) ၁၉၂။
မောင်မောင်၊ ဗိုလ်မှူးချုပ် (သံအမတ်ကြီး) ၅၁၊ ၈၅၊ ၁၂၂၊ ၁၂၈၊ ၁၃၃၊ ၁၃၄၊ ၁၇၂၊ ၁၉၇၊ ၂၀၅။
မောင်မောင်၊ ဗိုလ်မှူး (ဆင်းဟာစ်) ၉၇။
မောင်မောင်၊ ဦး (စာရင်းကိုင်) ၅၉။





မောင်မောင်ကလေး၊ ဗိုလ် (ခင်လေးမောင်) ၁၀၀၊ ၁၀၃။
မောင်မောင်ကျော်၊ ဒေါက်တာ ၁၂၅။
မောင်မောင်ကျော်ဝင်း၊ ဦး ၆၃၊ ၁၀၂။
မောင်မောင်ကြီး၊ ကို ၅၉၊ ၁၁၂၊ ၁၁၃၊ ၁၁၈၊ ၁၁၉၊ ၁၂၂၊ ၁၂၅၊ ၁၂၆။
မောင်မောင်ကြီး၊ ဗိုလ်မှူးကြီး ၁၇၂။
မောင်မောင်ခ၊ ဦး (ဝန်ကြီး) ၁၆၂။
မောင်မောင်ခင်၊ ဦး ၁၅၇။
မောင်မောင်အောင်၊ ဒု – ဗိုလ်မှူးကြီး ၁၂၅။
မန်းတင်အောင်သန်း ၁၀၉။
မန်းဘခိုင် ၁၁၂။
မျိုးမင်း၊ ဦး ၁၆၁။
မျိုးသန့်၊ ဗိုလ်မှူး ၁၃၂၊ ၁၃၉။
မျိုးအောင်၊ ဒု – ဗိုလ်မှူးကြီး ၁၆၂၊ ၁၉၂။
မျိုးအုံ၊ ကို (ကျဆုံး) ၅၉။
မြ၊ သခင် ၆၂၊ ၁၀၆။
မြကျော်၊ ဒု – ဗိုလ်မှူးကြီး (ဥက္ကဋ္ဌရုံး) ၉၇၊ ၁၉၂။
မြမောင်၊ ဗိုလ် (ဒု – ဗိုလ်မှူးကြီး) ၁၉၇၊ ၂၀၇။
မြဟန်၊ ကင်ပေတိုင် ၁၁၇၊ ၁၂၃။
မြအောင်၊ ဗိုလ်မှူးကြီး (ရေ) ၉၇။
မြင့်၊ မောင်၊ တပ်ကြပ် ၇၂။
မြင့်၊ ဦး ၁၆၈။
မြင့်ဆွေ၊ ဗိုလ်မှူးကြီး (ဝေလင်း) ၅၂၊ ၁၁၂၊ ၁၃၂။
မြင့်ဆွေ၊ (အကြီး) ၁၀၉၊ ၁၁၂၊ ၁၁၅၊ ၁၃၂။
မြင့်အောင်၊ ဗိုလ် ၈၄။
မြင့်ဦး၊ ဗိုလ် ၈၂။
မြတ်ကျော်၊ ကို (ပန်းချီ) ၄၈။

(ယ)

ယော၊ ဦး (ဆရာဇေယျ) ၁၆၄။



www.burmeseclassic.com

www.burmeseclassic.ocm



(ရ)

ရာဇတ် (ဆရာ) ၃၀။
ရဲခေါင်၊ တပ်ကြပ် (ဒုဝန်ကြီး) ၁၉၇။
ရဲထွန်း၊ ဗိုလ် (မှူး/ငြိမ်း) ၂၀၉။
ရဲထွတ်၊ ဗိုလ် ၈၅။
ရဲဒင်၊ ဗိုလ် ၅၂။
ရဲမြင့်၊ စစ်သား ၆၀။
ရဲမြင့်၊ ဗိုလ် ၁၁၂၊ ၁၁၃၊ ၁၂၄၊ ၁၂၆။
ရတ်တယ် (ဆရာ) ၁၉၂။
ရန်ကုန်ရီဗြူး ၁၅၈။
ရန်နိုင်၊ ဗိုလ် ၇၂၊ ၈၄၊ ၉၉။
ရန်အောင်၊ ဗိုလ် ၈၄။
ရှိရှိ၊ ဗိုလ်မှူး ၂၀၆။
ရွှေ မောင်၊ ဗိုလ်မှူးကြီး (ငြိမ်း) ၁၃၈။

(လ)

လရောင်၊ ဗိုလ် ၈၄။
လူမော်၊ ဦး (ရဲအုပ်) ၁၂၃။
လေနတ်သား ၁၃၀။
လကျာ၊ ဗိုလ် ၄၆၊ ၄၇၊ ၈၄၊ ၁၉၆-၈။
လန်ဒန်ဒိုင်ယာရီ ၁၆၄။
လွင်၊ ဗိုလ် (သံအမတ်ကြီး) ၁၄၂။
လွင်၊ ဦး (ဝန်ကြီး) ၁၀၀၊ ၁၄၂၊ ၁၇၆၊ ၁၉၂၊ ၂၀၉။
လှကျော်၊ ဦး (ဆရာ) ၁၅။
လှကြီး၊ ဦး ၁၈။
လှကြည်၊ ရဲဘော် (ဒု-ဗိုလ်မှူးကြီး တင်အုန်း) ၅၂၊ ၆၆၊ ၁၁၂၊ ၁၁၇။
လှကြည်၊ ဗိုလ်မှူးကြီး ၂၀၀။
လှခိုင်၊ သူရ၊ ဒု-ဗိုလ်မှူးကြီး ၂၀၃။
လှထွန်း၊ ဗိုလ်မှူးကြီး ၉၄။





လှဖေ၊ ကျောင်းသား ၈၁၊ ၉၉။
လှဘူး၊ ဒေါက်တာ ၁၆၀။
လှဘုန်း၊ ဗိုလ် (ဒုဝန်ကြီး) ၂၀၇။
လှမော်၊ ဗိုလ်မှူးကြီး ၁၉၀။
လှမော်ကြီး၊ ကို (ကျဆုံး) ၃၅။
လှမိုး ၉၀၊ ၉၁၊ ၁၉၁၊ ၁၉၇။
လှမိုး၊ ဗိုလ်ကြီး (ကျဆုံး) ၄၈။
လှမောင် (သန်းနွဲ့) ၁၆၊ ၁၇။
လှမောင်၊ ဗိုလ် ၅၂၊ ၁၉၁၊ ၁၉၄။
လှမောင်၊ အငြိမ်းစားဗိုလ်မှူး (၄) ၁၃၂၊ ၁၃၉။
လှမြင့်၊ ဗိုလ် (ဆိပ်ကမ်း) ၁၃၉။
လှဝင်း၊ ဗိုလ်မှူးကြီး ၅၂။
လှသမိန်၊ ဗိုလ် - ဒေါက်တာလှဟန် - ရှု
လှသင်း၊ ဗိုလ် ၆၃။
လှဟန်၊ ဒေါက်တာ (ဝန်ကြီး) ၁၄၁၊ ၁၉၂။
လှအေး၊ ဗိုလ် ၆၃၊ ၁၀၂။
လှအောင်၊ ဗိုလ်မှူးကြီး ၄၉၊ ၅၂၊ ၆၃။

(ဝ)

ဝင်း၊ ဗိုလ် ၄၉၊ ၈၅။
ဝင်းစိန်၊ ဦး (တင့်တယ်) ၁၆၄။
ဝင်းလှိုင်၊ ကို ၁၃၉။
ဝန်၊ ဦး (မင်းသုဝဏ်) ၁၅၉။

(သ)

သာကျော်၊ ဗိုလ် ၁၉၇။
သာထွန်းအောင်၊ တပ်ကြပ် ၇၂။
သိဟန်၊ ဦး ၄၉၊ ၅၂၊ ၆၃။



www.burmeseclassic.com

www.burmeseclassic.ocm




သုတ၊ မောင် – ဗိုလ်မှူးဘသောင်း – ရှု

သူကြီးဂေဇက် ၁၆၆။

သူရ၊ ဗိုလ် ၈၅၊ ၁၀၃။

သက်တင်၊ ဦး (ကထိက) ၁၀၂။

သောင်းကြည်၊ ဗိုလ် (ဝန်ကြီး) ၈၅၊ ၁၄၂၊ ၂၀၅။

သောင်းတင်၊ ဗိုလ်မှူးချုပ် (ဝန်ကြီး) ၂၀၈။

သောင်းထိုက်၊ ဒု – ဗိုလ်မှူးကြီး ၉၇၊ ၁၆၂။

သောင်းဒန်၊ ဗိုလ်ချုပ် (ဝန်ကြီး) ၆၄၊ ၂၀၅။

သန့်၊ ဦး ၁၆၃ – ၅။

သန်းစိန်၊ ဦး (ဝန်ကြီး) ၉၇၊ ၁၉၃၊ ၁၉၇၊ ၂၀၇။

သန်းတင်၊ ဦး ၅၈၊ ၅၉၊ ၁၁၂၊ ၁၂၄။

သန်းထွဋ်၊ ဦး ၁၆၂။

သန်းထွန်း၊ သခင် ၆၂၊ ၁၂၈၊ ၁၅၇၊ ၁၉၀။

သန်းနွဲ့ – လှမောင် – ရှု

သန်းမောင်၊ ဦး (သွေးတိုး) ၁၈။

သန်းလွင်၊ ဆေးတပ်ကြပ် ၅၃ – ၅၅။

သန်းသန်း (အစ်မ) ၁၆၊ ၂၇။

သိန်းညွန့်၊ ဒေါ် (အင်္ဂလိပ်စာပါမောက္ခ) ၁၆၂။

သိန်းတန်၊ ဗိုလ် ၈၅။

သိန်းမောင် ၁၃၄၊ ၁၄၀၊ ၁၄၇၊ ၁၅၄ – ၅။

သိန်းလှိုင်၊ ဗိုလ် ၁၃၉။

သိန်းဝင်း၊ ဗိုလ် (မြူမင်းကြီး) ၄၉။

သိန်းဟန်၊ ဦး (ဓော်ဂျီ) ၁၅၉၊ ၁၆၄။

သိန်းအောင်၊ – ဆရာ (ဒုဝန်ကြီး) ၁၉၂။

သိန်းအောင်၊ သခင် ၃၀။

သိမ်းထူး ၁၉၇။

သိမ်းမောင်၊ ဗိုလ် (သံအမတ်ကြီး) ၈၅။

သွေးနီ ၅၇။






(ဟ)


ဟတ၊ ဗိုလ် ၈၁။

ဟနီးယား၊ ဗိုလ်ချုပ် ၁၁၃။

ဟယာရှိ၊ ဗိုလ်ချုပ် ၆၉။

ဟရန်သီယို ၂၀၉။

ဟာတား၊ ဗိုလ် ၇၀။

ဟန်ညွန့်၊ ရဲဘော် ၁၁၂။


(အ)


အမာနီ၊ မ ၅၉။

အာယု၊ မောင် – ဦးအောင် – ရှု

အီဝနာကား၊ ဗိုလ် ၇၀။

အေး၊ မောင် (ဒု – ဗိုလ်မှူးကြီး) ၁၉၇။

အေးကို၊ ဗိုလ်မှူးကြီး ၅၂။

အေးကြီး၊ ဗိုလ် ၅၃။

အေးကြိုင်၊ ဒေါ် ၅၉။

အေးတင်၊ ဒေါ် ၁၁။

အေးတင်၊ မ ၆၂။

အေးဖေခင် ၅၂။

အေးမောင်၊ ကို ၅၉၊ ၁၀၉၊ ၁၁၂။

အေးမောင်၊ ကို (ကျောင်းဆရာ) ၁၁၂၊ ၁၁၈၊ ၁၁၉၊ ၁၂၂၊ ၁၂၄။

အေးမောင်၊ ဗိုလ် (မှူး/ ငြိမ်း) ၁၉၇။

အေးမောင်၊ ဦး ၆၄။

အော၊ ကာနယ် ၁၃၁။

အင်နီဆိုင်း၊ ဒေါ် ၁၆၂။

အောင်၊ ဗိုလ်မှူး ၈၅။

အောင်၊ ဦး၊ ဆရာ (မောင်အာယု) ၃၄။

အောင်ကျော်၊ ဗိုလ် ၃၀၊ ၃၁။

အောင်ကျော်မြင့်၊ ကို ၄၉၊ ၁၀၀။

အောင်ကြီး၊ ဗိုလ်မှူးချုပ် (ငြိမ်း) ၅၁၊ ၁၀၃၊ ၁၉၇။

www.burmeseclassic.ocm




အောင်ခင်၊ ဗိုလ်မှူးကြီး ၂၀၁။

အောင်ဆန်း၊ ဗိုလ်ချုပ် ၃၊ ၃၆၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၆၂၊ ၆၅၊ ၈၄၊ ၈၆၊
၉၈၊ ၁၀၀၊ ၁၀၂၊ ၁၀၆၊ ၁၁၁၊ ၁၃၁၊ ၁၅၄၊ ၁၅၇၊
၁၅၈၊ ၁၇၃၊ ၁၉၆၊ ၂၀၀၊ ၂၁၁။

အောင်ညွန့်၊ ကို (ပန်းချီ) ၄၈။

အောင်ထွန်း၊ ဒု-ဗိုလ်မှူးကြီး (ပါတီ) ၉၇၊ ၁၉၂။

အောင်ဘွင့်၊ ဗိုလ်မှူးကြီး ၂၁၆။

အောင်မင်း၊ ဗိုလ်ကြီး ၁၁၂။

အောင်မြင့်၊ ဒု-ဗိုလ်မှူးကြီး ၉၈။

အောင်မြတ်၊ ဗိုလ်မှူး ၆၄၊ ၂၀၆။

အောင်ရွှေ၊ ဗိုလ် ၅၁။

အောင်လှ၊ ဦး (ဆရာ) ၁၆၁။

အောင်သန်း၊ ဦး (ဆရာ) ၃၄၊ ၁၆၀။

အုန်းကျော်၊ ဗိုလ်မှူးကြီး ၁၉၁။

အုန်းကြည်၊ ဗိုလ်မှူးကြီး ၅၂၊ ၂၁၆။

အုန်းဖေ၊ ဗိုလ် ၂၀၇။

အုန်းဖေ၊ ဦး (တက်တိုး) ၅၇၊ ၁၆၄။



❒

www.burmeseclassic.com

www.burmeseclassic.ocm

# သားမောင်စစ်သည်သို့

ဒေါက်တာမောင်မောင်




www.burmeseclassic.com